ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာစေတီပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ





ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်

(၂၆)(၂၇)(၂၈)(၂၉)(၃၀)(၃၁)(၃၂)(၃၃)

(၃၄)(၃၅)(၃၆)(၃၇)(၃၈)(၃၉)(၄၀)(၄၁)

**ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၁၂)**



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊(MP-4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင်ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့ | **09-250432050** |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | **09-5105997** |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | **09-5107496** |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | **09-447572355** |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | **09-251620128** |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | **09-49741462** |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | **09-796685516** |
| (၈) | ကိုတိုး (မြောင်းမြ) | **09-796685527** |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | **09-447204724** |

# မာတိကာ


| စဉ် | အကြောင်းအရာ | | တရားတော် အမှတ် |
|---|---|---|---|
| ၁။ | ၂၈.၉.၂၀၀၁ | ရန်ကုန်၊ စမ်းချောင်း၊ ကိုးထပ်ကြီးဘုရား တရားတော် | ၂၆ |
| ၂။ | ၁၀.၁၂.၁၉၉၅ | ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား တရားတော် | ၂၇ |
| ၃။ | ၁၃.၁၁.၁၉၉၃ | မြောင်းမြမြို့ ရွှေသာလျောင်းဘုရား တရားတော် | ၂၈ |
| ၄။ | ၇.၁၂.၁၉၉၉ | ပုသိမ်မြို့ မြတ်တိုရေခဲစက်၊ လေယာဉ်ကွင်း တရားတော် | ၂၉ |
| ၅။ | ၁၄.၂.၁၉၉၄ | ပုသိမ်မြို့ ရေကြည်ရေနောက်ဘုရား တရားတော် | ၃၀ |
| ၆။ | ၈.၁၂.၁၉၉၈ | ပုသိမ်မြို့ လေယာဉ်ကွင်း တရားတော် | ၃၁ |
| ၇။ | ၁၄.၃.၂၀၀၄ | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးရွာ၊ ဇမ္ဗူဒီပကွင်းကျောင်း တရားတော် | ၃၂ |
| ၈။ | ၁၀.၁.၂၀၀၀ | ဝိသုဒ္ဓိဆရာတော်နှင့် သန်လျင်သဘာဝရိပ်သာဆရာတော် အရှင်ဥတ္တမသာရ တရားမေးလျှောက်ချက်တရားတော် | ၃၃ |
| ၉။ | ၁၃.၄.၂၀၀၄ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ ဆုတောင်းပြည့်သိဒ္ဓိပြည့်စုံဘုရား ရင်ပြင်၊ သင်္ကြန်အကြို တရားတော် | ၃၄ |
| ၁၀။ | ၁၅.၁၀.၁၉၉၃ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း တရားတော် | ၃၅ |
| ၁၁။ | ၈.၁၀.၁၉၉၅ | မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား တရားတော် | ၃၆ |
| ၁၂။ | ၂၅.၁၂.၂၀၀၁ | ရန်ကုန်၊ တောင်ဒဂုံ၊ အောင်ဇေယျဘုရား တရားတော် | ၃၇ |
| ၁၃။ | ၂၆.၁၀.၂၀၀၀ | ပဲခူး၊ ရွှေမော်ဓောဘုရား တရားတော် | ၃၈ |
| ၁၄။ | ၁၄.၁၀.၂၀၀၀ | ရန်ကုန်၊ သာကေတ၊ ဇိနမာန်အောင်ဘုရား တရားတော် | ၃၉ |
| ၁၅။ | ၁၃.၁၂.၂၀၀၁ | ရန်ကုန်၊ ကြည့်မြင်တိုင်၊ ပန်းတဉ်းတန်း တရားတော် | ၄၀ |
| ၁၆။ | ၈.၉.၁၉၉၅ | မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား တရားတော် | ၄၁ |

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

(၂၈-၉-၂၀၀၁)ရက်နေ့ ရန်ကုန်၊ စမ်းချောင်း

ကိုးထပ်ကြီးဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူခဲ့သော

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာအမှတ်(၂၆)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-794506595

09-251620128, 09-447572355

# ၂၈–၉–၂၀၁၁ ရန်ကုန်မြို့၊ စမ်းချောင်း ကိုးထပ်ကြီးဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ အသက်(၅၀)ကျော်မှ ရဟန်းအဖြစ်ကိုရောက်လာပါတယ်။ ဘယ်လိုအသိနဲ့ ရဟန်းဘောင်ရောက်လာသလဲဆိုတော့ လူ့ဘဝမှာ အင်မတန်မှ ဆင်းရဲနွမ်းပါးပါတယ်။ တောခြေ ဆင်ခြေရပ်ကွက်မှာ နေတော့ သိပ်ဆင်းရဲပါတယ်။ ဒါကြောင့်မို့ စာကရေးထားတယ်။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဝဋ် လို့ စာကရေးထားတယ်။ စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်ရမယ်။ ဒါပေမဲ့ ဦးပဏ္ဍိတက စာမတတ်ဘူးတဲ့။ ပညတ် ပရမတ် နှစ်ခုတွဲနေတယ်။ အဲဒါစာတဲ့။ တွဲနေပေမယ့် ပညတ်ပေါ်မှာ ဟောပြောသွားတဲ့စကားတွေဆိုတော့ စာပေကျမ်းဂန် မတတ်တော့ ပြောတဲ့အခါမှာ အားလုံး သံဃာတော်ထေရ်ကြီး ဝါကြီး၊ ရှင်သာမဏေ၊ ကိုရင်လေးကအစ ဦးပဏ္ဍိတက အားလုံး အရှင်ဘုရားတို့အပေါ်မှာ တောင်းပန်ပါတယ်။ စာမတတ်လို့ပါဗျာတဲ့။ ခွင့်လွှတ်ပါတဲ့။ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ အရိယာခါတ်သစ္စာခေါ်လိမ့်မယ်တဲ့။ ဒါစာရေးထားတယ်တဲ့။ စာကတော့မှန်တယ်။ နှလုံးသားကမှ မမှန်ဘူးဆိုရင် သမုတိသစ္စာတော့ ဖြစ်မှာမဟုတ်ဘူးနော်။ သေသေချာချာမှတ်။ စာမတတ်ဘူး။ ပယ်တာမဟုတ်ဘူး။ မတတ်တဲ့ အကြောင်းကို အားလုံး တရားနာလာကြတဲ့ပရိတ်သတ် ကိုယ့်ထက်ကြီးတဲ့အစ်ကိုကြီးတွေ ကိုယ့်ထက်ငယ်တဲ့ ညီတွေ ညီမတွေ၊ အစ်မကြီးတွေ တောင်းပန်တယ်။ ဒါအသိဟောသွားတာ။ စာနဲ့ အသိနဲ့ သဘောလေးပြောပြတာ။ သဘာဝ သိလို့ သဘောပြောပြတာ။ သဘောလေးပဲ ကိုင်တွယ်လို့တော့မရဘူး။ ဒါကြောင့် ခင်ဗျားတို့ ယုံကြည်ပါလို့ပြောတယ်။ ယုံကြည်ပါဗျာ။ ဒီတော့ ဦးဇင်းက စာနဲ့ဆိုပေးမယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ ဒါ ဘုရားဟောအရနော်။ ဖော်မယ်။ ဦးပဏ္ဍိတက မြုပ်နေတာတွေအကုန်ဖော်မယ်။ သဗ္ဗေ အလုံးစုံသောသင်္ခါရ အနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အနိစ္စ ဒုက္ခ အနတ္တတဲ့။ အဲဒီတော့ ခန္ဓာမှာ ဉာဏ်ဆိုက်ရပြီ။ အဲဒီတော့ ဒီဉာဏ်ကိုရဖို့ အရေးကြီးပြီ။ ဝိပဿနာက ဉာဏ်စခန်းခေါ်တယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ္ဒပါဒိ၊ အာလောကောဉဒပါဒိ သဘောလေးပဲနော်။ ဦးပဏ္ဍိတ ရတာအကုန်ပြောသွားမယ်။ အဲဒီဉာဏ်ရမှ (၃၁)ဘုံလွတ်မယ်။ လွတ်တယ်ဆိုတာ ကျင့်တဲ့သူပဲသိမယ်။ မကျင့်တဲ့သူက ဘယ်သိမလဲ။ ဒါကြောင့်မို့ ဒီအသိတရားကို အသိ-အသိခြင်း လာပြီး ဖလှယ်ကြတာ။ နိဗ္ဗာန်ဆိုတာ ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှချုပ်တယ်။ ဒါ စာရေးထားတယ်။ အဲဒီတော့ ခန္ဓာမှာ ဉာဏ်သွင်းရမယ်။ ခန္ဓာမှာ ဒီကံ ဒီကံဟာ ကိလေသာဝဋ်။ ဘာကြောင့် ငါဖြစ်နေရတာလဲ။ ကမ္မဝဋ် မပယ်နိုင်လို့ ကိလေသာဝဋ် ဟောဒီရုပ်ကြီးက ဖြစ်နေရတာ။ ရုပ်ရှိရင် ဝေဒနာရှိမယ်။ သဘောလေးပဲနော်။ အတ္တက အဲဒီရုပ်ပေါ်မှာ။ တဏှာတွေဖြစ်နေတာ။ တဏှာဆိုတာ ဘာလဲ။ သမီးလေး။ ဒီနေ့ပျောက်ဆုံးသွားတယ်။ ဥပမာပေါ့ဗျာ။ ပျောက်ဆုံးသွားတော့ အမေဘယ်လိုနေမလဲ။ အဖေဘယ်လိုနေမလဲ။ သမီးကိုစွဲတာတဏှာ၊ သမီးကြောင့်ရင်ပူတယ်။ ဥပါဒါန်။ ဥပါဒါန်ဖြစ်သွားပြီ။ ဗျာပါဒ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိလို့ စာကရေးထားတယ်။ ဗျာပါဒဖြစ်သွားပြီ။ ဒါ(၃၁)ဘုံမလွတ်တဲ့ စိတ်ခေါ်တယ်။ သဘောလေးပဲနော်။ ဒါကမလွတ်ဘူး။ မဂ်ဉာဏ်ရမှ လွတ်မယ်။ ဘာနဲ့မှဖြတ်လို့မရဘူး။ ဂုဏ်တော်နဲ့လည်း ဖြတ်လို့မရဘူး။ ဗုဒ္ဓေါနဲ့လည်းဖြတ်လို့မရဘူး။ ဝိနည်းနဲ့လည်းဖြတ်လို့မရဘူး။ အဲဒီ ဥပါဒါန်နဲ့တဏှာကို မဂ်ဉာဏ်ရမှ ဖြတ်လို့ရမယ်။ ဒါပေမဲ့ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ သဘောလေးပဲပြောမယ်။ ဒီဝိပဿနာက ဉာဏ်စခန်း သမထ မဟုတ်ဘူး။ အခု ဦးပဏ္ဍိတက စာပေကျမ်းဂန်ဘာမှ မတတ်ဘူး။ တတ်ချင်တယ်။ စာက ဆရာတော်တွေနဲ့တွဲနေရတယ်။ ဒါဘာလဲဗျ။ ကိုယ်ကတော့ ခန္ဓာမှာအေးနေပြီ။ အာရုံနောက်မလိုက်တော့ဘူး။ မနောမှာအေးနေပြီ။ တွေးကြည့်တော့။

သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ ဒါ ကံကို ဟောတာ။ ကံတရားရှိတယ်။ ဉာဏ်တရားရှိတယ်။ ဈာန်တရားတရားရှိတယ်။ သဘောပြောပြမယ်။ ကံတရား ဈာန်တရား ဉာဏ်တရားက ဘယ်လိုလဲ။ အေး ပြောပြမယ်။ ထိုင်ကြည့်ရတဲ့သူ့လုပ်ပေတော့။ အလုပ်သမားသိလစ့်မယ်။ ငါ ဒီက ပြောတာ ဈာန်တရားဟာ စိတ်၊ စေတသိတ်ကို ငါ ဝိပဿနာ မဝင်ရစ်ပါးနဲ့ကျင့်တယ်ကွ။ ရေးထားတယ်နော်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါစိတ်နဲ့ဖြစ်ရမယ်နော်။ ငါရဲ့ မနောနဲ့ဖြစ်ရမယ်နော်။ ငါဘယ်လိုနေရမယ်။ ဘယ်လို ထိုင်ရမယ်။ ဘယ်လုံးသုံးသပ်ရမယ်။ ဘယ်လိုကျင့်ရမယ်။ စာရေးထားတယ်နော်။ တစ်ထပ်တည်းဖြစ်ရမယ်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ငါ့စိတ်နဲ့တစ်ထပ်တည်းဖြစ်ရမယ်။ ဟော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဒိဋ္ဌိကိုသိသွားပြီ။ ဒိဋ္ဌိဆိုတာ အာရုံယူတာပေါ့။ ဒါအနုဿယစိတ်တနုပဿနာခေါ်တာ။ (၃၁)ဘုံပြတ်တဲ့လမ်းကိုပြတာ။ ဒါစိတ္တနုပဿနာကိုပြောတာ။ ကာယနုပဿနာ၊ ဝေဒနာနုပဿနာကို မဟောသေးဘူး။ စိတ္တနုပဿနာကိုပြောတာ။ စိတ်ကနေ ခါတ်ကူးသွားတာ။ အဲဒီတော့ စိတ် စေတသိတ်ကို ငါပယ်လိုက်ပြီ။ ဟိုမှာ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပနော်။ ဦးပဏ္ဍိတရတယ်မပြောဘူး။ သင်္ကပ္ပကူးသွားတဲ့အခါမှာ ဒိဋ္ဌိကိုသိသွားပြီ။ အာရုံကို မယူတော့ဘူး။ အပြင်အာရုံနဲ့ အတွင်း အာရုံမပေါင်းတော့ဘူး။ အဲဒီဒိဋ္ဌိသတ်မှ ဓါတ်ပြင်သွားမယ်။ ဘာလဲ။ ဓါတ်တွေ ဓါတ်လေးပါးတစ်ခုတည်း အောင်အောင် လုပ်မယ်။ အဲဒီတော့ လောကီနဲ့ဘာမှမဆိုင်တော့ဘူး။ သွားပြီ။ အဲဒါဈာန်ခေါ်ဝယ်။ မှတ်ထားဦး။ ဓါတ်ပရမတ်တစ်ခု တည်းဖြစ်သွားပြီ။ စိတ်စေတသိက်လဲ သတ်လိုက်ပြီ။ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါလည်း စာလိုရေးထားတယ်။ သွေးရယ်၊ သည်းခြေလေရယ်၊ သလိပ်ရယ်။ လုပ်ပလိုက်ပြီ။ ဉာဏ်ရှိတာကိုဗျ။ ရေးထားတယ်။ ကံ၊ စိတ်၊ ဥတု အဟာရ အတွင်းမှာ ဓါတ်လေးပါးရှိတယ်။ အဲဒီလိုစိတ်စေတသိက်ကြောင့်သတ်လိုက်တယ်။ အတွင်းကကိလေသာမှာရှိတဲ့ ဓါတ်ကိုလည်း တစ်ခုတည်းလုပ်လိုက်ပြီ။ ဘယ်သူသိမှာလဲ။ ဒါကြောင့် မိန်းမတွေဘာတွေ မလာနဲ့ကွာ။ ဟာလာပြန်တော့ ဘယ်လိုလုပ်ရလဲ။ အာရုံနဲ့ပြန်ပေါင်းရတယ်။ စက္ခုအာရုံနဲ့ နားသောတအာရုံနဲ့ ပြန်ပေါင်းရတယ်။ ပေါင်းတဲ့အခါကြတော့ အေး အေး အေး အေး သမ္မာနဲ့ပြန်ပေါင်းထားတယ်။ သမ္မာလေးနဲ့ပြန်ပေါင်းထားတယ်။ အဲဒီမှာ သူက ဒိဋ္ဌိပယ်ထားပြီ။ တွေ့လား။ စေတနာလေးနဲ့ပေါင်းတယ်။ အဲဒီစေတနာလေးက အယုတ်အမြတ်မရွေး အဲဒီစေတနာလေးနဲ့ ပေါင်းထား တယ်။ သေမင်းတို့ပြန်ကြ။ နှုတ်ခမ်းစပ်ကနေ ဘယ်ကိုပြန်လာ။ အလယ်ကိုပြန်လာတယ်။ မနောချည်တိုင်ပြန်လာတယ်။ လိပ်တွေလိုပဲ အပြင်တော့ထွက်တယ်။ အတွင်းပြန်လာတယ်။ ကြိုးတလှိမ့်လို့ပြောတယ်။ လက်တဖျောက်လို့ပြောတယ်။ စိတ်ရဲ့အလုပ်ကို သူလုပ်သွားတာ။ အဲဒီတော့ ဒီကိလေသာရဲ့ ဝဋ်၊ ကမ္မရဲ့ဝဋ်၊ ဘဝရဲ့ဝဋ်၊ ဝိဘာရဲ့ဝဋ် ခင်ဗျားတို့ အဏ္ဏ သမားတွေက ဘာလဲ။ အာရုံပေါ်မှာ ဘာနဲ့ယူထားလဲ။ အမှတ်နဲ့ယူထားတယ်။ ဟောဒါ ငါ့သမီး၊ ဟောဒါ ငါ့သား၊ ဟောဒါ ငါ့တိုက်၊ ဟောဒါ ငါ့ပစ္စည်း။ ကံတွေခင်ဗျားတို့ (၃၁)ဘုံလည်ပြီ။ ဘာလဲ။ အမှတ်နဲ့ယူတာကိုဗျ။ ဟောဒါလေးက ငါ့သမီးလေး၊ ဟောဒါလေးက ငါ့သားလေး၊ ဟောဒါလေးက ငါ့အိမ်လေး တဏှာဖြစ်ကုန်ပီး။ ဒီအမှတ်သညာကြောင့် ဥပါဒါန်တွေဖြစ်ကုန်ပြီ။ ရင်ဝလှံခွေးတာက ဒီကံပဲ။ တဏှာ၊ မာန၊ ဒိဋ္ဌိ (၃၁)ဘုံလည်တဲ့ အယူဝါဒတွေ မိရိုးဖလာရဲ့ အယူဝါဒ တွေ စာမတတ်လို့ မိရိုးဖလာရဲ့ အယူဝါဒတွေယူပါ။ သမ္မာနဲ့ယူပါ။ မင်းအပျဲယ်ပိတ်ပြီ။ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ဒီလိုမျိုးတွေနဲ့ ခင်ဗျားတို့ သိပ်အစွဲကြီးတာ။ ဟော သမီးများပျောက်သွားရင် ခြေထောက်ကို ထခုန်တာပဲဗျို့။ ဒါတွေက လမိုင်းတွေနော်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်းတွေ စာရေးထားတယ်။ တောင်းပန်လို့တောင်မရတော့ဘူး။

ထိုးတော့တာပဲ ကြိုက်တော့တာပဲ။ မစဉ်းစားဘူး။ စဉ်းစားတာက နာမ်မစဉ်းစားတာက မောဟကြည့်စမ်း၊ သေကုန်ပြီ။ ခင်ဗျားတို့ရဲ့ အယူကဘာလဲ။ သူများအသတ် မသတ်ပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည် သေရက် မသောက်သုံးပါဘူး။ ဝိကာလဘောဇနေ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ တီးမှုတ်ခြင်းနဲ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ အဲဒါရှောင်ထားတာ။ အဲဒါအပြင်အာရုံတွေ အကုန်ရှောင်ထားတာ။ မကောင်းတဲ့ ဒုစရိုက်တွေမလုပ်ပါဘူး။ ပြောအဲဒီလို သီလယူထားပြီးတော့ အိမ်မှာသားလေးက မြွေကိုက်ရော မြွေကိုက်တော့ ဆေးရုံတက် ဘာတက်နဲ့ အဲဒီယူထားတဲ့သီလပျောက်ရော။ ဥပါဒါန်ချက်ခြင်းဖြစ်သွားပြီ။ အစွဲတရား အစွဲတရား။ တဏှာ တဏှာကြောင့် ဥပါဒါန်ဖြစ်တာ။ အဲဒါ(၃၁)ဘုံလည်တာပဲ။ မှတ်ထား။ အဲဒါဝိနည်းမဟုတ်ဘူး။ မဂ္ဂင်ကလာတဲ့ သမာဓိတွေ။ မဂ္ဂင်ကလာတဲ့ပညာတွေ၊ အဓိသီလ၊ အဓိစိတ်တ၊ အဓိပညာ ခင်ဗျားတို့စာရေးထားတယ်။ အဓိသီလဆိုတာဘာလဲ။ အဓိစိတ္တဆိုတာဘာလဲ။ အဓိပညာဆိုတာဘာလဲ။ ပညာရရင် ဟိုနှစ်ခုကိုသုံးလို့ရတယ်။ သညာ မဟုတ်ဘူး။ ပညာခေါ်တယ်။ ဘယ်ကရလဲ။ ရုပ်နာမ်ကို သိသွားတာ။ အဲဒါ ပညာခေါ်တယ်။ ပညတ်နဲ့ပရမတ် အဲဒါတွဲ နေတာကိုသိမှ အဲဒါမှ ဘုန်ကြီးအစစ်ခေါ်တာ။ ခင်ဗျားတို့ လူဆယ်ယောက်လာတယ်။ တစ်ယောက်နဲ့တစ်ယောက် အသိတူပါ့မလား။ မင်းအသိနဲ့ ငါ့အသိ မတူဘူး။ မင်းတို့စာတွေကို ကျွမ်းပြန်အောင်တတ်တယ်။ လက်ခံတယ်ကွ။ မင်း ငါ့ကန်တော့တယ်။ စာနဲ့ပတ်သက်တဲ့ ဝိပဿနာရှိတယ်။ ခန္ဓာကသိတဲ့ ဝိပဿနာရှိတယ်ကွ။ မှတ်ထားကွ။ မင်းစာ မှန်တယ်။ မင်းစာရှိလို့ အဲဒီအကျင့်ကို ငါကျင့်လို့ရတာ။ ငါသိတာကွ။ မပယ်ဘူးကွ။ စာနဲ့စိတ် နှစ်ခုတစ်ထပ်တည်းဖြစ်မှ အရိယာခါတ်သစ္စာ၊ သဘာဝသစ္စာ၊ ဝိရတိသစ္စာ၊ အဲဒါစာနဲ့ရေးထားတာ။ ဉာဏ်ကိုကြတော့ ဘယ်သူသိမလဲ။ အဲဒီတော့ လောကီအကြောင်း ဘယ်သူသိမလဲ။ စိတ်နဲ့စေတသိတ်ဖြတ်ပြစ်လိုက်ပြီ။ ဓါတ်လေးပါးကို တစ်ခုတည်းလုပ်ပြစ်လိုက်ပြီ။ အဲဒါသွားပြီ။ သူဟာ သူ့ရုပ်ကြီးနေတာပေါ့။ စိတ်တန်ခိုးတွေပါနေတယ်။ ကျင့်တဲ့သူပြောသွားတာ ကျင့်တဲ့သူသိလိမ့်မယ်။ ဝိဇ္ဇာစရဏသန္ဓာတဲ့။ ရေးထားတဲ့ အဲဒီတော့ ကာယကံ ဝစီကံ မနောကံ ဘယ်ကံက သံသရာလည်သလဲ။ အဲဒီမနောကံ ကလည်တယ်။ မနောကံဘာကြောင့်လဲသလည်း။ ကံဆိုတာ အစွဲဥပါဒါန်ခေါ်တယ်။ စာမတတ်လို့နော်။ အဲဒီမနောကံက သံသရာလည်တာပဲ။ ဘာဖြစ်လို့ သူလဲသလဲ။ မင်းပစ္စုပ္ပန်တည့်တည့်လေးမှာ မင်းမြင်လိုက်တော့ မင်းမသိဘူးလား။ ကြားလိုက်တော့ မင်းမသိဘူးလားတဲ့။ နံလိုက်တော့ မင်းမသိဘူးလားတဲ့။ သိပါတယ်ဘုရားတဲ့။ အဲဒါစိတ်ကလေးပဲတဲ့။ အဲဒီဟာလေးကိုမြင်တာ အရာဝတ္ထုကို မင်းမမှတ်ဘူးလားတဲ့။ မင်းအဲဒီဓါတ်ဘူး မမှတ်ဘူးလား။ အဲဒီသပိတ် မမှတ်ဘူး လား။ မှတ်ပါတယ် ဘုရားတဲ့။ အေး တော်ပြီတဲ့။ ကောင်းတယ်ကွာ။ သူငယ်ချင်းရယ် ငါပြန်အုန်းမယ်။ ပညာနဲ့ယူထားတာ ဒါကြောင့်မို့ သမ္မာအယူရှိပါတယ်။ မရှိဘူးမပြောဘူး။ အဲဒီကတတ်တာ။ သမ္မာမှန်ရင် အပွါယ်ပိတ်တယ်။ မှတ်ထား။ ဉာဏ်ပေါက်ရင် (၃၁)ဘုံလွတ်တယ်။ အဲဒီတော့ သဘောလေးပြောတာ သူသိသွားပြီ။ ခင်ဗျားတို့ချွတ်ပါဆို ချွတ်ပေး လိုက်မယ် ဒီသင်္ကန်းကို။ ဒီသင်္ကန်းဝတ်တာဘာကြောင့်လဲ။ ငါ့အတွက်လား။ မင်းတို့အတွက်လား။ မင်းတို့စဉ်းစားကြည့် စမ်း။ မင်းကချွတ်ပါဆို ချွတ်ပေးလိုက်မယ်။ ငါအခု ပုဆိုး အင်္ကျီဝတ်ပြီး ငါကျင့်ပြီးပြီ။ ငါနေတတ်ပြီ။ ငါစားတတ်ပြီကွ။ သေတတ်ပြီကွ။ အခုတောထဲကနေပြီး သာသနာလာပြုတာ။ ဒါ ကာယကံ ဝစီကံ မနောကံ ပညတ်လာပြီး သာသနာလာပြုတာ။ ဉာဏ်နဲ့လာပြုတာကွ။ မင်းတို့လူ့သမ္မုတန်းသမ္မုကို ငါသိတာပေါ့။ ငါ ဒီအာရုံနောက်လိုက်သေး လား။ မလိုက်ဘူးလား။ ငါပဲသိတာပေါ့။ စာတော့မတတ်ဘူး။ ဒါကြောင့်မို့ ဒီဝိပဿနာတရားကိုကျင့်ကြပါ။ ကြံကြပါ။

အားထုတ်ကြပါ။ ခင်ဗျားတို့ အချိန်တန်ကံကုန်ရင် ပြန်ရမှာ။ ဘုရင်လည်း ပြန်ရမှာပဲ။ ခင်ဗျားတို့ဘုန်းကြီးလည်း ပြန်ရမှာပဲ။ ဦးပဏ္ဍိတလည်း ပြန်ရမှာပဲ။ အဲဒီတော့ ဒီသံသရာကြွေးတွကို သံသရာရဲ့အကြွေးတွေကိုဆပ်သွားပါ။ အဲဒီတော့ ရထားတာက ကိလေသာဝဋ်ကောင်ကြီး။ သိပ်ကြောက်ဖို့ကောင်းတယ်။ မသိလို့ ကိလေသာဝဋ်အမျိုးမျိုး ဒုက္ခပေးနေတာ။ ကိုယ်ရုပ်က ကိုယ့်ပြန်ပြီးတော့ ဒုက္ခပေးနေတာကိုယ်မှမသိတာကို နိဗ္ဗာန်ကလည်း ရုပ်နာမ်မရှိဘူး။ သဘောလေးပဲ ခဏဝင်ကြည့်လိုက်စမ်း။ ခင်ဗျားတို့တွေးကြည့် ဘာလဲ။ ကိလေသာရဲ့ဝဋ်၊ သံယောဇဉ်ဝဋ်၊ အာရုံရဲ့ဝဋ်၊ အဲဒါတွေ သွားစွဲတာ မင်းမလွတ်တော့ဘူး။ ကိလေသာဝဋ်ဆိုတာ (အောင်မလေး)၊ အမေလေး ရင်ခေါင်းအောင့်လိုက်တာ။ ဆေးရုံပို့ပါအမေရဲ့။ အဲဒါက ရုပ်ကဖောက်ပြန်တယ်။ နာမ်ဆင်းရဲတယ်။ ဒီရုပ်ကြောင့် နာမ်ဆင်းရဲနေပြီ။ နာမ်ကြောင့် ရုပ်ဆင်းရဲဝတယ်။ ခင်ဗျားတို့ အဲဒီဟာရဲ့ အလယ်ကသွား။ သေသေချာချာ ခင်ဗျားတို့ အဖေလို အစ်ကိုလို အမေလို အောက်မေ့လို့ပြောသွားတာ။ ခင်ဗျားတို့ဆီက ဘာမှယူသွားတာမဟုတ်ဘူး။ ခင်ဗျားတို့ကြိုက်မှလျှူ မကြိုက်ရင်မလျှူနဲ့။ ဦးပဏ္ဍိတ တန်ခိုးကြီးတာ ဘာကြောင့်လဲ။ လာခဲ့တဲ့ မင်းတို့ရဲ့သွေးသားနဲ့ပတ်သက်တဲ့ရောဂါ။ အဲဒါကတော့ ဒေါက်တာဆီသွားပေတော့ကွာ။ ပယောဂနဲ့ပက်သက်တဲ့ တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ သရဲ ယက္ခ၊ ဂွမ္ဘာန်၊ ဂန္ဓဗ္ဗလုပ်တဲ့အကောင်တွေ ပယောဂရောဂါတွေ ငါ့ဆီလာခဲ့တဲ့။ လာခဲ့ မင်းတို့အချိန်မှီလာခဲ့၊ ပျောက်ပျောက် မပျောက်ပျောက် ပျောက်ပါတယ်လို့ ငါမပြောဘူး။ လာခဲ့တယ်။ ဒီလိုခေါ်တာ။ အဲဒီတော့ ပျောက်သွားတယ်။ ဟောပိုက်ဆံတွေ ငါ့လှူတယ်။ အခုဟော နိုင်ငံခြားသွားတယ်။ ဦးပဏ္ဍိတ ကဘာမှ တရားဟောတာမဟုတ်ဘူး။ သူတို့ရဲ့ရောဂါတွေ ပျောက်သွားလို့ သိန်းပေါင်းမြောက်များစွာလှူတာ။ ဟောင်ကောင်ကလဲပေးလိုက်တာပဲ။ ဘာမှဟောလိုက်တာမဟုတ်ဘူး။ အဲဒီက ပိုက်ဆံတွေ ရလာပြီးတော့ ဗမာပြည်မှာ ဘုရားတည်ပေးတယ်လိုက်ကြည့်၊ ခွက်ထိုးပြီးခံတဲ့ သာသနာမဟုတ်ဘူး။ ဖြောင်ပြောတာ။ ချွတ်ဆို ချွတ်ပေးလိုက်မယ်။ မင်းတို့ ဒီဘုရားတည်နေတာ မင်းတို့မြင်တယ်မဟုတ်လား။ မင်းရဲ့စေတနာမှန်ဖို့လိုတယ်။ ငါတောင် နေတာမဟုတ်ဘူး။ ထည့်ပါလို့ ငါမပြောဘူး။ မင်းတို့ရဲ့ ပုပ္ပ၊ မုံစ၊ ပရဆိုတဲ့ စေတနာ(၃)တန် မင်းသိရဲ့လား။ ဟိုကလည်း ဓမ္မအစစ်ဖြစ်ရဲ့လား။ အဲဒီဓမ္မကလည်း အစစ်ဖြစ်ရမယ်။ အဲဒီစေတနာကလည်း အစစ်ဖြစ်ရမယ်။ ကုသလာနံ ဓမ္မနံ ဟေတုပစ္စယော၊ ဝေဒနိယဠတ မျက်မောက်အကျိုးပေးတယ်။ ဒါဆုတောင်းတဲ့တရားမဟုတ်ဘူး။ ဆုတောင်းတာက ကံ တပည့်တော် မင်္ဂဖိုလ်ရရပါလို၏။ တပည့်တော် ဘာဖြစ်လိုပါ၏။ ဆုတောင်းတာအမျိုးအစားရှိပါတယ်။ ဦးဇင်း သဘောလေးပြောပြမယ်။ အဲဒီအမျိုးအစားကို အဲဒီဒကာမကြီးက ကျင့်ဆဲကျင့်လတ္တံ့ လျှောက်ဆဲ လျှောက်လတ္တံ့ သွားဆဲ သွားလတ္တံ့ ဝိပဿနာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသမာဓိ၊ သမ္မာသင်္ကပ္ပ လမ်းမဆုံးတော့ သူ့မှာရောဂါကြီးကရနေတယ်။ သူလည်း သေမှာသိနေတယ်။ အဲဒီမှာဆုတောင်းတယ်။ အလုပ်လည်း မရှိဘူး။ ဘာမှလည်းမရှိဘူး။ သွားဆုတောင်းတယ်။ ခင်ဗျားတို့ စိတ် ခင်ဗျားတို့စစ်ဆုတောင်းတာ တောင်းတက်ဖို့ လိုတယ်။ အဲဒီတော့ သီလဆိုတာမှန်တယ်။ သမာဓိဆိုတာလည်းမှန်တယ်။ ပညာဆိုတာလည်းမှန်တယ်။ ပညတ်ဆိုတာ လည်း မှန်တယ်ဟာ။ အကုန်မှန်တာပဲ။ အဲ သင်ညွှာဆိုတာလည်းမှန်တယ်။ ပယ်ရမယ့်တရား။ သိရမယ့် တရားကိုယ်ကသိရမယ်။ ယုံကြည်ရမယ်။ သူများအကြောင်းကိုယ့်အကြောင်းမလုပ်နဲ့။ နံလိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ မြင်လိုက်တဲပအကြောင်း ခင်ဗျားတို့ကြည့်နေကြည့်စား။ အပါယ်လေးဘုံကို မရောက်စေနဲ့။ ခုနက သက္ကယအယူတွေ၊ မိစ္ဆာအယူတွေ ယူတော့ယူတယ်။ အာရုံမှာတွေ့လိုက်ပြီ။ ကိုယ့်မှာက တဏှာ ကိလေသာမှာ

တဏှာက ကပ်နေတယ်။ တစ်ခါတည်း မာန်ဖြစ်တာပဲဗျို့။ ဒီအကောင်ဘာ ဂရုစိုက်။ ဒီအကောင် ဘာအကောင်လဲ။ မိစ္ဆာ သက္ကာယ အယူတွေဖြစ်ကုန်ပြီ။ အဲဒါကြည့်စမ်း။ ဘာလဲ။ တဏှာက မီးမွေးတာ မာန်ဖြစ်တာ။ အဲဒီနှစ်ခု ဘယ်သူက လုပ်တာလဲ။ ဒိဋ္ဌိက အာရုံနဲ့ မနောပေါင်းတော့ သင်္ခါရတွေဖြစ်ကုန်ရော။ အာရုံမလွတ်ဘူး။ အာရုံလွတ်တာက အာသဝက္ခယဉာဏ်ရတဲ့သူမှလွတ်တာ။ ခင်ဗျားတို့ခိုင်းပြီး ရေပုလင်း၊ မေတ္တာရေသောက်ကြည့်။ ငါရောဂါရှိတာလာကိုင်ခိုင်း လွှက်ခြောက်က ဆေးဖြစ်တယ်။ ရေကဆေးဖြစ်တယ်။ လာမဟုတ်တာ ငါမပြောဘူး။ ငါ့ပိုက်ဆံလည်း ပေးစရာမလိုဘူး။ မင်းတို့က သင်္ကန်းတွေဝယ်ပေးတာ။ ထမင်းလည်းကျွေးတာ မင်းတို့ကျေးဇူးတွေ အများကြီးရှိတာဆပ်သွားတာ်။ ဒီဘဝမှာနော်။ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက၊ လောကသ(၃)ပါး။ အခုသင်္ခါရလောကနယ်ထဲမှာ အဲဒါ စာတွေ စာနဲ့နှလုံးသားနဲ့သိရမယ်။ ဒါမှ အရိယာ။ ဒီတရားကိုဟောတာ။ ဒုက္ခသစ္စာ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ဟုတ်လား။ ဟုတ်ရင် ဒုက္ခသစ္စာဘာလဲ။ ဒုက္ခသစ္စာဆိုတာ မင်းအခုရထားတဲ့ရုပ်ကြီး။ အဲဒါ ဒုက္ခကွ။ အဲဒီရုပ်ကြီးက ကိလေသာရဲ့ဝဋ်ကြီးဖြစ်ပါတယ်။ ဘာလို့ဝဋ်ဖြစ်လဲ။ မင်းကံကို မပြတ်လို့တဲ့။ ဟောဒီဘဝအတိတ်ရဲ့ကံ ပစ္စုပ္ပန်ရဲ့ကံကို မင်းမဖြတ်လို့ မင်းမှာ တဏှာက လွှမ်းမိုးထားပြီသူငယ်ချင်းရယ်။ အဲဒီကိလေသာရုပ်မှာ တဏှာဖြစ်နေပြီ။ အဲဒီမှ တဏှာကပ်နေပြီ။ ဉာဏ်နဲ့ကြည့်မှ စာနဲ့ကြည့်လို့မရဘူး။ သေသေချာချာပြောပေးလိုက်မယ်။ သူအလုပ်လုပ်နေရပြီ။ သမ္မာနဲ့လုပ်ပြီ။ စာသမားက သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ။ ဒါတွေက သမ္မာလေးနဲ့ယူသွားတယ်။ အဲဒီတော့မှ ကာယ သတိပဋ္ဌာန်ပေါ်မှာ ကာယကံ ဝစီကံ မနောကံတွေကို သမ္မာလေးနဲ့ အကျင့်မြတ်နဲ့ တစ်ထပ်တည်းယူသွားတာ။ ဘာမှလည်းမသွားတော့ဘူး။ ဒီလိုစိတ်ကိုကျင့်ထားမှ စိတ်အကြောင်းကိုသိတာ။ စိတ်ကိုမကျင့်ရင်ဟာ... အဲဒါ သိပေတော့။ ဦးဇင်းက စာမတတ်ဘူး။ တကယ်အေးတာ။ ခင်ဗျားတို့ အဖေလို အမေလို ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ ရာဇ်မာန်တွေ ခနမာန်တွေ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ငါမာန်တွေ၊ ဗလမာန်တွေ သူကဗလရှိတာ ကိုးဗျ။ ရုပ်အားကိုးပြီး ငါဘယ်သူ့ကြောက်ရမှာတုန်းတွေးကြည့်။ ဟို ဗလမရှိတဲ့ကောင်ကို သွားလုပ် အသံတောင်မရှိ တော့ဘူး။ .....သစ္စာတဲ့ မလိမ်တဲ့တရားချွတ်ဆို ငါချွတ်မယ်ကွ။ သူကို ဒီသာသနာနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဖြား ယောင်းပြီး ပရိယယ်နဲ့ ငါပရိယယ်လုပ်တာ ဘယ်သူသိမလဲ။ မင်းအပြင်က ဖက်ပဲမြင်တယ်မဟုတ်လား။ ဆူးပေါ်ဖက်ကျ လည်း ဖက်ပေါက် ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်။ ငါမှန်ရင် မင်းသိလာလိမ့်မယ်။ လူအမျိုးမျိုးပဲကွ။ အရက်သမား လည်း ချွတ်ရမှာပဲ။ ခင်ဗျားတို့တွေးကြည့်။ ဘုရားက ဘာတွေချွတ်သွားလဲ။ ဦးဇင်းက ဘုရားတော့မဟုတ်ဘူးပေါ့ဗျာ။ ဥပမာ ဥပမေးနဲ့ပြောရတာ။ ငါ့အမေရဲ့အစွဲလည်း ငါချွတ်ရမှာပဲ။ ငါ့အစ်မကြီးရဲ့အစွဲလည်း ငါချွတ်ရမှာပဲ။ ချွတ်တာကတော့ ရတာပေါ့။ ကျင့်တာ မကျင့်တာက သူ့အကြောင်းပဲ။ သူ့ကိုငါ အစားလေးကျွေး ဘာလေးကျွေး။ သူ့ကို ကောင်းကောင်း မွန်မွန်ထား။ သူ တဏှာတော့ ဘယ်ကုန်မလဲ။ အတ္တ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိတော့ သူနည်းနည်းလာမယ်။ သမ္မာဖြစ်လာမယ်။ အပ္ပါယ်ပိတ်တော်ရောပေါ့။ အဲဒါကိုလုပ်နေတာ အဲဒီတော့ ဦးပဏ္ဍိတ ရဲ့ လွှက်ခြောက်ကျတော့ စွမ်းနေတာ။ ရေကျတော့ လည်း စွမ်းနေတာ။ သူက ဖက်လိုနေတာ။ ခင်ဗျားတို့ တကယ့် တောင်ပိုင်တို့ ကွင်းပိုင်တို့ တစ္ဆေတို့ သရဲတို့ရှိပါတယ်။ စာထဲ ရေးထားတယ်ရှိတယ်။ ရှိတယ်။ နာမ်ကောင်တွေ ကျင့်တဲ့သူက သိတယ်ဗျ။ နာမ်ကိုလည်း သာသနာပြုရ ကျေးဇူးရှိတဲ့ ဒကာ ဒကာမ ထမင်းကျွေးတဲ့ သင်္ကန်းဝယ်ပေးတဲ့သူကိုလည်း ပြောရဆိုရ လုပ်ရပြုရန် ဟော ငါ့အမေ

ဖာသုယ် ပဲသွားလို့ ပြောလို့ရတာမဟုတ်ဘူး။ ငါ့သမီးက ဖာသယ်ပဲလို့ ပြောလို့ရတာမဟုတ်ဘူး။ ချော့ပြောရတာ။ ဒါကြောင့်မို့ အယုတ်အလတ်အမြတ်မရွေး စေတနာဟာ ဉာဏ်စေတနာခေါ်တယ်။ ကံစေတနာမဟုတ်ဘူး။ ကံဆိုတာ ခွဲခြားတယ်။ သညာနဲ့ပတ်သက်ပြီးတော့ ခွဲခြားတယ်။ ဟောဒါ ငါ့အမေပဲ။။ ဟောဒါ ငါ့အဖေပဲ။ သူကတော့ ဘာမှမဆိုင်ဘူး။ အဲဒါသညာနဲ့ခွဲခြားတဲ့ကံ။ စေတနာခေါ်တယ်။ ပညာနဲ့ပတ်သက်တဲ့ စေတနာက ဉာဏ်၊ ဂမ္ဘီဉာဏ် အဲဒါလာဟောတာ။ မနက်ဖြန်ကျတော့ ရေပုလင်းတွေယူလာခဲ့။ လွှက်ခြောက်တွေ မယုံရင်စားကြည့်။ ပျောက်ရင် ခင်ဗျားကံပဲ။ ခင်ဗျားပျောက်တာပဲ။ ပိုက်ဆံပေးစရာမလိုဘူး။ ခင်ဗျားတို့က ကျွေးတာ။ သာသနာကိုပြုတာ။ ခင်ဗျားတို့ကပြုတာ။ ဒကာ ဒကာမတွေက သာသနာကိုတောင်းတာ။ ဟော ပေးပါ။ လုပ်ပေးပါ။ ပြုပေးပါ။ ခင်ဗျားတို့ပင့်လို့လာတာ။ ဦးပဏ္ဍိတ ဒီနေ့ရောက်လာတာ (၂)ရက်(၃)ရက် ကြိုပြီးလာတာမဟုတ်ဘူး။ မြောင်းမြကနေ (၈)နာရီကနေထွက်လာတာ။ ဒီကိုဘယ်လောက်ရောက်လဲတော့ ဘယ်သိမလဲ။ အဲ ရောက်လာတော့ သူတုံးလုံးလှဲနေတယ်။ တံခါးပိတ်ထားတယ်။ သူက အတွင်းအာရုံနဲ့နေတာ။ အပြင်ကနေ အေး အေး အေး သိတာပေါ့။ တောင်ပေါ်ကနေတောင်အောက် အကုန်သိတာပေါ့။ မေးချင်တာမေး။ သူပြောပါ့မယ်။ မတတ်တာတော့ မသိဘူး။ စာလိုတော့ သူမသိဘူးကွာ။ ဈာန်ဆိုတာ ရှိတယ်။ ဉာဏ်ဆိုတာရှိတယ်။ ကံဆိုတာရှိတယ်။ အဲဒါခင်ဗျားတို့ရှာ။ ဝိပဿနာ မဂ္ဂင်နဲ့သွား။ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ပညတ်ကိုလည်းမပယ်ဘူး။ ပညတ်သွားမစွဲနဲ့။ စွဲရင်တော့ ကံဖြစ်သွားမယ်နော်။ ဒါပဲ။ သဘောလေးပဲ။ ခင်ဗျားတို့ တရားထိုင် ကိုယ့်စိတ်ကို ကိုယ်စစ်။ အဲဒီတော့ ကိုယ့်တိုင်းပြည်မှာရှိတဲ့ဘုရင်။ သူလည်း အလုပ်ဘယ်လောက်လုပ်ရသလဲတွက်ကြည့်။ ခင်ဗျားတို့ ဘယ်လောက်သနားဖို့ကောင်းသလဲ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ကိုယ်ကအားပေးရမယ်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ သူကောင်းစားမှ ကိုယ်ကအေးမှာ။ မနက်ဖြန် ပြန်ရမလား။ ဘယ်နေ့ပြန်ရမလဲ။ မရဏသေမင်း ခေါ်ရင်သွားရမှာပဲ။ ရေချိုးမှား သေတာပဲ။ သိပ်မြန်တယ်။ ကပ်ထဲပါမှာစိုးလို့ အဲဒီကပ်ကလွတ်သွားရင် ခင်ဗျားတို့ပွဲကြည့်ရအုံးမယ်။ ပွဲရှိတယ်။ အဖိုးကြီးအို ခါးကုန်းကုန်း မသေပါနဲ့အုန်း။ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါအုံး စာကလေးရေးထားတယ်။ ဒါကြောင့်မို့ ကိုယ့်ထက်ကြီးသူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ အပြင်မှာစင်ကြယ်အောင်နေပါ။ အော် အေးအေး နိုင်ငံတော်အစိုးရ သူလည်း အလုပ်ကို (၁၂)လရာသီ လုပ်ရပါလား။ အော် အေး အေး သူကောင်းစားမှ ကိုယ်ကလည်းကောင်းစားမယ်။ ကျွန်းပင်ကြီးကို ကိုင်းပင်တွေက သွားမှီနေတာကို အဲဒီလို ကိုယ့်တိုင်းပြည်မှာ စည်းစည်းလုံးလုံး ထင်းစည်းများလို အစီးမပြည်ပါနဲ့။ မှန်မှန်ကန်ကန်နဲ့ သစ္စာနဲ့နေရင် ဒီကပ်ကနေလွတ်သွားလိမ့်မယ်။ အဲဒီတော့ ခင်ဗျားတို့ အဲဒီပွဲကို ကြည့်ရလိမ့်မယ်။ သဘောလေးပဲ ပြောသွားမယ်။ အဲဒီကပဲ လွတ်အောင် ကိုယ်မှန်ဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုရင်း မောင်နှမရင်း သစ္စာတွေထားသူများ မနာလို ကိုယ့်အကျိုးမရှိ မိစ္ဆာစိတ်၊ မနာလိုစိတ်၊ ကုက္ကုစစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ လောဘ စိတ်၊ ဒေါသစိတ်၊ မောဟစိတ် အာရုံကြောင့်ဖြစ်နေတာ။ မနော မနော ဒီမနောကို စစ်ပေါ့ ဒီမနောလုံမှ သိတာရေ မနောအေးသွားပြီ။ ရေဖြစ်သွားပြီ။ မီးမဟုတ်တော့ဘူး။ အဲဒါတွေကျင့်ကြ။ ဦးဇင်းကြီး အကုန်ပြောသွားပြီ။ နက်ဖြန် တစ်နေ့ ကျန်သေးတယ်။ ဘယ်သူပျက်ပျက် ကိုယ်မပျက်နဲ့။ (သည်းခံပါ)ဲ။ ကိုယ့်စေတနာ မပျက်ပါစေနဲ့။ ကိုယ့်သမီး ရိုက်လဲ ရိုက်တဲ့သူအပေါ် စေတနာမပျက်ပါနဲ့။ ဒေါသမဖြစ်ပါနဲ့။ အတွင်းသီလကိုယူထားပါ။ ဒေါသဖြစ်တာနဲ့ သမီး သွားစွဲတာ အဲဒါတဏှာ။ တဏှာကြောင့် ဒေါသဖြစ်တာ ဒေါသကြောင့် မနောသီလပျက်ပြီ။ မနောသီလလုံမှ

အပ္ပါယ်လေးပါး ပိတ်မယ်။ ခင်ဗျားတို့ မနောကိုထိန်းတာ။ အပြင်မှာ သမ္မာနဲ့သုံး။ သမ္မာဝါစာ သမ္မာနဲ့သုံး။ အတွင်းမှာ ဉာဏ်ကလေးနဲ့သုံး။ သမီးကို ဟိုအကောင်က ရိုက်တယ်။ မစွဲနဲ့။ အော် အေး အေး အေး သွားမစွဲနဲ့။ ဟိုအကောင်က မိစ္ဆာ ကိုယ်က သမ္မာဖြစ်အောင်လုပ်။ အဲဒါ ကိုယ်အပါယ်ပိတ်တယ်။ ဉာဏ်လေးနဲ့သုံး။ သူရိုက်တာကို ကိုယ်ကဒေါသ ဖြစ်ပြီးတော့ တုတ်ဆွဲ ဓါးဆွဲမလုပ်နဲ့။ အဲဒါလာပြောတာ။ အဲဒီလို အပါယ်ပိတ်သွားမယ်ဆိုရင် ဒီကပ်က ခင်ဗျားတို့ လွတ်မယ်။ ဒီပွဲကိုကြည့်ရလိမ့်မယ်။ သိပ်ထူးတဲ့ပွဲကြည့်ရလိမ့်မှ သာသနာ ၂၅၀၀ မှာရှိတယ်။ သေချာလေးပြောသွားမယ်။ ခင်ဗျားတို့နေတာ ထိုင်တာ မှန်ဖို့လိုတယ်။ သူများဟာတွေ သွားမခိုးနဲ့ မလုနဲ့၊ မတိုက်နဲ့။ အရက်တွေမသောက်နဲ့။ လောင်းကစားတွေ မလုပ်နဲ့။ ဘုရားက မကြိုက်ဘူး။ နတ်တွေကလည်းမကြိုက်ဘူး။ မှတ်ထားခင်ဗျားတို့။ ကိုယ်စောင့် နတ်သိတယ်။ ခင်ဗျားတို့ မသိလို့ ကိုယ်စောင့်နတ်ရှိတယ်။ နေတတ်ဖို့သိပ်အရေးကြီးတယ်။ ဒီဘဝပြတ်မှ အဲဒီရုပ်က ဝဋ်ကြွေးကြီး ကိလေသာဝဋ်ကြီး။ ဟိုးအတိတ်အဆက်က ကံမပြတ်တော့ ဒီဘဝမှာ ပောသည့်ကံနဲ့ရုပ်လာပြီဗျို့။ အဲဒီရုပ် ရပြီ။ အဲဒီရုပ်မှာ တဏှာပါနေတယ်။ တဏှာနဲ့ကိလေသာ တွဲနေတယ်။ နာမ်က ဉာဏ်စဉ်ရမှသိမယ်။ မရရင်မသိဘူး။ သဘောလေးပြောတာ။ တဏှာက သမီးလေး သူများရိုက်။ သားလေး သူများရိုက်တော့ အဖေက မာန်ဖြစ်လာပြီဗျို့။ သားသမီးစွဲတာ တဏှာဗျ။ ခင်ဗျားတို့ ဒါကိုမပြောနဲ့။ ဝေသံသန္တရာမင်းကြီးဟာ သားနဲ့သမီးကို လှူလိုက်တယ်။ ရော့တဲ့။ ပုဏ္ဏားက ဆင်းလာပြီး သူ့ရှေ့မှာ သားနဲ့သမီးကိုရိုက်တော့တာပဲ။ ဝေသံသရာအကြောင်းပြောတာ။ ဘာလဲ တဏှာကြောင့် မာန်ဖြစ်သွားပြီ။ ကိုယ်စိတ်ကလေးကို ဉာဏ်ကလေးနဲ့သုံးပါ။ အော်တဏှာ ယောကျ်ားလက်သမား တစ်ဘဝ ငါအိမ်ဆောက်ရဦးမှာလား။ ဒီဘဝ ဒီတဏှာမပြတ်သေးရင် ဘဝအဖုံဖုံ ဒီလက်သမား ငါဆောက်ရဦးမယ်။ ဒီတဏှာက ဆောက်တာ။ ခွေးရုပ်ရမယ်။ ကြွက်ရုပ်ရမယ်။ ဝက်ရုပ်ရမယ်။ ခင်ဗျားအပေါ်မူတည်တယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။ (သာဓု...သာဓု...သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၃၀.၁၂.၁၉၉၅)ရက်နေ့

ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၂၇)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## (၁၈.၁၂.၁၉၉၅) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရွှေမုဋ္ဌောဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာဆရာတော်

တရားဆိုတာ ဘဝ္ဂီရဉာဏ်၊ ဇဝနဉာဏ်၊ လောကုတ္တရာဉာဏ်နဲ့ကြည့်မှ သဘောပေါက်ပါတယ်။ ကျင့်တဲ့လူဘဲသိတယ်။ ဒါကြောင့် သစ္စာနဲ့ဟောပါတယ်။ ဒီတရားကို လိမ်ပြောရင် ပါဏာတိက် အဲ ဒိတ်သိတ်အာပတ်တို့ ဘာကိုအာပတ်ကြီးတွေလိမ်ရင် မဟာအဝီစိကိုကျပါတယ်။ မှန်တာပြောရင် သစ္စာခေါ်ပါတယ်။ ဒါကြောင့်မို့ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်လို့ ဘုရားကပြောပါတယ်။ ဟောပြပါတယ်ဗျာ။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိဆိုတာ မိစ္ဆာဆိုတာ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့မယား၊ ငါ့သား၊ ငါဆိုတဲ့မနောက ခုနကလို မနောကယူထားတဲ့အယူကမှားနေပြီ။ ဒါကာယကံရှင်သိရပါလိမ့်မယ်။ ခုနက သမာကိုကော သမီးတို့ သားတို့ရှိခိုးကြဟေ့၊ ကန်တော့ကြဟေ့။ ဘုရားကိုဝတ်ပြုကြဟေ့။ အဲဒါကောင်းတဲ့မင်္ဂလာ၊ ကောင်းတဲ့မင်္ဂလာကိုနှလုံးသွင်းထားတဲ့သဘောတရားခေါ်ပါတယ်။ ဒါက မကောင်းတာကို နှလုံးသွင်းထားပါတယ်။ ငါ့မယား၊ ငါ့သား၊ ငါ့မှာ ကုဋေ့ပေါင်းချမ်းသာတယ်။ အဲဒီတော့ သူ့နှလုံးသားက မကောင်းတာကို နှလုံးသွင်းထားတဲ့အတွက် မိစ္ဆာခေါ်တယ်။ အဲဒီမကောင်းတာကို နှလုံးသွင်းထားတာကို သွားစွဲတာက ဒိဋ္ဌိ။ အဲဒါ မိစ္ဆာဒိဋ္ဌိ၊ ပါဠိလိုခေါ်တယ်။ အဲဒီတော့ ခုနက ဥပမာလေးပြောပြမယ်ဆိုရင် သီလဝိသုဒ္ဓိ။ အဲဒီတော့ သီလဝိသုဒ္ဓိရှိရင် စိတ္တဝိသုဒ္ဓိ။ ဟော ဘယ်စိတ်လဲ မနောစိတ်။ ဒါကျင့်တဲ့လူပဲသိပါတယ်။ အဲဒါကို မှန်မှန်ကန်ကန်နဲ့ ဟောပြီးတော့ သစ္စာနဲ့ ဂတိသစ္စာနဲ့ မှန်သောအခါ "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဆိုတော့ ဒီမေတ္တာရေတွေဟာ ရေတွေပါ။ နော် ဦးပဥ္စင်းကြီးက ဘာမှမတတ်ပါဘူး။ ဒါဘာလဲ သီလရဲ့တန်ခိုး။ ဘယ်သီလလဲ အတွေးသီလခေါ်တယ်။ စိတ္တဝိသုဒ္ဓိသီလခေါ်တယ်။ အပြင်သီလက သီလဝိသုဒ္ဓိခေါ်တယ်။ သူ့ရဲ့အတွင်းက စိတ္တဝိသုဒ္ဓိ။ အဲဒါ ပတ္တိ ပတ္တိလို့ခေါ်တယ်။ ပရိပတ္တိသွားတာက သီလဝိသုဒ္ဓိ။ ဒါတွေကို စိစစ်ဆေးမယ်ဆိုရင် ဘာကိုမူတည်ပြီး စစ်ရမလဲဆိုရင် ကာယကံဝစီကံ၊ မနောကံ၊ ဒီကံသုံးကံပဲဗျို့။ ဒီကံသုံးကံက ဘယ်သူကနေပြီးတော့ မနောကနေပြီးတော့ ခုနကလို မိစ္ဆာဒိဋ္ဌိဖြစ်အောင်လုပ်တာလဲသူဘဲ သမာဒိဋ္ဌိဖြစ်အောင် လုပ်တာလဲသူပဲ။ ဒါကာယကံရှင်သိတယ်။ အဲဒီပုဂ္ဂိုလ်သိရပါလိမ့်မယ်။ ဘာဖြစ်လို့လဲ သူ့အပေါ်မှာ မူတည်တယ်။ သူ့နှလုံးသားဖြစ်နေတာ ဘေးပတ်ဝန်းကျင်ကမသိဘူး။ အဲဒါက မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ နှလုံးသားကဖြစ်နေပါတယ်ဗျာ။ ဖြစ်နေတော့မှ ပါးစပ်ကနေပြောပြပါတယ်ဗျာ။ အဲဒါလေးကို ဒီလိုသမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိဆိုတဲ့လမ်းစဉ်တွေဟာ နှလုံးသားဟာ အကျိုးရှိတဲ့ဟာကိုနှလုံးသွင်းရမယ်။ အကျိုးမရှိတဲ့ဟာကို နှလုံးမသွင်းရဘူး။ ခုနက သီလဝိသုဒ္ဓိဆိုတာ ကံ(၇)ပါးကိုခေါ်တာ။ ပြောမှားဆိုမှား

ရှိရင်ခွင့်လွှတ်ပါ။ စာတော့မတတ်ဘူး။ ဘာမှမတတ်ဘူး ဒါကို ကိုယ့်ရဲ့ဒကာကြီးတွေ ဦးပဉ္စင်းလဲ ပြန်ရမှာပဲ။ ဦးပဉ္စင်းလဲ ဗိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားဆိုတာရှိပါတယ်။ ဒကာ၊ ဒကာမ တွေလည်း နာနေတဲ့ပုဂ္ဂိုလ်တွေရှိပါတယ်။ ဒီဘဝကနေပြီးတော့ အနာဂတ်ကိုပြန်ရမယ်။ ဒီဘုံမှာ ပစ္စုပ္ပန်ဘုံမှာ ကောင်းတဲ့၊ ထူးမြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေနဲ့ ဂုဏ်ရည်ဂုဏ်၊ ဇဝနဉာဏ် ဒီလိုဉာဏ်တွေနဲ့ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ လေ့လာပါ။ သုံးသပ်ပါ၊ စုံစမ်းပါဦး။ မေးမြန်းပါဦး၊ ပြောတိုင်း မယုံနဲ့။ ဦးပဉ္စင်းက ပြောတိုင်းမယုံပါနဲ့။ ခုနက မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိက နှလုံးသားကဖြစ်နေတာ။ အဲဒီတော့ နှလုံးသားကဖြစ်နေတဲ့အခါမှာ ခလေးရေ၊ သမီးတို့၊ သားတို့ရေ ဘုရားရှိခိုးကြ၊ မင်္ဂလာ (၃၈)ဖြာ ရှိခိုးကြ။ ကောင်းသောနှလုံးသွင်းခြင်း၊ ဟိုဟာက မကောင်းသောနှလုံးသွင်းခြင်း။ အဲဒီတော့ အဲ ခုနကလို ဘာကွာလဲ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန ဒါတွေကို သူ့အမျိုးမျိုး သူ့ပေါ်မှာ မူတည်တယ်။ အဲဒါတွေကို အတ္တအစွဲခေါ်ပါတယ်။ အဲဒီအတ္တအစွဲဆိုတာက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒါတွေကိုခေါ်ပါတယ်။ အတ္တနှလုံးသွင်းထားတဲ့အတွက်ကြောင့် အယူမှားတယ်။ အစွဲမှားတယ်။ ခုနက သီလဝိသုဒ္ဓိဆိုတဲ့ဟာက ကာယကံ၊ ဝစီကံ၊ မနောကံ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ ကာယကံ (၃)ပါး၊ ဝစီကံ(၄)ပါး၊ (၇)ပါးကိုယူရတယ်။ ရှောင်ထားတယ်။ အဲဒီလိုရှောင် ထားတဲ့အခါမှ (၇)ပါး သူတော်ကောင်းဖြစ်အောင် သမ္မာဒိဋ္ဌိကိုယူပါတယ်။ အပြင်ကဟာတွေ ယူထားတယ်။ သူများအသက် မသတ်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး၊ သူများသားမယား မဖျက်ဆီး ပါဘူး၊ သေရည်သေရက် မသောက်စားပါဘူး၊ မဟုတ်မမှန်တာ စကားမပြောပါဘူး။ အဲဒီတော့ သူ့အပေါ်မှာ (၇)ချက်ကို သူကယူထားတယ်။ ဒါတွေကို သူမလုပ်ပါဘူး။ ဒီအယူဝါဒတွေကို မယူပါဘူး။ အဲဒီတော့ ဒါတွေ သူမလုပ်ပါဘူး။ ဒါ့အပြင် အဲဒီဗတော့ အပြင်ဟာတွေကို မျက်စိတံခါး၊ နှားခေါင်းတံခါး၊ နားတံခါး၊ နေရာတံခါး၊ အိုတံခါး။ အဲဒီတော့ ဒီငါးပါးနဲ့ မနောနဲ့က သမာဒိဋ္ဌိဖြစ်အောင်ယူတယ်။ မိစ္ဆာဒိဋ္ဌိဖြစ်အောင် မယူဘူး။ ဒါ ဝိပဿနာလိုင်းဆိုတာက ပါဏာတိပါတာ၊ အဒိန္နာဒါန၊ ဟိုဟာ ပရိယတ္တိလိုင်း၊ အဲဒီတော့ ဒီကဘာတွေလဲ။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နှာခေါင်းနံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ၊ အပြင်အာရုံငါးပါးကို မနောနဲ့မပေါင်းဘူး။ အဲဒီတော့ မပေါင်းဘူးဆိုရင်မစွဲဘူး။ ဟိုက စွဲတယ်။ ဘာတွေစွဲလဲ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ။ ဒါကိုသူမထိန်းနိုင်ဘူး။ ကာယကံနဲ့ ဝစီကံကို သူထိန်းထားတယ်။ မနောစိတ္တဝိသုဒ္ဓိဖြစ်အောင် သူမလုပ်ဘူး။ အဲဒီတော့ ခုနစိတ္တဝိသုဒ္ဓိဖြစ်တာက ဝိပဿနာလိုင်း ခုနက စာပေကျမ်းဂန်နဲ့သွားတာက ပဏာတိပါတာ၊ အဒိန္နာဒါနာ၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန ဒါတွေထိန်းထားတယ်။ မနောကြတော့ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာ

ဒီ(၃)ခုကို မထိန်းဘူး။ ဗျာပါဒဆိုတာ ဘာလဲ။ ဗျာပါဒဆိုတာက စိုးရိမ်ကြောင့်ကြတဲ့စိတ်။ အဲဒီတော့ တွေးမယ်၊ တွေးပြီးရင် ဘာလုပ်မလဲ။ မှန်တယ်ဆိုပြီး ကြံစည်မယ်။ ကြံစည်ပြီးရင် နှစ်သက်မယ်။ ဒီအချက်(၃)ချက်ကို ပေါင်းလိုက်မှ ကာယကံမြောက်တယ်။ ဒါ ခင်ဗျားတို့ စဉ်းစားပါ။ ခင်ဗျား တွေးမယ်လေ တွေးမှာပေါ့ အဲဒါ ကာယကံရှင်သိလိမ့်မယ်။ ဒါကတော့ စိတ်ပိုင်းနဲ့ဆိုင်တဲ့လုပ်ငန်း တစ်ခုပြောပြမယ်။ တွေးမယ်၊ ကောင်းတာပဲတွေးတွေး၊ မကောင်းတာပဲတွေးတွေး သူတွေးနိုင်မယ်။ တွေးပြီးရင် တွေးပြီးတဲ့ စိတ်ကနေ ကြံစည်တဲ့စိတ် အဲဒီတော့ ကြံစည်တာဘယ်လိုလဲ ဦးပဉ္စင်းက စာမတတ်ဘူး။ ငါကြိုးဆွဲချမယ်ကွာ။ ငါအားကြီးရှက်တာပဲကွာ။ ငါအားကြီးရှက်တယ်။ သူတွေးတာ မိဘတွေ တစ်ယောက်မှမသိဘူး။ ငါကြိုးဆွဲချမယ်ကွာ။ ဒီညတော့ ငါချမယ်ကွာ။ မထူးတော့ပါဘူး သူတွေးတာ သူ့အတွေးမှားနေပြီ။ ဒါမိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ စာအရဆိုရင် အတွေးမှားသွားပြီ။ အဲဒီတော့ တွေးပြီးရင် ဘာလုပ်မလဲ။ ကြံစည်မယ်၊ ကြံစည်တာဘာလဲ ကြိုးလိုက်ရှာတယ်။ ကြိုးကကော မလာဘူးဗျာ။ အဲဒါလျှောက်ရှာတာပဲ။ ကြိုးမရတော့ ပုဆိုးဖြဲမယ်။ ဒါကြံစည်တာတွေပဲ။ ဒါကြံစည်တဲ့စိတ် ခေါ်တယ်။ အဲဒီလိုကြံစည်ပြီးရင် သူရလာပြီ။ ရလာတော့မှာ သူနှစ်သက်တော့မှာကိုးဗျာ။ သူ့အကြံ အစည်အောင်မြင်တော့မှာကို အဲဒီကြိုးကြီးရပြီး လည်ပင်းချည်တယ်။ အဲဒီတော့ ငါဘယ်လို နေရာက ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုနေရာက ဘယ်လိုလုပ်တယ်။ ဘယ်လိုသင့်တော်မယ်။ ဘယ်လိုဘယ်လို ဖြစ်မယ်ဆိုတာ သူဟာသူသိတယ်ဗျာ။ အဲဒီတော့ လည်ပင်းကြိုးချည်ပြီး တုတ်ချည်တာပဲ။ အဲဒါ ခုန်ချတာ နှစ်သက်တာ၊ ဆုံးဖြတ်လိုက်တာ အဲဒီအချက်(၃)ချက်ကို ကာယကံမြောက်တယ်လို့ ခေါ်တယ်။ ဒါ မနော၊ ဒါ ကာယကံမြောက်တယ်ခေါ်တယ်။ ခုနကဟာက မျက်စေ့မြင်တယ်။ ဟိုရှေ့မှာ ငါတွေတွေ့တယ်။ ငါးတွေတွေ့တဲ့အခါမှာ ငါးတွေတော့မြင်ပြီကွာ။ ဟော အဲဒီငါးကိုမှတ်တာက သညာ။ မကောင်းတဲ့ ငါးကို မရိုက်ဘူးဗျာ။ မလုပ်ဘူး။ အဲ ဘာငါးလဲဆိုတော့ ငါးကြင်းတွေ၊ ငါးသိုင်းတွေ၊ ဘာတွေ၊ ငါးသလောက်တွေ၊ ငါးရဲ့အမနည်းပညတ်တွေကို ခေါ်သမုတ်ပေးလိုက်တာ အမှန်ကတော့ ပညတ်၊ ရုပ်ပညတ်၊ နာမ်ပညတ်၊ အဲဒီတော့ ဦးပဉ္စင်းက စာမတတ်ဘူးနော်။ ဒီပညတ်ကို ခေါ်သမုတ်တာ ငါးနာမည်က ငါးကြင်း၊ ငါးသလောက်တဲ့၊ ငါးပတ်တဲ့၊ အမျိုးမျိုးပေါ့ဗျာ။ အမည် နာမပေးလိုက်တာ ပညတ်ကိုခေါ်သမုတ်တာ ကိုယ့်မှာရှိတာက သညာ။ ကျင့်တဲ့ စရဏမရှိဘူး။ ကိုယ့်မှာကျင့်တဲ့ စရဏ မရှိတော့ ကိုယ့်မှာပါလာတဲ့ မိမွေးတိုင်း၊ ဖမွေးတိုင်းပါလာတဲ့ အသိ။ အဲဒါ သညာ။ သညာကနေပြီး မှတ်တာ၊ ပြတာ။ ဒီငါးသိပ်ကောင်းတာပဲ။ အချိန်(၃၀)လောက်ရှိပြီဆိုပြီး မျက်စေ့မြင်တာပေါ့။ စက္ခုအာရုံကမြင်တာပေါ့။ မြင်တဲ့အခါမှာမှတ်တယ်။ မှတ်တော့မှ သောမနဿဖြစ်တယ်။ သောမနဿ

ဖြစ်ပြီး တုတ်ရှာတယ်။ အဲဒီတော့ တုတ်ရပြီးသွားရိုက်တာ။ အဲဒါတွေးကြည့်ပေါ့။ အဲဒါ ကာယကံ မြောက်ခေါ်တယ် ဒါကတနည်းနည်းနဲ့ ကာယကံမြောက်တာ။ ဟိုက မနောထဲကဖြစ်သွားတဲ့ ကာယကံ မြောက်။ သိပ်အရေးကြီးပါတယ်။ သီလ လွယ်သယောင်ယောင်နဲ့ နက်နဲခက်ခဲပါတယ်။ ဦးပဉ္ဇင်းက စာမတတ်ဘူး။ မျက်စေ့ကတော့ မြင်တာပေါ့ဗျာ။ ဒါကြောင့်မို့လို့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ။ ဒါကြောင့် မို့ ဘုရားကဟောတယ်။ သမုဒယသစ္စာ၊ ဝိသတိသစ္စာ။ သဘာဝသစ္စာ မရမတ္တသစ္စာ အရိယသစ္စာ၊ ဘုရားကြတော့ အရိသမုဒိသစ္စာဆိုတာ အပြင်မှာ ကိုယ်ရဲ့ပြောစကားတွေ ကိုယ့်ရဲ့သားသမီးတွေ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မင်္ဂလာ(၃၈)ဖြာနဲ့ စိတ်ချမ်းသာအောင်နေတယ်ဗျာ။ အဲ သားတို့၊ သမီးတို့ ဘုရားရှိခိုးကြဟေ့။ အဖေ၊ အမေတွေကန်တော့ကြဟေ့။ ဖွားအေ ဘိုးအေတွေ ကန်တော့ကြဟေ့ ညဘက်စားတာ၊ သောက်တာတွေ သိပ်မစားကြနဲ့ဟေ့။ တပေါစ ခြိုးခြံတာနော် ပိုက်ဆံကို ဖြုန်းတာနဲ့ သုံးတတ်တာ ဒီနေရာမှာသိပ်အရေးကြီးပါတယ်။ ဟိုက ပိုက်ဆံဖြုန်းတာ။ သုံးတတ်ဖို့လိုတယ်။ ခြေသ် ရေတ်သီး၊ ကြက်သွန်လေးတွေမရှိပါလားဟဲ့။ ဆားလေးတွေ မရှိပါလားဟဲ့။ ဆန်လေးတွေ မပြည့်စုံ ပြည့်စုံအောင် ဝယ်ထားမယ်ဟဲ့။ သမာနဲ့ အလုပ်လုပ်တယ်။ ဟိုက မိစ္ဆာနဲ့ အလုပ်လုပ်တယ်။ ဒါ ခင်ဗျား တို့ပေါ်မှာ မူတည်တယ်။ ဒီလမ်းတော့ ပြန်ရမှာပဲ။ ဘုန်းကြီးလဲ မလွတ်ပါဘူး။ ဘုရားလဲ မလွတ်ပါဘူး။ သူက သတ္တဝါမှန်သမျှ ပြန်ရမှာပဲ။ သင္ခေသခ်ီရ အနိစ္စာ။ ကြည့်စမ်း ဝမ်းနည်းဖို့ကောင်းလိုက်တာဗျာ။ မရှိရင် ရှာရတယ်။ မသိတာက အခက်ဆုံးပဲ။ ခုနကပြောပြီးမဟုတ်လား။ မနောက တွေးတယ်။ အဲဒီ တော့ ဥပမာပေါ့ဗျာ။ ပြောမှားဆိုမှားလဲရှိရင်ခွင့်လွှတ်ပါ။ ဒီက စာနဲ့ အသိနဲ့ပြောရတာကိုဗျာ။ စာက ရေးထားတယ်။ ခုနက စက္ခုအာရုံ၊ စက္ခုအာရုံ၊ နား သောတအာရုံ၊ ဟော စိတ်ပိုင်းကလာပြီ၊ ကြားပြီဗျို့ ဦးပဉ္ဇင်း နာမည်ဖျက်လိုက်ပါဗျာ။ မြမောင်ပေါ့ဗျာ။ မြမောင်ကို ကလော်ဆဲလိုက်တယ်။ နားကြားတယ် သိတယ်။ သညာက မှတ်ပေးတယ်။ ဟေ့ မြမောင် မင်းဆဲနေပြီကွာ။ လူတောထဲမှာ လွှက်ရည်ဆိုင်မှာ သညာက မှတ်ပေးတယ်။ အဲဒီတော့မှ ဒေါသကဖြစ်တယ်။ သူပြန်ပြီးဆဲတယ်။ မကောင်းတာကို ဆဲတာ အဲဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အဲဒါ သီလပျက်တယ်။ ဘာဖြစ်လို့လဲ။ ဒေါသ၊ လောဘဖြစ်သွားတာကိုးဗျာ။ သီလ ဆိုတာ လောဘ၊ ဒေါသ ခေါင်းပါးရမယ်။ လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ အဲဒီတော့ သဘောလေးပြောကြမယ်ဆိုရင် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ စာမတတ်ဘူး။ ဘုရားသခင်ကိုယ်တော် မြတ်ကြီးရဲ့ ခေတ်နဲ့ ဒီခေတ်နဲ့က ခေတ်ကိုပြန်ကြည့်ပေတော့ စာကတော့ မူသေရှိတယ်ဗျို့ လူတွေရဲ့ စိတ်တွေက အဲဒါတွေးသာကြည့်ပေတော့။ ဘုရားခေတ်ရဲ့ကာလအချိန်မှာ သစ်ပင်တစ်ပင်စိုက်တယ်။ ဘူးပင်တစ်ပင်စိုက်တယ်။ ဘူးသီးအများကြီးသီးတယ်။ ရေပ်ပင်တစ်ပင်စိုက်တယ်။ အများကြီး

သီးတယ်။ ဒီခေတ်မှာ မလွယ်ဘူးဗျို့ ဆေးပက်ရတော့မယ်။ ကိုယ့်ဉာဏ်နဲ့ကိုယ်လုပ်တယ်။ လူခိုးတယ်။ ဒီခေတ်ကိုပြောတာ ဘုရားခေတ်ရဲ့စာတွေ ပကတိ အခုထိရှိတယ်။ လူတွေရဲ့စိတ်တွေက မမှန်တော့ ဘာဖြစ်လို့ မမှန်လဲ။ ဒီခေတ်ကိုပြန်ကြည့်မယ်ဆိုရင် ဘောဂသံပတ္တိဖြစ်နေတယ်။ ဘောဂပစ္စည်းဟာ နိုင်ငံခြားက အမျိုးမျိုးဝင်လာကြပြီး အဲဒီတော့မှ တီးကောက်တို့၊ ရေဒီယိုတို့၊ ကက်ဆက်တို့ အမျိုးမျိုး ပေါ့ဗျာ။ ဘုန်းကြီးကတော့ စာတော့မတတ်ဘူး။ အဲဒါကိုလိုချင်တပ်မက်မောပြီးတော့ အတ္တတွေ ဖြစ်နေတယ်။ အတ္တတွေဖြစ်နေတယ်နော်။ အတ္တဆိုတာ အစွဲပေါ့ဗျာ။ ဒါ ကိုယ့်ပိုက်ဆံရှိတာဘဲ။ ကိုယ်ဝယ်လို့ရပါတယ်။ ဒါသဘောပြောတာ ဘာလုပ်လုပ်ရပါတယ်။ ကိုယ်ရှိတာကိုဗျာ။ ဒါတရားသစ္စာ ရဲ့အကြောင်းဟောပြတာ။ ဒါတွေဝယ်တယ်၊ ဒါတွေလုပ်တယ်၊ ဒါတွေကြကော ဒါတွေဘယ်လိုဖြစ် လာသလဲဆိုတော့ ဘောဂသံပတ္တိပစ္စည်းတွေ အခြေအရံတွေအများကြီး သူလားလားချက်တွေရှိလာ တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးခေတ်က ဒါမျိုးတွေမရှိပါဘူးဗျာ။ အဲဒီတော့ လူအိုကြီးတွေလဲ ပြန်ကြည့်ပါဗျာ။ ဘုရားက ဘယ်မှာပွင့်လဲ။ အိန္ဒိယမှာပွင့်တယ်။ ဒါဗမာပြည်။ အဲဒီတော့ ဗမာပြည်ကို ပြောပြမယ်ဆိုရင် ဦးပဥ္စင်းက စာမတတ်ဘူး။ မပြောတော့ မပြောသေးဘူးပေါ့ဗျာ။ ဒါကြောင့် ဘုရားဟာ အိန္ဒိယမှာပွင့်တယ်။ ဘာလို့ပွင့်လဲ။ သဖီးသပ်နဲ့ သဖုံးသပ် ညီနောင်(၂)ပါးက ရက္ခစိုးကပြတာ။ ဒါမှ သူသိတာပေါ့။ မင်းတို့ဘယ်ကလာလဲ။ ကျွန်တော်တို့ ပုဂံပြည်ကလာတယ်။ ကုန်သည်တွေ ညီနောင် တွေပါ။ အေး ဘုရားပွင့်နေပြီကွာတဲ့။ သွားသွား သူလွှတ်ပါတယ်။ ရက္ခစိုးမျိုးက သူတော်ကောင်းကြီး များက လွှတ်တာပါ။ သေချာပါ။ ရုပ်ကစိုးနတ်တောင်ပိုင်၊ ကွင်းပိုင်သရဲတစ္ဆေရှိတယ်။ ခင်ဗျားတို့ မမြင်လို့။ သူခေါ်ထားတာဘဲ။ သရဲတဲ့၊ တစ္ဆေတဲ့၊ သဘက်တဲ့၊ နတ်တဲ့၊ သိကြားမင်းတဲ့၊ ဗြဟ္မာမင်းတဲ့ ဒါရှိတယ်။ ဒါထုတ်ပြပါဆိုတော့ ဘယ်လိုလုပ်ထုတ်ပြမလဲ။ အဲဒီတော့ ပညတ်တရားနဲ့ ပရမတ်တရား ပရမတ်တရားကိုထုတ်ပြပါဆိုတော့ ဘယ်လိုလုပ်ထုတ်ပြမလဲ။ ဒါနှလုံးသားကိုဗျာ။ ခုနကဖြစ်ပေါ် လာတဲ့ မိစ္ဆာဒိဋ္ဌိ၊ သမာဒိဋ္ဌိဆိုတာ နှလုံးသားကဖြစ်နေတာ။ ခုနက ဦးမြမောင်ကြီး ဆိုပြီး ဟိုကဆဲလိုက် တယ်ကြားတော့ ဒေါသဖြစ်တာ။ အဲဒါ သီလပျက်တယ်။ ဒီသီလတွေဟာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဒီခေတ်ကာလမှာ ဒီစိတ်ကိုထိန်းရတော့မယ်။ အဲဒီတော့ သီလဝိသုဒ္ဓိကို အပြင်သီလကို ယူတတ်ရင် စိတ်မချရဘူး။ မမှန်ဘူးမပြောဘူး။ မှန်တယ်။ စိတ်မချရဘူးနော်။ လုပ်မဲ့အလုပ်အတွက် သီလကို ထိန်းကြောင်းကြပါ။ အတွင်းသီလမှာ သြော် (အေး)၊ ငါဆဲပါလား။ အဲဒီတော့ ဘုရားက သဗ္ဗေသင်္ခါရ အနိစ္စပါလား။ ကြားတာဟာ မမြဲတာဟာ အနိစ္စပါလား။ အဲဒီတော့ အနိစ္စပါလား။ နံတာဟာ မမြဲတာ ဟာ အနိစ္စပါလား၊ အဲဒါ အနတ္တတရားခေါ်တယ်။ အနတ္တစိတ်ခေါ်တယ်။ မြင်တာကိုသွားစွဲရင် အတ္တစိတ်

ခေါ်တယ်။ အတ္တစိတ်ကိုပြန်ခွဲပေးလိုက်မယ်။ သမာဒိဋ္ဌိ ကောင်းသောမြင်ခြင်း၊ မကောင်းသောမြင်ခြင်း၊ မကောင်းတာမြင်တာ မိစ္ဆာဒိဋ္ဌိဖျာ။ အဲဒါ သံသရာသွားပြီပေါ့ဖျာ။ စာကရေးထားပါတယ်။ သမာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟာ မြင်လိုက်တယ် ဦးမြမောင် ရဲ့သမီး လူတစ်ယောက်က ဖက်နမ်းတယ်။ မမြဲပါလားဆိုတော့ အနတ္တဖြစ်သွားပြီ။ မြဲပါတယ်ဆိုတော့ ဦးမြမောင် ဓါးနဲ့ခုတ်တော့မယ် သမီးထိတာကိုးဗျ။ စွဲတာကိုးဗျ။ အကြောင်းသတ်တရားကိုဗျ။ အကြောင်းမသတ်တော့ အဲဒါသွားပြီးတော့ ကိုယ့်သီလပျက်သွားပြီး။ ဩော် ဝါ့သမီးလေးက ဘဝက ကုသိုလ်ကံတရားတွေပဲ။ ကာမဝဋ်၊ ဘဝဝဋ် လူတစ်ယောက်ကံတွေ ပါလား။ သတ္တဝါတစ်ခု၊ ကံတစ်ခုတွေပဲလေ။ မလုပ်ပါနဲ့ဗျာ ကျွန်တော့သမီးလေးပါဗျာ၊ ကျုပ်သမီးလေး ပါဗျာ။ မလုပ်ပါနဲ့ဗျာ။ တောင်းပန်ပါတယ်ဗျာ။ ဒါသမာဒိဋ္ဌိမြင်လိုက်တယ်ဆိုကတည်းက တုတ်စွဲ၊ ဓါးစွဲ ရိုက်ချအပြီး အဲဒါ မိစ္ဆာဒိဋ္ဌိစိတ်။ ဒါအပါယ်ကိုသွားမယ့်စိတ်တွေ။ အဲဒီတော့ ဒီအာရုံ(၆)ပါးပေါ်မှာ ဖြစ်နေကြတာပဲဗျို့။ အဲဒီတော့ ဒီအာရုံ(၆)ပါးဟာ ဘယ်လိုဖြစ်သလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီအနုသယ ကာယနုပဿနာ၊ စိတ္တာနုပါဿနာ၊ ဝေဒနာနုပါဿနာ၊ ဓမ္မာနုပဿနာ၊ ဘဝင်စိတ်နုဿနာ၊ ကာယကံရှင်ပဲသိတယ်။ ဒါတွေပြန်ရမှာ ချက်ချင်းဝေဒနာက ဒိဋ္ဌအကျိုးပေးပါတယ်။ ဒီသီလတွေကို စိတ္တဝိသုဒ္ဓိကို ထိန်းကျောင်းရင် သီလဟာ အင်မတန်မှ မွန်မြတ်ပါတယ်။ ဟောဒီဘဝမှာ ခင်ဗျားရဲ့ နှလုံးသားရဲ့စိတ်ကို ထမ်းထားတာ။ ဩော် မြင်တာ သီလ၊ ကြားတာ သီလ၊ နံတာ သီလ၊ သီလဘုရား က ရေးထားတာပဲ။ အဲဒါ ဘုရားရေးတဲ့တရား။ သီလ မြန်မာလို မိမိရဲ့စိတ်က လောဘ၊ ဒေါသမလုပ် ရဘူး။ သမ္မာအယူကိုယူ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သူလဲတင့်တယ်တယ်၊ ကိုယ်လဲ တင့်တယ်တယ်။ သူလဲ အကျိုးရှိတယ်။ ကိုယ်လဲ အကျိုးရှိတယ်။ အခုတော့ မလုပ်နဲ့ ဆန်တစ်တင်း ဝယ်လာတယ်။ ဆန်တစ်အိတ်ဝယ်လာတယ်။ ဆန်ကွဲက (၄)ပြည်လောက်ထိုးတယ်။ စားတော့အများ၊ ခံတော့ တစ်ယောက်ပဲ။ သိကြားမင်း က သိတယ်။ ဗြဟ္မာမင်းက သိတယ်။ အိမ်စောင့်နတ်သိတယ်နော်။ သူက စိတ်ကိုသိထားတယ်။ ဒါကြောင့် ဒကာ၊ ဒကာမ များများ တွေးနေတဲ့စိတ်၊ တွေးချင်တာတွေ ပါ ခင်ဗျားတွေးတာ ဘေးပတ်ဝန်းကျင်က သိပ့်မလားတဲ့။ မသိပါဘူး။ မသိတဲ့သူက များတယ်ဗျာတဲ့။ သိတဲ့လူက ရှိတယ်။ မပြောဘူး ဒါစိတ်ပိုင်း၊ ဒါစိတ္တဝိသုဒ္ဓိခေါ်တယ်။ ဒါ ဝိပဿနာလို့ခေါ်တယ်။ ဒါကြောင့် မို့ သမုဒိသစ္စာ၊ ဝိသတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ်သစ္စာ၊ အရိယာတသစ္စာနော်။ ဥပမာ ဦးပဏ္ဍိတ ဒကာမတစ်ယောက်က လာလှူတယ်။ လာလှူပြီဗျို့။ အရှင်ဘုရားက ကထိန်သင်္ကန်းကြီး ကပ်ပါတယ် ဘုရား။ ငွေကလည်း ခြောက်ထောင်ပေးပါတယ်ဘုရား။ ယူတဲ့ဘုရား။ ဘုန်းကြီးက မျက်စေ့ဖွင့်ကြည့် တယ်။ မျက်စေ့ဖွင့်ကြည့်တော့ ဒကာမ ဘာသိသလဲ။ ဘုန်းကြီးက မျက်စေ့ဖွင့်ကြည့်တော့ သောမနဿ

ဖြစ်တယ်။ သက်နိုးတောင် CYC ကွာ။ ဟာ သူဖြစ်ကုန်ပြီ။ မြင်တော့သိတယ်။ နှလုံးသားက သောမနဿဖြစ်တယ်။ အဲဒါဘာလဲ ကံဘုန်းကြီးခေါ်တယ်။ ဒကာမကြီးက သောတာပန်ဖြစ်နေပြီ။ အထင်သွား မသေးနဲ့။ အထင်လည်း မကြီးနဲ့။ အဲဒီ ဦးပဏ္ဍိတ က သောတာပန်မဖြစ်သေးဘူး။ အကြောင်းရှာရင်တော့ တွေ့ကြပြီပေါ့ဗျာနော်။ ဒါကြောင့် ဘုန်းကြီးလည်း လူပေါ့ဗျ။ ဗမာလို ပြန်ရင်တော့ လူပါပဲ။ သူလဲအကျင့်တရားတွေကို မွန်မွန်မြတ်မြတ်နဲ့ နှလုံးသွင်းပြီးတော့ ကျင့်တာပဲ။ သူ့ပေါ် မူတည်တယ်။ မှန်တယ်၊ မမှန်တယ် သိကြားမင်းသိတယ်နော်။ လူကတော့ ဘယ်သိမလဲဗျာ။ သနားဖို့ သိပ်ကောင်းတယ်။ အေး ဒါကြောင့်မို့ ဒကာမက သောတာပန်ဖြစ်တယ်။ ဦးပဏ္ဍိတ က ကံကို သက်နိုး တွေ သွားစွဲတယ်။ သောမနဿ မျက်စေ့မြင်တော့ မနောလေးက ဝမ်းသာတယ်။ အဲဒါ ကံစွဲတာ၊ ကံခေါ်တယ်။ အဲဒါကံပဲ။ စွဲရင် ဒုက္ခသစ္စာခေါ်တယ်။ ကံလည်းခေါ်တယ်။ ကဲပြီးရောပေါ့ဗျာ။ ဒကာမကြီး က သောတာပန်ဖြစ်တယ်။ အဲဒီ ဦးပဏ္ဍိတ က သောတာပန်မဖြစ်သေးဘူး။ ဝဋ္ဋာကာမနှင့် ကိုယ့်မှာ ရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာက မကြိုက်ဘူးတဲ့။ ကိုယ့်စိတ်ကိုယ်စစ်လိုက်တဲ့။ ဒါပဲနော် အခုန ရေးထားတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီကံတွေကို သမာဒိဋ္ဌိနဲ့ထိန်းထားတယ်။ မိစ္ဆာဒိဋ္ဌိကို မလုပ်ပါဘူးဗျာ။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုန သိပါပြီ။ အရက်မသောက်ဘူး၊ ဖဲမရိုက်ဘူး၊ မိစ္ဆာဒိဋ္ဌိဆိုတာ အရက်သောက်တယ်။ ဖဲရိုက်တယ်။ သမာဒိဋ္ဌိဆိုတာ ဘာမှမလုပ်ဘူး။ ကောင်းတဲ့ဟာပဲလုပ်တယ်။ ကောင်းတဲ့ဟာကလည်း တင့်တင့် တယ်တယ် ဝတ်တယ်၊ တင့်တင့်တယ်တယ် သွားတယ်။ ဒကာ၊ ဒကာမများ ကြည်ညိုလေးစားအောင် တင့်တယ်အောင်နေတယ်။ မနောတော့ မှန်တယ်/မမှန်တယ်ဆိုတာတော့ သူ့ပေါ်မှာမူတည်တယ်။ ဒါ သူ့ပေါ်မှာမူတည်တယ် မလုပ်နဲ့ဗျာ။ ကတုံးလဲ ဟိုအောက်မှာရောက်နေတာ တပုံကြီးပဲ။ ခုနက ပြောပြီမဟုတ်လား။ ဟိုက ဒကာမကြီးက သောတာပန်တည်နေပြီ။ ဦးပဏ္ဍိတ က အဲဒီသက်နိုးကို စွဲနေပြီ။ မနောက စွဲနေပြီ။ မျက်စေ့မြင်တယ်၊ နားကြားတယ်။ အဲဒါသွားစွဲတော့ ကံဖြစ်နေပြီဟာ။ ကတုံးလည်း လူပဲဗျာနော်။ မှတ်ထား တရားဟာ မှန်ရင် ပေါ်တယ်။ ဟုတ်ရင်ကျော်တယ်။ မှန်ရင် စင်ပေါ်ကကောက်မယ်။ ဝါတော့မရှိဘူး ဦးပဏ္ဍိတ ဟာ အစက မကောင်းတဲ့လူပါ။ မကောင်းပါဘူး။ ဘာဖြစ်လဲ မသိမှ မသိတာပဲ။ ခိုးမယ်၊ လိမ်မယ်၊ ညာမယ်၊ အဲဒီဗိုလ်ထဲမှာ ဆရာကြီး ဦးကျင်အေး ဒရဝမ်ပါဗျာ။ စောင့်တာ ကောင်းကောင်းမစောင့်ဘူး။ အဲဒီ မီးချောင်းထဲက ခြုပ်ကို ခိုးသေးတယ်။ ဒါဘာလဲ အာဒိန္နာဒါနာ၊ ဒါ သမာဒိဋ္ဌိမဟုတ်ပါဘူး။ မိစ္ဆာဒိဋ္ဌိကြီးပါ။ အဲဒီ မိစ္ဆာဒိဋ္ဌိကြီးကိုယူကာ ဒါသဘောကိုပြန်ပြောပြတာ။ ဒီလိုလုပ်လာတဲ့သူပါ။ အဲဒါ ဘာလဲ မိစ္ဆာဒိဋ္ဌိတွေ လုပ်လာတယ်။

သမ္မာဒိဋ္ဌိဆိုတာ လျှမယ်ဟဲ့၊ တန်းမယ်ဟဲ့။ လူကြီးကို ရိုသေတယ်။ လူငယ်ကို လေးစားတယ်။ ဒါ သမ္မာဒိဋ္ဌိ။ ခုနက မကောင်းတာတွေကြံမယ်၊ ဖဲရိုက်မယ်၊ အရက်သောက်မယ်၊ မကောင်းတာတွေ တွေးမယ်၊ မကောင်းတာတွေကြံမယ်၊ ဒါ မိစ္ဆာဒိဋ္ဌိ၊ ဒါ အပါယ်သွားတော့မယ်။ အဲဒီတော့ ဘာမှ နားမလည်ဘူး၊ စာလဲ မတတ်၊ ပေလည်း မတတ်၊ ရဲအဖွဲ့မှာလုပ်ပါတယ်နော်၊ ရဲအဖွဲ့မှာလုပ်တော့ စာမတတ်ဘူး၊ ဂတ်စာရေးကတော့ တတ်တာပေါ့၊ သူက နိုင်တော့တာပဲဗျို့၊ နိုင်တော့ ရဲသားလေးက အေးကွာ ကောင်းပါတယ်။ ညနေ ၄ နာရီ ပေါ်လစီတယ်။ အထွေထွေ ဘယ်နေရာစောင့်လိုက်၊ ဘယ်နေရာစောင့်လိုက်။ ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ဗျာ။ ကိုယ့်မှာ စာမတတ်တော့ စာတတ်တဲ့လူက နိုင်တယ်ဗျို့၊ ခင်ဗျားတို့ပညာနဲ့သာ သဘောလေးပဲသုံးပေတော့။ အဲဒီတော့ ခုန စာမတတ်တဲ့သူက ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ဗျာ။ ခုန ဂတ်စာရေးက မင်းဘာလုပ်လိုက်၊ ညာလုပ်လိုက်။ လုပ်လဲလုပ်ရသေးတယ်။ အမာန်လဲခံရသေးတယ်။ ဒါကြောင့်မို့ ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်ဗျာ။ ကိုယ်စာမှ မတတ်ဘူးဘဲ။ အဲဒီတော့ ခုနက ဒါတွေက ခိုးတယ်၊ လိမ်တယ်၊ ဒါ မိစ္ဆာဒိဋ္ဌိ၊ မကောင်းတဲ့စိတ်တွေ၊ မကောင်းတဲ့အယူတွေ၊ မကောင်းတာတွေနှလုံးသွင်းပြီး မင်းကောင်းတာတွေသွားစွဲတာ တန်းပြုတ်တာပေါ့ တွေးတာကိုဗျာ။ တွေးတော့ မီးချောင်းထဲကခြပ်တတ်ယူတာ။ အဲဒါရမှ ပိုက်ဆံရမှာ။ ပိုက်ဆံရမှ ဖဲရိုက်ရမယ်ဗျာ။ အဲဒီတော့ ဒါတွေလုပ်ခဲ့ပါတယ်ဗျာ။ ဦးဥွင်းကြီး မှားခဲ့ပြီ။ ခင်ဗျားတို့ မလုပ်ကြပါနဲ့လို့ ဦးပဥ္ဇင်းက မေတ္တာရပ်ခံပါတယ်။ ဒါတရားပါ။ ဒါခန္ဓာကသိလို့ ပြန်ပြီးပြောပြတာပါ။ စာတတ်တာ မဟုတ်ပါဘူး။ ဒါတွေ ခင်ဗျားတို့လဲပြန်ရမယ်။ အဲဒီတော့ ခုနက ဘုရားကရေးတယ်။ အိမ်သူအိမ်သား (၁၀)ယောက်ရှိတယ်။ (၁၀)ယောက်ရှိတဲ့အခါမှာ ဘယ်လိုလဲဆိုတော့ အဲဟိုလူကြီးကပြောတယ်။ စာမှ မတတ်တာကိုဗျာ။ ဘုရားရဲ့လမ်းကို၊ ဘုရားရဲ့စကားကို နားမထောင်ရင် မဂ်တား ဖိုလ်တားတယ်တဲ့။ ဘုရားဟောအရ ဘုရားရဲ့ ဆုံးမတော်အရ အဲဒီစာပေကျမ်းဂန်ကို မလိုက်ရင်း မဂ်တား၊ ဖိုလ်တားတယ်။ အဲ လူတစ်ယောက်က ဦးပဥ္ဇင်းကိုပြောတယ်။ ဘုရားစာတော့ ဦးပဥ္ဇင်းမတတ်ဘူး။ မဆိုတတ်ဘူး။ ခင်ဗျားရဲ့စာအုပ်ထဲမှာ ဘုရားရဲ့ ဟောကြားချက်အရ အဲဒီတော့ ဘုရားဟောတဲ့ အယူဝါဒကို မလိုက်ချင်၊ မဂ်တား၊ ဖိုလ်တားတယ်တဲ့။ ဒါဖြင့် ဒကာကြီးလာဗျာ၊ လာဗျာတဲ့ဆိုတော့ ဦးပဥ္ဇင်းက မေးရော။ ခင်ဗျားအိမ်မှာတဲ့။ ဥပမာ ခင်ဗျားသားသမီးရှစ်ယောက်ရှိတယ်ဗျာလို့ ခင်ဗျားသားသမီး ရှစ်ယောက်က ခင်ဗျားစိတ်နဲ့ ခင်ဗျားသားသမီးစိတ်တွေနဲ့တူနိုင်မလား။ ဒီလိုမေးပြီ။ ခင်ဗျားရဲ့ စိတ်နဲ့ ခင်ဗျားသားသမီး ရှစ်ယောက်စိတ်နဲ့ တူနိုင်ပါ့မလား။ တချို့က တူမယ်ဘုရား။ တချို့ကတော့ မတူဘူး စိတ်တူတဲ့သူသာရမယ်ဗျို့၊ မတူတဲ့လူက ဘာရမှာလဲ။ အဲဒါ သူသဘောပေါက်သွားပြီး သင်္ကန်းလာကပ်တယ်။

စိတ်ပဲဗျာ။ စိတ်ကိုဟောတာ။ သူက စာမှမတတ်တာ။ ခုန သမာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဒါကစာ။ ဗမာလို အသိနဲ့ပြောရင် မကောင်းတာတွေ လျှောက်တွေးနေတယ်။ မကောင်းတာတွေ နှစ်သက်တယ်။ မကောင်းတာတွေ ကြံစည်တယ်။ နှလုံးသွင်းတာမှားနေပြီ။ အဲဒါ မိစ္ဆာဒိဋ္ဌိပဲ။ နှလုံးသွင်းတာ မှန်နေရင် သမ္မာဒိဋ္ဌိပဲ၊ ခင်ဗျားစိတ် ခင်ဗျားစစ်။ အဲဒါဘာလဲ စိတ္တဝိသုဒ္ဓိခေါ်တယ်။ ခုနကပြောသလိုပေါ့ ဒီသီလ ကို ကြိုးစားမှ ဒီသီလတွေရမှ အပါယ်လေးပါးတံခါးပိတ်မယ်။ အဲဒီတော့ ဒီသီလတွေဟာ အင်မတန် အရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက် ကလူကို သည်းခံပါ။ ကိုယ်ကျင့်တရား၊ ပြဟ္မစိုရ်တရား၊ သံဝေဂတရား ဒါမျိုးက ရင်ဝမှာမာန်ရှိတယ်။ မဥ္ဇူမာန်ဆိုတာရှိတယ်။ ကြားတာနဲ့ စိတ်ပြောင်းတယ်၊ မြင်တာနဲ့ စိတ်ပြောင်းတယ်၊ နံတာနဲ့ စိတ်ပြောင်း တယ်၊ စားတာနဲ့ စိတ်ပြောင်းတယ်၊ ထိတာနဲ့ စိတ်ပြောင်းတယ်။ စိတ်ကိုပြောတာ။ စိတ်ကဘာလဲ သောမနဿစိတ်၊ ဒေါမနဿစိတ်။ ဝမ်းမြောက်တဲ့စိတ်။ ဒေါသဖြစ်တဲ့စိတ်။ ဒေါသဖြစ်ရင် သီလပျက် တယ်။ ဘုရားက သီလရေးတယ်။ ခင်ဗျားစိတ်ကို ခင်ဗျားထိန်း။ အဲဒီခင်ဗျားစိတ်က လောဘ၊ ဒေါသ ခေါင်းပါးရမယ်။ အဲဒီတော့ ဒေါသ၊ လောဘဆိုတာ ခင်ဗျားစက်ဘီးလေးထောင်ထားတယ်။ စက်ဘီး လေးရဲ့တန်ဖိုးက တစ်သောင်းကျော်လောက်တန်တယ်။ ကျကျနနရှိရှိသေသေစီးတာ။ အဲဒီပုဂ္ဂိုလ်က ထောင်ထားတာ။ လူတစ်ယောက်က ကုလားထိုင်ပေါ်ကစက်ဘီးကို ခြေထောက်နဲ့တွန်းလိုက်တာ မြင်တော့သိတာပေါ့။ အဲဒီစက်ဘီးကို သွားစွဲတာက တဏှာ။ အဲဒီတဏှာကြောင့် ဒေါသဖြစ်တာက မာန်။ ပစ္စည်းစွဲထားတာ။ အဲဒါကြောင့် ဒေါသဖြစ်တာ အယူမှား၊ အစွဲမှားထားတာ။ အဲဒါ မိစ္ဆာဒိဋ္ဌိ ခေါ်တယ်။ ပထမတန်းအရေးကြီးပါတယ်။ သီလ လွယ်လွယ်မထင်ပါနဲ့။ ဘုရားရဲ့ခေတ်ကာလရဲ့သီလ။ အခုခေတ်ရဲ့သီလနဲ့ အခုခေတ်က ဘောဂသံပတ္တိအား ခင်ဗျားတို့အားကြီးပေါ့ဗျာ။ တီးကောက်တွေ၊ တစ်ရာတန်၊ နှစ်ရာတန်၊ ကိုးရာတန် ဟိုက ထိုင်ဝမ်၊ အင်္ဂလန်နိုင်ငံ သွားချင်လိုက်တာ။ သူတို့တွေဟာ ဘဝင်ကမြင့်နေတယ်။ ကိုယ့်တိုင်းပြည်လေး ကိုယ်နေပေါ့ဗျာ။ ကိုယ့်ဟာလေး ကိုယ်လုပ်စားပေါ့ဗျာ။ ဒီမှာက အင်မတန်မှ ကောင်းပါတယ်ဗျာ။ ဟိုရောက်တော့ ပြန်ရမှာခက်နေတယ်။ သွားချင်တော့လည်း သူတို့ပဲ။ ပြန်ချင်တော့လည်း သူတို့ပဲ။ ဒီစိတ်တွေ အဲဒီတော့ တရားဟာ ကိုယ်မှာရှိတယ်။ ခုနက သွားစွဲရင် ဒုက္ခသစ္စာ၊ ဘုရားကတော့ဟောတယ် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါဘုရားဟောအရ ခင်ဗျားက သွားစွဲရင် ကောင်းတာပဲစွဲစွဲ၊ မကောင်းတာပဲ စွဲစွဲ အဲဒါ ဒုက္ခသစ္စာပဲ။ အဲဒါလည်း ပြန်ပြီး သံသရာအပါယ်ကျတယ်မပြောဘူးနော်။ ခင်ဗျား နတ်ပြည်ရောက်ရင် နတ်ပြည်မှာ သက်တမ်းကုန်ရင် ပြန်ဆင်းမယ်။ ဗြဟ္မာဘုံရောက်ရင် ဗြဟ္မာရဲ့သက်တမ်းကုန် ပြန်ဆင်းမယ်။ ခင်ဗျားကံ

ပဲဗျာ။ သဘောလေးပဲ။ အဲဒီ(၃၁)ဘုံရဲ့ ထွက်ရာထွက်ကြောင်းရှာရမယ်။ ကာမသဝ၊ ဘာဝသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝ။ ဒါဘုရားဟောထားတာ။ ကိုယ်ကသိရမယ်။ သိမှ ပယ်မယ်၊ ပယ်မှ ဆိုက်မယ်၊ ဆိုက်မှ ပွားမယ်၊ သိပယ်ဆိုက်ပွား။ အဲဒီတော့ ကိုယ်ကမသိဘူး။ မသိတော့ ခက်တာပေါ့ဗျာနော်။ တရားဟာ ကိုယ်မှာရှိတယ်။ အနိစ္စဟာ ကိုယ်မှာရှိတယ်။ ဒုက္ခက ကိုယ်မှာရှိတယ်။ အနတ္တက ကိုယ်မှာရှိတယ်။ အဲဒီသီလက ကိုယ်မှာရှိတယ်။ သမာဓိက ကိုယ်မှာရှိတယ်။ ပညာက ကိုယ်မှာရှိတယ်။ ဂုဏ္ဍိရဉာဏ်၊ ဇဝနဉာဏ် ကိုယ်မှာရှိတယ်။ စက္ခုဉပသာရီ၊ ဉာဏဉပသာရီ။ အာသောဉပသာရီ။ အဲဒါ လောကုတ္တရာဉာဏ်။ အဲဒီဉာဏ်ရရင် ဘုံ(၃)ပါးမြင်လိမ့်မယ်။ အဲဒီဉာဏ်ရရင် ခင်ဗျားသဘောလေးပဲ သဘောလေးပဲပြောပေးပါမယ်။ ဦးပဉ္ဇင်း သစ္စာတွေနဲ့ဆိုသွားပါမယ်။ ဒါတွေကို ခုနကပြောသလို ဝိသာခါကျောင်းအမကြီးကြည့် သူဘာလဲဆိုတော့ ခင်ဗျားတို့စာတတ်တွေပဲ။ သူ လင်ယူတယ်။ သူသဘာဝတရားကို မပယ်နိုင်ဘူး။ ဒီသဘာဝတရားဟာ ဘိုးစဉ်ဘောင်ဆက် ဘီလက်ထက်က ဘုရားမပွင့်ခင်သာရှိတယ်။ သဘာဝတရား ဦးပဉ္ဇင်း အမေ ဒေါ်အုန်းမေ လည်း လင်ယူမှာပဲဗျာ။ ဦးပဉ္ဇင်းရဲ့ အစ်မကြီးလည်း လင်ယူမှာပဲ။ ဦးပဉ္ဇင်းရဲ့ သမီးလည်း လင်ယူမှာပဲဗျာ။ ဒါသဘာဝတရား ပယ်လို့မရဘူး။ အဲဒီသဘာဝတရားကို သဘောပေါက်ရမယ်။ သမာဒိဋ္ဌိနဲ့ သုံးရမယ်။ မိစ္ဆာဒိဋ္ဌိနဲ့ သုံးထားတယ်။ သဘာဝတရားကိုက ငါမယားပဲ ငါပိုင်တာပဲကွာဆိုပြီး ငါ့ဝမ်းထဲမှာ တစ်မျိုးထားတယ်။ အပြင်မှာတော့ တစ်မျိုးပေါ့။ သွားပြီပေါ့။ ဒါကြောင့်မို့ သမုဒိသစ္စာ ဝိသတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ်သစ္စာ။ ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာ၊ သမုဒိသစ္စာ၊ နိယောခသစ္စာ၊ မဂ္ဂသစ္စာ။ ဒါဘုရားဟောထားတာ။ ဒုက္ခသစ္စာဆိုတာ သွားစွဲရင် ဒုက္ခပဲ။ ခင်ဗျားစိတ်က သွားစွဲရင် ဒုက္ခပဲ။ နေစရာမရှိတော့ဘူး။ ဒါ သစ္စာ(၄)ပါးကိုဟောတာ။ ဒါသဘောကိုပြောတာ။ သွားစွဲရင် ဒုက္ခသစ္စာ၊ သမ္မာဒိဋ္ဌိစွဲစွဲ၊ မိစ္ဆာဒိဋ္ဌိစွဲစွဲ၊ စွဲရင်တော့ သံသရာလည်မှာပဲ။ ဒီအဆင့်က တော်တော်မြင့်သွားပြီနော်။ ဒီအဆင့်ဆိုရင်တော့ ဒကာကြီးတို့ သဘောပေါက်ပါပြီ။ သူမစွဲဘူး၊ မစွဲတဲ့ပုဂ္ဂိုလ် တိုင်းပြည်မှာရှိတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ စာအရဆို နိရောဓပုဂ္ဂိုလ်ပေါ့။ အဲဒါမစွဲဘူး။ ဒုက္ခသစ္စာ၊ သမုဒိသစ္စာ၊ နိရောဓသစ္စာ။ အဲဒီပုဂ္ဂိုလ်က မစွဲဘူး။ အာရုံ(၆)ပါးမြင်တာ မတ်တပ်စားတာ၊ မတ်တပ်ကြားတာ၊ မတ်တပ်နံတာ၊ မတ်တပ်ထိတာ၊ မတ်တပ်သူမစွဲတော့ဘူး။ ကံပြတ်သွားပြီ။ အဲဒီပုဂ္ဂိုလ်က အေးသွားပြီ။ ချက်ချင်းအေးတာနော်။ အားကြီးအေးသွားပြီ။ သူညတန် နိဗ္ဗာန်ဆိုတာ အဲဒါခေါ်တာ။ ဆိတ်သုဉ်းသွားပြီ။ အဲဒါ စာတော့မတတ်ဘူးပေါ့ဗျာ။ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ကိုယ်ကလည်း ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ စေတနာကလည်း မှန်တယ်။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ဒီသံဃာကို ရေလေးတိုက်လိုက်တာ။ အဲဒါ

ဝေသနိယ ဒိဋ္ဌိအကျိုးရတယ်။ ဘာတွေရလဲ။ ကျန်းမာရေးလာဘ်၊ စီးပွားရေးလာဘ်ရတယ်။ အပါယ် လေးပါး တံခါးပိတ်တယ်။ ဉာဏ်ဘုန်းကြီးကို မှီထားတာ။ ကံဘုန်းကြီးမဟုတ်ဘူး။ ဉာဏ်ဆိုတာ ကံပြတ်သွားပြီ။ မစွဲတာဉာဏ်ခေါ်တယ်။ ခုနက နိရောဓဆိုတာ အဲဒီပုဂ္ဂိုလ်ပဲနော်။ ဒါပေမယ့် တမှန်တယ်ဗျာ။ တမှ မတတ်တာ။ သင်ပါဆိုလို့ ဘယ်လိုလုပ်သင်မလဲ။ ငါးပါးသီလလည်း မပေးတတ်ဘူး။ (၁၀)ပါးသီလလည်း မပေးတတ်ဘူး။ ရေစက်လည်း မချတတ်ဘူး။ ဘာမှမတတ်ဘူး။ သူ့ဘာခိုင်းခိုင်း မရတော့ဘူး။ စိတ်နဲ့ပတ်သက်တာမေး စိတ္တဝိသုဒ္ဓိရဲ့အကြောင်းကိုမေး၊ သီလဝိသုဒ္ဓိရဲ့ အကြောင်းကို ခင်ဗျားတို့ အဲဒါကတော့မတတ်ဘူး။ နှစ်မျိုးရှိတယ်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိက မနော၊ မနောကို ကျင့်ထားတာ။ ကာယနုဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ်ကလေး အနုသယကို သူကျင့်ထားတာ။ အရိယာများဟာ အနုသယကိုပယ်ရတာ မလွယ်ဘူး။ ပုထုဇဉ်များဟာ တဏှာကိုပယ်ရတာ မလွယ်ဘူး။ ဒီသဘောပဲ။ တဏှာဆိုတာ သာယာတာ ခေါ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ ဦးပဥ္စင်းကြီးကို ခင်ဗျားတို့ လာလာပြီးတော့ ဒီလိုပြောလိုက်တော့ ခင်ဗျားတို့ပစ္စည်းတွေ ဘာမှ မစားတော့ဘူး။ စားကြပေါ့၊ ဟိုသံဃာတွေ စားပေါ့၊ စားပေါ့။ သူက သစ္စာနဲ့ပေါသွားပြီလေ။ မစားဘူးကွာတဲ့။ ငါးခါးအပြတ်ခံမယ်။ ငါးသစ္စာအမှတ်နဲ့ရောတာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဟော အနိစ္စကို ဝိပဿနာ အနိစ္စကိုမြင်အောင်ကြည့်ရပါတယ်။ အနိစ္စကိုမြင်ရင် ဘာဖြစ် လာမလဲ။ အနိစ္စမြင်လာရင် ဒုက္ခသိလာလိမ့်မယ်။ ဒုက္ခသိတာက မဂ္ဂသစ္စာခေါ်တယ်။ မဂ္ဂသစ္စာမြင် သွားရင် နိရောဓသစ္စာခေါ်တယ်။ ဒီစိတ်ပိုင်းနဲ့သွားတာ။ ခုနက စာတွေမတတ်တော့ဘူး။ ပိန်ညည်းလည်း ဘာမှမသိတော့ဘူး။ အဲ့ဒါတွေကို ပြောမှား၊ ဆိုမှားရှိရင် ခွင့်လွှတ်၊ မမှန်ရင် ဒီက သာသနာ၊ ဒီဘက် လိုင်းကိုကြည့်ပါ။ အခု ဥပမာလေးပြောရင် အခုမေးပါ။ ခင်ဗျားတို့ မြောင်းမြမြို့ မှတ်စလင်တွေ၊ စနေသင်းကျောင်းကလာတယ်။ ကုလားတွေလာတယ်၊ ကရင်တွေလာတယ်။ ရခိုင်တွေလာတယ်။ ချင်းတွေလာတယ်။ အရပ်လေးမျက်နှာက လာတယ်။ ခရစ်ယာန်တွေလာတယ်။ အတူတူစကားပြော သွားကယ်။ အတူတူစကားပြောတော့ အဲဒီတော့မှသဘောပေါက်သွားတယ်။ သာသနာပြုတာဗျနော် အယုတ်၊ အလတ်၊ အမြတ်မရွေးတော့ဘူး။ မခွဲခြားတော့ဘူး။ အဲဒါသာသနာပြုတာ။ အဲမင်းဘာလဲ သွားလာ ဒီကောင်ခွဲခြားတာ သညာ၊ သင်္ခါရ ဥပါဒါန်ဖြစ်နေတယ်။ ပညာမှာမရှိဘဲ နည်းပါးတယ်။ ဒါတွေ သိပ်အရေးကြီးပါတယ်။ ဒါပေမယ့် သက်န်းမှန်တယ်။ မှန်တယ်။ သိုက်ရှိတယ်၊ ဓာတ်ရှိတယ်။ နတ်ရှိတယ်။ အဲဒီတော့ လူထဲမှာလည်း ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူရှိတယ်။ ဗိုလ်ကြီးက

သူစစ်သားရွေးတယ်ဗျာ။ ရွေးတာက ဒီဗိုလ်ကြီးက အကောင်းစားလက်ရွေးစင်ကိုရွေးတာ။ ကောင်းတဲ့လူကိုရွေးတာ၊ စစ်လိုက်တာ။ ဟိုဟာစစ်လိုက်၊ ဒီဟာစစ်လိုက်တာ။ စစ်ပြီးရင် ဘာလုပ်လဲ။ ဆေးစစ်တာ၊ ဆေးစစ်ပြီးရင် စစ်သားစုဆောင်းရေး ဟိုအထက်ဘက်ကို ဘယ်ညာ ဘယ်ညာလေ့ကျင့်ရေးကွင်း စစ်သားပေါင်း ငါးရာလောက်လုပ်တယ်။ သင်ပေးတဲ့ဆရာက ဒီက အကောင်းဆုံးလုပ်သွားတာ။ ဟိုကျတော့ လေ့ကျင့်ရေးကွင်းထဲမှာ ခံရိုက်တယ်။ ဒါတွေဟာ ကိုယ်ကယူသွားတာအကောင်း ဟိုရောက်တော့ ဟိုကိုခံရိုက်တယ်။ ဒါဘာလဲ စိတ်တွေပဲ။ ဒီသံဃာထဲမှာလည်း ကောင်းတဲ့သံဃာရှိသလို မကောင်းတဲ့ သံဃာရှိမှာပဲ။ ဒါသဘောပြောတာ။ ဘယ်သူကိုမှမပြောဘူး။ ဦးပဥ္ဇင်းက စာမတတ်ဘူး။ မတတ်တာ ဦးပဥ္ဇင်း က (၃)ဝါပြောတာ။ ကန်တော့ရင် ဒီဘဝနောက်ဆုံးပါပဲအရှင်ဘုရားတို့။ ကန်တော့ပါတယ်။ သာသနာပြုတာမမှန်ရင် ချွတ်ပေးပါမယ်။ သင်္ကန်းချွတ်ပေးမယ်။ သာသနာပြုတဲ့အတွက်ကြောင့် သူသည်ပြောမယ်ကွာ။ မင်းတို့မေးပါတဲ့။ မင်းတို့မေးရင် ငါကလည်းပြန်မေးမယ်။ မင်းတို့ ငါပြန်မေးလိုက်ရင် မင်းတို့ငါမသိဘူးကွာ။ မင်းတို့မေးလို့ ငါမပြောနိုင်ရင် ငါချွတ်ပေးလိုက်မယ် ဟု ပုဆိုး၊ အင်္ကျီကောက်ဝတ်သွားမယ်။ ငါဒီမြောင်းမြမြို့ကထွက်သွားမယ်။ ဒီလိုပြောပါတယ်။ စာတော့ မတတ်ဘူး၊ စကားမပြောတတ်ဘူးကွာတဲ့။ ပညတ်၊ ပရမတ်ကွာ။ အခု ဥပမာ ဦးပဥ္ဇင်း အမေ ဒေါ်အုန်းမေ၊ အမှန်ကတော့ ဒေါ်အုန်းမေ ဖျက်လိုက်။ အဲဒီမအေနာမည် မိန်းမပရမတ်အနေနဲ့ မိန်းမ။ မယားလဲ မိန်းမ၊ အမေလည်း မိန်းမ။ ကြည့် ခေါ်လို့မကောင်းတော့ဘူး။ အဲဒီတော့ ပညတ်ကိုပယ်တာ မဟုတ်ဘူး။ ပညတ်ကိုခေါ်သမုတ်ပေးတာ။ နာမည် နာမတပ်ပေးတာ။ ဒေါ်အုန်းမေ ပညတ်ကို ကပ်ပေးတာ။ ကိုယ့်မှာရှိတာက သညာ။ သညာအသိ သိလိုက်တော့ သွားစွဲရော။ အဲဒါခွဲခြားပြီး သိလိုက်တာ။ ဒါငါ့အမေပဲ။ ဒါငါ့အဖေပဲ။ ဒါငါ့မယားပဲ။ ခွဲခြားပြီး သညာကိုဗျာ သည်နေရာပညာအစားထိုးရမယ်။ ပညတ်နေရာမှာ ပရမတ်အစားသွင်းရမယ်။ အတ္တနေရာမှာ အနတ္တအစားသွင်းရမယ်။ အနတ္တဆိုတာ သင်္ခါရ အနိစ္စ သဗ္ဗေသင်္ခါရ ဒုက္ခ သဗ္ဗေသင်္ခါရ အနတ္တ မစွဲဘူးဗျာ။ ပြီးတော့ ယူထားမယ်။ ဘုရားက ဆုံးမထားတဲ့ (၃၈)ဖြာနော်။ မင်္ဂလာ သမ္မာဒိဋ္ဌိအယူ ယူရမယ်။ မိစ္ဆာဒိဋ္ဌိအယူ မယူပါနဲ့။ ဒါသမ္မာဆိုတာ ဘုရားဟောထားတာ။ ကျမ်းဂန်ပါဠိတွေယူရမယ်နော်။ အဲဒါတွေယူရမယ်။ ဒါတွေကို သွားစွဲရင် မကောင်းတာတွေသွားစွဲမယ်။ မကောင်းတာတွေသွားစွဲတာ မိစ္ဆာဒိဋ္ဌိပဲ။ ကောင်းတာတွေ ယူပါ။ ခုနက ဝိသာခါကျောင်းအမကြီး သူဘာလဲ။ ဘုရားကိုမှီတာဗျာ။ ဘုရားဆီက မေတ္တာရတာ။ ဉာဏ်ရတာ။ ဘုရားက အတုလံ အတုမရှိ။ ဘုရားဆီက မျိုးစေ့ရတာဗျာ။ သူကဘာလဲ။ ပယ်သလဲ။ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ သမ္မာဒိဋ္ဌိကိုယူတယ်။ အဲဒီတော့ သဘာဝတရားကို မပယ်နိုင်ဘူး။ သဘာဝ

တရားကို မပယ်နိုင်ဘူး။ သမ္မာဒိဋ္ဌိကိုယူကာ မိစ္ဆာဒိဋ္ဌိကိုမြင်တယ်။ မိစ္ဆာဒိဋ္ဌိကို မယူဘူး။ သမာဒိဋ္ဌိကို ယူတယ်။ ကြားတာလဲ သမာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ နံတာလဲ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်။ သမ္မာဒိဋ္ဌိကိုယူတယ်။ အဲဒါတွေ အာရုံငါးပါးပေါ်မှာ သမ္မာအယူကို ယူထားတယ်။ အဲဒါ အပါယ်ပိတ်တယ်။ မိစ္ဆာဒိဋ္ဌိကိုမယူဘူး။ ဒါပေမယ့် သူယောကျ်ားနဲ့တော့ နေတာပေါ့။ သဘာဝတရားပဲ။ ပယ်လို့မရဘူးဗျာ။ ဒါ ဒကာ၊ ဒကာမများတွေမှာ ကိုယ့်ရဲ့စိတ်ထားကောင်းနှလုံးသွင်း၊ အကျိုးရှိမယ့်ဟာကို နှလုံးသွင်း။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ဆရာတော်တွေ သမားတော်၊ ကိုရင်တွေ သူတို့ဘာလုပ်လုပ် ကိုယ့်အကြောင်းမလုပ်နဲ့။ လူ့ဖို့က ကိုယ့်ကိစ္စ။ ကိုယ့်အလုပ်မြောက်မှ ကောင်းမှုကုသိုလ်ကံရမယ်။ သူဘာလုပ်လုပ် လုပ်ချင်ရာလုပ်။ သူ့အကြောင်းဝေဖန်ရင် ကိုယ်မလှူဖြစ်တော့ဘူး။ ကိုယ်က ဒီဒါနလေးကို ဦးစားပေးရမယ်။ ဒကာ၊ ဒကာမများရဲ့ အဝိဇ္ဇာထုံးကို ဘယ်လိုဆေးကြောရမလဲ။ သီလနဲ့ဆေးကြောမယ်။ ဒါနနဲ့ ဆေးကြောမယ်။ ဘာဝနာနဲ့ ပွားများမယ်။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာကို ဘာနဲ့ဆေးကြောမလဲ။ သူကျတော့ အဓိသီလ၊ အဓိစိတ္တ၊ ဒါဝိပဿနာလိုင်း။ ဒီသီလတွေဟာ ခုနကပြောသလို ဝိပဿနာ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့လိုက်တော့ သူလှူတာဗျာ။ သမ္မာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုနက စက်ဘီးလေးထောင်ထားတာ။ လူတစ်ယောက်လာတွန်းလှတ်လိုက်တာ။ အဲဒီစက်ဘီးကိုသွားစွဲတာ။ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အများကြီးပဲ ကျယ်ပြန့်တယ်။ မိစ္ဆာဒိဋ္ဌိက ကပ်နေတာ။ သမ္မာဒိဋ္ဌိက လုပ်ယူရတာ။ ဒါကြောင့်မို့ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာလို့ ဆိုထားပါတယ်။ ဘာလုပ်မလဲ။ တစ်ပိဿာတော့များတယ်။ ကုသိုလ်ကျတော့ တစ်ပဲထဲ။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ ကိုယ်လှူတတ်ဘို့လိုတယ်။ ဘယ်သာမဏေပဲဖြစ်ဖြစ်လှူပါ။ ကိုယ်လှူမှ ကိုယ့်ရဲ့ကောင်းမှုစေတနာရမယ်။ ကိုယ့်ရဲ့စိတ်ကိုထိန်းထားတာက သီလ။ အဲဒီလိုပုဂ္ဂိုလ်တွေကိုလှူတော့ စိတ်ကလေးက ယဉ်ကျေးလာတယ်။ သိမ်မွေ့လာတယ်။ လှူတတ်ဖို့လိုတယ်။ ဘုရားလှူထားတဲ့ ဝိသာခါကျောင်းအမ ဘုရားမျိုးစေ့ရတယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရတယ်။ သံဃာလှူရင် သံဃာမျိုးစေ့ရတယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရတယ်။ ကံဆိုတာ သမ္မာဒိဋ္ဌိ ကံကောင်းတဲ့ကံ သူက ကာမာသဝ၊ ကာမာသဝ။ သူကပြတ်ထားတာ ကိုယ်က ကာမာသဝ ကိုယ်ကမပြတ်ဘူး။ ကိုယ်က ကာမာသဝ နှစ်သက်တယ်။ သူကပြတ်ပြီ၊ သူကမယူဘူးပေါ့ဗျာ။ မိန်းမ သူက ကာမာသဝပေါ့ဗျာ။ ဒီဖြစ်ဟာ ဘာလုပ်မလဲတော့မသိဘူးပေါ့ဗျာ။ အဲဒါမှာ ထူးမြတ်တဲ့ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီတော့ အရေတော် အဲအမှန်ကတော့ စိတ်ပဲဗျာ။ ကိုယ့်စိတ်ကို ကိုယ်ထိန်း။ အဲ ကိုယ်က

ဘုရားပါလား။ သံဃာတော်အရှင်မြတ် ဦးစားပေးဂုဏ်သိက္ခာတွေလုပ်ပေး မပယ်ရဘူး။ သူ့အကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ဘုရားကို စေတီကကွယ်ထားတယ်ဆိုရင် ခင်ဗျားတို့ ဥပမာစေတီပေါ့ဗျာ။ သွားပြီးတော့ ရွေချတယ်။ ရွှေနှစ်သိန်းဖိုး နှစ်နှစ်လောက်စုရတယ်။ သုံးသိန်း၊ လေးသိန်းလောက် ရတယ်။ အဲဒီတော့ ရွှေချတယ်။ ဒီလိုရွှေချတိုင်း အပါယ်ပိတ်မယ်ဆိုရင် ငါလဲချမယ်ကွာ။ ဒီ ဒါနနဲ့ အပါယ်ပိတ်မယ်ဆိုရင် ငါလဲချမယ်ကွာပြောပြီ။ သဒ္ဓါတိကဘုရား၊ ပညာတိကဘုရား နှစ်ခုရှိတယ်။ မင်းဘယ်ဟာကြိုက်မလဲ ပညာတိကဆိုတာ ဝိပဿနာရဲ့ တကယ့်အစစ်အမှန်တွေ ဟောတဲ့တရား နားထောင်ဦးကွာ။ မယုံနဲ့ဦး၊ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ သူ့ဆီက အသိရမှ ပယ်မယ်ကွာ။ ဘာပယ်မလဲ မိစ္ဆာဒိဋ္ဌိနဲ့ ကံကိုပယ်လိမ့်မယ်။ အဲဒီကံဟာ ကညွတ်ကွင်းလျှောက်ဖြစ်နေတာကွာ။ ဘယ်ကဖြစ်လဲ။ အာရုံ ၆ ပါးက ဖြစ်နေတာ။ ဘယ်ကလဲ။ မနောကံကွ၊ အဲဒီ ကံက သံသရာကိုလည်ပြီ၊ သမ္မာဒိဋ္ဌိကတော့ နတ်ပြည်ရောက်မှာပေါ့။ ဗြဟ္မာ့ပြည်ရောက်မယ်။ (၃၁)ဘုံ လွတ်အောင် မင်းချပေါ့။ လွတ်တယ်၊ မလွတ်တယ် ကျင့်တဲ့လူပဲသိတယ်ကွာ။ ဒါကြောင့် ခက်ကုန်ပြီ၊ ဦးပဥ္စင်းက စာမတတ်ဘူး။ ဗိုလ်တဲမှာ ဒလဝမ်လုပ်တယ်။ လုပ်တာကို မသိဘူး။ ခိုးတယ် ဟုတ်တယ် ဖွင့်ပြောမယ်။ အခုလာမေးရင် အကုန်ပြောမှာပဲ။ အဲလောကီအကြောင်း သဘောလေးပေါ့ဗျာ။ ဒါတွေကို ဒကာ၊ ဒကာမများ ဦးပဥ္စင်းကြီးမိုက်တာကို ခင်ဗျားတို့ မမိုက်ကြပါနဲ့။ ယုံကြည်ကြပါ၊ တရားအစစ်၊ ဘုရားဒီလိုရွှေချမယ်၊ ဒီလိုအပါယ်ပိတ်မယ်ဆိုရင် ဦးပဥ္စင်းကြီး မကျင့်တော့ပါဘူး။ ဒီလို ရွှေချလို့ အပါယ်ပိတ်မယ်ဆိုရင် စိတ်က ဒီနေ့ရွှေချပြီး မနက်ဖြန်စိတ်ကပြောင်းသွားမယ်။ ဒါကြောင့်မို့ တော့ဆက်၊ ကွင်းဆက်၊ ဂျိတ်ဆက် တဲ့။ ဟာ ဘာတွေလဲ။ တော့ဆက်၊ ဂျိတ်ဆက်၊ ကွင်းဆက်တဲ့။ ကြားဖူးလား၊ ကြားဖူးတယ်။ ကြားဖူးရင် သိသလား။ တော့ဆက်ဆိုတာ ဥပမာ ငါစာမတတ်ဘူးကွာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ တော့ဆက် အကြောင်းပြောပြမယ်။ ဥပမာ တရားပွဲကြီး တူးကြီးဆရာတော်ကြီးဟာ အမတန်မှ စာပေကျမ်းဂန် အလွန်တက်ပါတယ်။ ဟောတဲ့အခါမှာလည်း ပါဠိပါတ်သားတွေ အလွန်ဖွာန်ကရိုဏ်းကျပါတယ်ကွာ။ အဲဒီတော့ တူးကြီးဆရာတော်တရားပါမှာလုပ်တော့ ဆေးလိပ်တောင် မသောက်နိုင်ဘူးကွာ။ ဒကာမကြီးက ငုံ့ပြီးနာနေတာပဲ။ အာရုံစိုက်ပြီး နေတာပဲကွာ။ တရားပွဲလဲ ပြီးလဲပြီးရောကွာ နောက်က ဒကာမတွေက သူ့ဖိနပ်ကိုတက်နင်းတော့ ရှေ့လဲပြီးတော့နင်းတော့ စောက်ကန်းတွေ၊ ဘာကန်းတွေ။ ဟောတရားပွဲမှာ တော့ဆက်၊ အပြင်ရောက်တော့ စိတ်ပြောင်းသွားပြီ။ သီလပျက်ကုန်ပြီ၊ ကိုယ့်စိတ်ကိုယ် ထိန်းကြပါ။ အဲဒါတော့ဆက်ခေါ်တယ်။ တဒင်္ဂလေးပဲ တမဟုတ်ချင်းလေးပဲဖြစ်လိုက်တယ်။ ကွယ်ရာကျတော့ စိတ်ပြောင်းသွားပြီ။ ဒါဘာဖြစ်လဲ။ သီလတွေပျက်မယ်။ ဟိုဘုရားရဲ့ခေတ်ကာလ

မြတ်စွာဘုရားခေတ်ကာလအချိန်က တစ်မျိုး။ ဒီကာလ တစ်မျိုးဗျာ။ အဲဒီဟာကို ကာလကြည့်တာကတော့ မှုမှန်ရှိတယ်။ စိတ်တွေက မှန်ဖို့လိုတယ်။ ပစ္စည်းဘောဂတွေနဲ့ ဖြစ်ကုန်ပြီဗျို့ ဦးပဥ္စင်း က ပြောပြပါတယ်ဗျာ။ အခုက အဲဒါတော့ဆက်ပေါ့ဗျာ။ ခုံဖိနပ်ကြီးနောက်က နင်းလိုက်တော့ ဝမ်းလျားထိုးပြီး စောက်ကန်းတွေ၊ ဘာတွေ ညာတွေ။ အဲဒါ စိတ်ဆိုးတာပေါ့ဗျာ။ စိတ်ဆိုးရင် သီလရှိပါ့မလား။ မိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ တေ့ဆက်၊ ချိတ်ဆက်ဆိုတာ လူ့ပြည်မှာပေါ့ဗျာ။ စာတော့မတတ်ဘူး။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်။ သေသေချာချာသိအောင်ပြောသွားမယ်။ လူ့ပြည်မှာ တရားထိုင်တာပေါ့ဗျာ။ သူပဲသိတယ်။ ပညတ်အာရုံကနေ ပရမတ်အာရုံ လက်ကဖျောက် လက်ကလေးတစ်ဖျောက်၊ ကြိုးကလေးတလိပ်သွားလိုက်တာ အဲဒါကိုဂျိတ်ဆက်ကွာ။ လောကုတ္တရာအာရုံရတာ လောကီကို ပြန်ဆင်းလာပြီး ခန္ဓာဝန်ပြန်ဆင်းလာပြီး ပါးရိုက်လဲခံမယ်။ သေနတ်နဲ့ ပစ်လဲခံမယ်။ သတ်ချင်ရာသတ်၊ ရိုက်ချင်တာရိုက် သည်းခံမယ်။ လောကုတ္တရာအာရုံကိုရထားတာ။ အဲသဘောလေး၊ အဲဒါကိုခေါ်တာ။ ကွင်းဆက်ကတော့ ကောက်ပြင်ကြီးလို ရေပက်လည်ဝိုင်း အဲဒါ ဘုရားမေတ္တာ အနန္တော အနန္တ။ မေတ္တာတွေ အရပ်အလတ် အားကြီး ကြီးမားတယ်။ ဒါကြောင့်မို့ ဘုရားက အခုစာတော့မတတ်ဘူး။ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်။ သာသနာ ၂၅၀၀ ကျန်သေးတယ်။ အရှင်ဘုရားရဲ့ သာဝကတွေကျန်ပါတဲ့ဘုရား။ သိကြားက ၂၅၀၀ ထိန်းပါမယ်။ ဘုရား ငါးထောင်ဖြစ်ပြီး ၅၀၀၀ ဖြစ်သွားတဲ့အခါကျ အဲဒီတော့ ဒီသိကြားက ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာကို သူထိန်းမယ်တဲ့။ သူကကူညီမယ်တဲ့။ အခုသာသနာ ၂၅၀၀ ကျော်သွားပြီ။ အနှစ်(၃၀)ကျော်ပြီ။ အခုဘာလဲဆိုရင် သိကြားပေါ့ဗျာ။ အဲဒီဘုရားသာသနာကို သိကြားကကူမယ်။ မကောင်းသူပယ်၊ ကောင်းသူကယ်မယ်။ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား။ ကျန်တဲ့ငါး ဘုရားကယ်။ အဲဒါ အဲဒီဟာတွေကောက်တတ်ဖို့လိုတယ်။ အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့ဦး၊ နောင်နှစ်ခါ တန်ဆောင်မုန်းပွဲကြည့်ပါဦး။ သဘောလေးပဲပြောသွားမယ်။ မသိသူကျော်သွား သိသူဖော်စား။ ဒီသဘောလေးဒီတပေါင်တွေဖော်ပေးတာ။ ဘယ်သူတွေကပြောပြော ဒီရပ်ကွက်ကလူကြီးက မင်းတို့ တစ်အိမ်တစ်ယောက်ထွက်ဆို ထွက်ကြပါ။ စေတနာနဲ့အလုပ်လုပ်ကြပါ။ စေတနာနဲ့ လုပ်ရင် ပုပ္ပ၊ မုစ္ဆ၊ ပရဆိုတဲ့စေတနာကောင်းမှုကုလသိုလ်ကံရမယ်။ လူကြီးကြောက်ပြီးတော့ မနောက တောင်ကြံ မြောက်ကြံ။ လုပ်လဲလုပ်ရသေးတယ်။ မိစ္ဆာဒိဋ္ဌိတွေနဲ့လုပ်တယ်။ အလုပ်လည်းလုပ်ရသေးတယ် မိစ္ဆာဒိဋ္ဌိတွေဖြစ်တယ်။ သမ္မာဒိဋ္ဌိတွေနဲ့ လုပ်ပါ။ လုပ်လေအကျိုးရှိလေ။ တို့ရပ်ကွက်က သန့်ရှင်းရေး တို့လုပ်မယ်။ စေတနာနဲ့လုပ်ပါ။ ဘုရားက စေတနာဟောထားတာ။ စေတနာကို ကံကောက်ထားတယ်။

ဘာကံလဲ သမ္မာကံဗျာ။ လူကြီးက ခိုင်းတယ်။ ပိုက်ဆံထည့်ရမှာ တွေးရွံ့လို့ ဒီလိုဖြစ်နေတယ်။ အဲဒါ လုပ်သာလုပ်ရတယ်။ စေတနာမပါဘူး။ စေတနာမပါရင် မိစ္ဆာဒိဋ္ဌိ။ အဲဒီစိတ်ကို ခင်ဗျားထိန်းရမယ်။ ကြည့် ဒီကာလမှာ မလွယ်တော့ဘူး။ မကောင်းသူပယ်မယ် ကောင်းသူကိုကယ်မယ်။ ခုန ကုဋေ ဘယ်လောက်လဲ အသင်္ချေဘယ်လောက်လဲ သာဓကတွေ။ ငါ့ရဲ့ကိုယ်စား ထားပစ်ခဲ့တယ်။ ဒီလောက် ဆို သဘောပေါက်ရောပေါ့ဗျာ။

( သာဓု ... သာဓု ... သာဓု ... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

၁၃–၁၁–၁၉၉၃ ရက်နေ့၊ မြောင်းမြမြို့၊ ရွှေသာကျောင်းဘုရားတွင်
ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မာသစ္စာ
တရားတော်

# ဝိသုဒ္ဓိဓမ္မစာစဉ် (၂၈)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

(၁၃-၄-၂၀၀၃)

## မြောင်းမြမြို့ ရွှေသာလျောင်းဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော
## ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ လောကုတ္တရာဉာဏ်နဲ့ ကြည့်မှသဘောပေါက်ပါတယ်။ ကျင့်တဲ့လူပဲသိပါတယ်၊ သစ္စာ
နဲ့ ဟောပါတယ်။ မှန်တာပြောရင် သစ္စာခေါ်တယ်။ ဒါကြောင့်မို့လို့ သစ္စာဉာဏ်၊ ကိစ္စဉာဏ်ကတဉာဏ်လို့
ဘုရားကပြောပြပါတယ်၊ ဟောပြောပါတယ်ဗျာ။ အဲ့ဒီတော့ မိစ္ဆာဒိဋ္ဌိဆိုတာ ငါနားလည်တယ်။ ငါတတ်တယ်၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊
ငါ့မယား၊ ငါ့သား၊ ငါပိုင်တယ်ဆိုတဲ့မနောက ခုနက မနောရဲ့ယူထားတဲ့အယူကများနေပြီ၊ ဒါကာယကံရှင် သိရပါမယ်။
စောစောကသမ္မာကိုတော့ သမီးတို့သားတို့ ရှိခိုးကြပေ့၊ ကန်တော့ကြပေ့၊ ဘုရားကိုဝတ်ပြုကြပေ့၊ ဒါ ကောင်းတဲ့မင်္ဂလာကို
နှလုံးသွင်းတဲ့သဘောတရားခေါ်ပါတယ်။ ဒါကမကောင်းတာကို နှလုံးသွင်းထားပါတယ်နော် ငါ့သား၊ ငါ့မယား၊
ငါ့မှာကုဋေပေါင်းများစွာချမ်းသာတယ် အဲ့ဒီတော့ သူ့နှလုံးသားက မကောင်းတာကို နှလုံးသွင်းထားတဲ့အတွက်
မိစ္ဆာခေါ်ပါတယ်၊ အဲ့ဒီမကောင်းတာနှလုံးသွင်းထားတာကို သွားစွဲတာက ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ပါဠိလို့ခေါ်တာပါ။ အဲ့ဒီတော့ စောစောက
ဥပမာလေးပြောရရင် သီလဝိသုဒ္ဓိ အဲ့ဒီတော့ သီလဝိသုဒ္ဓိရှိရင် စိတ္တဝိသုဒ္ဓိ ဟောတယ် ဘယ်စိတ်လဲ မနောစိတ် ကျင့်တဲ့သူပဲ
သိပါတယ်၊ အဲ့ဒါကို မှန်မှန်ကန်ကန်နဲ့ ဟောပြီးတော့သစ္စာနဲ့ ကတိသစ္စာနဲ့ မှန်သောအခါ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆို
တော့ ဒီမေတ္တာရေတွေဟာ ရေတွေပါနော် ဦးဇင်းဘာမှမတက်ပါဘူး။ ဒါ ဘာလဲ။ သီလရဲ့တန်ခိုး ဘယ်သီလလဲအတွင်းသီလ
ခေါ်တယ်၊ စိတ္တဝိသုဒ္ဓိ သီလခေါ်တယ်။ အပြင်သီလကသီလဝိသုဒ္ဓိခေါ်တယ်၊ စိတ္တဝိသုဒ္ဓိသီလခေါ်တယ်၊ အပြင်သီလကသီလ
ဝိသုဒ္ဓိခေါ်တယ်။ သူ့ရဲ့အတွင်းက စိတ္တဝိသုဒ္ဓိ အဲဒါပဋိပတ္တိသွားတဲ့လိုင်းခေါ်တယ်။ ပရိယတ္တိလိုင်းသွားတာက သီလဝိသုဒ္ဓိ ဒါ
တွေကို စင်စစ် စစ်ဆေးမယ်ဆိုရင် ဘာကိုမူတည်ပြီး စစ်ရလိမ့်မလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီ(၃)ကံပဲဗျို့ ဒီကံသုံးပါး
ကဘယ်သူကနေပြီးတော့ မနောကနေပြီးတော့ ခုနကပြောသလို မိစ္ဆာဒိဋ္ဌိဖြစ်အောင်လုပ်တာသူပဲ သမ္မာဒိဋ္ဌိဖြစ်အောင်
လုပ်တာလဲသူပဲ ဒါ ကာယကံရှင်တွေသိတယ် ဒါအဲ့ဒီပုဂ္ဂိုလ်သိရပါလိမ့်မယ် ဘာဖြစ်လို့လဲ သူ့အပေါ်မူတည်တာကိုဗျ။ သူ့နှ
လုံးသားဖြစ်နေတာ။ ဘေးပတ်ဝန်းကျင်က မသိဘူး။ မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ လမ်းစဉ်တွေဟာ နှလုံးသားဟာ အကျိုးရှိတဲ့ဟာကို
နှလုံးသွင်းရမယ် အကျိုးမရှိတဲ့ဟာကို နှလုံးမသွင်းရဘူး သီလဝိသုဒ္ဓိဆိုတာက (၇) ပါးကို ခေါ်ထားတယ်၊ ဒါပြောမှားဆိုမှားရှိရင်
ခွင့်လွှတ်နော်။ စာမတတ်ဘူး။ ဘာမှစာမတတ်ပါဘူး။ ဒါ့ကိုယ့်ရဲ့ဒကာကြီးတွေ ဦးဇင်းလည်းပြန်ရမှာပဲ ဦးဇင်းလည်းအိုခြင်း
တရား၊ နာခြင်းတရား၊ သေခြင်းတရားဆိုတာရှိပါတယ်။ ဒကာ၊ ဒကာမတွေလည်း နာနေတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။
ဒီဘဝကနေပြီးတော့ အနာဂတ်ကိုပြန်ရမယ်၊ ဒီဘုံမှာ ပစ္စုပ္ပန်ဘုံမှာကောင်းတဲ့ ထူးမြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊
ပညာဂုဏ်တွေနဲ့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်တွေနဲ့ အဲဒီပုဂ္ဂိုလ်မျိုးတွေနဲ့ လှေလှော်ပါ သုံးသပ်ပါ။ စုံစမ်းပါ၊ မေးမြန်းပါ၊ ပြောတိုင်း
မယုံနဲ့အုံးနော်။ လှေလှော်ပါအုံး၊ သုံးသပ်ပါအုံး၊ ပြောတိုင်း ဦးပဉ္ဇင်းတပြောတိုင်းမယုံပါနဲ့၊ ခုနက မိစ္ဆာဒိဋ္ဌိက နှလုံးသားကဖြစ်
နေတာ အဲ့ဒီတော့ နှလုံးသားကဖြစ်နေတဲ့အခါမှာ ကလေးရေ၊ သမီးတို့သားတို့ အေး ဘုရားရှိခိုးကြ အဲ့ မင်္ဂလာ (၃၈)ဖြာ
သောဒိသက္ကရှိခိုးကြ ကောင်းသောနှလုံးသွင်းခြင်း၊ ဟိုဟာကမကောင်းသော နှလုံးသွင်းခြင်း၊ အဲ့ အဲ ခုနကလို လောဘ၊
ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒေါသ အမျိုးမျိုး ဒါတွေဟာ သူ့အပေါ်မှာ မူတည်တယ်။ အဲဒါတွေကို အစွဲအစွဲခေါ်ပါတယ်။
အဲဒါတွေက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒါတွေခေါ်ပါတယ်၊ အဲ့ဒီတော့ ဒါတွေကို နှလုံးသွင်းထားတဲ့အတွက်

ကြောင့် အယူများတယ်၊ အစွဲများတယ်။ အဲ့ဒီတော့ ခုနကပြောသလို သီလဝိသုဒ္ဓိဆိုတဲ့ဟာက ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲ့ဒီတော့ ကာယကံ၊ ဝစီကံ၊ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ (၇) ပါးကို သူကရှောင်ထားတယ်။ အဲ့ဒီလိုရှောင်ထားတဲ့အခါမှာ (၇) ပါး သူတော်ကောင်းမြတ်အောင် သမာဒိဋ္ဌိကို ယူပါတယ်။ အပြင်ကဟာတွေ ယူထားတယ်။ သူများအသက်မသတ်ပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယားမဖျက်ဆီးပါဘူး။ သေရည်သေရက်မသောက်ပါဘူး။ မဟုတ်မမှန်တဲ့ စကားမပြောပါဘူး။ အဲ့ဒီတော့ သူ့အပေါ်မှာ (၇) ချက်ကို သူကယူထားတယ်၊ ဒါတွေကို သူမလုပ်ပါဘူး။ အဲ့ဒီတော့ အပြင်ဟာတွေကို မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ နေရာတံခါး၊ ကိုယ်တံခါး။ အဲ့ဒီတော့ ဒီငါးပါးနဲ့ မနောနဲ့ဟာ သမာဒိဋ္ဌိဖြစ်အောင် ဒီကယူတယ်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်အောင် ဒီကမယူဘူး။ ဒါဝိပဿနာလိုင်း။ ဟိုဟာက ပါဏာတိပါတာ၊ အာဒိန္နဒါန၊ ဟိုဟာက ပဋ္ဌာန်းပဋ္ဌိလိုင်း။ အဲ့ဒီတော့ (၇) ပါးကို သူကထိန်းထားတယ်၊ ဒီကမနောထိန်းထားတယ်၊ အဲ့ဒီတော့ ဒီကဘာကိုလဲ စက္ခုအာရုံ၊ နားသောတအာရုံ၊ နှာခေါင်းနံ့သာအာရုံ၊ ဇိဝါအာရုံ၊ ကိုယ့်အာရုံ၊ အပြင်အာရုံ (၅) ပါးကို မနောနဲ့မပေါင်းဘူး။ အဲ့ဒီတော့ မပေါင်းဆိုရင် ဘာမှလည်းမစွဲဘူး။ ဟိုကစွဲတယ်။ ဘာတွေစွဲမလဲ ဟို (၇) ခုကိုတော့ သူထိန်းထားပြီးတော့ ဘာသူစွဲနိုင်မလဲဆိုရင် သူ့မှာ မနောမှာရှိတာထက် ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ ဒါကို သူမထိန်းနိုင်ဘူး။ အနုသယကို ခုနက ဟာတော့ (၇) ခု ထိန်းထားတယ်။ မနောစိတ္တဝိသုဒ္ဓိဖြစ်အောင် သူမလုပ်ဘူး။ အဲ့ဒီကော့ စောစောက စိတ္တဝိသုဒ္ဓိဖြစ်တာက ဝိပဿနာလိုင်း စောစောကစာပေကျမ်းဂန်တွေနဲ့ သွားတာက ပါဏာတိပါတာ၊ အာဒိန္နဒါန၊ နစ္စဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန ဒါတွေထိန်းထားတယ်။ မနောကျတော့ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ ဒီသုံးလုံးကိုမထိန်းဘူး။ ဗျာပါဒဆိုတာဘာလဲ၊ ဗျာပါဒဆိုတာ စိုးရိမ် ကြောင့်ကြတဲ့စိတ်။ အဲ့ဒီတော့ တွေးမယ်၊ တွေးပြီးရင်ဘာလုပ်မလဲ၊ တွေးပြီးရင်မှန်တယ်ထင်ပြီးကြံစည်တယ်။ ကြံစည်ပြီးရင်ဘာလုပ်မလဲ။ တွေးပြီးရင်မှန်တယ်ထင်ပြီးကြံစည်တယ်။ ကြံစည်ပြီးရင် နှစ်သက်မယ်။ ဒီအချက်သုံးခုကို ပေါင်းလိုက်မှ ကာယကံမြောက်တယ်။ ဒါခင်ဗျားတို့ စဉ်းစားပါ။ ခင်ဗျားတွေးမယ်လေ၊ တွေးမှာပေါ့။ အဲ့ဒါ ကာယကံရှင်းသိလိမ့်မယ်။ ဒါကတော့ စိတ်ပိုင်းနဲ့ပတ်သက်တဲ့ လုပ်ငန်းတစ်ခုကို ပြောပြရတာ။ တွေးမယ် ကောင်းတာပဲတွေးတွေး၊ မကောင်းတာပဲတွေးတွေးသူတွေးမယ်။ တွေးပြီးရင် တွေးပြီးတဲ့ စိတ်ကနေပြီးတော့ ဘယ်ကိုတက်သွားလဲ၊ ကြံစည်တဲ့စိတ်။ အဲ့ဒီတော ကြံစည်တာဘယ်လိုလဲ၊ တွေးတယ်၊ ဥပမာ ဦးဇင်းက စာမတတ်ဘူး၊ ငါဖွဲ့ကြီးချမယ်ကွာ၊ ငါအားကြီးရှက်တာပဲကွာ။ ငါအားကြီး ရှက်တာပဲ၊ သူတွေးတာ မိဘများတစ်ယောက်မှ မသိဘူး။ ဆွေမျိုးညာတကာတွေမသိဘူး။ သူငယ်ချင်းအပေါင်းသင်းတွေ မသိဘူး။ ငါဖွဲ့ကြီးချမယ်ကွာ။ ဒီညတော့ ငါချတော့မယ်ကွာ၊ မထူးတော့ပါဘူး။ အဲ့ဒါကို သူတွေးတာ၊ အတွေးများနေပြီ၊ ဒါမိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ၊ စာအရဆို အတွေးများသွားပြီ၊အဲ့ဒီတော့ တွေးပြီးရင် ဘာလုပ်လဲ၊ ကြံစည်တယ်။ ကြံစည်တော့ ဘာလဲ ကြိုးလိုက်ရှာတယ်။ ကြိုးကတော့ မလာဘူးဗျ။ အဲ့ဒီတော့ လျှောက်ရှာတာပဲ။ ကြိုးမရရင် ပုဆိုးဖြဲမယ်။ ဒါကြံစည်တာတွေပဲ။ အဲဒါ ကြံစည်တဲ့စိတ်ခေါ်တယ်။ အဲဒီလို ကြံစည်လို့ ကြံစည်ပြီးရင် သူရလာပြီ၊ အဲ့ဒီတော့ ရလာတော့မှ သူနှစ်သက်တာကိုဗျ။ သူ့အကြံအစည် အောင်မြင်တော့မှာကိုး။ အဲဒီ ကြိုးကြီးကိုလည်းပင်ချည်တယ်။ ငါ ဘယ်နေရာတော ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုနေရာတော့ ဘယ်လိုလုပ်တယ်။ ဘယ်လို သင့်တော်တယ်။ သူဟာသူသိတယ်ဗျ၊လည်ပင်း ကြိုးချည်ပြီး ထုတ်ချည်ပြီး ထုတ်ချည်တာပဲဗျို့။ အဲဒါ ခုန်ချတာ နှစ်သက်တာပဲ၊ ဆုံးဖြတ်တာ။ အဲ့ဒီအချက်သုံးချက်ကို ကာယကံမြောက်တယ်လို့ခေါ်တယ်နော်။ ဒါမနော၊ အဲဒါကာယကံ မြောက်တယ် ခေါ်တယ်။ ခုနက ဟာကမျက်စိမြင်တယ်၊ မျက်စိမြင်တော့ ဟိုးရှေ့မှာ

ငါးတွေတွေ့တယ်။ ငါးတွေတွေ့တဲ့အခါမှာ ဒီငါးတွေကော့ မြင်ပြီကွတဲ့ ဟော အဲ့ဒီငါးကို မှတ်တာက သညာ။ မကောင်းတဲ့ ငါး သူမကိုက်ဘူးဗျ၊ မကိုက်ဘူး။ ဘာငါးလဲဆိုတော့ ငါးကြင်းတွေ၊ ငါးသိုင်းတွေ ဘာတွေ၊ ငါးဝဝလောက်တွေဟာ ငါးရဲ့ နာမည် နံပတ်ကို ပညတ်နဲ့ ခေါ်သမုတ်ပေးလိုက်တာ။ အမှန်ကတော့ ပညတ်နော် ရုပ်ပညတ်၊ နာမ်ပညတ်၊ အဲ့ဒီတော့ ဦးဇင်းက စာမတတ်ဘူးနော် ဒီပညတ်ကို ခေါ်သမုတ်တယ် ငါးနာမည်က ငါးကြင်းတဲ့၊ ငါးသားလောက်တဲ့ ငါးဘတ်တဲ့ အမျိုးမျိုး ပေါ့ဗျာ။ ဒါနာမည်နံပတ်ပေးလိုက်တာ၊ ပညတ်ကိုခေါ်သမုတ်တာ။ ကိုယ်မှာရှိတာက သညာ။ ကျင့်တဲ့ ရေစာမရှိဘူး။ ကိုယ့်မှာကျင့်တဲ့ ရေစာမရှိတော့ ကိုယ့်ရဲ့မိမွေးတိုင်း ဖမွေးတိုင်း ပါလာတဲ့အသိ။ အဲဒါ သညာ၊ သညာကနေပြီးတော့ ဟိုမှာ မှတ်တာ၊ ဟာ ဒီ ငါးသိပ်ကောင်းတာပဲကွ၊ အကြိမ် (၃၀) လောက်ရှိပြီ၊ မျက်စိမြင်တာပေါ့။ စက္ခုအာရုံကမြင်တာပေါ့။ မြင်တဲ့အခါမှာမှတ်တယ်၊ သောမနဿဖြစ်တယ်။ သောမနဿဖြစ်ပြီး ကုတ်ရှာတယ်။ နောက်တော့ သွားရိုက်တယ်။ အဲဒါတွေးကြည့်တယ်။ အဲဒါ ကာယကံမြောက်ခေါ်တယ်။ ဒါက ကစ်မျိုးနည်းနဲ့ ကာယကံမြောက်။ ဟိုက မနေ့ထဲက ဖြစ်သွားတဲ့ ကာယကံမြောက်။ သိပ်အရေးကြီးပါတယ်၊ သီလဟာ လွယ်မယောင်ယောင်နဲ့ သိပ်နက်နဲပါတယ်။ ဦးဇင်းကစာမတတ်ဘူး။ မျက်စိကတော့ မြင်တာပေါ့ဗျ။ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ အရိယာသစ္စာ၊ ဒါ ဘုရားဟောတရား၊ သမုဒယသစ္စာဆိုတာ အပြင်မှာ ကိုယ့်ရဲ့ လင်မယားတွေ၊ ကိုယ့်ရဲ့သားသမီးတွေ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ မင်္ဂလာ (၃၈)ဖြာနဲ့ စိတ်ချမ်းသာအောင် နေတယ်ဗျာ။ သားတို့ သမီးတို့ ဘုရားရှိခိုးကြရင်၊ အဘိုးအဘွားတွေကန်တော့ရင် ကန်တော့ကြပေါ့။ ညဘက် စားတာတွေ သောက်တာတွေ သိပ်မစားကြနဲ့ပေါ့၊ တက်ပါစေ၊ ချို့ခြတယ်၊ ပိုက်ဆံကို ဖြုန်းတတ်တာနဲ့ သုံးတတ်တာ ဒီနေရာမှာ အရေးကြီး ပါတယ်။ ဟိုဟာက ဖြုန်းတာ၊ ပိုက်ဆံကိုဖြုန်းတာ။ သုံးတတ်ဖို့လိုတယ်။ ဪ ငရုတ်သီးတွေ၊ ကြက်သွန်တွေ မရှိပါလား။ ဟဲ့ ဆားလေးတွေမရှိပါလားဟဲ့။ ဆန်လေးတွေ မပြည့်စုံရင် ပြည့်စုံအောင် ဝယ်ထားမယ်ဟဲ့။ သမ္မာနဲ့အလုပ်လုပ်တယ်။ ဟို က မိစ္ဆာနဲ့အလုပ်လုပ်တယ်။ ဒါ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ဒီလမ်းတော့ပြန်ရမှာပဲ၊ မလွတ်ပါဘူး။ ဘုန်းကြီးလည်းပြန် ရမှာပဲ၊ ဘုရင်လည်း မလွတ်ပါဘူး။ သတ္တဝါမှန်သမျှ ပြန်ရမှာပဲ။ သဗ္ဗေသင်္ခါရ အနိစ္စာ၊ ကြည့်စမ်းဝမ်းနည်းဖို့ကောင်းလိုက်တာ ဗျာ။ မရှိရင်ရှာလို့ရတယ်၊ မသိတာ အခက်တခဲဆုံးပဲ၊ ခုနက ပြောပြီးပြီမလား။ မနေ့က တွေးတယ်၊ အဲဒီတော့ ဥပမာပေါ့ဗျာ၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဒီက စာနဲ့အသိနဲ့ပြောရတာကိုးဗျ၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဒီက စာနဲ့အသိနဲ့ ပြောရတာကိုးဗျ။ စာကရေးထားတယ်။ စက္ခုအာရုံ၊ နားသောတအာရုံ။ ဟော စိတ်ပိုင်းကလာပြီး၊ ကြားပြီဗျို့၊ ဦးဇင်းက ဦးဇင်းနာမည် ထည့်လိုက်ပါဗျာ။ မြမောင်ပေါ့ဗျာ။ မြမောင်ကို ကလော်ဆဲလိုက်တယ်။ နားကကြားတယ်။ သိတယ်။ သညာက မှတ်ပြီဗျို့၊ အဲ့ဒီတော့မှ ဒေါသဖြစ်တယ်။ သူပြန်ပြီးတော့ ဆဲတယ်။ မကောင်းတာကိုဖွဲ့တာ။ အဲ့ဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အဲ့ဒါ သီလပျက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လောဘ၊ ဒေါသ၊ ဖြစ်သွားတာကိုးဗျ။ သီလဆိုတာ လောဘ၊ ဒေါသ ခေါင်းပါးရမယ်၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ။ အဲ့ဒီတော့ သဘောလေးပြောရမယ်ဆိုရင် ဒါ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ် ကျုပ်က စာမတတ်ဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ခေတ် ကာလနဲ့ဒီခေတ်နဲ့က ခေတ်ကို ပြန်ကြည့်ပေတော့၊ စာကတော့မူတွေရှိတယ်ဗျို့၊ လူတွေရဲ့ စိတ်တွေက အဲဒါ တွေးသာကြည့်ပေတော့၊ ဘုရားကျင့်တဲ့ ကာလအချိန်မှာ သစ်ပင် တစ်ပင်စိုက်တယ်၊ ဗူးပင်တစ်ပင်စိုက်တယ်။ ဗူးသီးအများကြီးသီးတယ်။ ငရုတ်ပင် တစ်ပင်စိုက်တယ် အများကြီးသီးတယ်။ ဒီခေတ်မှာ မလွယ်ဘူးဗျို့၊ ဆေးပက်ရတယ်။ ကိုယ့်ဉာဏ်နဲ့ ကိုယ်သွားလုပ်တယ်၊ လူစိုးတယ်၊ တစ်ခေတ်၊ ခေတ်ကိုပြောတာ

ဘုရားခေတ်ကာလဟာ ပကတိ အခုထိရှိတယ်။ လူတွေရဲ့စိတ်တွေက မမှန်တော့၊ ဘာဖြစ်လို့မမှန်လဲ၊ ဒီခေတ်ကို ပြန်ကြည့်မယ်ဆိုရင် ဘောဂသံတွဲခေတ် ဖြစ်နေတယ်။ ဘောဂပစ္စည်းက နိုင်ငံခြားက အမျိုးမျိုးဝင်လာကြတယ်။ အဲ့ဒီတော့မှ ထီးကောက်တို့ ရေဒီယိုတို့၊ ကက်ဆက်တို့ အမျိုးမျိုးပေါ့ဗျာ။ ဘုန်းကြီးက စာတော့ မတတ်ဘူးဗျို့။ အဲ့ဒါကို လိုချင်တယ်မက်မောပြီးတော့ အတ္တတွေဖြစ်နေတယ်။ အတ္တဆိုတာ အစွဲပေါ့ဗျာ။ ကိုယ့်ပိုက်ဆံရှိတာပဲ ကိုယ်ဝတ်လို့ရပါတယ်။ ဒါသဘောပြောတာ။ ဘာလုပ်လုပ် ရပါတယ်။ ဒါကိုယ့်ရှိတာကိုဗျ။ တရားသဘောရဲ့အကြောင်း ဟောပြောရတာ။ ဒါတွေဝယ်တယ်၊ ဒါတွေလုပ်တယ်။ အဲဒါတွေဟာ ဘောဂသံပတ္တိပစ္စည်းတွေ အခြေရုံတွေ အများကြီး သူ့ရှိလာတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးခေတ်ကာလက ဒါမျိုးတွေ မရှိပါဘူးဗျာ။ လူအိုးကြီးတွေလည်း ပြန်ကြည့်ပါဗျာ။ ဘုရားကဘယ်မှာပွင့်တယ်၊ ဒါဗမာပြည်၊ ဗမာပြည်ကို ဦးဖင်း ပြောရမယ်ဆိုရင် ဦးဖင်းကစာမတတ်ဘူး။ မပြောတော့ မပြောသေးဘူးပေါ့ဗျာ။ ဒါ့ကြောင့် ဘုရားဟာ ဘာကြောင့် အိန္ဒိယမှာပွင့်လဲ ဘလိကနဲ့သဇိသသည်နောင် နှစ်ပါးကို ရက္ခစိုးကပြောတာ။ ဒါမှ သူတို့သိတာ။ ဟော့ မင်းတို့ ဘယ်ကလာသလဲ။ ကျွန်တော်တို့ ပုဂံပြည်ကလာတဲ့ကုန်သည် ညီနောင်ပါဘုရားတဲ့၊ အေး ဘုရားပွင့်နေပြီကွတဲ့၊ အခုသွားကြလို့ဝှလွှတ်ပါတယ်။ ရက္ခစိုးနတ် သူတော်ကောင်းကြီးတွေက လွှတ်တာပါ။ အသေအချာပါ။ ရက္ခစိုး၊ နတ်၊ တောင်ပိုင်၊ ကွင်းပိုင်၊ သရဲ၊ တစ္ဆေ ရှိတယ်။ ခင်ဗျားတို့ မမြင်လို့၊ သူခေါ်တာပဲ။ သရဲတဲ့၊ တစ္ဆေတဲ့၊ သဘက်တဲ့၊ နတ်တဲ့၊ သိကြားတဲ့၊ ဗြဟ္မာတဲ့ ရှိတယ်။ ဒါထုတ်ပြပါဆိုလို့တော့ ဘယ်လိုလုပ် ထုတ်ပြမှာလဲ။ အဲ့ဒီတော့ ပညက်တရားနဲ့ ပရမတ်တရားရှိတယ်။ မရမတ်တရား ထုတ်ပြပါဆိုလို့တော့ ဘယ်လိုလုပ်ထုတ်ပြမှာလဲ၊ ဒါနှလုံးသားကိုးဗျ။ စောစောက ဖြစ်ပေါ်နေတဲ့ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုတာ နှလုံးသားကဖြစ်ပေါ်နေတာ။ အဲဒီတော့ စောစောက ဦးမြမောင်ကြီးဆိုပြီးတော့ဟိုကဆဲလိုက်တယ်၊ ကြားတော့ တစ်ခါတည်း ဒေါသဖြစ်တယ်။ ဒါသီလပျက်တယ်၊ အဲ့ဒီတော့ စောစောက ဒီသီလတွေဟာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဒီခေတ်ကာလမှာ စိတ်ကိုထိန်းရတော့မယ်။ အဲ့ဒီတော့ ဒီသီလဝိသုဒ္ဓိ အပြင်သီလကို ယူထားရင် စိတ်မချရဘူး။ မမှန်ဘူး မပြောဘူး။ မှန်တ်. စိတ်မချရဘူး။ လုပ်မဲ့လုပ် အတွင်းသီလကို ထိန်းကြောင်းကြပါ။ အတွင်းသီလမှာသြော် အေးအေး ငါ့ကိုဆဲပါလား။ ဆဲတယ်၊ မဆဲတယ်ဆိုတာပြောပြမယ်။ ဘုရားက သဗ္ဗေသင်္ခါရ အနိစ္စ။ ဘုရားဟောပြီ၊ သင်္ခါရအနိစ္စဆိုတာ ဘာလဲ၊ သြော် ငါ့မျက်စိနဲ့ မြင်တာဟာ မမြဲပါလား။ ကြားတာတာ မမြဲတာဟာ အနိစ္စပါလား။ နံတာလား မမြဲတာ အနိစ္စပါလား။ အဲဒါ အနတ္တတရားခေါ်တယ်ဗျ။ အနတ္တစိတ် ခေါ်တယ်၊ မြင်တာကို သွားစွဲရင် အတ္တစိတ်ခေါ်တယ်။ အတ္တစိတ်မှာ ပြန်ခွဲပေးလိုက်မယ်။ သမ္မာဒိဋ္ဌိ ကောင်းသောမြင်ခြင်း၊ မကောင်းတာကိုမြင်တာ မိစ္ဆာဒိဋ္ဌိဗျ။ အဲ့ဒါ သံသရာသွားပြီပေါ့ဗျာ။ စာကရေးထားပါတယ်။ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ မြင်လိုက်တယ်။ ဥပမာပေါ့ဗျာ။ ဦးမြမောင်ရဲ့သမီးကို လူတစ်ယောက်က ဖက်နမ်းတယ်၊ သြော် မမြဲပါလားဆိုတော့ အနတ္တဖြစ်သွားပြီ၊ မြဲပါတယ်ဆိုတော့ သွားပြီတော့ ဦးမြမောင် ဓားနဲ့ခုတ်တော့မယ်။ သမီးကိုထိတော့ စွဲတာကိုဗျ။ အကြောင်းသတ်တရားကိုးဗျ။ အကြောင်းမသတ်တော့ ကိုယ့်သီလပျက်သွားတယ်၊ သြော် ငါ့သမီးလေး ဟာ ဘဝက ကုသိုလ်ကံတရားတွေပဲ။ ဘဝဝဋ်၊ ကာမဝဋ်၊ ဝိပါကဝဋ်၊ သြော် လူတစ်ယောက်ရဲ့ ကံတွေပါလား။ သတ္တဝါတစ်ခု ကံတစ်ခုပဲ။ အင်း မလုပ်ပါနဲ့ဗျာ။ ကျွန်တော်သမီးလေးပါဗျာ။ မလုပ်ပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ဒါသမ္မာဒိဋ္ဌိ၊ မြင်လိုက်တယ် ဆိုကတည်းက ကုတ်စွဲ၊ ဓားစွဲ ရိုက်ချင်ပြီ၊ အဲ့ဒါ မိစ္ဆာဒိဋ္ဌိစိတ်။ အဲ့ဒါအပျာယ်ကို သွားမဲ့စိတ်တွေ။ အဲ့ဒီတော့ ဒီအာရုံခြောက်ပါးပေါ်မှာ ဖြစ်နေကြတာပဲဗျို့။ အဲဒီတော့ ဒီအာရုံခြောက်ပါးဟာ ဘယ်လိုဖြစ်သလဲ၊ ကာယကံ ဝစီကံ၊ မနောကံ ဒီအနုသယ

ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ ဘဝင်စိတ်နုပဿနာ ကာယကံရှင်ပဲသိတယ်၊ ဒါတွေ ပြန်ရမှာ။ ချက်ချင်း ဓဝနေ့ယ ဒီအကျိုးပေးပါတယ်၊ ဒီသီလတွေကို စိတ္တဝိသုဒ္ဓိကို ထိန်းကျောင်းရင် သီလဟာအင်မတန် မွန်မြတ်ပါတယ်၊ ဟောဒီဘဝမှာ ခင်ဗျားရဲ့ နှလုံးသားရဲ့စိတ်ကို ခင်ဗျားထိန်းထားတယ်။ ဖြောင့် မြင်တာသီလ၊ ကြားတာသီလ၊ နံတာသီလ၊ စားတာသီလ၊ ဘုရားကရေးထားတာ။ အဲ့ဒါ ဘုရားရေးတဲ့တရားသီလ။ မြန်မာလို မိမိရဲ့စိတ်က လောဘ၊ ဒေါသ၊ ခေါင်းပါးရမယ်။ မိစ္ဆာဒိဋ္ဌိ လောဘ၊ မိစ္ဆာဒိဋ္ဌိ ဒေါသ မလုပ်ရဘူး။ သမ္မာအယူကိုယူ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ သူလည်း တင့်တယ်။ ကိုယ်လည်း တင့်တယ်တယ်။ သူလည်း အကျိုးရှိတယ်။ ကိုယ်လည်းအကျိုးရှိတယ်။ အခုတော့ မလုပ်နဲ့။ ဆန်တစ်တင်း ဝယ်လာကယ်၊ ခင်ဗျားတို့ ဆန်တစ်အိတ် ဝယ်လာတယ်၊ ဆန်ကွဲက ၄ ပြည်လောက်ထိုးတယ်။ ဒါဟာ စားတော့ အများ ခံတော့တစ်ယောက်တည်း။ သိကြားမင်းသိတယ်၊ ဗြဟ္မာမင်းသိတယ်။ ကိုယ်စောင့်နတ်သိတယ်၊ သူက စိတ်ကိုသိထားတယ်၊ ဒါကြောင့် ဒကာ၊ ဒကာမများ တွေးနေတဲ့စိတ်တွေးချင်တာတွေးပါ။ ခင်ဗျားတွေးစမ်းပါ။ ခင်ဗျားတွေးတဲ့စိတ် ဘေးပတ်ဝန်းကျင်က သိပ့်မလား။ ဒီကပြန်မေးတယ်။ မသိပါဘူး။ မသိတဲ့လူကများတယ်ဗျ။ သိတဲ့လူက ရှိတော့ရှိတယ် မပြောဘူး။ ဒါစိတ်ပိုင်း။ စိတ်ဝိသုဒ္ဓိခေါ်တယ်၊ ဒါဝိပဿနာလိုင်းခေါ်တယ်။ ဒါကြောင့်မို့လို သမုဒ္ဒိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ။ ဥပမာ ဦးပဏ္ဍိတကို ဒကာမတစ်ယောက်က လာလှူတယ်။ အရှင်ဘုရားကို ကထိန်သင်္ကန်းကြီးကပ်ပါတယ်ဘုရားတဲ့၊ ငွေကလည်းခြောက်ထောင်ပေးပါတယ်ဘုရားတဲ့၊ ယူတဲ့ဘုရား။ ဟာ ဘုန်းကြီးက မျက်စိဖွင့်ကြည့်တယ်။ မျက်စိဖွင့်ကြည့်တော့ ဒကာမက ဘာသိမလဲဗျ။ ဘုန်းကြီးက မျက်စိဖွင့်ကြည့်လိုက်တော့ သောမနက ဖြစ်ကယ်။ သင်္ကန်းတောင်မှ စီပိုင်စီကွတဲ့။ ဟာ သူဖြစ်ကုန်ပြီ၊ မြင်တော့ သိတယ်။ နှလုံးသားက သောမနသဖြစ်တယ်။ အဲ့ဒါ ဘာလဲ ကံဘုန်းကြီးခေါ်တယ်။ ဦးပဏ္ဍိတ ဒကာမကြီးက သောတပန် ဖြစ်နေပြီ၊ သောတပန် စစ်နေပြီ၊ အထင်လည်း မသေးနဲ့၊ အထင်လည်းမကြီးနဲ့။ သူကသောတပန်။ အဲ့ဒီ ဦးပဏ္ဍိတက သောတပန်မဖြစ်သေးဘူး။ အကြောင်းရှာရင်တော့ တွေ့ကြပြီပေါ့ဗျာ။ ဒါကြောင့် ဘုန်းကြီးလည်း လူပေါ့ဗျာ။ ဗမာလို ပြန်ရင် လူပါပဲ။ လူတို့သူလည်းအကျင့်တရားတွေ မွန်မွန်မြတ်မြတ်နဲ့ သူလည်းနှလုံးသွင်းပြီးတော့ ကျင့်တာပဲဗျ။ သူ့အပေါ် မူတည်တာပဲ၊ မှန်တယ် မမှန်တယ်။ သိကြားမင်းသိတယ်။ လူကတော့ ဘယ်သိမလဲပေါ့ဗျာ။ လူဟာ သနားဖို့သိပ်ကောင်းပါတယ်ဗျာ။ ဒါကြောင့်မို့လို စောစောက ဒကာမက သောတပန် ဖြစ်တယ်၊ ဦးပဏ္ဍိတက ကံကိုသင်္ကန်းတွေ သွားစွဲတယ်။ သောမနသ မျက်စိမြင်တော့ မနောလေးက ဝမ်းသာတယ်။ အဲ့ဒါ စွဲတာကံခေါ်တယ်။ အဲ့ဒါကံပဲ။ အဲ့ဒီစွဲရင် ဒုက္ခသစ္စာခေါ်တယ်။ အဲ့ဒါ ကံခေါ်တယ်။ အဲ့ဒါပြီးရောပေါ့ဗျာ။ ဒကာမကြီးက သောတပန်ဖြစ်တယ်။ အဲဒီဦးပဏ္ဍိတက သောတပန်မဖြစ်သေးဘူး။ ဝတ္ထုကာမ နှင့် ကိုယ့်မှာရှိတာက ကိလေသာကာမ နှင့် ယှဉ်တွဲ သုံးဆောင်မိပါက အများကြိုက်၏၊ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူး။ ကိုယ့်စိတ်ကိုယ်စစ်လိုက်တဲ့။ ဒါပဲ စောစောက ရေးထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ အဲ့ဒီတော့ ဒီကံတွေကို သမ္မာဒိဋ္ဌိနဲ့ ထိန်းထားတယ်၊ မိစ္ဆာဒိဋ္ဌိ ကို မလုပ်ပါဘူးဗျာ။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုနသိပါပြီ၊ မိစ္ဆာဒိဋ္ဌိဆိုတာ အရက်သောက်တယ်။ ဖဲရိုက်တယ်၊ သမ္မာဒိဋ္ဌိက ဘာမှ မလုပ်ဘူး။ ကောင်းတဲ့ဟာပဲလုပ်တယ်၊ ကောင်းတာလေးကို တင့်တင့်တယ်တယ် ဝတ်တယ်၊ တင့်တင့်တယ်တယ် သွားဝယ်၊ ဒကာ၊ ဒကာမများကြည်ညို လေးစားအောင်၊ တင့်တယ်အောင် နေတယ်။ မနောကမှန်တယ်၊ မမှန်တယ်တော့ သူ့အပေါ်မူတည်တယ်။ မလုပ်နဲ့ဗျ ကတုံးလည်းပဲ ဟိုးအောက်ရောက်နေတာ တစ်ပုံကြီးပဲ။ ခုနကပြောပြီးပြီမလား ဒကာမကြီးက

သောတာပန်တည်နေပြီ။ မျက်စိမြင်တယ်၊ နားကြားတယ်။ အဲ့ဒါ သွားစွဲတော့ ကံဖြစ်နေပြီ။ ကတုံးလည်း လူပဲဗျ။ မှတ်ထားတရားဟာ ပုတ်ရင်ပေါ်တယ်၊ ဟုတ်ရင် ကျော်တယ်။ မှန်ရင် စင်တော်က ကောက်တယ်။ ဝါတော့ မရှိဘူး။ ဦးပဏ္ဍိတဟာအစက မကောင်းတဲ့သူပါ။ မကောင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိမှုမသိဘဲကို၊ သူခိုးမယ်၊ လိမ်မယ်၊ ညာမယ်။ အဲ့ဒီဗိုလ်ထဲမှာ ဆရာကြီး ဦးချစ်အေး ဒလဝမ်ပါဗျာ။ အဲ့ဒီ ဒလဝမ်လေး စောင့်တာကို ကောင်းကောင်းမစောင့်ဘူး။ မီးချောင်းထဲကမြုပ်ကို ခိုးသေးတယ်။ ဒါဟာ အဒိန္နဒါဏာ။ သမ္မာဒိဋ္ဌိ မဟုတ်ပါဘူး။ မိစ္ဆာဒိဋ္ဌိပါ။ အဲဒီမိစ္ဆာဒိဋ္ဌိကို ယူတာဒါသဘောကို ပြန်ပြောပြရတာ။ ဒီလိုလုပ်လာတဲ့လူဟာ အဲဒါဘာလဲ မိစ္ဆာဒိဋ္ဌိကိုလုပ်လာတာ။ သမာဒိဋ္ဌိဆိုတာ လျှမယ်တဲ့၊ တန်းတယ်တဲ့ လူကြီးကိုရိုသေတယ်၊ လူငယ်ကို လေးစားတယ်။ ဒါသမ္မာဒိဋ္ဌိ။ ခုနက မကောင်းတာကို ကြံမယ်၊ အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ မကောင်းတာကိုကြံမယ်၊ အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ မကောင်းတာတွေ တွေးမယ်၊ မကောင်းတာတွေကြံမယ် ဒါမိစ္ဆာဒိဋ္ဌိ၊ ဒါဟာအပျိုယ်သွားတော့မယ်။ အဲ့ဒီတော့ ဘာမှနားမလည်ဘူး။ စာလည်း မတတ်၊ ပေလည်းမတတ်။ ရဲအဖွဲ့မှာ အလုပ်လုပ်ပါတယ်။ ရဲအဖွဲ့မှာ အလုပ်လုပ်တော့ ကိုယ်ကစာမတတ်ဘူး။ အဲ့ဒီက စားရေးကတော့ စာတတ်တာပေါ့ဗျာ။ ဟာ သူကနိုင်တော့တာပဲဗျာ။ နိုင်တော့ ရဲသားလေးကလေအေးကွာ ကောင်းပါတယ်။ ညနေ ၄ နာရီခွဲလေးရှိသေးတယ်။ အထွေထွေဘယ်နေရာစောင့်လိုက် ဘယ်နေရာစောင့်လိုက် ဟုတ်ကဲ့ဗျာ ဟုတ်ကဲ့ဗျာ။ ကိုယ့်မှာစာမတတ်တော့ စာတတ်တဲ့လူက နိုင်တယ်ဗျို့။ ခင်ဗျားတို့ ပညာနဲ့သာ သဘောလေးကောက်ပေတော့။ စောစောက စာမတတ်တဲ့သူက ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ဗျာ။ ခုနက စားရေးက မင်းဘာလုပ်လိုက်၊ ညာလုပ်လိုက်။ လုပ်လည်းလုပ်ရသေးတယ်။ အမန်လည်းခံရသေးတယ်။ ဒါကြောင့်မို့လို ကောင်းပါတယ်ဗျာ ကောင်းပါတယ် ကောင်းပါတယ်။ ကိုယ်က စာမှမတတ်တာ။ အဲ့ဒီတော့ ခိုးတယ်၊ လိမ်တယ်။ ဒါတွေဟာ မိစ္ဆာဒိဋ္ဌိ။ စိတ်တွေ မကောင်းတဲ့ အယူတွေ၊ မကောင်းတာတွေ နှလုံးသွင်းပြီး မကောင်းတာတွေ သွားစွဲတာ။ တန်းဖြတ်တာပေါ့ဗျ။ တွေးတာပေါ့ဗျ။ တွေးတော့ မီးချောင်းထဲက ခြပ်တက်ယူတာ။ အဲ့ဒါရမှ ပိုက်ဆံရမှာ ပိုက်ဆံရမှ ဖဲရိုက်လို့ရမယ်ဗျ။ အဲ့ဒီတော့ ဒါတွေလုပ်ခဲ့ပါတယ်ဗျာ။ ဦးဇင်းကြီးမှားခဲ့ပါတယ်။ ခင်ဗျားတို့ မလုပ်ကြပါနဲ့လို့ ဦးဇင်းက မေတ္တာရပ်ခံပါတယ်။ ဒါတရားပါ။ ဒါကို ခန္ဓာကသိလို့ ပြန်ပြောပြရတာပါ။ စာတတ်တာမဟုတ်ပါဘူး။ ခင်ဗျားတို့လည်း ပြန်ရမယ်။ ဘုရားကရေးတယ်။ အိမ်သူအိမ်သား ၁၀ ယောက်ရှိတယ်။ ၁၀ ယောက်ရှိတဲ့အခါမှာ ဟိုလူကြီးက ဦးဇင်းကို ပြောတယ်။ စာမှမတတ်တာကိုဗျ။ ဘုရားရဲ့လမ်းကို ဘုရားရဲ့စာကို နားမထောင်ရင် မဂ်ထားဖိုလ်ထားတယ်တဲ့။ ဘုရားရဲ့စာအရ၊ ဘုရားဟောအရ၊ ဘုရားရဲ့ဆုံးမတော်အရ စာပေကျမ်းဂန်ကို မလိုက်ရင် မဂ်တားဖိုလ်ထားတယ်တဲ့။ လူတစ်ယောက်က ဦးဇင်းကို ပြောတယ်။ ဒါဖြင့် ဒကာကြီးလာဦး။ ဘုရားစာတော့ ဦးဇင်းမတတ်ဘူး။ မဆိုတတ်ဘူး။ ခင်ဗျားက စာအုပ်ထဲမှာ ဘုရားရဲ့ ဟောကြားချက်အရ ဘုရားဟောတဲ့အယူဝါဒကို ခင်ဗျားကမလိုက်ရင် မဂ်ထားဖိုလ်ထားတယ်တဲ့၊ ဒါဖြင့် ဒကာကြီးလာဗျာ။ အဲဒီတော့ ဦးဇင်းကမေးရော။ ခင်ဗျား အိမ်မှာလို ဥပမာဗျာလို့ ခင်ဗျားအိမ်မှာ သားသမီး ၈ ယောက်ရှိတယ်ဗျာ။ အဲ့ဒီ ခင်ဗျားသားသမီး၈ယောက်က ခင်ဗျားစိတ်နဲ့ ခင်ဗျားသားသမီးစိတ်တွေနဲ့ တူနိုင်ပါမလားလို့၊ ဒီလိုမေးပြီး။ တချို့တော့ တူမယ်ဘုရားတဲ့။ တချို့တော့ မတူဘူး။ စိတ်တူတဲ့ သူသာရမယ်ဗျို့၊ မတူတဲ့သူတော့ ဘာရမလဲ။ အဲ့ဒါ သူသဘောပေါက်သွားတယ်။ သက်နှင်းလာကပ်တယ်။ စိတ်ပဲဗျ။ ဒီက စိတ်ဟောတာ။ စာမှ မတတ်တာကိုးဗျ။ ခုနက သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဒါစာဇဟာလို အသိနဲ့ ပြောရင် မကောင်းတာတွေ လျှောက်တွေးတယ်၊ မကောင်းတာတွေကြံစည်တယ်၊ မကောင်းတာတွေ နှစ်သက်

တယ်။ ဒါတွေဟာ နှလုံးသွင်းတာ မှားနေတယ်။ အဲဒါဟာ မိစ္ဆာဒိဋ္ဌိပဲ။ နှလုံးသွင်းတာမှန်နေရင် သမ္မာဒိဋ္ဌိ။ ခင်ဗျားစိတ် ခင်ဗျားစစ်။ အဲဒါဘာလဲ စိတ္တဝိသုဒ္ဓိခေါ်တယ်။ ခုနကပြောသလိုပေါ့ ဒီသီလကို ကြိုးစားမှ ဒီသီလတွေရမှ အပ္ပာယ်လေးတံခါး ပိတ်မယ်။ ဒီသီလတွေဟာ အင်မတန်အရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ့်ထက်တန်းတူကိုကြင်နာပါ။ ကိုယ့်အောက်ကလူကို သီးခံပါ။ ကိုယ်ကျင့်တရား။ ဗြဟ္မစိုတရား၊ သံဝေဂတရား။ ဒါမျိုးက ရင်ဝမှာ မာန်ရှိတယ်။ မာန်ဆိုတာ ရှိတယ်၊ ကြားတာနဲ့ စိတ်ပြောင်းတယ်။ မြင်တာနဲ့ စိတ်ပြောင်းတယ်။ နံတာနဲ့စိတ်ပြောင်းတယ်၊ စားတာနဲ့ စိတ်ပြောင်းတယ်။ ထိတာနဲ့စိတ်ပြောင်းတယ်။ စိတ်ကိုပြောတာ။ သောမနဿစိတ်၊ ဒေါမနဿစိတ်ဝမ်းမြောက်တဲ့စိတ်၊ ဒေါသဖြစ်တဲ့စိတ်။ ဒေါသ ဖြစ်ရင် သီလပျက်တယ်။ ဘုရားက သီလရေးတယ်။ ခင်ဗျားစိတ်ကို ခင်ဗျားထိန်း။ ခင်ဗျားစိတ်က လောဘ၊ ဒေါသ ခေါင်းပါးရမယ်။ အဲ့ဒီတော့ လောဘ၊ ဒေါသဆိုတာ ဘယ်လိုလဲ။ ခင်ဗျားစက်ဘီးလေးထောင်ထားတယ်။ စက်ဘီးလေးရဲ့ တန်ဖိုးက ကစ်သောင်းကျော်လောက် တန်တယ်။ ကျကျနန ပစ္စည်းကို ရိုရိုသေသေစီးတာ အဲဒီပုဂ္ဂိုလ်က။ စက်ဘီးကို ထောင်ထားတာ လူတစ်ယောက်က ကိုယ်က လုလားထိုင် ကနေပြီး စက်ဘီကို ခြေထောက်နဲ့ တွန်းလိုက်တာ မြင်တော့ သိတာပေါ့ဗျ။ အဲဒီစက်ဘီးကို သွားစွဲတာကတဏှာ။ အဲ့ဒီ တဏှာကြောင့် ဒေါသဖြစ်တာ။ အယူမှား အစွဲမှားတာလား။ အဲဒါမိစ္ဆာဒိဋ္ဌိခေါ်တယ်။ အသေချာ အရေးကြီးပါတယ်၊ သီလ လွယ်တယ်မထင်ပါနဲ့၊ ဘုရားရဲ့ခေတ်ကာလ သီလအခုခေတ်ရဲ့ သီလနဲ့ အခုခေတ်က ဒေါဂသံပဏ္ဍိခေတ်။ အသုံးခေါင်တွေ အများကြီးပေါ့ဗျာ။ ထီးကောက်တွေ တစ်ရာတန်၊ နှစ်ရာတန်၊ ကိုးရာတန်၊ ထိုင်ဝမ်၊ အင်္ဂလန်နိုင်ငံတွေကို သွားချင်လိုက်တာသူတို့တွေ။ အဲ့ဒီတော့ ဘဝင်ကမြင်နေတယ်။ ကိုယ့်တိုင်းပြည် ထဲ ကိုယ်နေပေါ့ဗျ။ ကိုယ့်ဟာလေး ကိုယ်လုပ်စားပေါ့ဗျ။ ဒီမှာက အင်မတန်ကောင်းပါတယ်ဗျာ။ ဟိုရောက်တော့ ပြန်ရမှာလဲ ခက်နေတယ်။ သွားချင်တော့လည်းသူတို့ပဲ။ ပြန်ချင်တော့လည်း သူတို့ပဲ။ ဒီစိတ်တွေပဲနော်။ တရားဟာ ကိုယ်မှာရှိတယ်။ ခုနက သွားစွဲရင် ဒုက္ခသစ္စာ၊ ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စကာ၊ မဂ္ဂသစ္စာ ဒါဘုရားဟော အရ။ ခင်ဗျားက သွားစွဲရင်ကောင်းတာပဲ စွဲစွဲ၊ မကောင်းတာပဲ စွဲစွဲ အဲဒါ ဒုက္ခသစ္စာပဲ။ အဲဒါလည်းပြန်ပြီး သံသရာ၊ အပ္ပာယ်ကျတယ် မပြောဘူးနော်။ နတ်ပြည်ရောက်ရင် နတ်ပြည်ကနေပြီးတော့ သက်တမ်းကုန်ရင် ပြန်ဆင်းမယ်၊ ဗြဟ္မာဘုံကို ရောက်ရင် ဗြဟ္မာဘုံကနေပြီးတော့ သက်တမ်းကုန်ရင် ပြန်ဆင်းမယ်။ ခင်ဗျားကံပဲဗျ။ သဘောပေးပဲ။ အဲ့ဒီတော့ ဒီသုံးဆယ့် တစ်ဘုံရဲ့ထွက်ရာထွက်ကြောင်းကို ရှာရမယ်။ ကံမာသ၀၊ ဒိဋ္ဌသ၀၊ အဝိဇ္ဇသ၀ ဝိဇ္ဇာ ဒါဘုရားဟောထားတာ။ ကိုယ်ကသိရမယ်၊ သိမှပယ်မယ်၊ ပယ်မှဆိုက်မယ်၊ ဆိုက်မှပွားမယ်၊ သိ၊ ပယ်၊ ဆိုက်၊ ပွား။ အဲ့ဒီတော့ ကိုယ်ကမသိဘူး၊ မသိတော့ ခက်တာပေါ့ဗျ။ တရားဟာကိုယ်မှာရှိတယ်။ အနိစ္စဟာ ကိုယ်မှာရှိတယ်။ ဒုက္ခဟာ ကိုယ်မှာရှိတယ်။ အနတ္တဟာကိုယ်မှာရှိတယ်။ ဒုက္ခဟာ ကိုယ်မှာရှိတယ်၊ အနတ္တဟာ ကိုယ်မှာရှိတယ်၊ သီလဟာ ကိုယ်မှာရှိတယ်၊ သမ္မာဒိဟာကိုယ်မှာရှိတယ်၊ ပညာကိုယ်မှာရှိတယ်၊ ဂန္ထိရဉာဏ်၊ ဇဝနဉာဏ် ကိုယ်မှာရှိတယ်။ စက္ခုဉ္စပါဒိ၊ အာသဝေါဉ္စပါဒိ၊ ဉာနဉ္စပါဒိ အဲ့ဒါလောကုတ္တရာဉာဏ်။ အဲဒီဉာဏ်ရရင် ဘုံသုံးပါးမြင်လိမ့်မယ်၊ အဲ့ဒီဉာဏ်ရရင် ခင်ဗျားသဘောပေးပဲ၊ ဦးဇင်းသစ္စာနဲ့ဆိုထားပါတယ်၊ ဝိသာခကျောင်းအမကြီးကိုကြည့်၊ သူ့ဘာလဲဆိုတာ ခင်ဗျားတို့ စာအတတ်တွေပဲ။ လင်ယူတယ်၊ သဘာဝတရားကို မပယ်နိုင်ဘူး။ ဒီသဘာဝတရားဟာ ဘိုးစဉ် ဘောင်ဆက် ဘီလက်ထက်က ဘုရားမပွင့်ခင် ကတည်းကရှိတဲ့ သဘာဝတရား။ ဦးဇင်းရဲ့ အမေလည်း လင်ယူရမှာပဲဗျ။ ဒါသဘာဝတရား။ ပယ်လို့မရဘူး။ အဲ့ဒီသဘာဝတရားကို သဘောပေါက်ရမယ်၊ သမ္မာဒိဋ္ဌိနဲ့ သုံးရမယ်။ မိစ္ဆာဒိဋ္ဌိနဲ့

သုံးထားတယ်။ သဘာဝတရားကို။ ဝါမယားပဲကွ ငါပိုင်တာပဲကွ။ ဟာ ဝမ်းထဲမှာ တစ်မျိုးထားတယ်။ အပြင်မှာကတော့ တစ်မျိုးပေါ့ သွားပြီ။ ဒါကြောင့်မို့လို့ သမုဒ်သစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာလို့ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောသစ္စာ၊ မဂ္ဂသစ္စာ ဒါ ဘုရားဟောတာ။ ဒုက္ခသစ္စာဆိုတာ သွားစွဲရင်ဒုက္ခပဲ။ ခင်ဗျားစိတ်က သွားစွဲရင် ဒုက္ခပဲ။ ဒါနေစရာ မရှိတော့ဘူး။ ဒါသစ္စာလေးပါးကို ဟောတာ။ ဒါသဘောကို ပြောတာနော်။ သွားစွဲရင် ဒုက္ခသစ္စာ။ သမ္မာဒိဋ္ဌိစွဲစွဲ မိစ္ဆာဒိဋ္ဌိ စွဲစွဲ စွဲရင် သံသရာလည်မှာပဲ။ ဒီအဆင့်က တော်တော်မြင့်သွားပြီ။ ဒီအဆင့်ဆိုရင်တော့ ဒကာကြီးတော့ သဘောပေါက်ပါတယ်။ သူမစွဲဘူး။ မစွဲတဲ့ပုဂ္ဂိုလ် တိုင်းပြည်မှာရှိတယ်။ ဘယ်လိုပုဂ္ဂိုလ်လဲ။ စာအရဆို နိရောဓပုဂ္ဂိုလ်ပေါ့ဗျာ။ အဲ့ဒါမစွဲဘူးဗျ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ အဲ့ဒီပုဂ္ဂိုလ်က မစွဲဘူး။ အာရုံခြောက်ပါး မြင်တာမတ်တပ်၊ ကြားတာ မတ်တပ်၊ စားတာ မတ်တပ်၊ နံတာမတ်တပ်၊ ထိတာမတ်တပ် သူမစွဲတော့ဘူး။ ကံပြတ်သွားပြီ။ အဲ့ဒီပုဂ္ဂိုလ်ဟာ အေးသွားတာ။ ချက်ချင်းအေးတာ။ သူအေးသွားပြီး။ သုညတ နိဗ္ဗာန်ဆိုတာ အဲ့ဒါကိုခေါ်တာ။ စာတော့မတတ် ဘူးပေါ့ဗျာ။ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ကိုယ်ကလည်း ပုပ္ပ၊ မုဒ္ဒ၊ ပရဆိုတဲ့ စေတနာကလည်းမှန်တယ်။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် ဒီသံဃာကို သွားပြီးတော့ ရေလေးတိုက်လိုက်တာ။ အဲဒါဝေခနိယဒိဋ္ဌ အကျိုးရတယ်။ ဘာတွေရလဲ။ ကျန်းမာ ရေးကောင်းရတယ်။ စီးပွားရေးလဒ်ရတယ်။ အပ္ပာယ်လေးတံခါး ပိတ်တယ်။ ဉာဏ်ဘုန်းကြီးကို လျှုထားတာကိုး။ ကံဘုန်းကြီး မဟုတ်ဘူး။ အသေချာလေး ပြောသွားပြီ။ ဉာဏ်ဆိုတာ ကံပြတ်သွားပြီ။ မစွဲတာ ဉာဏ်ခေါ်တယ်။ ခုနက နိရောဓဆိုတာ အဲဒီပုဂ္ဂိုလ်ပဲ။ ဒါပေမယ့် စမှန်တယ်ဗျ။ စာမှမတတ်တာ။ မြင်ပါဆိုလို့ ဘယ်လိုလုပ် မြင်မလဲ။ ငါးပါးသီလလည်း မပေးတတ်ဘူး။ ဆယ်ပါးသီလလည်း မပေးတတ်ဘူး။ ရှစ်ပါးသီလလည်းမပေးတတ်ဘူး။ ပဝါသနာလည်း မပြုတတ်ဘူး။ ရေစက်လည်းမချ တက်ဘူး။ ဘာမှမတတ်ဘူး။ သူ့ကို ဘာခိုင်းခိုင်း မရတော့ဘူး။ စိတ်နဲ့ ပတ်သက်လို့ကတော့ မေး။ စိတ္တဝိသုဒ္ဓိရဲ့ အကြောင်း ကိုမေး။ သီလဝိသုဒ္ဓိရဲ့ အကြောင်းကို ခင်ဗျားတို့ အဲ့ဒါကတော့ မတတ်ဘူး။ ၂ မျိုးရှိတယ်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ မနော။ မနော ကို ကျင့်ထားတာ။ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မနုပဿနာ စိတ်ကလေး အနုသယကိုကျင့်ထားတာ။ အရိယာများ အနုသယကို ပယ်ရတာ မလွယ်ဘူး။ ပုထုဇဉ်ကလည်း တဏှာကို ပယ်ရတာ မလွယ်ဘူး။ ဒီသဘောပဲ။ တဏှာဆိုတာ ကံကိုခေါ်တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပဒါန်၊ ဥပဒါန်းကြောင့် ဘဝ။ ဦးဇင်းကြီးကို ခင်ဗျားတို့ လာလာပြီးတော့ လှူတယ်။ အင်းသဘောလေးပေါ့။ ခင်ဗျားတို့ ပစ္စည်းကို ဘာမှမစားတော့ဘူး။ စားကြပေ့ ဟိုသံဃာတွေ စားပေ့။ သူက သစ္စာနဲ့ ဟောသွားပြီလေ။ မစားဘူးကွတဲ့။ ငါ်ခါးအပြတ်ခံမယ်ကွတဲ့။ သစ္စာအမှန်နဲ့ရေ ထားလို့၊ ဒုက္ခသစ္စာ၊ သမုဒ်ယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အနိစ္စကို ဝိပဿနာ အနိစ္စကို မြင်အောင်ကြည့်ပါတဲ့။ အနိစ္စမြင်လာရင် ဘာဖြစ်မလဲ။ အနိစ္စမြင်လာရင် ဒုက္ခသိလာလိမ့်မယ်။ ဒုက္ခသိတာက မဂ္ဂသစ္စာခေါ်တယ်။ မဂ္ဂသစ္စာ မြင်သွားတာက နိရောဓသစ္စာခေါ်တယ်။ ဒါစိတ်ပိုင်းနဲ့ သွားတာ။ ခုနက စာတွေမတတ်တော့ ဘူး။ ဝိနည်းလည်း ဘာမှမသိတော့ဘူး။ ဒါတွေကိုပြောမှားဆိုးမှားရှိရင်ခွင့်လွှတ်။ မမှန်ရင် ဒီက သံဃာဝိဘက်လိုင်းကို ပြုထားတယ်၊ အခု ဥပမာလေး ပြောကြမယ်ဆိုရင် မေးပါခင်ဗျားတို့မြောင်းမြမြို့ မူစလင်တွေ လာတယ်၊ စနေသင်းကျောင်းက နာယကနဲ့လာတယ်။ ကုလားတွေ လာတယ်။ ကရင်တွေလာတယ်။ ရခိုင်တွေလာတယ်။ ချင်းတွေလာတယ်။ အရပ်လေးမျက်နှာက လာတယ်။ ခရစ်ယာန်တွေလာတယ် အတူတူစကားပြောသွားတယ်။ အဲ့ဒီတော့မှ

သူတို့သဘောပေါက်တယ်။ အဲ့ဒါ သာသနာပြုတာဗျ။ အယုတ်အလတ် မရွေးတော့ဘူး။ မခွဲခြားတော့ဘူး။ အဲဒါ သာသနာပြုတာ။ အဲမင်းဘာကောင်လဲသွားလာ ဒီကောင် ဒါခွဲခြားတာ။ သညာသင်္ခါရ ဥပဒါန်ဖြစ်နေတာ။ ပညာမှာမရှိဘူး။ နည်းပါးတယ်။ ဒါတွေ သိပ်အရေးကြီးပါတယ်။ ဒါပေမဲ့ သညာမှန်တယ်။ သိုက်ရှိတယ်၊ ခတ်ရှိတယ်၊ နတ်ရှိတယ်။ အဲ့ဒီတော့ လူထဲမှာလည်း ကောင်းတဲ့လူရှိတယ်။ မကောင်းတဲ့လူ ရှိတယ်။ ဗိုလ်ကြီးက စစ်သားရွေးတယ်ဗျ။ ရွေးတဲ့အခါ ဒီဗိုလ်ကြီးက အကောင်းစား လက်ရွေးစင်ကို သူကရွေးတာ။ ကောင်းတဲ့လူကို သူကရွေးတာ စစ်လိုက်တာ ဟိုကစစ်လိုက် ဒီကစစ်လိုက်။ စစ်ပြီးရင် ဆေးစစ်လိုက်သေးတယ်။ ဆေးစစ်ပြီးရင် စစ်သားစုဆောင်းရေးက ဟိုးအထက်ဘက်ကို ဘယ်ညာ၊ ဘယ်ညာ လေ့ကျင်းရေးကွင်း စစ်သားပေါ်း ငါးယောက်လောက်လုပ်တယ်။ သင်ပေးတယ် ဆရာက။ သင်ပေးတော့ ဒီကလက်ရွေးစင် ယူသွားတာ အကောင်းဆုံးယူသွားတာ။ ဟိုကျတော့ လေ့ကျင့်ရေးကွင်းထဲမှာ ဗိုလ်ကိုခံရိုက်တယ်။ ဒါတွေဟာတွေကြည့်။ ကိုယ်က ဒီကယူသွားတာအကောင်း ဟိုရောက်တော့ ခံရိုက်တယ်။ ဒါဟာစိတ်တွေပဲဗျ။ ဒီသံဃာထဲမှာလည်း ကောင်းတဲ့ သံဃာရှိသလို မကောင်းတဲ့ သံဃာလည်း ရှိမှာပဲဗျ။ ဒါသဘောပြောတာ။ ဘယ်သူ့ကိုမှ မပြောဘူး။ ဦးဇင်းက စာမတတ်ဘူး။ ဦးဇင်းက အကုန် သိလို့ပြောထားတယ်။ ကန်တော့ချင်လို့ ကန်တော့ချင်လို့၊ ဒီဘဝနောက်ဆုံးပဲ အရှင်ဘုရားတို့ကို ကန်တော့ ပါတယ်ဘုရား။ သာသနာပြုတာ အသေချာမမှန်ရင် သင်္ကန်းကို ချွတ်ပေးပါမယ်။ သာသနာပြုတဲ့အတွက်ကြောင့် သူသည် ပြောမယ်ကွတဲ့။ မင်းတို့မေးပါတဲ့ ငါကို။ မင်းတို့မေးရင် ငါကလည်း ပြန်မေးမယ်။ မင်းတို့ကို ငါပြန်မေးလိုက်ရင် မင်းတို့ကို ငါမချွတ်ဘူးကွတဲ့။ မင်းတို့မေးလိုက်လို့ ငါမဖြေနိုင်ရင် သင်္ကန်းချွတ်မေးလိုက်မယ်။ ပုဆိုး အင်္ကျီခေါက်သွားမယ်ကွာတဲ့။ ဒီမြောင်း မြို့ကြံနေ ထွက်သွားမယ်လို့ ဒီလိုပြောပါတယ်။ စာတော့ မတတ်ဘူးကွာတဲ့။ စကားမပြောတတ်ဘူးကွာတဲ့။ ပညတ် ပရမတ်ကွာတဲ့။ အခု ဥပမာ ဦးဇင်းအမေနာမည် ဒေါ်အုန်းမေ အမှန်ကတော့ ဒေါ်အုန်းမေထည့်လိုက်။ အမေနာမည်က မိန်းမခေါ်တယ်ဗျ။ ပရမတ်အနေနဲ့ဆို မိန်းမခေါ်တယ်။ မယားလည်းမိန်းမ၊ အမေလည်းမိန်းမဆိုတော့ ကြည့်ခေါ်လို့ မကောင်း တော့ဘူး။ ပညတ်ကို ပယ်တာမဟုတ်ဘူး။ ပညတ်ကို ခေါ်သမုတ်ပေးတာ ဒေါ်အုန်းမေလို့၊ နာမည် နံပတ်တပ်ပေးတာ။ ကိုယ့်မှာရှိတာက သညာ ။ သညာအသိနဲ့သိတော့ သွားစွဲရော။ အဲဒါခွဲခြားပြီ။ သညာကိုးဗျ။ သညာနေရာမှာ ပညာအစားသွင်း ရမယ်။ ပညတ်နေရာမှ ပရမတ် အစားသွင်းရမယ်။ အတ္တနေရာမှာ အနတ္တအစားသွင်းရမယ်။ အနတ္တ မစွဲဘူးဗျ။ ဘုရားဆုံးမ ထားတဲ့ မဂ္ဂင် ၃၈ ဖြာ သမ္မာဒိဋ္ဌိ အယူကိုယူရမယ်။ မိစ္ဆာဒိဋ္ဌိကို မယူပါနဲ့။ သမ္မာဆိုတာ ဘုရားဟောထားတဲ့ ကျမ်းဂန် ပါဠိယူရမယ်။ မကောင်းတာတွေ သွားစွဲတာ မိစ္ဆာဒိဋ္ဌိပဲဗျ။ ကောင်းတာကို ယူပါ။ ခုနက ဝိသာခါ ကျောင်းအမကြီးကဘုရားကို လှူတာ ဘုရားဆီမေတ္တာရတယ်။ ဉာဏ်ရတယ်။ ဘုရားက အတုလန် အတုမရှိ ဘုရားကိုကပ်တော့ မျိုးစေ့ရတာပေါ့ဗျာ။ သူက မိစ္ဆာဒိဋ္ဌိတွေကို ပယ်တယ်။ သမ္မာဒိဋ္ဌိကို ယူတယ်။ အဲ့ဒီတော့ ယောကျ်ားနဲ့ ပေါင်းတယ်။ သဘာဝတရားကို မပယ်နိုင်ဘူး။ မြင်တာလည်း မိစ္ဆာဒိဋ္ဌိကိုမယူဘူး။ သမ္မာဒိဋ္ဌိကိုယူတယ်။ ကြားတာရော။ နံတာရော သမ္မာအယူကို ယူထားတယ်။ အဲ့ဒါ အပွာယ်ပိတ်တယ်။ မိစ္ဆာဒိဋ္ဌိကို မယူဘူး။ သူယောကျ်ားနဲ့တော့ နေတာပေါ့။ သဘာဝတရားကတော့ ပယ်လို့မရဘူးဗျ။ ဒကာ၊ ဒကာမများမှာ ကိုယ့်ရဲ့စိတ်ထားကောင်း နှလုံးသွင်း အကျိုးရှိတဲ့ဟာကို နှလုံးသွင်းပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို ကြင်နာပါ။ ခရာတော်တွေ၊ သမားတော်တွေ၊ ကိုရင်တွေ သူတို့ဘာလုပ်လုပ် သူ့အကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့။ လှူဖို့က ကိုယ့်ကိုယ် ကိုယ်ဒီအလှူမြောက်မှ ကောင်းမှုကုသိုလ်ကံရမယ်။ သူဘာလုပ်လုပ် လုပ်ချင်ရာလုပ်

သူ့အကြောင်း ဝေဖန်ရင် ခင်ဗျားမလှူဖြစ်တော့ဘူး။ ကိုယ်က ဒီဒါနလေးကို ဦးစားပေးရမယ်။ ဒကာ၊ ဒကာမများရဲ့ အဝိဇ္ဇာ တုံးကို ဘာနဲ့ ခွေးကြောရမလဲ။ သီလနဲ့ခွေးကြောမယ်။ ဒါနနဲ့ခွေးကြောမယ်။ ဘာဝနာနဲ့ ပွားများမယ်။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာ တုံးကြီးကို ဘာနဲ့ခွေးကြောမလဲ အဓိသီလ၊ အဓိစိတ္တ ဒါဝိပဿနာလိုင်း။ အဲ့ဒီတော့ ဒီသီလတွေဟာ ခုနကပြောသလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တွေ့တော့ သူလှူတာဗျ။ သမ္မာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိဆိုတာ ခုနက စက်ဘီးလေးထောင်ထားတာ လူတစ်ယောက်က တွန်းလိုက်တာ။ အဲ့ဒီစက်ဘီးကို သွားစွဲလိုက်တော့ ဒေါသဖြစ်တာ အဲဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ မိစ္ဆာဒိဋ္ဌိက အများကြီးကျယ်ပြန့်တယ်။ မိစ္ဆာဒိဋ္ဌိက ကပ်နေတယ်။ သမ္မာဒိဋ္ဌိကလုပ်ရတယ်။ ဒါကြောင့်မို့လို့ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿလို့ ဆိုထားပါတယ်။ ဘာလို့ ငရဲတစ်ပိဿရလဲ ကုသိုလ်ကျတော့ တစ်ပဲတည်းတဲ့၊ ညောင်ပင်ကြီး လောက်လှူရင် ညောင်စိလောက်ရတယ်။ ညောင်စိလောက်လှူရင် ညောင်ပင်ကြီးလောက်ရတယ်။ ကိုယ်လှူတတ်ဖို့လိုတယ်။ ဘယ်ရှင်သာမနေပဲဖြစ်ဖြစ် မခွဲခြားပါနဲ့။ လှူပါ။ ကိုယ်လှူမှ ကိုယ့်ရဲ့ကောင်းမှုကံ ကုသိုလ်စေတနာရမယ်။ ကိုယ့်ရဲ့ စိတ်ကို ထိန်းထားတာကသီလ။ အဲဒီလို ပုဂ္ဂိုလ်တွေကိုလှူတော့ စိတ်ကလေးက ယဉ်ကျေးလာတယ်။ သိမ်မွေ့လာတယ်။ နေတတ်ဖို့လိုတယ်။ စောစောကဘုရားကိုလှူထားတဲ့ ဝိသာခါကျောင်းအမ ဘုရားမျိုးစေ့ရတယ်။ ရဟန္တာကို လှူရင် သမထမျိုးစေ့ရတယ်။ ကံဘုန်းကြီးကို လှူရင်ကံမျိုးစေ့ရတယ်။ ဒါပဲရှိတာပဲ။ ကံဆိုတာ သမ္မာဒိဋ္ဌိကံ ကောင်းတဲ့ကံ။ သူက ကာမသာဝ ပြတ်ထားတာ။ ကိုယ်ကမပြတ်ဘူး။ ကိုယ်က ကာမဘဝနှစ်သက်တယ်။ သူကပြတ်တယ်။ သူကမယူဘူးပေါ့ဗျာ မိန်းမ။ အဲ့ဒါ ကာမဘဝပေါ့ဗျာ။ ဒီဖြင့်ဟာတော့ ဘာလုပ်မလဲ မပြောတတ်ဘူး။ အဲ့ဒီမှာတော့ ထူးမြတ်တယ်။ ဘုရားသခင် ကိုယ်တောင်မြတ်ကြီးရဲ့အရေတော်ပဲ။ အမှန်ကတော့ စိတ်ပဲဗျာ။ ကိုယ့်စိတ်ကို ကိုယ်စစ်။ ကိုယ်ကသြော် ဒါဘုရားပါလား။ ဒါက သံဃာတော်အရှင်သူမြတ်။ ဦးစားပေး၊ ဂုဏ်သိက္ခာတွေလုပ်ပေး။ မပယ်ရဘူး။ ဒါပေမဲ့ သူ့အကြောင်း ကိုယ့်အကြောင့် မလုပ်နဲ့။ ဘုရားကို စေတီကကွယ်တယ်ဗျ။ တရားကို စာကကွယ်တယ်ဗျ။ သံဃာကို ရဟန်းကကွယ်တယ်ဗျ။ ဘုရားကို စေတီက ကွယ်ထားတယ်ဆိုတော့ ခင်ဗျားတို့ ဥပမာ ပြောရရင် စေတီပေါ်ဗျာ ရွှေချတယ်။ ရွှေနှစ်သိန်းဖိုး။ အမလေး ၂နှစ် လောက်စုရတယ်။ သုံးသိန်း လေးသိန်းလောက်ရတယ်။ အဲ့ဒီတော့မှ ရွှေကိုချတယ်။ ဒီလိုရွှေချတိုင်း အပါယ်ပိတ်မယ်ဆိုရင် ငါလည်းချမယ်ကွတဲ့၊ ဒီ ဒါနနဲ့ အပါယ်ပိတ်မယ်ဆိုရင် ငါလည်းချမယ်ကွတဲ့ပြောပြီ။ သဒ္ဓါမိကဘုရား။ ပညာမိကဘုရား။ ၂မျိုးရှိတယ်။ မင်းဘယ်ဟာကြိုက်သလဲ။ ပညာဆိုတာ ဝိပဿနာရဲ့ တကယ်အစစ်မှန် ဟောတဲ့အသိတွေ။ မယုံနဲ့ဦးကွတဲ့။ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါမေးမြန်းပါ။ သူ့ဆီက အသိရမှ ပယ်မယ်ကွတဲ့။ ဘာပယ်မလဲ။ မိစ္ဆာဒိဋ္ဌိနဲ့ကံကိုပယ်မယ်ကွတဲ့။ အဲ့ဒီကံဟာ ကရွတ်ကွင်းလျှောက်ဖြစ်နေတာကွတဲ့။ ဘယ်ကဖြစ်နေတာလဲ၊ အာရုံခြောက်ပါးကဖြစ်နေတာကွတဲ့၊ ဘယ်ကံလဲ။ အနုသယကံကွတဲ့။ မနောကံကွတဲ့၊ အဲ့ဒီကံက သံသရာကို လည်ပြီကွတဲ့၊ မင်းသမားဒိဋ္ဌိကို ထိန်းထားတော့ မင်းနတ်ပြည် ရောက်မှာပေါ့ကွတဲ့၊ ဗြဟ္မာပြည်ရောက်မှာပေါ့ကွတဲ့။ မင်းသုံးဆယ့်တစ်ဖုံလွတ်အောင် ချပေါ့ကွတဲ့၊ ဒါကြောင့် ခက်ကုန်ပြီ။ ဦးငေးကစာမတတ်ဘူး။ ဦးဖင်းက ဗိုလ်ထဲမှာ ဒလဝမ်လုပ်တယ်။ လုပ်တာကို မသိဘူး ခိုးတယ်ဟုတ်တယ်၊ အခုဖွင့်ပြောမယ်၊ လာမေး အကုန်ပြောမှာပဲ။ လောကီအကြောင်း သဘောလေးပေါ့ဗျာ။ ဒါတွေကို ဒကာ၊ ဒကာမများ ဦးဖင်းကြီး မိုက်ခဲ့ပြီ၊ ခင်ဗျားတို့ မမိုက်ကြပါနဲ့။ ယုံကြည်ကြပါ။ တရားအစစ် ခင်ဗျားတို့ကို ဒီလို ရွှေချရင် အပယ်ပိတ်မယ်ဆို ဦးဖင်းမကျင့်တော့ဘူး။

မကျဉ်မတော့ပါဘူးဗျ။ ဟာရွှေချလို့ အပယ်ဝိတ်ပယ်ဆိုစိတ်က ဒီနေ့ရွှေချပြီ မနက်ဖြန် စိတ်ကပြောင်းသွားပြန်ရော။ ဒါကြောင့် မိုးလို့ တော့ဆက်တဲ့၊ ကွင်းဆက်တဲ့၊ ချိတ်ဆက်တဲ့။ ဟာဘာတွေလဲ အဲဒါ။ တော့ဆက်တဲ့ အဲဒါ၊ ကွင်းဆက်တဲ့၊ ချိတ်ဆက်တဲ့ ကြားဖူးသလား၊ ကြားဖူးတယ်၊ ကြားဖူးတော့ သိသလား။ သိသလားတဲ့ မေးတယ်။ သိတော့မသိဘူး။ အေး တော့ဆက်ဆိုတာ ဥပမာ ငါစာမတတ်ဘူးကွာတဲ့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်တဲ့။ တော့ဆက်ရဲ့အကြောင်း ပြောပြမယ်။ ဥပမာကွာတဲ့ ထူးကြီးဆရာတော်ရဲ့ တရားပွဲကြီးဟာ အင်မတန်မှ စာပေကျမ်းဂန် အလွန်တတ်ပါတယ်တဲ့။ ပေါက်တဲ့ နေရာမှာလည်း ပါဠိပတ် သားတွေ အင်မတန် ဝိသထိုင်ကရိုင်းကျပါတယ်ကွတဲ့။ ထူးကြီးဆရာတော် တရားပွဲလုပ်တော့ ဒကာမကြီးက ဆေးလိပ်တောင် မသောက်နိုင်ဘူးကွတဲ့၊ ဒကာမကြီးက တစ်ခါတည်း ငုံ့ပြီးနာနေတာပဲတဲ့၊ အာရုံကို စိုက်နေတာပဲကွာတဲ့၊ တရားပွဲလည်းပြီးရော အဲဒီ ဒကာမကြီးဟာ နောက်က ဒကာမတွေက သူ့ဖိနပ်ကို တက်နင်းလိုက်တော့ ရှေ့ကိုလဲသွားတော့ နင်တို့ စောက်ကန်းတွေ၊ ဘာကန်းတွေ ညာကန်းတွေ။ တရားပွဲမှာ တော့ဆက် အပြင်ရောက်တော့ခင်ဗျား စိတ်ပြောင်းသွားပြီ၊ သီလပျက်ကုန်ပြီ၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းကြပါ။ အဲဒါ တော့ဆက်ခေါ်တယ်။ တော့ဆက်ဆိုတာ တဒင်္ဂလေးပဲ တမုဟုတ်ချင်းလေးပဲ ဖြစ်လိုက်တယ်၊ ကွယ်ရာကျတော့ စိတ်ပြောင်းသွားပြီ၊ ဒါဟာ သီလတွေ ပျက်မယ်ဗျ။ ဘုရားရဲ့ခေတ်ကာလကတစ်မျိုး၊ ဒီကာလကတစ်မျိုးဗျတဲ့၊ အဲဒီဟာကို ကာလကြည့်၊ စာကတော့ မှုမှန်ရှိတယ်။ စိတ်တွေ မှန်ဖို့အရေးကြီးတယ်။ ပစ္စည်းဘောဂတွေနဲ့ ဖြစ်ကုန်ပြီဗျို့၊ အဲ့ဒါပြော့ ဦးဖင်းကြီးက ပြောပြပါတယ်ဗျာ။ ခုနကအဲဒါ တော့ဆက်ပေါ့ဗျာ။ ဖိနပ်ကလေးကို နောက်ကတက်နင်းတာနဲ့ ဝမ်းယား လိုးလဲတော့ စောက်ကန်းတွေ၊ ဘာတွေ၊ ညာတွေပြောတာ။ အဲဒါ စိတ်ဆိုးတာပေါ့ဗျ။ စိတ်ဆိုးရင် သီလရှိပါ့မလား။ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပြီ၊ နာတော့ သမ္မာဒိဋ္ဌိ အဲဒါတော့ဆက်။ ချိတ်ဆက်ဆိုတာလူပြည့်မှာပေါ့ဗျာ စာတော့မတတ်ဘူး ပြောမှားဆိုမှားရှိရင် ခွင့်လွှတ် သေချာသိအောင်ပြောသွားမယ်။ လူ့ပြည်မှာ တရားထိုင်တာပေါ့ဗျာ။ တရားထိုင်တော့ သူ့ပဲသိတယ်၊ ပညတ်အာရုံက နေ ပရမတ်အာရုံကို လက်ကလေးတဖျောက် ကြိုးတန်းပြီး သွင်းလိုက်တာ။ အဲဒါဟာ ချိတ်ဆက်ခေါ်တယ်၊ လောကုတ္တရာအာရုံ ကို ရထားပြီ၊ လောကီကို ပြန်ဆင်းလာတယ်။ ခန္ဓဝန်ကို ပြန်ဆင်းထားတယ်။ ပါးရိုက်လည်းခံမယ်၊ သေနတ်နဲ့ပစ်လည်းခံမယ်၊ သတ်ချင်တာသတ်။ ရိုက်ချင်တာရိုက် သူခံမယ်။ သည်းခံတော့မယ်။ ဟိုမှာ ချိတ်ထားတယ်။ လောကုတ္တရာအာရုံကို ရထားတယ်။ သဘောလေးပဲ။ အဲဒါကိုခေါ်တယ်။ ကွင်းဆက်ကတော့ ကျောက်ပြင်ကြီးလို ရေပတ်လည်ဝိုင်း အဲ့ဒါကတော့ ဘုရားက မေတ္တာအနုဿာအနုဿာမေတ္တာတွေ အယုတ်အလတ် အားကြီးကြီးမားတယ်။ စာတော့မတတ်ဘူးဗျာ ပြောမှားဆို မှားရှိရင်ခွင့်လွှတ်။ သာသနာငါးရာမှာ အရှင်ဘုရားရဲ့ သာဝကတွေ ကျန်ပါတယ်ဘုရားတဲ့ သကြားကလျှောက်တယ်။ အေး ကျန်ရင် တပည့်တော် နှစ်ထောင့်ငါးရာထိန်းပါမယ်ဘုရားတဲ့။ ငါးထောင်ဖြစ်သွားရော။ ငါးထောင်ဖြစ်သွားတဲ့အခါကျတော့ သကြားက ဒီဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာကိုသူထိန်းမယ်တဲ့၊ သူကူညီမယ်တဲ့၊ အခုသာသနာ နှစ်ထောင့်ငါးရာ ကျော်သွားပြီ၊ အနှစ်သုံးဆယ်ကျော်ပြီ။ အခုဘာလဲဆိုတော့ သိကြားပေါ့ဗျာ။ ဘုရားရဲ့သာသနာကို သိကြားက ကူလိမ့်မယ်။ မကောင်းသူပယ် ကောင်းသူကယ်မယ်။ ဟဲ့ သိကြားငါးတင် တင်တဲ့ငါးကြောင်စာ ကျန်တဲ့ငါး ဘုရားကယ်။ အဲ့ဒီဟာတွေ ခင်ဗျားတို့ ကောက်တတ်ဖို့လိုတယ်။ အဖိုးကြီးဒိုဒို ခါးကုန်းကုန်း မသေပါနဲ့ဦး နောင်နှစ်ခါတန်ဆောင်ဖုန်း ပွဲကြည့်ပါဦး ဒါတွေပေါ်လာတယ်။ သဘောလေးပဲပြောသွားမယ် မသိသူကျော်သွား သိသူ ဖော်စား ဒီသဘောလေးပဲ၊ ဒီတစ်ဘောင်တွေ ဖော်ပေးပါတယ်။ အဲဒီ့တော့ ဘယ့်သူ့ဘာပြောပြောရက်ကွက်လူကြီးက မင်းတို့ တစ်အိမ်တစ်ယောက်ထွက်ဆို

ထွက်သာပေးလိုက်၊ စေတနာနဲ့ အလုပ်လုပ်ပါ။ စေတနာနဲ့ အလုပ်လုပ်ရင် ပုဗ္ဗ၊ မုန္တ၊ ပရ ဆိုတဲ့ စေတနာကောင်းမှု ကုသိုလ်ကံရမယ်။ လူကြီးကြောက်ပြီးတော့ မနေက တောင်ကြဲ မြောက်ကြဲ လုပ်လည်း လုပ်ရသေးတယ်၊ မိစ္ဆာဒိဋ္ဌိကြီးနဲ့လုပ်တယ်။ လုပ်လည်းလုပ်ရသေးတယ် မိစ္ဆာဒိဋ္ဌိကြီးနဲ့ လုပ်တယ်။ လုပ်လည်းလုပ်ရသေးတယ် မိစ္ဆာဒိဋ္ဌိကြီးဖြစ်နေတယ်၊ သမ္မာဒိဋ္ဌိနဲ့ လုပ်ပါ။ လုပ်လေ အကျိုးရှိလေ။ ဗိုလ်လေ သူရပ်ကွက်ထဲမှာ သန့်ရှင်းရေးလုပ်မယ်ကွာ။ ဒါစေတနာနဲ့လုပ်တာ။ ဘုရားကဲ စေတနာကို ဟောထားတယ်။ စေတနာကို ကံကောင်းထားတယ်။ ဘာကောင်းတာလဲ သမ္မာအံ့ဗျ။ အဲ့ဒီတော့ လူကြီးက နိုင်းတယ် တစ်ခါတည်း ပိုက်ဆံထည့်ရမှာ ရွံနေတယ်။ အဲ့ဒါလုပ်ဘာလုပ်ရတယ်၊ စေတနာမပါဘူး။ စေတနာ မပါရင် မိစ္ဆာဒိဋ္ဌိ၊ အဲဒီစိတ်ကို ခင်ဗျားထိန်းရမယ်။ ဒီခေတ် ဒီကာလမှာ မလွယ်တော့ဘူး။ ခုနက မကောင်းသူပယ်မယ် ကောင်းသူကယ်မယ်၊ သချိုဘယ်ကောက်လဲ၊ ဗိုလ်ချေဘယ်လောက်လဲ၊ ကုဋေဘယ်လောက်လဲ၊ သူ့သာဝကတွေကို ငါ့ရဲ့ကိုယ် စား ထားပစ်ခဲ့မယ်။ အဲဒါ သာသနာတစ်ပတ် ဝိမုတ္တိယုကာခေတ် စာလိုပြန်ပြောတာ၊ အဲဒါပေါ့ဗျာ။ နောက်သဘောပေါက်လာ လိမ့်မယ်။ ဒီလောက်ဆို တော်ရောပေါ့ဗျ။ (သာဓု ၊ သာဓု၊ သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉- ၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉- ၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၈၃၅၅

# ဝိသုဒ္ဓိမဟာဖြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၇.၀၂.၁၉၉၉)ရက်နေ့၊ ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်မြို့၊ မြတ်တိုရေခဲစက်လေယာဉ်ကွင်းအနီးတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၂၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၇-၁၂-၁၉၉၉)ရက်နေ့၊ ရွာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြတ်တိုရေခဲစက် လေယာဉ်ကွင်းအနီးတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိမွေသစ္စာတရားတော်

ဦးပဉ္ဇင်း က စာပေကျမ်းဂန်မတတ်ပါဘူး။ စာပေကျမ်းဂန်မတတ်ပါဘူး။ အဲဒီတော့ မတတ်တော့ ဦးပဉ္ဇင်း က ပြောရမှာ ပညတ်မှာ မှားယွင်းသွားမယ်ဆိုရင် အားလုံးခွင့်လွှတ်ပါလို့ ဦးပဉ္ဇင်း ခွင့်တောင်းပါတယ်။ စာမှမတတ်တာနော်။ သံဃာတော်အရှင်မြတ် ဆရာတော် သမားတော် ထေရ်ကြီး၊ ဝါကြီးများလည်း တပည့်တော်အား စာပေကျမ်းဂန်မတတ်တော့ အသိတရားလေးကို ဟောပြတဲ့အခါမှာ မှားယွင်းသွားမယ်ဆိုရင် ခွင့်လွှတ်ပါလို့ တပည့်တော် စာမတတ်ပါဘူး။ စာကရေးထားတယ်။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဒီလိုရေးထားပါတယ်။ အဲဒီ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ကြားတော့ကြားဖူးတယ်။ မသိဘူး။ ကြားတော့ ကြားဖူးတယ်။ နောက်တစ်ခါ ဘာတွေကြားသလဲဆိုတော့ အဘိဓမ္မဆိုတဲ့ သဘောလေး၊ ဝိနည်းဆိုတဲ့ သဘောလေး၊ သုတ္တန်ဆိုတဲ့ သဘောလေး။ အားလုံးက သာသနာပြုကြပါတယ်။ အဲဒီတော့ ဦးပဉ္ဇင်း က စာပေကျမ်းဂန်မတတ်တော့ ခန္ဓာသိနဲ့ သဘောလေးသာနာကြပါ။ အဲဒီသဘောလေးဟာ သဘာဝကို သိလို့ သဘောလေးလို့ပြောတာပါ။ ဒီခန္ဓာသိဆိုတာက ကံအကြောင်းကိုပြောတာပါ။ ကံအကြောင်းကိုပြောတာပါ။ ဒီကံဟာ မိမိပြုလုပ်တဲ့ကံရှိသလို မိမိမပြုလုပ်တဲ့ကံရှိတယ်။ အဲဒီကံလေးကို ဦးပဉ္ဇင်း က သဘောလေးပြောပြပါတယ်။ ဒီကံဆိုတာက (၃)ပါးခေါ်တယ်။ အဲဒီ(၃)ပါးဟာ ဗမာလိုပြန်မယ်ဆိုရင်တော့ သူများပစ္စည်းမခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့၊ သူများအသက်ကို မသတ်နဲ့တဲ့။ ဒါ ပါဠိလိုဆိုရင် ပါဏာတိပါတ၊ အာဒိန္နဒါနာ၊ ကာမေသု မိစ္ဆာစာရာ လို့ စာကဟောသမုတ်ထားပါတယ်။ အဲဒီတော့ စာမတတ်တဲ့အတွက် စကားပြောတဲ့အခါ မှားယွင်းသွားရင် အားလုံးက သည်းခံပါလို့ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ရှိရင် အဓိပ္ပါယ်ကိုပေါက်ပါရဲ့ သဘောကို မနောမှာရှာပါး ပါဠိ အနက် အဓိပ္ပါယ် ဒီလိုရေးထားပါတယ်။ ပါဠိစကားကို သူမတတ်တော့ အနက်အဓိပ္ပါယ်သဘော၊ သဘောဟာ မနောမှာရှိပါတယ်။ အဲဒီတော့ ဒီမနောလေးကို သဘောလေးနဲ့နာကြပါ။ ဒါဖြစ်ကောင်းပြီးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံသုံးကံရှိတယ်။ အခု ဦးပဉ္ဇင်း တို့မှာရှိပါတယ်။ သူများအသက် မသတ်နဲ့၊ သူများပစ္စည်း မခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့၊ မုသာဝါဒ သူများကို မဟုတ်မမှန်စကားမပြောနဲ့၊ ဗမာလိုဘာလဲ လုပသော၊ တင့်တယ်သော မစွဲနဲ့ပေါ့။ မသာယာနဲ့ပေါ့။ ဒါတွေပြောတာပါ။ အဲဒီတော့ ဒီရဲ့ ကံတရားတွေဟာ ဘယ်ကံက သံသရာလည်သလဲ။ အဲဒီတော့ ကိုယ်က မခိုးပါဘူး၊ မလုပါဘူး၊ သူများအတင်း

မပြောပါဘူး။ ဘာဖြစ်သလဲ။ မနောကံကဖြစ်တယ်။ မနောကံက ခေါ်သမုတ်ထားတာ။ အပြစ်တစ်ခုရှိမှ ကံလို့သတ်မှတ်လိုက်တာ။ ဒီအပြစ်က ဘာအပြစ်လဲ။ ဥပါဒါန်၊ ဥပါဒါန်ဆိုတာ ဘာလဲ။ သားလေးရေနစ်တာတို့၊ သမီးလေးပျောက်ဆုံးသွားတာတို့ ကိုယ့်စီးပွားရေးမှာ ရောင်းလို့ဝယ်လို့ အဆင်မပြေတာတို့ ကိုယ်လုပ်ချင်တဲ့လုပ်ငန်းကို မအောင်မြင်တာတို့ ဒါလေးတွေဟာ ဥပါဒါန် မနောမှာဖြစ်တယ်။ ဘာလို့သိလဲ။ အာရုံငါးပါး စက္ခုအာရုံ၊ နား သောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝါအာရုံ၊ ကိုယ်အာရုံ ဒါအနုသယကိုပြောတာ။ အငိမတန်နုတဲ့ အနုသယ။ ကာယနုပဿနာ။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာခေါ်ပါတယ်နော်။ အဲဒါလေးတွေကို ခန္ဓာမှာရှာ။ အဲဒီနုပဿနာလေးခုဟာ ကာယနုပဿနာ။ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဘယ်သူပေါ်မှာရှိလဲ။ ရုပ်ပေါ်မှာရှိတယ်။ အဲဒါ ခန္ဓာငါးပါးခေါ်တယ်နော်။ ရုပ်ရယ်၊ စိတ်ရယ်၊ စေတသိတ်ရယ်။ အဲဒီ(၃)ချက်ကိုသတ်ရင် နိဗ္ဗာန်ဘဲ။ နီးနီးလေးပဲ။ ဒီရုပ်ပေါ်မှာဖြစ်နေတဲ့စိတ် တွေးစိတ်။ အဲဒီလို(၃)ချက်။ ဒါကြောင့်မို့ စိတ်၊ စေတသိတ်၊ ရုပ်။ အဲဒီ(၃)ခုကို မခွဲဘူးဆိုရင် ဒီလူသဘောပေါက်လာလိမ့်မယ်။ ဒီဘဝမှာ ပြောဒီဘဝမှာ သဘောလေးပဲ ဦးပဉ္စင်း က ပြောပါတယ်။ ဒါကြောင့်မို့လို့ ဘုရားကပြောပါတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရဓမ္မ အနတ္တတဲ့ ရေးထားတယ်။ ဒီသင်္ခါရဆိုတာ ပါဠိစကား။ ဗမာလိုဆိုရင်တော့ ဘာလဲဆိုတော့ အာရုံနဲ့ မနောပေါင်းပြီးတော့အား(ဟိုကတစ်မျိုး၊ ဒီကတစ်မျိုး) လောကီကြောင်းတွေ လောကုတ္တရာမဟုတ်ဘူး။ ဒါကြောင့် အဲဒီလောကီကြောင်းမှာ သမာဒိဋ္ဌိရှိတယ်။ မိစ္ဆာဒိဋ္ဌိရှိတယ်။ သမ္မာဒိဋ္ဌိဆိုတာ လုပ်ပြီးတော့ မွေးယူရတယ်။ ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာကံတွေနဲ့ လှူကြတန်းကြတယ်။ အမျိုးမျိုးလှူကြတယ်။ အဲဒီလှူလိုက်တဲ့ဝတ္ထုကာမပေါ်မှာ မိမိရဲ့နှလုံးသားက စေတနာစစ်ရမယ်။ ဒီစေတနာက မှန်ဖို့လိုတယ်။ ဝတ္ထုကာမ ကိုယ်မှာရှိတာက ကိလေသာကာမ ယှဉ်တွဲမိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာကမကြိုက်ဘူးတဲ့။ မစွဲဘူး။ ဒီအစွဲက အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်။ ငါ အာရုံ ၆ ပါးလွတ်ပြီလား။ မလွတ်သေးရင် ငါရုပ်နာမ် ၂ ပါးကို မသိဘူး။ ဘာကြောင့်မသိလဲ။ သတိပဋ္ဌာန် ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်၊ နောက် ကာယသတိပဋ္ဌာန် ထိုကာယပေါ်မှာ အနုဆုံးရှိတဲ့အာရုံတွေပေါ်မှာ ကာယမှာရှိတဲ့ ထိတာ သိတယ်။ ပူတာ သိတယ်။ အေးတာ သိတယ်။ အဲဒါတွေပဲ။ အဲဒါအပြင်ရဲ့သဘော။ အဲဒီတော့ အပြင်ရဲ့သဘော ဆိုတာဘာလဲ။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် ဒါ့အပြင် အကြောင်းလေးပါးအတွင်းမှာ ပထဝီရယ်၊ တေဇောရယ်၊ အာပေါရယ်၊ ဝါရောရယ်။ ဒါ တရားကျင့်တာတွေ။ ဒါ ဘုရားကျင့်တဲ့ အသိတွေ။

သဘောလေးနဲ့ပြောသွားတာ။ ဒါတွေဟာ အင်မတန်မှအရေးကြီးပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီကံသုံးကံ ဘယ်ကံကသံသရာလည်သလဲ။ မနောကံကလည်တယ်။ အခုဘဝမှာ အဲဒီတော့ မနောကံကလည်တဲ့အတွက်ကြောင့် အာရုံနဲ့ပေါင်းတယ်။ မနောနဲ့အာရုံပေါင်းတော့ အဲဒါ သခီရ ခေါ်တယ်။ အဲဒီသခီရ ဘာကြောင့်ဖြစ်ရတာလဲ သည်ကြောင့်ဖြစ်တာ။ သည်ဆိုတာ ပါဠိစကား။ ဗမာလို အမှတ်တရားခေါ်တယ်။ ဟောဒါက ခါတ်ဗူး။ ဟောဒါက ရေနွေးအိုး၊ ရေနွေးအိုးနဲ့ ခါတ်ဗူး မတူဘူး။ အဲဒါ ခွဲခြားတာ၊ မှတ်တာ သည်ခေါ်တယ်။ အဲဒီအပေါ်မှာသာယာတာ တဏှာခေါ်တယ်။ ဒါလေးကို သွားသာယာတယ်။ ဒါလေးကို နှစ်သက်တယ်။ မနောက အာရုံနောက်ကိုလိုက်ပြီး အဲဒါကံပဲ။ အင်မတန်နုတယ်။ ၃၁-ဘုံမထွက်နိုင်ဘူး။ ၃၁ ဘုံ ထွက်တဲ့အသိက တစ်မျိုး။ ၃၁ ဘုံ မထွက်တဲ့အသိက တစ်မျိုး။ ခင်ဗျား ဥပမာဘုရားကဟောတယ်။ သဗ္ဗေ အလုံးစုံသော သခီရအနိစ္စ သဗ္ဗေဆိုတာပါသွားပြီ။ ကြည့်စမ်း အဲဒီတော့ စာတော့မတတ်ဘူးဗျာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဒီကလည်း သဘောလေးနဲ့ပြောလိုက်တာ။ သဗ္ဗေ အလုံးစုံသော သခီရ အနိစ္စဆိုတာ ကံကိုဟောတာ ဗျို့။ ဗြဟ္မာ့ဘုံ ၂၀ ပါတယ်။ နတ်ဘုံ ၆ ဘုံပါတယ်။ လူ့ဘုံ တစ်ဘုံ အဲဒါ ၃၁ ဘုံပဲ။ အဲဒီ ၃၁ ဘုံမှာ လူ့ဘုံဟာ အမြတ်ဆုံးပဲ။ လူ့ဘုံက ကျင့်ရင်ရမယ်။ ကျင့်ရင်သိမယ်။ သိရင်ပယ်မယ်။ ပယ်ရင် မဂ်ဖိုလ် ဆိုက်မယ်။ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ ကြိုးစားရင် ကြိုးစားသလိုရမယ်။ သီလဆိုတာ ခန္ဓာမှာရှိ တယ်။ သမာဓိဆိုတာ ခန္ဓာမှာရှိတယ်။ ပညာဆိုတာ ခန္ဓာမှာရှိတယ်။ ဉာဏ်ဆိုတာ ခန္ဓာမှာရှိတယ်။ ဈာန်ဆိုတာ ခန္ဓာမှာရှိတယ်။ အဲဒါရှာတတ်ဖို့လိုတယ်။ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ ဟောဒီရုပ်ပေါ် မှာ ရင်းရှာမှသိမယ်။ သိရင် ပယ်မယ်။ ပယ်မှ မဂ်ဖိုလ်ဆိုက်မယ်နော်။ ခန္ဓာသိခေါ်တယ်။ ခင်ဗျားမျက်စိ ပစ္စုပ္ပန်မှာ တည့်တည့်မှာ ဒါလေးမြင်လိုက်တယ်။ မြင်လိုက်တော့ မသိဘူးလား။ သိပါတယ်။ အဲဒါ သိစိတ်တဲ့။ ဟော ခင်ဗျားနားက မကြားဘူးလား။ ကြားပါတယ်။ အဲဒါ ကြားစိတ်ပဲ။ ကြားစိတ်အတိုင်း ထားပါလား။ ခင်ဗျားသွားမှတ်တယ်။ ဟဲ့ ငါ့ဆဲတာဘဲ။ ငါ့ကိုမှတ်အောင်ပြောလိုက်တာ။ အဲ ဆဲသူက ဘာလဲ မိစ္ဆာအယူ။ မိစ္ဆာဒိဋ္ဌိ။ ကိုယ်ကလည်း မိစ္ဆာအယူကိုယူတော့ မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ ဒါကြောင့်မို့ အကြောင်းသတ်တရား မြင်လိုက်တဲ့၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ ဒီအကြောင်းသတ်မှ ပစ္စုပ္ပန်အကြောင်း သတ်မှ အတိတ်ရဲ့အကြောင်းရပ်မယ်။ အတိတ်ရဲ့အကြောင်းပြတ်မှ ပစ္စုပ္ပန်အကြောင်းရပ်မယ်။ ဒီလိုသဘောတရားလေးတွေရှိတယ်။ အတိတ်ရဲ့အကျိုးတရားဟာ ဘာလဲ။ ရုပ်တရား။ အတိတ်က ဘာနဲ့ရလဲ။ မနုဿတဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှာ ခဲယဉ်းစွာရသည်။ အဲဒီရုပ်တရားဟာ ဘာနဲ့

ဆောက်လုပ်တာလဲ။ ကိလေသာနဲ့ဆောက်လုပ်ထားတာနော်။ ကိလေသာဆိုတာ သဘောလေးပေါ့ဗျာ။ သဘောလေးသာနော်။ ဒီကိလေသာနဲ့ ဘာနဲ့ဆောက်လုပ်ထားလဲ။ တဏှာကြောင့် ကိလေသာဖြစ်တာ။ ဒါကြောင့်မို့ တဏှာနဲ့ ဒိဋ္ဌိကိုသတ်ပါတဲ့။ အဲဒီတော့ ဒိဋ္ဌိကဘာလဲ။ အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ ငါ့ကိုယူထားတယ်။ ငါ့သမီး၊ ငါ့သား၊ ငါ့စက်ဘီး၊ ငါ့ပစ္စည်း၊ ငါ့ကိုယ်ဆိုပြီးတော့ လောကီကိုအားကိုးထားတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဟာ ဖြစ်နေပြီ။ မနောမှာ အောင်းနေပြီ။ ကိုယ့်ကိုကိုယ် အောင်မှန်းမသိဘူး။ အဲဒီသဘောလေးတွေရှိတယ်ဗျာ။ အင်မတန်နုတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ဟောဒီမှာရှိတယ်။ အာရုံပေါ်မှာ ကျက်စားနေတယ်။ ဒါကြောင့်မို့ အဲဒီအာရုံငါးပါးနဲ့ မနောက မနောရဲ့ကံက အတိတ်ကရလာတဲ့ကံ၊ ပစ္စုပ္ပန်မှာရေးတာက အာရုံမသတ်နိုင်တာ။ အဲဒီပစ္စုပ္ပန်ရဲ့ သည်သခါရုပ်ဒါန်က ဒါတွေဖြစ်နေတယ်။ ကံကတော့ အဲဒီပစ္စုပ္ပန်သွားစွဲရင် ကံဘဲ၊ ဟောဒီ မနောကံကြားလိုက်တယ်။ သူများကဆဲလိုက်တယ်။ အေး အေး အေး ဒီလိုမလုပ်ဘူး။ ဘယ်သူပဲပျက်ပျက်မင်းမပျက်ပါနဲ့တဲ့။ မင်းစေတနာမပျက်နဲ့တဲ့။ စေတနာဟာ ဝိသုဒ္ဓိသီလခေါ်တယ်။ သီလ(၄)မျိုးလောက်ရှိလိမ့်မယ်။ ရဟန္တာသီလနဲ့ အနာဂါမ်သီလမတူဘူး။ အနာဂါမ်သီလနဲ့ သကဒါဂါမ်သီလ မတူဘူး။ သကဒါဂါမ်သီလနဲ့ သောတပန်သီလ မတူဘူး။ သောတပန်သီလနဲ့ ပုထုဇဉ်ကလျာဏသီလ မတူဘူး။ ဒီသီလတွေပဲ။ ဒါနဆိုတာ ခင်ဗျားတို့ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ သဘောလေးပဲ။ သာသနာမဆိတ်သုဉ်းသေးဘူး။ သာသနာ ၂၀၅၀၀ ဒီသာသနာ ၂၅၀၀ နှစ်ကျော်လာပြီ။ သာသနာ ၂၅၀၀ မှာ နှစ် ၃၀ ကျော် ၄၀ ရှိပြီ။ သာသနာ ၅၀၀၀ ဘက်ကူးနေပြီ။ ဒါကြောင့်မို့ အိပ်နေရင်း သေရင်သေမယ်။ လေငန်းဖြစ်မယ်။ ရောဂါအမျိုးမျိုးဖြစ်မယ်။ ဒေါက်တာတောင် စမ်းသပ်လို့မရတော့ဘူး။ စမ်းသပ်လို့ရတဲ့ရောဂါရှိသလို စမ်းသပ်လို့မရတဲ့ရောဂါလည်းရှိမယ်။ ၆ လသေမယ်။ ၇ လ သေမယ်။ ဒီလိုတတ်အပ်ဟောတာတွေပဲ။ အဲဒါဘုန်းကြီးကျောင်းအများကြီးရောက်နေတယ်။ ဒါဘာလဲ။ ခင်ဗျားတို့စာရေးထားတဲ့ အာရောဂျံပရမံ ကျန်းမာရေးလာဒ်တဲ့။ လာဒ်ထဲမှာ သူအကြီးဆုံးပဲ။ ပြီးတော့ နဘယံ ဘေးမရှိတဲ့။ အဲဒါ ပါဠိစကားတွေ။ အဲဒါတွေသိရမယ်။ အဲဒါတွေ မသိတော့ ဘာမှလဲမလုပ်တတ်ဘူး။ ဆရာကောင်းမတွေ့တော့ အဲဒီလိုဖြစ်ကြတယ်။ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမိထိအောင် သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကအေးပြီတဲ့။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားသလိုပဲ အေးနေပြီ။ အာရုံနောက်မှ မလိုက်တာပဲ။ အာရုံနောက်မလိုက်ရင် ဥပါဒါန်မရှိဘူး။ ဥပါဒါန်မရှိရင် ကံပြတ်ပြီ။ မနောကံပြတ်သွားပြီ။ အင်မတန်မှ ထူးပါတယ်။ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောမလဲ။ သီလစစ်၊

သီလမှန်နဲ့ဆေးကြောပါ။ အဲ ဒါနစစ်၊ ဒါနမှန်နဲ့ဆေးကြောပါ။ ဘာဝနာစစ် ဘာဝနာမှန်နဲ့ ပွားများပါ။ ဒါနဆိုတာ ခုနက ၃၁ ဘုံလွတ်တဲ့ပုဂ္ဂိုလ်တွေရှိတယ်။ ကိုယ်ပြည်မှာ အဲဒါ ခင်ဗျားတို့ကြည့်တတ်ဖို့ လိုတယ်။ ကိုယ်ကလည်း စေတနာစစ်ရမယ်။ ဟိုရဟန်းတော်လည်း မဂ္ဂအစစ်ဖြစ်ရမယ်။ ဒါကြောင့်မို့ ကုသိုလ်နဲ့ မဂ္ဂနဲ့ ပေတုပစ္စယောတဲ့ ဘုရားဟောအရပဲ။ အဲဒါ ပါဠိစကားတွေ။ အင်မတန်မှထူးပါတယ်။ ခင်ဗျားတို့လည်း မမြဲဘူး၊ ဦးပဏ္ဍိတ လည်း မမြဲဘူး။ သမ္မာလေးနဲ့လုပ်ကြပါ။ မိစ္ဆာလေးနဲ့ မလုပ်နဲ့။ မိစ္ဆာဆိုတာ ပါဠိစကား။ ဗမာလိုပြန်လိုက်ရင် ငါအိမ်၊ ငါ့မယား၊ ငါ့သမီး၊ ငါ့သား၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့စက်ဘီး၊ ငါ့မော်တော်ကား။ အဲဒီကားလေးကို တစ်ယောက်ယောက်ကရိုက်ချိုးရင် ဘာဖြစ်လဲ။ ကားကိုစွဲရင် တဏှာ။ အဲဒီကားလေးကိုစွဲရင် တဏှာခေါ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်သွားတယ်။ မနောထိခိုက်တယ်။ ဒေါသဖြစ်သွားတယ်။ ကားဟာ သိန်း ၄၀ ပေးရတယ်ကွာတဲ့။ အခု မှန်ကိုရိုက်ခွဲ ပစ်တယ်ကွာတဲ့။ သူသက်သက်လုပ်တာ။ မတော်တဆဖြစ်တာမဟုတ်ဘူးကွာတဲ့။ မူးမူးရူးရူးနဲ့ ရိုက်ခွဲ ပစ်တာကွာတဲ့။ ငါမြင်တယ်ကွာတဲ့။ ငါကားကိုလုပ်တာ။ မိစ္ဆာအယူ သမ္မာကလုပ်ပြီးယူရတာ။ လုပ်ပြီး တော့ ကိုယ်တော်မြတ်တွေကို ရှင်သာမဏေတို့ ရဟန်းတို့လိုက်ပြီးတော့ လှူရတာ။ ကိုယ်ကမလွတ် ဘူး။ ကိုယ်က ဘာမလွတ်သလဲ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာဆိုတာ အာရုံ ၆ ပါး။ အဲဒီအာရုံကို ယူထားတာက ဒိဋ္ဌိစေတသိတ်ခေါ်တယ်။ ဟောဒီဘဝမှာ နှစ်သက်နေပြီ။ ဟောဒီ ကာမနဲ့ နှစ်သက်သွားပြီ။ မျောပြီပေါ့။ ဟိုဟာကိုလည်း သူမသိပြန်ဘူး။ ကာမဝဋ္ဋ၊ ဘဝဝဋ္ဋ၊ ဝိဘာကဝဋ္ဋ။ ဒါဘုရားဟောထားတာ။ ဒါက တရားတွေ ခင်ဗျားတို့ သေသေချာချာလေး အသိလေးကိုနာပါ။ အဲဒီတော့ ခင်ဗျား ပစ္စုပ္ပန်တည့်တည့်ကိုမြင်တယ်။ မသိဘူးလား။ အဲဒါ သိစိတ်။ အဲဒီစိတ်ကလေးဟာ အဲဒီပစ္စည်းကိုမမှတ်ဘူးလား။ မှတ်ပါတယ်။ ဒါ ကျွန်မသမီးက၊ ဒါ ကျွန်မသမီးမဟုတ်ဘူး။ အဲဒါ ခွဲခြားတာ။ မှတ်တာ။ အဲဒါ ပါဠိလို သညာ ခေါ်တယ်။ အဲဒီ သညာကနေ သင်္ခါရဖြစ်တယ်။ ဒါကြောင့် မို့လို့ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ အနိစ္စတဲ့ သင်္ခါရနဲ့ယှဉ်တဲ့သီလရှိတယ်။ သင်္ခါရပြတ်ပြီးတော့ယှဉ်တဲ့ သီလရှိတယ်။ ဒါ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ သင်္ခါရနဲ့ဖြစ်နေတဲ့ အာရုံ ၆ ပါးနဲ့မလွတ်တဲ့ သီလရှိ တယ်။ အာရုံ ၆ ပါးလွတ်တဲ့သီလရှိတယ်။ အဲဒါကွာနေတယ်။ ကိုယ့်စိတ် ကိုယ်စစ်။ ပြန်ကြမှာပဲ ခင်ဗျားတို့အရင်ပြန်မလား။ ဦးပဏ္ဍိတ အရင်ပြန်မလား။ အနတ္တတရားပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ တစ်နေ့ကံကုန်ရင် သွားရမှာပဲ။ ဘုရားတောင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတောင်မှ အာယု သင်္ခါရလွှတ်တာပဲနော်။ ဦးပဥ္စင်းတို့က ကျောက်ခဲသလဲတွေ။ ကံကုန်ရင် သွားရမှာပဲ။ ရောဂါအမျိုးမျိုး နဲ့ အဲဖြစ်မလားဟဲ့ စိုးရိမ်ကြောင့်ကြနေရတယ်။ ဒီရုပ်ကြီးဟာ အဲဒီရုပ်ကြီးဟာ အင်မတန်ကြောက်မက်

ဖွယ်ကောင်းတယ်။ အဲဒီရုပ်ကြီးမှာ တဏှာတွေရှိတယ်။ အဲဒီတဏှာကို အဲဒီတော့ ဂန္ဓိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဒြုဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ နဲ့ရှာမှ တဏှာကိုသိမယ်။ အဲဒီ တဏှာက ကိုယ့်ကိုဒုက္ခပေးနေတာ။ အဲဒီတဏှာမပြတ်တော့ ကာမဝဋ်ဖြစ်နေပြီ၊ ဘဝဝဋ်မလွတ်တော့ ဘူး။ ဝိဘာဂဝဋ် သွားပြီ။ ဟိုက အနာဂါတ်ကိုပါ ပြန်ပြီ။ ဒီဝဋ်တွေဟာနော် ဘာဖြစ်ဖြစ် မကောင်းတာ မလုပ်ကြနဲ့၊ ကိုယ့်အိမ်နားနေကြတဲ့ အိမ်နီးချင်း တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ဘယ်သူပဲပျက်ပျက် မိမိမပျက် ပါနဲ့၊ မိမိစေတနာမပျက်ပါနဲ့။ သူတစ်ပါး ဘယ်လိုပြောပြော ကိုယ်စေတနာမပျက်ပါနဲ့။ စေတနာဟာ သီလနော်။ ဝိသုဒ္ဓိသီလ။ အာရုံကိုထိန်းတဲ့သီလ။ အာရုံကို မမှတ်တဲ့သီလ။ အဲဒီသီလကိုယူထားပါ။ အဲဒီသီလကို ယူထားတဲ့အတွက်ကြောင့် အပါယ်လေးပါးတံခါးပိတ်မယ်။ တွေ့လား ခင်ဗျားရဲ့ မြေလျှောက်ရဟန္တာတွေ။ လျှုထားသူကလည်း နဖူးစာရေးတာမဟုတ်ဘူး။ အဲဒီရဟန္တာ မြေလျှောက် ရဟန္တာတွေလှူတာ။ အဲဒီရဟန္တာက ၃၁ ဘုံလွတ်တာ။ ဟော ရုပ်နာမ်ကိုသူလွတ်သွားပြီ။ ဝိဉာဉ်က အဲဒီလိုပုဂ္ဂိုလ်ကို ကိုယ်ကလည်း ကိုယ့်မှာရှိတဲ့ရေလေးလှူလိုက်တယ်။ ဖျာလေးခင်းပေးလိုက်တယ်။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးလိမ့်မယ်။ ဟော ဝေနေယျဗိဇ္ဇ ဒီစေတနာ။ အဲဒီလိုယူတတ်ဖို့လိုတယ်။ သာသနာမဆိတ်သုဉ်းသရွေ့မှာ မြေလျှောက်ရဟန္တာတွေရှိတယ်။ မရှိဘူးလို့ပြောလို့မရဘူး။ ရှိတယ်။ မရှာတတ်လို့ မသိလို့။ ဦးပဏ္ဍိတ ပြောလဲ မယုံပါနဲ့။ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်း ပါ။ မေးမြန်းပါ။ ကိုယ်လည်း အလုပ်လုပ်ပါ။ ဝိပဿနာတရားကို သတိပဋ္ဌာန်လုပ်ပါ။ ဘာနဲ့လုပ်မလဲ။ မဂ္ဂင်ရှစ်ပါးနဲ့လုပ်ပါ။ မဂ္ဂင်ရှစ်ပါးက ဘုရားဟောအရ နိဗ္ဗာန်ကိုပို့တာသူ။ ဘယ်လိုပို့သလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ အဲဒါ ပညာမဂ္ဂင်။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ်က မိစ္ဆာတွေဖြစ်နေတာ။ အဲဒီလို စစ်လိုက်တော့ အဲဒါ သမ္မာတွေ။ သမ္မာဆိုတာ နိဗ္ဗာန်သွားမယ့်သီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့် သမာဓိ ခေါ်တယ်။ နိဗ္ဗာန်သွားမယ့် ပညာခေါ်တယ်။ အဲဒီသုံးပါးကို အဆီညှစ်ထုတ်တော့ ဘာဆီတွေကျလဲ။ ကောခမ္မောကျတယ်။ ကောခမ္မောက ဘယ်ကလာသလဲ။ ရုပ်ပေါ်၊ နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်ပြီးတော့ ကံသီလကို ဉာဏ်သီလကချုပ် ထားတာနော်။ အဲဒီသဘောလေး အင်မတန်အားကျဖို့ကောင်းပါတယ်။ ခင်ဗျားမရှိတာ ရှာရင်ရတယ်။ မသိတာ အခက်ဆုံး။ အသိလေးတစ်လုံးယူထား။ အဲဒီအသိလေး ဘယ်သူပျက်ပျက် ကိုယ်မပျက်နဲ့။

ကိုယ်လည်း ကျင့်လည်းမကျင့်နိုင်တော့ဘူး။ ကိုယ့်မှာလဲ ကာမာသဝ၊ သဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လေး။ ခုက ကိုယ့်ကိုနှိပ်စက်နေတယ်။ အဲဒါကြီးက ကာမဝဋ်ဖြစ်ပြီ၊ ဘဝဝဋ်မလွတ်တော့ဘူး။ ဝိဘာဂ ဝဋ်ဖြစ်ပြန်ပြီ။ ဟောဟော ဒီကျောင်းလေး ကောင်းအောင်လုပ်လိုက်တာ။ တဏှာ၊ မာန၊ ဒိဋ္ဌိက လုပ်လိုက်တာ။ ကြည့်စမ်း တဏှာဆိုတာ သာယာတာ၊ ကောင်းကောင်းလေးစားချင်တယ်။ ဇိဝှာ ကောင်းကောင်းလေး ရုပ်ရှင်ကြည့်ချင်တယ်။ စက္ခုအာရုံမှာ သာယာတာ။ နားသောတမှာ သာယာတာ။ နှံသာမှာ သာယာတာ။ ဇိဝှာ သာယာတာ။ ကိုယ်အာရုံမှာ သာယာတာ။ မနောဓမ္မမှာလည်း အယူမှား၊ အမှတ်မှား၊ အစွဲမှားနေပြီ။ အယူကောမှားနေပြီ။ ငါတော့ယူထားပြီ။ အမှတ်ကလည်း ငါသိတယ်။ ငါမြင်တယ်။ ပြီးတော့လည်း အမှတ်ကလည်းမှားနေပြီ။ အစွဲကလည်း မှားနေပြီ။ ဟောဒါ အနုသယ ကိုဟောတာ။ ဒီအနုသယအာရုံတွေကိုပယ်နိုင်မှသာလျှင် ခင်ဗျားတို့ လမ်းဖြောင့်မယ်။ ဒီအနုသယ ခုနကတော့ ကိလေသာကြမ်းကြီးကတော့ ပါဏာတိပါတကိုလည်း ရှောင်လို့ရပါတယ်။ အာဒိန္နာဒါန ကိုလည်း ရှောင်လို့ရတယ်။ ငါးသိန်းပေါင်းမြောက်များစွာရှိတာကိုး။ အဲ ကာမေသုမိစ္ဆာစာရာကိုလည်း ရှောင်လို့ရပါတယ်။ မုသာဝါဒါကိုလည်း ငါရှောင်လို့ရပါတယ်။ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ငါရှောင်လို့ရပါတယ်။ ဒီကံတွေကို ကာယကံ၊ ဝစီကံကို ငါရှောင်လို့ရပါတယ်။ မနောကံကို ငါရှောင်လို့ မရဘူး။ သားအတွက်နဲ့ သောကပဋိဒေဝ၊ သမီးအတွက်နဲ့ သောကပဋိဒေဝ၊ အလုပ်အကိုင်ဟာ တစ်ခုခု ဖြစ်တာနဲ့ သောကပဋိဒေဝ ပူနေရပြီ။ (ဥပါဒါန်တွေ)[၂] ဒီဥပါဒါန်ဟာ သံသရာလည်တဲ့တရား။ ကိုယ့်စိတ် ကိုယ်စစ်။ ဥပါဒါန်ဟာ သမ္မာနဲ့ ဥပါဒါန်ဖြစ်ပါစေ၊ မိစ္ဆာနဲ့ မဖြစ်ပါစေနဲ့။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]၊ အနတ္တတရားပါလားကွယ်။ အော် (အေး)[၃]၊ ရင်ထဲအေးသွားတယ်။ အတ္တကြီးသွားပြီး တော့ တစ်ခါတည်း ကြိုးချည်ပြီးတော့ မသေချင်ဘူး။ အတင်းဆွဲလို့မရဘူး။ အချိန်ကျရင် သွားမှာ။ ကဲ ဦးပဏ္ဍိတ လည်း အချိန်ကျရင်သွားမှာပဲ။ ခင်ဗျားလည်း အချိန်ကျရင်သွားမှာပဲ။ အဲဒီတော့ ဒီလို ဟာတွေကို အဲဒီတော့ တရားဟာ နှလုံးသွင်းတတ်ဖို့လိုတယ်။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ အာရုံ(၆)ပါးမှာ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ မယားကပြောတယ်။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ လင်ကပြောတယ်။ အော် (အေး)[၃] အော် (အေး)[၃] အော် (အေး)[၃]။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ သူများခိုင်းတာကို စေတနာနဲ့လုပ်ပါ။ သူများက ဟော့ကောင်တွေ တစ်အိမ်တစ်ယောက်ထွက်ကွာ။ မင်းတို့ဘာလဲကွာ။ ဟာ ကြောက်လို့လုပ်တယ်။ စေတနာပျက်နေပြီ။ လုပ်လည်းလုပ်ရသေးတယ်။ စေတနာမနောကပျက်ပြီ။ ဒီမှာနားကြားတယ်။ စေတနာပျက်သွားပြီဗျို့။ အဲဒီတော့ အပြင်မှာလည်းယူတာကိုသည်းခံပါ။ နှလုံးသားမှာလည်း စေတနာ

မပျက်ပါနဲ့။ လုပ်တဲ့ဒါနပေါ်မှာလည်း ကိုယ်ရဲ့ကာယ ဝစီဒါနဘာလဲ။ စင်ကြယ်ပါစေ။ နှလုံးသားမှာလည်း စေတနာမပျက်ပါနဲ့။ ဟောဒီကောင်းတယ် ကောင်းပါလား။ ဒီကောင်အလုပ်တယ်လုပ်ပါလား။ လူကြီးကတောင် ဟော စေတနာတွေရှိလာပြီဗျို့ ကိုယ့်အလုပ်တော့လုပ်တယ်။ စေတနာပျက်တယ်။ လူကြီး ရပ်ကွကလလူကြီးတွေကြောက်လို့ ဟောလုပ်တော့လုပ်တယ်။ ထွက်တော့ထွက်တာပဲ။ ပေါက်တူးလေးကိုင်ပြီးတော့ မြက်ရှင်းတာပဲ။ အဲဒါသာတွက်ကြည့်၊ ကိုယ့်စိတ်ကိုယ်စစ်ဗျို့ အများသွားတဲ့လမ်း ပြည်သူအများသွားတဲ့လမ်း။ တို့တွေမဟုတ်ဘူး။ အများလုပ်ရတာပဲကွာ။ တို့တော့ လုပ်မှပဲကွာ။ သန့်သန့်ရှင်းရှင်းနဲ့ စေတနာသန့်သန့်ရှင်းရှင်းနဲ့ သဘောလေးနဲ့လုပ်ရင် အင်မတန်ထူးတဲ့ သီလတွေ၊ စေတနာကလည်းမှန်တယ်။ ခုန ခင်ဗျားလုပ်တဲ့ ကာယ၊ ဝစီဒါကကလည်းမှန်တယ်။ အဲဒါ ခင်ဗျားကဖြစ်နေတာ။ ကိုယ့်ကိုယ်ကိုယ်ဖြစ်နေတာကို ဖြစ်မှန်းမသိဘူး။ နှလုံးသားက စေတနာကလည်း အလွန်ကောင်းတယ်။ လုပ်ချင်တဲ့စေတနာကလည်း ပေါ်နေပြီ။ ကာယ ဝစီကလည်း ကြိုးစားပြီး လုပ်တယ်။ ဒါကြောင့်မို့ ဝီရိယထုထောင်ပါ။ ဝီရိယဘာကြောင့်ဖြစ်ရသလဲ။ သဒ္ဓါကြောင့်ဖြစ်တာပါ။ သဒ္ဓါဆိုတာ ဘုရားကိုလည်းယုံကြည်ပါတယ်။ တရားကိုလည်း ယုံကြည်ပါတယ်။ သံဃာတော်ကို လည်း ယုံကြည်ပါတယ်။ ယုံကြည်တာ သဒ္ဓါ။ သဒ္ဓါက ဝီရိယလုပ်ပြီး တရားတွေ အားထုတ်ပြီး။ တရားတွေ အားထုတ်တဲ့အခါမှာ သဒ္ဓါကတင်ပေးလိုက်တယ်။ သဒ္ဓါဗိုလ်တွေက တင်ပေးလိုက်တယ်။ ဟောသီလဗိုလ်တွေဖြစ်လာပြီ။ သမာဓိဗိုလ်တွေဖြစ်လာပြီ။ ပညာဗိုလ်တွေဖြစ်လာပြီ။ အဲဒီတော့ ခင်ဗျားတွေးကြည့်၊ ဒုစရိုက် ၁၀ ပါးလုံနေပြီ။ ကာယဒုစရိုက်လည်း ပါဏာတိပါတာ ဒါလည်း ဒီ အယူဝါဒလည်း မယူပါဘူး။ အဒိန္နာဒါနာ အဲဒီအယူဝါဒလည်း ဥပေက္ခာပါပြီ။ အဲ ကာမေသု မိစ္ဆာစာရ အဲဒီအယူဝါဒလည်း မယူပါဘူး။ မုသာဝါဒ မဟုတ်မမှန်တဲ့စကားလည်း မပြောပါဘူး။ ဟော ဝိပဿနာ လုပ်တော့ ပါးစပ်ပိတ်နေပြီ။ ဘယ်သူလာလာ ဆေးလိပ်လည်းမသောက်တော့ဘူး။ ရေလည်း မသောက်တော့ဘူးနော်။ တစ်ချက်တည်း မဂ်ကချုပ်ထားလိုက်တာ။ ခန္ဓာကို ချုပ်ထားလိုက်တာ။ အဲဒါကို မသိလိုက်ဘူးဗျို့ အဲဒီတော့ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်ဖြစ်ရော။ ဟော မနောကို ချုပ်တယ်။ တရားမထိုင်တဲ့အသိက ဟိုအိမ် ဒီအိမ်လည်လိုက်တယ်။ ညှော်သည်လာရင် ကုက္ကုစ္စစိတ် ဖြစ်တတ်တယ်။ ဗျာပါဒစိတ်ဖြစ်တတ်တယ်။ ဝန်တိုမိစ္ဆာစိတ်ဖြစ်တတ်တယ်။ ဒေါသစိတ်ဖြစ်တတ်တယ်။ မောဟစိတ်ဖြစ်တတ်တယ်။ အာရုံနဲ့ပေါင်းတာကိုးဗျာ။ တရားမှမထိုင်တော့ အဲဒီတော့တရားထိုင်တော့ လောဘစိတ်လည်းမရှိပါဘူး။ ဒေါသစိတ်လည်း မရှိပါဘူး။ မောဟစိတ်လည်း မရှိပါဘူး။ မစ္ဆရိယစိတ် လည်း မရှိပါဘူး။ ဒီစိတ်တွေမရှိတော့ဘူး။ ရှုံးရှဲ ရှုံးရှဲ ဒါလုပ်တာလည်း မမြဘူး။ မမြဲတာ အနတ္တ။

သွားစွဲရင် အတ္တ။ အတ္တကိုပယ် အနတ္တကိုမြင်အောင် စုတိတကရုပ် သိတာကနာမ်၊ ထိတာကဘာလဲ။ ကာယပသာဒ။ လေကဝင်တယ်။ ထွက်တယ်။ ဝင်တော့လည်း သိတယ်၊ ထွက်တော့လည်း သိတယ်။ အဲဒီအသိကို ဟောဒီမနောက နှာခေါင်းနှစ် ပေါက်ကို အသိအာရုံဝင်တယ်။ ထွက်တဲ့အာရုံကို အသိကပ်ထား။ အသိကပ်ထားရင် ဗျာပါဒစိတ် မရှိဘူး။ ဝန်တို မိစ္ဆာစိတ်မရှိဘူး။ ကုက္ကုစ္စစိတ်မရှိဘူး။ ဒေါသစိတ်မရှိဘူး။ မောဟစိတ်မရှိဘူး။ အဲဒီ စိတ်တွေ အနုသယစိတ်တွေ တွေးစိတ်တွေမရှိတော့ဘူး။ ဘာလဲ အဲဒီအသိလေးကပ်ထား။ ဝင်တယ် ထွက်တယ်။ မနောရဲ့အာရုံလေးက ဘဝင်အာရုံလေးက ထွက်တယ်၊ ဝင်တယ်။ နှာသီးနှာဖျားဝမှာ အသိကပ်ထားပြီ။ ဟောငြိမ်သွားပြီ။ ကာယလည်း ငြိမ်ပြီ။ ဝစီလည်း ငြိမ်ပြီ။ မနောလည်း ငြိမ်ပြီ။ အဲဒါ အမိသီလခေါ်တယ်။ အမိဆိုတာ ဝိပဿနာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ မှန်တာကိုကျင့်ပါတယ်။ မှန်တာကို ပြောပါတယ်။ မှန်တာကို အသက်မွေး ဝမ်းကျောင်းပြုပါတယ်။ ဒါသမာတွေ။ ဒါလေးနဲ့နေထိုင်ပြီးတော့ ဟာ လူ့ဘုံမှာလေ အနာခံရင် အသာစံရမယ်။ ဘဝမှာလေ ဘာဖြစ်ဖြစ်လုပ်ပါ။ ခင်ဗျားတို့ မိုးကျောခိုင်းပြီးသွားရင်တော့ အပါယ် လေးဘုံတွေ၊ ရပ်ပြစ်ရှစ်ပါးတွေကြောက်ဖို့ အားကြီးကောင်းတယ်ဗျာ။ အဲဒါကို ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို၊ ကိုယ့်ညီလို အောက်မေ့လို့ ငါတော့ အစက ဦးပဍ္ဍင်းရဲ့ဘဝကို ပြောပါမယ်။ ဦးပဍ္ဍင်းက ဟိုသရက်ကုန်းကျေးရွာ၊ အိမ်မဲမြို့နယ်အပိုင်မှာနေပါတယ်။ သရက်ကုန်း အလယ်လမ်းမှာနေပါတယ်။ လမ်းသုံးလမ်းရှိတယ်။ ကမ်းနားလမ်းရယ်၊ အလယ်လမ်းရယ်၊ နောက်ဖေးလမ်းရယ် သုံးလမ်းရှိပါတယ်။ ဦးပဍ္ဍင်း ရဲ့အဖေက ဦးချိုတိုး တဲ့။ ဦးပဍ္ဍင်း ရဲ့အမေက ဒေါ်အုန်းမေ တဲ့။ အဲဒီတော့ သူတို့ အမိအဖနှစ်ယောက် ဒေါ်အုန်းမေ နဲ့ ဦးချိုတိုး က ဥပမာ သူတို့ ငယ်စဉ်အခါ အပျို လူပျိုပေါ့ဗျာ။ သူတို့ဇာတ်ထုတ်ကိုလည်း ပြောပြပါ့မယ်။ အဲဒီတော့ ဒေါ်အုန်းမေ က ဦးချိုတိုး ကိုကြည့်လိုက်တဲ့အခါကျတော့ ဦးချိုတိုး ရဲ့ ရုပ်ရည်ရူပကာကို သွားစွဲတယ်ဗျို့။ ဦးချိုတိုး ကလည်း ဒေါ်အုန်းမေ ရဲ့ ရုပ်ရည်ရူပကာ အမေလေး ဝလိုက်တာ။ ကိုယ်လုံးကိုယ်ပေါက်ကလေးက လှလိုက်တာ။ မျက်ခုံးလေးက ဖင်ယော်တောင်နဲ့ ဒီ အုန်းမေ က တယ်ကောင်းပါလားဆိုပြီးတော့ အာရုံနဲ့ မနောကြိုက်တာပဲဗျို့။ ကြာတော့ ညားရောဗျို့။ ဒေါ်အုန်းမေ ဦးချိုတိုး ညားတော့ ဘာဖြစ်လာလဲ။ ခင်ဗျားတွေးကြည့်။ မြမောင် ဖြစ်လာတယ်ဗျို့။ ဘာနဲ့ရထားသလဲ ဆိုတာကြည့်။ အဲဒီလိုရထားတဲ့ မြမောင် ပါပဲဗျာ။ အဲဒီ မြမောင် ကလည်း ရပြန်တော့ တစ်နေ့သော အခါ မြမောင် က လူ့ပြည် ရောက်လာတဲ့အခါကျတော့ သူဟာ ငယ်သေးတာကိုဗျာ။ ၁၄ နှစ်အရွယ်ရောက်တော့ စာမတတ်၊ ပေမတတ်။ ဆင်းရဲနွမ်းပါးတော့ အဖေ အမေက ကောက်ရိတ်တယ်။ သူများလယ်တွေမှာ ခွက်

ကောက်ရိတ်ရတယ်။ လယ်ပိုင်မရှိပါဘူး။ ဥယျာဉ်ပိုင်မရှိပါဘူး။ သူများလယ်တွေမှာ ခွက်ကောက်ရိတ်တယ်။ အဲဒီလိုခွက်ကောက်ရိတ်တော့ သားလေးက အိမ်ကနေပြီးတော့ ဆွဲခြင်းလေး နဲ့ ဇလုံလေးနဲ့ ငါးပိပန်းကန်လေးအုပ်၊ ထမင်းလေးအုပ်ပြီးတော့ ထမင်းနဲ့မြှုပ်ပြီးတော့ သွားပို့ရတယ်။ သွားပို့တဲ့အခါကျတော့ အော် အဖေ၊ အမေတွေစားဖို့ သူက ဘာလုပ်လဲ။ ကောက်သင်းကောက်တယ်။ ကောက်သင်းကောက်တဲ့စပါးနှံဟာ ပတ်ကြားအက်ထဲမှာ တစ်ချို့လည်း ကျတယ်။ တစ်ချို့လည်း တင်တယ်။ အဲဒါလေးတွေကောက်တော့ သိပ်တော့မရဘူး။ သိပ်မရတော့ သူဘယ်လိုလုပ်သလဲဆိုတော့ မိဘရဲ့တံစဉ်ယူပြီးတော့ အဲဒီကောက်လှိုင်းအဖျားတွေဖြတ်တော့တာပဲဗျို့။ အဲဒီကလေးက ၁၄ နှစ်သားလေးရယ်နော်။ လောဘ၊ လောဘ သူများပစ္စည်းကို အာဒိန္နာဒါနာ သူများပစ္စည်းကိုခိုးပြီဗျို့။ အဲဒါစွဲလို့ခိုးတာပေါ့ဗျာ။ အဲဒီတော့ အဲဒါတွေယူလာပြီးတော့ ခေါင်းရင်းမှာတောင်းထဲထည့်ပြီး အုပ်တာ။ သခင်မြင်မှာစိုးလို့။ အဲဒါတွေခိုးပြီးတော့ လာပြီးတော့ ခြေထောက်နဲ့လိမ်တော့တာပဲ။ ပွတ်တော့တာပဲ။ ပွတ်တော့ စပါးနှံ၊ စပါးစေ့ကလေးတွေဖြစ်ကုန်ရောဗျို့။ ဖြစ်တော့ ဘယ်လောက်ရလဲ။ (၄)ပြည်ရတယ်။ (၆)ပြည်ရတယ်။ (၈)ပြည်ရတယ်။ အဲဒါပဲဗျို့။ ပျော်တယ်နော်။ အင်မတန်မှ ဒီတဏှာဟာ အင်မတန်မှ ကြောက်ဖို့ကောင်းပါတယ်။ ဒီဥပါဒါန်ဘာကြောင့်ဖြစ်ရလဲ။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ အဲဒါဟာ သံသရာလည်တဲ့တရားတွေ ကောင်းသလားဆိုတော့ မကောင်းဘူး။ သူများပစ္စည်းကိုခိုးတာ။ အဲဒါ မိစ္ဆာအယူတွေဗျို့။ အဲဒါ နှစ်တာပဲဗျို့။ တစ်နေ့သောအခါမှာ ခေတ်ပျက်တော့ ပြေး။ ပုသိမ်ရောက်လို့ရောက်။ မြောင်းမြရောက်လို့ရောက်။ တောရောက် တောင်ရောက်။ ပုသိမ်ရောက်ပြီးတော့ နယူးလိုင်းမှာနေရတယ်။ တောသမားတွေ ဟောဒီတောဘေးနားက နယူးလိုင်းမှာနေရတော့ ရက်ပေါင်း ၃၀ ကျော် ၄၀ လောက်ကျတော့ ပုသိမ်က မြောင်းမြကအမျိုးတွေကရှိတော့ အမျိုးတွေကခေါ်တော့ လိုက်သွားတယ်။ အဲ တဖြည်းဖြည်းကြီးလာတော့ ရဲထဲဝင်တာပဲဗျို့။ ရဲထဲဝင်တော့ အဖွဲ့ကောင်းတယ်နော်။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းဘူး။ မြမောင် လစ်ရင်ခိုးပြန်ရော။ ရေနံဆီတွေခိုးလိုက်။ သူတာဝန်ကျတာ ဘယ်မှာလဲဆိုတော့ ယူဘီ ၁၃၉ မှာကျတယ်။ ဆလင်ကခိုင်းလိုက်၊ စက်ဆရာက ခိုင်းလိုက်။ ဆလင်တွေ၊ စက်ဆရာတွေကုန်းပေါ်တက်တုန်း ရေနံဆီပိုက်ဖွင့်ပြီး ပုလင်းထဲထည့်ပြီး ရောင်း၊ ရောင်းပြီးတော့ ဘုံဆိုင်မှာအရက်သောက်။ ဒါကောင်းလား။ ဒါမိစ္ဆာအယူတွေပဲဗျို့။ လုပ်တာ မသိတော့လုပ်တာပဲဗျို့။ အဲ အခုတော့ အသက်ကြီးလာတော့ အသက် ၂၄ နှစ်အရွယ်ရောက်တော့ ရဲထဲဝင်တာပဲဗျို့။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းပြန်ဘူးဗျို့။ အဖွဲ့ကောင်းတယ်။ လူမကောင်းဘူး။ ဒီသဘောပဲ။ အဲဒီတော့ လူကြီးလစ်ရင် လစ်သလို လုပ်တယ်ဗျာ။ လူကြီးလာရင်တော့ ကြောင်သူတော်

ကြွက်သူခိုးလေးပဲလုပ်နေတာပဲ။ အဲဒီလို သညာရဲ့လှည့်ဖျားတဲ့အကြောင်းတွေပါပဲ။ အဲဒါပါပဲ။ အဲဒါကို အဟုတ်ထင်ပြီးတော့ ဒါနဲ့နေလိုက်တဲ့အခါမှာ ရဲထဲကနေပြီးတော့ နားလေးပြီး ပင်စင်ယူတယ်။ ယူတဲ့အခါ ဘာဖြစ်လဲဆိုတော့ ရပ်ကွက်ထဲမှာ သူက ဒေါင့်မကျ၊ ပြားမကျပေါ့ဗျာ။ ဥပဒေက သူကတတ်တော့ မာန်လေးနော်။ တဏှာ၊ မာန၊ ဒိဋ္ဌိက အင်မတန်ကြောက်ဖို့ကောင်းတယ်။ တဏှာကြောင့် မာန်၊ မာန်ကြောင့် ဒိဋ္ဌိ၊ ဒိဋ္ဌိကလုပ်လိုက်တာ အာရုံနဲ့ ဒိဋ္ဌိပေါင်းလိုက်တာ။ ဒါကြောင့် အယူမှား၊ အမှတ်မှား၊ အစွဲမှား။ အဲဒီ ဒိဋ္ဌိ ဟာ အင်မတန်ကြောက်ဖို့ကောင်းတဲ့ဒိဋ္ဌိကြီးပဲဗျို့။ အဲဒီတော့ တစ်နေ့သောအခါ ဘာဖြစ်လာလဲဆိုတော့ မြောင်းမြမြို့ ဦးချစ်အေး ရုံးမှာ ဒလဝမ်လုပ်တယ်ဗျို့၊ ဒလဝမ်လုပ်ရင်းနဲ့ ၄ နှစ် လား၊ ၅ နှစ်လား စီမံကိန်းမှာ သူတို့မရှိတော့ဘူး။ အဲဒီတော့ ဘယ်မှာပြန်လုပ်သလဲဆိုတော့ မိုးလေဝသတစ်ဖက်ကမ်းမှာလုပ်တယ်။ မိုးလေဝသ အဲဒီ စောင့်တာပေါ့ဗျာ၊ ဒလဝမ်ပေါ့၊ မိုးလေဝသမှာစောင့်နေရင်းနဲ့ တစ်ခါတည်း တစ်ယောက်တည်း ညလည်းစောင့်၊ နေ့လည်းစောင့်ဆိုတော့ ဒါတွေက စိတ်ကပျက်ပျက်လာတယ်။ စိတ်ပျက်လာတယ်။ အော် အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ သူညညကျ မအိပ်တော့ဘူး။ သူဒါတွေပဲလုပ်လုပ်နေတယ်။ တကုပ်ကုပ်လုပ်နေတယ်။ ဝိပဿနာတွေပဲလုပ်နေတယ်။ ဆရာလည်းမရှိပါဘူးဗျာ။ ထိတာကရုပ်။ သူအခုမှပြောတတ်တာ။ ဟိုတုန်းက နင်းကန်ရှုနေတာ။ ဘာလို့ရှုရလဲဆို မိန်းမတွေးလိုက်၊ သမီးတွေးလိုက်၊ သားတွေးလိုက်။ အိမ်မှာဆန်ရှိလား။ မနက်ချက်ဖို့ရှိလား။ ညနေချက်ဖို့ရှိလား။ ဒီအစွဲဥပါဒါန် တယ်ပူတာပဲဗျို့။ အဲဒီလို နင်းကန်ရှုတော့ အဲဒီအတွေးလေးတွေ ခေါင်းပါး ခေါင်းပါးလာတော့ နောက်ကျတော့ မိုးလေဝသမှာ ကျွန်တော်မလုပ်တော့ဘူးဗျာ။ အလုပ်ထွက်တော့မယ်။ မထွက်ပါနဲ့ ဦးမြမောင်။ ခင်ဗျား မထွက်ပါနဲ့။ ထွက်မယ်ဗျာ။ မလုပ်တော့ပါဘူး။ နည်းနည်းသိလာပြီ။ ဗေဒါကမျောတယ်။ အခု အဲဒီ ဗေဒါမရှိပါလား။ အော် ဖုတ်ချက်ဖုတ်ချက်အသံကြားတယ်။ ဒီအသံမရှိပါလား။ အဲဒီလိုစိတ်ကတစ်မျိုးဖြစ်လာတယ်ဗျို့ သူဖြစ်ချင်လာတယ်နဲ့တူပါတယ်။ အဲ မိုးလေဝသ ကနေထွက်ပြီးတော့ သူအိမ်ပြန်လာတယ်။ အိမ်မှာ သူ့မိန်းမက ဒေါ်မြင့် တဲ့။ သူ့နာမည်မပြောပါနဲ့တဲ့။ သူက ဝိတ်ထားတယ်။ တရားပွဲမှာ ဒါကြောင့်လွှတ်ကနဲပြောမိတယ်။ အဲဒီဒကာမကြီးကျ အေး ကိုမြမောင် တဲ့၊ ရှင်သွားချင်တာသာသွားပေတော့၊ ရှင်က လူဆိုးတစ်ယောက်ပါပဲ။ ဟုတ်ပါတယ်ဗျာ။ အရပ်က လူဆိုးတစ်ယောက်ပါ။ အခုသွားတော့မယ်လို့၊ သူကလည်း သူ့သမီးတွေဆီလိုက်သွားတယ်။ လပွတ္တာအောက်ဘက် ဟိုးအညာကို သူ့သားမက်က ဂျေအီးလားမသိပါဘူးဗျာ။ ဆည်မြောင်းမှာလုပ်တယ်နော်။ ဦးပဥ္စင်း က ထွက်တော့ တာပဲ။ ကုန်းသာ။ ကုန်းသာကိုသွားတဲ့အခါကျတော့ အဲဒီမှာ ဗေါဓိမြိုင်ဆရာတော်ရှာပနကို ဖူးလိုက်

သေးတယ်။ အိပ်ထဲမှာ ဆရာတော်ရဲ့ ဝေဘူစာအုပ်ကလေးထည့်သွားတယ်။ အဲဒီစာအုပ်ပဲပါတယ်။ ဒီပြင် ဘာမှမပါဘူး။ အဲဒီသွားတဲ့အခါကျ ညောင်ပင်ကြီးသွားတယ်။ ညောင်ပင်ကြီးမှာ တရားထိုင်ဖို့ အော် ဒီနေရာက ရှင်းတာပဲ။ လူသူလေးပါးကင်းမဲ့တဲ့နေရာပဲ။ ငါတရားအားထုတ်မှပဲဆိုပြီးတော့ ဆင်ကူးနားက ညောင်ပင်ကြီးမှာနေတယ်။ တစ်နေ့သောအခါ အဲဒီနားက ကရင်လူမျိုးကလာတယ်။ ခင်ဗျားဘယ်ကလဲတဲ့။ ကျွန်တော် မြောင်းမြ ကလို့။ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ။ မြမောင် လို့။ ခင်ဗျား ဒီကိုဘာလို့လာတာလဲ။ ကျွန်တော်ဒီမှာ တရားထိုင်ဖို့လာတယ်။ ခင်ဗျားတို့မြောင်းမြမှာ တရားစခန်းပွဲတွေမရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ ဘာလို့အဲဒီမှာမထုတ်သလဲတဲ့။ အဲဒီမှာ ဘာမှလဲ ဦးပဥ္စင်းကလည်း စုတ်ပြတ်နေ။ ခင်ဗျားအမြင်။ အဲလိုဝတ်တာစားတာစုတ်ပြတ်ပြီလို့။ ထင်မင်းဖိုး၊ ဟင်းဖိုးလည်း ဝတ္ထုတွေမပေးနိုင်တော့ဘူးလို့။ ဒီမှာပဲ ဒီမှာ ခင်ဗျားဘယ်သူကျွေးမလဲတဲ့။ ကျွေးချင်လည်းကျွေး၊ မကျွေးချင်လည်း သေပြီးတာပါပဲ။ ဟာ ခင်ဗျားဒီလိုမပြောနဲ့။ ခန္ဓာရုပ်ကြီးက နေမှာမဟုတ်ဘူးတဲ့။ ဒါဖြင့် ကျုပ်ကျွေးမယ်။ ခင်ဗျားနာမည်ဘယ်လိုခေါ်သလဲ။ ဦးပေါ်လူ တဲ့။ ကျွေးပေတော့တဲ့။ သူက ကျွေးတယ်။ ကျုပ်က ကျင့်တယ်။ ညက မကျင့်ရဲဘူးဗျာ။ သရဲကြောက်လို့။ ဟိုကချွတ်ချွတ်၊ ဟိုက အုန်းဗိုင်းနဲ့ဆိုတော့ ဟာဘုရား၊ ဘုရား စိတ်ခြောက်ခြားနေတာ။ စိတ် စိတ် စိတ် ချောက်ခြားနေတာ။ ဟာ ဘုရား ဘုရား။ အဲ မနက်မိုးလင်းခါနီး ၄ နာရီ၊ ၄ နာရီခွဲ ၃ နာရီလောက်မှ ဟိုကကျွဲသံ၊ နွားသံတွေကြားမှ အဲဒီတော့ ထကျင့်။ တစ်နေ့လုံးကျင့်တာပဲ။ အဲဒီတော့မှ အကျိုးပေါ်မှ အကြောင်းပေါ်လာတယ်။ အကြောင်းဆိုတာ အော် ဥပမာ ဦးပဥ္စင်း က စာမတတ်လို့ အကျိုးပေါ်မှာ အကြောင်းတရားဆိုတာ ဝေဒနာတွေပေါ့ဗျာ။ အဲဒီတော့ ဒီရုပ်တရားကြီးဟာ ဖောက်ပြန်လာတယ်။ ကြာလာတော့ သမာဓိအားကောင်းလာတယ်။ ဖေါက်ပြန်လာတယ်။ ဖေါက်ပြန်လာတော့ ကိုက်တယ်၊ ခဲတယ်၊ ထုံတယ်၊ ကျင်တယ်၊ ပညာတ်ကို နာမည်တပ်တာ။ အော် ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ ပူတာလည်း ဝေဒနာ။ အေးတာလည်း ဝေဒနာ။ ဝေဒနာ ဝေဒနာနဲ့ လိုက်တော့ သဘောလေးသိလ၊ သမာဓိကောင်းလာတဲ့အခါကျတော့ အဲဒီလို ဟိုကျင့်လိုက်၊ ဒီကျင့်လိုက်။ နောက် ပဲခူးနားရောက်လာတဲ့အခါကျတော့ ပဲခူးလွန်တော့ ကျိုက်ပဒိုင်းဆိုတဲ့ရွာတစ်ရွာကိုရောက်သွားတယ်။ အဲဒီမှာ ဘုရားမှာကျင့်တော့မှာ ဦးပဥ္စင်း ရဲ့ သဘောလေးသိသွားတယ်။ အော် ကျိုက်ပဒိုင်း နားကျမှ ပဲခူး ကို သနပ်ပင် ကျိုးက်ပဒိုင်း။ အဲဒီဘက်ရောက်သွားတော့ သဘောပေါက်ပြီ။ ရွှေလောင်းမှာလည်း ငါသဘောမပေါက်ခဲ့ဘူး။ ဒီနေရာမှာ သဘောပေါက်ပြီ။ အဲဒီကနေဆက်ပြီးတော့ အတင်းသဒ္ဓါတွေလင်းလာတယ်။ ခန္ဓာမှာရှာတာ။ အကုန်လျှောက်ရှာတာ။ ခင်ဗျားတို့ ညောင်လေးပင်ဆိုတဲ့ ပြွန်တန်ဆာ

ညောင်လေးပင် ခုနက ဖြူးအပိုင်မှာ အဲဒီမှာလည်း သွားကျင့်တာပဲ။ ကြံတောထဲလဲ ကျင့်တာပဲနော်။ ဒီလိုကျင့်တဲ့အသိတရားတွေပါ။ ဒါကြောင့်မို့လို့ ခင်ဗျားတို့ရဲ့ကိုယ်စား ခင်ဗျားတို့ရဲ့ မျိုးစေ့ ဦးပဏ္ဍိတက လာပြီးတော့ ပုသိမ်မြို့မှာ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ဘာဝနာစစ်၊ ဘာဝနာမှန်။ ခင်ဗျားတို့ရဲ့ အသိလေးတွေလာပေးတာပါ။ ခင်ဗျားတို့လည်း မမြဲဘူး။ ကံကုန်ရင် ပြန်ရမယ်။ ဦးပဏ္ဍိတ လည်း ကံကုန်ရင်ပြန်ရမယ်။ ဘယ်သူပဲ ပျက်ပျက် ကိုယ့်ရဲ့စေတနာမပျက်ပါနဲ့။ ကိုယ့်စေတနာ ကိုယ့်အာရုံပေါ်မှာ အော် (အေး)၊ အော် (အေး)။ အဲဒီလိုစေတနာမပျက်ချင် ဝိသုဒ္ဓိသီလ ဒါနီဗ္ဗာန်သွားတဲ့သီလ ခေါ်တယ်။ ဒါကြောင့်မို့ သဘောလေးသိဖို့ ဦးပဍ္ဍင်း ကပြောတာ။ အဲဒီသိတဲ့လူကပြောတာ။ ဦးပဍ္ဍင်း ပြောတာမယုံနဲ့ဦး။ ခင်ဗျားတို့ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ ခင်ဗျားတို့အလုပ်ကို လုပ်ကြည့်ပါ။ အလုပ်လုပ်ကြည့်မှ အရပ်က ခင်ဗျားကို အဓိပ္ပါယ်ဖော်လိမ့်မယ်နော်။ ကိုယ်သိတာရယ် အလုပ်လုပ်တဲ့ အဓိပ္ပါယ်ကိုလည်းသိလာပြီ။ ပါဠိအနက်အဓိပ္ပါယ်ကိုလည်း သိလာပြီ။ သဘောကို ခင်ဗျားတို့ပေါက်လာလိမ့်မယ်။ အဲဒီတော့ ဒီအလုပ်တွေကို လုပ်ကြပါ။ အဲဒီတော့ ခုနက ဈေးရောင်းတယ်။ ဈေးဝယ်တယ်။ ဖအေ၊ မအေနဲ့နေကြတယ်။ အိမ်နီးချင်းတွေနေကြတယ်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ ကျွန်းပင်က ခင်ဗျား၊ ကိုင်းပင်က ဒကာမလေး။ ကျွန်းပင်က ဒကာကြီး။ မှီခိုပြီးနေကြတာ။ အဲဒီတော့ သမ္မာလေးနဲ့ယူကြပါ။ မိစ္ဆာနဲ့ အယူဝါဒတွေနဲ့ မလုပ်ကြပါနဲ့လို့ ဦးပဍ္ဍင်းက ဒီအသိတရားတွေကို ဟောတာပါဗျာ။ အဲဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## (၁၄-၂-၁၉၉၄) ရက်နေ့၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ရေကြည်ရေနောက် ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မာသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၃၀)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-251620128,

09-447572355

## (၁၄-၂-၂၀၀၄) ရက်နေ့၊ မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ကြီးဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

သင်္ခတ သညီရ အနိစ္စ သင်္ခတ သညီရ ဒုက္ခတဲ့ သင်္ခတ သညီ အနတ္တ တဲ့ အနိစ္စ ဒုက္ခ အနတ္တတဲ့ သညီရတွေ ထည့်ထားတယ်။ အဲ့ဒီသညီကို ဝိပဿနာ ပုဂ္ဂိုလ်ကြီးတွေမြင်အောင်ကြည့် အာရုံတွေကိုမြင်တဲ့ ကြားတဲ့ အာရုံနဲ့တဲ့ အာရုံ အဲ့ဒါလေးတွေကြည့် အဲ့ဒါလေးတွေသိ ဦးဇင်းပြောပြပ့ါမယ်။ ဦးဇင်းကစာပေကျမ်းဂန် မတတ်ဘူး။ သူဟာ သရက်ကုန်းမှာ နေပါတယ်။ သူဟာတောသားတစ်ယောက်ပါဘဲ။ အဲ့ဒီတော့ ရွာတွေမီးလောင်တော့ နီးရာဌာန မြောင်းမြကိုလာပါတယ်။ လာတဲ့အချိန်မှာ (၁၃) နှစ်သား အရွယ်ရှိပါတယ်။ စာတော့မတတ်ဘူးဗျ။ အဲ့ဒီတော့ စာမတတ်တော့ အမိအဖကို လုပ်ကျွေးသမှုပြုပါတယ်။ အမိအဖဆိုတာ ကိုယ့်ရဲ့အမေ ကိုယ့်ရဲ့အဖေ ကို ကမ္မဝါစာ သမ္မာ ကမ္မန္တ သမ္မ အာဇီဝ၊ သမ္မာသင်္ကပ္ပနဲ့လုပ်ကျွေးသော်လည်း ခုနက လောဘရဲ့ စိတ်၊ ဒေါသရဲ့ စိတ် မောဟရဲ့စိတ် အဲ့ဒါတွေကို ရမက်တက်လို့ပေ့ါဗျာ။ ခုနက သမ္မာ ကမ္မန္တ သမ္မာ အာဇီဝရဲ့ လမ်းကြောင်းကို မရောက်တော့ဘူး။ သူကမှားတာကိုဗျ။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဒီလိုပဲ မြောင်းမြရောက်တော့မကောင်းတာတွေကို လုပ်ပါတယ်ဗျာ။ မကောင်းတာလုပ်တာလဲ စိတ်ပါဘဲ။ မြင်လိုက်တဲ့ အာရုံတွေအပေါ်မှာ အာရုံကိုအတိုင်းထားရင် ဘာမှမဖြင့်ပါဘူး။ အဲ့ဒီအာရုံ သဘာဝရဲ့မျက်စိကမြင်တဲ့ သညီရ ဥပဒါန်အပေါ်မှာ သွားစွဲရင်အာရုံကြောင့်သညာ ဖြစ်ပါတယ်။ ဥပဒါန်ဖြစ်တာနဲ့ ကံဖြစ်ပါတယ်။ အကုသိုလ်ကံ ကုသိုလ်ကံဖြစ်ပါတယ်ဗျာ။ အဲ့ဒါဘဲဗျာ။ ကိုယ်ကလာတာ ဘာနဲ့လာသလဲ။ အတိတ်ကမနုဿစာဘာဝေါ ဒုလ္လဘောတဲ့ ကိုယ်စိတ်ကိုယ်စစ် လူ့ဘဝကိုခံရင်း ခွာလာရပြီး ဘာနဲ့ ရလာလဲ။ ကံနဲ့ရလာတာပဲ။ ဒါကြောင့်မို့ ကံမ္မဝဋ် ဘဝဝဋ် ဝိဘကဝဋ်တဲ့ ကံပဲ ကံကနေပြီးတော့ အကြောင်းမသတ်တက် ဘူးတဲ့ ဘာဖြစ်လို့မသတ်တက်တာလဲ အကျိုးပေါ်ကနေ အကြောင်းတရားတွေဖြစ်နေတာမြင်လိုက်တာ အကြောင်း ကြားလိုက်တာ အကြောင်းဥပမာလေးပေ့ါဗျာ။ ဟိုတုန်းက ဦးဇင်းကဦးမြမောင်ပေ့ါဗျာ။ ဦးမြမောင်ကို ဆဲလိုက်တာ ဆဲလိုက်တဲ့အသံပေ့ါဗျာ။ အဲ့ဒီအသံရဲ့အာရုံကို ကိုယ်ကသွားစွဲတာ စွဲလိုက်တော့ အဝိဇ္ဇာကြောင့် သညီရ သညီရကြောင့် ဥပဒါန်၊ ဥပဒါန်ကြောင့်ဘဝတဲ့ ဘာဖြစ်လို့စွဲလဲသညာကြောင့်စွဲတာ အဲ့ဒီသညာက သံသရာကိုမှောင့်မှား အောင်လုပ်ပါတယ်။ ကောင်းတာသညာ မကောင်းတဲ့သညာ ကံပေါ်ကနေပြီးတော့ လိုမလို ကောင်းလိုက်တာ ဘုရားရှိ နိုးတာ အဲ့ဒီအာရုံကို ကိုယ်ကသွားစွဲတာ။ အဲ့ဒါဘာလဲ ဥပဒါန် ကောင်းမှုကုသိုလ်ဥပဒါန်တဲ့ ပယ်ဖို့ပြောသွားတာ မဟုတ်ဘူး။ သဘောကိုပြောတာ။ သဘောမကောင်းတဲ့ အရုံကို ကိုယ်ကတွေးနေတာဘဲ။ အဲ့ဒါပဲ လောင်စာတုံးကြီးက စာလင်တာ အရုံခြောက်ပါးပေ့ါဗျာ။ အတိတ်က လာတာလဲကံပဲ။ ပစ္စုပ္ပန်ကိုယ်ကလုပ်နေတယ်။ ကောင်းမှုကုသိုလ်ကံ မကောင်းမှုကုသိုလ်ကံ ဒါပဲဗျာ။ ဒါကြောင့်မို့ ပရိယတ္တိ ပရိပတ္တိ ပရိဝေဒတဲ့ သာသနာ (၃) ရပ်ရှိတယ်။ ပရိယတ္တိက မှန်တာပြောရင် သီလပဲတဲ့။ သီလကိုတော့ဖြစ်နိုင်ပါတယ်ဗျာ။ ဦးဇင်းကတော့ စာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ အဲ့ဒီသီလကနေပြီးတော့ ပတိပတ္တိကို ကူးလိုက်ပါ။ သမာဓိဖြစ်လာပါတယ်။ သူဟာစိတ်ကို အလွန်စင်ကြယ် ထိန်းကြောင်းပြီးတော့ အလွန်ကောင်းလာတဲ့ သမာဓိ။ အဲ့ဒီသမာဓိကနေ အထွဋ်အထိပ်ရောက်သွားရင် ပညာဘဲ။ အဲ့ဒီတော့ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ ဒီသဘောလေးပဲ။ ဒီအတိတ်၊ ပစ္စုပ္ပန် အနာဂတ် ဒီဘုံဟာ အင်မတန် ထူးမြတ်တဲ့ ဘုံ ဘာနဲ့ပမှ မတူဘူး။ ဖော် ဖေး ဖေး ဖေး ဦးဇင်းစာမှမတတ်တာကို ဒိဋ္ဌိမြင်အောင်ကြည့်၊ ဒိဋ္ဌိမြင်ရင်တဏှာလျော့

သွားပါလိမ့်မယ်။ ဦးဇင်းက စာမတတ်ဘူး။ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ကြပါ။ ကိုယ် အမိ၊ အဖ တွေပါဘဲ။ အဲ့ဒီတော့ ဦးပဏ္ဍိတက အင်မတန်မှ ဆိုးပါတယ်။ ပလိပ်တဲ့မှာလဲ လုပ်ပါတယ်။ ပလိပ်ကိုအပြစ်မပြောပါဘူး။ အပေါင်းအသင်းကိုလည်းအပြစ်မပြောပါဘူး။ ဦးမြမောင်က စိတ်ပါလို့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ထိပေါက်တော့ ခြေဖျားမြေမကျတော့ဘူး။ အဲ့ဒါမာန်ပေါ့ဗျာ။ မာန် မာန် ရာဇမာန် ဓနမာန် ပစ္စည်းမာန် ပစ္စည်းမာန်ပေါ့ဗျာ။ အဲ့ဒါစိတ်ပဲ အကျိုးပေါ်ကနေ အကြောင်းဖြစ်နေတာ။ အဲ့ဒီအကြောင်းတရားကို သတ်လိုက်ပါ။ အင်မတန်မှ ကြောက်ဖို့ကောင်းပါတယ်။ ဦးမြမောင်ကမသိဘူး။ သူများပစ္စည်း ခိုးခြင်တို့စိတ်၊ မတော်လောဘစိတ် သူများဟာတွေကို လိမ်လည်လှည့်ဖျားခြင်တဲ့စိတ်၊ အဲ့ဒါတွေက ဘယ်ကောင်းတော့မလဲဗျာ။ သီလမှမရှိတော့တာဗျာ။ သီလက ကာယသမီရ၊ ဝစီသမီရ မနောသမီရ ကာယကံတွေ ဝစီကံတွေ အင်မတန် သောင်းကျန်နေတဲ့ လူတစ်ယောက်။ သူဟာအင်မတန်မှ အပါးလည်တာကိုဗျ။ အပါးလည်တော့ အပွါယ်ဆိုက်တော့မှပေါ့။ ပြီးတော့ သူကလဲစာမှမတတ်တာကိုဗျ။ အဲ့ဒီတော့ မင်းမြောက် တံစာငါးပါး ဆင်တယ်ဆိုရင် တောသားရဲ့ စွဲတုတ် ရာဇမာန် ဓနမာန် ဥစ္စာမာန် သူဘယ်သူမှမထင်ဘူး။ မဟုတ်က မဟတ်က သူလုပ်ခြင်တယ်။ အဲ့ဒါလည်းစိတ်ပဲ။ မြင်လိုက်တဲ့အာရုံ ဥပမာ ဒကာမကိုမြင်လိုက်တယ်ဆို အဲ့ဒီအာရုံကို သွားစွဲတာပဲ။ အဲ့ဒါပညာမှမရသေးတာ သညာပေါ့ဗျာ။ အဲ့ဒါတွေ သူသီလမရှိတော့ဘူး။ အဲ့ဒီတော့ သူ့လောဘရဲ့စိတ်၊ ဒေါသရဲ့စိတ်၊ မောဟရဲ့စိတ် တစ်နေ့တစ်နေ့ အိပ်တုန်းလေးပဲ။ နိုးတာနဲ့မကောင်းတာပဲ ကြံစည်တယ်။ အဲ့ဒါစိတ်ပဲ။ အဲ့ဒီတော့ သီလပြည့်စုံအောင် ဆောက်တည်ကြ၊ သီလပြည့်စုံရင် အခုလဲချမ်းသာမယ်။ သံသရာလည်းချမ်းသာမယ်။ အဲ့ဒီတော့ စာကလဲ မတတ်ဘူး။ သူသီလစလုပ်ပြီး ငါ့အသက် (၅၄) နှစ်ရှိ။ ၁၉၈၀ ခုရှိပြီး ငါလဲအိပ်လိုက်တာ မနက်မိုးလင်းတော့ ဘာတွေ အိပ်မက်မက်လဲမသိဘူး။ အဲ့ဒီစိုက်ပျိုးရေးတစ်ဖက်ကမ်းက ဇဲဒေါင့်မှာ ဒလဝမ်လုပ်ပါတယ်။ မနက်မိုးလင်းလာပြီ ဘာမှလဲငါ့မှာစားစရာမရှိ၊ သောက်စရာမရှိ တွေးတဲ့အာရုံစိတ်ခေါ်တယ်။ အယူမှားလို့ အတွေးမှားတာ အဲ့ဒါလေးတွေ သိပ်အရေးကြီးပါတယ်။ သူသီလလုပ်တော့မှာကို အဲ့ဒီတော့ စိတ်ပျက်လာပြီ။ ငါမကောင်းတာတွေ မလုပ်တော့ဘူး။ မလိမ်တော့ဘူး။ ဖဲလဲမရိုက်တော့ဘူး။ မဟုတ်တာ မဟတ်တာတွေ ငါမလုပ်တော့ပါဘူး။ အဲ့အိမ်မက်တွေမက် အထင်ဉာဏ်ကနေ အမြင်ဉာဏ်တွေမြင် မြင်တော့ကြောက်သွားတယ်။ ကြောက်သွားတော့ အဲ့ဒီမိုးလေဝသကနေ ပြီးတော့ မြို့င်မလာ (၂) လမ်းကိုသွားတော့ သူရဲ့မိန်းမကိုမေးပါတယ်။ ညကငါဒီလိုဒီလိုတွေ မြင်တယ်။ ငါဘယ်လိုထိုင်ရကောင်းမလဲလို့မေးပါတယ်။ ဦးမြမောင်ရှင်နဲ့ ကျွန်မနဲ့ စညားကတည်းက ရှင့်အသက် (၂၄) နှစ်၊ အခု (၅၄) နှစ်ရှိပြီး ကျွန်မသိသလောက်ဆိုရင် ရှင်ဟာဘာဥပဒေမှလဲမရှိဘူး။ ဘာသီလမှလည်းမရှိဘူး။ ရှင်ဟာတစ်နေ့ တစ်နေ့ လောဘ၊ ဒေါသ၊ မောဟ ရှင်ဟာ လုပ်မယ် ရိုက်မယ် ဖဲလိမ်ချမယ် ဒီလိုလူစားကြီးပါတဲ့။ ရှင့်ကိုကျွန်မကကြောက်လို့ ရှင်ကအိမ်ထောင်ဦးစီး၊ ရှင့်ကိုကျွန်မကခေါင်းငုံ့ခံနေရပါတယ်။ အေး အေး အေး သူရဲ့ဇနီးကို တိုင်ပင်ပြီတော့ ထမင်း တစ်လုပ်နှစ်လုပ်စားပြီးတော့ မိုးလေဝသကို ပြန်ပါတယ်ဗျာ။ မိုးလေဝသကိုပြန်တော့ စာကလဲမတတ်ဘူး။ ဝိပဿနာကလဲ ကြားတော့ကြားဖူးတယ်။ တစ်ခါမှမလုပ်ဖူးသော ဒီကဦးမြမောင်က လောဘ၊ ဒေါသ၊ မောဟစိတ် ရမက်တက်တဲ့ ဦးမြမောင်က စိတ်မှိုင်တော့တာဘဲ။ ငါဘယ်လိုလုပ်ရကောင်းမလဲ။ ဘယ်လိုနေရကောင်းမလဲ။ အေးသူ

စိတ်တမျိုးဖြစ်နေပြီ။ တစ်မျိုးဖြစ်တော့ သံမန်တွေက ဂျိကျိ ဂျိကျိ သဘော်တွေကလည်း ဘုန်းတိုင်း ဘုန်းတိုင်း အော် အခုမြန်နေတာကြားပါလား။ တော်ကြာ မကြားပါလား။ တော်ကြာ လူသံကြားပါလား။ တော်ကြာ မကြားတော့ပါလား။ ဒါတွေဟာမမြဲပါလား။ အနိစ္စ မမြဲပါလား။ ဒုက္ခ ဆင်းရဲပါလား။ အနတ္တ အစိုးမရပါလား။ သူဝေဖန်နေတဲ့ ဝိပဿနာတော့ မလုပ်တတ်သေးဘူး တစ်ရက်ကနေနှစ်ရက် သူဝေဖန်နေတယ်။ သူကုတ်သွားပြီး ကုတ်နေတယ်။ ဒီလိုကုတ်နေတော့ ကျော်အေးတဲ့ မိတ်ဆွေတစ်ယောက် ဖဲအတူတူရိုက်တဲ့ မိတ်ဆွေတစ်ယောက် ရောက်လာပါတယ်။ ဒါပေမယ့် သူကိုတော့ ဖဲသမားမပြောပါဘူး။ ဦးဖင်းကြီးအပြစ် ဦးဖင်းအပြစ် အဲ့ဒီကျော်အေးလာတော့ သူငယ်ချင်းရယ် ငါတော့ ဖဲရိုက်ချင်စိတ်လဲမရှိတော့ပါဘူး။ ငါဘယ်လိုဖြစ်မှန်းလဲမသိတော့ပါဘူး။ ငါဘယ်လိုနေရကောင်းမလဲ မသိတော့ဘူး။ ငါ့အကူအညီပေးစမ်းပါကွလို့ သူကိုပြောတဲ့အခါကျတော့ ဦးမြမောင်တဲ့ ကျွန်တော်တို့ရွှေလောင်းမှာဆရာတော် သဲအင်ဖွဲကင်း အမြဲလင်း ဝိပဿနာ တရားတွေ ကမ္မဋ္ဌာန်းတွေပြတယ်ဗျ။ ကျွန်တော်ကြည့်တာ ဆရာတော်ကတရားတွေပြတယ်။ ဒကာတွေ ဒကာမတွေက တရားတွေအားထုတ်ကြတယ်ဗျ။ ဦးမြမောင်အဲ့ဒီလိုလုပ်ပါလားဗျ။ လုပ်တယ်။ ကျော်အေး သွားတော့ လက်ကလေးပိုက်ပြီးတော့ နှာခေါင်းနှစ်ပေါက်က ထွက်သွားတယ်။ ဝင်သွားတယ်။ သူကတရား ကျင့်တာတောင် ရေသာခိုတယ်နော်။ မျက်စိကိုမှိတ်ပြီးတော့ လက်ကလေးပိုက်ပြီးတော့ ကျင့်တဲ့အခါကျတော့ နောင့် နောင်တုန်းကလုပ်လာတဲ့ အာရုံတွေ ဒီမှာလာပေါ်တော့တာဘဲဗျ။ ဒီတရားတွေက အူလယ်ဈာပတ်တွေပဲ အော် ငါထိုင်တွေးနေတာဘဲ ကျော်အေးရယ်။ ငါထိုင်ပြီးတွေးနေတာဘဲဖြစ်တာပဲ။ ငါတရားလည်း သဘောမပေါက်ဘူး။ ဦးမြမောင် ခပ်ဗျားဒီလိုမတွေးနဲ့တဲ့။ တွေးရင်တရားမဟုတ်သေးဘူးတဲ့။ ရှုပေးတဲ့ နင်းကန်ရှု ရှုရင်ခင်ဗျားမတွေးနိုင် ဘူးတဲ့။ သူပြောတာနဲ့ ရှုတယ်။ ရှုတော့ တွေးစိတ်မလာတော့ဘူး။ သူ့ရဲ့အာရုံပဲဖြစ်တယ်တဲ့။ အဲ့ဒါသေသေချာချာ ကိုယ်စိတ် ကိုယ်စစ်ပေကော့ တရားတက်တော့မှာကိုတဲ့ အဲ့ရှုပြီးတဲ့ ဦးမြမောင်တယ်ဟုတ်ပါလား။ ငါဒါတွေမတွေးနိုင်တော့ဘူး။ မတွေးနိုင်တဲ့သဘောတရားတွေဖြစ်နေပါလားတဲ့။ ရှုတဲ့အာရုံဖြစ်နေပြီး အဲ့ဒါသမာဓိထူထောင်နေပြီတဲ့။ အဲ့ဒီတော့ သီလကိုရအောင် ထူထောင်နေပြီ အဝိဇ္ဇာကြောင့် သင်္ခါရ သင်္ခါရကြောင့်တဏှာ တဏှာကြောင့် ဥပါဒါန် ဥပါဒါန်ကြောင့် ဘဝတဲ့ အတွင်းအာရုံ နိဝဒနတွေက ပေးကုန်ပြီးတဲ့။ အပြင်အာရုံမှာ မစင်ကြယ်ရင် ခန္ဓာမှာလဲမစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာလဲ မစင်ကြယ်ဘူးတဲ့။ အပြင်အာရုံတွေကို တွယ်တာတယ်။ တရားကျင့်တဲ့အခါမှာ တွေးတယ်။ တွေးရင်ဉာဏ်လည်းမစင်ကြယ်ဘူးတဲ့။ အဲ့အတွင်းအာရုံတွေဟာ အခုပေါ်ကုန်ပြီ။ အဲ့ဒီတော့ငါတော့စာမဟတ်ဘူး။ ဒီနေ့ကစပြီးတော့ အာရုတွေကို သိမ်းတော့မယ်တဲ့။ ဘယ်အာရုံနောက်မှငါမလိုက်တော့ဘူး။ အဲ့ဒီတော့ဝီစိကိစ္စလဲ ငါရေလဲမထမ်းတော့ဘူး။ မဟုတ်ကမဟုတ်က သူများအိမ်မှာလဲ အကျိုးအကြောင်းတွေ ငါမပြောတော့ဘူး။ ငါဒီအာရုံတွေ ဈေးတွေဘာတွေ ရုပ်ရှင်တွေ မသွားတော့ဘူး။ အဲ့ဒီတော့လာပြီ။ ပရိယတ္တိက အနေခဲ ပဋိပတ္တိ ကော် ပဋိယတ္တိက တွင်းတူးတယ်။ ပဋိပတ္တိအတွင်းအောင်းဖြိုတဲ့။ စာတော့မတတ်ဘူး။ အဲ့ဒီတော့ ကျင့်အောင်ပြီးအာရုံလည်း သိမ်းလိုက်ပြီ။ ဝီစိကိစ္စတွေသိမ်းပြီး အပြင်အာရုံကို ပဋိယတ္တိနဲ့ သိမ်းထားပြီး ဆင်ခြင်လိုက် ပြီးရှေ့စိတ်နောက်စိတ်နဲ့ သုံးပြီး ငါဒီနေ့ကစပြီးတော့ ဘယ်မှမသွားတော့ဘူးတဲ့။ တစ်နေ့တစ်နေ့ တရားတွေကို ထိုင်တယ်။ ရှုတယ်။ မရလဲစိတ်မပျက်ဘူး။ စိတ်မပျက်ဘူး။ အော် ငါကောင်းတာလုပ်ရင် ကောင်းတာရောက်များဘဲ။

ငါစာမှမတတ်တာကို အဲ့ဒီလိုကျင့်လိုက်တဲ့အခါကျတော့ ရက်ပေါင်းတွေများလာတော့ လပေါင်းတွေဖြစ်လာတယ်။ အဲ့ဒီတော့ (၄-၅-၇) လကြာတော့ ရှု ရှု ပေးတယ်။ သူများတွေနဲ့လည်း စကားမပြောတော့ဘူး။ သူတစ်ယောက်တည်း နေတယ်။ သူများလာလည်း အတွေ့မခံဘူး။ ခင်ဗျားကို တရားပုဂ္ဂိုလ်တွေ အခြေခံကလေးနဲ့ ပြောပါ့မယ်။ ကိုယ့်စိတ်သာ ကိုယ်စစ်။ တရားသာဖိကျင့်တယ်။ ငါကောင်းတာလုပ်ရင် ကောင်းတာရောက်မှာဘဲဆိုပြီး ကျင့်လိုက်တာနော်။ မရှုဘဲနဲ့ လက်ကလေးပိုက်ပြီးတော့ အာရုံကို သုံးသပ်ပါတယ်။ ထိတာကရုပ်။ သိတာကနာမ် ဟောကိလေသာတွေ ငါမပါလား။ တစ်ခုသော အာရုံပြင်ပါလား။ ဒီအာရုံတွေ ငါနဂိုတုန်းကလာတယ်။ အခုတော့ တစ်ခုသော အာရုံငါဖြစ်နေပါလား။ ထိတယ်၊ သိတယ်။ နဂိုတုန်းက ငါ့သမီးအာရုံ ဇနီးအာရုံ ဖဲပိုင်းအာရုံဟော ဟော ဘယ်အာရုံမှမနောက မတွေးတော့ဘူး။ အဲ့ဒါအတွင်းရဲ့ဂုဏ်ပဲ အတွင်းအာရုံသတ်ထားတော့ အပြင်အာရုံလည်းစင်ကြယ်လာပြီ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်အာရုံသတ်ထားတာ။ အသိနဲ့ကျင်းအောင်းတာကို အပြင်အာရုံတွေကို အသိနဲ့သူ သိမ်းလိုက်တဲ့အခါမှာ တရားထိုင်ပြီး ငါဟာတစ်ခုသောအာရုံဖြစ်နေပါလား။ စာကလည်း မတတ်ဘူးဗျ။ တစ်ခုသောအာရုံဆိုတာ ဘာလဲအစီသီလ အစိစိတ္တ အစိပညာ အဲ့ဒီသုံးခုကို ပေါင်းလိုက်ရင်ဘာလဲ။ ဇကောစမ္မတဲ့ အဓိသီလဆိုတာဘာလဲ။ ကိလေသာကို ဝေးကွာတော်မူတယ်တဲ့ ကိလေသာအာရုံကို ဘာမှမစွဲတော့ဘူး။ အဲ့ဒါသီလပဲတဲ့။ သမာဓိဆိုတာ အာရုံတစ်ခုထဲကို တစ်နာရီ နှစ်နာရီထိုင်နိုင်သွားတာ စင်ကြယ်သွားတဲ့အာရုံတစ်ခုထဲကို ထိန်းပြီးတော့ ယူဆောင်သွားတာ ကိလေသာတွေမလာတော့ပဲ အာရုံတစ်ခုတည်းကို ကြာကြာလေးယူဆောင်နိုင်တာ သမာဓိအာရုံဘဲ။ သမာဓိတွေကောင်းလာရင် ပညာတွေပေါ်လာပါပြီ။ အဲ့အဓိသီလာတွေဖြစ်ပေါ်လာပြီး သူ့ကိုသူ့သီလတွေ ဖြစ်ပေါ်လာတာသိသွားပါပြီ။ အဲ့ဒါဘယ်နှစ်လကြာလဲဆိုတော့ (၇) လလောက်ကြာပါတယ်။ အဲ့ဒီတော့ ဒီလိုသီလတွေ ပြင်တော့ ငါမိုးလေဝသကနေ ထွက်တော့မယ်။ ဒီအလုပ်လဲမလုပ်တော့ဘူး။ ငါအိမ်ပြန်မယ်။ လျှောက်လွှာတင်မယ်။ စာရေးကြီးကိုပြောတယ်။ ကျွန်တော်မလုပ်တော့ဘူးဗျာ။ ကျွန်တော်လုပ်ခြင်တဲ့စိတ်မရှိဘူးဗျာ။ လိမ်ခြင်တဲ့စိတ်လဲ မရှိတော့ဘူးဗျာ။ ခိုးခြင်တဲ့စိတ်လဲမရှိတော့ဘူးဗျာ။ ကျွန်တော်မိုးလေဝသမှာလဲ မလုပ်တော့ဘူးဗျာ။ ဦးမြမောင်ခင်ဗျား ဆက်လုပ်ပါဗျာ။ သူလိမ်ခြင်တဲ့စိတ်လဲမရှိတော့ဘူး။ ဇကောစမ္မောဖြစ်တာတာကို စိတ် စိတ် စိတ်ပြောင်းသွားတာ ခင်ဗျားလက်ရေးနဲ့ရေးဆိုတော့ ရေးပြီးညနေဘက်ထက်တယ်။ ထွက်တော့ အိမ်ပြန်သွားတယ်။ အိမ်ပြန်တော့ သမီးရှိတယ်။ သမီးရယ်အဖေတော့ သွားတော့မယ်။ ဒီမှာမနေတော့ဘူးလို့ ထွက်တော့မယ်။ အဲ့ဒီတော့ စရိတ်ကလေးများ ပေးပါလား ကလေးရယ်လို့ဆိုတော့ ကျွန်မမှာတော့မရှိဘူး။ နားကပ်ရှိတယ်။ နားကပ်ကိုပေါင်သွားပါ။ အဲ့ဒီနားကပ်က (၂၀၀) ရတယ်တဲ့။ အဖေပေါင်သွားပါ။ သမီးတို့ကို (၁၀၀) ပေးပါ။ အဖေလမ်းစရိတ် (၁၀၀) ယူပါ။ အဖေဘယ်ကိုသွားမလဲ။ ဖြူကိုသွားမယ်ဆိုတော့ ငွေတစ်ရာပေးပါ။ ပေးတော့ အင်္ကျီမရှိဘူးဗျ။ အဲ့ဒီတော့အင်္ကျီက (၅၀) ကုန်တယ်။ (၅၀) ကုန်တဲ့အခါကျတော့ (၅၀) ကလမ်းစရိတ်ထားတယ်။ အဖေရယ်တစ်ရက်နှစ်ရက် နေပါဦးလားတဲ့။ သမီးရယ်မနေတော့ဘူး။ နေခြင်တဲ့စိတ်တွေမရှိတော့ဘူး။ အဲ့ဒီတော့ ဇောခိမြိုင်ဆရာတော်ကြီးကို သွားဖူးတယ်။ အခါကျတော့ ဦးဇင်းကစာမှမတတ်တာကိုဗျ။ ဆုတွေဘာတွေတောင်းပြီးတော့ ဝေဘူဆရာတော် စာအုပ်ကလေး ကတော့ အိပ်ထဲမှာထည့်ထားတယ်။ တရားသိပ်လိုချင်တာကိုဗျ။ သဒ္ဒါဗိုလ်တွေ၊ သီလဗိုလ်တွေ ဝီရိယဗိုလ်တွေ သမာဓိ

ဗိုလ်တွေ ပညာဗိုလ်တွေ ငါးဗိုလ်နဲ့တက်သွားပြီ။ အဲ့ဒီတော့ တရားကိုသိပ်လိုချင်တဲ့ လူတစ်ယောက် ကောင်းတာလုပ်ရင် ကောင်းကာရောက်မယ်ဆိုတဲ့ လူတစ်ယောက်။ အဲ့ဒီတော့ဆရာတော်ဇောမိမြိုင်ကိုဖူးပြီးတော့ ပြန်လာတယ်။ ပြန်လာတော့ မနက် (၉း၀၀) နာရီလောက်။ ပြန်လာတော့ ဟေမာဝန်အဆင်းမှာ ကြည့်လိုက်တော့ ဘိုးဘိုးအောင်တွေဆိုတာ အားကြီးပဲ။ ဦးဇင်းနားလဲဝိုင်းနေတာ။ ဘယ်လိုဖြစ်တာလဲ ဦးဇင်းလဲကြည့်ပြီးတော့ လှည့်ပတ်ပြီးတော့ ဦးဇင်းလဲ ဟောင်တင်မင်းတို့ဆီ ရောက်သွားပါတယ်။ မောင်တင်မင်းတို့ မချိုတို့ဆီရောက်သွားတယ်။ ကလေးရေ အဘတော့ မြူးကိုသွားအုန်းမယ်ကလေးရေလို့၊ အဘလမ်းစရိတ်ပေးမယ်။ မပေးနဲ့ကလေး မပေးနဲ့၊ ဦးကြီးဆီမှာပါလာတယ်။ မပေးနဲ့။ ကလေးတိုလဲ သဘော်ပေါ်လိုက်မပို့နဲ့။ မပို့နဲ့ လာလဲမပေးကြနဲ့ လိုက်လဲမပို့နဲ့ပနော်။ ဦးဇင်နှုတ်ဆက်မယ့် ဝတ္တရားရှိလို့ လာနှုတ်ဆက်တာ။ ခင်ဗျားကိုလာမပို့နဲ့နော်။ သဘော်က (၁၀) နာရီသဘော်နဲ့ သွားမှာ။ နောက်မနက်လင်းလဲ လင်းရော ရောဂကီကကောင် အမြန် (၁၀) နာရီအကောင်နဲ့ ထွက်ပါတယ်ဗျာ။ ထွက်တော့ သူအဲ့ဒီအပေါ်မှာ လိုက်သွားပါတယ်။ ရန်ကုန်မရောက်သေးဘူး။ ရွှေလောင်းရောက်တော့ ခုနကကျော်အေးနဲ့သွားတွေ့တယ်ဗျို့ ကျော်အေးတက်လာတယ်။ ဦးမြမောင်ခင်ဗျား တကယ်သွားတာပဲဗျို့ အေးကွာ ငါတကယ်သွားမယ်။ ကျွန်တော်လက်ဖက်ရည် တစ်ခွက်တော့ တိုက်ချင်တယ်။ အေးကွာမင်းသဘောပဲ တိုက်ပါတယ်။ လက်ဖက်ရည်ပဲသောက်တယ်။ မုန့်တော့မစားဘူး။ အေး ကျော်အေးရေ ငါတော့သွားဦးမယ်။ ဟုတ်ကဲ့ ဟုတ်ကဲ့သဘော်ပေါ်တက်ပြီး သဘော်ထွက်တယ်။ ရန်ကုန်ရောက်တာဘဲ။ ရန်ကုန်ရောက်တယ်ဆိုရင်ပဲ မြူးသွားတဲ့ကားကြီးနဲ့ (၁၅) ကျပ်ပေးရမယ်။ မြူးတော့မရောက်ဘူး။ ညောင်ပင်သာနဲ့ ကညွှတ်ကွင်းကြားက ကျွဲနကုတ်ကို ရောက်ပါတယ်။ မြူးကဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဦးဇင်းဆရာတော်ကို ရှေ့ပူရှေ့ချမ်း ကမ်းလှမ်းမယ်။ သူကကပ္ပိယအနေနဲ့ ငါတရားကိုအားထုတ်မယ်။ ဆရာတော်ကိုလဲ ဆွမ်းလဲကပ်မယ်ဆိုပြီး ဒီလိုကျင့်တာဘဲ။ ကျင့်တော့ ဆွမ်းလဲနည်းနည်းပဲစားတယ်။ သူကထောင်သားစားသလိုစားတယ်။ ထိန်းပြီးစားတယ်။ စားတာလဲ စင်ခြင်ပါ၊ အိပ်တာလဲစင်ခြင်ပါ။ သွားတာလဲစင်ခြင်ပြီတဲ့။ သူကမသေရုံလောက်ပဲစားတယ်။ ရုဏ်လက္ခာသည် ဖောက်ပြန်တယ်။ နာမ်၏လက္ခာသည် ခံစားတယ်။ အဲ့ဒီတော့မသေရုံစားတယ်။ မြူးအရပ်ဘက်က ကြံဖက်တွေကို မိုးတယ်။ အဲ့ဒီမှာတစ်နေလုံး တရားအားထုတ်တယ်။ ထုတ်တော့ သမာဓိအင်မတန်ကောင်းလာတယ်။ အဲ့ဒီမှာ အာရုံ ကိုယ်ကစာမတတ်တော့ ပြပေးမဲ့ဆရာလဲမရှိတော့ အဲ့ဒီမှာလွှတ်ကန်တဲ့ သမ္မထဖြစ်တာပဲ။ နတ်ပြည်သွားတွေ့ အို အို နတ်ပြည်ရောက်ပြီတော့ ယက်ခတ်ပေးတယ်။ ဦးဇင်းကတော် အော် အေး အေး အေး ဟိုကြည့် ဒီကြည့် အဲ့ဒီတော့မှ ဦးဇင်းမျက်လုံးဖွင့်တော့ အော် ငါဟာဘယ်လိုဖြစ်ကာလဲ။ ငါတရားထိုင်တာ ဇဝေဇဝါဖြစ်နေတယ်။ အဲ့ဒီတော့မြူးဘုန်း ကြီးမေးတော့ အရှင်ဘုရား တပည့်တော် တရားအားထုတ်တာ အဲ့လိုဟာကြီးတွေပေါ်ပါတယ်။ ဘယ်လို လုပ်ရမလဲဘုရား။ ဦးမြမောင် ဒကာကြီးအဲ့ဒီအာရုံနောက်မလိုက်နဲ့၊ မိုးရထားလမ်းမှာ ရှုနေကြတယ်။ ဒီအာရုံတွေ မလိုက်နဲ့ ဖျက်ပြစ် ဖျက်ပြစ် ခင်ဗျား ဝိပဿနာသာလိုက်တဲ့။ အဲ့ဒီတော့ ဝိပဿနာ လိုက် လိုက် လိုက်။ အဲ့ဒီတော့ သူမှာတရားထိုင်လိုကတော့ အပြင်အာရုံစင်ကြယ်လာတယ်။ အဲ့ဒီတော့ တရားထိုင်တော့ ရုပ်နဲ့ပတ်သက်တဲ့နာမ် ခန္ဓာလေးပါးလာပေါ်ပြီတဲ့။ အဲ့ဒီတော့ ရုပ်ကဖော်ပြန်တယ်။ နာမ်ကခံစားတယ်။ အော်အကျိုးနဲ့အကြောင်းသာဖြစ် ပါလား။ အကျိုးနဲ့အကြောင်းသာ ပျက်ပါလား။ အဲ့ဒီတော့ တရားထိုင်တော့ ဝေဒနာတွေမခံမရပ်နိုင်အောင်လာတယ်

တဲ့ ဒုက္ခရဲ့ဝေဒနာတွေလာတယ်။ အဲ့ဒီဝေဒနာမှာ ငါမရောစေနဲ့နော်။ ဝေဒနာမှာ သညာနဲ့ပညတ်ကထိုးတားတယ်။ အော် ဝေဒနာဟာ မမြဲပါလား။ ငါဟာနောက်ဆုံးပဲ ကမ္ဘာဝဋ် ဘဝဝဋ် ဗိဘာကဝဋ် ဝေဒနာဆုံးအောင် ငါလိုက်မယ် ဆိုပြီးတော့ဝေဒနာဆုံးအောင် လိုက်တာပဲဗျို့။ မခံသာမှန်ပါဘိသည် တရား အို နိုး အို အိုး အဲ့သည်လိုဖြစ်ပြီးတော့ လိမ်ပိန်ပြီးတော့ ဝေဒနာက တစ်ခါတလေမဆုံးတာကများပါတယ်ဗျာ။ ဆုံးတာကနည်းပါတယ်ဗျာ။ ဆုံးလိုက်တော့ ဘာသိလဲ ဒီရုပ်တရားကြီးကို မဆုံမက်တော့ဘူး။ ပုံပျက်လာပြီး ဒီရုပ်တရားကြီးကိုမတွယ်တာတော့ဘူး။ အဲ့ဒီတော့ စိတ်တမျိုးဖြစ်သွားတယ်။ အဲ့ဒီလိုဝေဒနာတွေများလာတော့ နာမ်ကလေးကစိတ်ဆင်းရဲတယ်။ ဆင်းရဲတော့ ဒုက္ခတွေ ဖြစ်နေပါလား။ ဒုက္ခသစ္စာဆင်းရဲခြင်း အမှန်တရား နာမ်ကလေးကလဲ မမြဲပါလား။ ဝေဒနာကလဲ မမြဲပါလား ရုပ်တရားကလဲ မမြဲပါလား။ အဲ့ဒီလိုရှုပြီးတော့ ဝေဒနာတွေနင်းကန်လိုက်ရတယ်။ ဝေဒနာလိုက်တော့ တရားစဉ်ကနေ ထွက်တော့ ဘာဖြစ်လဲဆိုတော့ မယားအောက်မေ့တယ်ဗျို့ ထိုင်ပြီးတော့ငိုတယ်။ ငါမေ့လို့ ဒီတရားတွေကျင့်မိတယ်။ ငါမေ့လို့လုပ်မိတယ်။ အဲ့တရားစဉ်ကတွက်နေတဲ့အခါက ကိလေသာစဉ်က ထိုးကုန်ပြီတဲ့။ ကိလေသာတွေထိုးနေပြီ တောင်ပြော မြောက်ပြော တောင်လုပ်မြောက်လုပ် ထိုးတာနဲ့ တပြိုင်နက်ထဲ တရားပြန်ထိုင်ရတယ်ဗျို့။ တရားထိုင်တာ နဲ့သဗ္ဗေ သခ်ါရဒုက္ခ သဗ္ဗေသခ်ါ အနိစ္စ သဗ္ဗေ သခ်ါ အနတ္တ အော် လာတုန်းကလဲ တစ်ယောက်တည်းပါလား။ ပြန်တော့ လည်းတစ်ယောက်ထဲပါလား။ အော် အိုခြင်း တရားနာခြင်း တရားသေခြင်းတရား အတိတ်ပစ္စုပ္ပန်အနာဂတ် အော် အတိတ်ကငါ ကံနဲ့ပလာပါလားငါဒီမှာလည်း ကံတွေကိုပြုမယ်။ ကောင်းမှုကံ မကောင်းမှုကံ ဒီနှစ်ကံရဲ့ အလယ်ကနေ ငါလျှောက်မယ်။ ကောင်းတဲ့ကုသိုလ်ကံ မကောင်းတဲ့ အကုသိုလ်ကံ ဒီနှစ်ခုကို အပြစ်မပြောပါဘူးဗျာ။ အလယ်ကမဂ္ဂင် လမ်းကိုလျှောက်ပေတော့ သဘော သဘော သဘောလေးတွေနာ အဲ့ဒီအာရုံခြောက်ပါးသတ်ရတော့မှာကို အဲ့ဒီအာရုံကို ဉာဏ်နဲ့မှသတ်ရတော့မယ်။ အဲ့ဒီအာရုံကို မနောစိတ်သညာ ဒီသညာကြောင့် ဥပါဒါန်တွေဖြစ်တယ်။ ဒီဥပါဒါန်က သံသရာလည်နိုင်တဲ့အကြောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးလုံးလွတ်အောင်ရုံးထွက်နေပြီ။ အော် သဗ္ဗေ သခ်ါရ အနိစ္စ သဗ္ဗေ သခ်ါရ ဒုက္ခ သဗ္ဗေ သခ်ါရ အနတ္တ အော် ငါဟာ ဝေဒနာတွေပါလား။ ဝေဒနာပွား ငါမရောစေနဲ့။ ဒီမှာ အတိတ်ကဝဋ်ကြွေးတွေ ပစ္စုပ္ပန်ရဲ့ဘဝရဲ့ ဝဋ်ကြွေးတွေ ငါအကုန်ခံမယ်။ ခံတယ်ဗျို့။ ဘုရား ဘုရား သဗ္ဗေ သခ်ါရ အနိစ္စ သဗ္ဗေ သခ်ါရဒုက္ခ သဗ္ဗေ သခ်ါရ အနတ္တ အော်လိမ်ပိန်ခံနေရပါလား။ တရားစဉ်က ထွက်တယ်ဆိုရင် အော်ငါတော့ တော်ပြီ။ ဒီဝိပဿနာတရားတွေ ငါဘာမှမရပါလား။ ဉာဏ်လဲမပေါက်ပါလား။ ငါဘာမှလဲမဖြစ်ပါလား။ တစ်နေ့ တစ်နေ့ ဒီဝေဒနာတွေပဲ အဲ့ဒီတော့သူတွေးကုန်ပြီးတဲ့။ မယားကိုလဲမပြတ်တော့ဘူး။ ထိုင်ပြီးတော့တွေးတာပဲ။ တရားစဉ်ကဖြုတ် ပြီးတော့ တွေးတဲ့အခါကျတော့ အော်ငါအိမ်ပြန်တော့မယ်။ ဖြူးကနေပြီးတော့ မြောင်းမြပြန်တော့မယ်။ ငါ့မိန်းမနဲ့ ပြန်ပေါင်းမယ်။ ငါဒီတရားတွေ မကျင့်တော့ဘူး။ ဘာမှလဲတရားရဲ့ အရသာလဲ ငါမတွေ့ဘူး။ ငါဝေဒနာတွေပဲတွေ့တယ်။ ငါမိန်းမနဲ့ပြန်ပေါင်းမယ်။ ဟော ဦးမြမောင်ကြီးကြံစည်ပြီး ဒါကြောင့်မို့ ဦးဇင်းသဘောလေး ပြောပုံမယ်။ ဗျိုင်းကလေး တစ်ကောင်သည် အချိန်ကာလကလည်း နေကလေးကလည်း စောင်းလာပြီ။ ဗျိုင်းကလေးသည် ရေကန်ဘေးမှာ နားလိုက်တယ်။ ဗျိုင်းကလည်း ဝမ်းမှာစာတယ်။ အဲ့ဒီအိုင်ကိုကြည့်လိုက်တယ်။ ငါးကလေးတစ်ကောင်နှစ်ကောင် ရေးခန်း ငါးကလေးတွေ့တယ်။ ဗျိုင်းကအဲ့ဒီငါးကို ကောက်စားတယ်။ ဒီငါးကုန်ရင် ဘယ်အိုင်များရှိမလဲလို့ ရှေ့

လဲမျှော်တယ်။ နောက်ဒိုင်ကိုလည်းတွေးတယ်။ အဲ့ဒီဦးမြမောင်လည်း ရှေ့လဲမတတ်နိုင်ဘူး။ ဝေဒနာလဲ ဒင်းကြမ်းဖြစ်ပြီး နောက်ကိုလည်း သားမယားအကြောင်းတွေးပြီး သူအတွေးများကုန်ပြီး တရားစဉ်မှာသိပ်အရေးကြီးတယ်နော်။ (သည်းခံကြ)၂ ဒီဘဝနောက်ဆုံးပဲ အော်လာတုန်းကလည်း တစ်ယောက်ထဲ ပြန်တော့လဲတစ်ယောက်တည်း သဗ္ဗေ သင်္ခါရ အနိစ္စ သဗ္ဗေ သင်္ခါရ ဒုက္ခ သဗ္ဗေ သင်္ခါရ အနတ္တ တဲ့ ဒီတရားလေးတွေကိုယ်နောက်ပါမယ့်တရား။ ဒီတရားလေးတွေကို ဦးဇင်းပြောပါ့မယ်။ နှလုံးကြည်ဖို့ နှလုံးလှဖို့အရေးကြီးပါတယ်။ ဘယ်သူဘာပြောပြော ကိုယ့်ထက်ကြီးသူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကိုကိုယ်မာန်တွေ ရာဇမာန် ဓနမာန် ပစ္စည်းမာန် ဥစ္စာမာန် ဗလမန် ငါမာန်တွေ မလုပ်ပါနဲ့။ အဲ့ဒီမာန်ကာနိဗ္ဗာန် တံခါးတွေကို ပိတ်ထားတယ်။ ငါဆိုတဲ့မာန် အင်မတန်ကြောက်ဖို့ကောင်းတယ်။ အဲ့ဦးမြမောင်ကြီးက ဝေဒနာတွေဖြစ်လာတော့ ဖျင်းကလေးဟာ ရှေ့ဒိုင်ကိုလဲ မျှော်တယ်။ နောက်ဒိုင်ကိုလည်း တွေးတယ်။ အော်ငါအတွေးများနေပါလား။ ငါမထူးပါဘူး။ ဝုတ်မိသဲတိုင် တက်နိုင်ဖျားရောက်။ ငါတက်မယ်။ သဒ္ဓါဗိုလ်တွေ ပညာဗိုလ်တွေ ဝိရိယဗိုလ်တွေ ဝိရိယာမှာ ငိုက် ငိုက် ကျတဲ့ဖွဲ့ သတ္တိနွှ ငါတင်တော့မယ်။ သေ သေရင်ဘုရားရဲ့သစ္စာ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ်သစ္စာ နိရောဓသစ္စာ ငါရောက်အောင်တက်မယ်။ ဘုရားရဲ့စကားကို မြေဝယ်မကျ နားထောင်မယ်။ အဲ့ဒီတော့ ငါတက်ပြီး ဒီဝေဒနာမှာ တက်တယ်တဲ့။ မခံသာမှန်ပါဤသည်တရားတစ်နေ့လုံးမှာ ဝေဒနာကြီးပဲလာပါတယ်။ အသေခံတက်တယ်။ တက်တော့ ဝေဒနာဆုံးတယ်။ ဆုံးတော့ ဘာသိသလဲဆိုတော့ ဒေါသရဲ့စိတ်ခန်းပါတယ်။ လောဘရဲ့စိတ်ခန်းပါတယ်။ မောဟရဲ့စိတ်ခန်းပါတယ်။ ဒီရုပ်တရားကြီးတွေ မစုံမက်တော့ဘူး။ မခင်တွယ်တော့ဘူး။ ချီးပုံပဲကြည့်ခြင်တယ် ဒီရုပ်မကြည့်ချင်တော့ဘူး။ သူဉာဏ်စင်လေးတွေ တက်လာပြီး အဲ့ဒီတော့မှ ဘုရား ဘုရား အဲ့ဒီလိုတရားတွေကျင့်လိုက်တော့ သူမနေတော့ပါဘူး။ မြို့ကနေ မြောင်းမြကိုပြန်လာတယ်။ ပြန်လာတော့ သူအိမ်မှာလဲ မနေတော့ဘူး။ ကွက်သစ်မှာတရားအားထုတ်တယ်။ ထုတ်တော့ ကွက်သစ်မှာ ဦးဇင်းဆီမှာ ဗေဒင်လာကြည့်ကြတယ်။ သူကလဲ စာမတတ်ပေးမတတ် သူတို့ပြောတာကို ရမ်းပြီးပြောလိုက်တာပါဗျာ။ ဘာမှသိတာမဟုတ်ဘူး။ ရမ်းပြီးတော့ပြောတာပါ။ ဒါပေမယ့် သူတို့ကမှန်တယ်ဆိုပြီး လာကြတာဘဲဗျို့ လူအုပ်ကြီးတွေနဲ့။ ဟိုကလာ ဒီကလာနဲ့။ မြို့သူမြို့သားတွေလာတယ်။ လာတဲ့သူကို အပြစ်မပြောပါဘူးဗျာ။ လာတဲ့အခါမှာ ဦးဇင်းကသူတို့ရဲ့ဆန္ဒတွေကို အလိုလိုက်ပေးပါတယ်ဗျာ။ အဲ့ဒါလေးတွေပြောလိုက်တော့လာကြတာပါပဲဗျာ။ အဲ့ဒီတော့ ဦးဇင်းက ငါ့တော့ဒီမှာနေရင် ဒုက္ခတွေအကြီးအကျယ်ရောက်မယ်ဆိုပြီး စဉ့်ကူးနားကညောင်ပင်ကြီးကို သွားမယ်ဆိုပြီး သွားပြီဗျို့ ဦးဇင်းကပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ကြနော်။ စဉ့်ကူးနားကညောင်ပင်ကြီးမှာ ကရင်လူမျိုး ဦးပေါ်လုနဲ့ သုံးပန်လှက ဦးမြမောင်နဲ့ အဲ့ဒီတော့ ကိုရင်ကြီးဗျ။ ကိုရင်ကြီးဖြစ်လာလားဟုတ်တယ်ဗျ။ ဒီတောင်ဟာ အားကြီးဆိုးတယ်။ နေခင်းဘက်တောင်ဖက် ခြောက်တောင်မကောက်ရဲဘူး။ ဒီဖက်ခြောက်က ကွမ်းရွက်တွေကို ဖုတ်ရပါတယ်။ ကိုရင်ကြီး ဖြစ်ပါမလား ဖြစ်ပါတယ်။ ကိုရင်ကြီး ဒီမှာပဲကျင့်ပါမယ်ဆိုပြီး သူတို့ကျောင်းကလေး ဆောက်ပေးပါတယ်။ အဲ့ဒီမှာကျင့်တယ်။ ဆွမ်းလေးတွေလာပေးတယ်။ ဦးပေါ်လုံးသိပါတယ်။ တရားထိုင်တော့ အဲ့ဒီတောင်ပေါ်မျာပဲပေ့ါ။ သဘောလေးပဲ နည်းနည်းပါးပါးတွေ့သွားပါတယ်။ အဲ့ဒီကောင်ကနေပြီးတော့ မြို့ဆရာတော်ကြီးကြွလာတယ်ဆိုတော့ ဆရာတော်က

စကားများကျောင်းမှာ သီတင်းသုံးပါတယ်။ ဆရာတော်ဆီလာပြီး တောင်ပေါ်မတက်တော့ဘူး။ ဆရာတော်ကလဲ ကိုရင်ကြီးတရားတက်သလားဆိုပြီး တရားစစ်ပါတယ်။ အဲ့ဒီတော့ဘယ်ကိုရောက်လာလဲဆိုတော့ မောင်တင်မြင့်တို့ ဥယျာဉ်ထဲရောက်လာတယ်။ အဲ့ဒီကနေပြီးတော့ ဦးထွန်းရွှေတို့ဆီရောက်လာပါတယ်။ အဲ့ဒီမှာပဲ တရားအားထုတ်ပါတယ်။ အားထုတ်တဲ့အခါမှာ ဖားအံဆရာတော်တပါးရောက်လာတယ်။ နောက်ပစ္စတာရုံကျောင်းက ဆရာတော်တစ်ပါး ရောက်လာတယ်။ အဲ့ဒီတုန်းကကိုရင်ကြီးက ဆွမ်းမခံသေးဘူး။ ချက်စားတယ်ရှိတာလေးနဲ့၊ အဲ့ဒီတော့ အဲ့ဆရာတော်က ကိုရင်ကြီး ကြွပါဆိုတာနဲ့ ကြွလာပြီးတော့ ကိုရင်ကြီးတရားတွေကိုစစ်မေးပါတယ်။ မှန်လှပါဘုရား။ သူကမေးတယ်။ ဒီကဖြေတယ်၊ အဲ့ဒီတော့ ဒီဦးဇင်းကဘောဇဉ် (၇) ပါးလွှတ်ပြီတဲ့။ အဲ့သူက ဘယ်လိုပြောလဲဆိုတော့ ကိုရင်ကြီးရယ် ကိုရင်ကြီးရဲ့မေတ္တာလေးတွေ တပည့်တော်ကို ပေးပါဘုရားတဲ့။ အရှင်ဘုရား မနက်ဖြန်တပည့်တော် ဖားအံပြန်ကြွမယ်။ တပည့်တော်ဘွဲ့ကဘာလိုပါဘုရား။ အရှင်ဘုရား/ဘုရားရှစ်ခိုးတိုင်း တပည့်တော်ကို မေတ္တာပို့ပေးပါဘုရား။ ဖားအံ ဆရာတော်က အဲ့ဒီလိုပြောပါတယ်။ အဲ့ဒီနောက် ဆရာတော်နှစ်ပါးပြန်ကြွသွားပါတယ်။ သူလဲတရားတွေဆက်ပြီး လုပ်ပါတယ်။ တစ်နေသောအခါကျတော့ ဘယ်လိုရောက်သွားလဲဆိုတော့ ပိန္နဲကုန်းရောက်သွားပါတယ်။ ပိန္နဲကုန်းတောထဲမှာ တရားအားထုတ်ပါတယ်။ ထုတ်တော့ သဘောလေးပဲ။ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာလေးပါး ရုပ်နဲ့ ပတ်သက်တဲ့ နာမ်ရဲ့သဘောလေးပဲ။ ဦးဇင်းက စာတော့မတတ်ဘူး။ ရုပ်ကဖောက်ပြန်လိုက်တဲ့ ဝေဒနာကို သဘောလေး ဘဲနာမ်ကလေးကချုပ်တယ်လို့တော့ မပြောရဲဘူးနော်။ ဦးဇင်းက သဘောလေးပဲ နိဗ္ဗာန်က ခန္ဓာမှာစတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာချုပ်တယ်။ ဒုက္ခဝေဒနာ သုခဝေဒနာ ဒုက္ခဝေဒနာလဲ မမြဲပါလား။ လိုက်တယ်။ သုခဝေဒနာလဲ မမြဲပါလား။ ဒုက္ခဝေဒနာ ဝဏ ပဥ္စတ် သုခ ဝေဒနာ သံခုကာပဥ္စတ် အဲ့ဒီတော့ ဒုက္ခဝေဒနာဆိုတာ ဦးဇင်း ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်နော်။ ခန္ဓာထဲက ပဋိစ္စ၊ သမုပ္ပပေါ်လာပါတယ်။ ဦးဇင်းကပေါ်လို့ပေါ်တယ်ပြောတာ။ ဒီပဋိစ္စ သမုပ္ပရဲ့ အာရုံကို ဦးဇင်းကတိ သိပြီးတော့ လိုက်ရပါတယ်။ ဒုက္ခဝေဒနာတွေ တဖြည်းဖြည်း လျော့လာပါတယ်။ သုခဝေဒနာ လေးတွေ အာရုံခြင်းဖြစ်လာပါတယ်။ အဲ့ဒီအာရုံကိုအသာလေးဖြည့်ဖြည်းနဲ့ ရှုပွားရပါတယ်နေတာလဲ အထူးအရေးကြီး ပါတယ်။ သွားတာလဲအထူးအရေးကြီးပါတယ်။ ပြောတာလည်းအထူးအရေးကြီးပါတယ်။ ကိုယ်စိတ်ကိုယ်စစ် လျှောင်းတဲ့အခါမှာလည်း ကိုယ်စိတ်ကိုယ်စစ်ပါ။ စကြိန်လျှောက်တဲ့အခါမှာလည်း ကိုယ်စိတ်ကိုယ်စစ်ပါ။ ထိုင်တဲ့အခါမှာ လည်း ကိုယ်စိတ်ကိုယ်စစ်ပါ။ အေး ကိုယ်စိတ်ကိုယ်စစ်ပါ။ မမြဲတာနှလုံးသွင်းထားပါ။ မမြဲတာနှလုံးသွင်းရင် မစွဲဘူး။ မစွဲရင် ဥပါဒါန်လွတ်တယ်။ ဥပါဒါန်လွတ်ရင် ကံပြတ်တယ်။ ကံပြတ်ရင် ဉာဏ်ခြုံလိမ့်မယ်နော်။ ဒုက္ခဝေဒနာလဲ သဘောပါဘဲဗျာ။ ဒုက္ခဝေဒနာရဲ့ သဘောကိုလည်း သိတယ်။ သုခဝေဒနာရဲ့အကြောင်းကိုလည်း သိတယ်။ အဲ့ဒီတော့ ရုပ်နဲ့ပတ်သတ်တဲ့ နာမ်ခန္ဓာလေးပါး အဲ့ဒါဉာဏ်တွေဘဲ။ ဒါတွေဘဲ အဲ့ဒါလေးတွေသိသွားပြီး ဦးဇင်းကတော့ စာမတတ် ဘူး။ စာတတ်တဲ့သူတွေ ပေတံနဲ့တိုင်းပါ။ အဲ့ဒီအာရုံကိုမစွဲတော့ဘူးတဲ့။ ရုပ်ကဖောက်ပြန်တဲ့ ဝေဒနာကို နာမ်ကမစွဲတော့ ဘူးတဲ့။ မစွဲတော့ဥပါဒါန် ဖြစ်တာပေါ့ဗျာ။ သဘောလေးပဲ ဦးဇင်းကစာမတတ်လို့နော်။ အဲ့ဒီဖြစ်သွားတာနဲ့ ရုပ်မှာ ဘယ်လိုဖြစ်သွားလဲဆိုတော့ တရားထိုင်လိုက်တာနဲ့ အော် အေး အေး ဖြစ်ပြီး အာရုံချောက်ပါးကိုလဲ မြင် မြင်တာဘဲ ရှိတယ်။ ကြား ကြားတာပဲရှိတယ်။ နည်းနည်းတာပဲရှိတယ်။ အာရုံကို ဥပက္ခာသွားပြီတဲ့ မြန်မာလိုပြောမယ်ဆိုရင် အာရုံကို

မစွဲတော့ဘူး။ အပြင်အာရုံကိုလည်း မစွဲတော့ဘူး။ ကိုယ်စိတ် ကိုယ်စစ်တာဘဲ။ လိမ်ပြောရင် ဦးဖင်းကမဟာအဝီစိကို ကျသွားလိမ့်မယ်နော်။ အဝိဇ္ဇာဉာဏ်ရရင် သစ္စာဉာဏ်အမှန် အမှန် ပြောသွားမယ်။ အဲ့ဒီတော့မှ ဒီအာရုံခြောက်ပါးကို သတ်တာဉာဏ်ပဲ။ အတွင်းထဲက ရုပ်နဲ့ ပတ်သက်တဲ့ နာမ်ခန္ဓာလေးပါးကို သိသွားပြီ။ ခန္ဓာထဲက အကျိုးပေါ်က အကြောင်းရုပ်တာနဲ့ အပြင်ကအာရုံခြောက်ပါးလဲ ရုပ်တာပဲ သိသွားပြီ။ လက်ဦးတုန်းက အပြင်အာရုံခြောက်ပါးကို ပတိယတ္တိနဲ့ ဆင်ခြင်တယ်။ အဲ့စာတော့မတတ်တော့ သူကျင်း အောင်းတယ် ရှုတယ် ရှိုက်တယ်။ အဲ့ဒီတော့ ဘယ်သူကိုအရင်သတ်ရသလဲ။ ဒိဋ္ဌိကိုအရင်သတ်ရတယ်။ ဒိဋ္ဌိကိုဘယ်လို သတ်ရသလဲ ဒုက္ခသစ္စာ ဒုက္ခသစ္စာ ဒုက္ခသစ္စာ ကြာတော့ ဒီရုပ်ကို မလိုခြင်တော့ဘူး။ အဲ့ဒီတော့မှ ဒီရုပ်တွေ ဒီနာမ်တွေကို မစုမက်တော့ဘူး။ အဲ့ဒီတော့မှ ကြည့်လိုက်တယ်။ ကမ္မဝဋ် ဘဝဝဋ် ဝိဘကဝဋ်ပါလား။ မြင့်လိုက်တဲ့ အကြောင်းကြားလိုက်တဲ့ အကြောင်းနဲ့လိုက်တဲ့အကြောင်း မြင်မြင်တာဘဲရှိတယ်။ အဲ့ဒီအတွင်းထဲကနေပြီးတော့ အတွင်းဓါတ်လေးပါးဟာ ပထဝီ တေဇော အာပေါ ဝါယောဟာ စိတန်လေးပါးရှိပါတယ်။ အဲ့ဒီဓါတ်ပေါ်ကဟာတွေကို သူမစွဲတော့ဘူး။ အဲ့စာမှမကတတ်တာကိုဗျာ။ သဘောလေးဘဲ။ အတွင်းအာရုံချုပ်မှ အပြင်အာရုံခြောက်ပါးကလဲ လက်နက်ချမယ်။ ဒီကောင်ချုပ်မှ ဟိုကောင်လက်နက်ချမယ်။ အဲ့ဒီတော့မှတရားထိုင်တဲ့အခါမှာ အဲ့ဒီတော့ ခင်ဗျားတို့ ဖွတ်ချက်ကလေးမောင်းတော့ ပန်ကာမှာ ဗေဒါတွေကပ်လို့ဆင်းဆင်းပြီး ဖြုတ်နေရတယ်။ အခုတော့ ဖြုတ်စရာမလို တော့ဘူး။ ဖြူးဖြောင့်နေပြီ။ သမာဓိတွေကောင်း ပညာတွေကောင်း သီလတွေကောင်း အဲ့ဒီသုံးခုကစွဲဆောင်သွားပြီ အဲ့တစ်နေ့လုံး ထိုင်ပြီးအဲ့ဒီတော့ ပညတ်ကနေ ပရမက် အာရုံကို သူတွေ့လိုက်ပြီ။ ပရမက်ကို မနောနဲ့သွားပြီး အာရုံဖြုတ်နေပြီ။ ခန္ဓာဝန်က ပညတ်နယ်ထဲမှာ မနောကတော့ လောကုတ္တရာ နယ်ထဲမှာ ကိလေသာလဲ ဘာမှမရှိဘူး။ ရုပ်မှာလဲ ဘာမှ သဘောပဲ သဘောဘဲ ဒီရုပ်တွေနာမ်တွေကို သူသိတယ်။ မပြောဘူး။ မသိဘူးလဲမပြောဘူး သဘောပဲ ဖြစ်သွားပြီ။ အဲ့ဒီတော့မှ ပရမက်ကနေပြီးတော့ ပြန်ဆင်းလာတယ်။ အဲ့ဒီတော့မှ ပညတ်တွေဟာ သဘောပဲ ပရမက် မြင်မှ ပညတ်စင်ကယ်။ ဟိုမှာ အတွယ်အတာရတာနဲ့ တပြိုင်နက်ထဲ ဒီမှာပြီးသွားပြီ။ သဗ္ဗေ သင်္ခါရ အနတ္တ နာခြင်း တရား၊ အိုခြင်းတရား သေခြင်းတရား အဲ့ဒီတော့ပညတ်ကနေ ပရမက် အဲ့ဒီတော့ သူအာရုံကလေ ကိုဖြစ်နေပြီတဲ့ အော်ပြန်ဆင်းလာတော့ အော် အေး အေး အေး ပဲပြောပြီတဲ့။ သဘောလေးတွေပဲ။ အဲ့ဒါလေးတွေဟာ သီလပဲ အရေးကြီးပါတယ်။ ကိုယ်စိတ်ကိုယ်စစ်ပါ။ တရားထိုင်တဲ့အခါမှာ ခင်ဗျားတို့ ယောဂီပုဂ္ဂိုလ်တွေ တရားထိုင်တဲ့အခါမှာ တရားစဉ်တွေကို နိဂုံးနတွေဝင်သလား။ ကိုလေသာတွေတိုးလာသလား။ အဲ့ဒီတော့ အတွင်းအာရုံမှာ ကိလေသာတွေ တိုးရင်ဘာဖြစ်လို့ ငါတိုးသလဲ။ ငါနေတာထိုင်တာမဟုတ်လို့ ငါတိုးပါလား။ ငါ့မြေးတွေ သားတွေ သမီးတွေနဲ့နေလို့ ငါတိုးပါလား။ ငါ့ကိလေသာ အာရုံထဲမှာပဲနေပါလား။ ငါဘာဖြစ်လို့ ဉာဏ်မပေါက်သလဲ။ အဲ့ဒီတော့ ငါနေတာ မစင်ကြယ် လို့ဉာဏ်မပေါက်တာ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာလဲမစင်ကြယ်ဘူး။ အဲ့ဒီတော့ခင်ဗျားတို့ထိုင်နေတာကောင်းတဲ့ကံပဲ။ ကောင်းတဲ့အကျင့်တရားတွေပဲ။ မှန်တယ်ဗျို့။ နာ×××ရမှာ အဲ့ဒီအာရုံ ခြောက်ပါးရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာလေးပါ။ အဲ့ဒါကိုကြည့်ပေ့ါဗျာ။ အဲ့ဒါဉာဏ် ဉာဏ်ပေ့ါဗျာ။ ဒါကြောင့်မို့ ဝိဇ္ဇာဉာဏ သစ္စာဉာဏ် အဝိဇ္ဇာဉာဏ် ကိုဖယ်လိုက်ရင် ဝိဇ္ဇာဉာဏ်တစ်ချက်ဘဲ လုပ်တာနဲ့ နှစ်ချက်စလုံး ပြီးတယ်။

အဲ့ဒါကိုယ်စိတ်ကိုယ်စစ်ပါ အထူးသဖြင့် သည်းခံပါ။ အေး အေး အေး ခလေးလေး ချေးကိုက်တာတောင် သွားမရိုက်နဲ့တဲ့။ ကိုက်ပါစေကွာ အေး အေး အေး တရားလေးထိုင်လိုက်တော့ ဒီအာရုံတွေကို မစွဲပါနဲ့။ တွယ်တော့ တွယ်တာပါ။ ပြီးလဲသွားမစွဲနဲ့။ စွဲရင်တော့ ကိုယ်အကြောင်းပဲ။ အကြောင်းကိုသတ်တက်အောင်သတ်ပါ။ အကျိုးပေါ်ကနေ အကြောင်းဖြစ်နေတာ မြင်လိုက်တာ အကြောင်း၊ နံလိုက်တာ၊ အကြောင်းကြားလိုက်တာ။ အကြောင်း အဲ့ဒီအာရုံကသဘာဝမျက်စိနဲ့ မြင်လိုက်တာပဲ။ အဲ့ဒီအာရုံကို ကိုယ်ကလိုမလို ဖြစ်သွားရင် အဲ့ဒါဥပါဒါန်ပဲ။ အနုသယ ကိလေသာကို သတ်ဖို့အင်မတန်အရေးကြီးတယ်။ အနုသယကို သတ်နိုင်အောင် ကြိုးစားပါ။ အဲ့ဒီအနုသယကိလေသာကို သတ်နိုင်ရင်ဤမယ် ဘက်ကမ်းကနေ ဟိုမယ်ဘက်ကမ်းကိုရောက်နိုင်ပါတယ်။ ဒီဟာ သိပ်အရေးကြီးပါတယ်။ ဒီဘုံဟာ အင်မတန်မှ ထူးမြတ်ပါတယ်။ ဘာနဲ့မှမတူပါဘူး။ ဦးဇင်းတို့ ကမ္ဘာတည်ကတည်းက ဘဝတွေ ဘဝတွေ မြုတ်မြောလာရတယ်။ နောက်ကိုကြည့်လိုက်တော့ ဦးဇင်းတို့ကြောက်သွားပြီး ကျင့်တော့သိတယ်။ သိတော့မြင်တယ်။ မြင်တော့ကြောက်ပြီ။ အဲ့ဒီတော့သူအလွတ်ရုန်းတော့တာဘဲ။ လုပ်ပါ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ဒကာလေးတွေ ဒကာမလေးတွေ နောက်ဆုံးသာဝက ဒါကြောင့်မို့ငါးပါးထဲမှာပါပါတယ်။ သတ္တမဘဝန သူတော်ကောင်းရဲ့ စကားတရား၊ နာကြားဖို့ခဲရင်းစွာရအပ်ပေသည်။ သူ့ဆီကစကားက ခန္ဓာထဲကကျင့်တဲ့တရားပါ။ အမှန်ကိုပေးလိုက်တာ။ အင်မတန်သည်းခံပါ။ လာတော့လဲ တစ်ယောက်ထဲ ပြန်တော့လည်းတစ်ယောက်ထဲ အဲ့ဒါတွေ ကိုယ်ကစွဲတာ စွဲတော့ဥပါဒါန် ဥပါဒါန် ဖြစ်တာနဲ့ ကံဖြစ်တယ်။ ကံကကောင်းတဲ့ကံ မကောင်းတဲ့ကံက ကိုယ်ကတွေး ကြည့်ပေါ့။ ဥပမာလေးပြောရမယ်ဆိုရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ပရိနိဗ္ဗာန်စံတော်မူပါတယ်လို့ ပြောပါတယ်။ အာယုသင်္ခါရလွှတ်တယ်လို့ပြောပါတယ်။ အဲ့ဒီတော့ ဘုရားသခင်က အာယုသင်္ခါရလွှတ်တော့ အရှင်အာနန္ဒကကြဲပါတယ်။ အရှင်အာနန္ဒာက စာအရမ်းတတ်ပါတယ်။ နတ်ပြည်ဟောလဲ သူသိတယ်။ ဟိုးအောက်လဲ ရတယ်။ လူ့ပြည်လဲရတယ်။ ဘုရားကြီး ပရိတ်နိဗ္ဗာန်စံတော့ သူမှာ ရဟန်းတာမဖြစ်ဘူးစာတော့တတ်တယ်။ အဲ့ဒီတော့ ရဟန်းတာပေါင်း ငါးရာက ပထမသံဃာရတနာတင်ပါတယ်။ ဦးဇင်းမပြောတတ်လို့။ အဲ့ဒီမှာသူ့ကိုပင့်တယ်။ ဒီပုဂ္ဂိုလ် စာအားကြီးတတ်တယ်။ ဒါပေမယ့်ရဟန်းတာမဖြစ်သေးဘူးတဲ့။ အဲ့ဒီတော့သူလည်းကျင့်ရတယ်။ စာတတ်ကြီးတစ်ညလုံး သူကျင့်ရတယ်။ မရတဲ့အဆုံး မနက်မိုးလင်းတော့ ငါတော့မရတော့ပါဘူးဆိုပြီးတော့ အဲ့ဒီမှာမှ မာန်ချလိုက်တယ်။ သူကိုသူမရတော့ဘူးဆိုပြီး စိတ်ပျက်သွားတယ်။ အဲ့ဒီတော့မှ ဘုတ်ဆိုရဟန်းတာဖြစ်တယ်။ ဖြစ်တော့မှ ကြွပါတယ်။ အဲ့ဒီတော့ဒီတရားကို ကျင့်ပေးရတယ်။ ဒကာကြီးတွေ ဒကာမကြီးတွေ ဒကာလေးတွေ ဒကာမလေးတွေ ကျင့်ကြပါ။ အထူးသဖြင့် ကျင့်ကြပါ။ ဦးမြမောင်နဂိုမူလကခင်ဗျားတို့မြင်ဖူးပါတယ်။ ကြားဖူးပါတယ်။ ဒီလူကြီးကလူဆိုးပါ။ ပလိပ်ကိုတော့ အပြစ်မပြောပါဘူး။ ပေါ့ပေါ့နေတာကိုဗျ။ လခလေးကအချိန်ကျသွားထုတ်တာကိုဗျ။ ဟိုနေရာဝင် ဒီနေရာဝင် ပေါ့ပေါ့ ပိုက်ဆံကရတာကိုဗျ။ ဒါတွေကိုစားလိုက်သောက်လိုက် ပြောနေတာကို အပါယ်လယ်တော့ အပွါယ်ဆိုက်တော့မယ်။ မသိတော့လုပ်မိတာကို အပြစ်မပြောပါဘူး။ စိတ် စိတ် စိတ်ကို အလို လိုက်တာအဲ့ဒီတော့ အကျိုးပေါ်က အကြောင်းတွေက အလိုလိုက်တာပေါ့နော်။ ဦးဇင်းကမပြောတတ်လို့ အဲ့ဒါလုပ်လိုက်ရင် အစိသိလမရှိတော့ပါဘူး။ ခင်ဗျားတို့သိလာတွေယူပါတယ်။ ပါဏာတိပါတာ အနိန္ဒဒါန ယူပြီးတဲ့အခါမှာ

သညာသီလခေါ်ပါတယ်။ သီလထက်ကြီးတဲ့အာရုံက သားသမီးတစ်ခုခုဖြစ်သွားရင် ဒီအာရုံမေ့သွားပါပြီ။ ဟိုအာရုံ သွားစွဲတယ်။ အဲ့ဒါ သင်္ခါရပြောင်းလိုက်ပြီ။ ဒါကြောင့်မို့ ကိလေသာ ကာမဂုဏ်အာရုံကြီးကို အေး အေး အဲ့ဒါကို ကိုယ်က သိထားရမယ်။ ပဋိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဒီသုံးချက်ကို ပြီးမြောက်အောင်လုပ်လိုက်ပါတဲ့။ တစ်ချက်ထဲနဲ့ပဝပ်မနေပါနဲ့။ ပဋိယတ္တိနဲ့ မနေပါနဲ့ပ။ ပဋိပတ္တိကိုလုပ်မှ မနောရဲ့အကြောင်းတွေကိုသိပါလိမ့်မယ်။ ကိုယ်စိတ်ကိုယ်စစ်တော့ ကိလေသာတွေ ဝေးကွာတော်မူပြီး တစ်ခုသောအာရုံပါမြင်နေပြီ။ အဲ့ဒီတော့မှာ ခင်ဗျားတို့ထဲမှာရေးထားတာ ပသတီပေါ့ဗျာ။ အဲ့ဒီလိုဖြစ်တော့မှ ကိလေသာ ကာမဂုဏ်ကနေ လောကီအာရုံကနေ လောကုတ္တရာဖြစ်သွားပြီ။ ကိလေသာနဲ့ပတ်သက်တဲ့ စွဲလမ်းခြင်းမရှိတော့ဘူး။ အခုခင်ဗျားတို့ တရားထိုင်တာလဲ ကိုယ်စိတ်ကိုယ်စစ်ခိုင်းတဲ့အခါမှာ ကိလေသာ ကာမဂုဏ်ရှိလား။ ရှိရင်ခင်ဗျားတို့အပြင်မှာ မစင်ကြယ်လို့ ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အဲ့ဒီတော့ ခင်ဗျားအပြင်မှာစင်ကြယ်ပါတဲ့ ကြည့်ပြီးနေ့ပါကြည့်ပြီးတိုင်ပါ စကားမပြောပါနဲ့တဲ့။ လူတွေနဲ့သွားပြီးဝိုင်းမဖွဲ့ပါနဲ့ ကိုယ်တရားရဲ့မူလအခြေခံကိုလုပ်ပါ။ ကိုယ်စိတ်ကိုယ်စစ်ပါ။ တောထဲထိုင်ထိုင် ကျောင်းမှာထိုင်ထိုင်ပြန်စစ် ××တဲ့စစ်တော့ ကိလေသာ ဝေးကွာတော်မူပြီး တစ်ခုသောအာရုံဖြစ်ပြီးဆိုရင် အစိသီလအပ္ပဒေတသမ္ဗဒေးတ အဓိသီလ အစိစိတ္တ အဓိပညာ အဲ့ဒါသီလပဲ ပဋိပတ္တိရဲ့သီလ ပဋယတ္တိရဲ့ သီလယူလာပြီး အိမ်ရောက်တော့ ထမင်းလေးဘာလေးစားပြီးတော့ ပုဆိုးကြီးခွေးကိုက်နေတော့ အဲ့ဒီအမြင်မြင်တော့ ခွေးတင်ရိုက်ရော လည်ပင်းမှာလဲ စိတ်ပုတီးနဲ့ ခွေးရိုက်တော့ ခွေးရဲ့အာရုံစွဲတာကိုဗျ။ အဲ့ဒီမှာ သိတဲ့သညာက ပုဆိုးကြီးပြသါးပါလား။ ဘာလားနဲ့ ဒေါသတွေဖြစ်တာပေါ့ဗျာ။ သဘောလေး သဘောလေး အဲ့ဒီအာရုံခြောက်ပါးက ကိုယ်ကိုဒုက္ခပေးနေပါတယ်။ အဲ့ဒါကိုသတ်နိုင်တာက ဉာဏ်ပါပဲတဲ့ဗျာ။ တရားထိုင်တဲ့အခါမှာ အတွင်းမှာကြည်လင်မှ အပြင်မှာကြည်လင်မယ်။ ဒါလောက်ဆို ပြီးရောပေါ့ဗျာ။ (သာဓု သာဓု သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း။ မြောင်းမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

(၈-၁၂-၁၉၉၈) ရက်နေ့၊ ဧရာဝတီတိုင်းဒေသကြီး၊
ပုသိမ်မြို့ လေယဉ်ကွင်းတွင် ဝိသုဒ္ဓိဆရာတော်
ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၁၁)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၈-၁၂-၁၉၉၈) ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ လေယာဉ်ကွင်းတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်းက ဗမာစာမတတ်ပါဘူးဗျာ။ ဗမာစာမတတ်တော့ နှလုံးသာက အရှိကိုအသိနဲ့ ဟောတော့ "နားကလည်းလေး" ဆိုတော့ အားရပါးရပြောမိတာ ဆိုမိတာ မှားယွင်းခဲ့ရင် ခွင့်လွှတ်ပါလို့ အားလုံးပဲရှိကြတဲ့ ဆရာတော်တွေ၊ သံဃာတော်တွေ အရှင်သူမြတ်တွေ၊ ကိုရင်လေးတွေ၊ ဒကာဒကာမတွေ ဦးဇင်းကျ နားကလေးတယ်။ စာကျမတတ်ဘူး။ ငယ်ငယ်ကရှင်သာမဏေဘ၀က စာဝါတွေလိုက်ပြီးနေတဲ့ ကျောင်းထိုင်ဆရာတော်မဟုတ်ပါဘူး။ အသက် (၅၄) နှစ်ရောက်မှ အင်မတန်ဒုက္ခရောက်လို့ စာလိုဆိုရင် ပဋိဃေ၀၊ ဥပါဒါန်ဆိုတဲ့ ဒီမီးတွေက နှလုံးသားကနေပြီးတော့ မကောင်းတာတွေကြံ၊ မကောင်းတာတွေလုပ်။ ဒါတွေဟာ စာအရဆိုရင်တော့ မိစ္ဆာဒိဋ္ဌိ၊ စိတ်အပိုင်းမှာတော့ နှလုံးသားပေါ်မူတည်ပါတယ်ဗျာ။ အဲ့ဒါတွေလုပ်မိတဲ့အတွက် မကောင်းတာတွေကြံစည်တယ်။ မကောင်းတာတွေလုပ်မိတယ်။ ကာယကံမြောက်တယ်ခေါ်တယ်။ နှလုံးသားကဖြစ်ပျက်သွားတာ။ ကိုယ်ကစွဲတော့ လုပ်တာပေါ့ဗျာ။ အဲ့ဒါတွေ မှုမမှန်ဘူးပေါ့ဗျာ။ သူများပစ္စည်း လိမ်တာ၊ သူများပစ္စည်းခိုးတာ၊ သူများပစ္စည်းကို လိမ်လည်လှည့်ဖြားပြီးယူတာပေါ့ဗျာ။ ဒါတွေဟာ မိစ္ဆာ ဒိဋ္ဌိ အပါယ်ကျပါတယ်ဗျာ။ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား သဘောလေးပေါ့ဗျာ။ စာတော့မတတ်ဘူး။ သံသရာဘာကြောင့်လည်သလဲ။ ကံရှိပါတယ်။ ကံရဲ့တရားလေးပေါ့ဗျာ။ ကံရဲ့တရားရှိသလို ဈာန်ရဲ့တရားရှိပါတယ်။ ဈာန်ရဲ့တရားရှိရင် ဉာဏ်ရဲ့တရားရှိပါတယ်ဗျာ။ အဲ့ဒီဉာဏ်ကတော့ ဝိပဿနာရဲ့လမ်းဆုံးတော့ ရှာတွေ့ပါမယ်ဗျာ။ ဒီဉာဏ်စခန်းတွေဟာ အင်မတန်မှထူးမြတ်ပါတယ်ဗျာ။ ဝိပဿနာကျင့်တဲ့အသိလေးကိုပြောပြပါမယ်ဗျာ။ (၃၁) ဘုံမှာထွက်တယ်။ မထွက်တယ်ဆိုတာကိုလည်း သဘောလေးပြောပြပါမယ်ဗျာ။ သဘောလေးပဲနော်။ ကံတရားရယ်။ ဈာန်တရားရယ် ဉာဏ်တရားရယ်၊ ဉာဏ်တရားက ဘုရားဟောထားပါတယ်ဗျာ။ စက္ခုဥပဒပါဒိ ဉာဏဥဒပါဒိ၊ အာသောဥဒပါဒိလို့ ဘုရားဟောထားပါတယ်ဗျာ။ စက္ခုဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ အာသောဥဒပါဒိလို့ ဘုရားဟောထားပါတယ်။ အဲ့ဒီဉာဏ်က လောကုတ္တရာ ဉာဏ်ခေါ်ပါတယ်ဗျာ။ ရေဒီယိုပြင်တတ်တယ်။ စက်ဘီးတွေ ပြင်တတ်တယ်ဆိုတာက လောကီသုတအာယဉာဏ်ခေါ်တယ်။ သင်ရင်တတ်မယ်။ ဟိုကကျင့်ရတာ။ ကျင့်တိုင်းလည်း ပေါက်မြောက်ဖို့မလွယ်ပါဘူးဗျာ။ သဘောလေးပဲနော်လိုက်။ ကျင့်တဲ့ဟာကို ဦးဇင်းကသစ္စာနဲ့ပြောတာပါဗျာ။ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဦးပဏ္ဍိတလိမ်လည်လှည့်ဖြားပြောတာဆိုရင် ပါရာဇိကံ၊ ထန်းပင်လည်ပင်းဖြတ်သလိုပေါ့။ စာမတတ်လွန်းလို့ပြောတာပါ။ ဒါကြောင့်သိရပါမယ်။ သိရင်ပယ်မယ်။ ပယ်ရင်ဆိုက်ရပါမယ်။ ဘာတွေသိရမလဲ။ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ ဒါတွေပယ်ရမယ်။ သမ္မာဒိဋ္ဌိကံက လုပ်ယူရတယ်။ မိစ္ဆာဒိဋ္ဌိကံက အလိုလိုဖြစ်နေတာ။ အဲ့ဒါဘာလဲ အဝိဇ္ဇာတုံးလို့ခေါ်ရမယ်ဗျာ။ ဘာလို့အဝိဇ္ဇာတုံးလို့ခေါ်ရမလဲ။ အာရုံခြောက်ပါးမလွတ်ဘူးဗျ။ အဲ့ဒီတော့ မျက်စိမြင်လိုက်တာသိတယ်။ ကြားလိုက်တာသိတယ်။ နံလိုက်တာသိတယ်။ သိတာစိတ်၊ မြင်လိုက်တဲ့အပေါ်မှာ နှစ်ရာတန်၊ ငါးကျပ်တန်၊ မြင်တော့သိတာပေါ့ဗျာ။ မြင်တော့ အာရုံပေါ်မှာသိရုံတင်မဟုတ်ဘူး။ မှတ်တဲ့စိတ်ကလေးပါ ဖြစ်တာပေါ့ဗျာ။ မှတ်တာကသညာ၊ ပါဠိလို သညာခေါ်တယ်ဗျ။ စွဲလန်းတာက ဥပါဒါန်။ အဲ့ဒါလေးတွေဖြစ်သွားရင် စိတ္တဝိသုဒ္ဓိရဲ့သီလပျက်ပါတယ်ဗျာ။ သီလဝိသုဒ္ဓိကတော့ ရှစ်ပါးသီလ၊ ကိုးပါးသီလ ၂၂၇ သွယ်တော့ သိက္ခာပုဒ်ကိုခေါ်တယ်။ စိတ္တဝိသုဒ္ဓိမှာ မိစ္ဆာစိတ်တွေနှလုံးသွင်းထားတယ်။ သူများမနာလို၊ ကိုယ်ကျိုးမရှိ၊ နှလုံးကသွင်းထားတယ်။ ကာယကံရှင်

သိပါတယ်ဗျာ။ ဘေးပတ်ဝန်းကျင်ဘာမှမသိဘူး။ မြင်တာနဲ့ သူမိစ္ဆာနဲ့မြင်ပြီ။ ကြားတာလည်း မိစ္ဆာနဲ့ကြားပြီ။ မြင်လိုက်တာကိုတွေးတာ။ တွေးတာကိုသွားစွဲတာ။ အဲ့ဒါ မိစ္ဆာဒိဋ္ဌိလို့ခေါ်ပါတယ်ဗျာ။ အတွင်းမှာကောက်ကျစ်စဉ်းလဲတာပေါ့ဗျာ။ ဒါကအပါယ်ကျမယ်။ မကျမယ်ဆိုတာတော့ တွေးကြည့်ပေါ့ဗျာ။ အဲ့ဒီတော့ သံသရာလည်တရားက ကံတရား။ ဘယ်ကံလဲ။ သမ္မာ ဒိဋ္ဌိကံ၊ သမ္မာဒိဋ္ဌိကံမှာ သီလတွေဆောက်တည်တယ်။ အင်မတန်မှထူးမြတ်တယ်။ အပြင်မှာ သမုတိသစ္စာမှာ (၃၈) ဖြာမင်္ဂလာမှာ စာတတ်ပြီးတော့ အကျင့်တရားတွေကို ထိန်းပါတယ်ဗျာ။ မကောင်းတဲ့မိစ္ဆာကို ပယ်ထားတယ်။ သမ္မာကိုသုံတားပါတယ်။ သူကာဝိပဿနာကို မကျင့်ဘူးဗျ။ ကိုယ်ကသမ္မာကိုယူထားတယ်။ သီလတွေဆောက်တည်တယ်၊ မိစ္ဆာကို ပယ်ပါပြီ၊ ဒါကဘာလဲဆိုတော့ သောတပန်လို့ခေါ်လိမ့်မယ်ဗျ။ မိစ္ဆာကိုပယ် ထားပြီး သမ္မာကိုယူထားပြီး။ အပါယ်လေးတံခါးပိတ်တာ သောတပန်၊ မဟာမဟုတ်သေးဘူး။ သောတပန်ရိုးရိုးလေး ခေါ်လိုက်ပြီ။ အဲ့ဒီလိုပုဂ္ဂိုလ်မျိုးဟာ အပါယ်ပိတ်တော့ နတ်ဘုံပဲတက်တော့မှာပေါ့ဗျာ။ သူ့မှာစိတ်ကထိန်းထားတယ်။ ဒါနကဘုရားတို့၊ ရဟန္တာတို့ ထူးမြတ်တဲ့သူတွေကို သွားလှူတဲ့ ဒါနမျိုးစေ့က သိပ်ပြီးခရီးမပေါက်မြောက်ဘူး။ သူ့ရဲ့ ထိန်းထားတဲ့ စိတ်ကလေးကိုတော့ အလွန်မွန်မွန်မြတ်မြတ်သူ့မှာထူးပါတယ်။ အဲ့ဒါကအပါယ်ပိတ်ပြီး နိဗ္ဗာန်တက်မယ်။ စောစောကဘုရားကိုလှူထားတဲ့ ပုဂ္ဂိုလ်ဆိုရင် သူ့မှာဒါနကလည်း မှန်နေပြီ။ ထိန်းထားတဲ့ သီလကလည်းမှန်နေပြီဆိုရင် အပါယ်ပိတ်ပြီး နတ်ပြည်တက်မယ်။ နတ်ရဲ့သက်တမ်းကုန်ရင် တစ်ဆင့်ပေါ့ဗျာ။ စာမတတ်တော့ ဦးဇင်းကြီး မပြောတတ်ဘူး။ ပြောင်းပြောင်းသွားတာလေးခုလောက်တော့ ရှိမယ်ဗျ။ နတ်ပြည်ကနေ သက်တမ်းကြွေတယ်ဆို နိဗ္ဗာန် ကူးသွားတာပဲဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားလှူထားတဲ့ မျိုးစေ့ရှိတာကိုးဗျ။ ကိုယ်ကစိတ်ကလေးကို ထိန်းထားတယ်။ ကိုယ့်ရဲ့ဒါနကသိပ်ခရီးမပေါက်တော့ အပါယ်ဘုံကျနိုင်ပါတယ်။ ဒါကြောင့် ဖြဗ္ဗာပြည်က တဝင်းဝင်း တက်တကျင်းကျင်း လို့စာကရေးထားတာပေါ့။ ဒါကြောင့် ခရီးပေါက်ရောက်တဲ့ ပုဂ္ဂိုလ်ရှိသလို မပေါက်ရောက်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ခင်ဗျား တို့ပေါ်မှာမူတည်တယ်။ ညောင်သီးလောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်ပါတယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်သီးလောက်ဖြစ်ပါတယ်။ အဲ့ဒီတော့ သဘောလေးပြောရမယ်ဆိုရင် ကုသိုလ်ကတစ်ပဲ၊ ငရဲက တစ်ပိဿာ ဒီလိုဆိုထားတယ်။ ဒါတွေဟာ ကိုယ်ရဲ့ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ ယုံကြည်ရမယ်။ ဦးပဏ္ဍိတကျောင်းကိုလာကြတယ်။ အားကိုးကြတယ်ပေါ့ဗျာ။ လောကီကြောင်းတွေ၊ ဘာဖြစ်တယ်။ ဘယ်လိုပဲ၊ ညာလိုပဲ လူဆယ်ယောက်လာတာ၊ ကိုးယောက်က လောကီအကြောင်းတွေ၊ ကိုယ်ရဲ့ဇာတိကို မလိုချင်ရင် ဇရာမဖြစ်ပါဘူး။ ကံပြတ်တဲ့အသိနဲ့ လာမလှူဘူး။ လောကီကြောင်းတွေ လာပြီးတော့လှူရင် တွေးကြည့်ပေါ့ဗျာ။ ဒီပုဂ္ဂိုလ်မှန်ရင် ငါ့ဇာတိရရင် ဇရာဖြစ်အုံးမယ်ဆိုတဲ့ အသိလေးနဲ့ ကံပြတ်တရား။ သူကကံပြတ်ထားရင် ငါလည်းကံပြတ်တဲ့အသိလေးနဲ့ လှူမယ်ဆိုပြီး လှူတတ်ဖို့လိုပါတယ်။ ဥပမာလေးပြောပြပါ့မယ်။ နိုင်ငံခြားကပုဂ္ဂိုလ်တစ်ယောက်ဆို သူနဲ့ဦးဇင်းဘာမှ မသိဘူး။ ဒါမှန်တာပြောတာ သစ္စာပဲဗျို့။ သူဦးဇင်းကိုလှူသွားတယ်။ တော်တော်လေးလှူသွားတယ်။ သူဇီနေ့ဆိုပြန်သွားပြီ။ အလှူခံတဲ့ပုဂ္ဂိုလ်ကလည်း မှန်ရမယ်။ လှူတဲ့ပုဂ္ဂိုလ်ကလည်း ရင်ထဲမှာစေတနာပြတ်တယ်။ သူခံစားရတာကို သူများတွေပြောပြတယ်။ ဒါလှူတတ်သွားတာ။ ဘာအကြောင်းမှ မတင်လျှောက်ပါဘူး။ ယုံကြည်တဲ့ သဒ္ဓါတရားကနေ ရင်ထဲမှာနှလုံးထဲမှာ ရှိတဲ့ဟာနဲ့ လှူသွားတာ။ သူဟာသူသိမယ်။

အလှူခံတဲ့သူကလည်း သူ့ဟာသူ သိတယ်။ ဒါကြောင့်လှူတတ်ဖို့လိုတယ်။ ဒါန၊ သီလ၊ ဘာဝနာဆိုတာက ဦးပဏ္ဍိတပေးသွားပြီ။ ဒါနကိုတော့ ပေးလို့ရတယ်။ သီလကတော့ ခင်ဗျားတို့စောင့်ထိန်းရမယ်။ ဒီသီလစောင့်ထိန်းရဖို့အရေးကြီးပါတယ်။ ဒီသီလတွေဟာ စိတ္တဝိသုဒ္ဓိဖြစ် ရမယ်။ သီလဝိသုဒ္ဓိက စိတ်မချရဘူးဗျ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ခေတ်နဲ့သာသနာ (၂၅၀၀) ကျော်ခေတ်နဲ့တွေးကြည့်ပေါ့ဗျာ။ အခုတွေးကြည့်မယ်ဆိုရင် တန်တစ်ပြည် ဘယ်လောက်၊ ဗီခန္ဓာဝန်အတွက်က ရှာရသေး တယ်။ မနက်တစ်ထပ်၊ ညတစ်ထပ်၊ ရေတိုသီးကလည်းဈေးကြီး၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ် ကုန်ပြီ၊ တရားကိုဦးမတည်နိုင်တော့ဘူး။ စားရေးနဲ့ဝမ်းရေးဆက်နေတော့ အဲ့ဒါတွေဖြစ်ကုန်ရော။ အဲ့ဒါတွေလုပ်နေရတဲ့ အတွက်သီလကို မလုပ်နိုင်ဘူး။ ဒီလိုသီလတွေကို ကျင့်ရမယ်။ မြင်တာမမြင်ပါလား။ ကြားတာမမြဲပါလား။ ကိုယ်ပေါ်မှာ တရားရှိပါတယ်။ အတ္တတရားနဲ့ အနတ္တတရား ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတယ်။ သဗ္ဗေသင်္ခါရ အနိစ္စ သဗ္ဗေ သင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ သဗ္ဗေဆိုတာ သတ္တဝါ၊ သင်္ခါရဆိုတာ အာရုံခြောက်ပါးပေါ်မှာ မြင်လိုက်တာ သွားစွဲတာဗျ။ ကောင်းတာလည်းစွဲတယ်။ မကောင်းတာလည်းစွဲတယ်။ ကြားတာလည်းကောင်းတာလည်း စွဲတယ်။ မကောင်းတာလည်းစွဲတယ်။ နံ့တာလည်း ကောင်းတာလည်းစွဲတယ်။ မကောင်းတာလည်းစွဲတယ်။ ဒါသံသရာလည်တဲ့ တရားဘဲ။ အပယ်ကျတယ်လို့မပြောဘူး။ ဒါတွေဟာ သွားသွားစွဲတာ။ ဒါတွေဟာ ကံဖြစ်တယ်ဗျို့။ ကျင့်တဲ့လိုင်းက ပြောမယ်။ စွဲရင်ဒုက္ခသစ္စာတဲ့။ ဒုက္ခသစ္စ၊ သမုဒယသစ္စ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ကိုယ်စိတ်ကိုယ်စစ်။ စွဲရင်ဘာလဲ။ ကံပဲ သဘောလေးပဲဟောဟာ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့်တဏှာ၊ တဏှာကြောင့်ဉပါဒါန်၊ ဉပါဒါန်ကြောင့်ဘဝ၊ ဒါစာကပြောထားတာ။ ဦးဖင်းကစိတ်ပိုင်းနဲ့ပြန်ပြောပေးမယ်။ သဗ္ဗေသင်္ခါရ အနိစ္စဆိုတာ သင်္ခါရဆိုတာ အာရုံခြောက်ပါး၊ ဒါလွှားစွဲလိုက်တယ်။ ကံဖြစ်တယ်ဗျို့။ ကောင်းကံ၊ မကောင်းကံ၊ သောမနဿကံ၊ ဒေါမနဿကံ ဒါပဲရှိတယ်။ ကိုယ်စိတ်ကိုယ်စစ်။ အဲ့ဒီတော့မှ သဗ္ဗေသင်္ခါရ အနိစ္စလို့ဘုရားကဟောထားပြီ။ ကိုယ်မြင်တာမမြဲပါလား။ ကိုယ်ကြားတာ မမြဲပါလား။ ကိုယ်နံ့တာမမြဲပါလား။ ကိုယ်စားတာမမြဲပါလား။ ကိုယ်လမ်းလျှောက်တာမမြဲပါလား။ ထိတာမမြဲပါလား။ သိတာမမြဲပါလား။ မမြဲတာဟာ မစွဲဘူး။ အတ္တပြုတ်သွားပြီ။ အတ္တတရားပြုတ်ရင်ဘာဖြစ်မလဲ။ အနတ္တဖြစ်သွားပြီ၊ သင်္ခါရ ရပ်သွားပြီ။ အာရုံခြောက်ပါးပေါ်မှာ သူမစွဲတော့ဘူး။ ဒါကညာဏ်နဲ့ပြောပြတဲ့စကား။ ကံသမားနဲ့ ဉာဏ်သမား ဒီနေရာမှာ ပြောပြမယ်။ ကိုယ်လည်းမကျင့်နိုင်ဘူး။ ခြော် မြင်တာမမြဲပါလား။ ကြားတာမမြဲပါလား။ နံ့တာမမြဲပါလား။ ဆိုလည်းမနေနဲ့၊ ခြော်မြင်တာ (အေး)[၂] ကြားတာ (အေး)[၂] မမြဲဘူး။ မမြဲတော့ မစွဲဘူး။ စွဲရင်အတ္တဖြစ်သွားလိမ့်မယ်။ မြင်တာမမြဲ၊ ကြားတာမမြဲ၊ အဲ့ဒါ အနတ္တ၊ အနတ္တတရားဟောတာ ရှားသွားပြီ။ အတ္တတရားကများတယ်။ သဘောလေးပဲ နာ။ ဦးဖင်းကစာမတတ်ဘူး။ ကျင့်ထားတဲ့တရားက ကံတရားရှိပါတယ်။ ဉာဏ်တရားရှိပါတယ်။ ဈာန်တရားရှိပါတယ်။ ဒါခင်ဗျားတို့ကြည့်၊ သမ္မာဒိဋ္ဌိကိုယူပါ။ မိစ္ဆာဒိဋ္ဌိကိုပယ်ပစ်လိုက်။ သမ္မာမှာ (၃၈) ဖြာမင်္ဂလာတရားတွေ ဗောဓိပက္ခိယတွေနဲ့ အဲ့ဒါသမုတိသစ္စာခေါ်တယ်။ ဒါအပြင်က ယဉ်ယဉ်ကျေးကျေးနဲ့ နှလုံးမှာလည်း ယဉ်ယဉ်ကျေးကျေးနဲ့၊ ဟုတ်ကဲ့ပါ အကိုကြီး။ ကိုယ့်ဆဲလည်း မစွဲဘူးပေါ့။ ဒါသမ္မာဒိဋ္ဌိခေါ်တယ်။ သမ္မာဒိဋ္ဌိကိုယူရင် မိစ္ဆာဒိဋ္ဌိကို ပယ်ပြီး။ မိစ္ဆာဒိဋ္ဌိ၊ ငါ့အိမ်၊ ငါ့သား၊ ငါ့မယား ငါ့ပစ္စည်း၊ ငါ့သေတ္တာထဲမှာ ဘယ်လောက်ရှိတယ်။ ငါ့မှာစက်ရှိတယ်၊ ကားရှိတယ်။ သူကမနောက

မာန်ဖြစ်နေတာ။ အဲ့ဒါကာယကံရှင်သိတယ်။ မနောကနေဖြစ်နေတာ။ ပြန်မပြော နားမထောင်ဘူး။ အရင်းမစိုက်ဘူး။ သူ့မရှာရှိတာကိုး။ လောကုတ္တရာကို မမြင်လို့ လောကီကိုအားကိုးမှားနေတာ။ ဒါတွေကံတွေ သဘောလေးပဲနာပါ။ ကိုယ့်စိတ်ကိုယ်ပြောင်းပါ။ အသိတစ်လုံး အမြတ်ဆုံးတဲ့။ အသိလေးမှန်အောင် လေ့လာပါ။ သုံးသပ်ပါ။ မေးမြန်းပါ။ စုံစမ်းပါ။ ဦးပဏ္ဍိတပြောတိုင်းမယုံနဲ့ဦး။ မေးပါ။ သမ္မာဒိဋ္ဌိကဘာလဲ။ မိစ္ဆာဒိဋ္ဌိကဘာလဲ။ မိစ္ဆာဒိဋ္ဌိဆိုတာ ငါတတ်တယ်။ ငါနားလည်တယ်။ သူကချည်တိုင်ဖြစ်နေတယ်။ ကိုယ်မှာဖြစ်နေတာ အနုဘယ်မှာဖြစ်နေတာ။ ခပ်တည်တည်နဲ့ စကားမပြောဘူးပေ့ါဗျာ။ ဒါမာန်တွေဖြစ်နေတာ။ လောကီကိုအားကိုးထားတာမာန်တွေခေါ်တယ်။ ဒီမာန်ကသူညာတ နိဗ္ဗာန်ကို မဝင်နိုင်ဘူးဗျာ။ ဒါကြောင့် နိဗ္ဗာန်ခန္ဓာမှာစတယ်။ ခန္ဓာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလမှာ အပြင်သီလမှာ ချုပ်တယ်။ ဘာလိုလဲဆို စိတ္တဝိသုဒ္ဓိကဖြစ်နေတာကိုး‌ဗျ။ စိတ္တဝိသုဒ္ဓိကဖြစ်နေတော့ အပြင်သီလကို သဘောပေါက်သွားပြီကွ။ အပြင်သီလ ကံသီလခေါ်တယ်။ ဒီကစိတ္တဝိသုဒ္ဓိခေါ်တယ်။ သီလချင်းလဲကွာခြားမှုတွေရှိတယ်။ ဦးဇင်းသဘောလေးပဲဟောပါမယ်။ သေမှာကတော့သေမှာပဲ။ စိတ်သာချ။ ထမင်းစားပြီးစောင့်နေတယ်။ မကောင်းတဲ့ ဘုံတွေရောက်သွားမယ်တဲ့။ မကောင်းတဲ့နေရာတွေကို ရောက်သွားမယ်ဆိုရင် ဦးဇင်းမျက်ရည်ကျတယ်။ ကျင့်ထားတဲ့ ပုဂ္ဂိုလ်ပဲဗျ။ ဒါတုတ်ပြပါဆိုလို့ ဘယ်လိုပြမလဲ။ သစ္စာနဲ့ဟောသွားတာ။ လောကီရဲ့အာရုံရှိသလို လောကုတ္တရာရဲ့ အာရုံ ရှိတယ်။ ဒါသဘောလေးပဲ။ လောကုတ္တရာရဲ့ အာရုံကကျင့်တဲ့ ပုဂ္ဂိုလ်တွေသိတယ်။ မေးပါ။ လောကုတ္တရာ အာရုံက ပရမတ်ခေါ်တယ်။ လောကီရဲ့အာရုံကိုပညတ်ခေါ်တယ်။ သဘောလေးပဲနာပြန်မှာဗျာ။ မသိသူ့ပယ်တယ်။ သိသူကယ်မှာပါ။ အင်မတန်သိပ်ထူးမြတ်တယ်။ သဘောလေးပဲနာ။ ဒီသဘော ဘဲရှိတယ်။ ဩဘ် (ဟုတ်ကဲ့) ကိုယ်လင်ဝတ္တရားကို ကျေပြွန်အောင် ပြုရပါ။ ဒကာကြီးကလည်း ဒကာမကြီးကို ကိုယ်ရဲ့လစာလေးကို ပေးပါ။ ကိုယ်ပေးမှ သူကဈေးဝယ်တတ်မှာကိုး။ သူကလည်း မှန်တယ်။ ကိုယ်ကလည်းမှန်တယ်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ အဲ့ဒါသမုတိသစ္စာခေါ်တယ်။ အင်မတန်ယဉ်ကျေးတယ်။ ဘုရား (၃၈)ဖြာမင်္ဂလာကို လိုက်နာကျင့်သုံးတယ်။ ဝိပဿနာ တော့မကျင့်နိုင်ဘူး။ သူ့မှာသမ္မာလေးတွေဖြစ်နေတယ်။ ကိုယ့်အိမ်မှာလည်း သမ္မာတွေဖြစ်နေတယ်။ လမ်းလျှောက်လည်း သမ္မာတွေဖြစ်နေတယ်။ မိစ္ဆာဒိဋ္ဌိကတော့ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ပြိုင်ကြတယ်။ မင်းကဘာ၊ ငါကဘာ၊ ရှင်ကဘာ၊ ကျုပ်ကဘာ၊ အဲ့ဒါသာတွေးကြည့်။ နှလုံးမှာ အတွေးလည်းမှားနေပြီ။ အစွဲလည်းမှားနေပြီ။ အဲ့ဒါမိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ အကျိုးမရှိတဲ့တရားကိုပယ်ပါ။ အကျိုးရှိတဲ့တရားကိုယူပါ။ အင်မတန်ထူးပါတယ်။ ဘုံက (၃၁) ဘုံရှိတယ်ဗျ။ ကျင့်တဲ့ပုဂ္ဂိုလ်က သဘောလေးပဲ။ ဩဘ် (အေး)[၄] အပါယ်လေးဘုံ၊ နတ်ဘုံကဘယ်နှစ်ဘုံ၊ ဗြဟ္မာဘုံက ဘယ်နှစ်ဘုံ၊ အဲ့ဒါခွဲခြားထားတာ။ ဒါ (၃၁) ဘုံပဲ။ (၃၁) ဘုံလွတ်အောင်ရှာရမယ်။ ဒီနေရာမှာ ဒါနရဲ့ အထောက်အပံ့လိုတယ်။ ကောင်းတဲ့ပုဂ္ဂိုလ်လှူရင် ကောင်းမှာပဲ။ ကံပုဂ္ဂိုလ်ကို လှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်ပုဂ္ဂိုလ်လှူရင် ဉာဏ်မျိုးစေ့ရမယ်။ ဈာန်ပုဂ္ဂိုလ်လှူရင် ဈာန်မျိုးစေ့ရမယ်။ ဒါပဲ။ ဒါကြောင့်လှူတတ်ဖို့လိုတယ်။ လှူပြန်တော့လည်း ဇာတိကြောင့် ဇရာ၊ ဇာတိမလိုချင်တော့ဘူး ရော့ဗျာ ပုပ္ပ၊ မုန္တ၊ ပရ ဆိုတဲ့ စေတနာနဲ့အညီ ကိုယ်စိတ်နိုင်သလောက်ကို လှူလိုက်ပါ။ စိတ်မနိုင်ပဲနဲ့ နင်းကန်မလှူနဲ့။ လှူတတ်ဖို့လိုတယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးရတယ်။ ညောင်ပင်ကြီး လောက်လှူရင် ညောင်စေ့လောက်ရတယ်။ စိတ်ဟောထားတယ်။ တပည့်တော်ဒီကျောင်းကြီးလှူမယ်။ ကျောင်းကြီးက

ပျဉ်းကတိုးလက်ခတွေနဲ့ တဖြည်းဖြည်း အိရော အိရောနဲ့ ဖြစ်နေတယ်။ ထပ်ထည့် ထပ်ထည့်နဲ့ ကြာတော့ ကိုယ်စိတ်ကိုယ်မနိုင်တော့ဘူး။ နော်လှူတတ်ဖို့လိုတယ်။ ဒီနေရာမှာ သမ္မာဒိဋ္ဌိကိုလည်း သိပါပြီ၊ မိစ္ဆာဒိဋ္ဌိကိုလည်း ဥပေက္ခာပါပြီ။ အဲ့ဒါမဟာသောတပန်ခေါ်တယ်။ ဝိသာခါကျောင်းအမကြည့်ပေါ့ဗျ။ မဟာထည့်ထားတာ၊ သူဘုရားသကိုလှူထားတာ။ သူ့ဖွေးကြီးတွေလှူကုန်ကဘာမှမပြောဘူး။ ဝိသာခါကျောင်းအမ ကြာဖူးလေး ကိုင်လာတော့ အဲ့ဒါမှမဟာအလှူတဲ့ကွ။ တွေးကြည့်ပေ့ါ။ သူ့ဒါနကစင်ကြယ်နေပြီ၊ သူသီလကစင်ကြယ်နေပြီ၊ သူ့ဘာဝနာက မှန်နေပြီ၊ သူ့အဲ့ဒီလိုဖြစ်နေလို့ နတ်ပြည်ကနေ နိဗ္ဗာန်ကိုကူးမယ်။ ဒါတွေဟာသိပ်အရေးကြီးပါတယ်၊ လှူတတ်ဖို့လိုတယ်၊ ကိုယ်ကလည်း စေတနာမှန်ဦးမှ၊ သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိကို မြင်သွားပြီ၊ ဟောဒါတွေမကောင်းဘူးဗျ။ ဒီမိစ္ဆာတွေပယ်ပြီး သမ္မာကိုယူ သူလည်းမျှတတယ်၊ ကိုယ်လည်းမျှတတယ်၊ သဘာဝတရားကို မပယ်နိုင်ဘူး။ မယားကိုမပယ်နိုင်ဘူး။ လင်သားကိုလည်းမပယ်နိုင်ဘူး။ ဒါသဘာဝတရား မိစ္ဆာဒိဋ္ဌိကိုပယ်ပြီး သမ္မာဒိဋ္ဌိကိုယူပြီ၊ ဒါမဟာပဲဗျို့ အဲ့ဒါသောတပန်ပဲ။ ကိုယ်စိတ်ကိုယ်စစ် သူများစိတ်ကိုသွားမစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့ပ။ ပြန်ရမှာပဲ။ (၃၁) ဘုံမှန်တယ်ဗျို့၊ မတော်လို့ခွေးတွေဖြစ်မယ်၊ ဝက်တွေဖြစ်မယ်၊ ကြက်တွေဖြစ်မယ်၊ ဦးပိုးလိုးသွားဖြစ်မယ်၊ သွားပြီဗျ။ အခုက အချင်းချင်းကူလို့ရတယ်၊ ဦးဖင်းပြောတာမယုံနဲ့အုံး၊ လေ့လာပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ သုံးသပ်ပါ၊ သဘောလေးပဲကြည့်လိုက်ပါကွာတဲ့၊ လှူတတ်ဖို့ ကိုယ့်ရဲ့စိတ်ထိန်းတတ်ဖို့ရယ်၊ ဝိသုဒ္ဓိသီလဆိုတာ သဘောလေးပြောပြမယ်၊ ပြောမှား ဆိုမှားရှိရင်ခွင့်လွှတ်၊ ပိသုဏာဝါစာ၊ မုသာဝါစာ၊ သေရည်၊ သေရက် သောက်စားခြင်း၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ပြီးတော့ ဝိကာလဘောဇနာ အပြင်ရဲ့သီလတွေထိန်းထားတယ်၊ အမယ်ကြီးကမသတ်ဘူးတဲ့၊ ငါးဘယ်သတ်မလဲ၊ သူအသက်ကြီးနေပြီကို၊ ဒီအမယ်ကြီးက ဒီအရက်ဘယ်သောက်မလဲ၊ သူများပစ္စည်းဘာလို့သွားခိုးမလဲ၊ အသက်ကြီးနေမှပဲ။ သူများကိုလည်း မဖျက်ဆီးပါဘူး၊ နစ္စ၊ ဂီတ၊ ဝါဒိတ ဒါတွေလည်းဘယ်လုပ်မလဲ၊ သူအသက်ကြီးနေမှပဲ၊ ဒါပေမယ့် သူဘာခံနေရလဲ၊ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ မနောကပေါက်နေပြီ၊ ဒီမနောကံဟာ မလုံတော့ဘူး။ အပြင်ကံကိုလုံနေပြီ၊ အခုကာလက အပြင်ကံလုံနေရုံနဲ့ စိတ်မချရဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး လက်ထက်ကမှန်တယ်ဗျ။ လူဦးရေကလည်း နည်းတယ်၊ ဘူးပင်တစ်ပင်စိုက်ရင် ဘူးသီးတွေအများကြီးရတယ်၊ ဈေးသယ်ကလည်း မရှိဘူး။ ဘာမှတောင့်တခြင်း၊ ကြောင့်ကျခြင်း သိပ်မရှိဘူး၊ အဲ့ဒီလို အခုခေတ်ကဆန်တစ်ပြည် သုံးဆယ်လေးဆယ်၊ ကွမ်းပင်စိုက်တာတောင် လာခိုးတယ်ဗျ။ ကိုယ့်ကွမ်းပင်ခိုးတော့ ကိုယ်ကလည်း တရားမရတော့ ဟောအဲဒါ မိစ္ဆာဒိဋ္ဌိ၊ ပစ္စည်းကုန်သေတားယ်၊ မိစ္ဆာဒိဋ္ဌိလည်းဖြစ်သေးတယ်၊ အဘိဇ္ဈာ၊ ဗျာပါ၊ မိစ္ဆာဒိဋ္ဌိ ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကြတယ်၊ လျှောက်တွေးပြီးလျှောက်စွဲ၊ မြင်တဲ့အာရုံအပေါ်မှာ လျှောက်တွေး၊ အတွေးများအစွဲများတွေ ဖြစ်ကုန်တယ်၊ ဒါတွေးကြည့်၊ ဒီကံကိုကြောက်ရတယ်၊ မိစ္ဆာဒိဋ္ဌိကံကြီး၊ အဲဒီတော့ ဦးဖင်းစာတော့မတတ်ဘူး။ ပြောမှားဆိုမှားဆိုရင် ခွင့်လွှတ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောကံကစာလိုရေးရင် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိကံ၊ ဒီသုံးခုကရင်ထဲမှာ မွှေနေတာ ဒီသီလရမှ နိဗ္ဗာန်ရောက်မှာ အဲ့ဒီတော့ဘာဖြစ်ဖြစ် မြေကြီးလိုစိတ်ကထား ဘယ်သူကနင်းနင်း၊ ဘယ်သူကကျင်းတူးတူး၊ ကောင်းပါတယ်ဗျာ။ သေခါနီးမှာ ဖေသုံးတန်ပြန်မှာကွ။ ခင်ပွားကျင့်မှုမထားဘာ၊ ခေဘာသမားများလို နိုင်ငံခြားသွားချင်တော့ ကိုယ်ကမနက်တိုင်းပြေးတယ်၊ အပင်ပန်းခံထားတယ်။ နှင်းတောထဲလည်းပြေး၊ မိုးရွာထဲလည်းပြေး၊ သူပြေး

လာနိုင်တယ်။ ခြေထောက်ကလည်း သန်လာတယ်။ ပြေးကောင်းလာတယ်။ ဘောကလည်းကန်တတ်လာတယ်။ သုံးနှစ်လေးနှစ်လောက်ကျတော့ ဘောလုံးသမားကောင်းတစ်ယောက် ဖြစ်သွားတယ်။ မမြဲတော့မစွဲဘူး။ မစွဲတော့ ဥပါဒါန်လွတ်ပြီး ကာမသဝ၊ ဘဝါသဝ၊ ဝိဇ္ဇာသဝ၊ အဝိဇ္ဇာသဝ၊ ဘုရားစာနဲ့ဟောထားတာ။ ကာမသဝဆိုတာ ကာမဂုဏ်နဲ့ မစပ်ယှက်ဘူး။ ဦးပဏ္ဍိတ ဒီကာမသဝပေါ့ဗျာ။ ဒီဟာကို ငါဥပေက္ခာပါပြီ၊ ငါမစွဲပါဘူး။ ကာမသဝ၊ ဘဝါသဝ၊ ဒီဘဝမှာလည်း တရားမရရအောင်ရှာမယ်တဲ့ ဒီဘဝကိုမနှစ်သက်ပါဘူး။ ဒီတရားကို ရှာမယ်တဲ့။ ဒါလေးတွေကို ကာမသဝ၊ ဘဝါသဝ၊ ဝိဇ္ဇာသဝ၊ အဝိဇ္ဇာသဝတွေကို မစွဲတော့ဘူး။ မစွဲရင်အေးတာပဲဗျ။ အေးရင်သုညတနိဗ္ဗာန်လို့ခေါ်တယ်။ သူ့မှာစွဲမှုမစွဲတော့တာဗျ။ မစွဲတဲ့ ပုဂ္ဂိုလ်ဟာ ဘာခေါ်မလဲ။ သစ္စာမှန်ရင် အနာဂါမ်လို့ခေါ်မယ်။ စာလိုဆိုရင်တော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓပုဂ္ဂိုလ်လို့ ဆိုလိမ့်မယ်။ ဒုက္ခသစ္စာက သွားစွဲတာ ဒုက္ခသစ္စာလို့ခေါ်တယ်။ သမုဒယမှာ အာရုံခြောက်ပါးသွားစွဲတာ။ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံ သူ့ကမစွဲပါဘူးတဲ့။ ကံပြတ်နေပြီ။ နိရောဓလည်းခေါ်မယ်။ အနာဂါမ်လည်းခေါ်မယ်။ သဘောလေးပြောမယ်နော်။ သောတာပန်ဆိုတာ မိစ္ဆာဒိဋ္ဌိပယ်ပြီ၊ ဘုရားဟောထားတဲ့ သမ္မာဒိဋ္ဌိ အယူယူထားပြီ၊ အဲ့ဒါတွေးကြည့်။ သူသားမယားနဲ့ နေနိုင်တယ်။ သူ့အနုသယဘဝစိတ်ကို မပယ်နိုင်ဘူး။ မိစ္ဆာကိုတော့ ပယ်ပြီး။ သဘာဝတရားကို မပယ်နိုင်ဘူး။ မစွဲပါဘူးဆိုရင် မနဂမ်လို့ခေါ်လိမ့်မယ်။ နိရောဓပုဂ္ဂိုလ်လို့ ခေါ်လိမ့်မယ်။ အဲ့ဒီလိုဟာမျိုးတွေဟာ ဝေဒနိယဗိဋ္ဌ တရားကိုအကျိုးပေးသွားတယ်။ တရားလည်းသူရသွားပြီ၊ ရေထမ်းတုန်းက ဆေးလိပ်မသောက်ရဘူး။ အခုသူသောက်ရပြီ။ အယူမှားအစွဲမှားကိုဗျ။ ရလာတဲ့ပိုက်ဆံကို အရက်သောက်တယ်။ ဒါ မိစ္ဆာဒိဋ္ဌိတွေ။ အဲ့ဒီလို မိစ္ဆာဒိဋ္ဌိ နှလုံးသွင်းတဲ့အချိန်မှာ ဘယ်သူမှလာမလျှော့ပါဘူး။ ဦးမြမောင်နားမကပ်ပါဘူး။ သမ္မာဒိဋ္ဌိ သူ့မှာမရှိဘူး။ မယားကလည်းမကြည်ဖြူ။ သမီးကလည်း မကြည်ဖြူ။ သားကလည်း မကြည်ဖြူ။ လောကီအားကိုးစရာ မရှိဘူး။ သမီးလေးကကျောင်းဆရာမ ကြည်ကြည်ဖြူကျွေးရင် လောကီအားကိုးစရာရှိသေးတယ်။ မယားက ကြည်ဖြူရင်လည်းအားကိုးစရာရှိသေးတယ်။ အလုပ် မလုပ်ထိုင်စားတာ လောကီအားကိုးတာ။ အားကိုးစရာမရှိတော့ ဒြော် ငါ့မှားပါလား။ တစ်နေ့တစ်နေ့ သူများလိမ်လိုက်၊ ခိုးလိုက်။ ဒါမိစ္ဆာဒိဋ္ဌိတွေ၊ မိစ္ဆာဒိဋ္ဌိတွေကို မယူချင်တော့ ရပ်ကွက်ထဲကထွက်တာပဲဗျို့။ ထွက်တော့ ဘာလုပ်လဲ။ တောရွာ တစ်ရွာကိုရောက်သွားတယ်။ ငါတရားအားထုတ်တော့မယ်။ လောကီအားကိုးစရာမရှိဘူး။ ငါလောကုတ္တရာကို နှလုံးသွင်း တော့မယ်။ စာကလည်းတစ်လုံးမတတ်ဘူး။ ဘာကိုနှလုံးသွင်းရမှန်းမသိဘူး။ အိတ်ထဲမှာ ဝေဘူဆရာတော်စာအုပ် ကလေးတော့ပါတယ်။ ရေထမ်းတုန်းကသူများအိမ်က ကက်ဆက်ဖွင့်တာ ဆရာတော် သဲအင်းရဲ့တရားကိုနာလာရတယ်။ ဘယ်လိုနာလာရလဲဆိုတော့ "မှော်ဘီ၊ တိုက်ကြီး၊ အင်းစိန်ခရိုင်မှာ ငါနေတာကွ၊ ငါ့နာမည် အောင်ရွှေကွ၊ ဓားမြကွ" ဓားမြတောင် ကျင့်ရင်ဖြစ်တာဘဲ။ ငါကတော့ ဓါးမြမတိုက်ဘူး။ ကျင့်ဖြစ်တာပဲဆိုပြီး ငါဓားမြမတိုက်လို့ရှိရင်တော့ ပိုပြီးကျင့်လို့ဖြစ်မှာပဲဆိုပြီး ယုံကြည်တယ်။ ဆရာတော်ဝေဘူစာအုပ်ကိုကြည့်တယ်။ စာအုပ်ကြည့်လိုက်၊ အလုပ်လုပ်လိုက်။ သီလတော့ဖြစ်လာတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဆုံးမတဲ့စာထဲမှာပါတယ်။ (သီလ)[၁] သီလ ပြည့်စုံအောင် ဆောက်တည်ကြ။ သီလပြည့်စုံရင် အခုလည်းချမ်းသာမယ်။ နောင်လည်းချမ်းသာမယ်။ သံသရာမှာလည်း ချမ်းသာမယ်။ သီလပြည့်စုံအောင် ဆောက်တည်ကြတဲ့ ချမ်းသာမယ်တဲ့။ ကိုယ်ကဆင်းရဲတဲ့ကောင်။ မယားလည်း

မပစ်နိုင်သေးဘူး။ ဒြော် ကိုယ်ကပြန်တွေးတယ်၊ ဒီသီလပြည့်စုံရင်တော့ ငါချမ်းသာမှာပဲ၊ ဒီမှာစာတွေရေးထားတယ်၊ ဝေဘူဆရာတော်ကရေးတယ်။ ချမ်းသာမယ်ဆိုတော့ ငါပိုက်ဆံတော့ရမှာပဲဆိုပြီး သီလတွေလုပ်ရင်တော့ ငါရမှာပဲ၊ ပိုက်ဆံတွေရမှာပဲဆိုပြီး ဒီလိုကောက်တာ၊ ငွေတွေရမယ်လိုထင်တာ။ အဲ့ဒါကြောင့် သူလည်းတောကို ပြေးရောဗျာ။ အဲ့ဒီတော့ ကျင့်တာပဲဗျို့ ကာယ၊ ပဋ္ဌာန်စာကရေးထားတယ်။ စာမတတ်ဘူး ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်၊ ကာယသတိပဋ္ဌာန် ငါသည် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ငါအနုသယကို ပယ်တော့မယ်၊ အဲ့ဒီတော့ ငါသည်မကောင်းတဲ့ စိတ်တွေနှလုံးသွင်းတယ်၊ သွားစွဲတယ်၊ မိစ္ဆာစိတ်တွေ အရက်သောက်တယ်။ ဖဲရိုက်တယ်။ ငါစိတ်ကပါတယ်။ ငါတွေးလို့ လုပ်တယ်။ မိစ္ဆာရဲ့ အကျင့်စရိုက်တွေ ငါပယ်မယ်၊ ငါကျင့်လို့ သိတာ၊ ဟိုတုန်းကဒါတွေမသိပါဘူးဗျာ၊ ကာယသတိပဋ္ဌာန်ကိုအသိလို့ခေါ်တယ်ဗျ။ အဲ့ဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီနေရာမှာ မနောကိုကျင့်နေပြီ၊ ထိတယ်၊ သိတယ်၊ မနောကံမတွေးတော့ဘူး။ မနောမှာ တွေးစိတ်မရှိအောင်ရှုတယ်။ မနောကံကိုသတ်တော့ ကာယကံ (၃) ပါး ဝစီကံလေးပါ၊ အလိုလိုသေပြီ၊ ကျွဲကူးရင်ရေပါလိမ့်မယ်။ (တစ်နေ့လည် ဒီအလုပ်)ရ နေ့ပေါင်းများတော့ လပေါင်းတွေ ထပ်လာတယ်၊ လပေါင်းများလာတော့ နှစ်ပေါင်းတွေထပ်လာတယ်။ သဘောလေးသိလာတယ်။ သဗ္ဗေသင်္ခါရ အနိစ္စ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တ၊ နှလုံးထဲမှာ မယားစွဲလို့ ငါတွေးသေးသလား၊ သမီးလေးစွဲလို့ တွေးသေးသလား။ သားလေးစွဲလို့တွေးသေးသလား။ အိမ်သာတွေစွဲလို့ တွေးသေးသလား။ ငါအလုပ် ဝိစိကိစ္ဆာတွေပြီးပြီလား။ ဒါတွေ မတွေးတော့ဘူး။ မနောအနုသယမတွေးပါဘူး။ သူရှုတယ်၊ သူဒါပဲလုပ်တယ်ပေါ့ဗျာ။ ကာယသတိပဋ္ဌာန် ကာယအပေါ်မှာ အသိလေးကိုမှတ်တယ်။ ဘာတွေသိလဲ၊ ကိုယ်ခြေထောက်ကမြေကြီးနင်းတော့ ခြေထောက်နဲ့မြေကြီးက မထိဘူးလား။ ထိတယ်။ ထိတော့ မသိဘူးလား။ သိတယ်။ ထိတာကရုပ်၊ သိတာစိတ်၊ ထိ၊ သိ၊ ထိ၊ သိ လိုက်တယ်။ သားသမီးတွေးသေးလား၊ မယားတွေးသေးလား။ လောဘ၊ ဒေါသ၊ မောဟတွေ တွေးသေးလား။ ဘာမှအတွေးမရှိတော့ ပါဘူး။ အဲ့ဒါကာယသတိပဋ္ဌာန်း၊ ကာယသတိပဋ္ဌာန် တက်သွားတဲ့အခါမှာ ဘာနဲ့တက်သလဲ၊ တက်ပုံတက်နည်းလေး ပြောပြပါမယ်။ ငါတော့စာမတတ်ဘူးကွာ။ ကာယကသိတဲ့အသိ၊ ဘုရားကဟောထားတယ်ကွ။ ကမ္မဝါစာ၊ သမ္မကမ္မန္တ သမ္မာကဇီဝ၊ ဘုရားဟောတဲ့အသိနဲ့ ငါရဲ့နှလုံးသားနဲ့တစ်ထပ်တည်းထားတယ်။ မှန်တာကိုပြောပါတယ်။ မှန်တာကိုကျင့် ပါ။ မှန်တာကို အသက်မွေးကျောင်းပြုပါတယ်။ ဒါဦးဖင်းရင်ထဲက ကောက်တဲ့အသိပါဗျာ။ တခြားသူက ဘယ်လို ကောက်လဲမသိဘူး။ မှန်တာကိုပြောတယ်။ မှန်တာကိုကျင့်တယ်။ မှန်တာကိုငါ့လာကျွေးလို့စားတယ်။ အတ္တနဲ့စားတာ မဟုတ်ဘူး။ အနတ္တနဲ့စားထားတယ်။ သဘောလေးပဲ။ အတ္တဆိုတာစွဲတာ။ သူလာပေးလို့စားတာ။ ကိုင်တယ်၊ မျိုတယ်၊ ဇိဝှာမှာထိတော့ အရသာသိတာပေါ့ဗျ။ လျှာပေါ်မှာထိတော့ သိတာပေါ့ဗျာ။ ငါးသလောက်ကလေးနဲ့စားတော့ နှစ်ပန် ကန်လောက်ကုန်တယ်။ ဆားနဲ့စားတော့ တစ်ပန်းကန်တောင် မကုန်ချင်ဘူး။ သညာသင်္ခါရ ဉပါဒါန် မနောကဖြစ်နေတယ်၊ မနောမှာမကောင်းတဲ့ မိစ္ဆာတွေကရှိနေတာ၊ ဒြော်သဘောပေါက်ပြီကွာ။ ကိုင်တယ်၊ မျိုတယ်၊ သေချင်လည်းသေ၊ ပြတ်ချင်လည်းပြတ်။ သူကခန္ဓငါးပါး ဥပေက္ခာတော့မှာကိုး။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောထားတယ်။ မဂ္ဂင်ရှစ်ပါး နဲ့ မိမိရဲ့စိတ်ကိုတစ်ထပ်တည်းထားတယ်။ အဲ့ဒီတော့မှ (ဘုရား)ရ တယ်ထူးပါလား။ အင်မတန် နူးညံ့သိမ်မွေ့တဲ့ တရားတွေပါလား။ ငါရဲ့စရိုက်ကြီးက အင်မတန်မှကြမ်းတမ်းပါလား။ သီလကိုရအောင် ကြိုးစားပါတယ်။ ဘာသီလလဲ။

လောဘ၊ ဒေါသ၊ မောဟ စိတ်တွေခေါင်းပါးသွားပြီ။ ခင်ဗျားတို့ ကိုယ်စိတ်ကိုယ်စစ်ပါ။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အပြင်အာရုံ ငါးပါးက တောင်ပို့မှာဂရယ်ခြောက်ပေါက် ရှိတယ်။ တောင်ပို့ထဲမှာဖွတ်ရှိတယ်။ ဒီငါးပေါက်ပိတ်မှ ကျန်တစ်ပေါက်က ဖွတ်ထွက်မှာဗျ။ အခုကတော့ မျက်စိက ထွက်၊ နားကထွက်၊ နှာခေါင်းကထွက်။ အကုန်လျှောက်ထွက်တာပဲဗျို့ ဘယ်လိုလုပ်ဖမ်းမလဲ။ ကံပဲဖြစ်မှာပဲ။ ဝိပဿနာ တော့ပြောပါတယ်။ လုပ်တုန်းကတော့ သမ္မာကံပေါ့ဗျာ။ လုပ်လည်းပြီးရော ညည်းကဘာ၊ ကျုပ်ဘာနဲ့ မိစ္ဆာတွေက ဝင်လာရော။ ကံပေါက်ပြီ၊ သမ္မာဝါစာ၊ ကမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးလုံးဟာမတူပါဘူး။ အသိလေးတွေနော်။ နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ သောက်ပုံ အင်မတန်အရေးကြီးပါတယ်။ သမုတိသစ္စာမှန်ဖို့လိုပါတယ်။ သီလဝိသုဒ္ဓိဖြစ်မှ စိတ္တဝိသုဒ္ဓိဖြစ် မယ်။ အခုကျင့်နေတာ စိတ္တဝိသုဒ္ဓိဆိုတာ အပြင်သမ္မာဒိဋ္ဌိ သဘောလေးသာနော်။ ဒီကတက်သွားရင် သမ္မဝါယမ၊ သမ္မာသတိ၊ သမ္မသမာဓိ၊ သမ္မာဝါယမဆိုတာ ဦးဇင်းကစာမတတ်ဘူး။ ပြောမှားဆိုမှား ရှိရင်ခွင့်လွှတ်။ ဦးဇင်းရဲ့အသိလေး နဲ့ပြောရတာ။ သမ္မာဆိုတာ မှန်သောအယူ ဝါယမ လုံ့လစိုက်ထုတ်နေပြီ၊ နေမအိပ်၊ ညမအိပ်ချုကုန်ပြီ၊ ဝီရိယကို တင်ထား လိုက်ပြီ၊ သဒ္ဓါဗိုလ်တွေ၊ သတိဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ တင့်ထားလိုက်ပြီ၊ သမ္မာဝါယမကိုးဗျ။ သမ္မာဝါယမလုံ့လစိုက်တုတဲ့ အသိကကမ္မာ သတိဖြစ်နေပြီ။ သမ္မာသတိ ပြော် (အေး)[၄] တောထဲမှာ နေပြီ။ လူအတွေ့မခံဘူး။ သမ္မာသမာဓိ နှလုံးသွင်းလိုက်တာ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဆင်သင့် ထမင်းခူး ထားတာ။ မစားတတ်တော့ခက်နေပြီ။ သမာဓိမှာအပြင်သမာဓိ၊ အတွင်းသမာဓိရှိတယ်။ သမ္မာဓိအား ကောင်းလာတော့ ရုပ်ရဲ့သဘော၊ နာမ်ရဲ့သဘော၊ ရုပ်ရဲ့အကျိုး၊ နာမ်ရဲ့အကျိုး၊ ရုပ်ရဲ့အကြောင်း၊ နာမ်ရဲ့အကြောင်း ဒီသမာဓိနဲ့ကြည့်တာဗျို့ အဲ့ဒီတော့မှ အကျိုးပေါ်က အကြောင်းသတ်တာကိုးဗျ။ ဘုရားဟောတာက ပထဝီဓါတ်၊ အာပေါဓါတ်၊ ဝါယောဓါတ်၊ တေဇောဓါတ်။ ဒါဘုရားကျင့်တာဗျ။ ဦးဇင်းကျတော့ ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ပူတယ်၊ အေးတယ်၊ ဒီရုပ်ကိုကဖြစ်နေတာ။ ဒီရုပ်ကဖြစ်နေတာ၊ ဒီစိတ်ကသိတယ်။ သိတာကစိတ်၊ ဖောက်ပြန်တာကရုပ်၊ ခံစားတာကနာမ်၊ အကျိုးနဲ့အကြောင်းပဲရှိတယ်။ ဒီကောင်နှစ်ကောင်ကို ပရိစ္ဆေဉာဏ်၊ ယထာဘူတဉာဏ် ဖြစ်သွားပြီ။ အဲ့ဒီမဂ်ဉာဏ်ခေါ် တယ်။ မဂ်ပေါ်ကရတဲ့ ဉာဏ်ခေါ်တယ်။ မဂ်ဉာဏ်ကဘာကို သတ်သလဲ။ အနုသယကိုပယ်ထားပြီ။ မဂ်သမာဓိက ပယ်ထားတာ။ ဒီနေရာမှာ ရှေ့ကြည့်လိုက်တော့ ရွာမြင်ပြီဗျို့ သမ္မဒိဋ္ဌိရဲ့ အကြောင်းတွေကို သိသွားပြီ။ အတွင်းကနေ သိသွားပြီ။ သမ္မာသင်္ကပ္ပဆိုတာ ဉာဏ်ခေါ်တယ်ဗျ။ သမ္မာဒိဋ္ဌိရဲ့လမ်းကြောင်းတွေ အကုန်မြင်ကုန်ပြီ၊ အဲ့ဒါပညာပဲ။ ပရမတ်တရားတွေမြင်ပြီ၊ လိမ်လို့မရတော့ဘူး။ သမ္မာဒိဋ္ဌိရဲ့တစ်ဖက်ကမ်း ကမ္မာသင်္ကပ္ပကိုတွေ့ပြီ။ သမ္မာသင်္ကပ္ပဆိုတာ ဉာဏ်ပဲ။ သမ္မာဒိဋ္ဌိပြုတ်သွားပြီ၊ ကံရဲ့တရား၊ ရှာန်ရဲ့တရား၊ ဉာဏ်ရဲ့တရား။ အဲ့ဒီသုံးခုနဲ့ ဘုရားတည်တာ။ ဝိန္ဓကုန်းဘုရားကို တည်လိုက်တာ။ ဉာဏ်ဟာ ဘယ်သူသိမလဲ။ ကိုယ်ပြောတာ သူကယုံချင်မှယုံမှာလေ၊ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ ဉာဏ်ကနေ ဘယ်ပြန်ဆင်းလိုက်သလဲ။ သမ္မထပြန်ဆင်းလိုက်တယ်ဗျ။ ခင်ဗျားတို့ သိအောင်ပြောလိုက်မယ်။ ခေါင်း ကိုင်တာ ဘာ၊ ညာ အဲ့ဒါဟာသမ္မတပဲ။ အဲ့ဒါရှာန်လမ်းခေါ်တယ်။ ရှာန်လမ်းကနေ ကံလမ်းကိုပြန်ဆင်းလိုက်တယ်။ လူတွေကို သမ္မာဒိဋ္ဌိဖြစ်အောင် ဘုရားတည်ပေးတယ်။ သူတို့အကြောင်းတွေ ကိုယ်ဟာမဟုတ်ပါဘူး။ သူတို့အကြောင်း တွေလုပ်ပြီးတော့ ကိုယ့်ဟာကိုယ်ရှာန်လေးပြန်ဝင်စားတယ်။ ဝင်စားတော့ လက်တစ်ဖျောက်ပဲ။ လောကီနဲ့

လောကုတ္တရာအာရုံ လက်တစ်ဖျောက်ပဲရှိတယ်။ ဝင်စားလိုက်တာ ဘယ်သူသိလဲ။ မဟုတ်တာမပြောပါဘူး။ စာမကတ်လွှန်းလို့ ဘိလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ အဲဒီအပေါ်မှာက အာရုံခြောက်ပါးအနုတ္တ သဘာဝတရာ သဘောပေါက်ပြီ။ မင်းမေးချင်တာ ငါ့မေးစမ်းကွာ၊ ငါစာတော့မတတ်ဘ။ လောကီအကြောင်း အကုန်ရှိသမျှ ကမ္ဘာလောကဟာ ပညတ်တွေပဲကွ။ ပညတ်လို့ခေါ်သမုတ်ထားတာကွ။ မင်းဒီလိုမလုပ်နဲ့ကွ။ မင်းအကြောင်း ငါပြောရမလားတဲ့။ ငါစိတ်ကိုကျင့်ထားတာကွ။ ငါမဟုတ်တာမပြောဘူးကွ။ မဟုတ်ချင် ငါချွတ်ပေးလိုက်မယ်ကွ။ သင်္ကန်းချွတ်ပြီး လူဝတ်နဲ့တောထဲမှာ တရားကျင့်မယ်ကွ။ ဒါဝိပဿနာကနေ သာသနာပြုသွားတာကွ။ လူဆိုး၊ လူမိုက်ကနေ သာသနပြုတာကွ၊ ဘာမှနားလည်တာမဟုတ်ဘူးကွ။ ဘာစာမှမတတ်ဘူးကွ။ အဲဒါဘာလဲ။ လာကြည့်ပါကွာ။ သမ္မုတတဲ့ကွ၊ မှတ်ထားကွ၊ သမ္မုတက ပျောက်တယ်ပြုတယ်။ ဘာဖြစ်လို့လဲဆိုတော့ သစ္စာနှမ်မှန်လို့ကွ။ သစ္စာမှန်တော့ မေတ္တာကအလိုလိုအောင်နေတာကွ။ ဒုက္ခ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါး သူ့နှလုံးသားမှာ ဖြစ်နေတာကွ။ အပြင်မှာဝေဖန်ကြရင်တော့ ခင်ဗျားတို့ ခံရမှာပေါ့ဗျာ။ ညစာစားတယ်။ မစားဘူးမပြောဘူး။ စားတယ်။ အဲ့ဒါဘာဖြစ်မလဲဗျ။ ဦးဖင်ကြီးစာမတတ်ဘူးဗျ။ စားမိတယ်ဗျ။ စားတဲ့အပြစ်ပေးပါဗျာ။ ဘာလို့စားလဲ။ ဒကာ၊ ဒကာမတွေက တအုန်းအုန်းလာတယ်ဗျာ။ အဲ့ဒီတော့ ဆွမ်းစားရမယ့်အချိန်လည်း မစားရဘူးဗျ။ သူတို့ထွက်လိုက် ဝင်လိုက်နဲ့ လူမစဲဘူးဗျ။ ဘုန်းကြီး ကုဋီတောင်မသွားနိုင်တော့ဘူးဗျ။ ဒီလောက်မေတ္တာကြီးတာဗျာ။ လှူတဲ့လူကလှူ။ သူ့ဒီအတိုင်းထိုင်နေတာ။ သူ့သိပ်မှန်တယ်ဗျ။ ဒကာ၊ ဒကာမ ဘက်ကလည်း မှန်နေတယ်။ မိုးချုပ်ထဲ၊ နေပူထဲကလာရတာဗျ၊ ကျောင်းနီးနီးလေးသွားလှူ။ ခင်ဗျား သင်္ကြန်ကလှူလိုက်တာ။ ပုဂ္ဂိုလ်က လာမလှူပါနဲ့။ ကျပ်လွှတ်ပါတယ်ဗျာ။ မရဘူးလာတယ်။ ခင်ဗျားပတ္တမြားအိုးကြီး ရသွားပြီ။ အဲ့ဒီပတ္တမြားအိုးထဲက အယုတ်၊ အလတ်၊ အမြတ် မရွေး လှူလိုက်ပါ။ ခင်ဗျားမှာ မဂ်အိုးရသွားပြီ။ ဒီလိုတောင်မှ ပြောတယ်။ ဒါပေမယ့် လာပါတယ်။ ခင်ဗျားတို့ကို ပြောပြမယ်။ လူမျိုးခြားတစ်ယောက် ငွေတွေလှူတာ ခင်ဗျားအတွက် သာကြည့်။ (၇) သိန်းတောင်လှူတယ်။ ပထမ နှစ်သိန်း၊ နောက် ငါးသိန်းလှူတယ်။ ခင်ဗျားမေးသာကြည့်၊ လူကြီးတွေရှိတယ်။ ရဟန်းတွေကလည်းအများကြီးပဲ၊ တရုတ်ရဟန်းတွေလည်းရှိတယ်။ ဗမာရဟန်းတွေလည်းရှိတယ်။ ကရင်ရဟန်းတွေလည်း ရှိတယ်။ စားတော့ဘာတွေစားလဲ။ လာကြည့်ပါ။ ခုံပေါ်မှာ သဘောပေါက်သွားတယ်ဗျို့ သွေးသားပြောင်းတယ်။ သွေးသားပြောင်းရင် စိတ်ပြောင်းတယ်။ ရုပ်ကတော့ မပြောင်းဘူး။ အခုဖွင့်ပြောတာ သစ္စာတွေနဲ့ ပြောသွားတာ။ လိမ်ပြောရင်မဟာအဝီစိ ကျသွားလိမ့်မယ်။ ဈာန်ရှိတယ်။ မဂ်ရှိတယ်။ ဖိုလ်ရှိတယ်။ မဂ်ကဘာလဲဆိုတော့ မဂ်ပြီးရင် ဖိုလ်ရှိတယ်လို့စာကပြောထားတယ်။ အနုသယကိုပယ်တာ မဂ်ပဲ။ အဲ့ဒီတော့မှ လောကုတ္တရာကို ကူးတော့မှာကိုး။ ဒီကောင်သတ်ပြီးမှ ဟိုဖက်ကို ကူးလို့ရမှာ။ ဒီကောင်မှသတ်လို့မရရင် ဉာဏ်မရဘူး။ ဉာဏ်မှမရရင် ဘာနဲ့သွားသတ်မလဲ။ ဉာဏ်ဆိုတာ အာရုံပေါ်မှာ မစွဲဘူး။ မစွဲတော့မှ အကြောင်းနဲ့အကျိုးပြန်သတ်တာ။ ရုပ်ကြောင့်ဒုက္ခသစ္စာ နာမ်ကြောင့် သမုဒယသစ္စာ၊ ခုနက ခြေဖဝါးမြေကြီးထိတယ်။ မသိဘူးလား။ သိတာကစိတ်၊ ထိတာကရုပ်၊ ထိသိ ဒါစကြိန်လျှောက်တာ။ အမှတ်နဲ့အလုပ်လုပ်သွားတာ။ ခင်ဗျားတို့ဟာစားချင်လို့လည်းမဟုတ်၊ သောက်ချင်လို့လည်းမဟုတ်၊ ဒီလိုဦးမြဖောင်တစ်ယောက်ဟာ ဆရာကြီးဦးချစ်အေး ရုံးမှာဒလဝမ်လုပ်တာ မကောင်းတာလုပ်ပါတယ်။ သူ့များမီးချောင်းတက်ခိုးတယ်။ ဒါဘာလဲ။ မိစ္ဆာဒိဋ္ဌိ၊ ဒီလိုမကောင်း

တာတွေ လုပ်လာတာ။ အောက်သက်တွေကကျေပြီးတော့ လူမာနိုင်၊ ရေထမ်းလုပ်လာတဲ့သူ စားတတ်တာမဟုတ်ဘူးဗျ။ သံဝေဂတရား၊ ကိုယ်ကျင့်တရား၊ ဖြဟ္မစိုရ်တရား သူ့နှလုံးသားမှာဖြစ်ပြီး တက်တာ။ ဟိုတုန်းက ကူလီထမ်းတယ်။ ရော့ပိုက်ဆံတွေ။ မင်းငါ့လှူတာကွ။ ငါလုပ်ချင်တာလုပ်မယ်။ အကုန်လျှောက်ပေးတယ်။ သူကလောကီဒဏ်ကို ခံထားရတာကွ။ မစွဲဘူး။ သူပစ္စည်းတွေ ဘာမှမစွဲဘူး။ အဲ့ဒါပါရမီတွေပဲ။ ဘယ်လောက်ထူးသလဲ။ အဲ့ဒီကပုပ္ပ၊ မုဋ္ဌ၊ ပရ ဆိုတဲ့ ကံကိုမျှော်လှူတာမဟုတ်ဘူး။ ဉာဏ်ကိုလည်းမျှော်လှူတာမဟုတ်ဘူး။ ကိုယ်ကျင့်တရားနဲ့ပေးလိုက်တာ။ ဟိုးတုန်းကလည်း ဒီဒဏ်တွေ ငါခံခဲ့ရတယ်ကွ။ ငါတော်တော်ဒုက္ခခံရတယ်။ ထမင်းဝတ်တယ်ကွာ။ ရော့မင်းစားကွာတဲ့။ ဒါပေမယ့် မမြဲဘူး။ မင်းတဒင်္ဂတော့ စိတ်ချမ်းသာမယ်။ ဒီလိုအသိတွေနဲ့ပေးတာ၊ မျှော်ပြီးပေးတာမဟုတ်ဘူး။ ပေါ်လို့ ပေးတာမဟုတ်ဘူး။ ဒါစိတ်ပိုင်း။ ဒါတွေမှန်တော့ သူ့အကုန်လာလှူတာပဲဗျို့ နောက်ဒါထက်မကဖြစ်ဦးမယ်။ ကြက်ပျံမကျစည်ကားဦးမယ်။ ဒါ ဝိပဿနာရဲ့ ဉာဏ်စွ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အယူကိုယူထားတာ။ သူစိတ်က တစ်ထပ်တည်းယုံကြည်သွားတာ။ အသေခံလုပ်တာ။ မသေလို့ခင်ဗျားတို့ကို ပြန်ပြောတာ။ ကျားကိုက်ကိုက် ခြင်ကိုက်ကိုက်၊ ဘာမှလည်းမဝေဖန်ဘူး။ ကျင့်တယ်။ ကျင့်တော့ တွေ့တယ်။ အဲ့ဒီအာရုံတွေက ဈာန်တွေဖြစ်ရော၊ ဟာဒီတရားသိပ်ကောင်းပါလား။ အဲ့ဒါတွေကို မနောက တွေးတော့သဒ္ဓါတွေဖြစ်ကုန်ပြီ။ ယုံကြည်လာတာ။ စေတနာ၊ သဒ္ဓါတွေ အစစ်ဖြစ်ကုန်ပြီ။ အဲ့ဒီတော့ ဝိပဿနာ အပျက်ရှုပြီ။ ရုပ်ပျက်၊ နာမ်ပျက်တွေ ရှုလိုက်တော့မှ သဘောပေါက်လာတာ။ ဒီလောက်ဆို သဘောပေါက်ရောပေါ့ဗျာ။ (သာဓု . , . . သာဓု . . . . သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၄.၄.၂၀၀၄)ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊
ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာ
ဇမ္ဗူဒီပကွင်းကျောင်းတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၃၂)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၈၅)
# (၁၄.၃.၂၀၀၄)ရက်နေ့၊ ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စု ဓမ္မဒီပကျွန်းကျောင်းတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

စာပေကျမ်းဂန်မတတ်ဘူး။ ငယ်စဉ်တောင်ကျေးက အမိအဖက ကျောင်းမထားလို့ မတတ်တာ။ ဦးဇင်း က တောသားတစ်ယောက်ပါ။ တောသားပေမယ့် ကရင်ကျေးရွာမှာမွေးဖွားတဲ့လူတစ်ယောက်။ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာ၊ သရက်ကုန်းနားက ရွာနီးခြောက်စပ် စကူဆိပ်တို့ ဂျိုကုန်းတို့ ကျေးရွာလေးတွေပေါ့ဗျာ။ အဲဒီတော့ မူလတန်းကျောင်းမှာ ဖအေ၊ မအေကမထားလို့ စာမတတ်တာပါ။ စာကိုပယ်တာမဟုတ်ဘူး။ ကိုယ်မတတ်တာကို ပြောပြတာပါ။ အဲဒီတော့ စာမတတ်တဲ့အတွက်ကြောင့် အားလုံးရှိကြတဲ့ ဆရာတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေအားလုံးရှိတဲ့ ရှင်သာမဏေတွေ တပည့်တော်က ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဗမာစာမတ်ပါဘူး။ အဲဒီတော့ စာမတတ်တော့ စကားပြောတဲ့အခါမှာ ပညတ်နဲ့ ပရမတ်၊ အတ္တနဲ့ အနတ္တ၊ ပညာနဲ့ သညာ စာကတော့ ရေးထားတယ်။ စာအရနဲ့ စိတ်အရနဲ့ သဘောလေးကို ဦးဇင်း ပြောတာပါ။ အားလုံး တရားနာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေအားလုံးရှိကြတဲ့ ဆွေတော်အပေါင်း မျိုးတော်အပေါင်း အားလုံးကို ဦးပဏ္ဍိတ က စာပေကျမ်းဂန်မတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းလျှင်သည်းခံပါ။ ဦးဇင်း က တောင်းပန်ပါတယ်။ အားလုံးကို စာမတတ်လို့ပါ။ အဲဒီတော့ အခုကာလခေတ်ကလေးပေါ့။ ဒီခေတ်မှာ သာသနာ ၂၅၀၀ ခေတ်မှာ ကာလဆိုတာ အခုပစ္စုပ္ပန်တည့်တည့်လေးမှာ အတိတ်နဲ့ အနာဂါတ်ကိုပြောတာမဟုတ်ဘူး။ ပစ္စုပ္ပန်နဲ့ အသိလေးကိုပြောသွားတာ။ အဲဒီတော့ ဒီအသိလေးဟာ ဘာသိလည်းလို့ ကိုယ့်စိတ်ကို ကိုယ်စစ်ရတော့မယ်။ ကာယကံ၊ ဝစီကံ၊ မနောကံလို့ စာကရေးထားပါတယ်။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ဟော စာကရေးထားတာ။ အဲဒီကံကို ဦးဇင်း တို့ သမ္မာဒိဋ္ဌိကံရှိတယ်။ စာက မိစ္ဆာဒိဋ္ဌိကံရှိတယ်။ အတ္တဒိဋ္ဌိကံရှိတယ်။ သက္ကာယဒိဋ္ဌိကံရှိတယ်နော်။ ဒီကံတွေ အဲဒီတော့ ပါဠိနဲ့ရေးထားတယ်။ မှန်တယ်ဗျို့ သိပ်မှန်တာပဲ။ အဲဒီတော့ မှန်တဲ့အတွက်ကြောင့် ဦးဇင်း တို့ရဲ့ ဝိပဿနာတရား၊ ခန္ဓာ ၅ ပါး၊ ရုပ်နာမ် ၂ ပါးကို ဦးဇင်း တို့ ဘာလို့ ခန္ဓာ ၅ ပါး၊ ရုပ်နာမ် ၂ ပါးလို့ စာက ဘာပြုလို့ရေးတာလည်း မှန်တယ်ဗျို့။ အဲဒီခန္ဓာ ၅ ပါးရဲ့အကြောင်းကို ထုံးလို ချေ၊ ရေလိုနှောက်မှ ရုပ်နာမ်ကိုသိမယ်။ ရုပ်နာမ်သိတဲ့ပုဂ္ဂိုလ်သည် ကောန်ရထာဘူတညာဏ်ရပြီး အရိယထသစ္စာ၊

သမုတိသစ္စာ၊ ဝိရတိသစ္စ၊ သဘာဝသစ္စာလို့ စာကရေးထားပြီး၊ အရိယတသစ္စာ၊ သံဃာနဲ့ သမုတိသစ္စာ သံဃာနဲ့ကွာခြားမှုတွေရှိတယ်နော်။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီတော့ သမုတိ သံဃာက အင်မတန် ထူးပါတယ်။ သာသနာပြုတာပဲ။ စာပေကျမ်းဂန်တွေတတ်။ အင်မတန်တတ်ပါ တယ်နော်။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတွေ မှန်တာပေါ့။ တတ်နေတာ။ သူသွားတဲ့လမ်းက ပညာကတစ်မျိုး။ ဒီကသွားတဲ့ လိုင်းကတစ်မျိုး။ ဒီကဘာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲဒီတော့ သစ္စာလေးပါး။ သစ္စာလေးပါး ဆိုတာ ဘာလဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားပဲ။ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရားပဲ။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ အဲဒါ သစ္စာလေးပါး။ အဲဒီသစ္စာလေးပါးက ကံပြတ်တဲ့တရား၊ ကံမပြတ်တဲ့တရား အပြီးသတ်ကျတော့ အစွဲဥပါဒါန်တွေပဲဗျို့နော်။ ကိုယ့်စိတ်ကိုယ် စစ်။ စွဲရင်ကံ၊ မစွဲရင် ဉာဏ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏ ဥဒပါဒိ စာက ရေးထားတယ်။ စာကမှန်၏ ဉာဏ်မမှီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်တဲ့နော်။ ဝေဒနိယဒိဋ္ဌိ လင်ဝင်းမျက်မှောက် ပစ္စုပ္ပန်မှာ ခံစား ရတယ်။ သဘောလေးနဲ့နာ။ အဲဒီတော့ ဒီတရားတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီတော့ သဘော လေးနော်။ စာတော့မတတ်ဘူး။ ကာယကံနဲ့ ဝစီကံနော်။ ကာယကံနဲ့ ဝစီကံ ပညတ်က အဲဒီ ပညတ်ဆိုတာ သဘောလေးနဲ့ပေါ့။ အကာလို့ခေါ်တယ်။ အပြင်လို့ခေါ်တယ်။ ဗမာလိုတော့ အဲဒီတော့ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ဟော သူများအသက်မသက်ပါဘူးတဲ့။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ဒါစာနဲ့ရေးထားတာနော်။ ပြီးတော့ ဝိကာလဘောဇနာ နေ့လွဲညစာ မစားပါဘူးတဲ့။ ဒါအကာနော်။ ဒါ ကာယကံနဲ့ ဝစီကံကိုထိန်းထားတာနော်။ အဲဒီသီလမှန်တယ်။ အကာသီလ ပညတ်သီလခေါ်တယ်။ ပရမတ်သီလက ခုနက ပရမတ်သီလက မဂ္ဂင်ရှစ်ပါးက စိတ်ကို စစ်ပြီးတော့သွားတာ။ ဘယ်သီလလည်း။ မနော။ အဲဒါ အရိယတသစ္စာခေါ်တယ်။ ဟိုက သမုတိသစ္စာ ခေါ်တယ်။ သီလယူပေမယ့် တစ်ယောက်နဲ့တစ်ယောက်မတူဘူး။ သူက မနောနော်။ အဲဒီတော့ သံသရာ ဘယ်ကစသလဲ။ ခန္ဓာကစတယ်။ သံသရာ ဘယ်ကပြတ်သလဲ။ ခန္ဓာက စပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ကြည့်စမ်း အဲဒီတော့ ကာယကံနဲ့ ဝစီကံသီလ ယူထားပါ။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်သေရက် မသောက် ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန။ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း သူမလုပ်ပါဘူးတဲ့။ အဲဒါ အကာခေါ်တယ်။ ပညတ် သီလ။ အဲဒီ မနောကျတော့ သူ့အပေါ်မူတည်တယ်။ အဲ မနောကျတော့ ဟော ဒီသီလတွေယူတော့ ဥပမာပေါ့

ညနေ သားလေးသေတယ်။ အဲ မယားသေတယ်။ ဟော ကာယကံရှင်ပူတာပဲဗျို့။ ဒါအစွဲ ဥပါဒါန် ကံခေါ်တယ်။ အဲဒါ ၃၁ ဘုံမလွတ်တဲ့ သီလနော်။ သဘောလေးနဲ့နာ။ အဲဒီမဂ္ဂင်ရှစ်ပါးနဲ့ တရား အားထုတ်ရမယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ။ သမ္မာဒိဋ္ဌိကျော်တော့ သမ္မာသင်္ကပ္ပရောက်သွားပြီ။ ဒိဋ္ဌိကိုသိသွားပြီ။ ဒိဋ္ဌိကိုသိသွားပြီ။ ဒိဋ္ဌိနဲ့ တဏှာ သတ်ပါလို့ပြောတာပဲ။ ဒိဋ္ဌိကိုအရင်သတ်။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်နော်။ အဲဒါ စာတွေနဲ့ရေးထား တယ်။ စက္ခုမှာ သာယာတာ တဏှာကိုယ့်နားမှာ မိမိရဲ့နား ပစ္စုပ္ပန်တည့်တည့်လေး ကိုယ့်နားမှာ ကြားတာ။ တဏှာ။ နံ့သာမှာသာယာတာ တဏှာ။ ဇိဝှါမှာသာယာတာ တဏှာ။ တဏှာတွေ တဏှာ ဆိုတာ စိတ်ချမ်းသာတာနော်။ စိတ္တာတဏှာနံ ခယမစ္စက စိတ်တာရှင်ဖော ဘုရားဟောတဲ့ ဘုရားက စိတ်ဟောသွားတာ။ အဲဒီတော့ ခုနက ဒုက္ခဆင်းရဲခြင်းအမှန်တရား။ ဘာဆင်းရဲလဲ။ စိတ်ဆင်းရဲတယ်။ အဲ ဟောဒီရုပ်ကြီးရထားတာ မချစ်မနှစ်သက်ပဲနေရခြင်းသည် ဆင်းရဲခြင်း၏ ဒုက္ခေါ့ ဟာ အဲဒီဒုက္ခကို မမြင်တော့ဘူး။ ခန္ဓာရဲ့ဒုက္ခကို မသိဘူး။ ခုနကစွဲလမ်းတဲ့ ဥပါဒါန်ရဲ့ ဒုက္ခ။ ကြည့်စမ်း။ ခင်ဗျားတို့ စွဲလမ်း တဲ့ ဥပါဒါန်ဒုက္ခ ထမင်းမချက်ရလို့ စိတ်ဆင်းရဲတာက ဒုက္ခ။ အိမ်မှာ ဓနိမိုးစရာမရှိလို့ စွဲလမ်းတာက ဒုက္ခ။ ဟာ ကိုယ့်ရုပ်က ဒုက္ခမှန်းကိုမသိတော့ဘူး။ အဲဒီတော့ ဒုက္ခမှန်းကိုမသိတော့ အကြောင်းသတ်လို့ မရဘူး။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့အကြောင်း။ အဲဒါ ခင်ဗျားအပေါ်မူတည်တယ်။ အဲဒါ အရိယထသစ္စာတွေ ကျင့်သွားပြီ။ သမုတိသံဃာရှိတယ်။ အရိယာသံဃာရှိတယ်။ အဲဒီတော့ ဒီလိုကျင့်မှသိမယ်။ သိမှ ပယ်မယ်။ ပယ်မှ မင်္ဂဖိုလ်ရမယ်နော်။ ဘာတွေပယ်မလဲ။ ကံပယ်တော့ အစွဲပယ်တာ။ အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်။ စိတ်ဆိုတာ မဂ္ဂင်နဲ့စစ်မှ သိတာ။ ဘယ်ဟာကိုစစ်ရမလဲ။ မနော အဲဒီတော့ မနော စစ်တော့ အဲဒီ နှာခေါင်းနှစ်ပေါက်က ဝင်လေထက်လေ၊ ဝင်လေထွက်လေ ဒလစဉ် ဒလစပ်ဖြစ်နေ တယ်။ အမှုမဲ့ အမှတ်မဲ့နေလို့ အဲဒီအာရုံကို အဲဒီအာရုံလေးကို ထိ သိ ထိ သိ သတိ ကိုယ့်သတိထား။ မိမိရဲ့ သတိ။ အဲဒီအာရုံလေးကို ဆင်းလိုက်တက်လိုက်နေတော့ သိတယ်။ အဲဒီတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာ ဘာလဲ။ ကာယဝစီလည်းငြိမ်ကုန်ပြီ။ မနောလည်း စိတ်ကလေးတည်ကုန်ပြီ။ စိတ်နဲ့ စေတသိက် ကဲ စာနဲ့ရေး ထားတယ်။ ရှိသေးလား။ စိတ်နဲ့ စေတသိက် ပိတ်ငြိမ်လာပြီ။ အဲ ဝိစိကိစ္ဆတွေလည်း မလုပ်တော့ဘူး။ မစွဲလို့ မလုပ်တာ။ စွဲရင်တော့ လုပ်မယ်။ အဲဒါ ကိုယ့်စိတ်ကိုယ်စစ်။ ဒါကြောင့်မို့ ပယ်အပ်မယ့်တရား ကိလေသာဝဋ်၊ ကိလေသာဝဋ်ဆိုတာ ရုပ်ကာမဝဋ်၊ ဝိပါကဝဋ်။ ကြည့်စမ်း အဲဒါတွေကိုမစွဲပါဘူး။

သိသွားပြီဆိုရင် ဒုက္ခသစ္စာကိုလည်းသိပြီ။ သမုဒယသစ္စာကိုလည်း သိပြီ။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကိုလည်း သိပြီ။ ဟော ခန္ဓာကရတဲ့ဉာဏ်တွေခေါ်တယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာဘာလည်း။ ဩော် ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ။ အဲဒီမာန်တွေကြည့်စမ်း။ မာန်ဘာကြောင့်ဖြစ်ရသလဲ။ တဏှာကြောင့်ဖြစ်တယ်။ တဏှာနဲ့ မာန်နဲ့ ဒိဋ္ဌိနဲ့ အဲဒီ ၃ လုံး။ ဒါ အနုသယစိတ်တွေ။ စိတ္တနုပဿနာကိုဟောသွားတာ။ မနောဟောသွားတာ။ မနောကံကို ဟောသွားတာ။ အဲဒီတော့ တဏှာကြောင့် မာန်နတ်မာန်ဖြစ်တယ်။ ဘယ်လိုလည်း ကိုယ့်မှာ လှည်းနဲ့နွားရှိတယ်။ ကိုယ့်စပါးတွေရှိတယ်။ အဲဒီတော့ ဒါတွေကို တစ်ယောက်က ဖျက်ဆီးလိုက်တယ်ပေါ့ဗျာ။ ဥပမာ အဲ မူးမူးရူးရူးနဲ့ လှည်းတွေဖျက်လိုက်၊ နွားတွေရိုက်လိုက်။ အဲဒီနွားပိုင်ရှင်၊ လှည်းပိုင်ရှင်က မြင်လိုက်တဲ့အခါမှာ အဲဒီဟာကိုသွားစွဲတာ။ ငါ့ပစ္စည်းပါလား။ ဟော ငါ့ပစ္စည်းပါလား။ သူပြောတာမှန်တယ်။ ငါ့ပစ္စည်းပါလား။ အဲဒီပစ္စည်းစွဲကာ တဏှာ။ အဲဒီလူကို ထိုးမယ်ကြိတ်မယ်။ မာန်မယ်၊ အဲဒီတော့ တဏှာကြောင့်မာန်ဖြစ်တယ်။ မာန်ကြောင့် ဒိဋ္ဌိ။ ဒိဋ္ဌိဆိုတာကလည်း ပါဠိလိုရေးထားတာ။ ငါမြင်တယ်။ ငါ့နွား၊ ငါ့လှည်း၊ အဲဒါ ငါ့မိန်းမ။ အဲဒါ ငါလို့ယူထားတယ်။ အယူမှားတယ်။ မြင်သွားတဲ့ဟာကိုလည်း ကိုယ်ကမှတ်တယ်။ အဲဒါနွားကိုမြင်တာ။ နွားကိုမှတ်တယ်။ လှည်းမြင်တာ လှည်းကို မှတ်တယ်။ အဲဒါ သညာ။ သညာ သခ်ီရ ဥဒါပါန်တွေဖြစ်နေတယ်။ ၃၁ ဘုံမလွတ်ဘူးနော်။ ခင်ဗျားတို့ မရှိတာကို ရှာရင်ရတယ်။ မသိတာအခက်ဆုံးပဲနော်။ မသိတာဆိုတာက အတ္တအသိကသိတာ။ အနတ္တ အသိက မသိဘူး။ အလုပ်မလုပ်တော့ မသိဘူး။ အဲဒါကြောင့် လောကီအသိနဲ့ လောကုတ္တရာအသိ ပညတ်အသိနဲ့ ပရမတ်အသိ။ အတ္တအသိနဲ့ အနတ္တအသိ။ ဟော အသိတွေလား။ အဲဒါကိုမသိဘူး။ မရှိတာကို ရှာရင်ရမယ်။ ကိုယ်မှမကျင့်တာပဲနော်။ မိုးကျောခိုင်းသွားလိမ့်မယ်။ ၃၁ ဘုံနော်။ လွတ်ဖို့ အဲဒီ ၃၁ ဘုံလွတ်မှ အဲဒီတော့ ခင်ဗျားဘာလုပ်ရမလဲ။ ဝိဉာဉ်လေး စာတော့မတတ်ဘူး။ အဲဒီတော့ ရုပ်နာမ်ကို သူသိသွားတော့ ပယ်ပြီဗျို့။ ဟော ဝိဉာဉ်လေးက အင်မတန်ကြည်လင်တောက်ပတဲ့သဘောလေးပဲ။ သဘာဝအသိဆိုတော့ သဘောပေါ့။ ဒါ ဘယ်သူသိမလဲ။ ကဲ အဲဒါမှ ရုပ်နာမ် ၂ ပါး၊ ခန္ဓာ ၅ ပါး၊ ရုပ်နာမ် ၂ ပါးရဲ့အကြောင်း ငါသဘောပေါက်ပြီ။ လွတ်တယ်၊ မလွတ်တယ်သိတယ်။ ရုပ်က ရုပ်နဲ့ပတ်သက်တဲ့နာမ် ခံစားတယ်။ နာမ်နဲ့ပတ်သက်တဲ့ရုပ် ခံစားတယ်။ ဟာ ကြည့်စမ်း နာမ်တဲ့။ အဲဒီတော့ ဒါတွေကိုကျင့်ရမယ်။ ကျင့်ရင် သိရင်ပယ်ရမယ်။ ပယ်ရင် မင်္ဂဖိုရ်တွေရမယ်။ ဘယ်သူလုပ်လုပ်။

အဲဒီတော့ သီလအမျိုးအစားရှိတယ်။ အဲဒီတော့ အသီးခူးမလား။ တစ်လုံးစီခူးရင်ကြာတယ်။ အညာဖြတ်လိုက်။ ဘာဖြတ်ရမှာလည်း အာရုံ ၅ ပါးကိုဖြာ်။ ဘုရားပညတ်တာ စက္ခုအာရုံ၊ နားသောတအာရုံ။ အဲဒီအာရုံတွေကို မှတ်များတွေဖြစ်နေတယ်။ စွဲတော့ ဥပါဒါန်ကံတွေ။ ဒါ အနုသယကံတွေ။ အဲဒါတွေက တဏှာတွေခေါ်တယ်။ တဏှာကြောင့် မာန်တွေဖြစ်နေတာ။ ဘာပြုလို့လဲ။ ဒိဋ္ဌိမှ မသိတာကြီး။ ကြားတော့ ကြားဖူးတယ်။ အဲဒီတော့ ဒိဋ္ဌိဆိုတာ အယူမှားတယ်။ ငါလို့ယူထားတယ်။ ငါမြင်တယ်၊ ငါ့အိမ်၊ ငါလုည်း၊ ငါ့မိန်းမ၊ ငါ့သား မှန်တယ်။ ပညတ်အယူမှန်တယ်။ ပရမတ်က သဘောပေါက်ပြီ။ သဘောလေးပဲနော်။ ပညတ်အယူကမှန်တယ်။ ပရမတ်ကပြောပြီနော်။ သဘောလေး။ အဲဒီတော့ ဦးဇင်းက မြောင်းမြမြို့ထဲတော့မဟုတ်ပါဘူးဗျာ။ မြို့အပြင်နားမှာ အဲဒီမှာနေတယ်။ အခုတရားဟောပြီး အဲဒီပြန်မှာ။ ရန်ကုန်ဘက်တောင်မလှည့်တော့ဘူးနော်။ ဘုန်းကြီး က မောနေတယ်။ သိပ်မောနေတယ်။ အဲဒီတော့ ကိုယ့်နှိပ်စက်တာက သွေး၊ သည်းခြေ၊ လေ၊ သလိပ်။ အချက်လေးချက်က နှိပ်စက်ထားတယ်နော်။ အဲဒါခါတ်တွေ၊ ပထဝီခါတ်တွေ၊ တေဇောဓါတ်တွေ၊ အာပေါဓာတ်တွေ၊ ဝါယောဓါတ်တွေ အသက်ကြီးသွားရင်လေ သွေးကလည်း ခေါင်းပါးတယ်နော်။ သွေးအားနည်းတယ်ဗျာ။ သည်းခြေကလည်း ဂယောင်ခြောက်ခြားဖြစ်တယ်ပေါ့ဗျာ။ အဲ လေနဲ့ သလိပ်က ကိုယ့်ကိုအသက်ရှုတဲ့လမ်းကြောင်းပိတ်ပြီ။ အဲဒါက ကျင့်ထားတာ။ ရဟန်းတော့ ရဟန်းပဲ။ တစ်ယောက်နဲ့တစ်ယောက် အသိမတူဘူး။ အဲဒီတော့ အားလုံး ကလေသာနဲ့ တဏှာရှိသလားမေးပြီ။ အဲဒါ စာမတတ်တဲ့ရဟန်းကမေးပြီ။ ကိလေသာ တဏှာရှိသလား။ ရှိပါတယ်ဘုရား။ ရှိရင် တစ်ယောက်နဲ့တစ်ယောက် အသိတူနိုင်ပါ့မလား။ အေး တူတဲ့သူရမယ်။ အဲဒီတော့ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ အဲဒါ ကျင့်ပေတော့ ကြံပေတော့။ အားထုတ်ပေတော့။ ကောခမ္မောဖြစ်အောင်လုပ်။ အေးတယ်။ နှလုံးအေးတယ်။ အာရုံကြောင့် မလိုက်တော့ဘူး။ ဉာဏ်ဖြစ်နေတယ်။ မနောကံက ဉာဏ်ဖြစ်တယ်။ ဟော ကျင့်ထားတာကိုဗျ။ ဘယ်သူသိမလဲ။ ဘယ်သူမှမသိဘူး။ အဲဒီတော့ သိုက်တွေ၊ နတ်တွေ၊ ဓါတ်တွေ။ ဓါတ်အောင်တဲ့ရဟန်းနဲ့လာပေါင်းတယ်။ အဲဒါ ပဋိဝေဓသာသနာခေါ်တယ်။ အဲဒီလို သာသနာစစ်၊ သာသနာမှန်၊ ရဟန်းစစ်၊ ရဟန်းမှန်၊ လူစစ် လူမှန်။ ခင်ဗျားတို့ ဒါနမျိုးစေ့ကို ဦးပဏ္ဍိတက ပေးနိုင်တယ်။ ခင်ဗျားတို့ ဒါနသုံးတန်ပြတ်ရမယ်။ အဲဒီတော့ မနောရဲ့ စေတနာ သဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာရအပ်ပေ၏။ ခဲယဉ်းတာကိုရပြီ။ ခင်ဗျားတို့ရှာကလာတာ။ အဲဒီတော့ ဘယာကံတွေရှိတယ်။ အဲဒီတော့ ဘယာကံ။ အပြင်က ပကာသနကံ။ ဟာ လူကြီးစားပါဗျ။ သောက်ပါဗျ။ အဲဒီကံတွေ အဲဒီရဲ့

စေတနာ။ ဟိုက အဓိပတိစေတနာနော်။ သဘောလေးနာ။ ဒါတွေကို ကိုယ့်အဖေလို၊ ကိုယ့်အမေလို ကိုယ့်အစ်ကိုကြီးတွေလို အသိလေးပြောတာ။ တရားလေးထိုင်၊ တရားလေးထိုင်ရင် ကံ ၃ ပါးငြိမ်လာ လိမ့်မယ်။ ငြိမ်လာတော့ အေးလိမ့်မယ်။ ကံဆိုတာ အပူတရား။ ဟော ပူတယ်ဗျို့ သားလေးသေသွား ရင် သွားစွဲတာကံ။ ပူပြန်ရော။ မယားသေပြန်တယ်။ သွားစွဲ ဥပါဒါန်ကံ ပူပြန်ရော။ ဒီအပူ ဒီကံကို ဘာနဲ့ဖြတ်မလဲ။ ကဲ ခင်ဗျားတို့ ဂုဏ်တော်နဲ့လည်းဖြတ်လို့မရဘူး။ ဗုဒ္ဓေါနဲ့လည်း ဖြတ်လို့မရဘူး။ ခင်ဗျားတို့ ဘာတွေဖြတ်မလဲ။ ဖြတ်စမ်း။ အဲဒီကံဖြတ်တာလေ။ သူနိုင်တာ မဂ္ဂင်က မဂ်ဉာဏ်ရမှ။ အဲဒီမဂ်ဉာဏ်ရအောင်ရှာကြ။ ကိုယ့်ကိစ္စ ကိုယ်ပြီးအောင်လုပ်နော်။ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ တက်။ အဲဒီတော့ ကိုယ်ခံစားနေရတယ်။ နောက် ဝေဒနိယဗိဇ္ဇ လက်ငင်းမျက်မှောက် အကျိုးပေး လိမ့်မယ်။ ကိုယ်လုပ် ကိုယ်ရမှာပဲနော်။ အဲဒီတော့ အဓိသီလ။ ဟောဒီပစ္စုပ္ပန်တည့်တည့်လေး အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီတော့ အဲဒါ ဝိပဿနာပေါက်သွားတဲ့လူရဲ့ သီလ။ သီလဆိုတာ အခုမြင် လိုက်တယ်။ လောဘနဲ့ ဒေါသခေါင်းပါးတယ်။ ဟော မောဟကိုသိတယ်။ အဲဒါ သီလပဲ။ ဒါကြောင့်မို့ ဝဋ္ဋကြကာမနှင့် ငါ့မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ် လည်းကြိုက်၏။ အရိယာမကြိုက်ဘူးတဲ့။ ကိုယ့်စိတ်ကိုယ်စစ်။ သွားစွဲရင် ကံ၊ မစွဲရင် ဉာဏ်။ ဒီဝဋ္ဋကို ဘယ်သူသိဖို့လဲ။ အဲဒါကြောင့်လို့ ခင်ဗျားတို့ရွာမှာ ဦးပဏ္ဍိတ အောက်ဆင်းပြီးတော့ အလှူခံမယ်။ တစ်ပြားထည့်ထည့်၊ နှလုံးသားရဲ့ စေတနာ အဓိပတိစေတနာ။ မှန်ဖို့လိုတယ်။ အဲဒီဝဋ္ဋဟာ ပညတ် ခေါ်ပါတယ်။ နှလုံးသားရဲ့ စေတနာဟာ ပရမတ်ခါတယ်။ ဒါကြောင့်မို့ ကုသလာ ကုသလံ ဓမ္မာနံ ဟေတု ဝေဒနိယဗိဇ္ဇ လက်ငင်းမျက်မှောက်အကျိုးပေးမယ်။ ရဟန်းကလည်းစစ်ရမယ်။ အလှူခံတဲ့ ရဟန်းကလည်း စစ်ရမယ်။ လှူတဲ့ပုဂ္ဂိုလ်ကလည်း စေတနာသုံးတန်ဖြတ်တယ်။ ဟာ ခင်ဗျားဆုမ တောင်းနဲ့။ ဆုတောင်းတဲ့တရားမဟုတ်ဘူး။ အဲဒီတော့ အလှူခံလိုက်မယ်။ ခင်ဗျားတို့ ကြိုက်မှလှူ မကြိုက်ရင် မလှူနဲ့။ အဲဒီရတဲ့ပိုက်ဆံကို ဟောဒီဆရာတော်ကြီးရဲ့ ကျောင်းဂေါပကတွေကို အပ်ပစ်ခဲ့ မယ်။ မနေ့ကဟောတယ်။ ၂ သိန်းကျော်ရတယ်နော်။ ခင်ဗျားတို့ အဲဒီ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ဘာဝနာစစ်၊ ဘာဝနာမှန်။ ခင်ဗျားတို့နောက်သိလာလိမ့်မယ်။ သိလာမယ်။ မှားရင်လည်း သိလာမယ်။ မှန်ရင်လည်း သိလာမယ်။ ဦးဇင်း အောက်ဆင်းပြီးတော့ အလှူခံမယ်။ အဲ ခင်ဗျားတို့ ကြိုက်မှလှူ မကြိုက်ရင် မလှူနဲ့။ အဲဒီမျိုးစေ့လေးတွေကို ဦးဇင်း က ဒါကတော့ ဒါနနဲ့ ဦးဇင်းက အလှူခံပြီးတော့ ဒီဟာတွေကို ဆရာတော်ကျောင်းပေးပစ်ခဲ့မယ်။ အဲဒီတော့ ဦးဇင်း ဒီလောက်ဆို တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3ပုဒ်ရေအမှတ် MM-37 မှ ကူးယူဖော်ပြပါသည်။ )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**[၁၀..၁..၂၀၀၀]ရက်နေ့၊ ဝိသုဒ္ဓိဆရာတော်အား**

**သန့်လျင်သဘာဝတရားရိပ်သာဆရာတော် အရှင်ဥတ္တမသာရ**

**[ရဟန်းမဝတ်မီကာလ]မှ တရားမေးမြန်းလျှောက်ထားချက်အား**

**ဝိသုဒ္ဓိဆရာတော်၏ ဖြေကြားချက်**

**[ အမေး/အဖြေ တရားတော် ]**

# ဝိသုဒ္ဓိဓမ္မစာစဉ်(၃၃)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

## သန့်လျင်သဘာဝတရားရိပ်သာ ဆရာတော် အရှင်ဥတ္တမသာရ (ရဟန်းမဝတ်မီကာလ)တွင် ဝိသုဒ္ဓိဆရာတော်အား တရားမေးမြန်းလျှောက်ထားချက်၊ ဝိသုဒ္ဓိဆရာတော်၏ ဖြေကြားချက် အမေး-အဖြေ တရားတော် (၁၀-၁-၂၀၀၀) ရက်နေ့

မေး - ဆရာတော် တရားဘယ်လို စ အားထုတ်လဲသိပါရစေ။

ဖြေ - ဦးဖင်းမှာ စာတော့မတတ်ဘူး၊ စာမတတ်တော့ ခန္ဓာသိကို ဇကာလေးတို့ကိုပြောပြမယ်။ စာမတတ်တော့ စကားပြောတဲ့အခါမှာ မှားသွားရင် သီးခံကြပါ။ စာမှမတတ်တာ၊ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ဒါစာ၊ အတ္တတရားရှိတယ်။ အနတ္တတရားရှိတယ်။ အတ္တဆိုတာ အစွဲ၊ အနတ္တဆိုတာ သဘာဝ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါ့ကိုယ်၊ ငါ့အိမ်၊ ငါ့နာမ်၊ ငါ့ရုပ်၊ ငါမဟုတ်တော့ဘူးလို့၊ ဒီအယူမယူတော့ဘူး။ ငါ့ရုပ်ငါ့နာမ်တွေမဟုတ်တော့ဘူး။ မစွဲတော့ဘူး။ မယူတော့ဘူး။ အဲဒါ အနတ္တလို့ စာကရေးထားတယ်။ အဲဒီတော့ တရားဆိုတာက မှန်တယ်။ ပညတ်မှာလည်း တရားရှိပါတယ်။ ပရမတ်မှာလည်း တရားရှိပါတယ်။ ပညတ်တရားကိုလည်း မပယ်ပါဘူး။ မစွဲဘူး။ ပရမတ်တရားကိုလည်း မကွယ်ပါဘူး။ ပရမတ်တရားကိုလည်း ဖျောက်မပစ်ပါဘူး။ ပြောပြတယ်။ သစ္စာ(၄)ပါးရှိတယ်။ ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်း၏ အမှန်တရားပဲ။ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရားပဲ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲဒါတွေ၊ အဲဒီတော့ စိတ်ပိုင်းနဲ့ပြောမယ်ဆိုရင် ဒုက္ခသစ္စာ၊ အခုကာလ အချိန်၊ မျက်မှောက်မှာ ဒုက္ခသစ္စာဆင်းရဲခြင်း၏ အမှန်တရားဆိုတာ ဘာကြောင့်ဆင်းရဲလဲ၊ မင်းသွားစွဲလို့ စိတ်ဆင်းရဲတာပေါ့တဲ့၊ မင်းအရာတစ်ခုခု မကောင်းတာလဲစွဲ၊ ကောင်းတာလဲစွဲမယ်၊ စွဲရင်အဲဒါ မင်းတဏှာပဲ၊ တဏှာကြောင့် မင်းဥပါဒါန်ဖြစ်ပြီး ကံပဲ၊ အဲဒါအစွဲပဲ။ အဲဒီ(၃၀)ဘုံလည်တယ်။ မင်းကို အပါယ်ကျတယ်မပြောဘူး။ အဲဒီ အပါယ်ကျတယ်ဆိုတာက သက္ကာယဒိဋ္ဌိ၊ အယူတွေယူတယ်တဲ့၊ အဲဒါစာ၊ ဗမာလိုပြန်မယ်ဆိုရင်တော့ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့ပစ္စည်း၊ ငါပိုင်တယ်လို့ယူထားတဲ့အယူတွေက ငါလို့ ယူထားတယ်။ အတ္တအယူတွေပဲ၊ သွားပြီးတော့ သညာကမှတ်ပေးတယ်။ အမှတ်တရား၊ ဟောဒါငါ့သမီး၊ ဟောဒါ ငါ့သားပဲ၊ ဟောဒါ ငါ့အိမ်ပဲ၊ အဲဒါ ပါဠိလိုသညာ၊ ဗမာလို မှတ်တယ်တဲ့၊ အရာနှစ်ခုကို ခွဲခြားလိုက် တယ်။ ဒါငါ့ကိစ္စမဟုတ်၊ ဒါသူများကိစ္စ၊ အဲဒါသညာပဲ။ သညာကြောင့် သင်္ခါရ၊ ဥပါဒါန်ကံဖြစ်တယ်တဲ့၊ အဲဒါ ဒုက္ခသစ္စာပဲ၊ ဘာဖြစ်လို့ ဒုက္ခသစ္စာခေါ်လဲ၊ မင်းရဲ့ကိလေသာမှာ တဏှာရှိတယ်တဲ့။ မင်းရုပ်မှာ တဏှာ ရှိတယ်၊ ဒီတဏှာကို မင်းမသိဘူး။ အဲဒီတော့ ဒီအာရုံ(၆)ပါးဟာ စက္ခုအာရုံမှာ မင်းမြင်တော့ မသိဘူးလား၊ ပစ္စုပ္ပန်တည့်တည့် သိပါတယ်ဘုရား။ မင်းဘယ်လိုအသိနဲ့သိသလဲ။ တပည့်တော် အမှတ်နဲ့သိပါတယ်။ အဲဒါတဏှာပဲ၊ ပညာနဲ့ သိရမယ်။ မင်းဇီဝှါ မှာစားလိုက်တယ်။ စားတဲ့ အရာဝတ္ထုကို မင်းမသိဘူးလား။ သိပါတယ်တဲ့။ သိတာကို ဒါလေးမင်းကောင်းတယ်။ မကောင်းဘူး မခံစားဘူးလား။ ကောင်းတာကို ခံစားပါတယ်။ မကောင်းတာကိုတော့ မခံစားဘူးတဲ့။ အဲဒါတဏှာတွေ ပေါ့ကွာတဲ့။ မင်းကိုယ်တွင်းမှာရှိတဲ့ တဏှာတွေပဲ။ အဲဒီတဏှာကို မင်းသိချင်ရင် ဝိပဿနာတရားကို ကျင့်ပါတဲ့၊ ဝိပဿနာတရားကျင့်ရင်

ဘယ်လိုသဘောလဲ။ ဝိပဿနာတရားကျင့်ရင် သတိပဋ္ဌာန်(၄)ပါးရှိတယ်ကွာတဲ့၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် ရေးထားတယ်တဲ့။ အဲဒီသတိပဋ္ဌာန်(၄)ပါးမှာ မင်းတရားအားထုတ်ပါ၊ တစ်ခုစီတဲ့ မင်းဘာကို နှလုံးသွင်းရမလဲ၊ ဘုရားဟောတဲ့ မဂ္ဂင်(၈)ပါးတဲ့၊ မဂ္ဂင်(၈)ပါးဆိုတာ သမဝါစာ၊ သမာကမ္မန္တ၊ သမာအာဇီဝ၊ အဲဒါသီမဂ္ဂင်တဲ့။ သမဝါစာဆိုတာ အလုပ်ကို ယုံကြည်သတဲ့။ သဒ္ဓါနဲ့မင်းလုပ် ပြီပေါ့။ အဲဒီသဒ္ဓါကြောင့် ဝီရိယထူထောင်တယ်။ ဝီရိယဆိုတာ မအိပ်မနေ မင်းတစ်ခါတည်း အလုပ်လုပ် တယ်တဲ့။ တရားကိုလိုချင်တယ်မလား၊ အသိကိုလိုချင်တယ် မလားတဲ့၊ သဒ္ဓါ၊ ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့အကြောင်းတွေ ရှိလာတယ်နော်။ အဲဒီတော့ သီလဆိုတာဘာလဲ။ မင်းဒီသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ ဒုစရိုက်(၁၀)ပါးရှိတယ်နော်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ (၃)ပါးရှိတယ်။ အဲဒါ စာတွေရေးထားတယ်နော်။ သူများပစ္စည်းမခိုးပါနဲ့၊ သူများ သားမယားကို မကျူးလွန်ပါနဲ့တဲ့။ မဖျက်ဆီးပါနဲ့တဲ့၊ အဲဒါကံပဲကွတဲ့။ သူများအသက် သတ်ချင်တယ်ဆိုတာ ဘယ်လိုကြောင့် ဖြစ်သလဲတဲ့၊ ကာယကံမှာ မင်းသွားရင်း လာရင်းနဲ့ မျက်စိမြင်ပြီမလားတဲ့၊ မြင်ပါတယ် ဘုရားတဲ့၊ အဲဒီ သွားရင်းလာရင်းနဲ့ မျက်စိမြင်လိုက်တဲ့မြစ်ချောင်းအင်းအိုင်မှာ ငါးတွေ၊ ငါးကြင်း၊ ငါးသိုင်း၊ ငါးမြစ်ချင်းတို့၊ ငါးရံ့၊ ငါးခူတို့ တစ်ခါတည်း မင်းတွေ့ ပြီမလားတဲ့၊ ဒီကောင်တွေကို ဟာ အားကြီးပဲတဲ့။ မင်းစိတ်ထဲမှာ မြူးသွားတယ်တဲ့။ ဥပမာ-မြူးသွားတဲ့အဲဒီထဲမှာ မင်းလိုချင်တပ်မက်မောတယ်။ မင်းဒုတ်ရှာ၊ ဓါးရှာ၊ ပိုင်းကွင်းရှာပြီး ဒီငါးတွေ မင်းသတ်တာပဲတဲ့။ အဲဒါဘာလဲ သညာပဲ။ သညာကြောင့် သခီရ ဥပဒါန် ဘာလဲတဲ့။ အဲဒါတဏှာကြောင့် ဖြစ်သွားတာပဲတဲ့။ တဏှာဆိုတာ မင်းရဲ့ကိုယ်တွင်းမှာရှိတဲ့ တဏှာကို ယ်ပစ်လိုက်တဲ့။ အဲဒီတော့ ကိုယ်တွင်းမှာရှိတဲ့တဏှာ သုပယ်မယ်။ သမဝါစာ၊ သမာကမ္မန္တ၊ သမာအာဇီဝ၊ ကံ(၃)ပါးပြတ်အောင်ကျင့်မယ်။ သမာဝါယမ၊ သမာသတိ၊ သမာသမာဓိ ဆိုတာ သမာဝါယမ၊ ဟိုဟာက သမာဝါစာ၊ ဒီက သမဝါယမ၊ လုံ့လစိုက်ထုပြီးတော့ နေ့ကော ညကော၊ မီးပွတ်သမားများလိုပဲ ဝါးနှစ်လုံး ပွတ်နေတာ၊ ပွတ်နေတဲ့အခါမှာ သူ့ရဲ့စိတ်ကလေးဟာ အာရုံ(၅)ပါးကိုသုပယ်ပြီ။ ဘဝင်စိတ်ကလေးလဲ ငြိမ်လာပြီ။ အဲဒီတော့ အာရုံ(၅)ပါးပယ်တော့ အပြင်မှာ စင်ကြယ်တယ်။ အာရုံ(၅)ပါးမှာ မင်းစင်ကြယ် သွားပြီတဲ့။ အတွင်းမှာလည်း အမိစိတ္တဖြစ်ပြီး အဲဒီတော့ အပြင်ပညတ်မှာလည်း မှန်ရမယ်။ ပရမတ် မှာလည်း မင်းမှန်နေပြီ။ အဲဒါ အမိစိတ္တပဲတဲ့။ အဲဒီစိတ်ကလေးက တွေးတောတဲ့စိတ်မရှိတော့ဘူး။ စိတ် စေတသိတ်မရှိဘူးမင်းမှာ၊ မရှိရင်ဘာလုပ်မလဲ။ ရုပ်မှာရှိတဲ့ တဏှာကိုသတ်လိုက်၊ ဒါကြောင့်မို့ စိတ်၊ စေတသိတ်၊ ရုပ်နှစ်ခုပြတ်သွားရင် အဲဒါနိဗ္ဗာန်ပဲ။ အေးငြိမ်းခြင်းဓာတ်ပဲ။ နိဗ္ဗာန်ဟာ ဘယ်ကလာလဲ၊ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစ၊ ခန္ဓာမှာဆုံး၊ သီလမှာချုပ်တယ်။ သီလချုပ်တယ်ဆိုတာ ဘာလဲ။ ခုနရှိတဲ့ ပညတ်သီလ၊ ပရမတ်သီလ ချုပ်သွားပြီတဲ့။ ဒါခင်ဗျားမေးချင်တာမေးလေ။

မေး – ဆရာတော်တရားစပြီးအားထုတ်ရတဲ့၊ အားထုတ်ဖြစ်တဲ့အကြောင်းရင်းပေါ့။ ဘာဖြစ်လို့စပြီး တရား အားထုတ်ဖြစ်တာလဲ သိပါရစေ။

ဖြေ - အဲဒီတော့ လူ့ဘဝမှာ သူ့နာမည် မြမောင်တဲ့။ ပထမသ ဘားမားစတိတ်စီးကရက် ကံစမ်းမဲဖောက်တော့ ထီပေါက်တယ်။ ဒါကုမ္ပဏီကပေးတာပဲ။ ဘားမားစတိတ်ကုမ္ပဏီကထီပေါက်တော့ အကြီးအကျယ်ပိုက်ဆံတွေရတယ်။ ရဲထဲမှာ သူလုပ်လာတယ်။ ရဲထဲမှာ ဘာလုပ်လဲဆိုတော့ သဘော်အက်စကော့ လုပ်ရတယ်။ သဘော်နာမည်က ဝေလွှင်၊ ဝေသံသရာတို့၊ ဝေဘူလတို့၊ ဗိုသကြဲ၊ ဗိုသာခါတို့ ဒီလိုလုပ်ပါတယ်။ ဘာလို့လုပ်လဲဆိုတော့ စွဲလို့လုပ်တာပေါ့။ ခန္ဓာ ဒုက္ခကိုမသိဘူး။ ကိလေသာဒုက္ခကိုမသိတော့ ကံမဝဋ်ကို မပယ်နိုင်ဘူး။ အဲဒါလုပ်တယ်။ လုပ်တဲ့အခါမှာ ကောင်းတာလုပ်သလား၊ မကောင်းတာလုပ်သလား။ လုပ်တုန်းကတော့ ကိုယ့်ဝမ်းကိုယ့်လစာလေး(၈၂)ကျပ်ရဖို့လုပ်တာ။ အဲဒီကျတော့ ဘေးလာဘ်လာဘလေးရတော့ မကောင်းတဲ့ဒုစရိုက်တွေဖြစ်သွားပါတယ်။ ဒါစွဲလို့ပါပဲ။ အဲဒီကနေပြီးလုပ်နေရင်းနဲ့ လောကီကြောင်တွေ သူလုပ်ရင်းနဲ့ တဖြည်းဖြည်း တဖြည်းဖြည်းကံနိမ့်လာတယ်။ မကောင်းတဲ့ ဒုစရိုက်ကံတွေ သူလုပ်လုပ်လာတော့ ကံကလုပ်သာလုပ်တယ်။ ဝီရိယအကျိုးလေးလောက်ပဲ ထမင်းတစ်လုပ်စားရပါတယ်။ ကံအကျိုးမပေးပါဘူးတဲ့။ အဲဒီတော့ ကံအကျိုးမပေးတော့ သူစာလည်းမတတ်၊ ပေလည်းမတတ်၊ (၂)တန်းပဲတတ်တယ်ပေါ့။ အဲဒီတော့ လက်မှတ်ကလေးထိုးတတ်ရင် ရဲထဲဝင်လို့ရတယ်တဲ့။ အဲဒါနဲ့ပဲ သူလုပ်နေရင်းကနေ ထီပေါက်တော့ သူထွက်ပါတယ်တဲ့။ ထွက်လာတဲ့အခါကျတော့ နားတစ်ဖက်လေးတော့ လူကြီးတွေက မြမောင် မင်း(အေမစ်လစ်)ပင်စင်ယူတဲ့ ပင်စင်လေးယူပါတယ်။ ပင်စင်လေးယူတာရတယ်။ အဲ ရရင်းကနေ နောက်ပိုက်ဆံတွေကကုန်ရော၊ ကုန်တဲ့အခါကျတော့ ဖဲရိုက်၊ အရက်သောက်၊ စာရိတ္တပျက် အကုန်လုပ်ချင်တာလုပ်၊ နေချင်တာနေ၊ ထင်တာတွေစိုင်းတော့တာပဲဗျို့။ ပိုက်ဆံမရှိတော့ တစ်ခါတည်း ဇလပ်ါးတန်နဲ့ ရေထမ်း၊ လူနှိမ် နေချင်သလိုဖနပဲ။ ရပ်ကွက်မှာ ကလေး(၄)ယောက်နဲ့ မိန်းမနဲ့ရှာကျွေး၊ ထမင်းတစ်လုပ်မဝဘူး။ ဝီရိယအကျိုးတော့ကောင်းပါရဲ့။ ကံအကျိုးမပေးဘူးတဲ့။ ဘာလို့ကံအကျိုးမပေးလဲ။ မကောင်းတဲ့ဒုစရိုက်ကံတွေကို စွဲစွဲပြီး သူ လုပ်တယ်တဲ့။ ငါးသတ်၊ ဖဲရိုက် အကုန်လျှောက်လုပ်တာပဲ။ အဲဒီကနေပြီးတော့ အရက်သောက်လိုက်၊ အဲဒီလိုလုပ်နေရင်းနဲ့ လောကီနယ်ထဲမှာ မကောင်းတဲ့မိတ္တာအယူတွေယူပြီးလုပ်တယ်တဲ့။ လုပ်တဲ့အခါကျတော့ ကံနိမ့်တဲ့အခါကျတော့ ရှာလို့ဖွေလို့မရဘူး။ မိန်းမကလည်း မကြည်ဖြူ၊ သားသမီးတွေကလည်း မကြည်ဖြူဘူးတဲ့။ လောကီကြောင်း၊ လောကီကြောင်း ဥပါဒါန်အကြောင်းတွေ အဲဒီကနေပြီးတော့ စာမတတ် ပေမတတ်နဲ့ ငါတော့ ဆရာတော် ဿဲအင်း အမြဲလင်း ဖွဲ့တင်း ဆိုတဲ့ကက်ဆက်ကို နာတော့မှ အောင်ဖေကွတဲ့။ ငါ ခါးပြတိုက်တဲ့ကောင်ပဲ။ ခါးပြတိုက်တာတောင် ကျင့်လို့ရသေးတာပဲ။ အဲဒီတော့ အောင်ဖေက ခါးပြတိုက်တယ်။ ငါကခါးပြမတိုက်ဘူး။ ငါလဲ ဒီတရားကျင့်မှပဲဆိုပြီးတော့ ဒီအသိနဲ့ တစ်ခါတည်း အိမ်နေပြီးတော့ မြိုင်မာလာ(၂)လမ်းကနေပြီးတော့ တစ်ခါတည်း ဘယ်ကိုသွားလဲဆိုတော့ ညောင်ပင်ကြီးကိုသွားတယ်။ ကျေးသာတောင်တို့၊ ညောင်ပင်ကြီးတို့၊ မြို့ဟောင်းတို့၊ စဥ့်ကူးတို့ အဲဒီလိုသူသွားပြီးတော့ တရားအားထုတ်တယ်။ လောကီကိုစိတ်နာသွားတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ အဲဒီတော့

ကိလေသာနဲ့တဏှာ ငါ ဖွန်ကွဲနေပါလားလို့။ ဒါ တရားရမှသိတာ။ လဦးက မသိပါဘူးတဲ့။ အဲဒီတော့ တရားကျင့်မယ်ဆိုပြီးတော့ လောကီမှာ ဘာမှအားကိုးစရာမရှိတော့ လောကုတ္တရာရဲ့အသိကို လုပ်တာ။ အာနာပါန ခယဝယ တစ်နေ့လုံးထိုင်တယ်။ တစ်ညလုံးထိုင်တယ်နော်။ အဲဒီတုန်းကလည်း သူရဲ တန္တေတွေ အင်မတန်ကြောက်တတ်တဲ့လူတစ်ယောက်က တရားလိုချင်တော့ သတိလေးနဲ့ထားပြီးတော့ အမြဲတမ်း အဒီတော့ သူနေတယ်။ အဲဒီတော့ မြင်ချင်လား၊ မမြင်ချင်ဘူး၊ ကြားချင်လား၊ မကြားချင်ဘူး။ သိချင်လား၊ မသိချင်ဘူးဆိုတဲ့အကြောင်းတွေကို ကံအကြောင်းတွေကိုပြပြီးတော့ အာနာပါန ဝင်လေထွက်လေရဲ့အလုပ်ကို သူလုပ်တယ်။ လုပ်တဲ့အခါကျတော့ ဝင်တယ် ထွက်တယ်၊ ဝင်တာလည်းသိတယ် ထွက်တာလည်းသိတယ်။ သိတာ အံဒါသိစိတ်လေးပဲ၊ အဲဒါသညာသိပဲ ပညာသိမဟုတ်သေးပါဘူး။ အဲဒီကနေ လောကီကိုစိတ်နာအားကြီးလို့ လောကီမှာအားကိုးစရာရှိရင် သားလေးတွေ၊ သမီးလေးတွေက ကျောင်းဆရာဖြစ်ရင် ကပ်ပြီးတော့စားအုံးမယ်။ အဲဒီတော့ ဘယ်သူမှလဲ ကပ်လို့မရတော့ဘူး။ မရတော့မှ လောကီအကြောင်းကနေပြီးတော့ လောကုတ္တရာကို တရားရှာမယ်ဆိုပြီးတော့ ဆရာတော် သဲအင်းက ခါးပြအောင်ဖေ တောင်ကျင့်ရပ်ဖြစ်သေးတာပဲ ငါလည်း ကျင့်ဖြစ်မှာပဲဆိုတော့ သွားလုပ်တာပဲဗျို့။

မေး - ဘယ်နှစ်နှစ်မှာစပြီး တရားကျင့်တာလဲဘုရား။

ဖြေ - အဲဒီတော့ ဘယ်နှစ်နှစ်မှာ ဦးဇင်းရဲ့အသက်(၅၂)နှစ်အရွယ်လောက်မှာ တရားအားထုတ်တယ်။ အခု (၇၄)နှစ်ကျော်သွားပြီ။

မေး - သဲအင်းဆရာတော်ရဲ့အခွေကို ဘယ်နှခွေနာခဲ့ရပါသလဲ။

ဖြေ - (၁)၊ (၂)ခွေလောက် နာရမယ်။ (၁)ခွေ (၂)ခွေလောက်ဆိုတာက (၁)ခွေလုံးအကုန်လုံး မနာနိုင်ဘူး။ ဘာဖြစ်လို့လဲ။ ရေထမ်းရတာကို အဲဒီအိမ်မှာ သူ့အိမ်မှာရေပို့တာ။ ရေပို့တဲ့အခါကျတော့ ဆရာတော် သဲအင်း ကက်ဆက်ကိုဖွင့်လိုက်တော့မှ ရေပုံးလေးချပြီးတော့ သူ့ရဲ့ဖိနပ်ချွတ်မှာထိုင်တော့ ဒကာကြီး ဦးမြညွှန့် က ဒီမှာထိုင်ပါတဲ့၊ အဲဒီမှာနာတာ။ နာပြီးတော့ အဲဒီတစ်ဝက်လောက်ကျတော့ ရေပြန်ထမ်းတယ်။ တစ်ဝက် တစ်ဝက်ပဲနာရတယ်။ အမြဲတမ်း ဟိုလူကြီးကတော့ဖွင့်တယ်။ ကိုယ်ကတော့ တစ်ဝက်လောက်ပဲ နာနိုင်တယ်။ တစ်ဝက်ကိုလည်း ရေထမ်းရသေးတာကိုးဗျ။

မေး - တရားကျင့်တော့ ဘယ်လိုအခက်တွေ တွေ့ရပါသလဲ။

ဖြေ - တရားကျင့်တော့ ဘယ်လိုတွေ့တော့ သူတောထဲလာတယ်။ တောဆိုတာ တောင်ကြီးတွေ၊ တောကြီးတွေ မဟုတ်ပါဘူး။ လူသူစိတ်ငြိမ်တဲ့နေရာ၊ အဲဒီနေရာမှာကျင့်တဲ့အခါကျတော့ လောကီရဲ့ သံယောဇဉ်ရဲ့ အတွေးတွေကဝင်လာတယ်။ ဘဝင်မှာ မနော၊ မနော ဓော် လက်ကလေးပိုက်တော့ ငြိမ်ငြိမ်လေးနေတော့ သားတွေးလိုက်၊ သမီးတွေးလိုက် အာ အစစ အရာရာတွေ လျှောက်တွေးတော့တာပဲ။ ငါဖဲသွားရိုက်မယ် စိတ်တွေ တွေးလိုတွေး၊ လျှောက်ပြီးတော့ မကောင်းတာတွေတွေးတယ်။ အဲဒီတော့ မနောကံဟာမလုံဘူးဗျို့။ ဖွဲလမ်းတဲ့ ဥပါဒါနိက်ကံတွေဖြစ်နေတယ်။ ကာယကံ၊ ဝစီကံကတော့ လုံပါတယ်။ သူများ အသက်

မသတ်ဘူး။ သူများပစ္စည်းမခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ ဘဝင်စိတ်ကတော့မငြိမ်ဘူး။ တစ်ခါတည်း ကိလေသာ အနုသယ ကိလေသာတွေဟာ တစ်ခါတည်းကိုဝင်နေတာပဲ။ တစ်နေ့တစ်နေ့ ဒါတွေချည်းတွေးနေတာ။ အဲဒီတော့ ကိုယ့်ဟာကို စဉ်းစားတယ်။ ငါ့မနောဟာ တွေးတောတဲ့စိတ်တွေရှိပါသလား။ ဒီကံဟာ မလုံသေးပါလားဆိုပြီးတော့ နှာခေါင်းနှစ်ပေါက်ရဲ့အာရုံကို ပြန်ချိန်တော့တယ်။ ဖော် ဝင်တယ် ထွက်တယ်ဆိုတဲ့ အာရုံကို သိသိနဲ့ မှတ်ထားတဲ့အခါကျတော့ တွေးစိတ်ကလေးတွေ၊ လောကီတွေးစိတ်လေးတွေ ခေါင်းပါးလာတယ်။ ဒါစပြီးတော့ ကျင့်တဲ့အချိန်ပဲ။

မေး - နောက်ပြန်ဆုတ်ဖို့ စဉ်းစားပါသေးလား။ တရားစကျင့်တဲ့အချိန်က စပြီးတော့ပေါ့။

ဖြေ - အာ နောက်ပြန်ဆုတ်ဖို့နေရာကျတော့ ဥပမာ ဖြူးနယ်ရောက်သွား၊ ညောင်လေးပင်၊ အဲဒီဘက်ကိုရောက်သွားတော့ ဘုန်းကြီးက တပည့်တော်ဘုရား နတ်ဘုံတွေ၊ ဗြဟ္မာဘုံတွေ၊ ဝင်းဝင်းဝါဝါတွေ၊ ဖယောင်းတိုင်တွေ၊ သစ်တုံးကြီးတွေ၊ ဘာတွေ အာ သိပ်ကောင်းတာပဲ။ ပင်လယ်သမုဒ္ဒရာတွေ တွေ့တယ်။ ဟိုဘက်လိုင်းရောက်သွားတယ်။ ရောက်သွားတော့ တပည့်တော် ပြန်တော့မယ်ဘုရားလို့ သားမယားနဲ့ပဲ ပြန်ပေါင်းမယ်လို့ ဖြူးဆရာတော်ကိုပြောတော့ မပေါင်းနဲ့ဒကာကြီးတဲ့။ ဒကာကြီးအဆင့်တက်လာပြီတဲ့၊ ဒါတွေကို ဖျက်ပစ်လိုက်တဲ့။ ဟို မီးရထားလမ်းမှာ မတွေ့ဘူးလား အရှုံးတွေတဲ့။ အဲဒီအာရုံလာရင် ဖျက်ပစ်လိုက်တဲ့။ အနတ္တကိုသာကျင့်တဲ့။ အနိစ္စ ဒုက္ခ အနတ္တ ကိုယ့်ရုပ် ကိုယ့်ရှုပါတဲ့၊ အဲဒီလို ဘုန်းကြီးကသင်ပေးတယ်။ သင်ပေးတဲ့အခါကျတော့ မနေတော့ဘူးဗျာတဲ့၊ ဦးဇင်း မြောင်းမြပြန်မယ်။ မိန်းမနဲ့ပြန်ပေါင်းမယ်။ အဲဒီလိုပြန်ပြောတယ်။ ပြောတော့ ဘုန်းကြီးကလိုက်လာတယ်။ ဦးဇင်းနောက်ကိုလိုက်လာတယ်။ လိုက်လာပြီးတော့ သူလည်း မြောင်းမြမှာသေတာပါပဲ။ အဲဒါဦးဇင်းကို တရားပြပေးတယ်။ သူကတော့ မဖြစ်ဘူး။ ဒီကဖြစ်နေပြီး။" ကျုပ်ကတော့ မဖြစ်ဘူးတဲ့၊ မဖြစ်သေးဘူးတဲ့၊ ခင်ဗျားကတော့ ဖြစ်နေပြီ၊ ခင်ဗျားကို လိုက်ပြပါ့မယ်ဆိုပြီးတော့ သူလိုက်ပြတယ်။ အဲသူလိုက်ပြတော့ အဲဒီတော့ ရုပ်ကိုရှုပါတဲ့၊ အနတ္တကို ဒါတွေကိုမလုပ်နဲ့တဲ့၊ ဒါသမထလိုင်းတွေ မကောင်းဘူး ဘာညာနဲ့ သူဖျက်တာပေါ့။ သူဖျက်တာနဲ့ ရုပ်ပြန်ရှု အဲဒီလိုပဲလုပ်ရင်းနဲ့ သဘောပေါက်လာတယ်။

မေး - အချိန်ဘယ်လောက်ကြာမှ ဝိပဿနာကို ကျင့်ဖြစ်ပါသလဲ၊ တရားစအားထုတ်ပြီးတော့

ဖြေ - အဲဒီတော့ ဦးဇင်းရဲ့ ခန့်မှန်းခြေပြောရတာနော်။ ခန့်မှန်းခြေပြောတဲ့အခါကျတော့ ဦးဇင်းဟာ ဒီလို သမထလိုင်းတွေကို ရောက်သွားတဲ့အခါကျတော့ (၃)လ၊ (၂)လကျော် (၃)လလောက် အဒီသမထလိုင်းဘက်ကိုရောက်သွားတယ်။ နောက်သူက အဖျက်ခိုင်းတော့မှ အနတ္တဘက်ကို ရုပ်ပြန်ရှုတယ်။ အဲဒီတော့ မခံသာမှန်ပါဘိ ဒီတရားခံသာချင် ရုပ်ပြန်ရှုတယ်။ ရုပ်မှာ တဏှာရှိတာကို၊ ကိုယ့်ရုပ်မှာ တဏှာရှိတာကို ကိုယ်မသိဘူး။ မသိတော့ အခုနကလို နာလို့ လှဲလှဲချရတယ်။ စိတ်ကလေးချမ်းသာတယ်။ စိတ်ကလေးချမ်းသာတော့ တဏှာပေါ့။ ရုပ်က အကျိုးတရား၊ အကျိုးကဖောက်ပြန်လိုက်တယ်။ ဖောက်ပြန်လိုက်လို့ သိမှုကခံစားတယ်။ မခံနိုင်ဘူး။ မခံနိုင်တာ အဲဒါစိတ်ကလေးက တဏှာကိုကူးသွား

တယ်။ စိတ်ကလေးချမ်းသာချင်တယ်။ အဲဒါ အဒီသဘောလေးတွေကိုဖြစ်ဖြစ် သူမှာလာပါတယ်။ နောက်ကျတော့မှ ရက်ပေါင်း၊ လပေါင်းဖြစ်တော့မှ ဝေဒနာရဲ့သဘောလေး။ အဲ...ဝေဒနာရဲ့သဘောလေးကိုလည်းသိလာတယ်။ အဲဒီတော့ တဏှာသဘောလေးကိုလည်း သိလာတယ်။ အဲ တဖြည်းဖြည်း သိလာတယ်။

မေး - သဲအင်းဂူဆရာတော်လို အသုဘရှုရပါသေးလား။

ဖြေ - ဦးဇင်းက အသုဘမဟုတ်ဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ ဒုက္ခဆိုတာသွားစွဲလို့ စိတ်ဆင်းရဲတာ။ အဲဒါဒုက္ခပဲ၊ သွားပြီးတော့ အခုကာလမှာ ကြည့်လိုက်တယ်။ အားလုံး ဒိဋ္ဌိတွေပေါ့။ သာယာတယ်။ ဒွါဒကာမ ငါ့ကို (၁၀)သိန်းလာပေးတယ်။ မနောကသာယာ၊ စက္ခုကမြင်တယ်၊ ဘဝင်ကမှတ်တယ်။ သိပြီးတော့ သာယာတာ အဲဒါတဏှာပဲ။ အဲဒါကိုသိသွားတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒါကိုသွားစွဲတယ်။ ကံခေါ်တယ်။ ကံကြောင့် ဒုက္ခဖြစ်ပြီး အဲဒါကတော့ ဉာဏ်ခေါ်တယ်။ ဂမ္ဘီရဉာဏ်၊ ဇာနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏဥဒပါဒိခေါ်တယ်။ ဘာမှတတ်တာမဟုတ်ဘူး။ ပုလင်းကရေပုလင်းကလာတယ်။ သူများတွေက ပရိတ်ရွတ်တယ် ရေ့ဆေးဖြစ်ဆိုပြီးတော့ လုပ်ပြီးတော့ဆေးဖြစ်နေတယ်။ အဲဒါ မြွေဟောက်ကိုက်တာပျောက်တယ်။ လက်တွေ့လုပ်ပေးလိုက်တာ။ ဒါလောကီအကြောင်းတွေ။

မေး - တရား စအားထုတ်တာ စုစုပေါင်း ဘယ်လောက်ကြာအောင် အားထုတ်ရပါသလဲ။

ဖြေ - အဲဒီတော့ အချိန်ရယ်၊ ဘာရယ်မဟုတ်ဘူး။ သူ့မှာ အချိန်ဆိုတဲ့ကာလမရှိဘူး။ သူ့ရဲ့တရားစဉ်ပေါ်မှာ သူ့ရဲ့နှလုံးသားရဲ့ဘဝင်မှာ ဖောက်ပြန်နေတဲ့ အကျိုးတရားရဲ့ဝေဒနာတွေကို တဖြည်းဖြည်း၊ သူ့ဖြေငြိမ်းအောင်သတ်ပစ်လိုက်တယ်။ တဖြည်းဖြည်းသတ်တယ်။ အချိန်ရယ်၊ ဘာရယ်မပြောဘူး။ သူအာရုံပြုတဲ့အခါမှာ သူထိုင်ပြီး၊ ထိုင်တဲ့အခါမှာ ဝေဒနာတွေ ဒင်းကြမ်းပေါ်လာတယ်။ နောက်တဖြည်းဖြည်း ရက်ပေါင်း၊ လပေါင်းကြာတော့ ဝေဒနာဟာ ခေါင်းပါးလာတယ်။ ဝေဒနာရယ်လို့ မသတ်မှတ်တော့ပါဘူး။ သညာဆိုတာ သူ့သဘာဝပဲ။ ဝေဒနာကို သဘာဝနဲ့ သုံးသွားတယ်။ ဟိုဟာကတော့ ဝေဒနာနဲ့ အခုခင်ဗျားတို့မေးတာ ဝေဒနာဟုတ်တယ်။ ဝေဒနာ သူက သဘာဝပဲ။ သဘာဝရဲ့ဓာတ်တွေဖောက်ပြန်နေတယ်တဲ့။ သူ့အလိုသူဆောင်နေတာတဲ့၊ သဘောပဲတဲ့။

မေး - ကိုရင်စဝတ်တာ ဘယ်အချိန်လောက်မှ ဝတ်ဖြစ်တာလဲ။

ဖြေ - ကိုရင်စဝတ်တာ လူ့ဘဝမှာ တရားကျင့်ပြီး လျှောက်ပတ်ပြီးတော့မှ ကိုရင်ဝတ်တယ်။ ကိုရင်ဝတ်တာတောင်မှ ဒကာ၊ ဒကာမတွေဝတ်နိုင်းလို့ဝတ်တာ။ ကိုရင်မဟုတ်ဘူး။ ရဟန်းတက်နိုင်းတယ်၊ ရဟန်းတက်ပါ။ ရဟန်းတက်ပါ။ အေး..ငါရဟန်း မတက်ပါရစေနဲ့၊ စာလည်းမသိ၊ စာလည်းမတတ်၊ ပေလည်းမတတ်၊ ဘာမှ မလုပ်တတ်ဘူး။ မတက်ပါရစေနဲ့။ ဟာ...တက်ပါဘုရား။ တက်ပါ အဘရယ်ဆိုတော့ ငါကိုရင်ပဲစီးမယ်ကွာတဲ့။ ရဟန်းမလုပ်ဘူးတဲ့ဆိုတော့ ကိုရင်စီးပေးတယ်။ ကိုရင်စီးပေးတဲ့အခါကျတော့ ကိုရင်မှာ

အဲဒီကျောင်းမှာ ဘယ်လောက်ကြာလဲဆိုတော့ (၆)လလောက်ကြာတယ်။ (၆)လလောက်ကြာတော့ သူနိုင်းတာ လုပ်ရတယ်။ ဆွမ်းခံ၊ အာရုံဆွမ်းခံ၊ မျက်စိကလည်းမကောင်း။ အာရုံဆိုတော့ မိုးမလင်း တလင်း၊ ခံရတဲ့ဆွမ်းတွေ တောင်းထဲထည့်၊ အဲဒီဆွမ်းတွေ ဘယ်သူကျွေးလဲ၊ အဲဒီဘုန်းကြီးက လျှောက်ကျွေးတာပဲ ဗျို့။ ဒါကိုယ်နဲ့တော့ မပတ်သက်ပါဘူး။ အဲဒါလုပ်ခိုင်း၊ ကိုယ်တရားကျင့်တဲ့အချိန်မရ။ လူတွေက လာပြီး တော့ ဗေဒင်ဆရာလို၊ ဘာဆရာလို လာလာမေးနေတော့ ဒီကျောင်းတော့ မဖြစ်တော့ဘူး။ ငါတော့ ထွက်ပြီးတော့ နေပါရစေလို့။ ဟာ…အုပ်ချုပ်တဲ့ ဥပဇ္ဈာယ်ဆရာရှိတယ်။ ဆရာခဲတစ်ပစ်တဲ့၊ ခဲတစ်ပစ်မှာ ကျုပ်ပစ်လိုက်တဲ့ ခဲအတွင်းထဲမှာနေရမယ်တဲ့။ ကျုပ်ခဲကျတဲ့နေရာ ဒီအတွင်းမှာနေရမယ်။ အပြင်မှာ မနေရဘူးတဲ့။ ဟာ…ဒီလိုဆိုထွက်မယ်ဗျာတဲ့။ အဲဒီသင်္ကန်းချွတ်ပြီးထွက်တယ်။ ထွက်လာတော့ သင်္ကန်း လေးတွေက ဟိုကပါလာတာ။ ဟိုဒကာ ဟိုဒကာမတွေကလှူတာ။ အဲဒီသင်္ကန်း သူပေးတာမဟုတ်ဘူး။ အဲဝတ်တော့ မဝတ်ဖြစ်ဘူး။ အဲဒီရောက်မှ အဲဒီသူများပေးတဲ့ သင်္ကန်းနဲ့ ကျောင်းမှာဝတ်တာ။ သူက ပေးတာမဟုတ်ဘူး။ ထွက်တော့လည်း အဲဒီသင်္ကန်းပြန်ယူထားတယ်။ ထွက်ကော အိမ်မဲကြို့ကုန်း အင်းတမိ ရှမ်းစုရွာမှာ သင်္ကန်းစီးတယ်။ အဲဒီဆရာတော်က မျက်စိမမြင်တော့ ဆရာတော် နာမည်က ဇောတိက၊ အာသဝက္ခယရာကျောင်းတိုက်။ အဲဒီမှာ မျက်စိမမြင် ပခုက္ကူသား၊ အဲ သူ့ဆီစီးပြီးတော့ အဲ… ကိုရင်ပဲ။ ကိုရင်စီးပြီးတော့ တရားအားထုတ်တယ်။ သူကတော့ခွင့်ပြုတယ်၊ ဘယ်သွားသွား အရှင်ဘုရား ပေါ်မူတည်တယ်တဲ့။ ဘယ်သွားချင်တဲ့နေရာသာသွားတဲ့။ အရှင်ဘုရားပေါ် မူတည်ပါတယ်။ အဲဒီလိုဆို တပည့်တော်သွားမယ်ဆိုပြီး ညောင်ပင်ကြီးသွားတာ်။ သူကလွှတ်တယ်။ အဲ့ကိုရင်ကြီးဘဝနဲ့ (၄၊ ၅၊ ၆)လ လောက်ထိရှိမယ်။ အဲဒီကိုရင်ကြီးဘဝကနေပြီးတော့ နောက်တောတစ်တောရောက်ပြန်တော့ အဲဒီမှာ လူတွေက ရဟန်းတက်ပါ။ ကိုရင်ကြီးနဲ့မကောင်းတော့ပါဘူး။ တက်ပါဆိုတော့ ပဋ္ဌာနတာရုံကျောင်းတိုက် မှာ တက်တယ်။ မြောင်းမြ ပဋ္ဌာနတာရုံကျောင်းတိုက်မှာတက်တယ်။ တက်တော့ သူတို့က လက်ချာတွေ ပေးတယ်ဟာ။ ဘာလုပ်လိုက်၊ ညာလုပ်လိုက်၊ ဟာမလုပ် မနေတော့ဘူးဗျာတဲ့။ အဲဒါကိုယ့်ဟာကိုယ် တောထဲပဲနေတယ်။

မေး – လူဝတ်နဲ့ ဘယ်နနှစ်လောက် ကျင့်ခဲ့ပါသလဲ။

ဖြေ – လူဝတ်နဲ့က (၁)နှစ်နီးပါးလောက်ရှိတယ်။

မေး – တောထဲမှာပဲ တစ်ယောက်တည်းကျင့်တော့ အစားအသောက်တွက်က

ဖြေ – အစားအသောက်ကိစ္စက ဥပမာ-ညောင်ပင်ကြီးမှာ ဦးဇင်းသွားတရားအားထုတ်တဲ့အခါကျတော့ မြောင်းမြ ကနေပြီးတော့ ညောင်ပင်ကြီးရောက်တဲ့အခါကျတော့ ကရင်စစ်တယ်၊ ခင်ဗျား ဘယ်ကလာလဲ။ ကျွန်တော် မြောင်းမြကလာတယ်တဲ့။ ဘာလုပ်လာလဲ၊ တရားလာအားထုတ်တာ။ ခင်ဗျား တရားအားထုတ်တာ မြောင်းမြမှာ မရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ မြောင်းမြမှာက စရိတ်ပေးမှ ပိုက်ဆံပေးမှ (၇)ရက်စခန်းတို့ (၁၀)ရက်စခန်းတို့ စရိတ်ပေးမှ စားရတာဗျ။ ပြီးတော့ ဦးဇင်းကလည်း ဘာမှလည်း နားလည်တာမဟုတ်

ဘူးလို့၊ အဲဒီတော့ လူသူတွေကလည်းတစ်မျိုးပေါ့ဗျာလို့။ ဦးဖင်းကတော့ တောထဲမှာကတော့ ဘယ်သူက ကျွေးကျွေး၊ မကျွေးလဲမစားဘူးပေါ့ဗျာ။ မထူးပါဘူးလို့ ဦးဖင်းက အဲဒီလိုပြောတော့ ခင်ဗျားဒီလိုမပြော နဲ့လေ။ တရားဆိုတာ ကျွေးမယ့်လူရှိမှ တရားကျင့်နိုင်တာ၊ ခင်ဗျားတို့ အခုတက်လာလို့လာမေးတာတဲ့။ မရှိလဲ မစားတော့ဘူးဗျာတဲ့။ လုပ်မယ်ဗျာတဲ့။ ဒီအလုပ်ဆိုတော့ အဲဒါလုပ်တာ၊ အဲဒါကရင်ပေါ်လူက ကျွေး တာ။ သူကျွေးလို့စားတာ။

မေး - အဲဒီတုန်းက သီလစောင့်ပါသလား။ သီလစောင့်ပြီးကျင့်တာလား၊ သီလမစောင့်ပဲကျင့်တာလား။

ဖြေ - အဲဒီတော့ သီလတွေဘာတွေကတော့ ဘုန်းကြီးကျောင်းမှာ ဦးဖင်း သိတာကတော့ သွားပြီး ဘုန်းကြီးဆီ ဆရာတော်ဆီယူရတယ်။ ဒါကယူတာမဟုတ်တော့ဘူး။ ကိုယ့်ဟာကိုယ် အလုပ်လုပ်နေတာ၊ အဲဒီနှာခေါင်း နှစ်ပေါက်ရဲ့ အာရုံပဲအသိကပ်နေတာပဲ။ အဲဒီအသိကပ်နေတဲ့အခါမှ ဒီကာယကံတွေက ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ဒီကံတွေနဲ့ အကုန်လုံး ဒီနှာခေါင်းနှစ်ပေါက်လည်း အာနာပါန အနဏ္ဍ ယူနေရင် အတ္တအကုန်ပယ်တာပေါ့ဗျ၊ ကဲ သီလယူစရာလိုသေးလား။

မေး - ရဟန်းဝတ်နဲ့တရားအားထုတ်ပြီးတဲ့အခါကျတော့ တောက်လျှောက် ဆက်တိုက်ပဲ အားထုတ်သွားတော့ တာပေါ့။ ရဟန်းဝတ်နဲ့ကျတော့ နောက်ပြန်လှည့်ဘို့ ကြံစည်သေးသလား။

ဖြေ - ရဟန်းဝတ်နဲ့ကတော့ သူကဒီလိုဗျ။ သူကအဆင့်ရှိတယ်။ တရားရဲ့အဆင့်လေးတွေရှိတယ်။ ကိုယ်ပဲသိ တယ်၊ အဲဒီတော့ ရဟန်းဘောင်ရောက်လာတဲ့အခါကျတော့ လူရဲ့ကိုယ်ခန္ဓာမှာ မနောအရင်စစ်တာပဲဗျို့။ မနောတရားထိုင်တော့ မနောစစ်တယ်။ မနောစစ်တဲ့အခါကျတော့ မဂ္ဂင်နဲ့စစ်တယ်။ စစ်တဲ့အခါကျတော့ အော်...မနောဟာ နီဝရဏ ခေါင်းပါးသွားပါလား။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အာရုံ မှာလည်း မသာယာတော့ပါလား။ အတွင်းမှာလည်း တွေးတောမယ့်၊ ကြံစည်မယ့်၊ ပြုလုပ်မယ့် အထမြောက်တဲ့စိတ်တွေလည်း ငါ့မှာ ခေါင်းပါးလာပါလားဆိုတဲ့ ကိုယ့်ဟာကိုယ်သိလာတယ်။

မေး - ဆရာတော်အနေနဲ့ကျတော့ ဖြူးဆရာတော်တစ်ယောက်ပဲ အမီကပေါ့၊ နောက်ပိုင်းထပ်တွေ့သွားသေး လား။

ဖြေ - ဖြူးဆရာတော်နဲ့ပဲ ဖြူးဆရာတော်ကလည်း သူ့ရဲ့သိသလောက်မှတ်သလောက်သာ သူသင်ပေးတာ။ ဝိပဿနာဆရာရယ်လို့ သူမပြောဘူး။ သူကတော့ သူ့ကျောင်းက ဖြူးမှာ။ ကြွက်နွယ်ကုန်း၊ ညောင်ပင်သာ၊ ကြွက်နွယ်ကုန်းကျောင်းမှာ ဦးဖင်းကသွားတာကို အဲဒီတော့ ဆရာရယ်လို့တော့ သူမပြောဘူး။ သူလဲ တရားသမားတစ်ယောက်ပဲ။ တရားသမားတစ်ယောက်ပေမယ့် ဦးဖင်း လူ့ဘဝမကျင့်ခင်ကတည်းက သူတို့က ကျင့်ထားတယ်။ ဆရာတော်တွေခေါ်တယ်။ သူတို့ကကျင့်ဖူး နားလည်တဲ့လူတွေပေါ့၊ ဒီကနောက် မှ ကျင့်ရတဲ့လူ။ အဲဒါသူက လိုက်ပြတာ။

မေး - ဆရာတော် တရားအားထုတ်တော့ ပြင်းပြင်းရှုတာက အချိန်ဘယ်လောက်ထိ ရှုခဲ့ပါသလဲ။

ဖြေ - အသက်ပြင်းပြင်းရှုတာက ခုနကပြောသလို လူ့ဘဝမှာ တွေးတောတယ်။ အော်...ငါ့သားလေးတွေ၊ သမီး

လေးတွေ၊ ဒီမိမ်မှာစားရရဲ့လား၊ ခေါက်ရရဲ့လား၊ အိမ်မှာ ခနိုတွေမိုးရရဲ့လား။ ဒါတွေကို တွေးတောနေတယ်။ တွေးတဲ့အခါကျတော့ သူစဉ်းစားတယ်။ ဒါတွေးတဲ့အခါကျတော့ မနောက်ကစွဲလို့ တဏှာကြောင့် ဥပါဒါန်ကံတွေဖြစ်ပါလားဆိုတဲ့ သဘောလေးကို သူအဲဒီတော့ သူစာအုပ်ကိုလှန်လှန်ကြည့်ပြီးတော့မှ သူစာအုပ်လည်းပါသွားတယ်။ ဝေဘူစာအုပ်လည်းပါသွားတယ်။ အဲဒါလေးကိုသူ ငါက ဒီလိုငြိမ်နေရင်တော့ မရဘူး။ ရှုမှပဲဆိုပြီးတော့ ရှုတာ၊ ပြင်းပြင်းရှုပြီးတော့ (ဥပမာ-ပြင်းပြင်းရှုပြီ) ရှုတော့ သစ်တုံးကြီးများ လွှဆွဲသလို ရွှန်းရွှန်းနဲ့ နားကတော့မတွေးနိုင်တော့ဘူး။ မတွေးနိုင်တော့ ရက်ပေါင်း၊ လပေါင်း၊ လုပ်လာတဲ့အခါကျတော့ (၄၊ ၅၊ ၈)လလောက် သူဒီလောက်ပြင်းပြင်းထန်ထန် ကြိုကြား ကြိုကြားလုပ်လာတဲ့အခါကျတော့ စိတ်ကလေးငြိမ်လာတယ်။ ကြိုကြား၊ ကြိုကြားလုပ်လာတယ်။

မေး - အမြဲတမ်းတော့ ပြင်းပြင်းမရှုဘူးပေါ့။

ဖြေ - နောက်ကျတော့ အဲဒီဟာလည်း အဲဒီပြင်းပြင်း ကြိုကြား ကြိုကြားလုပ်လာတော့ စိတ်ကလေးငြိမ်ငြိမ်လာတယ်။ နောက်ရှုစရာမလိုတော့ဘူး။ ပင်ကိုအတိုင်း၊ ပင်ကိုဖအေ၊ မအေမွေးတဲ့အတိုင်း မှန်မှန်လေး နဂိုရှုသလိုရှုတော့ ဘာမှတွေးစိတ်မရှိဘူး။ ရှိလည်းသိသွားပြီ။ တွေးလာတယ်ဆိုတည်းက သိသွားပြီ။ သိရင်ပယ်ပစ်တယ်။ ဩော် ငါတွေးနေပြီ။ ဩော် ဒီအာရုံကို ငါမသွားချင်တဲ့ဆန္ဒရှိတယ်။ ဩော် ငါဘယ်လိုကြောင့် သွားချင်လဲ။ ကိုယ့်စိတ်ကိုယ်စစ်ပြီး အဲဒါဘာနဲ့စစ်လဲ၊ မဂ်ဉာဏ်နဲ့စစ်တာပဲ။ ကိုယ့်စိတ်ကိုယ် မဂ်ဉာဏ်နဲ့စစ်သွားတာ။ သညာမဟုတ်ဘူး။ ပညာနဲ့ယှဉ်ပြီးတော့ ဉာဏ်က ဖုပ်ချုပ်သွားတာ။ သညာဆိုတာ တွေ့လိုက်တဲ့အခါကျတော့ သညာကမှတ်တယ်။ ငါ့အစ်ကိုပဲ။ အဲဒါသညာ၊ ဒါသဘောသိသွားပြီ။ ဒါက ကိုယ်ပဲသိတယ်။ ပညာဆိုတာ ကိုယ်ပဲသိတယ်။ ဉာဏ်ဆိုတာ ကိုယ်ပဲသိတယ်။ အဲဒီတော့ ကိုယ်သိတာကို သူများပြန်ပြောတယ်။

မေး - ဆရာတော် တရားအားထုတ်တဲ့အခါကျတော့ ထိုင်တာကိုဦးစားပေးပြီးတော့ အဓိကအားထုတ်တာပါလား။ သွားရင်း လာရင်းမှာ တရားမှတ်သလား။

ဖြေ - အဓိကကတော့ တရားပေါက်သွားပြီဆိုရင် သွားရင်းလာရင်းနဲ့လဲ သူသဘောပေါက်သွားပြီ။

မေး - စစခြင်းကတော့ထိုင်ပြီး သေချာရင့်ရတာပေါ့။ အစပိုင်းစကျင့်တုန်းကတော့ အထိုင်ကို ဦးစားပေးရတာပေါ့။

ဖြေ - အဲ ဟုတ်တယ်။ ထိုင်တာကို ဦးစားပေးရတယ်။

မေး - တစ်ခါထိုင်ရင် အချိန်ဘယ်လောက်ကြာကြာထိုင်ရပါသလဲ။

ဖြေ - ဒါက အချိန်ရယ်လို့ သူမပြောဘူး။ သူ့ရဲ့အာရုံ၊ အာရုံရဲ့သဒ္ဓါရဲ့ ယုံကြည်မှုကြောင့် သူဟာ အလုပ်လုပ်သွားပြီး အချိန်တွေ ဘာတွေ သူမပြောတော့ဘူး။

မေး - မြောင်းမြမြို့ကို ပြန်ပြီးတော့မှ အတည်တကျရောက်တာကျတော့ ဘယ်လောက်ကြာမှရောက်ပါသလဲ။

ဖြေ - မြောင်းမြမြို့ကို ရောက်လာတဲ့အခါကျတော့ သူလှည့်လာတဲ့အခါကျတော့ မြောင်းမြမြို့ရောက်တော့ ကြက်ညိုနောင်မှာ တစ်ဝါဆိုတယ်။ တစ်ဝါဆိုတဲ့အခါကျတော့ ငါတော့ ကြက်ညိုနောင် မြောင်းမြနယ်နိမိတ်

နားမှာ တစ်ဝါဆိုပြီးတော့ နောက်တောတွင်းကို ဒီညောင်လေးပင်ရွာကို သူနေတော့တာပဲ။ ထိုင်တော့တာပဲ။ အဲဒီတော့မှ ညောင်လေးပင်ဝါးကျောင်း၊ ဝါးတွေရှိတဲ့ဥယျာဉ်(၃)ဧကလောက်ရှိတယ်။ အဲဒါ ဒကာတွေဝယ်ပေးတာ။ ဝယ်ပေးပြီး အဲဒီမှာဘဲ ကျောင်းလေးဆောက်ပြီး သူနေတာ။ ဘယ်မှမသွားတော့ဘူး။ လာချင်တဲ့သူလာပါစေသူပြောပြီ။

မေး - ဝါးကျောင်းမှာ အဓိက ဆရာတော် ဘာတွေလုပ်ပါသလဲ။

ဖြေ - ဝါးကျောင်းမှာ ဦးဇင်းက သူများဆောက်ပေးတယ်။ ကိုယ့်အလုပ်ပဲကိုယ်လုပ်တယ်။ အာရုံကို လောကီအာရုံ၊ လောကုတ္တရာအာရုံ၊ ပညတ်အာရုံ၊ ပရမတ်အာရုံ၊ ဒီနေရာကပဲ ကိုယ့်ဟာကိုယ်နှလုံးသွင်းနေတယ်။

မေး ။ အဲဒီမှာတရားလာထိုင်တဲ့လူတွေရှိတယ်ဆိုလို့ဘုရား။

ဖြေ ။ အဲဒီမှာ တစ်ချို့(၄/၅)ယောက် ဟိုတောထဲထိုင်လိုက်၊ ဒီတောထဲထိုင်လိုက် လာကြတယ်။

မေး ။ တိရစ္ဆာန်တွေ ဘာတွေ မွေးထားတာပေါ့။

ဖြေ ။ တိရစ္ဆာန်တွေက ခုမှ ပြော်ာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ငါဘုံ(၃)ပါးသိသွားပြီ။ အတိတ်ကိုလည်းသိပြီ။ အနာဂတ်ကိုလည်း ငါပြန်မယ့်လမ်းသိပြီ။ ဟောဒီ ပစ္စုပ္ပန်ဘုံ၊ ဒါကြောင့်မို့ ကိုယ်ကျင့်တရား ပြဟ္မာစိုတရား၊ သံဝေဂတရား၊ ဒီကောင်တွေကို ငါ့မှာ ဝတ္တု အသပြာတွေအများကြီးရှိတယ်။ တိုက်ဆောက်ပေးမယ်။ တိရစ္ဆာန်တွေနေဘို့ တိုက်ကြီးဆောက်ပေးတယ်။ တိရစ္ဆာန်တွေ စားဘို့ပေးတယ်။ အတိတ်ကိုပြန်ကြည့်တဲ့အခါကျတော့ ဦးဇင်းက သဘောပေါက်တယ်။ ဒီကောင်တွေကို အတိတ်ကိုပြန်ကြည့်တဲ့အခါ သဘောပေါက်လို့ ဒီကောင်တွေရဲ့ အကုန်လုံး သူ့ကိုရှာကျွေးတယ်။ အကြောင်းကတော့ သူတို့အကြောင်းကျွေးတာကတော့ ဦးပဏ္ဍိတ သဘောလေ။ အဲဒီကောင်တွေလာတာ ဦးပဏ္ဍိတ မွေးတာမဟုတ်ဘူး။ လာလှူတာ။ ကြက်တွေလာလှူတယ်။ နွားတွေလာလှူတယ်။ ကျွဲတွေလာလှူတယ်။ ဆိတ်တွေလာလှူတယ်။ အလှူခံတဲ့သတ္တဝါတွေကို အကုန်လက်ခံပြီးတော့ တိုက်ကြီးဆောက်ပေးတယ်။ သူ့ကိုလာလှူတာ သူကလိုက်ဝယ်တာမဟုတ်ဘူး။

မေး - တရားအားထုတ်တဲ့အခါကျတော့ ဆရာတော်က ဘာကိုအားကိုးပြီးတော့ အဓိကက ဘာကိုအားကိုးပြီးတော့မှ တရားကျင့်ကြံခဲ့ပါသလဲ။

ဖြေ - ဘာကိုအားကိုးပြီးတော့ ကျင့်တယ်ဆိုတာ အစကတော့ မသိဘူးပေါ့ဗျာ။ လုပ်ခါစကတော့ ဘယ်သိမလဲ။ ဘာမှမသိဘူး။ နောက်တရားပေါက်မှသိတာ။ အဲဒီတော့မှသိတာ ဘာရယ်အားကိုးတယ်။ ညာရယ်အားကိုးတယ်တော့ ဘာမှတော့မသိသေးဘူး။ ဒါပေမယ့် သဲအင်းပြောတော့ ငါ့ဓားပြကွ၊ အောင်ဖေကွတဲ့၊ တိုက်ကြီး၊ မှော်ဘီ၊ အင်းစိန်၊ နောကုန်းမှာနေတာငါပဲကွတဲ့။ ဓားပြတောင်ကျင့်ရင်ဖြစ်သေးတာပဲ။ အဲဒါကို ရည်ရွယ်ပြီးတော့ သူကျင့်တာ၊ ငါကတော့ ဓားပြမတိုက်ဘူး။ ငါ့ထက်ဆိုးတယ်။ ငါက အဆိုးဆုံးပဲ။ ငါ့ထက်ဆိုးတဲ့သူတောင် ကျင့်လို့ဖြစ်သေးတယ်ဆိုရင် တရားရဲ့သဘောကို ငါသိချင်တယ်ဆိုပြီး ကျင့်တာပဲ။ ဒါပဲ။

မေး - စပြီးတရားထိုင်တော့ အဓိက အားထုတ်ရတာက ဝေဒနာကို အဓိကတိုက်ရတာလား ဆရာတော်။

ဖြေ - ပထမတုန်းကတော့ ဒီဒုစရိုက်ရဲ့ကံတွေကို သူများအသက်မသတ်နဲ့၊ သူများပစ္စည်းမခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့ဆိုတဲ့ ဒီကံတွေကို သက္ကာယဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ အတ္တဒိဋ္ဌိကံတွေသိမှပြောတာ။ ဟိုတုန်းက မသိဘူး။ အဲဒီကံတွေလုံတယ်ဗျို့ သူအဲဒီတော့ သွားချင်တဲ့စိတ်၊ လာချင်တဲ့စိတ်၊ ဟိုတုန်းကတော့ တရားမရှိတော့ စိတ်ကဘာလိုင်းဖြစ်နေတယ်။ အခုစိတ်ကလေးကို တစ်ခါတည်း ကံစိတ်ကလေး တရားထိုင်တော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ သူသတ်နေတယ်။ အခုမှသိတာ လည်းတုန်းကမသိဘူး။ အဲဒီတော့မှ ဪ ငါဖိုင်းသွားချင်တဲ့စိတ်ကလေးပေါ်သေးလား။ အရင်တုန်းက ပေါ်တယ်။ အခုတရားထိုင်တော့ မပေါ်ပါလား။ အဲဒီတော့မှ ဟိုတုန်းကစစ်လို့မရဘူး။ အခုမှစစ်လို့ရတာ။

မေး - သဲအင်းဂူဆရာတော်လို သတိပဋ္ဌာန်(၄)ပါးမှာ ဘယ်သတိပဋ္ဌာန်ကို အဓိက ဘယ်ဟာကို အရင်စပြီးတော့မှ အစဉ်လိုက် ရှုမှတ်ခဲ့ပါသလဲ။

ဖြေ - သတိပဋ္ဌာန်(၄)ပါး ခင်ဗျားကတော့ပြောတယ်။ ခင်ဗျားကတော့ စာနဲ့မေးတာ။ ဒီကအလုပ်နဲ့ ပြန်ပြောတဲ့အခါကျတော့ အေးကွာတဲ့၊ သမာဓိစာ၊ သမာကမ္မန္တ၊ သမာအာဇီဝဆိုတဲ့ အဲဒါ မဂ္ဂင်စာပဲတဲ့။ အဲဒီမဂ္ဂင်စာက ဗမာလိုပြန်မယ်ဆိုရင်ဖြတော့ မှန်တာကိုကျင့်ပါတဲ့။ မှန်တာကိုပြောပါတဲ့။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတဲ့။ ဒါ ဦးပဏ္ဍိတ အသိပြောတာ။ မှန်တာကိုဆိုတော့ မှန်တာလေး သူလုပ်တာ မကောင်းတာလုပ်တာမှမဟုတ်တာ။ သူကောင်းတာလုပ်တာပဲ။ သူ့အယူကဒါပဲယူတာပဲ။

မေး - တပည့်တော်ဆိုလိုတာက ဝေဒနာ၊ စိတ်ရယ်၊ ရုပ်ရယ်၊ ဓမ္မာနုပဿနာရယ်၊ အဲဒီဥစ္စာတွေမှာ ဆရာတော်ဘယ်ဟာတွေကို အဓိကထားပြီး ရှုခဲ့ပါသလဲ။

ဖြေ - အဲဒါက ခင်ဗျားပြောတာက သိပ်မှန်တယ်။ အဲဒါစာ၊ စာမတတ်တော့ ခင်ဗျားလို မပြောတတ်ဘူး။ စာမှမတတ်တာကိုးဗျ။ ကိုယ်ခန္ဓာသိသလောက်ပဲ ကိုကပြောတတ်တယ်။

မေး - ဆရာတော် ရန်ကုန်ရောက်တုန်းက အင်းစိန်(၁၀)မိုင်ကလေ ဆရာတော် ဦးနာရဒ ပေါ့။ ဆရာတော်ဆီသွားပြီးမှ သွားဖူးခဲ့သေးတယ်ပြောတယ်။ တပည့်တော်က အဲဒီဆရာတော်ရဲ့တပည့်ပါ။ အခုပျံလွန်တော်မူသွားပြီပေါ့။ ဆရာတော်က (၁၀)မိုင်ကုန်းက ဆရာတော်ပါ။

ဖြေ - ဦးဇင်းက ဟိုဒကာကြီးရှိတယ်။ အဲဒီသွားဘူးတယ်။ အခုခင်ဗျားပြောတာ (၁၀)မိုင်ကုန်းက ဦးနာရဒမသိဘူး။ ဒကာကြီး ဦးဒွေးဆောင် ခေါ်သွားလို့ အဲဒီကျောင်းကို ရောက်ဘူးတာ။

မေး - အဲဒီတုန်းက ဆရာတော်က ခန္ဓာမှာတွေ့တာနဲ့ပတ်သက်ပြီးတော့မှ ဆရာတော်ကို မေးဘူးတယ်ပြောတယ်။

ဖြေ - ဦးဇင်းပြောပြမယ်။ ဦးဇင်းသဘောပေါက်ပြီ။ ဟိုကတည်းက သဘောပေါက်တာပါ။ ဆရာတော်ကြီးလိုင်းကတစ်မျိုး၊ ဆရာတော်ကြီးလိုင်းကမှန်တယ်။ သိပ်မှန်တယ်။ စာတတ်တယ်။ အလုပ်လဲ သူလုပ်တယ်။ ခရီးပေါက်ရောက်တယ်။ မပေါက်ရောက်တယ်တော့ မသိဘူး။ အလုပ်လည်းလုပ်တယ်။ စာလဲတတ်တယ်။

သူပြောတဲ့စကား သိပ်ကောင်းတယ်။ အမှန်က ဦးဇင်းသတ်တာက တဏှာသတ်တာ၊ တဏှာကိုသတ်တာ။ တဏှာဟာ ဟောဒီကိလေသာမှာရှိတယ်။ ဟောဒီရုပ်မှာကိုရှိတယ်။

မေး - ဒိဋ္ဌိသတ်ကျတော့ရော ဆရာတော်၊ ငါဆိုတဲ့ အစွဲဖြုတ်တာကျတော့

ဖြေ - ဒိဋ္ဌိဆိုတာက ခင်ဗျားကိုပြောမယ်။ စာလိုရေးတာ၊ အာရုံ(၅)ပါးနဲ့ မနောနဲ့ မယှဉ်နဲ့ပေါ့။ မှတ်မှားတွေမယှဉ်နဲ့၊ အဲဒါ ဒိဋ္ဌိလို့ခေါ်မှာပေါ့။

မေး - ဒီခန္ဓာကြီးကို ငါလို့ မသိမ်းပိုက်တော့ဘူးပေါ့။

ဖြေ - ငါဆိုတဲ့အယူမရှိဘူး။ ရှိရင်တော့ ခင်ဗျား ဘာခေါ်မလဲ၊ ဒိဋ္ဌိခေါ်မလား၊ သက္ကာယခေါ်မလား၊ ဘာခေါ်မလဲ။ ငါလို့မရှိတော့ဘူး။ ဦးဇင်းပြောလိုက်မယ်။ အဲဒါစာ ရုပ်နာမ်မသိတာ အဝိဇ္ဇာခေါ်တယ်။ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲဒီနှစ်လိုင်းဘဲရှိတယ်။ အဲဒီရုပ်နာမ်အကြောင်းသာ ခင်ဗျားမေးပေတော့။ ရုပ်နာမ် မသိတာ အဲဒါ အဝိဇ္ဇာ၊ အဝိဇ္ဇာဟာ ဝိဇ္ဇာဉာဏ်နဲ့ စကားပြောတဲ့အခါကျတော့ ဟိုကစာကိုကိုင်ထားတာ။ လက်ပူးလက်ကြပ်ကိုင်ထား။ စာမရှိတဲ့ခန္ဓာမှာ ရှိတာတွေလည်းရှိတယ်။ စာမရေးနိုင်တဲ့အကြောင်းတွေလည်း ခန္ဓာမှာရှိတယ်။ အဲဒါခန္ဓာသမားကသိတယ်။ စာလောက်ပဲ သူရေးနိုင်သွားတယ်။ လမ်းလောက်ပဲ သူရေးသွားတယ်။ ဟုတ်တာပေါ့။ ခင်ဗျားခံစားရလား။ ဇဝေဇဝါတွေဖြစ်နေပြီ။ သဘောပေါက်လား။ အဲဒါတွေ ခက်နေတာပေါ့။ အခုစကားပြောရတာ။

မေး - ရုပ်နာမ်နဲ့ပတ်သက်ပြီးတော့ ဆရာတော်ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကိုပေါ့။ ဆရာတော်ဆိုလိုတာ အဓိက အဖြစ်အပျက်၊ ရုပ်နာမ်ရဲ့ ဖြစ်မှုပျက်မှုကို ဆိုလိုတာပေါ့။

ဖြေ - ဒီရုပ်နာမ်ရဲ့ဖြစ်ပျက်ကိုဆိုတာမဟုတ်ဘူး။ ရုပ်နာမ်ရဲ့ ဦးဇင်းစာနဲ့ပြောပြမယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ ခင်ဗျားအခု ဘာကြောင့်ဆင်းရဲလဲဆိုတာ ခင်ဗျားသိရမယ်။ ခင်ဗျားဘာကြောင့် ဆင်းရဲလဲ။ သူကရေးထားတယ်။ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဟာ ဆင်းရဲခြင်း၏အမှန်တရားပဲတဲ့။ ခင်ဗျားအကြောင်း မသတ်လို့ ဆင်းရဲနေတာပေါ့။ ကဲပြီးရောပေါ့။

မေး - အတိတ်ဘဝက ဘယ်အကြောင်းကံကြောင့် ဒီဘဝမှာ တရားထူးကိုရပါသလဲဘုရား။

ဖြေ - ဒါကတော့ ဦးဇင်းကလည်းမသိဘူး။ မသိတော့ ပြေလည်ကိုမေးတယ်။ ပြေလည် နတ်ဝိဇ္ဇာကိုမေးတော့၊ သူကတော့ကောဏ္ဍညသာန် ဆိုတဲ့ဘုရားခေတ်ကထန်းပင်ပေါ်က ထန်းရေ၊ ထန်းလျက်ကိုသွားပြီးတော့ ဘုရား ကိုသွားကပ်လှူတယ်၊ ကပ်လှူတဲ့အခါကျတော့၊ ဘုရားကသူ့ကိုဗျာဒိတ်ပေးတယ်တဲ့၊ ဟောဒီ သာသနာ (၂၅၀၀)မှာရမယ်၊ ဒီလိုပြန်ပြောတယ် ဒါသူပြောလို့ဦးဇင်းပြောတာ၊ ဒါပြေလည်ပြောလို့ ဦးဇင်းသိတာ၊ ကိုယ်ကသိတာမဟုတ်ဘူး၊ ကိုယ်ကသိတာ ကံနဲ့ဉာဏ်ပဲသိတယ်၊ ကံဆိုတာသဘော ပေါက်နေပြီ၊ ဦးဇင်း ဉာဏ်ဆိုတာလဲသဘောဒီနှစ်ခုကိုလာမေးပေးတော့၊ ဟိုးအတိတ်အကြောင်း တို့ဘ တို့ဆိုတာကတစ်ချို့ရတယ်၊ ဦးဇင်းမရဘူး၊ မရမရဘူးပေါ့၊ မရတာကိုရတယ်လို့သွားပြော ဟိုဟာဖြစ် သွားလိမ့်မယ်၊ အဲဒါပြေလည်ကိုမေးတာ၊ ကောဏ္ဍသာန်ခေတ်ကတဲ့၊ သူကထန်းလျက်သွားလှူလိုက်တာ

ချိုတယ်တဲ့၊ အင်မတန်စိမ့်တဲ့၊ အရသာချိုတယ်၊ အဲ့ဒီဘုရားကဗျာဒိတ်ပေးတာ၊ နောက်လာမဲ့ဟာကို ဖြစ်မယ်ဆိုတဲ့အကြောင်းသူကပြောတယ်။

မေး - ဆရာတော်နောက်ပိုင်းသမထမကျင့်တော့ဘူးပေါ့၊ ဝိပဿနာပဲ။

ဖြေ - ဟာ...သမထဆိုတာ ခင်ဗျားကလည်း သုံးလေးလတောင်မရှိဘူး။ ဖြူးဆရာတော်က အဲ့ဒီလိုင်းမလိုက်နဲ့တော့၊ အဲဒီမှာအကုန်ဖြတ်တာပဲ၊ အကုန်လုံးဘာမှမလုပ်တော့ဘူး။ လာရင်းဖျက်ပစ်ရင်း၊ အခုလည်းလာမှန်းသိသားပဲ။ အခုလာမှန်းသိတယ်၊ ဒီအာရုံမယူဘူးသိတယ်။

မေး - သူ့အာရုံကဘယ်လိုလဲဘုရား။

ဖြေ - ကျင့်တဲ့သူပဲသိတာပေါ့။

မေး - အရိပ်အမြွက်လေးပြောကြည့်ပါ။ တပည့်တော်တို့ဗဟုသုတပေါ့။

ဖြေ - ကျင့်တဲ့သူကသိတယ်၊ ထုတ်မပြတတ်ဘူး။ ခင်ဗျားကယုံကြည်ပါလို့သာ ပြောလိုက်မယ်။ အမှန်ကတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲ့ဒီသိက္ခာသုံးပါး ခင်ဗျားရအောင်သာလုပ်၊ ကျန်တာဘာမှမမေးနဲ့တော့။

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

(၁၃-၄-၂၀၀၄)ခုနှစ်၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊

ဆုတောင်းပြည့်မဟာသိဒ္ဓိပြည့်စုံ ဘုရားရင်ပြင်တွင်

ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိဆရာတော်၏

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာအမှတ်(၁၄)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-794506595

09-251620128, 09-447572355

## (၁၃-၅-၂၀၀၄)ခုနှစ်၊ သင်္ကြန်အကျနေ့၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း ဘုရားရင်ပြင်၌ ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ကာယကံ၊ ဝစီကံ၊ မနောကံ ကံဆိုတာက မိမိစိတ်က ကံဖြစ်အောင်လုပ်ရင် ကံဖြစ်တယ်။ ခင်ဗျားအပေါ်မှာ မူတည်တယ်။ သူများအသက် သတ်မယ်။ သူများမသိအောင်ယူမယ်။ သွားလုပ်ရင် ကံဖြစ်မယ်။ ဒါခင်ဗျားအပေါ်မှာ မူတည်တယ်။ ကာယကံ(၃)ပါး ကံတော့ကံပဲ။ ခင်ဗျား ဘာမှမလုပ်သေးတော့ ဘာမှမဖြစ်သေးဘူး။ ဝစီကံ လောဘဖြစ်မယ်။ ဒေါသဖြစ်မယ်။ မောဟဖြစ်မယ်။ အာရုံကြောင့် မနောကံဖြစ်မယ်။ ပါးစပ်ကပြောမယ်။ အဲဒါကံပဲ။ သူက သည်းခံတာပဲ။ ပြောပြီ ဆဲပြီ ထိုင်ပြီး အဲဒီတော့ ဘာကြောင့်ကံဖြစ်သလဲ။ အယူမှားတယ်။ ဘာကြောင့်လဲ။ ငါမြင်တယ်။ ငါကြားတယ်။ အယူမှားတယ်။ ငါလို့ယူထားတယ်။ အဲဒါ ဒိဋ္ဌိခေါ်တယ်။ အဲဒီလိုသွားမှတ်တာ။ ပညာမဟုတ်ဘူး။ သညာခေါ်တယ်။ ပါဠိလို သညာခေါ်တယ်။ ဘာတွေဖြစ်လာလဲ။ သင်္ခါရတွေဖြစ်လာတယ်။ အဲဒီတော့ ဘာကြောင့် ဒီကံဖြစ်သလဲ။ ကိလေသာနဲ့တဏှာ မူရင်းနှစ်ဖြာရှိပါတယ်။ ကိလေသာကရုပ်တရား၊ တဏှာက နာမ်တရား။ တဏှာဆိုတာ စိတ်ကလေးသာယာတယ်။ စိတ်ကလေးချမ်းသာတယ်။ ကိုယ်လုပ်လိုက်တဲ့အလုပ်ကလေး အောင်မြင်ရင် စိတ်ချမ်းသာတယ်။ ကိုယ်လုပ်တဲ့အလုပ်မအောင်မြင်ရင် စိတ်ဆင်းရဲတယ်။ အဲဒါတဏှာပဲ။ အဲဒီတော့ စက္ခုအာရုံ၊ နားသောတအာရုံ၊ ဇိဝါအာရုံ၊ ကိုယ်အာရုံတွေထိတော့ သိတာပေါ့။ သိတာကစိတ်ပဲ။ အဲဒီစိတ်ကလေးမှာ တဏှာပါနေတယ်။ ဥပမာပြောမယ်ဆိုရင် သမုဒိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ အရိယတ္ထသစ္စာကို ဘယ်မှာပေါ်သလဲ။ သူအရိယာဖြစ်သွားပြီ။ တဏှာဖြတ်သွားပြီ။ ဘယ်မှာလာပေါ်လဲ။ သမုဒိသစ္စာမှာ လာပေါ်တယ်။ ပစ္စုပ္ပန်တည့်တည့်လေးမှာ လာပေါ်တာ။ အဲဒါ သမုဒိသစ္စာပဲ။ အဲဒါကံပဲ။ ကောင်းတဲ့ကံရှိသလို မကောင်းတဲ့ကံလည်းရှိတယ်။ သမုဒိသစ္စာကနေ သူအလုပ်လုပ်ပါတယ်။ ဝိရတိသစ္စာကို သဘာဝသစ္စာကို သူ သဘောပေါက်သွားတယ်။ ပရမတ္ထသစ္စာကို သူအမှန်မြင်တာ။ ခန္ဓာမှန်တယ်ဗျ။ ပရမတ်တစ်လုံးကို ပညတ် ပရမတ်လို့ခေါ်တယ်ဗျ။ ပညတ်ဆိုတာ လောကီဘုံခေါ်တယ်။ ရုပ်ဆင်းရဲ နာမ်ဆင်းရဲ ခေါ်တယ်။ ဘုရားကဟောသွားတာပဲ။ ပရမတ်ဆိုတာ အနတ္တတရား။ ခင်ဗျားတို့ အနတ္တကိုမသိလို့၊ အတ္တဖြစ်နေတာ။ ပစ္စုပ္ပန်ဘုံမှာ အဲဒါသမုဒိသစ္စာ ခေါ်တယ်။ ကံကို ဟောတာ။ ဒါကြောင့်မို့ ဝိရတိသစ္စာ သဘာဝသစ္စာဆိုတာ တဏှာပြတ်သွားပြီ။ တဏှာကိုသိလို့ပါယ်တာ အာသဝက္ခရာ စက္ခုဥဒပါဒိ၊ ဉာဏ်ဏာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ ရေးထားတယ်။ စာကမှန်၏။ ဉာဏ်မသိ။ ထိအောင်သူမသိ။ စာတွေနဲ့ငါတွေ အတွေနှစ်လီရှိတယ်။ စာတွေထက် ငါတွေကအေးတယ်။ မနော အေးသွားပြီ။ အဲဒါ ဉာဏ်နဲ့ရထားတဲ့ အေးငြိမ်းခြင်း၊ ဓါတ်ကံနဲ့ရထားတဲ့ မနောကံက အာရုံပေါ်မှ ကြွက်စားရင် အကုသိုလ်ကံ ကုသိုလ်ကံ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် ဒေါသဖြစ် လောဘဖြစ် အမှတ်ကြောင့်ဖြစ်နေတာ။ အဲဒါဘာလဲ (၃၀)ဘုံ မလွှတ်ဘူး။ ကိုယ့်စိတ်ကိုယ်စစ် (၃၀)ဘုံလွှတ်တာက တဏှာကိုသိလို့ ဖြတ်ပစ်လိုက်တာ။ အဲဒါ (၃၀)ဘုံလွှတ်ပြီ။ မဂ်ဉာဏ်က ဘာကိုအကျိုးပြုပြီ လုပ်သလဲ။ ဖိုလ်ဉာဏ်က ဘာကိုခံစားသလဲ။ မဂ်ဉာဏ်က လောကီအာရုံမှာရှိတယ်။ အာသဝက္ခရာဉာဏ်ခေါ်တယ်။ စာကရေးထားတယ်။ အာသဝက္ခရာဉာဏ်ဆိုတာ အာရုံခြောက်ပါး ဉာဏ်ဖြစ်သွားပြီ။ ဖြစ်တော့ ဟိုဘက်ကို သူတက်တော့မယ်။ တချို့ပြောတော့ မဂ်နဲ့ဖိုလ်က ကပ်နေတယ်တဲ့။ မှန်ပါတယ်။ ကပ်နေတယ်။ ဖိုလ်ဝင်လိုက်တော့ ဘာရှိလဲ။ ဘာမှမရှိဘူး။ သူ့ကို ဒုက္ခပေးတဲ့ရုပ်နာမ်မရှိတော့ဘူး။ အဲဒီရောက်မှ တဏှာကို

ငါသိပါလား။ အဲဒီတော့မှ ပြန်ဆင်းလာတယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ဟောပြီးဖို့၊ ခင်ဗျားတို့က ကံတွေပဲ၊ မင်္ဂလာမျိုးစေ့ကိုရအောင်ယူ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ၊ ဦးပဏ္ဍိတလည်း ပြန်ရမှာပဲ၊ ခင်ဗျားတို့ရဲ့အာရုံကြောင့် မနေပေါက်တယ်။ စက္ခုကြောင့် မနေပေါက်နေတယ်။ အဲဒါစေတနာပျက်နေကြတယ်။ စေတနာပျက်သွားပြီ၊ စေတနာဆိုတာ အတွင်းစေတနာခေါ်တယ်။ အဲဒီတော့ အတွင်းကစေတနာ၊ ခင်ဗျားက သစ္စာ၊ အရိယာခါတ် သစ္စာလုံအောင် ထိန်းထားတဲ့၊ မင်းပစ္စည်းတွေယူကုန်ပြီကွ၊ မင်းမောင်းလာတဲ့ကားကို လောက်လေးနဲ့ပစ်ပြီကွ၊ ပစ်တဲ့သူနဲ့ခံရတဲ့သူက တော့ သူ့အပေါ်မှာ စေတနာရှိပါ့မလား၊ မရှိဘူးတဲ့၊ ဥပမာပေါ့–စေတနာမရှိရင် ဝိသုဒ္ဓိပြင်နိုင်ပါ့မလား၊ မပြင်နိုင်ဘူးတဲ့၊ ပညတ်အာရုံတွေကို သွားစွဲတာကိုနော်။ ဒါကြောင့် အရိယာပြောတာကို လိုက်လို့မလွယ်တော့ဘူး။ အဲဒီတော့ ခင်ဗျားတို့ကို ယုံကြည်ပါလို့ပြောထားတယ်။ ပါဠိလို သဒ္ဓါယုံကြည်ပါ၊ မင်းစေတနာမပျက်နဲ့၊ မင်းကိုရိုက်လည်း သည်းခံပါ၊ သည်းခံရင် မင်းစေတနာမပျက်ပါဘူး။ ဘာတစ်ခွန်းမှ မပြောနဲ့နော်၊ ပုဂ္ဂိုလ်က သင်ပေးလိုက်တယ်။ မရဘူး၊ သူက မောဟကြောင့် လောဘနဲ့ဒေါသဖြစ်လာရင် ဝစီပါမယ်ဗျို့၊ သေသေချာချာစဉ်းစားပါ၊ ခင်ဗျားတို့က အတ္တ အတ္တနဲ့ အရိယာက အနတ္တ အနတ္တတဲ့၊ ယူတဲ့အယူ မှားနေကြတယ်၊ စာကရေးထားတယ်၊ အတ္တတဲ့၊ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်၊ ငါ့သမီး၊ ငါ့အိမ် ငါ့မယား အဲဒါတဏှာတွေပဲ သားစွဲတာ တဏှာ၊ သားရေနစ်တာလည်း တဏှာပဲ၊ စွဲလန်းတာ သံယောဇဉ် တဏှာခေါ်တယ်။ အဲဒါကိုယ်က စွဲလန်းတာ၊ ဥပမာပြောပြမယ်၊ ကိုယ်နဲ့ဆိုတာလည်း စွဲလန်းတယ်၊ စက္ခုမှာ သာယာတယ်၊ နားသောတမှာလည်း စွဲလန်းတယ်၊ ဦးမြမောင် ရဟန်းနာမည် ပဏ္ဍိတ၊ ကဲ ဦးမြမောင် က ဖေလိုးမတွေ၊ ငါလိုးမတွေ ဆဲလိုက်ပြီ၊ သူနားကြားတယ်။ အဲဒီတော့မှ မိစ္ဆာယာဇစိတ်၊ မနာလိုစိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ အဲဒါဘာလဲ၊ တဏှာက စေတနာပျက်ကုန်ပြီဗျ၊ တစ်ခါတည်း ဖိပ်ယာလိပ်ပိုက်ပြီးတော့ ပြေးတော့တာပဲ။ မြမောင် ဘာဖြစ်လဲ၊ ဦးပဏ္ဍိတ ဘာမှမဖြစ်ဘူး။ သူက ပညာရှိတာကို၊ အဆဲခံရတဲ့သူက သညာနဲ့ကံပြုနေတယ်။ ဘယ်လို လုပ်လို့မှ မရတော့ဘူး။ ဒါကြောင့် ထန်းသီးနဲ့ အပ်နဖားကို ဘုရားပြထားတယ်၊ ဥပမာ ဘုန်းကြီးကလည်း စာမတတ် ပေမတတ် သူကလည်း ပြောတာပဲ။ အကြီးအကျယ်ပြောတာ သူကဉာဏ်ရထားပြီ၊ လောကီနယ်ထဲမှ ဥပါဒါန်ပြတ်နေ ပြီ၊ အစွဲပျက်တဲ့ ဉာဏ်ခေါ်တယ်။ သူရထားပြီ၊ ရထားလို့ ဝိနည်းလည်း နားမလည်ဘူး၊ ဘာမှနားမလည်ဘူး။ ဆဲတယ်၊ တိုင်းတယ်၊ သူကိုင်ရင်ကိုင်တယ်၊ မိန်းမတွေနဲ့စိုရင်စိုတယ်၊ အကုန်ဖွင့်ပြောသွားပြီ၊ ကြိုက်မှလှူပါ၊ မကြိုက်ရင်မလှူပါနဲ့၊ မင်းအလှူကို ငါမျှော်ကိုးနေတာမဟုတ်ဘူး။ ဒါနအစစ်၊ ဒါနအမှန်၊ သီလအစစ်၊ သီလအမှန်၊ ဘာဝနာအစစ်၊ ဘာဝနာ အမှန်၊ လူအစစ် လူအမှန်။ နတ်အစစ် နတ်အမှန်၊ မဂ်အောင်တဲ့ ရဟန်းနဲ့လာပေါင်းလိမ့်မယ်။ သိုက်ကလာတဲ့ ပုဂ္ဂိုလ် တွေက ငါ့လှမ်းပြစမ်းဆို လှမ်းပြတယ်။ လုံချည်ချွတ်ပြဆိုချွတ်ပြ တယ်၊ သူသဒ္ဓါဘယ်လောက်ကောင်းလဲ၊ ကျောင်းထဲမှာ ရှိတယ်။ ဟိုမှာလည်းရှိတယ်။ အင်္ကျီတွေချွတ်ဆိုချွတ်လိုက် တာပဲ၊ အဲဒါ ပညတ်နဲ့ ပရမက်ဟို ဟိုချွတ်တာ ပညတ်.ဒီက ပရမက် ဒီကသညာရှိတယ်။ ဉာဏ်ရှိတယ်။ ဟော ဦးပဏ္ဍိတ က ဘယ်လိုလဲ၊ ဒါဝိနည်းမဟုတ်ဘူး။ ဝိနည်းက သမုဒ်သစ္စာနယ်ထဲမှာ အရိယာသစ္စာက ပညာဉာဏ်ကိုင်ထားတယ်။ သူက ပညာနဲ့ ဉာဏ်ကိုင်ထားတယ်။ သညာမဟုတ် ဘူး။ ဒါကြောင့် ဒီဘုန်းကြီးကို မသိသူကျော်သွား။ သိသူဖော်စားလိမ့်မယ်၊ သိုက်တို့ နတ်တို့က နာမ်အကောင်တွေ ရုပ်နာမ်ရှိတဲ့သူတွေက တစ်စလောင်းပဲရတယ်။ ဟိုအကောင်တွေက အကုန်လုံးရတယ်၊ အကယ်၍ ဦးပဏ္ဍိတ ထိုင်ဝမ် သွားတယ်။ ဟောင်ကောင်သွားတယ်။ ဦးပဏ္ဍိတ

အကြောင်းကိုမသိဘူး။ မြမောင်က သူခိုး၊ ပုလိပ်လူထွက်၊ အရက် သောက်တယ်။ ဖဲရိုက်တယ်။ စာရိတ္တပျက်တယ်။ မြိုင်မာလာ(၂)လမ်းမှာနေတယ်။ အကုန်လုပ်တယ်။ မိန်းမမြင်ရင် ပိုးတယ်။ ဟုတ်တယ်။ ဟိုတုန်းကလုပ်တယ်။ မြမောင်က သွေးသားပြောင်းရင်စိတ်လည်းပြောင်းပြီ။ မြမောင် ကျင့်ထားတာ ဝိပ္ပဿနာသမ္မန္တော်ဆိုတာ မြမောင် သိတာပေါ့။ အဲဒီမြမောင်ကို ဒီကောင် ပုလိပ်လူထွက်ပါ။ တို့အိမ်သာ ကျင်းတူးခိုင်းတာသူပဲ။ သူတူးရတယ်။ ဦးချစ်အေး ရုံခန်းမှာ ငါးကျပ် ပြားငါးဆယ် နဲ့လုပ်တာသူပဲ။ တို့အိမ်မှာ ဖဲရိုက်နေ တာ။ တို့အိမ်ကပစ္စည်းတွေကုန်ပြီ။ ဟုတ်တာပေါ့။ မြမောင် ဟိုးတုန်းက လုပ်လာတဲ့ပြစ်မှုတွေ ဘာတွေလုပ်လာလဲဆိုတော့ ကလေးနေမကောင်းလဲပျောက်၊ အဖေနေမကောင်း လည်းပျောက်၊ မယားနေမကောင်းလဲပျောက်။ စီးပွားရေးတွေလည်းကောင်း။ အဲဒီတော့မှ အဲဒီတရုတ်တွေက သိန်းပြောက်များစွာ လှူတော့တာပဲဗျို့။ မြမောင် အကြောင်းကိုမသိဘူး။ အဲဒီတော့ တရုတ်က ရေပေါ်တွေစားတယ်။ မြောင်းမြက သိတဲ့သူလည်းသိတယ်။ မသိတဲ့သူလည်း မသိပါဘူး။ အဲဒါ ကံတရားတွေ အမှတ်မှားတွေ မကြည်ညိုပါဘူး။ ဒါတွေပြောတာ ဥပါဒါန်တွေ မာန်ဖြစ်နေ မြမောင်ကိုဘာဖြစ်လို့ ရှိခိုးရမှာလဲ။ မာန်ဖြစ်နေတယ်။ အဲဒီမာန်က ဟောဒီဘဝမှ သုညက နိဗ္ဗာန်ကိုပိတ်တာသူပဲ။ အဲဒီမာန် ဘယ်ကလာလဲ။ ကိလေသာတဏှာကိုဗျ။ ကိလေသာနဲ့တဏှာတွဲနေတယ်။ ပညာနဲ့ ဉာဏ်ရမှ အဲဒီလူသိတာ။ သညာသမား မသိဘူး။ အတ္တသမားမသိဘူး။ တဏှာကို လုံးဝမသိဘူး။ ကံပဲသိတယ်။ ဒါကြောင့်မို့ သမုဒ်သစ္စာ ကံနယ်ထဲမှာလာပေါတာ။ ဝိရတိသစ္စာ သူအောင်သွားပြီ။ သဘာဝသစ္စာ သူသိသွားပြီ။ ပရမတ္ထသစ္စာကိုလည်း မြင်သွားပြီ။ ရသွားပြီ။ အရိယာခါတ်သစ္စာ အဲဒါတွေကျင့်ပြီးလို့ နောက်ကြောင်းကို ခင်ဗျားတို့ လာပေါတာ။ သမုဒ်သစ္စာနယ်ထဲမှာ ငါဆိုးတာပဲ လာဖော်ပြပြီ။ အကုန်မကျန်တော့ဘူး။ လာဖော်ပြနေပြီ။ သမုဒ်သစ္စာ နယ်ထဲမှာ အကုန်ပြောပြီ။ အရိယာသစ္စာရသွားလို့ သမုဒ်သစ္စာနယ်ထဲမှာ ငါ့လိုမခိုးကြပါနဲ့၊ ငါ့လိုမလုကြပါနဲ့၊ ငါ့လို မမိုက်ကြပါနဲ့၊ သူကောင်းသွားပြီ။ မြမောင်က အဲဒါသူထေရုပတ္တိပဲ။ အဲဒီလိုဟောမှ ကိုယ်ကျင့်တရားရှိပါ။ ဖြဟ္မာစိုတရား ရှိပါ။ သံဝေဂတရားရှိပါ။ ဟိုးနောင်နောင်ဘဝ ဖြစ်လာတာတွေ မြမောင် သိသွားပြီး ပဋ္ဌိတ သိသွားပြီ။ အော် အေး အေး ဘာလဲ သံဝေဂဆိုတာ။ ဒါကိုပြောတာ။ အဲဒီတော့ ကိလေသာဝဋ်ဆိုတာစာပဲ။ ငါခန္ဓာ ဒုက္ခဝဋ်ကွာ။ ဟောဒီခန္ဓာ ရကတည်းက ဒုက္ခဖြစ်နေပြီ။ ဗမာလိုပြောတာ ခန္ဓာရှိရင် နေဖို့ စားဖို့ ထိုင်ဖို့ ကွမ်းကလည်းကြိုက်၊ ဆေးလိပ်ကလည်း ကြိုက်၊ ဟောခန္ဓာရဲ့ဒုက္ခတွေ ဖြစ်နေပါလား။ ခန္ဓာဆိုတာ ရုပ်ခေါ်တယ်။ ခန္ဓာငါးပါးဆိုတာ ခန္ဓာကို အကြောင်းပြုပြီး လေးပါးကိုဖော်ပြတာ။ မနက်စားဖို့ ညစားဖို့ ခင်ဗျားတို့ ဟိုကြည့်ပေါ့။ ဝက်ကြည့်ပေါ့၊ ကြက်တွေကြည့်ပေါ့၊ ကျင့် ကိုယ် ကျင့်ထားတဲ့ခန္ဓ ဒုက္ခကိုသိလို့ ဒါတွေကို ကျွေးတာ၊ ပေးတာ၊ သံဝေဂဖြစ်သွားတာ တကယ်မဂ်အောင်လို့ ဖိုလ်ရလို့ပေး နေတာ။ ဘာလဲကွ နွားတွေကို ဘာလဲကွ၊ ကျွဲတွေကိုဘာလဲကွ။ ကြောင်တွေကို ကျောင်းပေါ်မှာဘာလဲကွ။ ကြက်တို့ ဆိတ်တို့ ကိုယ်ကျင့်ထားတဲ့ ခန္ဓာသိတရားရှိတယ်။ ဘဝကြည့်လိုကတယ်။ အော် အေး အေး ဘာလဲ။ ကိလေသာဝဋ် သံယောဇဉ်ကြိုးလည်းပြတ်ပြီ။ သံသရာလည်တဲ့ကြိုးလည်းပြတ်ပြီ။ တွေ့လား။ ခန္ဓာ ဒုက္ခတော့ ကျန်နေသေးတယ်ကွ။ အခု ငါ့ကို သိန်းပြောက်များစွာလာလှူတယ်။ ငါလုပ်ပေးတယ်။ ကျောင်းတွေကော၊ ဘုရားတွေကော၊ မင်းတို့လိုအပ်တာကြည့်ကြည့်ပါ။ ခင်ဗျားတို့ ဂေါပကတွေ ဘာတွေလုပ်သွားလဲ။ ဘယ်ဘုန်းကြီးကတောင်းသလဲ။ ဘယ်ရွာက တောင်းသလဲ၊ ဘယ်ကနေ ဒိဋ္ဌိတွေကိုရှာပြီးလုပ်သလဲ ကြည့်ပါ။ မင်းလည်းလူပဲ၊ ငါလည်းလူပဲ။ ကြည့်ပါ။ မင်းလည်းအသိရှိတယ်။ ငါလည်း အသိရှိတယ်။ တွေးပါ။ အဲဒီလူကလုပ်သွားပြီ။ အစတုန်းက မလုပ်နိုင်တဲ့အပြင်

သူများထမိစုတ်လှမ်းထားတာကိုတောင် ရုပ်သွားတာ။ ဒါစွဲလို့ ရုပ်တာ။ ဒါဥပါဒါန်ပေါ့။ မိစ္ဆာအယူပေါ့။ သေသွားရင် အပယ်လေးဘုံ တန်းဆင်းမယ်နော်။ စိတ်သာချ။ ဘုန်းကြီးစကားနားထောင်ကြ။ မင်းတို့ထင်တာတွေလုပ်နေလို့ မနောပေါက်နေတာ။ ဘုန်းကြီးခိုးခိုးပြီးပေးတယ်။ သူများမြင်မှာစိုးလို့။ မယားပေးတာတောင်ခိုးပြီးပေးရတယ်။ သမီးပေးတာလည်း ခိုးပေးရတယ်။ သားတွေ သမီးတွေပေးတာ ခိုးပေးရတယ်။ သူများမြင်မှာစိုးလို့ မေတ္တာတွေ ဘယ်လောက်ကြီးလဲ။ ငါနဲ့ခင်တဲ့ သူတွေလည်း ဒုက္ခရောက်နေတယ်။ ငါခိုးပေးတယ်။ အဲဒီလောက် သဒ္ဓါကောင်းတဲ့ ရဟန်း ပဏ္ဍိတပါနော်။ အဲဒီတော့ ဆုးပေါ်ဖက်ကျလည်း ဖက်ပေါက်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်မယ်။ သူစေတနာကိုသွားပြီး မစော်ကားနဲ့။ မှားသွားလိမ့်မယ်။ နင်တို့အကြီးအကျယ် မှားသွားလိမ့်မယ်။ သူစေတနာကို လူမသိဘူး။ နင်တို့ဖြစ်နေတဲ့အသိကို သူအကုန်သိတယ်။ မပြောဘူး။ အကုန်သိတယ်။ နင်တို့အတွေနယ်ပဲ။ အစွဲသမားတွေပဲ။ နင်တို့ တဏှာမှမပြတ်သေးတာပဲ။ အကုန်သိတယ်။ ဦးပဏ္ဍိတ မလိမ်ပါဘူး။ အော် ဖေး ဖေး ဖေး သူလာလှူတာ ပိုက်ဆံတွေ အကြီးအကျယ်လှူတာ။ ဟော မလိုချင်တဲ့ဘုန်းကြီး လာလှူတယ်။ အစွဲပြတ်နေတာပဲ။ ခင်ဗျားတို့ ဝိပဿနာရဲ့ ဉာဏ်တွေ၊ ဇဝနဉာဏ်တွေ အခုဘုန်းကြီးကိုမေး၊ ချက်ချင်းပြောပြမယ်။ အဲဒါဇဝနပဲ ပြောစမ်း။ မင်းစာသမား၊ အလုပ်သမားက ပြောလိမ့်မယ်။ အပိုင်းအခြားရှိတယ်ကွ။ သမုဒိသစ္စာနယ်ထဲမှာ ဝိရတိသစ္စာလည်း အောင်သွားပြီ။ သဘာဝသစ္စာလည်း ငါသိသွားပြီကွ။ ပရမက်သစ္စာလည်းငါရပြီကွ။ တရားအစစ်၊ တရားအမှန်ငါရပြီကွ။ အဲဒီတော့ ဓမ္မစေတီဖြစ်သွားပြီကွ။ အဲဒီဓမ္မစေတီကို ကံသမားတွေလာကြပြီ။ သူရဲ့သာဝကမှန်တဲ့သူတွေရမယ်။ အပယ်ပိတ်ပြီကွ။ စိတ်သာချ။ ခင်ဗျားလုံချည်သာကျွတ်မယ်။ ဒါမကျွတ်တော့ဘူး။ ခင်ဗျား ဘာဖြစ်လို့ အပယ်မကျလဲ။ တဏှာပြတ်လို့ (၃၁)ဘုံတော့မလွတ်ဘူး။ အဲဒီတော့ ဦးပဏ္ဍိတ ဉာဏ်ရှိလို့၊ နောက် ဆွေတော်ကောင်း မျိုးတော်ကောင်း အပယ်ပိတ်မယ်။ အသုရကယ်ဘုံ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ (၄)ဘုံပိတ်မယ်။ ဘယ်ရောက်မလဲ၊ နတ်ဘုံရောက်မယ်။ မင်းတို့ရောက်မယ်ဟောတဲ့ သူကလည်း မသေသေးဘူး။ ဦးပဏ္ဍိတ သေရင်ရောက်မယ်။ အဲဒီဘုံကိုရောက်မှဟောမယ်။ အဲဒီမှာ ရုပ်မရှိဘူး။ ရုပ်မရှိရင် တဏှာမရှိဘူး။ အဲဒီမှာ နာမ်ပဲရှိတယ်။ အဲဒီမှဟောပြီး သူတို့အထက်ကူးမယ်။ ခင်ဗျားတို့ ဘုန်းကြီးတွေ ဘာသိသလဲ။ အဲဒါကို သစ္စာလေးထားပါကွ။ ဘယ်သူပျက်ပျက် မင်းစေတနာမပျက်နဲ့။ နတ်ဘုံလို့ရေးထားတယ်။ အပွါယ်လေးဘုံလို့ရေးထားတယ်။ ဟုတ်သလားဆိုတော့ ဟုတ်တယ်။ ဒီကနေပြီးတော့ ဓမ္မခါတ်ကနေဆွဲယူသွားတာနော်။ သူကလည်း သဒ္ဓါမိုလ်တွေ။ သဒ္ဓါဆိုတာယုံကြည်တာ။ သူ့စေတနာပေါ်လာပြီ။ အဲဒီတော့မှ ဦးပဏ္ဍိတ ပြုပါတော့ဘုရားတဲ့။ ပရိဘောဂစေတီ လှူတဲ့ဆန္ဒအောင်အောင်ပြုပါ။ ဓာတုစေတီ၊ ဥဒ္ဒေသစေတီ နတ်နဲ့စကားပြောပြီးလုပ်သွားတာ။ ဒီကအောင်ပြီ။ နတ်ကိုခိုင်းတယ်။ သိုက်ကိုခိုင်းတယ်။ သိုက်၊ နတ်ကလည်း သူရဲ့ဆွေတော်ကောင်း မျိုးတော်ကောင်း သူတို့နှစ်ပေါင်း(၈၀၀)ကျော်လောက် ဒီဘုန်းကြီးကိုစောင့်နေတာ။ အဲဒီတော့ သူရဲ့ဘဝအနတ္တကရလာတဲ့ စိန်တော်က ဘယ်လောက်၊ ပတ္တမြားကဘယ်လောက်၊ ဒါတွေက အဲဒီနတ်တွေကလှူတာ အဲဒီလိုလှူတော့ သူတို့ရုပ်မရှိဘူး။ အဲဒီတော့ ရုပ်ရှိတဲ့သူကိုပေးလိုက်တာ။ ရုပ်ရှိတဲ့ကောင်ကမသိဘူး။ ဘယ်လောက်လုပ်သလဲဆိုတာ သူကို ချက်ချင်းချမ်းသာအောင်လုပ်ပေးလိုက်တယ်။ သူချမ်းသာမှလှူမယ်။ သူတို့ဘယ်လောက် လုပ်သလဲ။ တကယ်မှန်တဲ့ သူတွေ ပဏ္ဍိတမှန်လို့ရတာ။ သာသနာပြုတဲ့ပုဂ္ဂိုလ်ကြီးတွေ ကြည့်စမ်း။ ဘာမှဟောတာလည်းမဟုတ်ဘူး။ ပြောတာလည်း မဟုတ်ဘူး။ 'စေ'ပိုင်တာ။ ဒါကြောင့်မို့ရေးထားတယ်။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ တောစောင့်နတ်၊

တောင်စောင့်နတ်၊ မြို့စောင့်နတ် ဟုတ်တယ်။ ယုံတယ်။ ကိုယ်မှာရှိတဲ့နတ်၊ အဝိဇ္ဇာတော့မသိဘူး။ မိစ္ဆာနတ်နဲ့ သမ္မာနတ် ကိုယ်မှာရှိတယ်။ ခင်ဗျားတို့မှာလည်းရှိတယ်။ ဦးပဏ္ဍိတ မှာလည်းရှိတယ်။ ကောင်းတဲ့နတ်၊ မကောင်းတဲ့နတ်ဆို တခါတည်း ကပြီးသောင်းကျန်းတော့တာပဲ။ လုပ်တော့တာပဲ။ အစွဲဥပါဒါန်သတ်ရမယ်။ မိစ္ဆာအယူတွေပယ်။ အဲဒီလူတွေ သွားမယ်။ မိစ္ဆာအယူတွေအတွင်းကနေပေါက်နေတာ။ ဘုန်းကြီး သည်းခံတယ်။ အဲဒါမိစ္ဆာနတ် တွေ။ သမ္မာနတ်က ဘုရားဆွမ်းတော်တင်တယ်။ ရေချမ်းကပ်တယ်။ အဲဒီဘုန်းကြီးကို ထွီထွီမ်နဲ့ လုပ်တယ်။ အဲဒါ ဘုရားအစစ်ခေါ်တယ်။ နင်တို့ဗိမ်ကခေါင်းရင်းက ပညတ်ဘုရားခေါ်တယ်။ ဒါကပရမတ်ဘုရား။ ဒါကြောင့် ခမ္ဘစေတီလို့ စာကရေးထားတယ်။ နင်တို့ ငါစားချင် သောက်ချင်လို့ လိမ်ပြောတာမဟုတ်ဘူး။ နင်တို့ပစ္စည်းတွေ ငါဘာယူသလဲ။ ဘာစားသလဲ။ လိုအပ်တာဆို ခင်ဗျား ဦးအုန်းမြင့် ကိုမေး။ ဦးပဏ္ဍိတ သေသွားရင် စာအုပ်ကိုသာလှန်ကြည့်ပေတော့။ ဘာယူသွားလဲ။ စားတော့လည်း ဘာတွေစားလဲ။ အဲဒီမှ မအေး ရှိတယ်။ ဘိုးတော်ရှိတယ်။ အကုန်မေးပါ။ လာလှူတဲ့ဒကာ ဒကာမတွေကလည်း အကုန်လှူတာပဲမေးပါ။ လာလှူတာပဲ။ သူ့ရဲ့စားလုပ်ကလေး ပြည့်ရင်တော်ပြီ၊ အေး အေး အေး။ ဒါပဲ သူပြောတယ်။ မပြတ်တဲ့သူကြတော့ ဆဲတယ်။ တိုင်းတယ်။ ဆဲရုံတင် တိုင်းရုံတင်မဟုတ်ဘူး။ ဦးပဏ္ဍိတ မှာရှိတဲ့ ခါးဝတ်ပုဆိုးကို ချွတ်ပြတယ်။ မြင်တဲ့သူလဲမြင်ပါတယ်။ သီလရှင်တွေ အပြင်က ကုလားမတို့ ဘာတို့ အနားကပ်တဲ့သူ မြင်ပါတယ်။ ကုလားမ ခြုံစောင်ကြီး ခြုံချင်လည်း ခြုံနေတယ်။ ပညတ်ကို သူကစားတာ အကုန်လုံး ပညတ် မလွတ်တဲ့သူတွေက အကုသိုလ်ဖြစ်ကုန်ရော။ အဲဒါလူတွေပဲ။ ခင်ဗျားတို့အပေါ်မှာတူတည်တယ်။ ဦးပဏ္ဍိတ က စာမတက်တာမဟုတ်ဘူး။ အစစ်ကိုဖော်သွားတာ စေတနာအစစ် စေတနာအမှန် ဒါနအစစ် ဒါနအမှန် သီလအစစ် သီအမှန်၊ လူအစစ် လူအမှန်၊ ရဟန်းအစစ် ရဟန်းအမှန် ဒါတွေကိုသူခေါ်မယ်။ အဲဒီတော့ တစ်နေ့သောအခါကျတော့ ခင်ဗျားတို့လက်ထဲကို ပိတောက်ပန်းတွေရပြီဆိုရင် ခင်ဗျားတို့နောက်သိရပါလိမ့်မယ်။ သိရလိမ့်မယ်။ ဦးပဏ္ဍိတ မှာခဲ့ တာတွေကို ခင်ဗျားတို့က ကြိုက်တင်ရိုက်ထားတာ။ ခင်ဗျားတို့ထူးပြီး လူးတဲ့သူကတော့ လူးလိမ့်မယ်၊ ထူးတဲ့သူ ထူးလိမ့်မယ်။ မှတ်ထား စာမတတ်ဘူး။ သီလဆိုတာ ပါဠိစကားတွေ ခင်ဗျားစေတနာမှန်ဖို့လိုတယ်။ သီလဆိုတာ ဝိနည်း(၂၂၇)သွယ်ယူထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညတ်မလွတ်ဘူး။ ပညတ်မလွတ်ရင် ကံဖြစ်တယ်။ အနုသယကံဖြစ်တယ်။

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၀၅.၁၀.၁၉၉၃)ရက်နေ့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၃၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## (၁၅.၁၀.၁၉၉၃) ရက်နေ့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

စိတ်ကလေးတွေက နားသဠီရ၊ နှာခေါင်းသဠီရ၊ ဇိဝှါ၊ လျှာသဠီရ၊ ကိုယ်သဠီရ၊ မနောသဠီရတဲ့။ ဒါကြောင့်မို့ သဗ္ဗေသဠီရအနိစ္စာ၊ သဗ္ဗေသဠီရ ဒုက္ခာ၊ သဗ္ဗေသဠီရ အနတ္တာ။ ဒီသဠီရနယ်ထဲမှာ အာရုံ(၆)ပါးထဲမှာနေရပါတယ်ဗျာ။ အဲဒါ ကိုယ့်စိတ်ကိုယ်စစ်ပေတော့တဲ့။ စိတ်ကိုဟောတာ၊ စာမတတ်တော့ စာနဲ့ကမပြောတတ်တော့ စိတ်နဲ့ပဲ ဦးဇင်းပြောပါ့မယ်။ အဲဒီတော့ ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေ၊ ကာယကံတွေသောင်းကျန်းမှု၊ ဝစီကံတွေသောင်းကျန်းမှု၊ မနောကံတွေသောင်းကျန်းမှု ဘယ်နှစ်ပါးရှိသလဲ။ မနောကံက ဘယ်နှစ်ပါးရှိသလဲ။ အဲဒါ(၁၀)ပါးပဲဗျာနော်။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ အဲဒါ ကာယနဲ့ပတ်သက်တယ်ဗျ။ အဒိန္နာဒါနာ ဝေရမနိသိက္ခာပဒံ သမာဒိယာမိ။ အဲဒါကာယနဲ့ပတ်သတ်တယ်ဗျ။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ မယူပါနဲ့။ ဒီအယူသာယူရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရနိုင်ဘူးတဲ့နော်။ အဲဒါမဂ်တားတဲ့အယူပါပဲဗျာ။ အဲဒီတော့ မျက်စိကမြင်လိုက်တယ်။ ဥပမာလေးပြောတာပေါ့ဗျာ။ မျက်စိကမြင်လိုက်တယ်။ မိုးတွေကလည်းရွာတယ်။ ငါးတွေကလည်း အကြီးအကျယ် တအုန်းအုန်းနဲ့။ အာရုံက သဘာဝမျက်စိကမြင်တယ်။ အာရုံကဝေဖန်တယ်ဗျာ။ ကိုယ့်မှာရှိတာက သညာဗျ။ အဲဒီသညာက ဝေဖန်တယ်ဗျ။ အကြီးကြီးတွေပါလား။ ငါးဘတ်ကြီးတွေပါလား။ အဲဒီတော့ ဒီလိုငါးကြီးတွေကြီးတော့ သောမနဿဖြစ်တယ်ဗျ။ မျက်စိကမြင်တယ်ဗျ။ မြင်တဲ့အခါမှာ သညာကနေပြီးတော့ သွားစွဲတာပေါ့ဗျာ။ အာရုံကိုသွားစွဲတဲ့အခါကျတော့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ။ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝဗျ။ အဲဒါလေး ကိုယ့်စိတ်ကိုယ်စစ်။ စိတ်ဟောတာ။ အဲဒါလေးကို။

အဲဒီတော့ တုတ်တွေ၊ ဘာတွေရှာတယ်ဗျ။ ဒိုင်းကွင်းတွေ၊ ဘာတွေရှာတယ်ဗျ။ ရှာလိုက်တဲ့အခါမှာ အဲဒီတော့မှ အဲဒီဟာကြီးကိုရတယ်ဗျ။ ရလိုက်တဲ့အခါမှာ အဲဒါကြီးရတော့ သောမနဿဖြစ်တယ်ဗျ။ အဲဒါကံခေါ်ပါတယ်ဗျ။ အဲဒါကံခေါ်တဲ့အခါတော့ ဇာတိလို့လည်းခေါ်နိုင်ပါတယ်ဗျာ။ အဲဒီတော့ ဘဝတွေ၊ ဘဝတွေမှာ နစ်မြုပ်လာတဲ့ဘဝတွေကို အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းပါတယ်ဗျ။ ဒီဘုံကတော့ ဘုံထူးဘုံမြတ်ပါဗျာ။ အဲဒီတော့ ဒီဘုံမှာ မသိသူကျော်သွား၊ သိသူဖော်စားတဲ့ဗျ။ အဲဒီဘုံက ဘာနဲ့မှမတူဘူးဗျ။ နိဗ္ဗာန်ရောက်အောင်လည်း ဒီစိတ်ကလေးပါပဲဗျာ။ နတ်ပြည်ရောက်အောင်လည်း ဒီစိတ်ကလေးပါပဲဗျာ။ အပါယ်(၄)ဘုံသွားတာလည်း ဒီစိတ်ကလေး၊ စိတ်ရဲ့အကြောင်းလေးတွေကို ဖြစ်တတ်တဲ့၊ ပျက်တတ်တဲ့အကြောင်းလေးတွေကိုပြောတာပါဗျာ။ အဲဒီတော့ မျက်စိနဲ့မြင်လိုက်တဲ့အခါ

မှာ မြင်တာမှာ ရပ်ထားဗျ။ ရပ်ထားလို့ရှိရင် ဘာမှမဖြစ်တော့ဘူးဗျ။ မြင်တဲ့အာရုံပေါ်မှာ သညာကနေပြီးတော့ ဝေဖန်တယ်။ အကောင်ကြီးကြီးပါလားကွဲ့၊ ငါးဘတ်ကြီးတွေပါလား။ ငါးရံ့ကြီးတွေပါလား။ ရိုက်တာပေါ့။ သောမနဿဖြစ်တယ်။ အဲဒါအကုသိုလ်ကံခေါ်ပါတယ်ဗျာ။ အဲဒါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရပါဘူးဗျာ။ အဲဒါ ကိုယ့်စိတ်ကိုယ်စစ်ပေတော့။ အခုနက အဒိန္နာဒါနာ ဝေရမနိသိက္ခာပဒံ သမာဒိယာမိ။ အကယ်၍ ကိုယ်က မြစ်ဆိပ်ကမ်းနားမှာရေသွားချိုးတယ်။ ရေသွားချိုးတဲ့အခါမှာ တိုင်ငုတ်မှာ ဆွဲကြိုးတွေ့တယ်။ ဥပမာတွေ့တဲ့အခါကျတော့ သဘာဝမျက်စိကမြင်လိုက်တယ်ဗျ။ မြင်လိုက်တဲ့အခါမှာ ကိုယ်ကနေပြီးတော့ ဝေဖန်တယ်။ ရွှေတို့၊ သတ္တုတို့၊ ကြေးတို့ဆိုတာ သညာက အဲသူကအာရုံနဲ့ သညာပေါင်းတော့ သောမနဿဖြစ်ပြန်ပြီဗျ။ မြင်တာမှာရပ်ထားလို့ရှိရင်၊ မထားလို့ရှိရင် သညာက သင်ပေးလိုက်တဲ့အခါမှာ လက်ကြီးနဲ့ သွားယူတယ်ဗျာ။ အဲဒါ အဒိန္နာဒါနာ ကိုယ်ထိလက်ရောက်လုပ်လိုက်တာကိုးဗျနော်။ အဲဒါကလည်း မဂ်တားတယ်၊ ဖိုလ်တားတယ်ဗျာ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရဘူးဗျ။ အဲဒါ ဘုရားက ဒီအယူမယူပါနဲ့လို့ မှာပစ်ခဲ့တယ်ဗျ။

သမာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝတဲ့။ မှန်တာကိုကျင့်ပါ။ မှန်တာကိုပြောပါ။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါတဲ့။ မှန်လား။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ်သစ္စာမှန်ရဲ့လား။ သစ္စာတရားတွေပါဗျာ။ အဲဒီတော့ ဒါကြောင့်မို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာတွေထည့်ထားပါတယ်ဗျာနော်။ သစ္စာဗျ။ အဲဒီသစ္စာတွေမှန်လို့ရှိရင် ပညတ်ကနေပြီ ပရမတ်ကို အာရုံရောက်ပါတယ်ဗျာ။ ပရမတ်အာရုံက အင်မတန်ကိုထူးကဲထူးမြတ်ပါတယ်ဗျာ။ အဲဒါ မရဏာသေမင်းမဦးခင် ဉာဏ်ဦးအောင်ရှာ။ သေမင်းကဦးတော့မယ်။ နေကဝင်တော့မယ်နော်။ ကိုယ့်စိတ်ကလေးတွေကိုယ်စစ်။ အဲဒီတော့ ကိုယ့်စိတ်ကလေးတွေက ကိုယ်ပဲသိတယ်။ တရားရှာရင် ကိုယ်မှာရှိပါတယ်တဲ့။ မျက်စိတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး၊ မနောတံခါး၊ တံခါး(၆)ပေါက် အာရုံ(၆)ခုနဲ့ တိုက်တဲ့အခါမှာ အကုသိုလ်ကံ၊ ကုသိုလ်ကံစိတ်တွေပါ။ ကံတွေပါပဲဗျာ။ ဒီတရားဟာ ဦးဇင်းရဲ့ ဝိပဿနာတရားကို ကျင့်သွားတဲ့အခါကျတော့ အဲဒီတော့ ပညတ်ကနေပြီးတော ပရမတ်ကိုကူးတဲ့ အခါ ပညတ်ဆိုတာက အဲဒီတော့ ဘာလဲဆိုတော့ ပညတ်ဆိုတာ မမြဲ။ ဘဝကိုမြဲတယ်ဆိုပြီး စွဲနေတာ။ အဲဒါ ဥပါဒါန်၊ တဏှာခေါ်တယ်တဲ့။ ဦးဇင်းကတော့ စာမတတ်ဘူးနော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ပရမတ်တရား၊ အဲဒီပရမတ်တရားကို ဘယ်နယ်ပယ်မှာဟောလဲ။ ပညတ်နယ်ထဲမှာဟောနေတာ။ ပညတ်နဲ့ ပရမတ်သဘောသိဖို့လိုတယ်နော်။ ပညတ်ဘာလဲ။ ပရမတ်ဘာလဲ။ သညာဘာလဲ။ ပညာဘာလဲ။ အတ္တဘာလဲ၊ အနတ္တဘာလဲဆိုတာ အဲဒီတော့ ပရမတ်ရဲ့တရားကို ပညတ်နယ်ထဲမှာ

ဟောနေပါတယ်။ ရုပ်ပညတ်၊ နာမ်ပညတ်၊ အပြောပညတ်။ အဲသဘောဟာ ပရမတ်ပါဗျာနော်။ ဒါကြောင့်မို့လို့ သဘောဟာ ပရမတ်။ ပရမတ်ဆိုတဲ့တရားကို ပညတ်နယ်ထဲမှာဟောတယ်။ သေသေချာချာလေး သဘောလေးသာ အာရုံလေးနဲ့စိုက်ပြီးကြည့်။ အဲဒီတော့ အခုနက ကာယကံ(၃)ပါး ကလည်း ကျူးလွန်ခဲ့တယ်ဗျ။ ဝစီကံ မုသာဝါဒါဝေရမဏီသိက္ခာပဒံ သမာဒိယာမိတဲ့ မုသားတွေကို သုံးလိုက်တယ်။ သူများမကြိုက်တာတွေကို ကိုယ်ကနေပြီးတော့ နင်ပဲငဆပြောလိုက်တယ်။ ဆိုလိုက်တယ်။ ဆဲလိုက်တယ်။ အဲဒါတွေက မဂ်ဉာဏ်ဖိုလ်ဉာဏ်ထားပါတယ်ဗျာ။ အဲဒါတွေထားခဲ့ပါပြီဗျာ။ အဲဒီတော့ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖလာပ၊ အဲဒီတော့ လူကြီးမှန်းလဲမသိ၊ အဲဒီတော့ ကြီးတဲ့သူတွေကိုလည်း ရိုသေရမယ်။ ငယ်တဲ့သူကလည်း လေးစားရမယ်။ ဒီလိုအသိတွေမသိကြဘူးဗျနော်။ ထင်တိုင်းကြဲနေကြတာပါပဲဗျာ။ ထင်တိုင်းလုပ်နေကြ၊ ကိုယ့်စိတ်ကိုယ် ပြောချင်းတိုင်းပြော၊ ဆိုချင်းတိုင်းဆို၊ လုပ်ချင်တိုင်းလုပ်၊ သူများမြှောက်ပေးတာနဲ့ အဲဒါလုပ်ချင်တာတွေလုပ်တယ်။ စိတ်တွေ စိတ်တွေနော်။ အဲဒီတော့ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းပါတယ်ဗျာနော်။ အဲဒီတော့ ဝစီကံကလည်း မဟုတ်တာ မဟာတ်တာတွေပြောကြတယ်ဗျ။ ဆိုကြတယ်ဗျ။ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖလာပတဲ့ ဒါတွေအကျိုးမရှိတဲ့စကားတွေ။ သိမ်ဖျင်းတဲ့စကားတွေ။ ညစ်ညမ်းတဲ့စကားတွေ။ အဲဒါတွေဟာ မဂ်တားတယ်၊ ဖိုလ်တားတယ်ဗျို့။ စိတ်သာချတဲ့ အဲဒီတော့ စာတတ်တဲ့ဆရာတော်ကိုမေးပါတဲ့။ အဲဒါတွေက ကံတွေတဲ့။ ဒါကြောင့်မို့လို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင်ကျင့်ကြပါတဲ့။ အဲဒါ ခုနက မနောတဲ့။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ အဲဒီတော့ ဗျာပါဒဆိုတာ ဘာလဲစွဲလမ်းရင် တဏှာခေါ်တယ်ဗျ။

အဲဒီတော့ ဗျာပါဒဆိုတာ အမျိုးမျိုးပဲဗျ။ အမျိုးမျိုး ကိရိယာလေးတွေ။ သူက ကိရိယာသဘောလေးတွေ။ အဲဒီတော့ လုံချည်လေးလိုချင်တယ်။ အင်္ကျီလေးလိုချင်တယ်။ စွဲလမ်းရင် တဏှာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဒီအာရုံလေးကို အာရုံလေးတွေ တစ်ခုပြီးတစ်ခုစွဲသွားတယ်။ အဲဒါ သင်္ခါရပေါ့ဗျာ။ အဲဒါ သင်္ခါရပဲဗျ။ အဲ သောမနဿ၊ ဒေါမနဿ၊ ဝယ်နေရင်းနဲ့လည်း အကုသိုလ်ဖြစ်ချင်ဖြစ်တတ်တယ်ဗျ။ ဝယ်ရင်းနဲ့လဲ ကုသိုလ်ဖြစ်ရင်ဖြစ်တတ်တယ်ဗျ။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒါလေးတွေက သိပ်အရေးကြီးပါတယ်။ အဲဒီဘဝကနေပြီးတော့ အတိတ်ကနေပြီးတော့လာတဲ့အခါမှာ ပစ္စုပ္ပန်ဘုံမှာ ခင်ဗျားတို့တွေ၊ ဦးဇင်းတို့တွေ ဒီတရားတွေကိုရှာရမယ်ဗျနော်။ ဒီတရားတွေကိုရှာတဲ့အခါမှာ အတိတ်ကကံနဲ့လာတဲ့ ကမ္မဝါစကကြီးနဲ့ လာပါတယ်။ ရုပ်အကြောင်း၊ နာမ်အကျိုး၊ အကြောင်းနဲ့အကျိုးသာဖြစ်တယ်။ အကြောင်းနဲ့အကျိုးသာ ပျက်တယ်ဆိုပြီးတော့ သီလနဲ့ သမာဓိနဲ့ ဒီတရားကိုကြည့်ရမယ်ဗျာနော်။ အခုတော့ပေါ့ဗျာ။ ဖြစ်ကြတာ။

ဖြစ်ချင်တိုင်းဖြစ်၊ လုပ်ချင်တိုင်းလုပ်ကြပါတယ်ဗျာ။ စိတ်တွေ လောဘတွေဖြစ်လိုက်၊ ဒေါသတွေ ဖြစ်လိုက်။ အဲဒီလိုကိုယ့်ရှိရင် သံသရာလည်မယ်တဲ့။ ကိုယ့်စိတ်သာ ကိုယ်စစ်။ ဦးဇင်းကတော့ ကျင့်ထားတယ်ဗျ။ ကျင့်ထားတော့ ဦးဇင်းကတော့ သဘောလေးတွေသိပါတယ်ဗျာ။ ကိုယ့်မအေလို၊ ကိုယ့်ဖအေလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီလို ဦးဇင်းက နောက်ဆုံးအနေနဲ့ပြောသွားပါတယ်။ စာမတတ်ပါဘူးတဲ့။ အဲဒီတော့ ခုနက မနောက အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတဲ့။ ထမင်းစားနေရင်းနဲ့ လူတစ်ယောက်ကဝင်လာတဲ့အခါမှာ ကိုယ်က မိသားစုတွေနဲ့စားတယ်။ အဲဒီလူကနေပြီးတော့ ဥပမာ ပေါ့ဗျာ တောင်ပြော၊ မြောက်ပြော ပြောလိုက်တော့ တစ်ခါတည်းဒေါသဖြစ်တဲ့စိတ်ကလေး ခိုအောင်း နေတယ်ဗျို့။ အဲဒါ ဒေါသဖြစ်တဲ့စိတ်ကလေး အဲဒီတော့ ကိုယ့်ပစ္စည်းကို ကျွေးရမှာစိုးလို့ ကုက္ကုစ္စ စိတ်ကလေးဗျ။ အဲ သားမှကျွေးချင်တယ်။ သမီးမှ ကျွေးချင်တယ်။ သူလာတော့ မကျွေးချင်ဘူး။ ဟင်းခွက်ကိုဖွက်ထားတယ်။ အဲဒါ ကုက္ကုစ္စစိတ်ကလေးခေါ်ပါတယ်။ အဲဒါက မဂ်တားတယ်၊ ဖိုလ်တား တယ်ဗျ။ အဲဒါတွေသိပ်အရေးကြီးပါတယ်ဗျာနော်။ အဲဒါ အကုသိုလ်စိတ်ကလေး။ အဲဒါလေးတွေက အင်မတန်ကြောက်ဖို့ကောင်းတယ်။ အနုသယတွေနော်။ ဒေါသစိတ်ကဖြစ်လိုက်ပြန်ပြီဗျ။ အဲနှလုံးမှာ နောက်နေပါပြီဗျာ။ အဲဒီတော့ အခုနက ကာယကံ၊ ဝစီကံ၊ မနောကံဗျ။ နောက်နေတယ်။ ဘယ်လို နောက်နေလဲ။ မကောင်းတဲ့အာရုံတွေဝင်ပြီးတော့ အဲဒါတွေကို ခဲမရ၊ ကြိတ်မရ။ နှလုံးသားထဲမှာ ဖြစ်နေပါတယ်ဗျာ။ အဲဒါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူးဗျ။ ဒေါမနဿ၊ သောမနဿဆိုတဲ့ သဘော တရားလေးတွေပါပဲဗျာ။ အဲဒါလေးတွေကို ကိုယ့်စိတ်ကိုယ်စစ်။ အဲဒါလေးတွေ ဘယ်သူကပြောပြော သည်းခံပါ။ ဒို့ဟာ ဒီဘဝမှာ ပစ္စုပ္ပန်ဘုံမှာရောက်လာပြီ။ ဒို့ဟာ မမြဲပါလား။ အိုရမယ်၊ နာရမယ်၊ သေရမယ်။ အဲလိုဟာမျိုးတွေ လက္ခဏာရေး(၃)ပါးရှုရမယ်ဗျာ။ အဲလိုရှုလိုက်တဲ့အခါမှာ ကိုယ်ကျင့် တရားရမယ်။ ဖြဟ္မစိုရ်တရားရမယ်။ သံဝေဂတရားရမယ့်အခါကျတော့ မာန်တွေပြုတ်တယ်ဗျို့။ အဲဒီမာန်တွေပြုတ်တဲ့အခါကျတော့ နိဗ္ဗာန်ကြီးကို လက်လှမ်းနိုင်ပါတယ်ဗျာ။

အဲဒီတော့ အဲဒါလေးတွေ ကိုယ့်စိတ်ကိုယ်စစ်။ အခုနက အကုသိုလ်စိတ်၊ အကုသိုလ်စိတ်က ဘယ်လိုဖြစ်ရသလဲဆိုတော့ လှူနေရင်းတန်းနေရင်းနဲ့ပဲ တစ်ခါတည်း မုန့်ဟင်းခါးတွေကျွေးရော အဲဒီလူကနေလာပြီး ပန်းကန်တွေ ဝုန်းဒိုင်းနဲ့ လုပ်လိုက်တဲ့အခါကျတော့ လှူတဲ့အာရုံကနေပြီးတော့ ဒေါသအာရုံကိုပြောင်းသွားတယ်ဗျာ။ အဲဒါ သင်္ခါရပါပဲဗျာ။ ပြောတော့ မပြောဘူး။ ဝစီတော့ မပါသေး ဘူးဗျာ။ ကာယလည်း မပါသေးဘူးဗျ။ မနောတော့ ဖောက်သွားပြီဗျို့။ အဲဒါ ဒေါသစိတ်။ ခဲမရ ကြိတ်မရ တစ်ခါတည်း သူ့မှာဖြစ်နေတယ်ဗျို့။ အဲဒါလည်း မဂ်တားတယ်၊ ဖိုလ်တားတယ်။ ကိုယ့်စိတ်ကိုယ်စစ်

နော်။ အဲဒါ အကုသိုလ်စိတ်ကလေးဖြစ်တယ်ဗျ။ အဲဒီလို ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု၊ မနောကံသောင်းကျန်းမှုတွေ။ ဒီဟာတွေဟာ ကာယကံ၊ ဝစီကံတွေဟာ အမြင်အာရုံတွေပါဗျာ။ အမြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အမြင်မှာမစင်ကြယ်ရင် ခန္ဓာမှာလည်း မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာလည်း မစင်ကြယ်ဘူး။ အင်မတန်အရေးကြီးပါတယ်ဗျာ။ သိပ်အရေးကြီးပါတယ်။ ဒါလေးတွေ သတိလေးတွေထား။ သတိလွှတ်နေတယ်။ ဘာလို့လွှတ်နေလဲဆို အာရုံဘက် အင်မတန်မှ အာရုံကို ဦးစီးနေတဲ့အတွက်ကြောင့် ဒါတွေဖြစ်နေတာပါဗျာနော်။ သြော် မြင်တာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဥပါဒါန်လွတ်တယ်။ ဥပါဒါန်လွတ်တော့ ကံပြတ်တယ်။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အာသဝေါတရား ကုန်ရာခမ်းရာနိဗ္ဗာန်သို့ ရရပါလို၏အရှင်ဘုရားတဲ့နော်။ ဘယ်လောက်များ ထူးမြတ်ပါသလဲဗျာ။ ဦးဇင်းကတော့ သဘောလေးတွေပေါ့ဗျာနော်။ ပညတ်နဲ့ ပရမတ်ကိုဗျ။ ပညတ်နယ်ကနေ ပရမတ်နယ်၊ ပရမတ်နယ်ကနေပြီးတော့ ပရမတ်ရဲ့သဘောတရားကို ပညတ်နယ်ထဲမှာ ပြောပါတယ်ဗျာနော်။ အဲဒီတော့ သညာကနေ ပညာပေါ့ဗျာ။ ဒီလိုတရားတွေတက်သွားရင် သညာကနေ ပညာဘာလဲ။ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မာနုပဿနာ၊ ကာယနုပဿနာဆိုတော့ ဥပမာပြောရမယ်ဆိုရင် နေကလည်းပူတယ်ဗျာ။ ကတ္တရာလမ်းကြီး ကိုယ့်မှာ ခြေထောက်က ဖိနပ်မရှိဘူးဗျို့၊ အဲဒီတော့ ခြေဖဝါးက ခင်ဗျားကတ္တရာလမ်းကိုထိတော့ မသိဘူးလား။ ထိတော့ သိတယ်တဲ့။ သိတဲ့အခါမှာ ခင်ဗျားသိတာကိုဝေဖန်လိမ့်မယ်။ အောင်မလေးပူလိုက်တာ။ စပ်စပ်ကိုခါလို့၊ အဲဒီနာမ်လေးကို အလိုလိုက်ရင် သံသရာကြောမျောပါလိမ့်မယ်ဗျာ။ သြော် ပူတာလည်း မမြဲပါလား၊ သြော် ငါ့ရုပ်နာမ်တွေကလည်း မမြဲပါလား။ အဲဒီလိုမမြဲတော့ မစွဲတော့ဘူးဗျို့၊ အဲဒါ ခြေထောက်ကလေးကို တွန့်တွန့်၊ တွန့်တွန့်ဖြစ်သွားတာပဲဗျို့၊ အဲဒါရုပ်နဲ့ပတ်သက်တဲ့အကြောင်းဗျ။ ရုပ်ကိုထိလိုက်တော့ သိလိုက်တယ်။ သိလိုက်တော့ ဝေဖန်တယ်။ ဝေဖန်တော့ သာယာတယ်။ သာယာတော့ စွဲလမ်းတယ်။ စွဲလမ်းတော့ တဏှာ။ အဲဒါ ဇာတိကိုလည်နိုင်တယ်ဗျ။ စိတ်သာချမြေကြီးနဲ့လက်ဝါးပုတ်ရင် လွဲမယ်။ အဲဒါ စိတ်သာချ။ ဘယ်သူဘာပြောပြောသည်းခံ၊ နောက်ဆုံးဘဝဒီလမ်းကပြန်ရမယ်ဗျာ။ အသက်တစ်ရာကို ခင်ဗျားတို့ပျော်ပျော်ပါးပါးနေချင်သလား။ ဘဝတွေကိုလွှတ်အောင် ဟိုးမှာ အနာဂတ်မှာ အင်မတန်မှကြီးကျယ်တဲ့နေရာကြီးကို ရှိပါတယ်ဗျာ။ အဲဒါ ဉာဏ်နဲ့ကြည့်ပါဗျာ။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အနာဂတ်မှာ ထူးမြတ်တဲ့ ဒီမှာဆိုတော့ ဒွါရ(၉)ပေါက်ကြီးတွေနဲ့ (၃၂)ကောဋ္ဌာသမှာဦးစီးပြီးတော့ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ ဓာတ်ကြီးတွေနဲ့နော် နေရတာ။ သူက၊ သူကဘာလဲဆိုတော့ မာယာတုံးကြီးဗျ။ ဗျာပါဒတုံးကြီးဗျ။ မူယာမာယာရှိတယ်ဗျ။ ဒီရုပ်ကြီးမှာ တဏှာတွေက အမြဲတမ်းရှိပါတယ်ဗျာနော်။ ကိုယ့်ရုပ်ကိုမမြင်တော့ သူများရုပ်ကို သွားစွဲနေတာပါဗျာ။ အဲဒါကြောင့်မို့လို့ ဝိပဿနာတရားတွေကို ထိုင်ကြ၊ မရဏာသေမင်းမဦးခင် ဉာဏ်ဦးအောင်ရှာပါတဲ့နော်။ ဉာဏ်နဲ့ပြန်ပါ။ အာရုံ(၆)ပါးနဲ့ မပြန်ပါနဲ့။ သီလနဲ့ ပြန်ပါ။ သီလဆိုတာ ခုနက လောဘ၊ ဒေါသ၊ ဝီစိကိစ္ဆာကိုလည်း ပယ်ပါတယ်ဗျာ။ အာရုံလည်း ပယ်ပါတယ်ဗျာ။ ဝီစိကိစ္ဆာဆိုတာ လိုချင်တယ်။ တပ်မက်မောတဲ့ဟာတွေ မစွဲတော့ပါဘူး။ အဲဒါ လောဘနဲ့ ဒေါသလျော့ပါးသွားရင် သီလဖြစ်ပါတယ်ဗျာ။ သီလဟာ ဝိပဿနာတရားတွေ ထိုင်လိုက်တဲ့အခါကျတော့ စိတ်ဓာတ်နုပဿနာမှာ အဲဒါသမာဓိခေါ်ပါတယ်ဗျာ၊ သမထခေါ်ပါတယ်ဗျာ။ သမာဓိက အင်မတန်ကောင်းတဲ့အခါမှာ ကျွဲကူးရင် ရေပါပါတယ်။ ကိုယ့်စိတ်ကိုယ်စစ်။ ဒါကြောင့်မို့ စိတ်တွေကများတဲ့အတွက်ကြောင့် တရားထိုင်တဲ့အခါမှာ စိတ်ကလေး တစ်ခုတည်းဖြစ်ပါတယ်ဗျာ။ စိတ်ကလေးတစ်ခုတည်းက ပါဠိလိုဆိုလိုက်ရင် ဧကောခမ္မောခေါ်ပါတယ်ဗျာ။ ဩော် တရားထိုင်တဲ့စိတ်နဲ့ အသားလွတ်သွားလာလှုပ်ရှားတဲ့စိတ်နဲ့ တူသလား၊ မတူပါဘူးဘုရား။ 'အေး'အဲဒါပေါ့။ ခင်ဗျား ဟိုအာရုံမျက်စိမြင်ပြန်တော့လည်း သွားစွဲတယ်။ နားကြားပြန်တော့လည်း ဒေါသဖြစ်တယ်။ လျှာက်ရည်သောက်ခြင်းနဲ့လည်း ဒေါသဖြစ်တတ်တယ်ဗျ။ အဲဒါသည်းခံရမယ်။ ဩော် ကြားတာလည်းမမြဲပါလား။ မြင်တာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ မမြဲတာ သည်းခံပါ။ ဘာဖြစ်ဖြစ်သည်းခံ၊ ဒါနောက်ဆုံးပါပဲ။ ဦးဇင်းက အပါယ်(၄)ပါးပိတ်အောင်ပြောသွားတာ။ အပါယ် (၄)ပါးထဲရောက်သွားမှာစိုးလို့ သည်းခံပါဗျာတဲ့နော်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ထက်ကြီးသူ ရှိသေပါ။ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြူစင်ဖြူစိုရိတရား ထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန်၊ စာမာန်မစွဲနဲ့တဲ့။ မလုပ်နဲ့မပြောဘူး။ မစွဲနဲ့တဲ့။ အဲဒီတော့ မြင်တာ၊ မြင်တာမှာ မတ်တပ်၊ ကြားတယ် ကြားတာမှာ မတ်တပ်။ အဲဒီတော့ ကိုယ့်ဟာလေးနဲ့ကိုယ်နေတဲ့။ အဲဒီတော့ ဒီလိုမှန်ပြီး တော့ အပြင်မှာစင်ကြယ်တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဖြစ်လာပါပြီ။ အဲဒါ သီလမဂ္ဂင် ဖြစ်လာပါပြီဗျာ။ သီလမဂ္ဂင်ကနေပြီးတော့ ဘယ်မဂ္ဂင်ကိုတက်ရမလဲဆိုတော့ သမ္မာဝါယမ၊ သမ္မာဆိုတာ မှန်သောအယူဗျ။ ဝါယမဆိုတာ (၂၄)နာရီတရားထိုင်နေပြီဗျို့။ အခုနက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊

သမ္မာအာဇီဝနဲ့ ပို့ချလိုက်တဲ့အခါမှာ သမ္မာဝါယမကိုရောက်နေပြီတဲ့။ ကြည့်စမ်း။ သမ္မာဝါယမဆိုတော့ ခင်ဗျားတို့ မြန်မာလို ဝါယမဆိုတော့ လုံ့လဝီရိယစိုက်ထုတ်နေပြီ။ ဒီပုဂ္ဂိုလ်ကြီးဟာ စိုက်ထုတ်တဲ့အခါမှာ သူ့ရဲ့ခန္ဓာထဲက အာရုံတွေကို အဲဒီအာရုံတွေကို သူကနေပြီးတော့ သမ္မာသတိ၊ အဲဒီအာရုံကို နှလုံးသွင်းထားတယ်။ လောကီစိတ်တွေမသွင်းပါဘူးဗျာ၊ အဲဒီတော့ ကျင့်တဲ့သူသိပါတယ်ဗျာ။ အဲဒီလိုနေပါဗျာ။ အဲဒါ အင်မတန်မှ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာလည်း မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အပြင်မှာ ဘာမစင်ကြယ်လဲ။ အာရုံ(၆)ခုနဲ့ ပေါင်းသင်းနေတဲ့အခါကျတော့ အဲဒါတွေက လောဘတွေ၊ ဒေါသတွေဖြစ်တတ်တယ်ဗျ။ ကံတွေဖြစ်တတ်တယ်ဗျ။ ကိုယ်လုပ်တာက ဝိပဿနာ။ အဲ ပဋိယတ္တိကနေပြီးတော့ ပဋိပတ္တိနယ်ကိုလုပ်တာဗျ။ အဲဒါကို ကိုယ်လုပ်တဲ့ဟာကိုလည်းမှတ်ထားဗျ။

သမ္မာဝါယမဆိုတဲ့ သမ္မာဆိုတာ မှန်သောအယူ၊ ဝါယမဆိုတာ လုံ့လစိုက်ထုတ်နေတာ။ ဒီလိုပုဂ္ဂိုလ်ကြီးက (၂၄)နာရီတရားအာရုံကျင့်နေတယ်။ ရတဲ့အာရုံကို သမ္မာသတိလို့ခေါ်တယ်။ ဒီသတိပဲ။ ဒီသမာဓိလေးပဲဗျာ တည်နေတာပဲ။ အဲ တရားစင်ပေါ်ကဆင်းပြီးတော့ ရေချိုးပြီးတော့ ဒီသတိနဲ့ပဲ သူနေတယ်။ ဒီပြင်အာရုံနဲ့ သူမပေါင်းပါဘူး။ ဒီအာရုံနဲ့ပေါင်းတယ်။ အဲဒီလို(၃)နှစ်လောက်၊ (၄)နှစ်လောက်ကြာလာတဲ့အခါကျတော့မှ သမ္မာသမာဓိကိုရောက်လာပြီဗျို့နော်။ သညာကနေပြီးတော့ ပညာဘက်ကိုကူးသွားပြီဗျို့။ အဲဒါ ဘယ်လောက်အားကျဖို့ကောင်းလဲ။ သမ္မာသမာဓိ အဲဒီတော့ သမာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့နော်။ သမ္မာသမာဓိ အမှန်ကိုမြင်သွားပြီ၊ ချကုန်ပြီဗျို့။ အဲဒီဘက်ကျတော့ အဲဒါလေးတွေက ဦးဇင်းက အစက လူနာမည်က မြမောင်။ အင်မတန်မှ ဦးဇင်းက လူရှုပ်ပါ။ အဲဒီတော့ လောဘတွေ၊ ဒေါသတွေနဲ့၊ စာကလည်းမတတ်တော့ အဲဒီတုန်းကတော့ လုပ်မိပါတယ်ဗျာ။ ဦးဇင်းလည်း မှားပါတယ်ဗျာ။ အဲဒါကို မှားတာကို မှားတယ်လို့မထင်ဘူး။ မှားတာကို မှန်တယ်လို့ ထင်နေပါတယ်ဗျာ။ အကုသိုလ်စိတ်တွေက လုပ်တာပါ။ ဖဲတွေများချလိုက်တာ။ သူများပစ္စည်းတွေ ခိုးလိုက်တာ။ အဲဒီလိုလုပ်ခဲ့ပါတယ်ဗျာ။ အဲဒါဘာလဲ နောက်နောင်တုန်းက အမိ၊ အဖမွေးတဲ့သညာစိတ်နဲ့လာရပါတယ်ဗျာ။ အဲဒါ သညာစိတ်ကြီးပါပဲ။ အကုသိုလ်ဖြစ်လိုက်၊ ကုသိုလ်ဖြစ်လိုက်ပါဗျာ။ အဲဒါတွေကို ကိုယ့်စိတ်ကိုယ်စစ်၊ ရှေ့စိတ်နဲ့ နောက်စိတ်သုံးပါဗျာ။ အဲဒါတွေဟာ အင်မတန်မှ ထူးမြတ်ပါတယ်။ ဒီဘုံကနေပြီးတော့ အဲ နိဗ္ဗာန်ကိုရောက်အောင်လုပ်တာလည်း ဒီဘုံပဲဗျ။ နတ်ပြည်ကိုရောက်အောင်လုပ်တာလည်း ဒီဘုံပဲဗျ။ အပါယ်(၄)ဘုံကိုရောက်အောင်လုပ်တာလည်း ဒီဘုံပဲဗျာ။

အဲဒီတော့ ဒီဘုံလေးဟာ အင်မတန်မှထူးမြတ်ပါတယ်နော်။ အဲဒီတော့ ဝိမုတ္တိယုဂခေတ် တစ်ပတ်လည်နေတဲ့ ဝိပဿနာတွေထွန်းကားနေတဲ့အခါမှာ အဲဒါများမေ့မနေကြပါနဲ့။ ကိုယ့်ဖအေ လိုအောက်မေ့ပါတယ်။ ကိုယ့်မအေလို အောက်မေ့ပါတယ်။ ကိုယ့်အစ်မကြီးလို အောက်မေ့ပါတယ်။ ဦးဇင်းရဲ့စကားကို နားထောင်တယ်ဆိုတာ အဲဒါ ကိုးကွယ်တတ်တယ်လို့ခေါ်ပါတယ်။ ကိုးကွယ်တတ် တယ်ဆိုတာက ဦးဇင်းရဲ့ပြောသွားတဲ့စကားကို နားထောင်တယ်။ လေ့လာတယ်။ သုံးသပ်တယ်။ အဲ မေးမြန်းတယ်။ အဲဒီတော့ ဒါအခုပြောသွားတာ။ အပါယ်(၄)ပါးလွတ်အောင်ပြောသွားတဲ့စကားတွေ ပါဗျာနော်။ ဒါကြောင့်မို့ အပါယ်(၄)ပါးလွတ်အောင်ပြောသွားတဲ့စကားတွေပါဗျာနော်။ ဒါကြောင့်မို့ အပါယ်(၄)ပါးကလွတ်သွားရင် ကောင်းပြီတဲ့။ ထိုပုဂ္ဂိုလ်သည် ကောင်းတဲ့ဘုံကိုရောက်သွားပြီ။ ကောင်းတဲ့ဘုံကိုရောက်သွားလို့ရှိရင် တစ်နေ့သောအခါကျတော့ ဉာဏ်သမားကသိတယ်ဗျို့နော်။ ဘယ်လိုပုဂ္ဂိုလ်တွေ ဘယ်လိုများပွင့်မလဲ။ အခုနက နေမိတ္တဘုရားဆိုတာ ပွင့်တော်မူလိမ့်မယ်။ ခင်ဗျား တို့ အဲဒီနေရာမှာ အင်မတန်အရေးကြီးပါတယ်ဗျာ။ ခင်ဗျားတို့မှာ ခေတ်နဲ့လဲ ထွက်ရလမ်းမရောက်။ မလုပ်နိုင်ဘူးဗျ။ အဲဒီတော့ ခင်ဗျားတို့ရဲ့ ဝိပဿနာတရားနဲ့ ကံကိုလှူရင် တူသောကံကို အကျိုးပေး တယ်တဲ့။ တူတာကိုပေးလိမ့်မယ်ဗျ။ စိတ်သာချ။ အဲ ကိုယ်ကလည်း အလှူခံရတဲ့လူကလည်းကံ။ လှူတဲ့လူကလည်း ကံတူတာကိုအကျိုးပေးမယ်တဲ့။ အကုသိုလ်ကံကို သွားလှူရင် အကုသိုလ်လုပ် နေတဲ့သူကို သွားပြီးတော့ မြှောက်စားပေးရင် တူတာကိုရမယ်တဲ့။ ဉာဏ်ပုဂ္ဂိုလ်ကိုလှူရင်တဲ့ တူသော ဉာဏ်ကိုရမယ်တဲ့နော်။ ခင်ဗျားတို့စာတွေတတ်ပါတယ်။ ကြည့်ပါ အင်္ဂုလိမာလကိုကြည့်။ ခင်ဗျားတို့ အဲဒီဇာတ်တော်တွေကြည့်ပါ။ ဒါကြောင့်မို့လို့ ဒါမဂ္ဂင်ဖောင်ကြီးက ဆိုက်ပေးပါတယ်ဗျာနော်။ ဒါပေမယ့် ဦးဇင်းက သဘောလေးပြောရမယ်ဆိုရင် အဲငှက်ကလေးများလိုပဲ နှုတ်သီးလေးနဲ့ထိုးပြီးတော့ သူ့ရဲ့ ဇလုပ်ကလေးပြည့်ရင် သွားပြီတဲ့။ သူဟာ အစွဲမှမရှိတာပဲဗျာနော်။ အဲဒီတော့ အစွဲမရှိတော့ သညာက နေပြီးတော့ အခုနက ဥပါဒါန်ဆိုတဲ့သဘောတရားလေးတွေ။ သူမြင်သွားတယ်။ သညာပေါ်မှ ဒီကဉာဏ်ဆင့်ထားတယ်။ ဟိုက သညာပေါ်မှာ ကံဆင့် ထားတယ်ဗျို့။ ကံဆိုတာ သညာဆိုတာ စိတ် ကောင်းတာတွေလုပ်တယ်ဗျနော်။ သညာပေါ်မှာ ကံဆင့်ထားတယ်။ ဒီကသညာပေါ်မှာ ဉာဏ်ဆင့် ထားတယ်။ ကျင့်ထားတဲ့ဉာဏ် အခုနကကျင့်ထားတဲ့ ဉာဏ်က ဘယ်လိုလဲ။ စက္ခုဒွါရပါဒီ၊ အာသဝေါဒွါရပါဒီ၊ ဉာဏဒွါရပါဒီ။ အဲဒီဉာဏ်ခေါ်တာဗျို့။ အဲဒီဉာဏ် ကနေပြီး ခုနက မဂ်ရဲ့လမ်း ကြောင်းလေးတွေ လောဘစိတ်၊ ဒေါသစိတ်မဖြစ်နဲ့ဦးတဲ့။ မဂ်တားတဲ့လုပ်ငန်းပြောလိုက်ပါဦးမယ်တဲ့။

မယားကို မယားမှန်းသိနေတယ်။ သားကို သားမှန်းသိနေတယ်။ ခွေးကို ခွေးမှန်းသိနေတယ်တဲ့။ ဒီလိုသိနေရင် မင်းမှာသညာရှိတယ်။ မင်းအထင်မကြီးနဲ့နော်တဲ့။ မင်း အဲဒီသညာရှိရင် မင်းရှေ့ကို ကြံစည်တော့မယ်တဲ့။ မင်းကြံစည်ရင် မင်းသညာအတွက်ကြောင့်ကြံစည်ရင် မင်းဥပါဒါန်ဖြစ်သွား လိမ့်မယ်တဲ့။ ဒါ အဲဒီလိုသညာရှိတဲ့အတွက်ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရသေးဘူးတဲ့။ ကံပဲရှိနေ သေးတယ်တဲ့။ ဒါကြောင့်မို့လို့ ပုဂ္ဂိုလ်၊ သတ္တဝါမြင်တဲ့စိတ်။ ရုပ်၊ နာမ်နှစ်ပါးမြင်တဲ့စိတ်၊ သဘောပေါက် သွားပြီတဲ့။ သဘောလေးနာနော်။သဘောလေး ဒါက ဆရာရဲ့သား၊ ဒါက ဆရာကတော်ရဲ့သား ခွဲခြားပြီး သူသိတယ်တဲ့နော်။ အဲဒီလို သိပါတယ်တဲ့။ ခုနက ရုပ်နာမ်နှစ်ပါးမြင်တဲ့စိတ်ကတော့ ဟာ လာကြပေ့ ဒါဗို့အစ်ကိုတွေ၊ ဗို့ညီတွေမခွဲဘူးတဲ့။ ဒါနောက်ဆုံးဘဝတဲ့။ နှုတ်၏ဆောင်မခြင်း၊ လက်၏ ဆောင်မခြင်း၊ ဂါရဝတရားနဲ့ သူတော်ကောင်းခုနှစ်ပါးနဲ့ သူဟာ အပြည့်အဝအနစ်နာခံပြီး ပြောသွားတယ်တဲ့နော်။ အဲဒါ ရုပ်တရား၊ နာမ်တရား၊ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကြောင်းနဲ့အကျိုးသာဖြစ်တယ်။ အကြောင်းနဲ့အကျိုးသာပျက်တယ်။ ဖြစ်တယ်၊ ပျက်တယ်။ ဖြစ်တယ်၊ ပျက်တယ်။ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ရှုတာက မဂ္ဂသစ္စာ၊ လောကုတ္တရာစိတ်နိဗ္ဗာန်၊ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်နော်။ တရားရှာရင် ကိုယ်မှာရှိတယ်တဲ့။ မြင်တာတရား၊ ကြားတာတရား၊ နံတာတရား၊ စားတာ တရား မစွဲတော့ဘူးတဲ့။ အဲဒါသည်းခံတယ်တဲ့။ မြင်တာလည်း သည်းခံတယ်။ ကြားတာလည်း သည်းခံ တယ်။ နံတာလည်း သည်းခံတယ်။ ငါတွေးတာ မကောင်းတဲ့စိတ်တွေ။ သောမနဿတွေ၊ ဒေါမနဿ စိတ်တွေ။ ငါမတွေးဘူး။ ငါမကြံစည်တော့ဘူး။ ကုက္ကုစ္စစိတ်တွေလည်း မကြံစည်တော့ဘူး။ မစ္ဆရိယ စိတ်တွေလည်း မကြံစည်တော့ဘူး။ ဝန်တိုမိစ္ဆာစိတ်တွေလည်း ငါမကြံစည်တော့ဘူး။ အဲဒီလို ငါဟာ မကြံစည်တော့ဘူး။ ဒါတွေဟာ အဲဒီစိတ်တွေဟာ ခိုအောင်းနေရင် ငါမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူး။ အကုသိုလ်စိတ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်တဲ့။ ကာယကံရယ်၊ ဝစီကံရယ်၊ မနောကံရယ်၊ အဲဒီတော့ ကံ(၁၀)ပါးကိုဖယ်လိုက်ရင် ဉာဏ်(၁၀)ပါးဝင်လာပါလိမ့်မယ်တဲ့။ အဲဒီတော့ အဲဒီလိုကျင့် နေတဲ့လူက ကံကိုအမြဲတမ်း ထိန်းကျောင်းပါတယ်တဲ့နော်။ ကံလမ်းကို အမြဲတမ်း သူကထိန်းကျောင်း ပါတယ်။ အဲဒီတော့ ဒါလေးတွေကို ကံလေးတွေက အကုသိုလ်ကံမဖြစ်အောင် ကုသိုလ်ကံလေးတွေ နဲ့တက်ရမယ်တဲ့။ ကုသိုလ်ကံလေးတွေနဲ့ လူကြီးတွေကိုလည်း ရိုသေပါ။ အဲကြီးတဲ့လူကိုလည်း ရိုသေ ပါ။ ငယ်တဲ့လူကိုလည်း လေးစားပါ။ အဲဒါလေးတွေကို ကိုယ့်စိတ်ကိုယ်စစ်ပြီးတော့နေကြ၊ ထိုင်ကြ၊ သွားကြ၊ လာကြတဲ့အခါမှာ အိမ်နီးချင်းမှာလည်း သစ္စာရှိရှိနဲ့နေပါ။ ယဉ်ယဉ်ကျေးကျေးနဲ့ သုံးပါ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေကို ယဉ်ကျေးပါတဲ့။ ဘယ်သူပျက်ပျက် ကိုယ်မပျက်ပါနဲ့တဲ့နော်။

ဒီလိုနေသွားလို့ရှိရင် ခင်ဗျားတို့မှာ အပါယ်(၄)တံခါးပိတ်ပါလိမ့်မယ်တဲ့၊ အပါယ်(၄)ပါးတံခါးပိတ်လို့ရှိရင် နတ်ပြည်ကိုရောက်ပါလိမ့်မယ်။ နေမိတဘုရားက လူ့ပြည်မှာမပွင့်ဘူး၊ နတ်ပြည်မှာပွင့်မယ်။ အဲဒီတော့ ခင်ဗျားတို့နတ်ပြည်ကနေပြီးတော့ ဒီဘုရားနဲ့အတူတူ ခင်ဗျားတို့ဖူးရလိမ့်မယ်။ တွေ့ရလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဦးဖင်း က နောက်ဆုံးဘဝအနေနဲ့ ဉာဏ်အနေနဲ့ပြောလိုက်တာပါ။ ခင်ဗျားတို့ အဂ္ဂိရက်လည်း မထိုးနိုင်တော့ဘူး၊ ထွက်ရလမ်းလည်း မပေါက်နိုင်တော့ဘူး၊ အဲဒီတော့ ခင်ဗျားတို့ ဒီဟာတွေပယ်ပါဆိုလို့လဲ မပယ်နိုင်တော့ဘူးတဲ့၊ ခင်ဗျားတို့သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတသစ္စာ၊ သမုတိသစ္စာဆိုတာ သမုတိမှန်ပါစေတဲ့၊ သားလေးတွေ၊ မယားလေးတွေကို ကြင်ကြင်နာနာနဲ့ ကျွေးပါ။ မယားကိုလည်း မဆဲပါနဲ့၊ မရိုက်ပါနဲ့၊ ယဉ်ယဉ်ကျေးကျေးနဲ့ သူများသားသမီးကိုယူရင် ကောင်းကောင်းမွန်မွန်နဲ့လုပ်ကျွေးပါ။ အဲဒီတော့ ဒကာမလေးကလည်း ယောကျ်ားကို လင့်ဝတ်(၅)ဖြာကျေပွန်အောင်လုပ်ပါ။ အဲဒီတော့ ဖအေရဲ့မေတ္တာထက်ကြီးပါတယ်။ အဲဒီမေတ္တာကို ရအောင်ယူထားလိုက်၊ ဖအေတွေစိတ်ညစ်အောင် မလုပ်နဲ့၊ မအေတွေစိတ်ညစ်အောင်မလုပ်နဲ့၊ စိတ်ပျောတဲ့တရား၊ အဲဒါလေးတွေ ဒီလိုနေတတ်တဲ့အခါမှာ အခုနကပြောသလိုပဲ အဲဉာဏ်ပုဂ္ဂိုလ်ကိုသွားလှူတဲ့အခါကျတော့ အပါယ်(၄)ပါးတံခါးပိတ်တဲ့အခါကျတော့ ခင်ဗျားတို့ နတ်ဘုံမှာရောက်သွားတယ်။ အခုန သာသနာ(၂၅၀၀)ကျော်ပါပြီ၊ ဒီဘက်သာသနာမှာ အစွန်းထွက်လာပါပြီ။ အဲဒီတော့ အစွန်းထွက်လာတဲ့အခါမှာ သိကြားသာသနာခေါ်ပါတယ်။ သိကြားသာသနာခေါ်တော့ နတ်တွေ၊ သိုက်တွေ၊ ဓာတ်တွေကလည်း ဒီလိုပုဂ္ဂိုလ်ကိုလာပြီး ချဉ်းကပ်ကြပါတယ်။ ချဉ်းကပ်တဲ့အခါကျတော့ အရှင်ဘုရား ဦးပဏ္ဍိတ တပည့်တော်တို့လျှောက်ထားပါရစေဘုရားတဲ့၊ လျှောက်ပါလို့ တပည့်တော်ရဲ့ ပိန္နဲကုန်းမှာတဲ့၊ ပိန္နဲကုန်းရဲ့ဘုရားကြီးမှာတဲ့၊ အရှင်ဘုရားတည်ပေးပါဘုရားတဲ့၊ ဦးဖင်း က ပြန်ပြောတယ်။ ဦးဖင်း က တောထွက်ကြီးပါဗျာ၊ (၃)ဝါတည်းရှိတယ်လို့၊ စာလည်းမတတ်၊ ပေလည်းမတတ်ဘူးလို့၊ ဟာ အရှင်ဘုရားတဲ့ စာမတတ်တတ်တတ်တဲ့အရှင်ဘုရား ခန္ဓာတွေ့တရား၊ အရှင်ဘုရားရဲ့သစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတပည့်တော်တို့သိပါပြီဘုရားတဲ့၊ တပည့်တော်တို့ သဘောပေါက်သွားပါပြီ။ ဒါလေး ကျေးဇူးဆပ်ခဲ့ပါဘုရား၊ ဒါလေး လုပ်ပေးပါဘုရား။ အတန်တန် အဖန်ဖန်ပြောတဲ့အခါကျတော့ တောင်ပိုင်တွေကအဲဒီတော့ တောင်ပိုင်တွေကပြောတဲ့အခါ အဲဒါ ဝေဘန္နိကပုဂ္ဂိုလ်ခေါ်ပါတယ်။ ဝေဘန္နိကပုဂ္ဂိုလ်ဆိုတာဘုံမရသေးဘူး၊ နတ်ကတော့ ဘုံရတယ်ဗျ။ အဲဒီတော့ ဝေဘန္နိကပုဂ္ဂိုလ်ကနေပြီးတော့ ဦးဖင်း ကိုလာပြီးတော့ မေတ္တာရပ်ခံတဲ့အခါကျတော့ ကောင်းပါပြီ။ ဒါဖြင့်ရင် ဦးဖင်း က ပဋ္ဌိယတ္တိ၊ ပဋ္ဌိပတ္တိ၊

ပဋ္ဌိဝေဒ၊ ဦးဇင်း က ဝါ(၃)ဝါတည်းရှိတယ်။ တောထွက်ကြီး။ ဦးဇင်း က ဘယ်နှယ်မှလဲမလုပ်ရဲဘူး။ ပတိပတ္တိ၊ ပတိယတ္တိရှိတယ်ဗျ။ စိတ်သာချ အရှင်ဘုရားလုပ်ပေးပါဘုရားဆိုတော့ ကဲကောင်းပြီတဲ့။ ခွက်ထိုးခံရမယ့်သာသနာမဟုတ်ဘူး။ သူနဲ့ အကြောင်းနဲ့အဆက်နဲ့ပါလာတဲ့ သစ္စာတွေရှိပါတယ်တဲ့။ အဲဒါသူကပြောလိုက်တဲ့အခါကျတော့ ဦးဇင်း ကနေပြီး သစ္စာတွေယူပါတယ်ဗျာ။ ဒါကြောင့်မို့လို့ အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်မြတ်ဘုရားကြီး တစ်နေ့သောအခါကျတော့ သိပါလိမ့်မယ်။ အဲဒီဘုရားကြီး တစ်နေ့သိလာလိမ့်မယ်။ အဲဒီတော့ သိုက်တွေ၊ ဓာတ်တွေ၊ နတ်တွေကနေပြီးတော့ ဦးဇင်းကို ဒီလိုလုပ်ခိုင်းတော့ ဦးဇင်း က ဝိပဿနာတရားဗျ။ မစွဲပါဘူးဗျာနော်။ ဦးဇင်း သဲကို တစ်ဖက်က ကိုင်ပြီးတော့ သစ္စာဆိုသွားပါ့မယ်။ ဒါတွေလိမ်ပြောရင် ဦးဇင်း မှာ မင်္ဂတား၊ ဖိုလ်တားတယ်။ မှန်တာ ပြောတာ။ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် မှန်တာပြောတာ သစ္စာနဲ့ပြောသွားတယ်။ ဒါကျင့်တဲ့ တရားနဲ့ပြောတာ။ အဲဒီပရမတ်တရားကို ပညတ်နယ်ထဲမှာပြောရပါတယ်ဗျာနော်။ အဲဒါ ဒီကထိန်းပြီးတော့ ပြောပြီးသွားရပါတယ်ဗျာ။ အဲဒီတော့ ဒီပိန္နဲကုန်းရဲ့ သာသနာ၊ ဒကာကြီးတို့၊ ဒကာမကြီး၊ ဒကာလေးတွေ၊ ဒကာမလေးတွေက ဦးဇင်း ကို သင်္ကန်းဝယ်ပေးတယ်။ ကျောင်းဆောက်ပေးတယ်။ ရေတွင်း/ရေကန်တူးပေးတယ်။ ရေရအောင်။ ဆွမ်းတွေဘာတွေလာပြီးတော့ကပ်ပါတယ်။ ခင်ဗျားတို့က ကိုယ်ထိလက်ရောက်ကပ်လို့ရသလိုတဲ့။ ဝေဘန္တိကပုဂ္ဂိုလ်ကလည်း ကပ်ချင်တယ်နော်။ အဲဒါလေး သဘောလေးပဲ။ သဘောပဲနော။ ထုတ်တော့မပြောတတ်ဘူး။ အဲဒီတော့ ခင်ဗျားတို့မမြင်ဘူး။ ဦးဇင်း ပြောပြမယ်။ မြင်အပ်တဲ့တရားရှိရင် မမြင်အပ်တဲ့တရားရှိတယ်နော်။ သဘောလေးသာနာလိုက်။ စာက ရေးထားတာ။ ဗဟိတ ဇောတ အပြင်မှာအကာ အတွင်းမှာအနှစ်။ ဒီလိုရေးထားတယ်။ အဲဒီတော့ မြင်အပ်တဲ့တရားရှိရင် မမြင်အပ်တဲ့တရားကို မြင်အောင်ကြည့်ပါတဲ့။ မြင်သလားတဲ့။ မမြင်ဘူးတဲ့။ မမြင်တော့ သိသလားတဲ့။ မသိဘူး။ မသိတာက အဝိဇ္ဇာ၊ စွဲလမ်းတာက တဏှာတဲ့။ အဲ မမြင်အပ်တဲ့ တရားကို မြင်အောင်ကြည့်တယ်တဲ့။ ကျင့်တာကိုးဗျ။ ကိုယ်ကျင့်ရင် ကိုယ်ရမှာပဲ။ အဲဒီတော့ မြင်ပြီဗျို့။ မြင်တဲ့အခါကျတော့ သြော် ... အေး ... အေး ... ဘုန်းနက်သန်မှန်တယ်ဗျ။

အဲဒီတော့ ပိန္နဲကုန်းရဲ့နေရာမှာ ဘုမိနက်သန်မှန်တယ်။ နှစ်ပေါင်း(၉၇၀)ကျော်လောက်က ဒီနေရာမှာ သာသနာကြီးပြုထားတယ်။ အဲဒီသာသနာပြုတဲ့ပုဂ္ဂိုလ်ကြီးက အဲဒီတော့ ဒီအုတ်ပြားတွေက အခုထက်ထိရှိတယ်။ ဦးဇင်းတို့အစတုန်းက ပိန္နဲကုန်းမှာ ပိန္နဲကုန်းသူ၊ ပိန္နဲကုန်းသားတွေမေးပါ။ ဘာမှမရှိဘူး။ လွင်ပြင်ကြီး။ ဘာဖြစ်လို့ဘုရားဟည်ပေးရသလဲ။ ဒီနေရာမှာ အိမ်တွေဆောက်တယ်။ ဝက်ခြံတွေလုပ်တယ်။ အဲ နွားတင်းကုပ်တွေလုပ်တယ်။ အဲဒီနေရာမှာ အပေါ့အလေးတွေသွားတော့

အောက်မှာ အင်မတန်မှထူးမြတ်တဲ့ သာသနာရဲ့ အဲဒီတော့ ပစ္စည်းတွေရှိတယ်။ ဒီလိုပစ္စည်းတွေရှိတော့ အပြင်ကမသိတဲ့သူတွေကတော့ ကုန်းတော်ပေါ်မှာ ညစ်ပေတာတွေလုပ်မိတာပေါ့ဗျာ၊ ဒီတော့ ဘုရားတည်ထားတော့ သန့်ရှင်းသွားတာပေါ့ဗျာ။ ဒါကြောင့် ဘုရားတည်ပေးကြပါလို့ သူတို့က ပြောတာနဲ့ ခင်ဗျားတို့လုပ်ပေးကြပါတဲ့၊ ခင်ဗျားတို့က ကိုယ်ထိလက်ရောက်လှူပေးခြားသော်လည်း သူတို့က ကိုယ်ထိလက်ရောက်မလှူနိုင်ပေမယ့် သူတို့ဟာ စောင်မမယ်တဲ့နော်။ ပိန္နဲကုန်းရဲ့သာသနာ။ ဒါ ဦးဇင်း သဘောလေးပြောသွားတာ။ ပြောမှလည်း သိမယ်။ မပြောလို့ မသိဘူး။ အဲဒီတော့ ဒီသာသနာ ကြီးကို ဦးဇင်း က ပြုပေးပါတယ်။ အားလုံးပရိတ်သတ်တွေရှိပါတယ်။ လှူတဲ့သူတွေ၊ ဦးဇင်း က ပိုက်ဆံကိုင်ပြီး အမိဋ္ဌာန်တယ်။ ဒီကအထာမှန်ရင် ဟိုကအထာပြန်ပေးတယ်ဗျို့။ ဒီက သစ္စာမှန်ရင်၊ ဟိုက သစ္စာပြန်ပေးတယ်ဗျို့။ အဲဒါ အလကားဆိုတာမဟုတ်ဘူး။ အင်မတန်မှ အဲသဘောလေးတွေပါပဲ။ နောက် ဒကာကြီးတို့၊ ဒကာမကြီးတို့ တွေ့ကြပါလိမ့်မယ်။ အဲဒီလိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပိန္နဲကုန်းရဲ့ သာသနာက အင်မတန်ကြီးပါတယ်။ ဘူမိနက်သန်ဆိုတာ ဒီနေရာမှာ မြေထူးမြေမြတ် ခေါ်ပါတယ်။ ဒီမြေကြီးကို ဒီလိုထားမယ်ဆိုရင် အင်မတန်မှ မသင့်တော်ပါဘူး။ မသင့်တော်တော့ ဒီမြေကြီးကို ပရဝိုင်းဝိုင်းရပါတယ်ဗျာ။ ဆရာတော်၊ သမတော်တွေဆီမှာ ဒီဘုရားတည်ဖို့ အဲဒီတော့ မြေပိုင်ရှင်ကိုလည်း ဦးဇင်း တို့ အလှူခံပါတယ်ဗျာ။ ဆရာတော်များကိုလည်း ဦးဇင်း တို့ သာသနာပြုဖို့ ခွင့်တောင်းပါတယ်ဗျာ။ အားလုံးပြီးကြပြီဆိုတော့မှ ဦးဇင်း ပြုလုပ်ပေးတာပါ။ ဦးဇင်း အုတ်ဝယ်တာ မဟုတ်ဘူး။ ထုံးဝယ်တာမဟုတ်ဘူး။ ဘိလပ်မြေဝယ်တာမဟုတ်ဘူး။ လိုက်ပြီးတော့ ဦးဇင်း ဘာမှ လုပ်လို့မရတော့ဘူး။ ဒီနေရာမှာကတော့ ဉာဏ်သမားကို ကံသမားကလာလှူတယ်နော်။ အခုနက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ။ သမုတိနယ်ထဲမှာ ကိုယ်ကလည်း သားမယားကိုမပစ်နိုင်ဘူးဗျို့။ ဒီတရားလည်း ကိုယ်ကျင့်ချင်တယ်ဗျို့။ မပစ်လဲ မပစ်နိုင်ဘူး။ အဲဒီတော့ ဉာဏ်သမားလှူရင် တူသောဉာဏ်ကို အကျိုးပေးမယ်။ အဲဒါရှိတယ်။ ဒါပေမယ့် ခင်ဗျားတို့(၅)ပါး သီလနဲ့လုံအောင်ထိန်းထားတဲ့၊ ဒီဉာဏ်သမားကိုလှူရင် ဉာဏ်မျိုးစေ့ရတယ်။ ဒါကြောင့်မို့လို့ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားတယ်။ အဲဒီတော့ ဦးဇင်း က ဒီလိုလမ်းတွေနဲ့၊ အဲဒီတော့ ဒီလိုလမ်းတွေထွင်ပြီးတော့ ဒီလိုအသိတွေနဲ့လုပ်မိတာပါ။ ဦးဇင်း က ကျင့်ထားတဲ့ လူ။ တစ်မူးဖိုးကျင့် တစ်မူးဖိုးနဲ့သွားမှာပဲ။ ဦးဇင်း အလုပ်နဲ့ ဦးဇင်း သွားမယ်။ ဦးဇင်း ကျောင်းမှာလာ ကြည့်ပါ။ ဘာတွေလုပ်သလဲ၊ ဘာတွေကိုင်သလဲ။ ဒကာ၊ ဒကာမများ မီးတွေသွယ်ပေးတယ်။ မလုပ်နဲ့။ သိမ်ဆောက်ပေးတယ်။ မလုပ်နဲ့။ တားတာတော့မဟုတ်ဘူး။ အဲ ပိုက်ဆံတွေကုန်သွားမှာစိုးလို့။ မလုပ်နဲ့

ဦးဖင်းရပါတယ်။ ယိုင်နေတာပဲ။ လုပ်ချင်တာ။ မလုပ်နဲ့ ဦးဖင်း ဒီလောက်ထိဘာဖြစ်လို့လဲ။ ကိုယ်ကျင့်တရား၊ ပြဟ္မစိုရ်တရား၊ သံဝေဂတရား၊ ဒီတရား ဒီကညာဏ်သမား။ အဲဒီလိုပြောတော့မယ်ဆိုရင် မကောင်းဘူး။ အဲဒီလိုညာဏ်သမားက အကုန်လုံး သူသိတယ်ပြောရင် မကောင်းဘူးဗျာ။ ဦးဖင်း ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်၊ တစ်နေ့တော့ သိရပါလိမ့်မယ်။ အဲဒီတော့ ကိုယ့်ဖအေတွေ၊ မအေတွေ ခုနက ဆန္ဒ၊ သဒ္ဓါ၊ သီလ၊ ဝီရိယ၊ သမာဓိ၊ ပညာတွေတတ်လာတယ်။ ဘာပဲဖြစ်ဖြစ် မလှုနဲ့ဦး၊ စိတ်ကလေးနဲ့ အာရုံလေးနဲ့ ဖြစ်တာနဲ့ ပိုပြီးတော့ထူးတာပဲဗျို့ အဲဒီတော့ ခုနကပြောသလို ကာယကံနဲ့၊ ဝစီကံနဲ့၊ မနောကံနဲ့ မသောင်းကျန်းပါနဲ့။ အဲဒါကိုတော့ ဦးဖင်း သေချာပြောလိုက်မယ်။ ခင်ဗျားတို့ မကောင်းတာတွေမလုပ်ပါနဲ့၊ သူများကပဲပျက်ပျက်၊ ကိုယ်မပျက်ပါနဲ့၊ သူများဘာပဲဆိုဆို ကိုယ်မလုပ်ပါနဲ့၊ ကိုယ့်အိမ်မှာကိုယ်နေ။ ကုပ်ကုပ်ကလေး ကိုယ်နေ။ ခုနက လုံချည်လေးပြရင် ချုပ်ဝတ်၊ ဒီဘဝက ပြန်ရဦးမယ်။ အဲဒီတော့ ကောင်းတဲ့ ထူးမြတ်တဲ့ဘုံတွေရှိတယ်။ ဒီကကျင့်ထားတာ။ အဲဒီတော့ မကျင့်နိုင်တဲ့လူကို ကျင့်နိုင်တဲ့လူက ပြန်ပြောပြတာ။ ပြန်ပြောပြတဲ့စကားကို နားထောင်ရင် ကိုးကွယ်တာ၊ ချဉ်းကပ်တတ်တယ်ဆိုတာက မသိရင်လာမေးတယ်။ အဲဒါ ချဉ်းကပ်တယ်၊ မသိဘူးမလား။ ဒီက သိရင် ပြောပြတယ်။ ကလေး ဒီလိုမနေနဲ့ကွ၊ ဒီလိုမထိုင်နဲ့ကွ၊ ဒါတွေမလုပ်နဲ့ကွ။ မသိတော့ ဒီက ပြောပြတယ်။ အဲဒါချဉ်းကပ်တယ်။ ကိုးကွယ်တယ်။ ကိုးကွယ်တယ်ဆိုတာ ဘုန်းကိုလာလှူဖို့မဟုတ်ဘူး။ လာပြီးတော့ ငှက်ပျောသီးတွေ ဘာတွေပေးဖို့မဟုတ်ဘူး။ ကုဋိထဲရေထည့်ပေးဖို့မဟုတ်ဘူး။ သူပြောတဲ့စကားကို နားထောင်။ အဲဒီတော့ နားထောင်တာ အပါယ်ကျလား။ အပါယ်ကလွှတ်အောင်ပြောသလားဆိုတာကိုလည်း လေ့လာဦး။ ဒီလိုပြောတာ။ ဒါစိတ်တရားတွေ၊ စိတ်ရဲ့အကြောင်းတွေ။ အဲဒီတော့ ခုနက တကယ်ရှိတယ် ပတိယတ္တိ၊ ပတိပတ္တိ၊ ပဋိဝေဓ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဒီလို ပုဂ္ဂိုလ်(၃)ယောက်ရှိရင် (၃)ခုလောက်ရှိမယ်ဗျို့ အကယ်၍ ကြည့်တတ်မယ်နော် အထင်လည်းမကြီးနဲ့၊ အထင်လည်း မသေးနဲ့။ အဲဒီလိုကြည့်လိုက်တဲ့အခါမှာ ခင်ဗျားတို့ကြည့်ပါ။ အဲဒီတော့ မျက်စိလေးက မျက်စိနဲ့ကြည့်တာလည်း မှန်တယ်။ နားလေး သောတနားလေးနဲ့ကြားတာလည်း မှန်တယ်၊ တွေးတာလည်း မှန်တယ်။ အဲဒါဝိတတ်(၃)ခုခေါ်တယ်။ အဲဒီဝိတက်(၃)ခုကိုပေါင်းလိုက်တော့ သဒ္ဒါသမ္ပတ္တိဖြစ်လာတယ်။ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်။ ဟော အစစ်ပြောထားပြီ၊ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်(၃)ချက်ရထားတယ်။ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏာဂုဏ်(၃)ပါး ခင်ဗျားတို့ဖြစ်နေပြီ။ အပါယ်(၄)ပါး တံခါးပိတ်မယ်။ ဒါပေမယ့် ခင်ဗျားတို့ကိုပြန်ပြန်ပြီးတော့ ပြောပြတယ်။ ဟာဒီလိုမနေနဲ့နော်။ ဒေါသတွေမလုပ်နဲ့၊ သည်းခံ။ တရားထိုင်၊ တရားထိုင်၊ စိတ်အကြောင်း၊ သစ်တစ်ပင်ကောင်းရင်

ငှက်တစ်သောင်းနားတယ်။ ဒီကကျင့်ထားတဲ့ဘုန်းကြီး။ ကျင့်ထားတဲ့ ဦးဇင်း။ ခင်ဗျားတို့ မကျင့်နိုင်သေးဘူး။ ဒီက အနုသယဆိုတာ ခုနက ကတ္တရာလမ်းပေါ်လျှောက်တာတဲ့။ အဲဒီတော့ စိတ်ကလေးက အောင်မလေးပူလိုက်တာဆိုပြီးတော့ စိတ်ကလေးချမ်းသာတဲ့နေရာသွားလိုက်တာနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူး။ တားထားပြီတဲ့။ စိတ်သာချ။ အဲဒီတော့ မိန်းမ၊ ယောကျ်ား၊ ခွေးမြင်၊ ဝက်မြင်၊ လူမြင် အဲဒါပညာအမြင်မြင်ကြည့်လိုက်။ ကြည့်စမ်း အဲဒီတော့ ဒီကကျင့်ထားတာဗျာ။ ဘာမှ အဲဒီပိန္နဲကုန်းရဲ့ သာသနာမှာ ဝိုင်းပြီးတော့ အုတ်တစ်ပြား၊ သဲတစ်ပွင့်ထည့်ကြပါတဲ့။ ဦးဇင်း က အဲဒါနဲ့ ဒီနေရာမှာ ဦးဇင်း က ခပ်တိုတိုစခန်းအနေနဲ့ ဦးဇင်း က ပြောတာပါ။ ဒါ ခင်ဗျားတို့ရဲ့ အလှူတွေပါ။ အဲဒီတော့ ဝေဖန်ပါဦး၊ လေ့လာပါဦး၊ ဆုံးဖြတ်ပါဦး။ ဦးဇင်းပြောတာလည်း မယုံပါနဲ့ဦး။

အဲဒီနေရာမှာ ဘူမိနက်သန်မှန်တဲ့အခါကျတော့ သိုက်တွေက အောက်မှာရှိတယ်။ ဦးဇင်းက ကျင့်ထားတဲ့ပုဂ္ဂိုလ်။ သဘောလေးနဲ့ သိုက်ရယ်၊ ဓာတ်ရယ်၊ နတ်ရယ် အဲဒါ မင်္ဂလာပေါင်းတာပဲဗျို့ ခင်ဗျားတို့တစ်နေ့သောအခါကျတော့ သိပါလိမ့်မယ်။ လာလေ့လာကြည့်ပါ။ ကျောင်းရဲ့ ပရဝိုင်းအတွင်းမှာ မှန်လို့ ပုပ်လို့ရှိရင် ပေါ်တယ်ဗျ။ အဲဒီအပုပ်ကောင်ကြီးကတော့ မျောလာပြီတော့ ပုပ်ချင်ပေါ်တယ်။ ဟုတ်ရင်ကျော်တယ်။ မှန်ရင် စင်တော်ကကောက်တယ်။ သဘောလေးပဲ။ သဘောလေး ဦးဇင်း ပြောတာ။ စာမတတ်ဘူး။ အဲဒီတော့ ကျင့်ထားတယ်။ ဒါကြောင့်မို့လို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဦးဇင်း တရားဘယ်ရောက်တယ်ဆိုတာ မမေးနဲ့။ စာမှမတတ်တာချည်း။ တရားကိုကျင့်တယ်၊ အကယ်၍ ဝိပဿနာသဘောအနေနဲ့ လုပ်ငန်းအနေနဲ့မေးမယ်ဆိုရင် လာပါတဲ့။ ဦးဇင်း သိသလောက်တော့ပြောသွားမယ်။ အဲဒီတော့ စိတ်အကြောင်းတဲ့၊ စာအကြောင်း မဟုတ်ဘူးတဲ့။ စာမတတ်ဘူးတဲ့။ စာနဲ့တော့မပြောတတ်ဘူး။ စိတ်နဲ့တော့ပြောပြမယ်။ စိတ်ကို ဉာဏ်နဲ့ကျင့်တာ။ ဟိုက စိတ်ကို ကံနဲ့ကျင့်တာ။ ကံဆိုတာ ခုနကစာတွေတတ်တာပေါ့။ ဒါလုပ်ချင်ကောင်းတယ်ကွ။ ဒါမလုပ်နဲ့ မကောင်းဘူးဆိုတာ သိနေတော့ သညာက အဲဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ ဒါလေးတွေရှိတယ်။ ဒါကြောင့်မို့ နေတတ်ဖို့၊ စားတတ်ဖို့၊ သွားတတ်ဖို့၊ လာတတ်ဖို့၊ မြင်တဲ့အခါမှာ ခေါင်းသာစိုက်နေ၊ သည်းညည်းသာခံ။ ဒါနောက်ဆုံးဘဝ။ နေကာဝင်တော့မယ်။ အဲဒီတော့ နေမဝင်ခင်မှာ ကိုယ်က ဒီဟာတွေကိုသည်းခံပြီးတော့မှ သွားမယ်ဆိုရင် အနာခံရင် ဟိုဘဝမှာ အသာစံရမယ်။ ဒီဘဝမှာမှ အနာမခံရင်တော့ သဖွေသတ္တာပဲတဲ့။ ဦးဇင်းလည်း မတက်နိုင်ဘူးတဲ့။ ဒီဘဝမှာတော့ အနာခံ၊ ဟိုဘဝမှာ အသာစံမှာပဲဗျို့ ဦးဇင်း က ကျင့်ထားတဲ့ လူတစ်ယောက်။ ဥပမာလေးပြောကြမယ်ဆိုရင် ဒီဝိပဿနာရဲ့တရားဟာ ဥပမာလေးပြောပြမယ်။

ကောင်းကင်မှာမိုးသားတွေသွားတာ မမြင်ဘူးလား။ မြင်ပါတယ်တဲ့။ မြင်တာ မိုးသားဘယ်အတွက် ကြောင့်သွားသလဲ သိလား။ ဟာ တစ်ချို့ကျတော့ မသိဘူးတဲ့၊ တစ်ချို့ကျတော့ သိတယ်၊ မိုးသား ဘယ်အတွက်ကြောင့်သွားသလဲသိသလား။ သိပါတယ်ဘုရား။ လေတိုက်လေက တွန်းပေးတယ် ဘုရား။ မိုးသားကို လေကတွန်းပေးမယ်။ မိုးသားကရွေ့ပြီးသွားပါတယ်။ မိုးသားသွားတာမြင်သလား။ လေတိုက်တာမြင်သလား။ မမြင်ဘူး။ အဲဒါရုပ်ထားလိုက်တော့နော်။ ကာယကံ၊ ဝစီကံ၊ မနောကံ နလုံးသားမှာတည်နေပြီ၊ အဲဒီတော့ ဥပမာလေးပြောရမယ်ဆိုရင် တော်တော်ခက်တယ်။ အမှန်ကတော့ မြမောင် ပဲဗျ။ မြမောင် ကနေ ရဟန်းဝတ်လိုက်တော့ (၃)ဝါရတယ်ဗျ။ အဲဒီရုပ်ကတော့ မပြောင်းဘူး။ စိတ်ပြောင်းသွားပြီ။ စိတ် ... စိတ် ... စိတ် ...၊ အဲဒီစိတ်ပဲဟောနေတာ။ အဲဒါလေးတွေဖြစ်တတ်မှာစိုးလို့။ အဲဒါ ဒကာကြီးတို့၊ ဒကာမကြီးတို့၊ ဒကာလေးတွေ၊ ဒကာမလေးတွေ၊ လိမ်ပြောရင် မဟာအဝီစိငရဲ ကျသွားလိမ့်မယ်နော်။ အခုပြောနေတာကလည်း လိမ်ပြောရင် မဂ်တားတယ်။ ဖိုလ်တားတယ်ဗျို့။ မှန်တာပြောရင် သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ အဲဒီလိုဖြစ်ပါတယ်ဗျာ။ မှန်တာကိုပြောလိုက်တာ အဲဒီလိုရှိတဲ့အခါကျတော့ အမှန်ကို အမှန်ဖြစ်အောင် အဇာတသတ်ကြည့် ဘယ်သူနဲ့ပေါင်းသလဲ။ အဇာတသတ်၊ ဒေဝဒတ်ကြီးနဲ့ပေါင်းတယ်။ ပေါင်းတော့ အဲဒီတော့ သူ့ရဲ့အဖေကြီးကို သွားလုပ်လိုက် တော့ သေရောဗျို့။ သေပြီးမှ ဘုရားနဲ့တွေ့တယ်။ တွေ့တော့ အရှင်ဘုရား တပည့်တော် ကယ်တော်မူ ပါဘုရား။ ကယ်ပါဘုရား။ အေး မင်းမှန်တယ်တဲ့၊ နောက်က မင်းအဖေလုပ်လာပြီ။ မင်းအဖေက သောတာပန်ကြီးကွ။ ငါတော့ အဲဒီအပြစ်တော့ ငါမလုပ်တတ်တော့ဘူးကွ။ သောတာပန်ကြီးဖြစ်သွား ပြီ၊ မင်းငါ့ကိုလှူတဲ့ကုသိုလ်တော့ရမယ်တဲ့၊ မင်းလုပ်တဲ့အပြစ်တော့ခံတဲ့၊ အဲဒါတွေးကြည့်ပေါ့ဗျာ။ အင်္ဂုလိမာလကို ဘုရားနဲ့တွေ့တယ်။ တွေ့တဲ့အခါမှာ အဲဒီတော့မှ အင်္ဂုလိမာလ ဘုရားကို ဒူးထောက်ပြီး ရှိခိုးတယ်။ ရှိခိုးတဲ့အခါမှာ လူသတ်လာတယ်။ အဲဒီ အင်္ဂုလိမာလ ကိုတော့ အဲရသွားတယ်။ ဘာဖြစ် လို့လဲ။ သူက ဟိုအတိတ်က ရဟန္တာကို သွားပြီးတော့ မီးလေးဖိုပေးတယ်။ လုပ်ပေးတယ်။ အဲဒီတော့ အဇာတသတ် က အဖေသတ်တုန်းက ဘုရားရှိတယ်။ မသွားဘူး။ သဘောလေးသာ နာသာနာသွား။ လုပ်ပြီးပြီ။ ဘုရားရှိတယ် မသွားဘူးနော်။ ကျွတ်တဲ့သူ ချွတ်သွားတာ။ ဒါသဘောလေး။ အဲဒီတော့ အဲဒီတော့ သတ်ပြီးတော့ သူလဲလိုက်ရာတာ။ ဘုရားကိုနောက်မှတွေ့တော့မှ လျှောက်တာ။ လျှောက် တော့မှ အရှင်ဘုရား၊ တပည့်တော် ကယ်တော်မူပါတဲ့။ အေး မင်းအဖေက သောတာပန်ကြီး တည်သွားပြီတဲ့။ ငါတော့မတတ်နိုင်ဘူးတဲ့၊ ငါ့လှူတဲ့အလှူတော့ မင်းရမယ်တဲ့၊ အဲဒီဟိုဟာကတော့ မင်းခံဦးတဲ့နော်။ အဲဒါလေးတွေ ဒါကြောင့်မို့လို့ လူထဲမှာ ကောင်းတဲ့သူရှိသလို မကောင်းတဲ့လူရှိတယ်။

ဝေဘန္ဓိကထဲမှာလည်း ကောင်းတဲ့ဝေဘန္ဓိကရှိသလို မကောင်းတဲ့ ဝေဘန္ဓိကရှိတယ်။ ဘုန်းကြီးထဲမှာလည်း ကောင်းတဲ့ဘုန်းကြီးရှိသလို မကောင်းတဲ့ဘုန်းကြီးရှိတယ်။ စိတ်ကိုပြောတာ။ သဘောပြောတာ။ ဘယ်သူ့ကိုမှမပြောဘူး။ အပေါင်းအသင်းမှားသွားမှာစိုးလို့ သဘောလေးနဲ့ အဲဒါပြောသွားတာ။ အဲဒီတော့ အပေါင်းအသင်းမှားရင် လည်ပြန်ရော။ ဒီဘဝလေးက အင်မတန်မှ ထူးမြတ်တဲ့ဘုံလေးနော်။ အပေါင်းအသင်းမှားသွားမှာစိုးလို့။ အဲဒီတော့ သဘောလေးသာပြောတာ။ အဲဒီလိုအခုနကစာတွေ သိပ်မှန်တယ်။ စာတွေနဲ့ အထူးသဖြင့် အဲဒီတော့ ဖတ်၊ စာတွေဖတ်၊ တရားထိုင်အဲဒီလိုတရားထိုင်တဲ့အခါကျတော့ အာရုံ(၆)ပါးနဲ့ အပေါင်းအသင်းမရှိဘူးဗျ။ မျက်စိတံခါးနဲ့ မပေါင်းဘူး။ နားတံခါးနဲ့ မပေါင်းဘူး၊ နှာခေါင်းတံခါးနဲ့ မပေါင်းဘူး။ လျှာတံခါးနဲ့ မပေါင်းဘူး။ ကိုယ်တံခါးနဲ့ မပေါင်းဘူး။ (၅)ခုမပေါင်းဘူး။ မန ဘာနဲ့တင်ရမလဲ။ နှာသီးနှာဖျားဝမှာ အဲဒီမှာ ထိသိသာလုပ်နေတဲ့။ မင်းမန အဲဒီမှာမှ မလုပ်ချင် မင်းတွေးလိမ့်မယ်တဲ့။ အဲဒီမှာလုပ်ထားတဲ့။ အဲဒီမှာ ထိသိလုပ်ထား။ (၆)ပါးငြိမ်နေတယ်။ တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်၊ တဒင်္ဂငြိမ်နေတယ်။ အဲဒါ အဓိသီလရရင် အသက်(၁၀၀)နေတာထက်မြတ်တယ်။ တရားက ဘာမရ၊ ဘာမတွေ့ မဝေဖန်ပါနဲ့။ ပစ္စုပ္ပန်တည့်တည့်သာရှုထား။ ဩော် အနိစ္စ မမြဲပါလား။ ဒုက္ခ ဆင်းရဲပါလား။ အနတ္တ အစိုးမရပါလား။ ဒီလို ကိုယ်ကျင့်တရား၊ ဖြူဟွစိုရ်တရား၊ သံဝေဂတရားနဲ့ထိုင်။ ဒီတရားကိုကျင့်ရမယ်။ အဲဒီတော့မှ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ၊ သမာဝါယမတွေ အဲဒီမဂ္ဂင်(၈)ပါး အမှန်တရားတွေဗျ။ အဲဒီမဂ္ဂင်(၈)ပါးကို ဉာဏ်နဲ့ကြည့်လိုက်တော့ အဲဒါ ဉာဏ်နဲ့ မဂ်နဲ့ပေါင်းလိုက်တော့ မဂ်ဉာဏ်ခေါ်တယ်။ မဂ်ဉာဏ်က ဘာကိုပယ်လဲ။ အာရုံ(၆)ပါးကိုပယ်တာ။ အဲဒီလို အာရုံ(၆)ပါးပယ်တာ ကိုယ့်စိတ်သာ ကိုယ်စစ်။ မစွဲရင်ပယ်တာပဲ။ စွဲရင်တော့ မပယ်သေးဘူးဗျ။ အဲဒါစွဲရင် လိမ်တာပဲ။ ပါရာဇိကံထိုက်တယ်ဗျို့။ ဒီတရားဟာတော်တော်အရေးကြီးပါတယ်။ အဲဒီတော့ အာရုံ(၆)ပါးကို အဲဒီအာရုံ(၆)ပါး ဘယ်နယ်ထဲမှာနေသလဲ။ လောကီနယ်ထဲမှာနေတယ်။ တစ်ခါ (၆)ပါးဖယ် ဘယ်နှစ်ပါးကျန်သေးလဲ။ (၄)ပါးကျန်သေးတယ်။ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး။ အဲသူပယ်ရဦးမယ်။ ဟို(၆)ပါးရလို့ သူပယ်လို့ရမှာ။ အတိတ်ကပြောဒီအကျိုးတရားကြီးပေါ်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်(၄)ပါး။ အဲဒါနာမ်နဲ့ပတ်သက်တဲ့အကြောင်းတရားတွေပဲ။ အဲဒါကိုလည်း တစ်ခါပယ်တယ်။ ဟိုဟာက (၆)ပါးရလို့ ဒီဟာကို ပယ်တယ်။ အဲဒီတော့မှ ရုပ်နဲ့ပတ်သက်တဲ့ (၁၁)ခု။ အဲဒီတော့ ဝိညာဉ်၊ နာမ်ရုပ်၊ ဖဿ၊ ဝေဒနာ၊ ဒေါမနဿ၊ ဥပဒါယ ကုန်ပြီးကွတဲ့။ အဲဒီတော့ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ငါကုန်ပြီကွတဲ့။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဘုံ(၃)ပါး ငါမြင်ပြီ ကွတဲ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

ဝါရှစ်ရာကုန်ပြီကွတဲ့။ ခန္ဓာထဲက အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲဒီခန္ဓာထဲက ဟာကို မြင်အောင်ကြည့်ရမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲဒါတွေမြင်မှ သဘောပေါက်လာမယ်။ အဲဒါကြောင့်မို့ ဦးဇင်း ရှိတယ်။ လာပါ၊ လာကြပါ ကျောင်းကို။ ဦးဇင်း ပြပေးမယ်။ ဒီတရားတွေကို ထိုင်ကြပါတယ်။ ဘယ်သူပဲ ပျက်ပျက်၊ ကိုယ်မပျက်နဲ့။ ဘယ်သူကပြောပြော သည်းသာခံ။ သူများရိုက်လည်း သည်းသာခံ။ ဒါနောက်ဆုံးဘဝအနေနဲ့ အင်မတန်မှ ထူးမြတ်တဲ့ဘုံ၊ ထူးတဲ့ဘုံ။ အဲဒါလေးကို ဘုံကိုတော့ ကျော်ခိုင်းပြီးတော့ မပြန်ကြပါနဲ့တဲ့။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု ..... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

၈–၁၀–၁၉၉၅ ရက်နေ့၊ မြောင်းမြမြို့၊ ပိန္နဲကုန်းကျေးရွာ
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်
ဟောကြားတော်မူသော ဝိသုဒ္ဓိ ဓမ္မာသစ္စတရားတော်

# ဝိသုဒ္ဓိဓမ္မစာစဉ် (၃၆)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

## (၈-၁၀-၁၉၉၅) ရက်နေ့
## မြောင်းမြမြို့နယ်၊ ဝိန္ဒကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဦးဖင်းရဲ့မကောင်းတဲ့အကြောင်းလေးများလည်း ပြောပြပါ့မယ်၊ အဲဒီအကြောင်းလေးလည်းပြောပြီးမှ ဦးဖင်ရဲ့ကျင်းတဲ့ အသိလေးလည်းပြောပြပါ့မယ်။ မကောင်းတဲ့ဒုစရိုက်အကြောင်းတွေပြောပြပါ့မယ်။ မကောင်းတဲ့ဒုစရိုက်အကြောင်းတွေ ပြောပြပါ့မယ်။ ဦးဖင်းက လူဘောင်မှာ အသက် (၂၄) နှစ်အရွယ်မှာဆိုးလာပါတယ်။ ဘာတွေဆိုးလဲဆိုတော့ အသိခေါင်းပါးသွားပါတယ်၊ သူတက်တဲ့အသိတွေ သူ့ရဲ့နှလုံးသွင်းမှားသွားတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဒါတွေပါပဲ။ ဗမာလိုဆိုရင်တော့ စေတသိတ်လို့ခေါ်တယ်။ တွေးစိတ်လို့ခေါ်လိုက်တယ်။ အဲ့ဒီတော့ ဦးဖင်းကစာပေကျမ်းဂန်မတက်ဘူး။ မတတ်တဲ့အခါကျတော့။ ဒီမိစ္ဆာရဲ့အလုပ်တွေဟာ။ ငါတက်တယ်၊ ငါနားလည်တယ်။ ငါသိတယ်ဆိုတဲ့သဘောတရားများကို သူလုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါကျတော့ မိစ္ဆာအယူဝါဒ။ အယူမှား အမှတ်မှား၊ အစွဲမှားဖြစ်ပါတယ်။ ဘယ်ကံလဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကံသုံးပါးဟာဘယ်ကံကြီးလဲ။ မနောကံကြီးပါတယ်။ ဒီမနောကနေပြီးတော့မှ ကာယ၊ ဝစီပါပါတယ်။ ဒါကြောင့် ဦးဖင်းက ဘာမှမသိ။ ဖဲရိုက်တယ်။ အရက်သောက်တယ်။ ဖဲရိုက်မဲ့သူကိုလိုက်ခေါ်တယ်၊ လိုက်ခေါ်ပြီးတော့ ဖဲဝိုင်းဖြစ်တဲ့အခါမှာ သူချမ်းသာဖို့ သူ့မယားဝဖို့၊ သူ့သားတို့ သမီးတို့။ ဒါတွေတစ်နေတစ်နေ့ တွေးတောကြံစည်ပြုလုပ်ပါတယ်။ အဲဒါ မိစ္ဆာအယူလို့စာကခေါ်ပါတယ်။ အဲဒါကိုယ်ရဲ့နှလုံးသွင်းမှားသွားပြီ။ ကိုယ်ရဲ့အစွဲမှားသွားပြီ။ အဲဒါမိစ္ဆာအယူခေါ်တယ်။ အဲဒါနဲ့ သေရင်အပါယ်ကိုသွားလိမ့်မယ်။ အဲ့ဒါကံတရားပါဘဲ။ စွဲလို့ သူလိုက်ခေါ်တာပါဘဲ။ အရက်ကို သောက်တယ်စွဲလို့ စာရိတ္တပျက်တယ်။ စွဲလို့အကုန်လုပ်တယ်၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိဆိုတာ ငါတက်တယ်၊ ငါနားလည်တယ်။ ငါ့အိမ်မှာ ငါလုပ်တာ။ အစိုးရနဲ့ အမှုအခင်းမဖြစ်အောင် တိတ်တဆိတ်ကလေးနဲ့သူလုပ်တယ်၊ မိစ္ဆာဒိဋ္ဌိလုပ်တာတောင်အိမ်မှာ တိတ်တဆိပ်ကလေးနဲ့ သူလုပ်တယ်။ ဒီကံဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ ဒါတွေဦးဖင်းကမသိခဲ့ပါဘူး။ ဦးဖင်းကဒါတွေဟာရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ဖြစ်တော့ ဦးဖင်းကိုသားမယားကလည်း မကြည်တော့ဘူး။ သားသမီးကလည်း မကြည်ဖြူတော့ဘူး။ အဲဒီလိုမကြည်ဖြူတဲ့အခါမှာ ငါကို ဘယ်သူမှဆေးဖက်ကြောဖက်မလုပ်တော့ဘူး။ ငါအရင်တုန်းက ထီပေါက်တော့ ငါ့ဆီကိုလာတယ်။ အကုန်လုံး အခုတော့ ငါ့ဆီကို တစ်ယောက်မလာဘူး။ ငါမကောင်းဘူး။ ကောင်းကောင်းမွန်မွန်ရေထမ်းကျွေးတယ်။ နှိပ်ပြီးကျွေးတယ်၊ ဒါတွေဟာ စွဲတဲ့တရားခေါ်တယ်၊ ဘာကိုစွဲသလဲ၊ ကိုယ့်ရဲ့ဒုက္ခကို မသိဘူး။ ဒုက္ခသစ္စာဆင်းရဲခြင်း၏ အမှန်တရား။ သမုဒယသစ္စာ ဆင်းရဲ ခြင်း၏အကြောင်း အမှန်တရား။ ဘုရာဟောထားပါတယ်။ မသိဘူး။ ခန္ဓာတော့သိတယ်။ ခန္ဓာသိနဲ့ကွာနေတယ်။ စာကမှန်တယ် ခန္ဓာသိမှ ဃနကြေတယ်။ ခန္ဓာသိဆိုတာကံကိုခေါ်တယ်ဗျို့ မိစ္ဆာကံတွေပယ်မယ်။ သမ္မာကံကိုယူမယ်။ မကောင်းတဲ့ဟာ တွေကို အကုန်ပြောပြပါ့တယ်။ သေသွားရင် အပျါယ်ကျမယ်။ မကောင်းတဲ့မိစ္ဆာကံတွေကို ငါဘယ်လိုပယ်ရမလဲ။ ကိုယ့်ကိုယ် ကိုစဉ်းစားတယ်။ အဲ့ဒီလိုစဉ်စားတဲ့အခါမှာ ဆရာတော်သဲအင်းရဲ့ သဲအင်း ဇွဲတင်း၊ အမြဲလင်းဆိုတဲ့ ဝိပဿနာတရားထိုင်ပါ တဲ့ ပြောပြတယ်။ အဲ့ဒီဝိပဿနာတရားထိုင်ပါဆိုတော့လည်း ထိုင်သာထိုင်တယ် သဘောမပေါက်ဘူး။ တနေ့သောအခါမှာ ဘယ်သူမှ၊ သားသမီး၊ သားမယားအားကိုးလို့ မရတော့ဘူး။ အစတုန်းကတော့ လောကီမှာအားကိုးတယ်၊ ထီပေါက်တယ် ပိုက်ဆံတွေအားကိုးတယ်၊ အိမ်တွေအားကိုးတယ်။ မယားအားကိုးတယ်။ သားသမီးအားကိုးတယ်။ ဒါလောကီကြောင်း။ ဪ ငါ့သမီးဟာ

ကျောင်းဆရာမလေးဖြစ်ရင်ငါကပ်စားမယ်။ အဲ့ဒါလောကီအားကိုးထားတာ။ အဲဒီတော့ အယူမှားတယ်။ အစွဲမှား တယ်။ အမှတ်မှားတယ်။ ဘယ်ကံလည်း မနောကံ၊ အဲ့ဒါလည်းနားမလည်ဘူး။ သူလုပ်တယ်။ နောက်တော့သူ့ကို ဘယ်သူ မှ မကြည်ဖြူဘူး။ မယားကလည်း မကြည်ဘူး။ လောကီအားကိုးစရာမရှိတော့မှ ဝိပဿနာတရားလုပ်ဖို့ ညောင်ပင်ကြီးကို သွားတယ်။ ညောင်ပင်ကြီးတရားအားထုတ်တဲ့အခါကျတော့ တနေ့သောအခါမှာ ညောင်ပင်ကြီးရွာကက ကရင်ကြီးဦးပေါ်လူးက လာတယ်။ ခင်ဗျားဘယ်ကလာသလဲတဲ့။ ခင်ဗျားနာမည်ဘယ်လိုခေါ်သလဲ၊ ကျွန်တော်နာမည်မြမောင် ခေါ်ပါတယ်။ မှတ်ပုံတင်ပါလာတဲ့။ ပါပါတယ်။ ခင်ဗျားဒီကို ဘာလာလုပ်လဲတဲ့။ ကျုပ်ဒီမှာ တရားလုပ်မယ်လို့ အာရုံပြုပြီးလာပါ တယ်။ နဂိုက ဒီတောင်ကိုရောက်ဖူးလား။ မရောက်ဖူးပါဘူးဗျာ။ ဒီတောင်ကအခင်မတန်ဆိုးပါတယ်ဗျာ။ နေ့ခင်းဘက်တောင် ဖက်ခြောက်မကောက်ရဲပါဖူးဗျာ။ ခင်ဗျားဘယ်လိုလုပ်မလဲတဲ့။ မထူးပါဘူးဗျာ။ ဘာပဲဖြစ်ဖြစ်ဗျာ။ ဖြစ်ချင်တာဖြစ်ပေတော့။ သူကလဲအဲဒီလို ပြန်ပြောတယ်။ ဒါဖြင့်ခင်ဗျား ဒီတောင်မှာတရားအားထုတ်ဖြစ်ရင် ထမင်းကျုပ်ကျွေးမယ်။ အဲဦးဖင်းကြီးဒီ တောင်မှာတရားအားထုတ်ဖြစ်တယ်။ မှားခဲ့တဲ့ မိစ္ဆာအယူတွေကို မှားပြီးရင်မှားသမ္မာတစ်ချက်မရဘူး။ ငါတက်တယ်။ ငါနားလည်တယ်။ ငါ့သား၊ ငါ့မယား၊ ငါ့အိမ်၊ ငါ့ပစ္စည်း၊ ငါပိုင်ဆိုင်တဲ့ လောကီကိုအားကိုးနေတော့၊ ဒီတော့မှ ဝိပဿနာတရား ကိုရှာပြီဗျို့။ မဂ္ဂင်ရှစ်ပါး။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါသီလမဂ္ဂင်။ ဗမာလိုပြန်ရင် မှန်တာကိုကျင့်ပါ။ မှန်တာကို ပြောပါ။ မှန်တာကို အသက်မွေးဝမ်းကြောင်း ပြုပါတဲ့။ ဒီလိုတရားထိုင်လိုက်တဲ့အခါမှာ မဂ္ဂင်အာရုံကို နှလုံးသွင်းပြီး ထိုင်လိုက် တော့မှ မိစ္ဆာကံတွေငြိမ်တယ်ဗျို့။ ဖဲဝိုင်းသွားချင်သေးသလား။ မသွားချင်တော့ဘူး။ သူများသားမယားကို ဖျက်ဆီးချင်သေးလား။ မဖျက်ဆီးချင်တော့ဘူး။ အရက်ကို သောက်ချင်သေးလား။ မသောက်ချင်တော့ဘူး။ ကာယကံဟာငြိမ်ပြီ။ ဝစီကံ မုသာဝါဒ တွေပြောချင်သေးလား။ မလုပ်ချင်ဘူး။ ဒါဝိပဿနာ။ ခင်ဗျာတို့တွေးကြည့်၊ အဲ့ဒီတော့ ဘာကံဖြစ်လာသလဲ။ သမ္မာကံဖြစ်လာ တယ်။ ဘယ်ကဖြစ်လဲ။ မနောကဖြစ်နေပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ကံသုံးပါး။ ဦးဖင်းကစာမတတ်တော့ ခန္ဓာမှာ ဉာဏ်စိုက်တယ်။ ခန္ဓာမှာ မိစ္ဆာကံကိုပယ်တာ။ သဘောကတော့ ကံကတက်ရမှာကိုးဗျ။ ဒီလိုကျင့်တဲ့အခါမှာ ကာယကံသုံးပါး ကစာလိုရေးထားတယ်။ ပါဏာတိပါတာကိုလဲ ဒီအယူကို မယူဘူး။ အဒိန္နဒါနာကိုလည်း ဒီအယူမယူဘူး။ ကာမေသုမိစ္ဆာကို လည်း စာရာဒီအယူကိုမယူဘူး။ သူတရားထိုင်နေပြီ။ မိစ္ဆာအလုပ်ကိုမလုပ်တော့ပါဘူး။ သမ္မာအလုပ်ကို လုပ်နေပြီ။ ဒါခန္ဓာ မှာဉာဏ်စိုက်တော့ပါဘူး။ သမ္မာအလုပ်ကို လုပ်နေပြီ။ ဒါခန္ဓာမှာ ဉာဏ်စိုက်ထားတယ်။ ခန္ဓာမှာသမ္မာကံစိုက်ထားတယ်။ မိစ္ဆာကံပယ်ပြီဗျို့။ အဲ့ဒီတော့ဒီလို ဝိပဿနာမဂ္ဂင်ရှစ်ပါးနဲ့ ပယ်မှာသာလျှင်မိစ္ဆာကံနဲ့ သမ္မကံကိုသိမယ်။ မိစ္ဆာကံတွေ ဒီရက်မှာ ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ ဒီကံတွေငြိမ်ပြီး ဒီမိစ္ဆာကံတွေငြိမ်ပြီ။ ငါစွဲတဲ့ကံတွေ သတ်အုံးမယ်ဆိုပြီး မနောပြန်သတ် တယ်။ စွဲတဲ့ကံတွေဆိုတာ ဗျာပါဒစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ အဘိဇ္ဈာ။ ဗျာပါဒဆိုတာဘာလဲ။ တနေ့သောအခါ သူ့အဖေတွေက တစ်ရွာတစ်ကျေးမှာနေတော့ စာလေးလှုကြံပေးလိုက်တယ်။ စာဖောက်ကြည့်တော့ မြမောင်ရေ မင်းအဖေအမေတွေ သေပြီ ဟေ့ အဲဒါလည်းကြားရောဘဝင်စိတ်က တစ်မျိုးဖြစ်သွားရေဗျို့။ အဲ့ဒီအခါမှာအပြင်သီလလည်း ဘာမှမတက်နိုင်တော့ဘူး။ ရှစ်ပါးသီလလည်း ဘာမှမတက်နိုင်တော့ဘူး။ ဗျာပါဒကိုးဗျ။ ဒါအစွဲခေါ်တယ်။ အဲဒါဘယ်ကလဲ။ မနော။ ဘယ်မှာလဲ အသံပေါ်မှာ။ စာအာရုံပေါ်မှာ။ အာရုံမှာမနောကပါသွားတယ်၊ စွဲတာပေါ့ဗျာ။ အဲ့ဒါဗျာပါဒခေါ်တယ်။ အဲ့ဒီကံကိုလည်း ဝိပဿ နာမဂ္ဂင်ရှစ်ပါးနဲ့ပယ်ပါတယ်ဗျာ။ တဒင်္ဂဘဟန်မှာ သူပယ်လိုက်ပါပြီတဲ့။ အဲ့ဒီအချိန်မှာ စာကိုလည်း မဖက်တော့ဘူး။ ရေကို

လည်းမသောက်တော့ဘူး၊ ဘယ်လောက်ထူးတဲ့ မင်္ဂလာရှစ်ပါးပဲ။ ဒါတွေကိုမလုပ်ကြဘူး။ ပေါ့ပေါ့နေတယ်။ ပေါ့ပေါ့စားတယ်။ ဒါတွေသူတို့လုပ်ကြတယ်။ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆိုတာ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်၊ လှူတာလည်း သမ္မာဒိဋ္ဌိ၊ မကောင်းတာလုပ်တာလည်း မိစ္ဆာဒိဋ္ဌိ၊ ကောင်းတာယူတာလည်း သမ္မာဒိဋ္ဌိ၊ ဒိဋ္ဌိကပါနေတယ်၊ ဒိဋ္ဌိကလောကီကြောင်းခေါ်တယ်ဗျို့၊ အဲ့ဒီလောကီဒိဋ္ဌိကို ပယ်နိုင်အောင်ပယ်မှ ခင်ဗျားတို့ထူးမယ်။ ဒိဋ္ဌိရဲ့အကြောင်း။ အင်မတန်မှ ကိုယ့်စိတ်ကို ကိုယ်စစ်ရတယ်။ ဘာစိတ်တွေစစ်ရလဲ၊ ငါစားချင်တဲ့ စိတ်ကလေးရှိသေးသလား။ ဝတ်ချင်တဲ့စိတ်ကလေးရှိသေးလား။ အိပ်ချင်တဲ့စိတ်ကလေး ရှိသေးလား။ အဲ့ဒီတော့ ကိုယ့်စိတ်ကိုယ်စစ်တယ်၊ ငါသွားချင်တဲ့ စိတ်ကလေးရှိသေးလား။ မြင်ချင်တဲ့စိတ်ကလေးရှိသေးသလား။ ငါ့စိတ်ကလေးပျော်သေးလား။ စိတ်ကိုစစ်တယ်၊ အဲ့ဒီလိုစစ်ယူရပါတယ်၊ ဒီလိုကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောကံဟာ အဓိကပါပဲ။ သူကချည်းပဲထလုပ်တာ။ သူကတွေးလိုက်ကာယကံပါလိုက်၊ ဝစီကံပါလိုက်၊ ပါတွေဟာ အကြောင်းတရားတွေ၊ မြင်လိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ ထိခိုက်တဲ့အကြောင်းမြင်တာပေါ့ဗျာ။ မြင်တော့သိတာပေါ့၊ ကြားတော့ ဘဝင်ကသိတာပေါ့၊ ဒီလိုဖြစ်လာတဲ့အတွက်ကြောင့် ဘုရားကဟောပါတယ်။ ဘုရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ဒီအဝိဇ္ဇာအာရုံခြောက်ပါးကို မဂ္ဂင်နဲ့ သတ်မှသာလျှင် မဂ္ဂင်နဲ့ကျင့်မှသာလျှင်သိရမယ်။ အစွဲတရား၊ ဒီအစွဲတရားက ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောဘဝင်စိတ်၊ စက္ခုအာရုံကြောင့် အဝိဇ္ဇာအာရုံခြောက်ပါးခေါ်တယ်ဗျို့၊ အဲဒီတော့မြင်လိုက်တော့မှ သိလိုက်တယ်၊ ဘယ်ကသိလဲ၊ မနောကသိတယ်၊ သိတဲ့စိတ်ကလေး အဲဒီဘဝင်စိတ်ကလေးကမှတ်စိတ်ကလေး ဖြစ်တယ်ဗျို့၊ ငါးရာတန်နဲ့ ကျပ်တန်မြင်တာပေါ့ဗျ၊ မြင်တော့ သိတာပေါ့၊ သိတော့ မှတ်စိတ်ကဖြစ်သွားရော၊ ကိုယ်ကသတိလွှတ်တော့မှတ်တယ်။ မှတ်တော့ ဟောဒါကငါးရာတန်၊ ဒါကကျပ်တန်၊ ငါဘယ်ဟာ နှစ်သက်လဲ။ ငါးရာတန်ကိုနှစ်သက်တယ်။ အဲဒီငါးရာတန်ကို သာယာတာတဏှာ။ အဲ့ဒီတဏှာကနေဥပါဒါန်ဖြစ်တာကကံ။ အစွဲတရား ကံရိုးရိုးဖြစ်နေတာ။ ကံကလေးဖြစ်သွားပြီဗျို့၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်တယ်၊ ဖက်ပေါ်ဆူးကျလဲ ဖက်ပဲပေါက်တယ်၊ အဲဒီအာရုံငါးပါးနဲ့ မနောမွှောရုံနဲ့ ပေါင်းလိုက်တော့ မနောပွက်ပေါက်တယ်၊ ခင်ဗျားလည်းပြန်မှာပဲ။ ဦးပဋ္ဌိတလည်းပြန်မှာပဲ၊ တရားနာတဲ့သူလည်းပြန်မှာပဲ။ တရားဟောတဲ့သူလည်းပြန်မှာပဲ။ ပြန်တက်ဖို့လိုတယ်။ ကိုယ့်စိတ်ကိုယ်စစ်ပြီးတော့၊ ဪငါ့စိတ်ကလေးက အင်မတန်မှ ထူးမြတ်ပါလား။ ဪ (အေး အေး အေး)[၄] ပဲဖြစ်သွားပြီး။ အဝိဇ္ဇာကို ဘာနဲ့သတ်ရသလဲ။ အနိစ္စရဲ့ညဘော၊ ဒုက္ခရဲ့ညဘော၊ အနတ္တရဲ့ညဘော၊ မဂ္ဂင်နဲ့သတ်ရတယ်ဗျို့၊ မဂ္ဂင်နဲ့သတ်တဲ့အခါကျတော့ မိစ္ဆာရဲ့အယူဝါဒစိတ်တွေကို ပယ်တယ်။ သမ္မာရဲ့အယူဝါဒတွေဖြစ်လာတယ်။ အဲဒါသီလမဂ္ဂင်ဗျို့၊ သီလမဂ္ဂင်ရလာတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟတွေခေါင်းပါးလာပြီး အပြင်လောဘတွေလည်း ခေါင်းပါးလာပြီ၊ မြင်တဲ့အပေါ်မှာလည်း မစွဲလန်းတော့ဘူး။ ဪ အေး အေး အေး အတွင်းကလည်း ဒါတွေ ငါလိုချင်သေးသလား။ တောင့်တသေးသလား။ ငါတွက်ရှာချင် သေးသလား။ ဒါလေးတွေ ဟာစိတ်ကို စစ်တက်ဖို့လိုပါတယ်၊ မနောကံတွေ ပွက်ပေါက်လို့ အာရုံငါးပါးနဲ့ မနောမွှောရုံနဲ့ပေါင်းတော့ ကံကလေးတွေဖြစ်တယ်၊ ကံကလေးတွေဖြစ်တော့ မနောကံကပွက်ပေါက်တယ်။ ဒါကြောင့်မို့ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ၊ ဒါတွေဟာ စာတွေ။ သဗ္ဗေဆိုတာ အလုံးစုံသော။ အလုံးစုံသောဆိုတာ ဘာဖြစ်သလဲတဲ့၊ ဥပမာလေးပြောပြမယ်ဆိုရင် ကြက်မကြီးဟာ တစ်နေ့သောအခါမှာ ကြက်ဥတွေဥရော။ ဥတဲ့အခါကျတော့ အိမ်ရှင်ကကြော်စား၊ ပြုတ်စားတာပေါ့ဗျာ။ အလွယ်တကူနဲ့ ဘဲဥတွေထည့်ပေးလိုက်တယ် ဗျို့၊ ကြက်မကလည်း ဝပ်တော့တာပဲ

ဗျို့။ ဘဲလေးတွေပေါက်လာတဲ့အခါကျတော့ ဘဲလေးတွေကရေအိုင်ထဲမှာ သွားနေတယ် ဗျို့။ ရေအိုင်ထဲမှာသွားနေတော့ ကြက်မကမလိုက်တက်တော့ဘူး။ ဒါဘာလဲ ကြက်မစွဲတာပေါ့ဗျာ။ ငါးသားလို့ထင်ပြီးစွဲနေကြတဲ့အစွဲ ဥပါဒါန်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဘဝ။ စွဲရင်မာန၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာနဒိဋ္ဌိလောဘတွေလည်းဖြစ်ကုန်လိမ့်မယ်။ ဒေါသတွေလည်းဖြစ်ကုန်လိမ့်မယ်၊ မောဟတွေလည်းဖြစ်ကုန်လိမ့်မယ်။ စွဲတာ၊ လောဘ၊ ဒေါသ၊ မောဟတွေဖြစ်ကုန်ပြီ၊ ဒီ သီလတွေဟာပျက်ကုန်ပါပြီ။ သီလပျက်တော့ သမ္မာအယူလည်း နှလုံးသားမှာမရှိ။ မရှိတဲ့အခါမှာ ဘာတွေဖြစ်လာသလဲ။ သမုတိသစ္စာလည်းမမှန်တော့ဘူး။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ ဒါတွေမမှန်တော့ဘူးဗျ။ သမုတိသစ္စာဆိုတာ ဘာလဲ။ ငါသည် ဝိပဿနာရဲ့သစ္စာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ သူ့နှလုံးမှာ သမ္မာဖြစ်နေပြီ။ ယူတဲ့သူနဲ့ ပေးတဲ့သူနဲ့။ ဩော် (အေး အေး အေး)၊ ဟိုလူလည်းစိတ်ချမ်းသာတယ်။ ယူတဲ့သူလည်း စိတ်ချမ်းသာတယ်။ ပေးတဲ့သူလည်း စိတ်ချမ်းသာတယ်။ သူများတဖက်သားစိတ်ချမ်းသာသွားရင် သမုတိသစ္စာမှန်ပါတယ်တဲ့။ သမ္မာနှလုံးသားမှာ ဖြစ်လို့။ သူများပိုက်ဆံကိုယူပြီးတော့ ပိုက်ဆံကိုပြန်မပေးတော့ဘူး။ ပိုက်ဆံရှင်က သွားတောင်းတော့ ပိုက်ဆံရှင်လည်း ဒုက္ခရောက်။ ယူတဲ့သူလည်း ဒေါသဖြစ်။ မာန်တွေဖြစ်တာကိုး။ သစ္စာပျက်တယ်ဗျို့။ ချေးတဲ့သူကလည်း သမ္မာမရှိ ယူတဲ့သူကလည်း သမ္မာမရှိတော့ သစ္စတွေပျက်တယ်ဗျို့။ သစ္စာပျက်တော့ ကံကိုမယုံကြည်တော့ဘူးဗျို့။ ကံဆိုတာ ဘုရားကဟောသွားပါတယ်။ ပုဗ္ဗ၊ မုန္တ၊ ပရဆိုတဲ့ စေတနာကံလို့ခေါ်ပါတယ်။ ကံကိုယုံကြည်တဲ့သူက ကံကိုယုံကြည်သွားပြီ၊ ကြောက်သွားပြီ သူမလုပ်တော့ဘူး။ အေး ငါကြောက်ပြီကွာ ကောင်းတဲ့ကံလည်း ငါကြောက်ပြီ၊ မကောင်းတဲ့ကံလည်း ငါကြောက်ပြီ၊ အဲ့ဒီလိုစစ်လိုက်တော့ ဘယ်ကံလဲ။ မနောကံ၊ အာရုံငါးပါးနဲ့ မနောဓမ္မာရုံနဲ့ မပေါင်းတော့ဘူးတဲ့၊ သူသိသွားတာကို၊ ဒီကံကို ယုံကြည်သွားပြီ၊ အရင်ကဒီကံကို မယုံကြည်ဘူး။ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ အပျော်အပါးလိုက်တယ်။ မကောင်းတဲ့ကံတွေကို ငါအများကြီးလုပ်ပါလား။ ကံမယုံကြည်ဘူး။ ကံမယုံကြည်တော့ သစ္စာပျက်တာပေါ့ဗျာ။ ကိုယ့်လမ်းကိုယ့်သွားကြမှ။ ခုနက စာကရေးထားတယ်။ အဇာတသတ်နဲ့ ဗိမ္ဗိသာရ သားအဖချင်းတောင် စေတနာကမတူဘူး။ စေတနာချင်း မတူရင်ကံချင်မတူဘူး။ ကံချင်းမတူရင် ဘုံချင်မတူဘူး။ အဲဒါတွေဟာ အစွဲတရားတွေ အင်မတန်မှကြောက်မက်ဖွယ်ကောင်းပါတယ်။ ဒီလူ့ဘုံဟာ ဘယ်လောက်မှမကြာပါဘူး။ လူတွေမှာ လောဘ၊ ဒေါသ၊ မောဟ။ အဲဒါတွေဖြစ်နေကြတယ်။ ပြောပြန်တော့လည်း သဘောမပေါက်ကြဘူး။ ဩော် (အေး အေး အေး)၊ ပဲနေရတယ်။ ငါပေးနိုင်တဲ့ သတ္တိကတော့ ဒါနပဲပေးနိုင်တယ်။ မင်းတို့ကလည်း ငါ့ကိုယုံကြည်တယ်။ အဲ့ဒီဒါနက ရဟန္တာလျှုရင် ရဟန္တာမျိုးစေ့ရမယ်။ သမ္ဗုဒ္ဓဘုန်းကြီးလျှုရင် သမ္ဗုဒ္ဓမျိုးစေ့ရမယ်။ ကံဘုန်းကြီးလျှုရင် ကံမျိုးစေ့ရမယ်။ ဒီက သမ္မာနဲ့ကျင့်ထားတာ။ ဟိုကဝိနည်း (၂၂၇) သွယ်နဲ့ ကျင့်ထားတာ။ ဟိုကလည်းကျင့်တာပဲ။ ဒီကလည်း မဂ္ဂင်နဲ့ကျင့်ထားတာပဲ။ အဲဒါကတော့ သဘောလေးပဲ။ စာမတက်တော့ တက်တဲ့အလုပ်ကိုလုပ်သွားတယ်။ ဘယ်သူ့ကိုမှမပြောဘူး။ ကံဘုန်းကြီးဆိုတာကအပြင်မှာ ဝိနည်းကိုကျင့်ထားတယ်၊ အတွင်း အနုသယကို ကျင့်မကျင့်တော့မပြောတက်ဘူး သူ့ပေါ်မူတည်တယ်။ ဒါကြောင့် ကံဘုန်းကြီးခေါ်တယ်။ စာကရေးထားတယ်။ ပုထုဇဉ်သံဃာ။ အရိယာသံဃာ။ စာအရပြောရတာ၊ ဦးဇင်းကအရိယာလို့မပြောပါဘူး။ သဘောပေးပဲ ဟောသွားတာ။ ခင်ဗျားတို့လျှုတက်ဖို့လိုတယ်။ စားတက်ဖို့လိုတယ်။ နေတက်ဖို့လိုတယ်။ ဒါနလိုတော့ ခင်ဗျားတို့ကို ပေးသွားပြီ၊ သီလကတော့

ခင်ဗျားတို့စိတ်ကို ခင်ဗျားတို့ စစ်ဖို့လိုတယ်၊ စစ်မှသာလျှင် သီလဝိသုဒ္ဓိဖြစ်မယ်၊ ဒီသီလကခင်ဗျားတို့လုပ်ရမယ်။ အဲဒီသီလ မှန်ကန်ရင် ခင်ဗျားတို့ အပါယ်တံခါးပိတ်ပြီ၊ အဲ့ဒီအပါယ်တံခါးပိတ်တယ်ဆိုရင် ခင်ဗျားဟာခင်ဗျားသိလိမ့်မယ်၊ သိရမဲ့တရား၊ သူများသွားမမေးနဲ့ အရှုးဖြစ်အုံးမယ်။ သီလဆိုတာ လောဘ၊ ဒေါသခေါင်းပါးတယ်။ အဲဒါခင်ဗျားတို့ကို ပြောလိုက်ပြီ၊ မနော ကလောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးတယ်ဆိုတာ ဘယ်လိုလဲ။ ပြောပြမယ်။ ဒေါသဖြစ်တဲ့အကြောင်း ဥပမာစက်ဘီလေး တစ်စီးဝယ်ထားတယ်ပေါ့ဗျာ။ တစ်သောင်းလောက်ပေးရတယ်၊ အဲ့ဒီသူငယ်ချင်းကအငမတန်ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက် အဲဒီမိတ်ဆွေကြီးကလာငှားတယ်၊ လာငှားတဲ့အခါကျတော့မပေးလည်းမကောင်းဘူး။ ကိုယ်ကလည်း ပစ္စည်းကိုရှိုသေသေနဲ့ သိမ်းထားတာ။ သူလာငှားတော့ပေးလိုက်ရတာပေါ့ဗျာ။ ပေးလိုက်တော့ စက်ဘီးပြန်ပေးတဲ့အခါကျတော့ စမုတ်တံတွေကပြတ်၊ ခြေနင်းတွေကလည်းကောက်နေ၊ ပိုင်ရှင်ကသူပစ္စည်းကို ကြည့်လိုက်တဲ့အခါကျတော့ ပစ္စည်းကို စွဲလန်းတာ တဏှာဖြစ်ပြီဗျို့။ တဏှာကြောင့် ဒေါသဖြစ်သွားဗျို့။ မနောကံပေါက်သွားပြီ၊ ပစ္စည်းအကြောင်းနဲ့ ပတ်သက်ပြီး ဒေါသဖြစ်တယ်။ လယ်၊ ယာ၊ ချောင်း၊၊ မြောင်းနဲ့ ပတ်သက်ပြီး ဒေါသဖြစ်တက်တယ်။ ဒါကြောင့်မနောက ပွက်ပေါက်တယ်လို့။ ဒါကြောင့်ကိုယ့်စိတ်ကိုယ်စစ်ပါတဲ့၊ ဒီသီလတွေဟာမြင်တာသီလ၊ ကြားတာသီလ၊ နံတာသီလ၊ စားတာသီလ၊ ထိတာသီလ။ ဒီလိုသီလမျိုးကိုရအောင်ရှုပါ။ ခင်ဗျားတို့ကို ဖအေလိုအောက်မေ့တယ်၊ မအေလိုအောက်မေ့တယ်။ အစ်မကြီးလိုအောက်မေ့ တယ်။ ဒါတွေကို ကျင့်ကြံဒါ၊ ကြံကြပါ။ ဦးဇင်းကြီးကဘာမှစာမတက်ပါဘူး။ ခန္ဓာသိပါ။ ခန္ဓာသိဆိုတာ ခန္ဓာသိတဲ့ကံတရားကို သိတာပါ။ အဲ့ဒါ ခန္ဓာသိပါ။ ခန္ဓာသိတဲ့ကံတရားကိုသိတာပါ။ အဲဒါခန္ဓသိခေါ်တယ်။ စာသိကတော့ စာသိတရား။ စာသိကတော့ ဦးဇင်းကြီးကမသိဘူး။ ခန္ဓာသိက ကံအကြောင်းရဲ့တရားတွေကို သိတာ။ အဲဒါခန္ဓသိတရားတဲ့၊ ကိုယ်စာမတတ်တော့ လူပိန်း သိလို့ လူပိန်းကျင့်ရင် လူပိန်းလည်း နားလည်တယ်၊ ခင်ဗျားမျက်စိမြင်တာပေါ့။ မြင်တော့ မသိဘူးလား။ သိတာပေါ့။ သိတာ စိတ်ပေါ့။ ဘာစိတ်လဲ။ ဘဝင်စိတ်ပေါ့။ အဲ့ဒါကို မမှတ်ဘူးလား။ မှတ်တာပေါ့။ ပေဟဒါ ငါ့သားဟိုဟာ ငါ့သားမဟုတ်ဘူး။ ငါ့သားရဲ့သူငယ်ချင်း။ သညာကဖြစ်သွားပြီ၊ သညာကြောင့် သင်္ခါရဖြစ်သွားပြီ။ သဗ္ဗေသခါရ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသခါရ အနတ္တ။ ဒါတွေကို ဒီသီလအထူးသဖြင့် လုပ်ရမဲ့သီလ၊ ဒီခေတ်မှာ ပေါ့ပေါ့နေလို့မရဘူး။ ဗီဗီယိုကလည်းပေါ်ပြီ။ ကားတွေကလည်းပေါ်ပြီ၊ စက်ဘီးအမျိုးမျိုးကလည်းပေါ်ပြီ၊ အဝတ်အစားတွေကလည်း ပေါ်ပြီ။ နိုင်ငံခြားကကုန်ပစ္စည်းတွေ ကအကုန်ရောက်လာတယ်။ ရေဒီယိုကအစ၊ သူ့ထက်ငါကောင်းလောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်ပြီ၊ ရှေ့ကို သူဘာမှမမြင်တော့ဘူး။ အဲအဝိဇ္ဇာဆိုတာ အာရုံခြောက်ပါးမှာ မလွတ်ကြဘူး။ ကောဓမ္မောလုပ်ကြပါဆိုတော့ မလုပ်ကြဘူး။ အာရုံငါးပါးနဲ့ မနောဓမ္မာရုံနဲ့ပေါင်းတော့ အာရုံနောက်ကို မနောကပါပြီ။ မကောင်းတာလည်းပါပြီ၊ ကောင်းတာလည်းပါပြီ၊ အဲဒါကံတရား။ ခန္ဓာသိဆိုတာ ကံတရားတွေ။ ကံရဲ့အကြောင်းတွေသိလို့ပြန်ပြောတာ။ ကောင်းတဲ့ကံလည်းပါပြီ၊ မကောင်း တဲ့ကံလည်းပါပြီ၊ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ၊ အဲဒါကံတရားတွေ၊ ဒီကံနယ်ကနေပြီတော့ ရှာန်နယ်ကို သွားကြ။ ရှာန်နယ်ရတဲ့အခါကျ မှသိပြီ၊ သမ္မတလောက်ရသွားရင်သိပြီ၊ ကိုယ့်စိတ်ကိုယ်စစ်လို့ သမ္မထရသွားရင် သမ္မထကနေဝိပဿနာပြောင်းလိုက်၊ အပျက် တို့ရှုလိုက်တဲ့၊ အဲဒါတွေကို အားကျပိုကောင်းပါတယ် အစက ဒီဦးမြမောင်ကြီးက ဖဲရိုက်လိုက်၊ အရက်သောက်လိုက်ထင်ရာ နေ၊ ထင်ရာပြော။ သူများပစ္စည်းခိုး။ သဘော်ထဲလိုက်ပြီး ဗိနပ်ကအစခိုးတယ်ဗျို့။ အဲဒါအဝိဇ္ဇာဒါနာနဲ့ မဟုတ်တော့ဘူး။ မိစ္ဆာ ဒိဋ္ဌိအယူတွေဖြစ်ပြီ။ ငါမြင်တယ်။ ငါတက်တယ်၊ ငါနားလည်တယ်၊ ငါလုပ်မယ်ဆိုပြီး အဲ့ဒီအယူဝါဒ သူများဝါးတွေခုတ်၊ သူများထင်းတွေခုတ်၊ သူများရဲ့ခနီတွေကိုဝယ်၊ ပြန်မပေး။ ဒါမိစ္ဆာဒိဋ္ဌိတွေပေါ့ဗျာ။ ဒါနဲ့ သေသွားရင် သွားပြီပေါ့ဗျာ။ စားတော့ အများ။ ခံတော့တစ်ယောက်တည်း။ အေးကိုယ့်စိတ်ကိုယ်စစ်၊ အဲ့ဒီတော့မှ နေတက်ဖို့လိုတယ်၊ စားတက်ဖို့လိုတယ်၊ သိတက်

ဖို့လိုတယ်။ မရှိတာကို ရှာရင်ရမယ်။ မသိတာကအခက်ဆုံး။ ခင်ဗျားတို့ နီးနီးလေးပဲနော်။ ဘဝပြောင်းရတော့မယ်။ ဦးဇင်းက တော့ စာမတက်ဘူး။ အခုခွေးတွေ၊ တိရစ္ဆာန်တွေပေါ့ဗျာ။ အဲဒါမိစ္ဆာဒိဋ္ဌိပေါ့။ အတိတ်ကလာတာ။ အစကဒါတွေ ဦးဇင်းကြီး နားမလည်ဘူး။ အခုသိတယ်။ အခုခွေးပဲ၊ဒီကောင်းဘယ်ကလာသလဲ၊ မိစ္ဆာဒိဋ္ဌိနဲ့ ဟိုအတိတ်ကလာတာတဲ့။ အဲဒီခွေးကလူ အသိကို သိနိုင်ပါ့မလားတဲ့ မေးပြီးတဲ့။ အေးခွေးကမသိနိုင်ဘူးထား။ မင်းပြဲပဉ္စာဘုံကို သိနိုင်ပါ့မလားတဲ့၊ မသိနိုင်ဘူး။ ခွေးက မသိနိုင်တာထား။ လူကမသိနိုင်ဘူးဆိုတော့ ကြည့်သာလုပ်တော့ ဘုရယ်ချင်းရေ၊ ထိုင်ပေတော့။ ငါအစကဘာမှမသိခဲ့ပါဘူး။ ခန္ဓာမှာသိတဲ့ အသိတွေဟောတာပါ။ အရင်းတုန်းကငါမသိခဲ့ပါဘူးကွာ။ ကံတွေကို မသိဘူးကွာ။ အခုကံအလုပ်တွေ မလုပ် တော့ဘူးကွာကြောက်သွားပြီတဲ့။ ကံအလုပ်မလုပ်တော့ ငါအေးတာပေါ့ကွာ။ အဲ့ဒီလိုအေးတဲ့ မါတ်တွေဝေ ဒနိယဒိဋ္ဌိ မျက်မှောက် အကျိုးပေးပါတယ်ကွာ။ ငါဆီမှာလာပြီးတော့ အယုတ်၊ အလတ်၊ အမြတ် မရွေးလာလျှုတယ်ကွ။ ကလေးတွေက လည်းလှူ၊ လူကြီးတွေကလည်းလှူ။ အရင်တုန်းကတော့ကွာ။ ဖဝိုင်းဖဲ့ရှုံးရင်အိမ်လည်း မပြန်နိုင်ဘူးကွ။ အလောင်းအေးနား အိပ်နေရင် ဖို့ကိုဟိုလူကကျော်လိုက်၊ ဒီလူကျော်လိုက်၊ ဆေးလိပ်တောင်မသောက်ရပါဘူးကွ။ အဲငါတပြန်သွားတော့ သူများ ဖိနပ်ကို ခိုးသေးတယ်တဲ့ကွ။ အဲငါတပြန်သွားတော့ သူများဖိနပ်ကို ခိုးသေးတယ်တဲ့ကွာ။ ဖိနပ်တောင်ခုံဖိနပ်ကို မခိုးဘူးကွ။ ဆင်ကြယ်မှခိုးတာကွ။ အဲဒါမှတ်တာပေါ့ဗျာ။ ဘယ်ဖိနပ်ကတန်ဖိုးရှိတယ်၊ ဘယ်ဖိနပ်ကတန်ဖိုးမရှိဘူး။ စေတသိတ်ကံမှတ် တာပေါ့၊ ငါလုပ်လိုက်တော့ ငါလည်းလုပ်မယ်ကွ။ အဝိဇ္ဇာဆိုတာကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲ့အဝိဇ္ဇာက ကာမသဝက ချည်ထားတယ်။ ဟာကာမသဝလည်း ငါမလွတ်တော့ဘူးကွ။ ဘဝါသဝလည်း ငါမရုန်းနိုင်တော့ဘူးကွ။ ဒိဋ္ဌာ သဝလည်း ဝိပဿနာ ခန္ဓာငါးပါးလည်း မကျင်နိုင်တော့ဘူးကွ။ အဝိဇ္ဇာငါကိုနှိပ်စက်ပြီကွာ။ အဲ့ဒီအဝိဇ္ဇာမဂ္ဂင်နဲ့ရှာတော့မှ သဘောပေါက်တယ်ကွာ။ မဂ္ဂင်ရှစ်ပါးပဲတဲ့၊ ငါဝိနည်း (၂၂၇) သွယ်ကို ဘာမှမသိဘူးကွာတဲ့၊ အခုမင်းညစာငါ့ကိုကျွေးတယ်ကွာ။ ဝိနည်းနဲ့ဆိုရင်တော့ ဆန့်ကျင်ဖက်ပေါ့ကွာ။ မဂ္ဂင်နဲ့ ကြည့်ရင်တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲမှန်တာကို ကျင့်ပါတယ်။ မှန်တာကိုပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတယ်တဲ့။ လာပေးတာကွ။ ငါဒီမှာထိုင်နေတာ တဲ့ကွ။ အဲငါစားလည်းဖြစ်တယ်ကွ။ မစားလည်းဖြစ်တယ်ကွ။ ဝိနည်း (၂၂၇) သွယ်နဲ့ ငါကိုပယ်ပြီပေါ့ဗျာ။ ဟာ (အေး အေး အေး)[၄] ငါဒါပဲပြောတက်တယ်တဲ့၊ အဲဒီတော့သဘောလေးပြောပြမယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ကံသုံးပါး။ အစတုန်း ကတော့ ကာယကံနဲ့ ဝစီကံတောင်ချုပ်ထားရတယ်ဗျို့။ တရားထိုင်ပြီးတော့၊ မနောလည်း ချုပ်ရင်ကာယကံ၊ ဝစီကံဘယ်မှ မသွားတော့ဘူး။ အဲဒီတော့ ဝစီကိစ္စတွေ ငါမလုပ်တော့ဘူး။ ရေလည်းမခပ်တော့ဘူး။ လှည်းမနှိပ်တော့ဘူး။ ဒီမဂ္ဂင်သိမှ သာလျှင်ဒီအသိတွေ သိမယ်၊ ဒီဟာတွေဟာ ငါ့ဝွလန်းတာ။ ရေခပ်ချင်သေးသလား။ လှနှိပ်ချင်သေးသလား။ ဒါငါမလုပ်တော့ ဘူးဆိုပြီး ဝစီကိစ္စတွေသိမ်းလိုက်တာ။ ဘာနဲ့ သိမ်းလိုက်လဲ။ မဂ္ဂင်နဲ့သိမ်းလိုက်တယ်။ မဂ္ဂင်ဆိုတာက ဝိပဿနာ။ ကာယကံ၊ ဝစီကံ၊ မနောကံတွေသိမ်းပြီ၊ အဲဒါမဂ္ဂင်နဲ့သိမ်းတာပဲ။ တပလ္လင်လေခွေပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့။ အဲသမ္မာသင်္ကပ္ပပြီးတော့ ရွာမြင်ပြီဗျို့၊ ရွာမြင်တော့မှ အေးကွာ (ဘုရား)[၅] တဲ့၊ မျက်ရည်ကျတယ်။ ငါလိုသိကြပါစေ။ ဒါပဲပြောတက်တယ်၊ ငါအရင်တုန်းကအရက်သမား၊ ဖဲသမား၊ ဘိုတဲ့မှာ ဒရဝမ်လုပ်၊ ဘာလုပ် နောက်ကြောင်းတွေကိုဘဲ မြင်ကြတယ်ဗျို့၊ မြမောင်ရဲ့နှလုံးသား ဘာဖြစ်သွားတယ်ဆိုတာ သူတို့မမြင်ကြဘူး။ ဒါကြောင့်မို့ အေးအေးအေး။ ဟုတ်ပါတယ်ဗျာ။ ဟုတ်ပါတယ်၊ ရပ်ဝေးကိုငါသွားတော့မယ်တဲ့၊ ရွာနားကမြက် ရွာနွားမစားတော့ဘူးတဲ့၊ ငါကိုသိသွားပြီတဲ့၊ ဟိုးအဝေးကတော့ ငါကိုမသိဘူးတဲ့၊ ငါဟောရင်ရမှာပဲ၊ ငါပြောရမှာပဲ၊ အဝေးသမား တွေက သိကြပြီ၊ ကျင့်လာတဲ့ ခရဏာတွေကရှိတယ်။ ဒီက ခန္ဓာသိတရားတွေဟောတဲ့အတွက်ကြောင့် အားရပါးရထူးခြားပါ

တယ်။ မြမောင်ရဲ့ အိမ်နီးချင်းနားနေတော့ မြမောင်ရဲ့အကြောင်းက မကောင်းခဲ့ပါဘူး။ ရှုပ်လာပါတယ်။ သာသနာမှာလည်း တော်တော်ရှုပ်ပါတယ်။ ဒါကြောင့် ဦးဇင်းကလောကဓံတက်ရှစ်ပါး။ ငါကအဝိဇ္ဇာကို ငါ့ခန္ဓာအတွင်းမှာ တိုက်နေရပါလား။ အာရုံတွေနောက်ကို မနောမမ္ပာရုံကမပါရအောင် ငါသစ္စာထားမယ်။ တရားရပြန်တော့လည်းကောင်းကောင်း မနေရဘူးဗျို့။ ဟိုကလာလိုက် ဒီကလာလိုက်၊ အာရုံတွေ။ အာရုံငါးပါးမှာမြင်တာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ နံတာလည်း မမြဲပါလား။ ဦးဇင်းတိုက်တဲ့စစ်ကအတွင်းကို တိုက်ရပါတယ်။ စစ်ဗိုလ်တွေတိုက်တာတော့ အပြင်တိုက် တာပေါ့ဗျာ။ အဲဒါရှေ့တန်းတိုက်တာ။ ဒီက ခန္ဓာအတွင်းမှာ အဝိဇ္ဇာကိုတိုက်ရပါတယ်။ စိတ်ကိုနိုင်ရင် ဝိဇ္ဇာဉာဏ်။ အဲဒါအစစ် အမှန်တွေပဲ။ မဂ္ဂင်နဲ့တိုက်မှာလမ်းပေါ်လမ်းမှန်ကိုရောက်မယ်။ လမ်းပေါ်ရောက်တဲ့ အခါကျတော့ လျှောက်တက်တယ်။ အဲဒီကနေကွယ်လွယ်တက် ကမ်းမမြင်ရဘူးဗျ။ မြောင်းမြတက်ကမ်းကနေကွယ်လွယ်တက်ကမ်း ဘယ်နှစ်ယောက်ရပ်လဲဆိုတာသိတယ်။ မဂ္ဂေါလမ်းလျှောက်တက်ဖို့လိုတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးမှာ မနောကံက အကြီးဆုံးပါပဲ။ မနောကံဟာ အာရုံငါးပါးနဲ့ ပေါင်းပါတယ်။ အဲဒါအနုသယကံတွေ။ ဆူးပေါ်ဖက်ကျ။ ဖက်ပေါက်တက်။ ဖက်ပေါ်ဆူးကျ ဖက်ဖောက်တယ်။ ကျင့်ကြ ကြံကြ။ မရဏသေမင်းကအချိန်ကျရင် ခေါ်လိမ့် မယ်။ ခေါ်လို့ရှိရင်လာဘ်ထိုးလို့လည်းမရ၊ ဘာမှမရဘူး။ ဒီအသိတွေကို ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ၊ ကိုယ်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကိုသနားပါ။ ကိုယ်ကျင့်တရားထားပါ။ ပြဟ္မစိုရ်တရားထားပါ။ ရာဇမာန်တွေ၊ နေမာန်တွေ၊ ဥစ္စာမာန်တွေ၊ ပစ္စည်းမာန်တွေ၊ စာမာန်တွေ၊ ငါမာန်တွေမစွဲနဲ့။ အဲဒီမာန်တွေ ဖယ်လိုက်။ ဩော် အေး အေး အေး အပြင်မှ စင်ကြယ်မှ ခန္ဓမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှာ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ် ဘူးဆိုတာ အာရုံနောက်ကို မနောကလိုက်သွားတာ။ အာရုံတွေကြားတဲ့အပေါ်မှာ ပါတယ်။ မြင်တဲ့အပေါ်မှာပါတယ်။ အနံ့ပေါ်မှာ ပါနိုင်တယ်။ ဇိဝှာပေါ်မှာပါနိုင်တယ်။ ကိုယ်အသားထိတော့လည်းပါနိုင်တယ်၊ ဒီကောင်ပါနေပြီ။ ဒီကောင်မပါနိုင် အောင် ကာယကံ ဒုစရိုက်၊ ဝစီကံ ဒုစရိုက်၊ မနောကံ ဒုစရိုက်၊ ကံဒုစရိုက်တွေကို မြင်အောင် ဝိပဿနာမဂ္ဂင်နဲ့တိုက်ပေတော့။ အဲဒီလိုတိုက်တဲ့အခါမှာ မိစ္ဆာအယူကိုပယ်ပြီး သမ္မာအယူကိုယူပြီး။ သီလမဂ္ဂင်ဖြစ်တော့ သမာဓိမဂ္ဂင်ဖြစ်လာတယ်။ သမာဓိဆိုတာ အတွင်းမှာအနုသယစိတ်တွေခေါင်းပါးလာတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေ လုံနေတော့ သမ္မာဖြစ်တယ်။ နှလုံးသားရဲ့ ကံတွေကတွေးအုံ့မလား။ အတွေးတွေကခေါင်းပါးပြီး သမာဓိတည်လာပြီး ရုပ်ကိုပြန်ရှုလိုက်တာ။ ရုပ်အကျိုး နာမ်အကြောင်း၊ အကျိုးနဲ့အကြောင်းသာဖြစ်တယ်။ ဟောအကျိုးပေါ်ကအကြောင်းကနေ ဒုက္ခသစ္စာမှာ သမုဒယသစ္စာလို့ ခေါ်ပါတယ်။ အကျိုးပေါ်မှာ ဝေဒနာတွေပေါ်လာတယ်။ အဲဒီဝေဒနာတွေပေါ်လာတဲ့အခါမှာ အဲဒီအကြောင်းကို သတ်ရမယ်။ ခန္ဓာကအကြောင်းကို သတ်မှ အပြင်ကအကြောင်းတွေရပ်မယ်။ အကြောင်းကို မသတ်ရင်အပြင်အကြောင်းတွေမရပ်ဘူး။ သွားစွဲလိမ့်မယ်။ သွားစွဲရင်ဝိပဿနာနဲ့ကျင့်တဲ့အခါမှာ မိစ္ဆာတယူကိုမယူနဲ့။ သမ္မာအယူကိုယူ။ မကောင်းတဲ့ငါဆိုတဲ့အယူကို မယူနဲ့။ အနတ္တကိုယူ။ အတ္တကိုမယူနဲ့။ ဒီသဘောလေးတွေ။ ဒီလောက်ဆိုသဘောပေါက်ရောပေါ့ဗျာ။ (သာဓု သာဓု သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၉

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

## (၂၅-၁၂-၂၀၁၁) ရက်နေ့၊ ရန်ကုန်မြို့၊ တောင်ဒဂုံ၊ အောင်မောဓိဘုရား၊ ဝိသုဒ္ဓိဆရာတော်ဂါ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၃၇)

ဝိသုဒ္ဓိ ဝိဝဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၂၅-၁၂-၂၀၀၀) ရက်နေ့ ရန်ကုန်မြို့ တောင်ဒဂုံ၊ အောင်ဇေယျဗိုလ်ဘုရား၊ ဝိသုဒ္ဓိဆရာတော် ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဦးဇင်းကစာပေကျမ်းဂန်မတတ်ဘူး။ အဲဒီတော့ စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် အားလုံးဆရာတော် သမားတော်တွေ၊ ရှင်သာမဏေတွေအားလုံး တပည့်တော်က စာမတတ်တဲ့အတွက်ကြောင့် ပညတ်နဲ့ပရမတ်နှစ်ခု စပ်တာကိုးဗျ။ အဲ့ဒီတော့ နှစ်ခုစပ်တဲ့အတွက်ကြောင့် ပညတ်နယ်မှာ အသိတရားများဟောပြောတဲ့အခါမှာ မှားယွင်းလို့ ရှိရင်တပည့်တော်က (အားလုံး)[၂] ဆရာတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ကိုရင်လေးတွေကအစ တပည့်တော် တောင်းပန်ပါတယ်။ စာမတတ်ဘူး။ ဟောတွက်ကြီးတဲ့၊ ဝါကလည်း ဘာမှမရှိဘူးတဲ့။ နောက်ဒကာ၊ ဒကာမ အားလုံး တရ တရားနာတဲ့ ပရိတ်သတ်အပေါင်းများကိုလည်း ကိုယ့်အစ်ကိုလို၊ ကိုယ်အဖေလို၊ ကိုယ့်မအေလို၊ အသိတရား ကိုပြောပြတာပါတဲ့ စာပေကျမ်းဂန်မတတ်ဘူးတဲ့။ အားလုံးဦးဇင်းကနေပြီးတော့ တောင်းပန်ပါတယ်တဲ့။ အဲ့ဒီတော့ ပညတ်တရားနဲ့ ပရမတ်တရား၊ စာရေးထားတယ်။ ဒါပညတ်တဲ့ ပရမတ်တဲ့ စာအရ ဒါအသိလေးပြောတာပါဗျာ (သံသရာ ဘယ်ကစသလဲတဲ့) ဟောခန္ဓာကစတယ်တဲ့။ သံသရာ ဘယ်ကစလို့လည်သလဲတဲ့ ခန္ဓာကစလို့ လည်တယ်တဲ့၊ သံသရာ ဘယ်ကပြတ်သလဲတဲ့။ ခန္ဓာကစလို့ ပြတ်တယ်တဲ့။ လည်တဲ့တာနဲ့ပြတ်တာဘာကြောင့် ဖြစ်ရတာလဲတဲ့။ ဘာကြောင့် လည်သလဲတဲ့။ သံသရာဘာကြောင့် လည်ရသလဲတဲ့ ယခုဘဝပစ္စုပ္ပန်တည့်တည့်လေးနော် ရှေ့လည်းမမျှော်နဲ့ နောက်လည်းမတွေးနဲ့ တည့်တည့်လေးဟောလိုက်ကာ မြင်လိုက်တော့သိတယ်။ အဲ့ဒီသိစိတ်လေးကို ဟောပြတာ ကိုယ့်နားလေးက ကြားတယ်။ နားကြားတော့ သိတယ်။ သိစိတ်ကလေးကိုဟောပြတာ သဘောလေးနဲ့သာနာ။ အဲ့ဒီ တော့ဒီသံသရာဘယ်ကစသလဲဆိုတော့ ခန္ဓာကစတယ်တဲ့။ ခန္ဓာကစပြီးလည်ရပါတယ်တဲ့။ ဘာကြောင့်လည်ရသလဲ တဲ့ အဲ့ဒီတော့ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ နိရောဓသစ္စာ နဲ့မဂ္ဂသစ္စာ၊ အဲ့ဒါသစ္စာ (၄) ပါးသတဲ့ဗျို့။ ဒီသစ္စာလေးပါးကို သဘောလေးနဲ့ ဦးဇင်းကပြောပြပါမယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား အဲ့ဒီတော့ဦးဇင်းတို့မှာရှိတဲ့ (ကိလေသာဝဋ်)[၊] ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ဒါစာရေးထားတယ်။ ဒီကိလေသာဝဋ်က ဦးဇင်းတို့ရုပ်တရားခေါ်တယ်။ ဒုက္ခသစ္စာလို့လဲခေါ်လိမ့်မယ်ပေါ့ဗျာ။ ကိလေသာ ဝဋ်ဆိုတာ ရုပ်တရားလို့ခေါ်တယ်။ ဝဋ်ကြီးရနေတယ်နော်။ အဲ့ဒီဝဋ်ကြီးကို သိဖို့လိုတယ်၊ အဲ့ဒီတော့ မသိတာနဲ့ (မရှိတာ)[၂] ကိုရှာရင်ရတယ်။ မသိတာက အခက်ဆုံး အဲ့ဒါရုပ်တရား။ အဲ့ဒီရုပ်တရားမှာ တဏှာရှိတယ်။ အဲ့ဒီရုပ်မှာ တဏှာရှိတယ်။ တဏှာရှိတာကို ဂန္ဓိရှာဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏဥဒပါဒိ လို့ ဒါစာရေးထား တယ်။ အဲ့ဒီကိလေသာမှာ တဏှာရှိတယ်တဲ့။ ကပ်နေတယ်တဲ့နော်။ ကိလေသာမှာ တဏှာလေးရဲ့ သဘောလေး ကိုပြောပြမယ်။ ကိလေသာရဲ့သဘောလေးကိုလည်း ပြောပြမယ်။ အဲ့ဒီတော့ ဒီတဏှာဟာ အဲ့ဒီတော့ ဒီတဏှာလေးဟာ ဘယ်လိုလဲ ဟောဥပမာပေါ့ဗျာ ခင်ဗျားပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခု၊ ရှေ့မှာချထားလိုက်တယ်။ ထိုသူတစ်ယောက်က ရိုက်ချိုးလိုက်တယ်။ ပစ္စည်းကလည်း တန်ဘိုးအလွန်ရှိတဲ့ ပစ္စည်းအဲ့ဒီရိုက်ချိုးလိုက်တော့ဟာ (တောက်) တောက် ခေါက်တယ်ဗျို့။ ဘာဖြစ်လို့ ပစ္စည်းစွဲတာတဏှာခေါ်တယ်။ အဲ့ဒါတဏှာပဲ (တဏှာကြောင့် ဒေါသဖြစ်တယ်)[၂] နော် ဒေါသဖြစ်သွားရင် သီလဝိသုဒ္ဓိဖြစ်နိုင်ပါ့မလားတဲ့ မဖြစ်နိုင်ဘူးတဲ့။ အပြင်မှာ မစင်ကြယ်တော့ ခန္ဓာမှာလဲ မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာလဲမပေါက်ဘူး။ အပြင်မှာ စင်ကြယ်ရင်ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင်

ညဏ်မှာစင်ကြယ်မယ်။ ဒါဉာဏ်စခန်းခေါ်တယ်။ ဂမ္ဘီရဉာဏ်ခေါ်တယ်။ သဘောလေးနဲ့နာ။ ဦးဇင်းကဒါနောက်ဆုံး တရားပွဲ ညကိုးသေချာလေးပြောပြမယ်။ အဲ့ဒီတော့ ကိလေသာမှာ တဏှာရှိတယ်။ ခုနပစ္စည်းကို ရိုက်ချိုးပစ်လိုက်တယ်။ ပိုင်ရှင်ကဒေါသဖြစ်တယ်ဗျို့။ ဒေါသဖြစ်တော့ အဲ့ဒီအာရုံမှာ စက္ခုအာရုံမှာ ဒီအာရုံမှာ သူမမှတ်ဘူးလား။ မှတ်တာပေါ့။ မှတ်တာက သညာနော်။ အဲ့ဒီတော့ ဒီပစ္စည်းတစ်ခုကို မှတ်လိုက်တဲ့အတွက်ကြောင့် အော်ငါ့ပစ္စည်းရိုက်ချိုးလိုက်ပါလား။ တန်ဖိုးက (၁) သိန်းလောက်တန်တယ်။ အခုကျိုးသွားပြီ။ ဒေါသဖြစ်တာပေ့ါ။ အဲ့မှန်တယ်ဗျို့။ (အတွနယ်ကတော့ မှန်တယ်ဗျို့)၂ တဏှာကိုလိုက်စားတဲ့ အတ္တနယ်ကမှန်တယ်ဗျို့။ အနတ္တနယ်ကအော် သဘောပဲ အော် အနတ္တမြင်တာ လဲမမြဲဘူး။ ကြားတာလဲမမြဲဘူး။ နံတာလဲမမြဲဘူး။ စားတာလဲမမြဲဘူး။ ထိတာလဲမမြဲဘူး။ သိတာလဲမမြဲဘူး။ မမြဲတော့ မစွဲဘူးဗျို့။ ဥပါဒါန်မဖြစ်ဘူးဗျာ။ သဘောလေးနဲ့နာ။ ဥပါဒါန်အကြောင်းကို ထုတ်ထုတ်ပြသွားတာ။ ဥပါဒါန်ဟာသံသရာ လည့်တယ်။ ဥပါဒါန်ဟာကံလို့ခေါ်တယ်။ ဘယ်ကံလဲ မနောကံ အဲ့ဒီကံဟာ သံသရာကို ချဲ့ထွင်မဲ့တရားခေါ်တယ်နော်။ ဒါကြောင့်မို့ အတ္တကနေပြီးတော့ အနတ္တပြောင်းယူလိုက်တယ်။ အော် အသိတလုံးအမြတ်ဆုံးတဲ့ ဟောအသိလေး ကိုယူထားလိုက် (အေးကွယ် မတော်တဆ ဖြစ်သွားတယ်)၂ (ဘယ်လိုမှမအောက်မေ့ပါဘူး မောင်ရင်ရယ်)၂ ဆုံးရှုံး ပါစေ ဟောပိုင်ရှင်က တောင်းပန်တယ်ဗျို့။ အဲ့ဒါတွေးသာကြည့်ပေတော့ဗျာ။ ခင်ဗျားတို့စိတ်ခင်ဗျားတို့သာစစ်။ တရားဟာ ခန္ဓာမှာရှိတယ်။ စာတရားရှိတယ်။ ခန္ဓာသိတရားရှိတယ်။ စာနဲ့ပတ်သက်တဲ့ ဝိပဿနာရှိတယ်။ ခန္ဓာနဲ့ပတ်သက်တဲ့ ဝိပဿနာရှိတယ်။ သဘောလေးနဲ့နာ အမှန်ကတော့ စာပယ်တာမဟုတ်ဘူး။ စာရှိလို့ ခန္ဓာသိကို ကျင့်လို့ကြံလို့ သဘော ပြောပြတာနော်။ ဒီစာသာမရှိရင် ပြောလို့မရဘူးဗျ။ လက်ပိုက်နေရမယ်။ အဲ့ဒီတော့ ဒီစာတွေက စာကမှန်၏။ ညာဏ်မမိ ထိအောင်သူမသိ။ စာတွေငါအတွေအကြုံ နှစ်လီရှိတယ်။ စာတွေထက် ငါတွေကသာတယ်တဲ့။ အဲ အဲ့ဒါကိလေသာနဲ့ တဏှာပေ့ါဗျာ။ အဲ့ဒီရုပ်တရားကနေပြီးတော့ အဲ့ဒီတော့ တဏှာနဲ့ တွဲနေပြီးတော့ သူမသိဘူး။ ကံသာသိတယ်။ ညာဏ် မသိဘူးဗျ။ အဲ့ဒီတော့ ဥပမာလေး ပြောပြမယ်ဆိုရင် ရုပ်မှာတဏှာရှိတယ်။ နာမ်မှာလဲ တဏှာရှိတယ်။ သဘောလေးနဲ့ ပြောပြမယ်။ အဲ့ဒီရုပ်မှာတဏှာဆိုတော့ ဦးဇင်းဖအေအမည်က ဦးချိုးတိုးမှတ်ထား။ မအေနာမည်က ဒေါ်အုန်းမေ တဲ့တစ်ရပ်တကျေးမှာနေကြတယ်တဲ့)၂အခါမှာ အလုပ်အကိုင် အကြံအစည်နဲ့လာပြီးတော့ ဆုံကြပါတယ်တဲ့။ အလုပ် အကိုင်တွေလာလုပ်ကြပါတယ်တဲ့။ လုပ်တဲ့အခါမှာ ဦးချိုးတိုးက ဒေါ်အုန်းမေရဲ့ ရူပကာယကိုကြည့်လိုက်တဲ့အခါမှာ အဲ့မျက်စိလေးကလည်း အလွန်ကောင်း၊ နှာတံလေးကလဲ အလွန်ကောင်းအသားအရေလေးကလည်း အလွန်ကောင်း ငါတွေ့တော့ (ပြုံးပြုံး)၂ ပါလား အဲဦးချိုးတို့က ဒေါ်အုန်းမေကြီးက (ပြုံးပြုံး)၂ ပါလားဆိုတော့ အဲ့ဒီရူပကာယ အာရုံကိုသာယာတာဗျို့။ အဲ့ဒါတဏှာဘဲဗျို့။ တဏှာနဲ့ တည်ဆောက်တော့မယ် အဲ့ဒေါ်အုန်းမေကြီးကလည်း ဦးချိုးတိုးက အဲသူ့ရှေ့မှာဦးချိုးတိုးက လုပ်ပြတော့ အော် ဒီပုဂ္ဂိုလ်ဟာ ငါတစ်သက်လုံးလုပ်ကျွေးမှာဘဲ ဒီပုဂ္ဂိုလ်ဟာ အလုပ်အကိုင် သိပ်ကောင်းပါလား။ ငါလုပ်ကျွေးမှာဘဲ ဒေါ်အုန်းမေကစဉ်းစားတယ်။ တွေးတောတယ်ဟာ။ သူ့ယူရင်တော့ ငါကောင်းမှာဘဲ။ ဟောတစ်ရွာတကျေးမှာ ဒါလဲအာရုံကြောင့် တဏှာဘဲ ဘာလဲ သညာဗျ။ သညာဆိုတာ အမှတ်ခေါ်တယ်။ အဲ့ဒီတော့ မိရိုးဖလာရဲ့ အမှတ်တွေနော်။ သဘောလေးနဲ့နာ အဲ့ဒီအမှတ်ကနေပြီးတော့ ကိုယ့်ကို ဒုက္ခပေးသွားတာပါဘဲ။ အဲဒီအမှတ်ကနေပြီးတော့ (ပြုံးပြုံး)၂ နဲ့ ဒေါ်အုန်းမေကလည်း (ပြုံးပြုံး)၂ ဦးချိုးတိုး ကလည်း

ပြုံးပြုံး နောက်ဆုံးတော့ ညားတာပါဘဲဗျာ။ ဟောအဲ့ဒါတဏှာနဲ့ ပဋိသန္ဓေနေပြီးတော့ အိမ်ထောင်လိုက်တော့ ကိလေသာရုပ်တရားဖြစ်တယ်ဗျို့။ အဲ့ဒါဦးမြမောင်ပါပဲ။ အဲ့ဒါအခု ဦးမြမောင်ခေါ် ဦးပဏ္ဍိတပါပဲနော်။ အဲ့ဒီတော့ ဦးမြမောင်ကလည်း ဘဝအနန္တရက ဘဝတွေ (တစ်ဘဝနဲ့တစ်ဘဝ)၂ ဒီကံကမပြတ်ခဲ့ဘူး ဒီ (တဏှာက မပြတ်ခဲ့ဘူး)၂ ကံမပြတ်ခဲ့ဘူး။ ကံမပြတ်တော့ အလွန်ကောင်းတဲ့ လူ့ဝမ်းထဲမှာ သူကအဲသမ္မာနဲ့လာပြီးတော့ ငါတော့ သမ္မာကုသိုလ်နဲ့ ငါဒေါ်အုန်းမေ ဦးချိုးတိုးဝမ်းထဲမှာ ဖူးစာရေးနတ်ကရေးပေးပြီး ဝင်လာတယ်ဗျို့။ ကံပဲအဲ့ဒီအတိတ်က တဏှာကံကို မပြတ်လို့ဟော ဒီဘဝမှာ လာပြီးတော့ ဝင်ရပါတယ်။ ပဋိသန္ဓေနဲ့ အဲ့ဒီနှစ်ခုကလည်း တဏှာနဲ့ကိလေသာရုပ်ကို ဖြစ်ရပါတယ်ဗျာ။ အဲ့ဒီသဘောအဲ့ဒီတော့ အတိတ်ကံကနေပြီးတော့ အော် (တဘဝပြီးတဘဝ)၂ဆိုတော့ ပစ္စုပ္ပန်ဘုံမှာ လာပြီးတော့အမိဗွာန်တွေတည်ပါတယ်။ ကံကိုးဗျ။ ပြတ်မှမပြတ်တာ အဲ့လူရွယ်လေးဖြစ်လာတဲ့အခါကျတော့ ဘာလုပ်လာလဲ ဖအေ မအေက ဆင်းရဲနွမ်းပါးတယ်။ ဦးချိုးတိုးတို့ ဒေါ်အုန်းမေတို့ အိမ်မဲမြို့နယ်၊ သရက်ကုန်းရွာမှာနေပါတယ်။ သရက်ကုန်း၊ သီးကွင်း၊ လို့ခေါ်တယ်။ အဲ့ဒီသရက်ကုန်းရွာနေတဲ့အခါတောမှာ သူတို့စပါးစိုက်၊ ကောက်စိုက်၊ ပျိုးနုတ်ဒါတွေလုပ်ကြတယ်။ ခွက်ကောက်ပါ။ လယ်ပိုင်လဲမရှိဘူး။ ဥယျာဉ်လဲမရှိဘူး။ ထမင်းတစ်လုပ်စားဖို့ကနော် ခန္ဓာရဲ့ဒုက္ခဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ ခန္ဓာဝန်ရဲ့ဒုက္ခ။ အဲ့ဒါမသိလိုက်ဘူး။ မနက်တစ်နပ်၊ ညတစ်နပ်၊ သံဟောဇဉ်လေးတွေ (မီးလေးတွေ) ပွါးနေတာ ဒါတွေလဲစွဲလန်းတယ်။ ဥပါဒါန်တွေဗျာနော်။ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ အဲ့ဒီတော့ အဖေအမေက ကောက်ရိတ်တဲ့အခါမှာသားဆိုတဲ့ မြမောင်ကသွားပြီးတော့ ငါ့အဖေအမေများကို ထမင်းသွားပို့မယ်ဆိုပြီးတော့ အိမ်မှာထမင်းတွေဘာတွေချက်၊ ရေတွေဘာတွေခပ်၊ ထင်းတွေဘာတွေခွဲ အဲထမင်းတွေဘာတွေချက်ပြီးတော့ ထမင်းအုပ်ဆောင်းလေးကို အပေါ်ကအုပ်ပြီး အဖေအမေကိုသွားပို့တယ်။ ကွင်းထဲမှာ သွားပို့တဲ့အခါကျတော့ ဖအေမအေက ကွင်းထဲမှာ စားကြတယ်ဗျို့။ စားကဲ့အခါမှာသူတို့ရိတ်တဲ့ကောက်ရိတ်တဲ့ တံစဉ်ကအဲ့ဒီဘေးချထားတယ်ဗျို့။ မြမောင်က ဘာလုပ်လဲဆိုတော့ အဲ့ဒီတံစဉ်ကိုင်ပြီးတော့ အဲ့ဒီကကောက်သင်းကောက်တာပေ့ါဗျာ။ ကောက်လို့မှမရတော့သူများရဲ့စပါးနှံတွေကို အကုန်လုံးဖြတ်တော့တာပဲဗျို့။ အဲ့ဒါနော် အဲ့ဒါအာဒိန္နာဒါနာဝေရာ မဏိသိက္ခာပဒံ သမာဒိယာ မိမကိုက်တော့ဘူး။ ဘုရားဟောတဲ့အယူဝါဒနဲ့ မြမောင်ရဲ့စွဲလန်းတဲ့ဥပါဒါန်ကြောင့် ကံတွေဖြစ်နေတာ။ မိစ္ဆာကံတွေဖြစ်နေတာ။ သက္ကာယဒိဋ္ဌိကံတွေဖြစ်နေတာ။ အတ္တဒိဋ္ဌိကံတွေဖြစ်နေတာ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲနော်။ တရားရှာရင် ကိုယ်မှာရှိတယ်။ တရားက ခန္ဓာမှာဉာဏ်စိုက်တာအခု ဉာဏ်နဲ့လာဟောတဲ့ တရားတွေကံကို (ထိုးထိုး)ပြနေတာ သဘောလေးနဲ့နော၊ အဲ့ဒီတော့ မြမောင်ဟာ တခါထဲကောက်သင်းကောက်လို့မရတော့ အဖေဆီက အဲ့ဒီတော့ တံစဉ်နဲ့ရိတ်တော့တာပဲဗျို့။ ရိတ်ပြီးတော့သူထမင်းပို့တဲ့တောင်းထဲမှာ အကုန်လုံး စပါးနှံဆိုတော့ အဖျားလေးတွေ ရိတ်သွားတော့ အများကြီးပါတာပေ့ါဗျာ။ အဖေအမေတွေလဲစားလဲပြီးရော စပါးနှံတွေကို အဲ့ဒီတောင်းထဲမှာအုပ်တာပဲဗျို့။ အဲ့ဒီတော့စားတဲ့ခွက်တွေဘာတွေလဲအပေါ်ကနေအုပ်၊ ပုဆိုးလေးနဲ့အုပ်၊ လယ်ပိုင်ရှင်သိမှာစိုးလို့ ဒီသညာပဲဗျ။ ဒီသညာအမှတ်က ဒုက္ခပေးသွားတာနော်။ ပစ္စုပ္ပန်ဘုံမှာ တည့်တည့်လေးမှာ အမှတ်ဒါအဖေ အမေ အမှတ်မိရိုးဖလာရဲ့အယူတွေ (သဘောတွေ)၂ ကိုနာကြ။ အဲ့ဒီတော့မြမောင်ဟာ ဒီစပါးနှံတွေကို တောင်းနဲ့အုပ်ပြီး ဒါခိုးတာပေ့ါဗျာ။ သူများပစ္စည်းကို ယူတာပေ့ါဗျာ။ စွဲလို့ယူတာပေ့ါဗျာ။ ဒါဥပါဒါန်ကံခေါ်တယ်။ မှတ်ထားဦး

အဲ့ဒါသံသရာလည်တာ သံသရာဘယ်ကစလဲစက္ခုနဲ့ မနော၊ နားနဲ့မနော၊ ဟောနှာခေါင်းနဲ့မနော၊ ဇိဝှာနဲ့မနော အဲ့ဒါဉာဏ်လေးနဲ့သုံး၊ ကံနဲ့သုံးရင်တော့လည်မှာပဲ။ သီလဆိုတာအင်မတန်အရေးကြီးတယ်။ အဲ့ဒီလိုသီလမျိုးက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္တသစ္စာ၊ ဒါအရိယတ္တသစ္စာခေါ်တယ်။ (ဉာဏ်)၂ နော်။ ဂန္တိရဉာဏ် အဲ့အရိယတ္တ သစ္စာနဲ့ခင်ဗျားတို့အခုဟောနေတာ အဲဒီတော့ဒီလိုစပါးနှံတွေကို သူရိတ်ပြီးတော့ တောင်းလေးနဲ့ အုပ်ပြီးတော့ အိမ်ပြန်သွားတာပဲဗျို့။ အဲ အိမ်ပြန်သွားပြီးတော့ လမ်းမှာဟိုကြည့်ဒီကြည့်နဲ့ ပိုင်ရှင်များတွေဦးမလားလို့ ချောင်ကြိုချောင်ကြား ကိုယ်မှမမှန်တော့ ချောင်ကြိုချောင်ကြားခိုးပြီး ပြန်ရတာပေါ့ဗျာ။ အဲ့ဒါကံတွေနော်။ အဲ့ဒီတော့ ဒါတွေကို သူအိမ်ရောက်တဲ့အခါကျတော့ အဲ့ဒီရေအိုးစင်အောက်မှာ တစ်ခါတည်းခြေထောက်နှစ်ချောင်းနဲ့ မွှေတော့တာပဲ စပါးသီးတွေပြုတ်ကျပြီးတော့ အာ တစ်ပြည်ကနှစ်ပြည်၊ နှစ်ပြည်ကသုံးပြည် ဝမ်းကိုသာနေတာ သောမနဿ အဲ စိတ်ကိုချမ်းသာနေတာ။ တဏှာနဲ့ ချမ်းသာတဲ့စိတ်ကလေးခေါ်တယ်ဗျို့နော်။ တဏှာနဲ့ချမ်းသာတဲ့ စိတ်ကလေး (စိတ်အကြောင်းပြောနေတာ)၂ တဏှာနဲ့ ပတ်သက်ပြီးတော့ စိတ်ကလေးချမ်းသာတော့ အဲ့ဒါ လေးငါးပြည်လဲရရော အဲ့ဒီသရက်ကုန်းဈေးထဲမှာရှိတဲ့ တရုတ်ဆိုင်ကကျင်မကြီးတဲ့ အဲ့ဒီကျင်မကြီးဆိုင်မှာ သွားပြီးတော့ စပါးနဲ့လဲတော့တာပဲဗျို့။ အဲ့ဘာတွေရလာလဲ ကြံသကာလေးတွေ၊ ရလာတယ်။ မြေပဲလေးတွေရလာတယ်။ ပိုက်ဆံလေးတွေ ရလာတယ်။ သုံးပဲရလာတယ်။ ဆယ်ပြားရလာတယ်။ တမတ်ရလာတယ်။ အဲ့ဒီလိုရပါတယ်။ အဲဒီတော့ ကလေးက ဝမ်းသာတာပေါ့ဗျာ။ ဟာသိပ်ဝမ်းသာတာ။ နောက်ဒါမျိုးပို့ချင်တယ်ဗျို့။ သူကသိပ်ပို့ချင်တယ်။ ပိုက်ဆံရတာကိုး အဲ့ဒီကလေးက ဘာလုပ်လဲဆိုတော့ ဒိုးထိုးတယ်။ ကျောက်ဝမ်ဒိုးပေါက်တယ်။ ဂျင်တွေပေါက်တယ်။ ဟာအဲ့ဒီကလေး ကလည်း ဘူကလည်း ဆော့တာပဲ။ သူလဲသိမှမသိတာကိုးဗျ။ အဲ့ဒီလိုလုပ်ပါတယ်။ အဲ့ဒါကြောင့်ဘုရားကဟောပါတယ်။ သူများအသက်မသတ်နဲ့။ သူများပစ္စည်းမခိုးနဲ့။ သူများသားမယား မဖျက်ဆီးနဲ့။ အဲ့ဒါ (ကာယကံ) ဆိုတာ ခုနတံစဉ်ကို ကိုင်ပြီးတော့ ရိတ်တာအဲ့ဒါကာယကံခေါ်တယ်။ အဲ့ဒီတော့ ကာယကံမှာ အာရုံကိုမသတ်လို့ ဥပါဒါန်တွေဖြစ်ပြီးတော့ မိစ္ဆာအယူတွေဖြစ်တယ်ဗျို့။ အဲ့ဒီတော့ စက္ခုအာရုံကို အဲ အာရုံနဲ့ မနောပေါင်းလိုက်တာဗျာ။ အဲ့ဒါတွေက (သင်္ခါရတွေ) ဖြစ်နေတာဗျို့။ အဲ စာလိုဆိုရင်တော့ အဲ့လိုသိပြီးတော့သူဒါတွေ ဝမ်းသာပြီးတော့ သူ့ဖအေမအေက ငါ့သားလေး ဒီလို သူများပစ္စည်းတွေခိုးပါလား။ လုပ်ပါလား။ ပြုပါလား။ ဖအေ မအေကမြင်ရဲ့သားနဲ့ မပြောဘူး။ သူတို့လဲအားကျနေတယ် ဟာ ကြည့်စမ်းအဲခင်ဗျားမိရိုးဖလာရဲ့အယူရဲ့ ကံတွေဟာနော် သိပ်ကြောက်ဖို့ကောင်းတယ်။ အဲ့ဒီတော့ အဲ့ဒီမှာတဏှာ ကိလေသာနဲ့ တဏှာရဲ့အကြောင်းပေါ့ဗျာ။ အဲ့ဒီတော့ ဒီကိလေသာနဲ့ တဏှာ တပည့်တော်သတ်ချင်တယ်ဘုရား။ ဟော ကိလေသာနဲ့တဏှာတော့ ပြောပြပြီနော်။ အဲ့ဒီတော့ သူသတ်ချင်တယ်တဲ့။ အေးကိလေသာနဲ့ တဏှာသတ်ချင်ရင်ကွာ မင်္ဂလာ မဂ္ဂင်ရှစ်ပါးရှိပါတယ်။ အဲ့ဒီမဂ္ဂင်ရှစ်ပါးက မင်းလက်ကလေးပိုက် အာရုံငါးပါး၊ မျက်စိမြင်ချင်လား။ မမြင်ချင်ပါဘူး။ နားကြား ချင်လား။ မကြားချင်ပါဘူး။ နှာခေါင်းနံချင်လား။ မနံချင်ပါဘူး။ ဇိဝှါကလည်း စားချင်လား။ မစားချင်ပါဘူး။ မင်းအသား ကိုထိချင်လား။ မထိချင်ပါဘူး။ (ဟော အာရုံငါးပါးကိုလည်းပယ်)၂ ဒါအာရုံကို ဟောလိုက်တော့ တခါဘယ်ကပယ်ရဦး မလားဆိုရင် ကံပယ်လိုက်ဦး။ ကာယကံသုံးပါးကိုလည်းပယ်လိုက်။ မိစ္ဆာအယူ၊ သဿတအယူ၊ ဒိဋ္ဌိအယူတွေကိုလည်း ပယ်လိုက်၊ အတ္တအယူတွေကိုလည်း ပယ်လိုက်။ ဟောကံသုံးပါးကိုလည်း ပယ်လိုက်ဟော (ဝစီကံ)၂ လေးပါးကိုလည်း

ပယ်လိုက်၊ ရေတောင်မသောက်တော့ဘူးဗျို့၊ ခင်ဗျားတို့ဆေးလိပ်တောင်မသောက်တော့ဘူး။ တွေ့လား (သီလ)[၄] ကို လုပ်တော့မှာကိုး။ မဂ်သီလတွေလုပ်တော့မယ်။ ဆေးလိပ်တောင်မသောက်ဘူး။ ရေတောင်မသောက်ဘူး။ အုံးမောင်း ခေါက်တာတောင် ထမင်းသွားမစားတော့ဘူး။ အုံးမောင်းခေါက်တာကို မမှတ်တော့ဘူးနော်။ (မဂ်ဉာဏ်)[၂] မဂ္ဂင်ရဲ့သွား ရမဲ့လမ်း၊ နိဗ္ဗာန်ကိုသွားမဲ့လမ်း၊ ခင်ဗျားခုနက တဏှာသတ်ချင်တယ်ဆိုလို့ သတ်ပြနေပြီ အဲ့ဒီတော့ လေးပါးလည်းပယ်ပြီး မနော အဲ့ဒီမနောကအခံပါတယ်ဗျို့၊ အဲ့ဒီအခံလေးပါတယ်။ အဲ့ဒီမနောတော်တော်အရေးကြီးတယ်။ ဘာအခံလဲ (ဗျာပါဒ)[၂] အဘိဇ္ဈာ၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ အဲ ဒေါသစိတ်၊ လောဘစိတ်၊ တဏှာစိတ်၊ မာနစိတ်၊ ဒိဋ္ဌိစိတ်၊ ဒိဋ္ဌိ သတ်လိုက်ဟော ဒိဋ္ဌိသတ်တော့ ဘယ်လိုလဲဘုရား၊ အေး အာရုံငါးပါးကိုပယ်လိုက်ပေတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာ မှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ဟော သဘောလေးနဲ့နာ အပြင်မှာဘာလဲ မြင်စိတ်၊ ကြားစိတ်တွေကို အဲ့ဒီတော့ မှတ်ပြီးတော့ မနောက မယူနဲ့၊ ဟောသဘောလေးနဲ့ နာနော်၊ (တရား)[၂] တရားကိုယ်မှာရှိတယ်။ မရှိတာကို ရှာရင်ရတယ်။ မသိတာက အခက်ဆုံး အဲ့ဒီတော့မြင်တာကို မင်းမြင်ပြီးမလား။ မမှတ်နဲ့မြင်တဲ့အာရုံကို မှတ်ပြီး မစွဲနဲ့။ နှလုံးမှာ မယူနဲ့ ဟောအဲ့ဒီတော့ စာလိုဆိုရင်တော့ (စိတ်၊ စေတသိတ်သတ်ပြီ)[၂] စေတသိတ်လဲသတ်ပြီး၊ ဘဝင်စိတ်လဲသတ်ပြီး အပြင်စိတ်လဲသတ်ပြီး ဟောခင်ဗျားတို့ဘယ်လောက်ကောင်းလဲလို့နော်။ ဒါကြောင့်မို့စာမတက်ပေမယ့် (အထင်မသေးနဲ့ နော်)[၂] စာမတတ်ပေမဲ့ အထင်ငါ့ကိုလည်း မကြီးပါဘူး။ ဒီဘဝနောက်ဆုံးဘဝပြန်မှာပဲတဲ့၊ (၃၁) ဘုံလွတ်ဘို့ကတော့ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ အားလုံးရဲ့ပရိတ်သတ်တွေအပေါ်မှာ မူတည်တယ်။ သံဃာတော်အရှင်မြတ်ကြီးတွေ ပေါ်မှာမူတည်တယ်။ သံသရာဝဋ်ဆင်းရဲနဲ့ မောဇနဥာရ ဆရာတော်ဆိ သကိန်းတောင်းတာပဲဗျို့၊ တောင်းတာ သစ္စာမှန် ဖို့လိုတယ်ဗျို့၊ တောင်းတာက တခြားစိတ်ကတမျိုး ဖြစ်နေရင်တော့ ကိုယ်ခံပေတော့။ ခုနရေးထားတယ်။ အပါယ်လေးဘုံတဲ့။ ဟိုမှာတရားတောင်းတော့ ဖြဟ္မာဘုံက ဘယ်လောက်၊ နတ်ဘုံကဘယ်လောက် ဟုတ်တာပေါ့။ သိပ်မှန်တာပေါ့။ အဲ့ဒီတော့ အပါယ်လေးဘုံဆိုတာ စာနဲ့ရေးထားတယ်။ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန် ဘုံတဲ့နော်။ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ သိပ်ကြောက်ဖို့ကောင်းတယ်။ သိတဲ့သူက (ချုပ်တော့မယ်)[၂] ဒါ နောက်ဆုံးပွဲဘဲ၊ ခင်ဗျားတို့နောက် လာပါဆိုတောင် မလာတော့ဘူး။ ဘယ်မှမသွားတော့ဘူး။ တော်ပြီတဲ့ ဒါပါးစပ်ကလေးက နှုတ်ကလေးရှိလို့ ငါလာခဲ့ရတယ်တဲ့၊ ငါဟာ ဂီလာနတဲ့ အဲ ငါ့မှာလဲ အဲ့ဒီရုပ်ဒုက္ခက အလွန်အဲ့ဒီတော့ ဖောက်ပြန်တယ်။ ဟော ဓာတ်တွေကဖောက်ပြန်တယ်။ ဒီသဘောပဲ။ ကိုယ့်ဖအေလို ကိုယ့်မအေလို သဘောနာကြ။ ကိုယ့်ထက်ကြီးတဲ့ သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကိုလေးစားပါ။ ကိုယ့်အောက်က လူကိုသနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ် ကရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဉာဏမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေမစွဲနဲ့တဲ့ စွဲရင်တော့ ဥပါဒါန်ကံဖြစ်လိမ့်မယ်တဲ့၊ သံသရာမလွတ်ဘူးတဲ့။ သံသရာလည်လိမ့်မယ် တဲ့။ ကံကိုဟောနေတာနော်။ ဥပါဒါန်ဟာ ဥပါဒါန်ဖြစ်သွားရင်ကံပဲ ဥပါဒါန်ဘယ်လိုဖြစ်လဲ။ အဲ သမီးလေးလင့်နောက် လိုက်သွားတယ်။ သားလေးအချုပ်ခံရတယ်။ ဖအေ မအေပူတာပဲ။ ဒီအပူကိုဘာနဲ့သတ်မလဲ ဘယ်သီလနဲ့မှလည်း သတ်လို့မရဘူး။ ဘာဒါနနဲ့မှလည်း သတ်လို့မရဘူး။ ဘုရားကြီးဆွမ်းတော်တင်ပြီးတော့လည်း ဆွမ်းတော်

ကပ်လို့လည်း ဒီစိတ်ကမအေးဘူး။ ဟောအဲဘုရားကြီး ညောင်ရေအိုး ပန်းကြီးလဲလို့လဲ ဒီစိတ်ကမအေးဘူး။ ပူတာပဲ သမီးလေးရေနစ်သွားပြီ သားလေးရေနစ်သွားပြီ။ မအေဖအေက ပူတာပဲ။ ညီအစ်ကိုမောင်နှမတွေကလည်း ပူတာပဲ။ ဒီစိတ်မနောပူတာလေးကို ဘာနဲ့သတ်လို့ရမလဲ။ သီလနဲ့သတ်လို့ရပါ့မလား။ သီလနဲ့လဲမအေးဘူး။ ပူတာပဲ အဲဒီအပူဟာ မဂ်ဉာဏ်ရမှအေးတယ်။ တစ်လမ်းတည်းပြောလိုက်မယ်ခင်ဗျားတို့ ကျင့်ကြံကြံကြ အရှုံးမပေးနဲ့နော်။ အရှုံး မပေးနဲ့ ဒိဋ္ဌိနဲ့မာန်နတ်ကို သတ်ပလိုက် ဒိဋ္ဌိသတ်ရင် မာန်နတ်ကိုသိတယ်။ မာန်ကိုသိလိမ့်မယ်။ မာန်ဟာတဏှာပဲနော်။ တဏှာ၊ မာန၊ ဒိဋ္ဌိတဲ့ရေးထားတယ်။ ခင်ဗျားတို့သဘောပေါက်ဖို့လိုတယ်နော်။ အဲ့ဒီတော့ ကိုယ်ဖအေလို ကိုယ်မအေလို ပြောသွားတာ။ အသိတွေကို ပြောသွားတာခုနက ပြောသွားပြီ ဥပမာတွေတွေ့လား။ ပြောသွားတာ သမီးလေး ရေနစ်တယ်။ သားလေးရေနစ်တယ်။ ဖအေမအေ အဲ့ဒီအသိလေးက ပူနေပါလား။ မနောကပူနေပါလား။ ဘာလို့လဲအမှတ်တွေဗျ။ သညာကမှတ်ပေးလိုက်တာ မင်းကလေး ရေနစ်သေပြီ။ မင်းကလေးကားမှောက်သေပြီ။ ဘုရားဖူးသွားတာ ကားမှောက် သေတယ်ကွာ။ ရင်ဝမှာ ပြေးဆောင့်တာ (အပူ)၂ နော် ဒီအပူကိုဘာနဲ့သတ်မလဲ မဂ်ဉာဏ်ရမှ အေးတာဗျ။ သေချာလမ်း ကိုပြပေးလိုက်တာ။ အဲ့ဒီမဂ္ဂင်ရှစ်ပါးလမ်းကိုကျင့် ခင်ဗျားအဲဒါတရားထိုင်ဘယ်သူကပဲ ဖျက်ဖျက် အဲကိုယ်မပျက်နဲ့ ကိုယ်ဟာကိုယ်နောက်ဆုံးဘဝ ဦးပဏ္ဍိတကမှာ ပစ်ခဲ့ပြီးအဲကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ သမ္မာနဲ့နေပါ။ အဲ့ဒီတော့ ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းက ကိုယ့်ကိုဆဲလည်း ကိုယ့်စေတနာမပျက်ပါနဲ့။ အဲ့ကိုယ့်အိမ်ရှေ့က ကိုယ့်ကို ကလော်တုတ်လည်း ကိုယ့်စေတနာမပျက်ပါနဲ့ (စေတနာကိုသာထိန်းထား)၂ အာရုံနဲ့ မနောထိန်းထားဆဲပါစေ။ ငါသည်းခံမယ်။ အာရုံနဲ့မနောထိန်းထားဆဲပါစေ။ ငါသည်းခံမယ် ဟော စေတနာလေးထိန်းထား စေတနာဝိသုဒ္ဓိ။ အဲ့ဒါ နိဗ္ဗာန်သွားမှာ သူဆဲရင်ငါလဲခံဆဲမယ်။ အဲကိုယ်ခံဆဲရင် ခင်ဗျားသီလပျက်လိမ့်မယ်။ ဟိုကမိစ္ဆာအယူယူတာ ဟိုမိစ္ဆာ အယူယူလို့ဆဲတာ ခင်ဗျားက မိစ္ဆာမဖြစ်ပါစေနဲ့။ သဘောလေးနဲ့နာ သဘောလေးပဲနော်။ ဒါကြောင့်မို့အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်အာရုံမှာသွားမစွဲနဲ့နော်။ ယူပါ အဲ့ဒီတော့အကာကိုလည်း မပယ်ပါဘူး။ အနှစ်ကိုလည်း ခင်ဗျားတို့နှလုံးသွင်းပါ။ အကာကအနှစ်ကို ယူပါ သဘောလေးနဲ့ နာ ပညတ်ကနေပြီးတော့ ပရမတ်ကိုကူးပါနော်။ ပညတ်က ပရမတ်ကို ကူးလိုက်ကူးမှလွတ်မှာနော် စာကရေးထားတာ သေချာဦးဇင်းက အေးကွာတဲ့။ ငါ့ယုံကြည်ပါကကွာတဲ့။ ငါကတော့ ဒီပစ္စည်းတွေထုတ်ပြလို့မရဘူးကွာတဲ့။ ပညတ်ကတော့ ထုတ်ပြလို့ရတယ်ကွတဲ့။ ပညတ်က ထုတ်ပြလို့ရတယ်။ ပရမတ်က ထုတ်ပြလို့မရဘူးကွတဲ့။ ကိုင်ပြလို့လဲမရဘူးကွ မင်းတို့ယုံကြည်ပါကွာ။ အဲ့ဒါဘုရားအစစ် ရှိပါတယ်။ တရားအစစ်ရှိပါတယ်။ သံဃာအစစ်ရှိပါတယ်။ သဘောလေးနဲ့နာ။ သဘောလေး ဘုရားအစစ်ရှိတယ်။ တရားအစစ်ရှိတယ်။ သံဃာအစစ်ရှိတယ်။ အဲ့ဒီသံဃာအစစ်များသွားပြီးတော့ လှူလိုက်ရရင် ကိုယ်လည်းကိုယ်ကလည်း ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာ စေတနာကအလွန်မွန်မြတ်တယ်။ ဒီအသံလေးကြားလိုက်တယ်ဆိုပဲ။ သူ့မှာအဓိပတိ စေတနာလေးကဖြစ်လာပါပြီ။ သူ့အဓိပတိဆိုတာ နှလုံးသားကဖြစ်တာ။ အဲ့ဒီဟာလေး (မြက်ကလေး)၂ သူလှူလိုက် ပါတယ်။ သူ့ရှိတဲ့ဆေးလိပ်ကလေး လှူလိုက်ပါတယ်။ ပြီးနေပြီ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက် ဖြစ်ပါတယ်။ အဲဒါ (မဂ်မျိုးစေ့ချေါ်တယ်)၂ စေတနာက တစ်ခါထဲသူ့မှာ ရင်ထဲမှာလှိုက်လှိုက် ဖြစ်နေပြီနော်။ အဲ့ဒီအသံ

လေးကြားလိုက်တယ်ဆိုနော်။ ခုနကဘုရားသခင် ကိုယ်တော်မြတ်ကြီးက တရားဟောတဲ့အခါမှာ ဘုရားဟောတဲ့ တရားကိုတရားနာတဲ့ ပုဂ္ဂိုလ်တွေကနား (ကြားတယ်)၂ ဘုရားဟောတာကို တရားကိုကြားတယ်။ ကြားပြီးနာတာပဲ ရှိတယ်။ ဟိုကာပဋ္ဌာနဒီက အသိဖြစ်နေတာ အသိရသွားတာနော်။ သိဖို့လွယ်တယ်အာထင်နဲ့။ သိဖို့ခင်ဗျားတို့ နှလုံးသွင်းကြပါ နော်။ ဒါလေးတွေက အင်မတန်ထူးတယ်။ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေသိကတယ်။ ခင်ဗျားတို့မှာ ကိုယ်စောင့်နတ် တွေရှိတယ်။ အိမ်စောင့်နတ်တွေရှိတယ်။ သတိလေးထား။ ဥပမာရှိတယ်ဆိုတော့ သဘာတစ်ခုပြောပြမယ်ဗျာ။ စာတော့ မတတ်ဘူး။ နတ်ရှိကတယ်။ အကြောင်းအဲ့ဒီတော့အရှင်ဘုရားတဲ့ တပည့်တော် ဒီအကောင်လေးလုပ်လိုက်မယ်ကွာတဲ့။ အဲ့ဒီလူက အရှင်ဘုရားတဲ့ ဒီအကောင်လေးဆိုတာ ကြက်ပေါ့ဗျာ။ ဒါလေးသတ်ပစ်လိုက်မယ်တဲ့။ ကဲမင်းသတ်လို့ ရှိရင်ကွာတဲ့။ လူမသိစေနဲ့တဲ့။ ဟိုကလည်း အဲ့လိုပြောလိုက်တယ်ဗျာ။ လူမသိစေနဲ့ဆိုတော့ အဲ့ဒီလူက အိမ်တံခါးပိတ် ထားတယ်ဗျို့။ ခြံတံခါးပိတ်၊ အိမ်တံခါးပိတ် ခြင်ထောင်ချပြီးတော့ အဲ့ဒါသတ်တာပဲဗျို့။ ကြက်သတ်ပြီးတော့ အဲ့ဒီဘုန်းကြီးလာပြီးတော့ ကျွေးတာပဲဗျို့။ ကျွေးတော့ ဟိတ်ကောင် အိုး အိုး မင်းကြည့်စမ်း အိုး အိုး ဆိုတော့ မင်းဘယ်လို လုပ်လာလဲ။ ဟာ တပည့်တော်ဘုရားတဲ့ ခြံတံခါးလဲပိတ်ပါတယ်။ အိမ်တံခါးလည်း ပိတ်ပါတယ်။ ခြင်ထောင်လဲ ချပါတယ်။ အဲ့ဒီခြင်ထောင်အတွင်းထဲမှာ တပည့်တော်သတ်ပါတယ်။ ဟင်လူမသိပါစေနဲ့ဆိုတာ မင်းကဘာလဲကွ မင်းက လူလား။ ဘာလားဆိုတော့ တပည့်လူပေါ့ အေး အဲ့ဒီမင်း လူမှာနတ်ရှိတယ်ကွ။ ဟော့ကောင်ရဲ့ မင်းလုပ်လိုက်တာ နတ်သိသွားပြီကွတဲ့။ သဘောလေးနဲ့နာနော်။ ဒါပေမယ့် တစ်ယောက်ထဲနေလဲ မကောင်းတာလုပ်လဲ နတ်ကသိတယ်ဗျို့။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ သမုတိသစ္စာ၊ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္တသစ္စာတွေရှိတယ်ဗျနော်။ မလုပ်ပါနဲ့။ (နတ်တွေသိတယ်)၂ ခင်ဗျားတို့လှူတာ နတ်တွေသိတယ် (ဘုန်းကြီးက)၂ မှန်တာပြောသွားတာ။ ထုတ်ပြပါဆိုလို့ ဘယ်လိုလုပ်ထုတ်ပြမလဲ။ အဲ နတ်သိတဲ့တရားရှိတယ်။ လူသိတဲ့တရားရှိတယ်။ သဘောလေးနဲ့နာ အဲ့ဒီတော့ ဘာပဲဖြစ်ဖြစ် ဒီလူ့ဘုံကနေပြီးတော့ အဲခင်ဗျားတို့ ပြန်ကြမှာပဲ။ ကံကုန်ရင် ပြန်ကြမယ်။ ပြန်ရင်မရဏ သေမင်းလက်ကိုရောက်သွားလိမ့်မယ်။ အဲဒီတော့ သေခါနီးကျတော့ ဇောသုံးတန်ပြန်လိမ့်မယ်။ သိလား ဒီဇောတွေမပြန်အောင် မပြန်နိုင်အောင် ခင်ဗျားတို့ကောခမ္မော အာရုံပြုပြီးတော့ ပြန်တော့မကောင်းဘူးလားဗျာ။ ခင်ဗျားဟိုမှာ ခုနကနဂါးကြီးဖြစ်တယ် မတွေ့ဘူးလား။ ခင်ဗျားတို့ ရေတွင်းပေါင်း၊ ရေကန်ပေါင်း လှူလိုက်တာ အဲ (နဂါးကြီး)၂ ဖြစ်တာပဲ။ ဒါအစွဲပဲ ဟိုမှာ (ပူလို့)၂ လောင်လို့ သူ့မှာ လိမ့်ပိန့်နေတော့ ဘေးကလူက စပါးကြီးသည်းခြေလေး ကျွေးလိုက်ကွာ။ စပါးကြီးသည်းခြေလေးက အေးတာကိုးဗျ။ အဲ့ဒါကျွေးလိုက်တော့ ဒီစပါးကြီးသည်းခြေလေးကို သွားစွဲလိုက်တာနဲ့ ဥပါဒါန်ဖြစ်ပြီးတော့ တစ်ခါတည်း အဲ့ဒီလိုဖြစ်ပါတယ် နော်။ ဒီဥပါဒါန်ဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်။ အဲ့ဒီဥပါဒါန်ပဲဗျို့။ ခင်ဗျားတို့ (လှူတာလဲ)၂ ဒိဋ္ဌိကြီးပါ နေတယ်ဗျ။ မကောင်းတာလုပ်တာလဲ ဒိဋ္ဌိကြီးပါနေတယ်ဗျ။ ဒိဋ္ဌိဆိုတာ အာရုံကိုယူလို့ဒိဋ္ဌိ၊ အာရုံနဲ့မနော၊ စက္ခုနားသော တနဲ့မနော။ အဲ့ဒီတော့ စက္ခုနဲ့မနော ဒါတွေယူထားတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဘာယူရ မလဲ။ အနတ္တယူရမှာ။ ခင်ဗျားတို့ယူထားတာ အတ္တတွေ၊ အစွဲတွေ စွဲပါစေ (သမ္မာလေးနဲ့)၂ ယူပါ။ သမ္မာလေးနဲ့ အဖေအာမေရယ် ဖော် ဒို့အဖေသေပြီ၊ အဲ့ဒီတော့ ဒို့အဖေလဲသေပြီး ဒို့အမေလဲသေပြီ၊ မစွဲနဲ့။ သမ္မာလေးနဲ့ယူသွားကြမှာ

ပဲ။ ဒီလမ်းအော် (ဖြစ်လာရင် ပျက်မှာပဲကွ)၂ မသေခင်မှာ အားရပါးရ ထမင်းကျွေးဖအေမအေကို (စိတ်ချမ်းသာအောင် လုပ်ပေး)၂ အဲ့ဒီတော့သေမှ သွားငိုမနေနဲ့။ ဘာမှသိတာမဟုတ်ဘူး။ ခင်ဗျားတို့မသေခင်က အော် (ဗိုအဖေကြီးကာ)၂ နို့အပေါ်မှာ ကျောင်းထားပေးတယ်။ ပြုပေးတယ်။ ရှာကျွေးနော်။ လခရရင်ပေး ဒါတွေကိုပင်ရင်းက မှန်မှပင်ဖျားရောက်မှာဗျ။ ခင်ဗျားတို့ပင်ရင်းက မမှန်ရင် ပင်ဖျားဘာဖြစ်ဦးမှာလဲ။ ခင်ဗျားတို့ (လောဘ)၂ စိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟ စိတ်တွေ၊ တဏှာစိတ်တွေ၊ မာနစိတ်တွေ၊ ဒိဋ္ဌိစိတ်တွေဗျ။ မာန်နတ်ဆိုတာ အဲဒါမာန်နတ်နဲ့ ဒိဋ္ဌိသတ်ပစ်လိုက်အဲဒီ နှစ်ကောင်နော်။ မာန်ကတစ်ခါတည်း ငါကဘာလဲကွ။ ပစ္စည်းအားကိုးတယ်။ အိမ်အားကိုးတယ်။ ရာထူးအားကိုးတယ်။ သဘောနဲ့နာနော်။ တရားစာကို အားကိုးနေတယ်။ ငါငါအားကိုးနေတယ်။ဝါ ငါမှာ (၄၀) ရှိတယ်။ စာဘယ်လောက် တတ်တယ်။ အားကိုးမှားနေတယ်။ လောကီအားကိုးမှားနေတယ်။ အာရုံကြောင့် မနောပေါက်နေတာ။ (မနောပေါက်နေ တာ)၂ မနောကံကိုပြောနေတာ အဲ့ဒီဥပါဒါန်ကို ပြောနေတာ ကာယကံ၊ ဝစီကံပြောတာမဟုတ်ဘူး။ မနောကံကို လက်ညှိုးထိုးပြီး ဦးပဏ္ဍိတက ပြောနေတာ။ အဲ့ဒီမနောကံတွေလုံပါ။ အဲ့ဒီမနောကံအာရုံကို မလိုက်ချင်လို့ပြီ အလို ဒီပါ သိတာ ရေမြေ သိတာ ရေဖြစ်သွားပြီ အေးသွားပြီ။ အပူသီလမဟုတ်ဘူး။ အပူသီလရှိတယ်။ အပူသီလက ခင်ဗျားတို့ ဘုန်းကြီးကျောင်းသွားပြီး သီလယူထားပြီး (စောစောစီးစီး)၂ ယူထားပြီး ရှစ်ပါးပဲယူယူ၊ ငါးပါးပဲယူယူ၊ ဆယ်ပါးပဲယူယူ၊ ယူချင်သလောက်ယူစမ်း (အဲ့ဒါ)၂ အကာ အဲယူလဲယူရော သမီးရော သားလေးရော အဖေတွေရော ကားမှောက်ပြီးသေတယ်ဆိုရင် အဲ့ဒီအမေကြီး ဘယ်လိုနေမလဲ။ အဲ့ဒီသီလယူတဲ့ အသိက ဒီအပူကိုသက်လို့ ရပ့်မလား။ အေး မရဘူး မဂ်ဉာဏ်မှရတာ မဂ္ဂင်ရှစ်ပါးကိုကျင့်။ သူများ ပြောတာကို လေ့လာပါ သုံးသပ်ပါ၊ စုံစမ်းပါ။ မေးမြန်းပါ နောက်ဆုံးဘဝပြန်မှာ။ မတော်တဆ ခင်ဗျားတို့ဟာ ဂိန္ဒဂုဍ်တောင်တွေ ဘာတွေတောင်ရောက် မြောက်ရောက် လျှောက်ရောက် ဝိဉာဉ်ထဲရောက်သွားလိမ့်မယ်။ ရုပ်ကထားရတော့မှာ (ဥပါဒါန်)၂ နော် ရုပ်နာမ်လို့ခေါ်ထားတယ်။ အဲ့ဒီရုပ်နာမ်လွတ်မှ ဝိဉာဉ်ကဖြူစင်သန့်ရှင်းစင်ကြယ်သွားမယ်။ အဲ့ဒါလေးကို လာပြီးတော့ အဲ့ဒီလို (သီလ)၂ အမျိုးအစား ရှိတယ်နော်။ ဒါပေမယ့် ပယ်တာမဟုတ်ဘူး။ ဦးဇင်းကမစွဲနဲ့၊ ပညတ် သီလ ယူပါ။ ခင်ဗျားဘုရားရှိခိုးပါ။ ဆွမ်းတော်ကပ်ပါ။ ဒါပေမယ့် ခင်ဗျားမစွဲနဲ့၊ ခင်ဗျားတို့ဘုရားဆွမ်းတော် တင်ရောဗျို့ အိမ်မြှောင်တွေက စားရောဗျို့ ဟာဘုရားက မစားရသေးဘူး။ ဘုရားမဘုန်းပေးရသေးဘူး။ အိမ်မြှောင်က ကြွက်တွေချီး၊ ဘာတွေစားသူဆဲတယ်။ ကြွက်တွေ၊ အိမ်မြှောင်တွေက ဘာဖြစ်တယ်။ ညာဖြစ်တယ်။ မောင်းထုတ်တယ်သိလား။ အဲ့ဒါကိုပုပ္ပ၊ မုဋ္ဌ၊ ပရ ဆိုတဲ့ စေတနာသုံးတန် ပြတ်နေပြီ၊ ဘာစားစားပေ့ါဗျာ။ အဲ့ဒါကို တွက်ကြည့်ပေ့ါ။ စားပါစေကွာ။ စားပစေသူက တိရစ္ဆာန် သူကဘုရားမှန်းလဲ မသိ၊ တရားမှန်းလဲမသိ၊ သံဃာမှန်းလဲမသိတဲ့အကောင် ငါကသိတယ်။ သူလုပ်တာကို သူ့အယူကိုငါမယူနဲ့တိရစ္ဆာန် အယူကိုငါမယူနဲ့။ ဟောအဲ့ဒါဉာဏ်ကသင်ပေးလိုက်တာ စားပါစေ၊ ဟာ ခွေးက ဗိနပ်တွေချီသွားတယ်။ ခွေးက အိမ်ပေါ်မှာတက်ပြီးတော့ ကြက်သားတွေဟင်းတွေ ထမင်းတွေစားတယ်။ (ခွေးအယူ)၂ ကိုလူကသွားမယူနဲ့ အော် စားပါစေပေ့ါကွာ။ သောက်ပါစေကွာ။ ခွေးသွားကျိန်းနေတယ်၊ သွားပြီးခွေးကိုဒေါသဖြစ်တယ်။ အဲ့ဒီလိုမလုပ်နဲ့ မကောင်းဘူးနော်။ ဆင်ခြင်ပါ အသိတလုံးအမြတ်ဆုံးတဲ့ အဲဒါလေးတွေ ခင်ဗျားတို့အပေါ်မှာ ဘာဖြစ်ဖြစ်ကိုယ့် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အဲ့ဒီတော့ဒါလေးတွေ နေတတ်ဖို့စားတတ်ဖို့ ဒီဘဝနောက်ဆုံးဘဝ ပြန်မှာပဲ။ ခင်ဗျားကို သက်တမ်းကလည်း တိုတယ်ဗျာ။ ဘယ်လောက်မှမရှိဘူး။ သက်တမ်းတိုတဲ့ဟာတွေက လောဘတွေ၊ ဒေါသတွေ၊ မရှာနဲ့ မပြောဘူး။ ရှာပါ။ ခင်ဗျားမစွဲနဲ့တဲ့။ သမ္မာလေးနဲ့ရှာပါ။ သက္ကာယဒိဋ္ဌိအယူတွေနဲ့၊ မိစ္ဆာဒိဋ္ဌိအယူတွေနဲ့ အတ္တဒိဋ္ဌိ အယူတွေနဲ့ အယူတွေ မှားအမှတ်တွေမှား၊ အစွဲတွေမှားရင်တော့ စားတော့အများခံတော့ တစ်ယောက်ထဲနော်။

ခင်ဗျားခံသွားရလိမ့်မယ်။ စားတာတော့ အများပဲ။ အကုန်စားတယ်။ အဲ ခံတော့ ခင်ဗျားတစ်ယောက်ထဲခင်ဗျား အဲ့ဒီတော့ အော် စားတော့အများခံတော့ ငါတစ်ယောက်တည်း အဲ့ဒီတော့ငါသည် အတ္တနယ်က အနတ္တနယ်ကို ငါကျင့်တော့မယ်ဆိုပြီးတော့ ဝိပဿနာ တရားအားထုတ်နေ၊ အဲ့ဒီတော့ အပြင်မှာ အာရုံကလည်း စင်ကြယ်တယ်။ ခန္ဓာကလည်း စင်ကြယ်ရင် ခင်ဗျားဉာဏ်ပေါက်လာလိမ့်မယ်။ အဲ့ဒီတော့ အဲ့ဒီလို ဉာဏ်ပေါက်လာတဲ့အခါ ခင်ဗျားမှာ အဲ့ဒီလိုတရားထိုင်လိုက်တဲ့အခါမှာ (အခိသီလဖြစ်လာပြီ)၂ အခိစိတ္တဖြစ်လာပြီ။ အခိပညာဖြစ်လာပြီ။ ဟာ အခိတွေ တတ်ထားပြီး အခိဆိုတာ အခုပစ္စုပ္ပန်တဲ့တဲ့အချိန် ကာလလေးဘယ်လောက်ကောင်းသလဲလို့ နတ်တွေကလည်းလာပြီး တော့ ခင်ဗျားပူဇော်လိမ့်မယ်။ ဘုတော်ကောင်း နတ်စောင့်ရှောက်တယ်။ မှတ်ထားနတ်တွေတာကယ်ရှိတယ်။ သိုက်တွေလဲရှိတယ်။ ဓါတ်တွေလဲရှိတယ်။ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ အဲ့ဒီဓာတ်ကို ဇမာလိုပြန်လိုက် အဲဒီတော့ ဇမာလိုပြန်ရင် (သွေး-သည်းခြေ လေ၊ သလိတ်၊ ခင်ဗျားဟာ အသက်ကြီးလာပြီ၊ အသက် (၇၀)၊ (၆၀) အရွယ်ရောက်လာပြီ သွေးအားနည်းလာပြီး သွေးအားနည်းလာရင် သည်းခြေကလည်းကယောင်ခြောက် ခြားဖြစ်လိမ့်မယ်။ အဲ့ဒီတော့ဘာတွေဖောက်လာလိမ့်မလဲ။ လေနဲ့သလိတ်ကဖောက်လာလိမ့်မယ်။ ချောင်းဆိုးမယ်။ ရင်ကြပ်မယ်၊ ဗိုက်နာမယ်။ အကုန်လုံး တီဘီရောဂါတွေ ဘာတွေအကုန်လျှောက်ဖြစ်၊ သွေးတိုးတွေလျှောက်ဖြစ်၊ သွေးအားနည်းတယ်နော်။ အဲ့ဒီတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကိုလည်းသဘော ပေါက်ရမယ်အထဲထဲက ဓါတ်တွေကို လည်း သဘောပေါက်ရမယ်။ အော် (ဥတုရဲ့)၂ ဘယ်ရာသီမှာ ဘယ်ဥတုရဲ့ ဘယ်ရာသီမှာ ဘယ်ဟာတွေစားရမယ်။ ဟာ ခင်ဗျားက ဆရာဗျ၊ ဓါတ်စာကျွေးတာ ခင်ဗျားမှခင်ဗျားကျွေးတတ်မှ ဒီဓာတ်ကမှန်တာ။ အသက်ဆွဲဆန့်ထုတ်လို့ ရပြီ အဲ့ဒါသိပ်အရေးကြီးတယ်။ လူပြည်မှာနေရင် အဲသလိုလုပ်ထင်တာတွေ လျှောက်မစားနဲ့။ ကံနဲ့သွားပြီးတော့ အာကံဆိုတာအစွဲ၊ ဥပါဒါန်နဲ့ ဟာဒီဟင်းကြိုက်တယ်ကွာ၊ ဒီဝက်သားကြိုက်တယ်ကွ ဒီအဲဒါဘာကြိုက်တယ်ကွာ အဲ့ဒါ ကံဆိုတာ ဥပါဒါန်ကံခေါ်တယ်။ အာရုံပေါ်မှာစွဲလန်းတဲ့ကံတွေ အဲ့ဒါတွေနဲ့စားတယ်။ စားရင်တော့ မဖြစ်ချင်တော့ တော်တာပေါ့ ဖြစ်လာရင်တော့ သွားရောပဲ။ ဦးပဏ္ဍိတက ဘယ်မှာမှ၊ ဆေးလဲမထိုးဘူး၊ ဖြစ်တာတော့ဖြစ်တယ်၊ ရုပ်ရှိရင် ဝေဒနာရှိတယ်။ အဲဘုရားဟောထားတာ ရုပ်ရှိရင်ဝေဒနာ၊ ဗုဒ္ဓသစ္စာလို့ ဆိုထားတယ်။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ အဲ့ဒီဝေဒနာမှာ တဏှာကိုကြည့် တရားထိုင်တဲ့အခါမှာ တဏှာဆိုတာ စိတ်ကလေးကိုခေါ်တာ ရုပ်ကဖောက်ပြန်တယ်။ ဝေဒနာမှာ သေချာကြည့် တဏှာက စိတ်ကလေးခေါ်တယ်။ နာမ်စိတ်ကလေးခေါ်တယ်။ သဘောလေးနဲ့နာ ဒါကြောင့် မို့စိတ်မှာ တဏှာရှိတယ်။ စိတ္တာတဏှာနာမ်၊ ခယမဇ္ဈက စိတ်သာရှင်စောဘုရားဟောတဲ့ ဟောထားတယ်နော်။ စိတ်ဟောထားတယ်။ ဦးဇင်းလဲဒါလောက်ဆိုရင်တော့ တော်ရောပေါ့ဗျာ။ (သာဓု . . . သာဓု . . . သာဓု . . .)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၆.၁၀.၂၀၀၁)ရက်နေ့

ပဲခူးမြို့၊ ရွှေမော်ဓေါဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၃၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

## ( ၂၆.၁၀.၂၀၀၁ ) ရက်နေ့၊ ပဲခူးရွှေမော်ဓောဘုရား ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

သံဃာတော်အရှင်မြတ်တွေအားလုံးရှိတဲ့ ရှင်သာမဏေတွေအားလုံး တပည့်တော်က စာမတတ်တော့ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်ပါ။ အဲဒီတော့ တရားနာကြတဲ့ ပရိတ်သတ်သူတော်ကောင်းအပေါင်းများလည်း ဦးပဏ္ဍိတ စာပေကျမ်းဂန်မတတ်တဲ့အခါ ပညတ်နဲ့ ပရမတ်သဘောလေးနဲ့ ပြောသွားတဲ့အခါမှာ ပြောသွားတဲ့အသိလေးတွေမှားသွားတယ်ဆိုရင် သည်းခံပါ။ ဦးဇင်း က စာပေကျမ်းဂန်မတတ်ပါဘူးဘုရား။ ခန္ဓာသိပြောပြပါ့မယ်။ ဒီခန္ဓာသိပြောတဲ့အခါမှာ ကိုယ့်အာရုံလေးနဲ့ အသိသဘောလေးပေါ့ဗျာ။ အဲဒီတော့ အားလုံး ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ တရားနာတဲ့ ပရိတ်သတ်များတော့ သံဃာတော်ထေရ်ကြီးဝါကြီးဆရာတော်တွေရော၊ ရှင်သာမဏေတွေရော တပည့်တော်အားလုံး စာမတတ်တော့ ပြောတဲ့စကားမှာ မှားသွားရင်ခွင့်လွှတ်ပါလို့ တပည့်တော် တောင်းပန်ပါတယ်ဘုရား။ ဒါပေမယ့် ခန္ဓာသိလေးကို သဘောလေးနဲ့ပြောပြပါ့မယ်။ ဦးဇင်းကတော့ စာပေကျမ်းဂန် မတတ်တော့ ခန္ဓာသိသဘောလေးပေါ့ဗျာ။ အဲဒီတော့ ကံတရားရှိတယ်။ ဈာန်တရားရှိတယ်။ ဉာဏ်တရားရှိတယ်။ အဲဒီသုံးခုကို သဘောလေးနဲ့ အသိလေးတွေနှလုံးသွင်းကြပေါ့။ ဒါဖြင့် ကောင်းပြီတဲ့။ ခန္ဓာသိကိုပြောရမယ်ဆိုရင် ဦးဇင်း က ဝိပဿနာတရားများကို ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ လေးပါးရှိပါတယ်။ အဲဒီတော့ သတိပဋ္ဌာန်လေးပါးရှိသလို အဲဒီတော့ မဂ္ဂင်ရှစ်ပါးနဲ့ အာရုံနဲ့ မိမိရဲ့မနောဘဝင်နဲ့ တိုက်တာပေါ့ဗျာ။ အဲဒီတော့ ဒီမဂ္ဂင်ရှစ်ပါးနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့။ ဘုရားဟောတဲ့ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှ သစ္စာမှန်မယ်တဲ့။ သဘောလေးနော်။ အဲဒီတော့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရဲ့အကြောင်းကို သဘောနဲ့ ပြောပြပါ့မယ်တဲ့။ ခန္ဓာငါးပါး သုကျင့်ကြံပါတယ်တဲ့။ ခန္ဓာ ဒီခန္ဓာကြီးဟာ ကိလေသာရဲ့ ဝဋ်တရားကြီးပါပဲ။ စာလိုဆိုရင်တော့ ဒီကလေသာရဲ့ ဝဋ်တရားကြီးကို ဘာကြောင့်ကံတွေဖြစ်ရတာလဲ။ ကမ္မဝဋ်ဖြစ်ရတာလဲ။ ဘာကြောင့် ဘဝကိုမလွှတ်တာလည်းဆိုတဲ့သဘောလေးပါပဲ။ ဟိုက စာနဲ့ရေးထားတယ်။ အဲဒီတော့ ဒီကိလေသာ ရုပ်ကြီးဟာ အကျိုးတရားခေါ်ပါတယ်။ အဲဒီတော့ ခုနက မဂ္ဂင်ရှစ်ပါးနဲ့ နှလုံးသွင်းတဲ့အခါမှာ အာရုံငါးပါးကိုလည်း ပယ်ပါတယ်။ ဒုစရိုက်ကံဆယ်ပါးကိုလည်း ပယ်ပါတယ်။ ဘာယူသလဲ မဂ္ဂင်ရှစ်ပါးယူတယ်။ အဲဒီတော့ မဂ္ဂင်ရှစ်ပါးနဲ့ ဘုရားဟောအရ မဂ္ဂင်ရှစ်ပါးနဲ့ မိမိရဲ့နှလုံးသားကိုစစ်တော့တာပဲဗျို့။ စစ်တဲ့အခါမှာ ဒီလိုတင်ပလ္လင်ခွေပြီးတော့ စိတ်ငြိမ်တဲ့အရပ်မှာ တရားကိုနှလုံး

သွင်းလိုက်တယ်။ ဪ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒါ ဘုရားဟောတဲ့ သီလမဂ္ဂင်တွေ ပါလား။ ဒီသီလမဂ္ဂင်ကို ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ပယ်မှာကိုဗျ။ သဘောလေးနဲ့ အသိလေးသာနာလိုက်။ ကိလေသာဝဋ်ဆိုတာ ဒီကိလေသာမှာ စာမတတ်လို့နော်။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပေတော့။ အဲဒီကိလေသာရုပ်မှာ တဏှာရှိတယ်။ ကိလေသာနဲ့ တဏှာ တွဲနေတယ်။ ခုနကရေးထားပြီး ဦးဇင်း ပြောသွားပြီ။ ကံတရား၊ ဈာန်တရား၊ ဉာဏ်တရား သုံးမျိုး။ သဘောလေးပြောပေးမယ်။ အဲဒီတော့ ဒီကိလေသာမှာ တဏှာရှိတော့ တင်ပလ္လင်ခွေပြီးတော့ တရားထိုင်တယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒါပါဠိစကားတွေ။ ဗမာလိုပြန်လိုက်ရင်တော့ ဦးဇင်း ရဲ့အသိပေါ့ဗျာ။ မှန်တာကိုကျင့်ပါ။ မှန်တာကိုပြောပါ။ မှန်တာကိုအသက်မွေးဝမ်းကြောင်းပြုပါ။ သူတရားထိုင်နေတာ တရားနှလုံးသွင်းပြီးတော့ အာရုံငါးပါး စက္ခုအာရုံ၊ သောတအာရုံ၊ ဃာနအာရုံ၊ ဇိဝှါအာရုံ၊ ကာယအာရုံ ဒီအာရုံဟာ သိပ်နုတယ်နော်။ သိပ်နုတယ်။ ဒါအနုသယခေါ်တယ်။ စိတ္တနုပဿနာခေါ်တယ်။ ဒါကိုဟောနေတာ။ ကာယနုပဿနာနဲ့ ဝေဒနာနုပဿနာမဟောဘူး။ အခု စိတ္တနုပဿနာကိုပြောနေတာ။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ အာရုံငါးပါးကို သညာအမှတ်နဲ့ နှလုံးသားသွင်းသလား။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ တရားမထိုင်ခင်တုန်းက သညာအမှတ်နဲ့ နှလုံးယူသလား။ ငါမယူပါလား။ အာရုံငါးပါးလည်း မယူဘူး။ စွဲလမ်းတဲ့ ဥပါဒါန်ကံလည်း ငါပယ်ပြီ။ အဲတာ စိတ္တနုပဿနာ တက်လာပြီ။ အဲဒီလို စိတ္တနုပဿနာတက်လာတော့ အဓိသီလ၊ အဓိစိတ္တ သူစိတ်ကလေးဟာ လောကီရဲ့အာရုံ အနုသယတွေငြိမ်လာတယ်။ ရုပ်နာမ်ရဲ့အကြောင်းပြောတာနော်။ အဲဒီတော့ အခုဟောနေတာ စိတ္တသတိပဋ္ဌာန်ကိုဟောနေတာ။ အဲဒီတော့ ငါ့စိတ်ကလေးက ငြိမ်သလား။ ဘဝင်လေးက ငြိမ်သလား။ အတွင်းငြိမ်သလား။ အပြင်အာရုံရော ငါပါသေးသလား။ ဪ ငါမပါဘူး။ ကိုယ့်စိတ်ကို ကိုယ်စစ်တယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ က သီလမဂ္ဂင်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ က သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အဲ့တာက ပညာမဂ္ဂင်။ သိက္ခာသုံးပါးနော် သိက္ခာသုံးပါးကို ဘယ်သူကဦးစီးလဲ။ ဧကောဓမ္မော ဦးစီးတယ်။ ဧကောဓမ္မော ဘယ်က လာသလဲ ရုပ်၊ နာမ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်။ ဘယ်လိုသီလတွေချုပ်လဲ။ ချုပ်ပုံချုပ်နည်းက ပညတ်သီလ၊ ပရမတ်သီလ။ အဲ့တာ ရုပ်နာမ်လို့ခေါ် လိမ့်မယ်။ သဘောလေးနဲ့နော။ ပရမတ်ဆိုတာ ခါတ်မသေသေးဘူး။ လှုပ်ရှားမှုတွေရှိနေတယ်။ တစ်ခါတည်း သူ့အာရုံနဲ့သူ မနှောက ဘဝင်က လောကီအာရုံမလာဘူး။ ခါတ်အာရုံလာတယ်။ ဟိုက လောကီအာရုံ ဥပါဒါန်၊ ကံအာရုံကိုလည်းပယ်ထားပြီ။ ဒီနှလုံးသားရဲ့ ဘာတွေလဲဆိုတော့ ဘုရားဟော

တော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒီလိုသဘောလေးနဲ့ပြောတာ။ ဦးဇင်း က စာမတတ်တော့ သွေး၊ သည်းခြေ၊ လေ၊ သလိပ် အချက်လေးချက်က ဖျက်စီးနိုင်တဲ့အရာတွေခေါ်တယ်။ အဲဒီတော့မှ သွေးအနံတယ်၊ သည်းခြေက ကယောင်ခြောက်ခြားဖြစ်တယ်။ ချွဲတွေထတယ်။ သလိပ်တွေထတယ်။ သိတယ်။ ဒါစာသိလို့ပြောတာ။ ဒါဖြင့်ကောင်းပြီ။ ကာယနုပဿနာမှာ ဒီလိုစိတ်တွေ သတိထားမှ။ ပြော် အေး အေး။ အဲဒီတော့ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ် တော့ ဉာဏ်မှာစင်ကြယ်တယ်။ သဘောလေးပဲ။ အပြင်ဘာလဲ အာရုံတွေ။ အမှတ်နဲ့မယူတော့ဘူး။ အဲဒီတော့ မယူတော့ မစွဲဘူးပေါ့။ မစွဲတော့ မပူတော့ အေးတာပေါ့။ ဒါ ဉာဏ်ခေါ်တယ်။ ဒီဉာဏ်က ဘယ်ကရလဲ ရုပ်နာမ်ကရတာ။ သဘောလေးပဲ။ စိတ္တာနုပဿနာခေါ်တယ်။ စိတ်ကနေ ဓါတ်ဘက်ကို ကူးသွားတယ်။ စိတ်ဆိုရင် မှတ်မယ်။ စိတ်ဆိုရင် သညာရှိတယ်။ ဓါတ်ဆိုရင် သဘာဝသဘောသိတယ်။ ဒီနေရာမှာ ခန္ဓာမှာ ဉာဏ်စိုက်ထားတာ။ သဘောလေးပဲ။ ခုနက သီလမဂ္ဂင်ဖြစ်နေတယ်။ သမာဓိ မဂ္ဂင်ဖြစ်နေတယ်။ ဒါက ပညာမဂ္ဂင်ခေါ်တယ်။ ပညာမဂ္ဂင်ကနေ ဓမ္မကို သူကူးလိမ့်မယ်။ သဘောလေး နဲ့ ဒါကို ဦးပဏ္ဍိတ ရတယ်။ မပြောဘူး။ နေတတ်ဖို့၊ စားတတ်ဖို့၊ သွားတတ်ဖို့၊ လာတတ်ဖို့လိုတယ်။ ကျင့်တတ်ဖို့လိုတယ်။ သိအပ်တဲ့တရား၊ ပယ်တရား၊ ကျင့်ရမယ့်တရား၊ ဒါတွေရှိတယ်။ ခင်ဗျားတို့ ကြိုးစားရင် ယုံကြည်တာက သဒ္ဓါ၊ သဒ္ဓါကောင်းလာရင် ဘာဖြစ်လာမလဲ။ ပြော် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ခြောက်နှစ်တိုင်တိုင် တရားကျင့်ပါလား။ သူ့နာမည်က သိဒ္ဓတ္ထမင်းသား။ သူက သားတွေ၊ မယားတွေပယ်သွားပါလား။ သူ့ရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ပယ်သွားပါလား။ အဲဒီတော့မှ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လေးပါးပယ်တယ်။ လောကမှာ သူနေလာတဲ့ဟာ သိသွား တော့ ပယ်ကုန်ပြီ။ ဒါတွေပယ်သွားတဲ့အခါမှာ တောထဲတောင်ထဲရောက်လာတဲ့ အဝိဇ္ဇာ ကို ဘာနဲ့ သတ်မလဲ။ အဝိဇ္ဇာဆိုတာ အာရုံခြောက်ပါး။ ဒါ အနုသယ သတ်ရတော့မယ်။ သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက်နေတာ။ ဒါ အနုသယသတ်ပြီ။ ဘာမှမလုပ်တော့ဘူး။ အနုသယ ကိုသူသတ်မယ်။ ဒီလိုသတ်တဲ့အခါမှာ အတွင်းသတ်မလား၊ အပြင်သတ်မလား။ အဲဒီတော့ အပြင်ကိုအာရုံပယ်ထား လိုက်ပြီ။ ကံကိုလည်း ပယ်ထားပြီ။ ဟော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရုပ်မှာရှိတဲ့ လက္ခဏာရေးသုံးပါး၊ ကိလေသာရုပ်မှာရှိတဲ့ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော ကျင့်တော့သိသွားပြီ။ လောကကို သိသွားပြီ။ လောကကိုသိသွားပြီနော်။ ကျင့်တာကိုဗျ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာက သိတယ်။ ဘင်္ဂရှိရဉာဏ်ခေါ်တယ်။ ဂမ္ဘီရဉာဏ်ဆိုတာ ရုပ်၊ နာမ်ကိုဖောက်ထွင်းပြီးသိတဲ့ဉာဏ်ခေါ်တယ်။ အဲ့တာ ဂမ္ဘီရဉာဏ်ပဲ။ ဇဝနဉာဏ်ရတယ်။ မင်းပြောလိုက်တဲ့စကား ငါသိတယ်ကွ၊ ခင်ဗျားတို့

သဘောလေးနဲ့လိုက်သွားတယ်။ ဂမ္ဘီရဉာဏ်ကိုလည်း ပြောသွားသေးတယ်။ ဇဝနဉာဏ်ဆိုတာ စကားပြောတဲ့အခါမှာ တပ်အပ်သိတယ်။ လောကီနဲ့ လောကုတ္တရာ သူဘာတွေလုပ်ထားလဲဆိုတာ အဲဒီတော့ အနတ္တသမားကသိတယ်။ ပညာသမားကသိတယ်။ သညာသမားသုံးတာကို ပညာက သိတယ်။ သညာက ပညာကိုမသိဘူး။ အဲ့ဒါတွေ ဒီလိုဖြစ်နေတယ်။ အဲဒီတော့ ဤတရားတွေကို ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ရုပ်နာမ်နှစ်ပါးက အကျိုးတရား၊ ရုပ်က အကျိုးတရား။ အဲ့ဒါ ကိလေသာရုပ် ခေါ်တယ်။ အခု ဒီဘဝရတာ ဒီဘဝဘာနဲ့ရသလဲ။ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ကံနဲ့။ ဤကံတွေဟာမပျက်လို့ ဘဝအသချေနဲ့ဖြစ်လာတဲ့ကံတွေပါ။ ဒါကြောင့်မို့ ဒီကံကို စာကြတော့ ရေးလား ဘားလားမသိဘူး။ ဦးဇင်း ဆိုပြမယ်။ လေးသချေနဲ့ ကမ္ဘာတစ်သိန်းတဲ့။ ဒါစာရေးထားတာ။ ဒါကံကို ရေးထားတာ။ အဲ့ဒီကံတွေနဲ့ လူပြည်ရောက်လိုက်၊ အပါယ်လေးဘုံရောက်လိုက်၊ နတ်ဘုံရောက်လိုက်၊ ဗြဟ္မာ့ဘုံရောက်တာက သူက ဓါတ်သမား။ သူရောက်လိမ့်မယ်။ ဝိပဿနာထိုင်တဲ့အခါကျတော့ ဈာန်တန်ခိုးပေါ့ဗျာ။ အဲ့တာကတော့ ကျင့်တဲ့သူပဲသိလိမ့်မယ်။ အဲ့တာကတော့ ဗြဟ္မာ့ဘုံ သူသွား လိမ့်မယ်တူတယ်လို့။ အဲ့တာ သူက ဘဝတွေ ဘာတွေသိမှာပေါ့ဗျာ။ အဲ့ဒီတော့ နတ်ဘုံကတော့ အပယ်လေးပါးတံခါးပိတ်သွားတယ်။ မကောင်းတဲ့ဒုစရိုက်ကိုလည်း မလုပ်ပါဘူး။ အပယ်လေးပါး တံခါးလည်းပိတ်ပါတယ်။ မကောင်းတဲ့ဒုစရိုက်ကိုလည်း မလုပ်ပါဘူး။ မကောင်းတဲ့အယူဝါဒကိုလည်း မယူပါဘူး။ သူက ဝိနည်းလေးနဲ့ သုံးသွားတယ်။ ဇုဒ္ဓေါလေးနဲ့ သုံးသွားတယ်။ ဂုဏ်တော်လေးနဲ့ သုံးသွားတယ်။ စာပေကျမ်းဂန် သုံးသွားတယ်။ သူ့ရဲ့သိသလောက်၊ မှတ်သလောက်ကောင်းတဲ့ ကုသိုလ်အမျိုးအစားတွေ သူလုပ်သွားတယ်။ မကောင်းတာမလုပ်ပါဘူး။ စိတ်ကိုလည်း ဝိနည်းနဲ့ ထိန်းတားပါတယ်။ အာရုံလည်း သူ အာရုံလည်း ကောင်းတဲ့အသိလေးနဲ့ထိန်းထားပါတယ်နော်။ ဒါအသိပြောတာ၊ စိတ်ကလေး စိတ်ကလေး၊ ဩော် ဒါမလုပ်နဲ့ ဒါမလုပ်နဲ့ ဒါမလုပ်နဲ့။ ဘုရားပညတ်တဲ့ ပညတ်တော်(၁၀)ပါး၊ ဝိနည်း(၂၂၇)သွယ် သိမှုစိတ်ကလေးက ဒါနဲ့ထိန်းထားတယ်။ မြင်တော့မျက်စိ၊ မြင်တော့သိတာပေါ့ဗျာ။ သိတာစိတ်ပဲ၊ သညာသိနဲ့ ပညာသိ ဒီနေရာမှာကွာတယ်။ ကံသိနဲ့ ဉာဏ်သိ ဒီနေရာမှာကွာတယ်။ ကံသိက သမ္မာနဲ့သိရမယ်။ သက္ကာယ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တ ဒါတွေနဲ့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ။ အဲ့တာ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ့်စိတ်ကို မဂ္ဂင်နဲ့မစစ်တော့ သက္ကာယဒိဋ္ဌိ မှန်းလည်းမသိ၊ အတ္တဒိဋ္ဌိမှန်းလည်းမသိ၊ မိစ္ဆာဒိဋ္ဌိမှန်းလည်းမသိ၊ ဒီဝိပဿနာကိုမလုပ်တော့နော် သဘောလေး ဝိပဿနာကိုလုပ်တော့ သမ္မာ သိတယ်။ ဒါ ငါသမ္မာသိပါလား။ ရှေ့ကမှားရင် နောက်စိတ် ကသိတယ်။ အမှတ်ကလေးကသိတယ်။ ဒါမှားသွားပါလား။ ဩော် ဒါ မှန်ပါလား သူသိတယ်။ အဲ့တာ

နတ်ပြည်ရောက်မယ့်လူနော်။ စိတ်ကိုစစ်သွားတာ။ ဩော် ဒါမကောင်းဘူး။ ဒါကောင်းတယ်။ အဲ့တာက သဘောပေါ့ဗျာ။ (၃၁)ဘုံကမလွတ်ဘူးဗျ။ ဗြဟ္မာ့ဘုံရောက်တဲ့ပုဂ္ဂိုလ်လည်း မလွတ်ဘူး။ ဟိုပုဂ္ဂိုလ်က လွတ်လိမ့်မယ်။ ရုပ်နာမ်နှစ်ခုထွက်သွားတဲ့သူက ရုပ်လည်းမစွဲဘူး၊ နာမ်လည်းမစွဲဘူး။ သဘောလေးပဲ သဘာဝ သဘာဝကို သဘောနဲ့သိသွားတဲ့ပုဂ္ဂိုလ်က (၃၁)ဘုံလွတ်ပြီ။ အခုလွတ်နေတာ သေမှ လွတ်တာမဟုတ်ဘူး။ မစွဲတာ။ ဒါကြောင့်မို့ရေးထားတယ်။ ကာမဝတ္ထု ငါ့မှာရှိတာက ကိလေသာ ကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာပုဂ္ဂိုလ်မကြိုက် ဘူး။ သဘောလေးနော။ ရေးထားတဲ့စာ ဒါကြောင့်မလို့ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က ခံစားရတယ်။ ဟော သူခံစားရပြီ။ သူကြိုးစားတာကို ခန္ဓငါးပါးဆိုတာ တရားအားထုတ်တယ်နော်။ ခန္ဓာငါးပါး ရုပ်နာမ်သိချင်လို့ ခန္ဓာနဲ့ ရင်းရှာတဲ့တရား။ အဲ့တာ ရုပ်နာမ်သိချင်လို့၊ ဒီရုပ်နာမ်တွေက ဘဝပြီး ဘဝသံသရာကိုလည်တာသူပဲ။ အဲ့ဒီတော့ ခန္ဓာငါးပါးနဲ့ရင်းရှာတဲ့အခါကျတော့ အတိတ်ကရလာတဲ့ မနုဿတဘာဝေါ ဒုလ္လဘော တဲ့။ လူ့ဘဝကို ခဲယဉ်းစွာရအပ်ခြင်း။ အတိတ်ကလာတာ ဘာနဲ့လာသလဲ။ ကောင်းမှုကုသိုလ်နဲ့လာတာ သမ္မာနဲ့လာတာ။ မိစ္ဆာနဲ့လာတာမဟုတ်ဘူး။ မိစ္ဆာနဲ့လာတာ ကြက်တွေ၊ နွားတွေ၊ ခွေးတွေဖြစ်တာ။ အဲ့တာ မိစ္ဆာမှတ်ထား။ စာတော့ မတတ်ဘူး။ သမ္မာစိတ် သူတော်ကောင်းစိတ်ကလေးနဲ့လာလို့ အင်မတန်မှထူးမြတ်တဲ့ သူတော်ကောင်းစိတ်ကလေးနဲ့ပဲ မနုဿတ္တဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှာ ခဲယဉ်းစွာရအပ်ပေတာ။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရပြီတဲ့။ နောက်တစ်ခါ ရေးထားတာ သဒ္ဓါသမ္ပတ္တိ။ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည် ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘောခဲယဉ်းစွာရပြီတဲ့။ ဟောရေးထားတယ်။ သုံးမျိုးရှိသွားပြီ။ ပဗ္ဗဇိတဘာဝေါ ရသေ့၊ ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရလိုက်ပြီတဲ့။ လေးမျိုးရှိသွားပြီ။ သဒ္ဓမ္မသာဝနံ အတိဒုလ္လဘံ သူတော်ကောင်းတရားစကားနာကြားရခြင်းကိုလည်း ခဲယဉ်းစွာရပြီတဲ့။ ဒုလ္လဘငါးပါး။ အဲဒီဒုလ္လဘငါးပါးကို ခန္ဓာမှာရှာပေတော့။ ခင်ဗျားခန္ဓာမှာရှာပေတော့။ ခန္ဓာမှာရှာ။ ရှာမှသိမယ်၊ သိမှပယ်မယ်၊ ပယ်မှ မဂ်ဆိုက်ဖိုလ်ဆိုက်။ သိပယ်ဆိုက်ပွား။ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ်။ ကိလေသာနဲ့ တဏှာတွေပြီ။ ဦးဖင်း ရဲ့အဖေက ဦးချိတိုး၊ အမေက ဒေါ်အုန်းမေ တွေးကြည့်ပေါ့ဗျ။ ကြက် ကြက်ချင်းလိုက်တော့ ကြက်ကလေးမွေးတာပေါ့ဗျာ။ ဝက် ဝက်ချင်းလိုက် တော့ ဝက်ကလေးမွေးတာပေါ့ဗျာ။ သဘောလေးပဲ ဒါ စာမတတ်ဘူး။ ဒါကိလေသာရုပ်ကြီး၊ အညစ် အကြေးရုပ်ကြီး။ အဲ့ဒါကို အကောင်းထင်နေကြတယ်။ ရုပ်ကိုမသိတော့ နာမ်ကနိုင်းနေတာ

လျှောက်လုပ်တော့ ရုပ်သေးဖြစ်တယ်။ အဲ့တာနာမ်ခိုင်းတာ ရုပ်လျှောက်လုပ်နေတယ်။ အဲ့တာ ရုပ်နာမ် နှစ်မျိုး။ အဲ့တာ ကံတရားတွေ။ ကံ၊ (၃၁)ဘုံလည်တာတွေ။ အဲ့ဒီတော့ ခန္ဓာငါးပါးနဲ့ရှာတယ်။ မနုဿတ္တ ဒုလ္လဘ ဆိုတဲ့ ဦးချိတိုး နဲ့ ဒေါ်အုန်းမေ မွေးလိုက်တဲ့ ကိလေသာရုပ်အညစ်အကြေးတွေနဲ့ သူ စင်ကြယ် အောင်လုပ်တယ်။ စင်ကြယ်အောင် သူလုပ်တာပဲလေ။ တရားထိုင်တယ်။ ဘယ်သူနဲ့မှ စကားမပြောဘူး။ ကာယကံသုံးပါး မကောင်းတဲ့အယူဝါဒ၊ ဝစီကံလေးပါး မကောင်းတဲ့အယူဝါဒ၊ မနောကံ မကောင်းတဲ့ အယူဝါဒ၊ ဗျာပါဒ အဘိဇ္ဈာ ဒိဋ္ဌိ ဟော ဒီအယူဝါဒတွေပယ်တယ်။ ဒုလ္လဘငါးပါးနော်။ ခန္ဓာငါးပါး နဲ့ရင်းရှာမယ်။ ရှာတဲ့အခါကြတော့ ကိလေသာဝဋ်၊ ကာမဝဋ်သိတယ်။ သီလ အပြင်မှာ စင်ကြယ်တယ်။ စိတ်၊ စေတသိတ်စင်ကြယ်သွားပြီ။ ထိုင်နေတယ်။ အာရုံနဲ့ မပေါင်းဘူး။ ကံနဲ့ မပေါင်းဘူး။ မဂ်နဲ့ ပေါင်းတယ်။ သဘောသာနာ။ မဂ္ဂင်ရှစ်ပါးနဲ့သွား။ နောက်ဆုံးတော့ရှာတွေ့လိမ့်မယ်။ ခင်ဗျားတို့ကို သေမင်းက ကံကုန်ရင်ခေါ်လိမ့်မယ်။ စိတ်သာချ။ ဒါကြောင့် ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ ဆေးကြောသလဲ။ သီလနဲ့ ဆေးကြောပါ။ ဒါနစစ်၊ ဒါနမှန်နဲ့ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ ပွားများပါ။ ပွားတတ်ဖို့လိုတယ်။ အခုဘာဖြစ်လဲ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ တစ်ယောက်နဲ့တစ်ယောက်မနာလိုကြဘူး။ သည်းကဘာလဲ၊ ကျုပ်ကဘာလဲ၊ မင်းကဘာလဲ ဖြစ်ကုန် တာပဲ။ အာရုံကြောင့်ဖြစ်ကုန်တာ။ မနောမှာဖြစ်တယ်။ အဲ့ဒါ ဒိဋ္ဌိဖြစ်တယ်။ ခင်ဗျားတို့အသိတရား တွေမှန်ဖို့လိုပါတယ်။ အချိန်ကိုမဖြုန်းနဲ့။ ဒီအသိလေးရသွားရင် အပယ်ပိတ်တယ်။ ခင်ဗျားကိုယ်တိုင် ခင်ဗျားသိလိမ့်မယ်။ သိမှ ပိတ်မှာ။ စာနဲ့ပိတ်လို့ကတော့ အပါယ်ပိတ်တယ်လို့သာ စာကရေးထားတာ။ အပါယ်ပိတ်တယ် အဓိပ္ပါယ်မပေါက်ဘူး။ အဓိပ္ပါယ်ပေါက်အောင် သဘောပေါက်အောင်ကျင့်။ ဦးပဏ္ဍိတ(ခေါ်)ဦးမြမောင် ဘာမှတတ်တာမဟုတ်ဘူး။ ဘာမှသိတာမဟုတ်ဘူး။ လူဆိုး၊ လူကောင်း မဟုတ်ဘူး။ စဉ်းစားကြည့်။ မကောင်းတဲ့ သက္ကာယဒိဋ္ဌိတွေယူတယ်။ မိစ္ဆာဒိဋ္ဌိတွေယူတယ်။ အတ္တအစွဲ တွေလုပ်တယ်။ မကောင်းတာတွေလျှောက်စွဲတာ။ စွဲတော့ ဒါ ဥပါဒါန်၊ ကံတွေပဲဗျ။ သံသရာ ဘယ်က စလဲ။ မနောကံကစတယ်။ ဘယ်သူနဲ့ပေါင်းလဲ။ အာရုံငါးပါးနဲ့ပေါင်းတယ်၊ ပေါင်းလိုက်တော့ သင်္ခါရ ဖြစ်တယ်။ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ။ ဘုရားဟောသွားတာ။ ဒီကံတွေဟာ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ အတ္တဒိဋ္ဌိကံ၊ ဒီကံတွေ ပယ်ပြီ။ သမ္မာလုပ်တာ။ ကောင်းတဲ့ကံလုပ်တာ လုပ်တော့မှ အောင်မလေး ကိလေသာရဲ့ ဒဏ်ရာ ဒဏ်ချက်တွေကို ဝဋ်တွေခံနေရပြီဗျို့ ဟော ကိလေသာရုပ်။ အဲ့တာရုပ်ခေါ်တယ်။ ဟောဒါ ရုပ်ခေါ်တယ်။ ဘဝအစ လူ့ဘဝရောက်လာတာ အဲ့တာရုပ်၊ ဟောဒါနာမ်လေးပါး။ အဲ့ဒီနှစ်ခုက ကပ်နေတယ်။

ကိလေသာရုပ်နဲ့ တကျားနာမ်ကပ်နေတယ်။ အဲ့တာပဲဗျို့ သဘောလေးသာနာ။ သညာ၊ သင်္ခါရ ဥပါဒါန်၊ ကံက နာမ်ခန္ဓာလေးပါး၊ နာမ်ခန္ဓာတွေခေါ်တယ်။ ဒီနေရာမှာ ဂန္ထိရညာဏ်၊ ဇဝနညာဏ်၊ စက္ခုံဥဒပါဒိ၊ ညာဏ်ဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ အဲ့တာနဲ့ကြည့်၊ အဲ့တာနဲ့ကြည့်မှ ခင်ဗျား အေးလည်းအေးမယ်၊ ခင်ဗျားတစ်မျိုးဖြစ်သွားတယ်။ ဦးပဏ္ဍိတ ရမယ် မပြောဘူး။ သဘောနဲ့ဟောတာ။ သီလအမျိုးအစား ရှိတယ်။ ပညတ်သီလလည်းမှန်တယ်။ ပရမတ်သီလလည်းမှန်တယ်။ ညာဏ်မပေါက်တော့ ပြဟ္မာ့ဘုံ ရောက်လိမ့်မယ်။ ညာဏ်ပေါက်မှ နိဗ္ဗာန်ရောက်မယ်။ သဘောပေါ့ဗျာ။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၄.၁၀.၂၀၀၀)ရက်နေ့

ရန်ကုန်မြို့၊ သာကေတ၊ ဇီနမာန်အောင်ဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၃၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## (၁၄.၁၀.၂၀၀၀)ရက်နေ့၊ သာကေတ ဝိနမာန်အောင်ဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးပဥ္စင်း က စာပေကျမ်းဂန်မတတ်ပါဘူး။ စာပေကျမ်းဂန်အတတ်တဲ့အတွက်ကြောင့် နဂို မူလက ငယ်စဉ်တောင်ကျေးက ဒီစာကိုမသင်ခဲ့ပါဘူး။ တန်းစာတွေမသင်ခဲ့ပါဘူး။ တောမှာနေတယ်။ တောမှာဆိုတာက အင်မတန်မှ ခေါင်းပါးတဲ့နေရာပါပဲ။ ဟိုးငယ်ငယ်က မိဘများက ကျောင်းမထား နိုင်လို့ စာမတတ်တာပါ။ စာကိုပယ်တာမဟုတ်ပါဘူး။ စာမတတ်တော့ အခုအသက်ကြီးမှ ဝိပဿနာ တရားများကို ကျင့်ကြံအားထုတ်တော့မှ ဗြော် အေးအေးအေးအေး ဒီတရားတွေက အဲဒီတော့ ဦးဖင်းရဲ့အသိလေးပြောပြပါမယ်။ အားလုံးရှိတဲ့ဆရာတော်၊ သမားတော်၊ သံဃာတော်အရှင်မြတ်တွေ ဝေနေ်ကြီးပါကြီးများ၊ အဲ ကိုရင်လေးများ တပည့်တော်စာမတတ်တဲ့အတွက်ကြောင့် ပညတ်နဲ့ ပရမတ် မှားသွားရင် အထူးသည်းခံပါလို့ စာမှမတတ်တာကြီးနော်။ ဒါယကာ၊ ဒါယိကာမများ တရားကိုနာတဲ့ အခါကျ အသိလေးပေါ့ဗျာ။ အဲဒီတော့ အသိလေးဟာ အာရုံ လောကီအာရုံအသိနဲ့ လောကုတ္တရာ အာရုံအသိလေးကို သေသေချာချာလေး ကဲ အသိလေးကိုနှလုံးသွင်းပေါ့။ ဦးဖင်း က စာမတတ်တော့ ပြောမှားဆိုမှားရှိရင် အားလုံးကခွင့်လွှတ်ပါ။ အင်း စာမှမတတ်တာကိုး။ အဲဒီတော့ စာတတ်ချင်ပေမယ့် ဘယ်သူမှ ငယ်စဉ်တောင်ကျေး မသင်ခဲ့တော့ မတတ်ဘူးပေါ့။ မတတ်တော့ ခန္ဓာသိပဲပြောပြပါမယ်။ အဲဒီတော့ ဘုရားကဟောပါတယ်။ ဘုရားက ဘာဟောလဲဆိုတော့ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ အနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့။ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အဲဒီတော့ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ခန္ဓာမှာရှာရမယ်။ ခန္ဓာမှာရှာတဲ့အခါကျတော့ တဖြည်းဖြည်း သဘောပေါက်လာလိမ့်မယ်နော်။ တဖြည်းဖြည်း အဲဒီတော့ တောင်ပို့မှာ ဂရယ်ခြောက်ပေါက်ရှိတယ်။ ဂရယ်ခြောက်ပေါက်ကို အပြင်အာရုံငါးပါးကို ပိတ်လိုက်ပါတဲ့။ အပြင်အာရုံငါးပါးပိတ်လိုက်ရင် လုံပြီ လားတဲ့။ အတွင်းအာရုံမှတ်ပါတဲ့။ ဒီလို ဥပမာ ဥပမေယျနဲ့ ဆရာတော် သမားတော်တွေက ဒီလိုညွှန်ပြ တဲ့ အသိလေးရှိပါတယ်။ အဲဒီတော့ တောင်ပို့ဟာ ဘာနဲ့သဏ္ဍာန်တူလဲဆိုတော့ ကိုယ့်ရဲ့ခန္ဓာကို ခေါ်ပါတယ်။ အဲဒီကာမဝဋ်လည်း ခေါ်မှာပေါ့။ ခန္ဓာလို့လည်း ခေါ်မယ်ဗျ။ အဲဒီစက္ခုအာရုံ၊ သောတ အာရုံနဲ့သာ အာရုံ ဇိဝှါအာရုံဆိုတာ စာတွေနဲ့ရေးထားတာ ဟုတ်တယ်ဗျ။ အဲဒီတော့ မြင်တော့သိ၊ ကြားတော့သိ၊ နံတော့သိ၊ စားတော့သိ၊ ထိတော့သိ။ အဲဒီငါးခုကို လောကီအာရုံခေါ်တယ်။ ပညတ် အာရုံခေါ်တယ်။ အဲဒီပညတ်အာရုံကို ခေတ္တခဏရပ်ဆိုင်းထားပြီးတော့ သမ္မာကို နှလုံးသွင်းရမယ်။ ဘာလို့ သူ့ကိုရပ်ဆိုင်းထားရမလဲ။ ငါမြင်တယ်ကွ၊ ငါနားကြားတယ်ကွ၊ ကြားလို့ငါသိတယ်။ ငါမြင်လို့

ငါသိတယ်။ အဲ အဲဒီလိုမြင်လိုက်တဲ့အခါမှာ ပစ္စည်းတွေပျောက်ဆုံးသွားတဲ့အခါမှာ ထိုသူရဲ့ပစ္စည်းတွေကို ဟိုလူကခိုး၊ ဒီလူကခိုး။ ငါမြင်တယ်ကွ၊ မင်းခိုးသွားတာ။ ငါမြင်လို့သိတယ်ကွ။ ငါ့နားကြားလို့သိတယ်ကွ။ ငါ့လာတိုင်တာ ငါမြင်ပြီ။ အဲဒီလိုယူတဲ့အယူက ဒေါသဖြစ်သွားပြီ။ သူ့ပစ္စည်းကို တန်ဖိုးရှိတဲ့ပစ္စည်းကို သူသွားပြီးတော့ ပစ္စည်းကြောင့် ဉပါဒါန်ဖြစ်တာ ပစ္စည်းဟာ တဏှာခေါ်တယ်။ အဲဒီပစ္စည်းလေးကို တဏှာခေါ်တယ်။ တဏှာကြောင့် မနောဟာ ဉပါဒါန်ဖြစ်သွားတယ်။ ဒါအကြောင်းဒါမိစ္ဆာအယူ ငါမြင်တယ်။ ငါသိတယ်။ ငါသိတယ်ဆိုတဲ့အရာဝတ္ထုတွေပါ။ ဒါက သစ္စာနဲ့ဟောလိုက်တာ။ ပစ္စုပ္ပန်တည့်တည့် သစ္စာလေးမြင်လိုက်တာ သိတာပေါ့။ ကိုယ့်နားကြားလိုက်တာသိတယ်။ ငါ့ကိုဆဲနေတယ်။ တိုင်းနေတယ်။ ငါ့အတင်းတွေပြောနေတယ်။ တစ်ခါတည်း ဒေါသဖြစ်တာပဲဗျို့။ အဲဒီအကြောင်းကိုသတိရမယ်။ ဒါကြောင့်မို့ ခေတ္တခဏ အာရုံငါးပါးကိုပိတ်ထားပါ။ ဒါဖြင့် ပိတ်ထားပြီတဲ့။ ဒါဖြင့်ရင် ဘာလုပ်မလဲတဲ့။ သမ္မာလုပ်ပါတဲ့။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ။ ဒါသီလမဂ္ဂင်၊ ဒီသီလမဂ္ဂင်ဟာ အာရုံငါးပါးကိုပိတ်ထားပါ။ ဒါဖြင့် ပိတ်ထားပြီတဲ့။ ဒါဖြင့်ရင် ဘာလုပ်မလဲတဲ့။ သမ္မာလုပ်ပါတဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ ဒါသီလမဂ္ဂင်၊ ဒီသီလမဂ္ဂင်ဟာ အာရုံငါးပါးကိုလည်း အပြင်အာရုံငါးပါးကိုလည်း သူပယ်ထားပြီ။ အတွင်းအာရုံမှာရှိတဲ့ တွေးစိတ်တွေ ငါ့မှာ နိဝရဏတွေ အာရုံနဲ့ အပြင်အာရုံနဲ့ ငါအတွင်းအာရုံနဲ့ပေါင်းသလား။ အဲဒါ ကိုယ့်စိတ်ကိုစစ်။ အဲတော့ ထိတယ်။ သိတယ်၊ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်းမမြဲဘူး။ သိတာလည်း မမြဲဘူး။ ဒါ အနတ္တ။ အဲဒီတော့ ဒီအတ္တကိုသိလာလိမ့်မယ်။ အနတ္တလေးရဲ့သဘောလေး သဘောလေး သဘောလေး။ အဲလိုလုပ်နေတဲ့အခါမှာ သူဘာဖြစ်လာလဲ။ ကာယကံ(၃)ပါး။ သူများအသက် မသတ်ဘူး။ သူများပစ္စည်း မခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ ဒါကာယကံ၊ ကာယကံကလည်း လုံနေပြီ။ ဝစီကံ မုသာဝါဒ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဒါကလည်း ဝစီကံ ရှေတောင်မသောက်ပါဘူး။ ဒီသဒ္ဓါရဲ့ကောင်းမှုကြောင့် ဝီရိယထူထောင်ထားတယ်။ ဝီရိယမှာ ထူထောင်ထားတဲ့အခါကျတော့ သူ့မှာဘာဖြစ်လာလဲ။ ပါဠိလိုရေးထားတယ်။ ဗမာလိုဆိုရင် ဒုစရိုက်(၁၀)ပါး၊ မိစ္ဆာဒုစရိုက်(၁၀)ပါးကို သမ္မာဖြစ်အောင်သူလုပ်နေတယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါးလို့ခေါ်တယ်။ အဲဒီတော့ ဒီကံတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ။ ဒီကံတွေ ဘာကြောင့်ဖြစ်ရတာလဲ။ အာရုံကြောင့်ဖြစ်တာ။ အာရုံငါးပါးမလွတ်လို့ ကံဖြစ်တာ။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အဲဒီတော့ အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ မပေါင်းတော့ဘူး။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ဒီဘက်ကိုလုပ်မိတဲ့အခါမှာ အပြင်သီလတွေအားကောင်းလာတယ်နော်။ မမြင်ချင်ဘူး။ မကြားချင်ဘူး။

မသိချင်ဘူး။ မထိချင်ဘူး။ အဲဒီအယူဝါဒတွေမယူဘူး။ မနောနဲ့အတွင်းအာရုံကို သူသတ်တယ်။ ဒီအတွင်းအာရုံဟာ အပြင်အာရုံနဲ့ပေါင်းသလား။ ဩော် အပြင်အာရုံနဲ့မပေါင်းဘူး။ အဲဒီတော့ အတွင်းအာရုံဟာ ဘာလဲ။ အဲဒီတော့ သညာ၊ သင်္ခါရ၊ ဥပါဒါန် ဒါသဘောလေးတွေ။ ဒါစာနဲ့ရေးထားတာ။ ရုပ်၏ လက္ခဏာ၊ နာမ်၏ လက္ခဏာ။ ရုပ်အကျိုး၊ နာမ်အကြောင်း အကျိုးပေါ်မှာ အကြောင်း။ အဲဒီတော့ အကျိုးဟာ ရုပ်တရားဟာ ဖေါက်ပြန်နေတယ်။ ဘာတွေဖောက်ပြန်လဲ။ ကိလေသာဓာတ်တွေဖောက်ပြန်တယ်။ အဲဒီကိလေသာဓာတ်တွေကို ဖောက်ပြန်တာကို အကုန်အစင်သူကနေပြီးတော့ အတွင်းဓာတ်ကို သူကပယ်နိုင်အောင် ကျင့်ကြံပါတယ်နော်။ အပြင်အာရုံငါးပါးနဲ့ ဘာမှမပေါင်းဘူး။ တရားစဉ်က ထွက်သွားတယ်။ ဩော် အေး အေး အေး အေး၊ ဩော် အေး အေး အေး အေး၊ လှမ်းတယ်၊ လှမ်းတယ်၊ ဒီလှမ်းတာကို ခြေထောက်ကလေးက မြေကြီးကိုထိသွားတယ်။ ကိုယ့်အသားက ကိုယ့်ဒီဝက မြေကြီးကိုထိတော့မသိဘူးလား။ သိတာကစိတ်၊ ထိတာကရုပ်။ အဲဒါက ထိသိခေါ်တယ်။ ထိသိပေါ်မှာ မနောက အဲဒီအသိကိုကပ်ထား၊ ဘယ်အာရုံမှမလိုက်ပါနဲ့။ အဲ့လိုတည့်တည့်လေး ပစ္စုပ္ပန်တည့်တည့်လေး တည့်တည့်လေးကသစ္စာခေါ်တယ်။ ဒါဘာသစ္စာလည်း အရိယသစ္စာ။ အာရုံကိုပယ်တော့မယ်။ အတွေးကိုသတ်တော့မယ်နော်။ ဒါ ဒါ သစ္စာခေါ်တယ်။ သမုဒ်သစ္စာက သမာဓလာနေတယ်။ အဲဒီတော့မှ ဝိရတီသစ္စာ။ ဝိပဿနာလမ်းပေါ်မှာ သူရောက်မယ်။ အဲဒီတော့ ရုပ်အကျိုးတရား၊ နာမ်အကြောင်းတရား။ အဲဒီအကျိုးတရားနဲ့ အကြောင်းတရားကိုသတ်နေတဲ့အခါမှာ ဒါပညာပိုင်းခေါ်တယ်နော်။ ပညာပိုင်းဆိုတာ ခုန သမ္မာကနေလာတယ်။ မိစ္ဆာကလာတာမဟုတ်ဘူး။ ဝိပဿနာမဂ္ဂင်(၈)ပါး။ ဒါ ဦးဇင်း က စာမတတ်လို့ နည်းနည်းလေး သဘောလေးလောက်၊ သဘောလေးလောက်ပဲပြောသွားတယ်။ ဒါတွေက သီလ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ အဲဒီတော့ ဒါတွေရေးတာ။ အဓိသီလဆိုတာဘာလဲ။ ထိုင်တာ သူထိုင်နေပြီ။ ဩော် အေး အေး အေး။ မြင်တာ အဲဒီတော့ သူမြင်လိုက်တဲ့အခါမှာ ပညာပိုင်းနဲ့မြင်တယ်။ ပညာပိုင်းမှာ ဘာတင်ထားလဲဆိုရင် ဉာဏ်တင်ထိုက်တယ်။ ဉာဏ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ် စကျွံဟာဝါရီ၊ အာရုံဟာဝါရီ၊ ဉာဏဝုတ္တာ။ အဲဒါလောကုတ္တရာဉာဏ်။ အဲတော့ ဉာဏ်ဆိုတာ အဲဒီတော့ မဂ္ဂင်ရှစ်ပါးပေါ်ကရတဲ့အသိဉာဏ်ခေါ်တယ်။ အဲဒီအသိဉာဏ်နဲ့ ဩော် အေး အေး အေး အေး။ အဲဒီတော့ ပညာဆိုတာဘာလဲ။ ပညတ်နဲ့ ပရမတ်ကို ပိုင်းခြားသိသွားတာ။ အဲဒီပရမတ်ကလည်း နှလုံးသားမှာရှိတယ်။ ပညတ်က အပြင်မှာရှိတယ်နော်။ အဲဒီပရမတ်ကို အတွင်းဓာတ်တွေ၊ ကိလေသာဓာတ်တွေနော်။ ဒီဓာတ်တွေပြုတ်အောင်သူလုပ်နေတာ။ အဲဒါ ပညာပိုင်းတွေပဲ။ အဲဒီတော့ သညာပိုင်းကနေပြီးတော့ သမ္မာကိုဖြစ်လာတယ်။ သမ္မာကနေ ပညာကို

သူတက်မယ်။ ရုပ်ပေါ်နာမ်ပေါ်သိတာကို။ အဲဒီတော့ ရုပ် နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်ခေါ်တယ်။ သဘောလေးကသာ ဒါကြောင့်မို့လို့ အခုနက စာကရေးထားတယ်။ ပရိဘောဂ စေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ(၄)မျိုးရှိတယ်။ ကြိုက်တာ ခင်ဗျားတို့ကိုးကွယ်ကြ။ ရှိတယ်။ သာသနာမဆိတ်သုဉ်းသေးဘူး။ ရှိတယ်။ ပုဂ္ဂိုလ်တွေ၊ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန် တွေရှိတယ်နော်။ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။ အဲဒီပုဂ္ဂိုလ်ကသိတယ်။ သူက ဒီလမ်းကလာတာကိုး။ သူက ဒီလမ်း ကလာတော့ သူမြင်သွားတဲ့အသိနဲ့ အရင်တုန်းကလာတဲ့အသိနဲ့က မတူတော့ဘူး။ ဒါကြောင့်မလို့ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ဓမ္မလို့ရေးထားတယ်။ ဒါ ဘုရားဟောအရ ဓမ္မဆိုတာ ဘယ်မှာလဲ။ နှလုံးသားမှာရှိတယ်။ အဲဒီနှလုံးသားမှာရှိတယ်။ အပြင်က ပညတ်ခေါ်တယ်။ နှလုံးသား ဟာ သူကဓမ္မဖြစ်နေတယ်။ အဲဒီဗတော့ အယုတ်၊ အလတ်၊ အမြတ် မရွေးဘူး။ သူ့စေတနာနဲ့သူ အင်မတန်မှထူးနေတဲ့စေတနာ။ ဒါ ဉာဏ်စေတနာခေါ်တယ်။ ကံစေတနာ မဟုတ်ဘူး။ ကံစေတနာက ခွဲခြားတယ်။ ဒါ ငါ့သမီး၊ ဒါငါ့သား၊ ဒါငါ့မိန်းမ၊ ဒါငါ့အစ်ကို။ ဒါငါ့ကိုပေးနေတဲ့လူ။ လူကြီး အဲဒီတော့ သညာနဲ့ စေတနာဟာ ပျက်တတ်တယ်။ ဘာပျက်တတ်လဲ။ သီလပျက်တယ်။ အတွင်းသီလ ပျက် တယ်။ အဲဒီတော့ အတွင်းသီလလုံမှသာလျှင် အပါယ်ပိတ်မယ်။ အဓိသီလဆိုတာ အဲဒီအာရုံပေါ်မှာ ညြော် အေး။ အာရုံပေါ်မှာ သူက အဲဒီအယူကို သူမယူဘူး။ မြင်တော့ မြင်နေပြီ၊ ကြားတော့ ကြားနေပြီ။ အဲဒီဟာကို မမှတ်ဘူး။ ပညာနဲ့သာ နှလုံးသွင်းတယ်။ အင်မတန်ကျင့်တဲ့သူပဲ။ သိတယ်။ အဲဒီတော့ အဓိသီလဆိုတာက အပါယ်ပိတ်တာ။ ခင်ဗျားတို့ယူထားတဲ့ သီလကတော့ဟုတ်တာပေါ့နော်။ ဟုတ်တယ်။ မှန်တယ်။ ဒါသဘောကိုပြောပါတယ်။ အပါယ်ပိတ်နိုင်လည်း မပိတ်နိုင်တဲ့လမ်းလေး ကိုပြောရရင် မအေးသေးတယ်။ မယားက နောက်လင်ယူသွားတယ်။ အဲဒီလူ မယားကနောက်လင် ယူသွားရင် အဲဒီဒကာ ဘယ်လိုနေမလဲ။ ပူတာပေါ့။ ဒါဘာဖြစ်လို့ပူလဲ။ စွဲလို့ပူတာပေါ့။ ဒါ ဥပဒါန်ကံ ခေါ်တယ်နော်။ အဲဒီတော့ စွဲတာ။ မိစ္ဆာအယူလား။ သမ္မာအယူလား။ ကိုယ့်စိတ်ကိုယ်စစ်လိုက်ဦးနော်။ အဲဒီကံကလည်မှာ။ သံသရာကို ခုနက အဓိသီလက လည်မှာမဟုတ်ဘူး။ အပါယ်ပိတ်တာ။ အဲဒီလို အဓိသီလဘယ်ကရလဲ။ မဂ္ဂင်(၈)ပါးကရတာ။ ဒီမဂ္ဂင်(၈)ပါးကို ခင်ဗျားတို့ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ အပြင်မှာစင်ကြယ် မှ ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ဘူး။ အာရုံပေါ်မှာ မစင်ကြယ်ဘူး။ သညာ၊ သခီရ၊ ဉပါဒါန် ဖြစ်နေတယ်။ အဲဒီတော့ အပြင်မှာဖြစ်နေရင် အတွင်းမှာ ပေါက်တယ်။ မှန်တယ်။ အတွင်းသီလ။ အတွင်းရဲ့အသိစိတ္တလုံမှ အပြင်သီလစိတ်ချရမှာ။ ခင်ဗျား လုပ်တဲ့ စရဏရှိမယ်။ ကိုယ့်အလုပ်ကို မှန်အောင်လုပ်ပါ။ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ မဂ္ဂသစ္စာ၊

အရိယသစ္စာနော်။ ရေးထားတဲ့စာ။ စာက မှန်၏ ညာမဏိ ထိအောင် သူမသိဘူးနော်။ စာတွေ ငါတွေ အတွေ့နှစ်လီရှိတယ်။ စာတွေထက် ငါတွေကသာတယ်။ ခံစားရတဲ့တရားနော်။ ခံစားရတယ်။ နှလုံးသားခံစားရတယ်။ အာရုံခံစားရတယ်။ အပြင်အာရုံနဲ့ပေါင်းသလား။ အတွင်းအာရုံအနှစ် ငါ့မှာအနှစ်ထိုင်ပြီလား။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အမိသီလဆိုတာ ဝိပဿနာသွားတဲ့လမ်း။ အဲဒီ အမိသီလ၊ အမိစိတ္တ၊ အမိပညာကို သိက္ခာ(၃)ပါးကို အမိညည်းထုတ်လိုက်မယ်။ ဓကောဓမ္မောရမယ်။ ဓကောဓမ္မောဘယ်ကလာလဲ။ ရုပ်ပေါ်နာမ်ပေါ်က လာတယ်။ ရုပ်ပေါ်က နာမ်ပေါ်ကလာပြီ။ အဲဒီတော့ နိဗ္ဗာန် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်။ ဟာပြီးပြီနော်။ အလုံဒီပါဆိုတာ မနော လုံသွားပြီ။ အာရုံကိုမလိုက်တော့ဘူး။ အဲဒါသူပဲသိတယ်။ ဘယ်သူမှမသိဘူး။ နာမ်ကိုဗျနော်။ ဒါကြောင့်မို့လို့ ဘာသက်သာသွားလဲ။ ဦးပဏ္ဍိတ ကိလေသာနဲ့တဏှာသတ်တယ်။ အဲဒီကိလေသာ ထဲမှာ တရားရှိတယ်။ ဝေဒနာ နိရောဒါ တဏှာ နိရောဓေါ။ ရေးထားတဲ့စာ။ ဝေဒနာကနေ တဏှာ။ တဏှာကနေ မာန်ဖြစ်တတ်တယ်။ အံကြိတ်ထားတယ်။ ထောင့်ထားတယ်နော်။ ပြေမျှောပြီးလိုက် တယ်။ ငါ ဝေဒနာ ဝေဒနာကို သဘောလေးနဲ့ လိုက်နေတယ်။ သူဖောက်ပြန်တာလား။ ငါ ဖောက်ပြန် တာလား။ အဲ သူဖောက်ပြန်တယ်ဆိုတာ သဘာဝခေါ်တယ်။ ငါက အံကြိတ်ထားရင် ငါအတ္တဖြစ် သွားလိမ့်မယ်။ အတ္တနဲ့ အနတ္တ သဘောလေးသာကြည့်။ ဒီရုပ်ပေါ် နာမ်ပေါ်က သီလတို့၊ သမာဓိတို့၊ ပညာတို့ဆိုတာလည်း ရုပ်ပေါ်နာမ်ပေါ်ကဖြစ်နေတာပါ။ ခင်ဗျားရဲ့ ဗုဒ္ဓကိုယုံကြည်တယ်။ ဓမ္မကို ယုံကြည်တယ်။ သံဃာကိုယုံကြည်တယ်။ အဲဒီတော့ ဗုဒ္ဓယုံကြည်ရင် ခုနက တရားအားထုတ်ကြ။ အဲဒီတရားအားထုတ်ရင် ဓမ္မတွေမှာပဲနော်။ ဓမ္မအစီအစဉ် အခုဟာ သံဃာက အငွေ့နဲ့ ပဋိဒေဝ ကိုလုပ်ပြီးတော့ အဲဒါ ပဋိဒေဝကို ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ။ အဲဒီပဋိဝေဒဆိုတာ အင်မတန်မှ ထူးပါတယ်နော်။ ခေါ်ပေးတာ။ ဒါ ဦးဇင်း ကတော့ စာပေကျမ်းဂန် မတတ်တော့ ဘာမှပြောတာဆိုတာ မှားယွင်းသွားရင် ဒါပညတ်၊ ပညာတ်ကို ကိုယ်က သမ္မာနဲ့ယူပါ။ မိစ္ဆာနဲ့သွားမယူပါနဲ့နော်။ ပညတ်ရှိလို့လည်း ပရမတ်ကိုသိတာ။ ပညတ်ကိုလည်း မပယ်ပါဘူး။ မပယ်ဘူး။ မစွဲဘူး။ ပညတ် ကိုလည်းယူမယ်။ စွဲလဲစွဲရင်တော့ ဘယ်နဲ့မှမတတ်နိုင်တော့ဘူးနော်။ ဘုရားက ပညတ်တာ။ အဲဒီပညတ်တော်(၁၀)ပါးကို ခင်ဗျားတို့ကြည့်။ အဲဒီဘုရားပညတ်တာကို ဩော် ဘုရား ဒါတွေဟာ မကောင်းတဲ့ဒုစရိုက်တွေပဲ။ ငါသည် ဒီအလုပ်လုပ်မယ်။ ဘယ်သူနဲ့မှလည်း ငါမပြောတော့ဘူး။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မထိချင်ဘူး။ မစားချင်ဘူး။ ဟော တဖြည်းဖြည်း ကိလေသာဟာ ခန်းခြောက်လာလိမ့်မယ်နော်။ ကိလေသာခန်းခြောက်လာတာနဲ့ ခင်ဗျားဟာ

ဘာဖြစ်လာမလဲ။ ကိလေသာခန်းခြောက်လာတာနဲ့ ဒုက္ခသစ္စာကို သိလာလိမ့်မယ်။ ဩော် ကမ္မဝဋ်ကြီးပါလား။ ဒီကမ္မဝဋ်ကို ငါမပယ်နိုင်တော့ဘူး။ ဟောဒီဘဝ ဟောဒီဘဝမှာ ငါမလွတ်ပါလား။ ငါမလွတ်ချင် အနာဂတ်ဝိပါကဝဋ်ပါပြီ။ ကမ္မဝဋ်နဲ့လာကြတာ။ မနုဿဘာဝေါ ဒုလ္လဘောဆိုတာ ကမ္မဝဋ်။ ဘာနဲ့လာလဲ။ ကိလေသာ၊ တဏှာနဲ့လာတာ။ တွေးကြည့် ဒီရုပ်ကြီးဟာနော် ခွေးကြည့် ခွေးရုပ်၊ ခွေးလေးမွေးရင် ခွေးရုပ်ပေါ့ဗျ။ ဝက်ကလေးမွေးရင် ဝက်ရုပ် ပေါ့ဗျ။ အဲ ဆိတ်ကလေးမွေးရင် ဆိတ်ရုပ်ပေါ့ဗျ။ အဲ ကြက်ကလေးမွေးရင် ကြက်ရုပ်ပေါ့၊ လူလာမွေး တယ်။ လူရုပ်ပေါ့။ ဒါ ကိလေသာ။ ကိလေသာပေါ်မှာ တဏှာတွေရှိတယ်။ တဏှာ ဆိုတာ ခံစားတာ။ ကိုယ်ပဲသိတယ်။ ခံစားတာ ခံစားတဲ့ အရသာရှိလဲမရှိဘူး။ ရှိတယ်ဆိုပြီးတော့ သူဒါပဲလုပ်နေတယ်။ တဏှာဆိုတာ အဲဒီကလေသာမှာ ရှိတယ်။ ဒါကြောင့်မို့လို့ ကိလေသာနဲ့တဏှာ။ အဲဒီတော့ တရားအားထုတ်၊ တရားအားထုတ်ရင် သမ္မာဖြစ်သွားလိမ့်မယ်။ မိစ္ဆာကိုပယ်မယ်။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မထိချင်ဘူး။ မစားချင်ဘူး။ လက်ကလေးပိုက်ပြီးတော့ အဲဒီတော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ (၃)ပါးဆိုတဲ့ ဒုစရိုက် (၁၀)ပါး။ ဘယ်ဒုစရိုက်ကိုသတ်မလဲ။ ဗျာပါဒနဲ့ အဘိဇ္ဈာနဲ့ ဝန်တိုမိစ္ဆာကို သတ်မယ်။ ဘယ်သူက ဗျာပါဒလုပ်သလဲ။ ဘယ်သူက ဝန်တိုမိစ္ဆာစိတ်လုပ်သလဲ။ ဘယ်သူက ဒေါသစိတ်ဖြစ်အောင်လုပ်သလဲ။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အာရုံကြောင့်ဖြစ်တာ။ ဩော် သမီးလေး ဟိုလူကရိုက်နေပါလား။ အဲဒီတော့ မအေက တစ်ခါတလေ အဲဒီအာရုံကို သညာနဲ့ယူတော့မှ သင်္ခါရ တွေဖြစ်ပြီးတော့ ဒေါသဖြစ်သွားတယ်။ ဒေါသဖြစ်သွားရင် ခင်ဗျားသီလရှိနိုင်ပါ့မလား။ ခင်ဗျား အပြင်အာရုံကြောင့် အတွင်းမှာတဲ့။ အတွင်းအာရုံနဲ့ အပြင်အာရုံပေါင်းလိုက်လို့ ခင်ဗျားစိတ် အယူမှားတယ်၊ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒီတော့ ခင်ဗျား ဥပါဒါန်ကြီးဖြစ်နေပြီတဲ့။ ဥပါဒါန်အစွဲကြီးဖြစ်ပြီတဲ့။ လမိုင်းခေါ်လိမ့်မယ်နော်။ သဘောလေးသာနာ။ အဲဒီလိုအစွဲတွေကို သတ်ပစ်မှသာလျှင် ဒီအစွဲဥပါဒါန် ဘယ်သူကသတ်မလဲ။ ခင်ဗျားတို့ယူထားတဲ့(၈)ပါးသီလနဲ့လည်း သတ်လို့မရဘူး။ ဒီမအေ သေတယ်။ သား သေတယ်။ သမီး သေတယ်။ အိမ် မီးလောင်တယ်။ တိုက် မီးလောင်တယ်။ ကားတွေ မီးလောင်တယ်။ ဒီဥပါဒါန် အစွဲဘာနဲ့သတ်လို့ရမလဲ။ ခင်ဗျားယူထား တဲ့သီလနဲ့သတ်လို့ရပါ့မလား။ ခင်ဗျားတို့ဆောက်တည်ထားတဲ့ သမာဓိနဲ့သတ်လို့ရပါ့မလား။ အဲဒီ အစွဲဥပါဒါန်ဟာ မဂ်ဉာဏ်နဲ့သတ်မှရမယ်။ ဒီတစ်လမ်းပဲရှိတယ်။ အဲဒီအစွဲပြတ်ရင် (၃၁)ဘုံလွတ် ပြီနော်။ ခင်ဗျားတို့ ရုပ်နာမ်မှာ ရုပ်နာမ်မသိတာ အဝိဇ္ဇာခေါ်တယ်။ အာရုံနဲ့ပေါင်းပြီးတော့ အာရုံ(၆)ပါး နဲ့ မနောနဲ့ အာရုံနဲ့ပေါင်းတော့ သင်္ခါရတွေဖြစ်နေတယ်။ ဥပမာတစ်ခုပြောမယ်ဆိုရင် တဏှာကို

ခေါ်ပြလိုက်မယ်။ ဥပမာ ကျားကြီးတစ်ကောင်ဟာ ရှေ့လက်ကလေးပစ်ပြီးတော့ သူ့ဟာသူ အဲဒီတော့ အမွေးလေးကိုယက်နေတယ်။ တစ်နေ့သောအခါမှာ ဂျီတစ်ကောင်ဟာ ဖြတ်သွားလိုက်တယ်။ ဖြတ်သွားတော့ ကျားကမြင်လိုက်တယ်၊ အကြောင်းကြောင်းကြောင့် မသတ်တတ်ဘူး။ ကျားနော်။ အဲဒီဟာ ငါ့အစာပဲ။ ငါ့အစာ တဏှာပဲဆိုပြီးတော့ မာန်မဲတာ။ ကိုက်လိုက်တော့ တစ်ခါတည်း ဂျီ သေတာပဲဗျို့၊ တစ်ခါတည်းသေတော့မှ သူ့မှာ အဲဒီတော့ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ အဲဒီ အယူဝါဒတွေယူလို့ ကျားဟာ ဒုက္ခရောက်တာ။ မစဉ်းစားနဲ့။ ဒါ ဥပမာပေးတာ။ ငါ့အစာဆိုတာ တဏှာ။ တဏှာကြောင့် မာန်ဖြစ်တာ။ အဲဒီတဏှာနဲ့ မာန်ဟာ ဘယ်သူလုပ်လဲ။ ဒိဋ္ဌိ လုပ်တာ။ ဒိဋ္ဌိကဘာလဲ။ အာရုံကိုယူတာ။ အာရုံနဲ့မနောပေါင်းတာ။ အဲဒီတော့ ဒိဋ္ဌိ။ အဲဒါ သံသရာလည်တဲ့တရားနော်။ ခင်ဗျား ဘယ်ကိုရောက်တယ်မပြောဘူး။ သံသရာလည်တာ။ အခုလည်ရင် နောက်လည်း လည်မယ်။ ဒါ ကမ္မဝဋ်ကိုမသိလို့ ဘဝမှာလည်း နစ်နေတာ။ ဘဝနစ်နေရင် ဝိပါကဝဋ် ပါသွားလိမ့်မယ်။ ခင်ဗျားတို့ ဟောဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။ စိတ်ကမဟုတ်ဘူး။ စိတ်ကို ဟောသွားတာ။ ခင်ဗျား မြင်လိုက်တော့သိတာပေါ့။ သိတာ သိစိတ်ပဲ။ ကြားစိတ်ပဲ။ မမှတ်နဲ့ သွားမှတ်တာ သညာခေါ်တယ်။ အဲဒီသညာ ကိုယ့်ကိုဒုက္ခပေးတော့၊ ကိုယ့်ကိုဒုက္ခပေးတာ ပညာလေးနဲ့ယူ။ ဩော် ကြားတာလည်း မမြဲပါလား။ ငါ့ဆဲတာလည်း မမြဲပါလား။ အပြင်အာရုံကိုမယူနဲ့။ အပြင်အာရုံယူရင် သမ္မာယူ၊ မိစ္ဆာ မယူနဲ့။ မိစ္ဆာဆိုတာ ငါ့ဆဲတာပဲ။ ငါ့တိုင်းတာပဲ။ ငါ့ မအေလိုးကြီးဆဲတာပဲ။ ဟော ဒေါသဖြစ်တာ၊ အဆဲခံတဲ့ အဲဒီဒေါသဖြစ်ရင် ဆဲသွားတဲ့လူပေါ်မှာ အဲဒီဒေါသဖြစ်တဲ့လူက စေတနာပျက်တာပဲ။ စေတနာပျက်ရင် သီလပျက်တာပဲ။ အဲဒီသီလကိုလုံအောင် အမြင်မှန်အောင် သမ္မာနဲ့ယူပါ။ မိစ္ဆာနဲ့ မယူပါနဲ့။ ဩော် အေး အေး အေး၊ ဩော် အေး အေး အေး။ ဒါကြောင့်မို့လို့ ကိုယ့်ထက်ကြီးတဲ့သူကို လည်း ရိုသေပါ။ ကိုယ်နဲ့တန်းတူကိုလည်း ကြင်နာပါ။ ကိုယ့်အောက်ငယ်သူကိုလည်း သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ မနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန် တွေ၊ အေး မစွဲနဲ့တဲ့။ အဲဒီဟာတွေကို မင်းမစွဲနဲ့တဲ့။ စွဲရင်ဘောင်ကံဖြစ်သွားလိမ့်မယ်နော်။ အတ္တတွေကို မစွဲနဲ့၊ ဩော် မြင်ပါလား။ အေး အေး အေး။ အဲဒါသွားမစွဲနဲ့။ အဲဒါတွေ ကောင်းတဲ့ဟာကိုတော့ မင်းယူတဲ့။ ဩော် ဘုရားတည်တဲ့၊ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ငါ့အုတ်တွေသယ် သင့်တယ်၊ သဲတွေသယ်သင့်တယ်။ အဲဒါ ငါဒီဘုရားတည်သွားတဲ့အခါမှာ ငါက မလှူနိုင်ဘူး။ ငါရဲ့ ကာယသဒ္ဓါ၊ ဝစီသဒ္ဓါ၊ မနောသဒ္ဓါနဲ့ ငါလုပ်မယ်။ လူကြီးခိုင်းတဲ့ ရပ်ကွက်က လူကြီးတွေကိုခိုင်းတယ်။

နိုင်းပါစေကွာ။ ငါလုပ်ပေးမယ်။ ဟော စေတနာသဒ္ဓါတွေ အဲဒီတော့ လုပ်လည်းလုပ်ရသေးတယ်။ လူကြီးကို ကြောက်တော့ မပြောရဲဘူး။ မပြောတော့ အတွင်းမှာမဲတယ်။ မဲတော့ လုပ်လည်းလုပ်တယ်။ အတွင်းမှာလည်းမဲပြီး အတွင်းသီလမအောင်ဘူး။ အပြင်မှာ အပြင်အာရုံကြောင့် သူ့မှာ သံသရာလည် လိမ့်မယ်။ အဖြစ်သဘောပဲ။ သဘောလေးပဲ။ ကိုယ့်ကိုသာ ကိုယ်အကြောင်းကိုယ်မှတ်။ သူများ အကြောင်းကို ပြော် အေး အေး အေး အေး အေး။ ရပ်ကွက်မှာလည်း လူကြီးမင်းများကိုရှိသေပါ။ ဒါက အသိတရားတွေရနေတာ။ အဲဒီလူက တဏှာ၊ မာန၊ ဒိဋ္ဌိကတက်နေပြီ။ အာရုံပေါ်မှာတက်နေ တာ။ ဘာလဲကွ။ ဒီကောင်၊ ဒီကောင်ဘာ၊ ဒီကောင်မဘာလဲကွ။ အာရုံ။ အဲဒီဟာယူတော့ မနောမာန် ဖြစ်ကုန်ပြီ။ အဲဒီသီလဆိုတာ အဓိသီလဆိုတာ နှလုံးသားမှာ နှလုံးသားကြည်လင်တဲ့ဓာတ်ကလေး ဖြစ်မှ အာရုံနောက်ကို သမ္မာလေးနဲ့ပေါင်း၊ မိစ္ဆာနဲ့မပေါင်းနဲ့။ အဲဒါ ခင်ဗျားသိလာလိမ့်မယ်။ ခင်ဗျား သိလာတော့ ပယ်လိမ့်မယ်။ သိပယ်ဆိုက်ပွား။ ဟော မကောင်းတဲ့ဒုစရိုက်တွေကိုပယ်လိမ့်မယ်။ ကိုယ်ကလည်း ကျင့်တဲ့စရဏကလည်း အလွန်ကောင်းရမယ်။ ကျင့်တဲ့စရဏလည်း မကောင်းဘူး။ ဘယ်သူမှလည်း လူမထင်တော့ဘူး။ သူနေချင်တာနေ။ လောကီကိုအားကိုးတယ်။ ရွှေတွေကို အားကိုးတယ်။ ငွေတွေကို အကုန်အားကိုးတော့တာပဲဗျာ။ အားကိုးမှားနေတယ်။ သမ္မာနဲ့အားကိုးပါ။ မိစ္ဆာနဲ့ အားမကိုးပါနဲ့။ အဲတော့ လာတော့လည်း တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက် တည်း။ စားတော့ အများစားမယ်၊ ကိုယ်တစ်ယောက်တည်းခံရလိမ့်မယ်နော်။ သိကြားမင်းရှိတယ်။ ဒါက သဘောလေးပဲဟောလိုက်တယ်။ အဲဒီသိကြားမင်းက ဘာကိုသိလဲ။ မနောကိုသိတယ်။ လူက ပြောတာဆိုတာကို သူသိတယ်။ အဲဒီတော့ ဦးပဏ္ဍိတ သည် အခု ခင်ဗျားတို့လှူကြတန်းကြတဲ့အခါမှာ သူ့အတွက်နဲ့ သူများကို စွဲလမ်းပြီးတော့ သားမယား၊ သားသမီးတွေကို သူပေးရင် သူအတွက်နဲ့ပေးရင် သူခံရမှာပဲ။ ဦးပဏ္ဍိတ ခင်ဗျားတို့တော့မသိရှာဘူးနော်။ ဒါကြောင့်မို့လို့ အေး အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်အာရုံတွေမှာ သမ္မာနဲ့ယူပါ။ နော်။ အဓိသီလလို့ရေးထားတယ်။ အဓိစိတ္တလို့ ရေးထားတယ်။ အဓိသီလက အပါယ်ပိတ်မယ်။ အဓိစိတ္တက ဗြဟ္မာ့ဘုံရောက်လိမ့်မယ်။ အဓိပညာက (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်ခေါ်တယ်။ မင်းတို့ကွာ အဲဒီတော့ ကိုယ့်ထက် ကြီးတဲ့သူကို ရှိသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ငယ်သူကို သနားပါ။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်လာပြီ။ အပြင်အာရုံမယူပါနဲ့။ သမ္မာကိုယူပါ။ မိစ္ဆာကို မယူပါနဲ့။ ကိုယ့်စိတ်လည်း ကိုယ်စစ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်၊ သမာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဟော

ပညာမဂ္ဂင်။ အဲဒီသိက္ခာ(၃)ပါးကို အဆီညှစ်တော့ ဇကောခမ္မော။ ဟော ဇကောခမ္မော ဘယ်က လာသလဲ။ ရုပ်ပေါ် နာမ်ပေါ်၊ အဲဒါခံစားပြီး ဇကောခမ္မောခံစားသွားပြီးနော်။ အလုံဒီပါ အလုံပါ သီတာရေမြေ သီလရေဖြစ်ပြီ။ ပြည့်နေပြီးနော်။ အပြင်သီလ၊ ပညတ်သီလပယ်မယ်။ ပရမက်သီလ အတွင်းသီလ ဓမ္မသီလကို သွင်းထားပြီ။ ပရမတ်သီလတော်ကို ဓမ္မသီလခေါ်တယ်။ ဒါကြောင့်မို့လို့ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒဆိုတာ ပဋိဝေဒဆိုတာ နောက်သိပါလိမ့်မယ်။ ဖော်ပြဖော်ပေးပါမယ်။ နောက် ဦးပဏ္ဍိတ မှန်ပါစေ။ ဦးပဏ္ဍိတ လည်း ကိလေသာနဲ့ တဏှာထမ်းထားတယ်။ မလွတ်ပါဘူး။ သတိ အမြဲတမ်းထားတယ်။ ကိလေသာရုပ်တရား၊ တဏှာနာမ်တရား။ အဲဒါရုပ်နာမ်ပဲ။ အဲဒါ ဝိဇ္ဇာ ဉာဏ်နဲ့ ကြည့်မှသိမယ်နော်။ အဲဒီရုပ်နာမ်ဟာ ကိုယ့်ဒုက္ခပေးနေတာနော်။ ဒါကြောင့်မလို့ ဒီတရား တွေကို သိကြပါ။ ကိုယ့်ဖအေလို အောက်မေ့တယ်။ ကိုယ့်မအေလို အောက်မေ့တယ်။ ကိုယ့်အစ်မကြီး လို အောက်မေ့တယ်။ ကိုယ့်ညီလို အောက်မေ့တယ်။ မသိရင်လာမေးပါ။ အဲဒီတော့ ငါဘာမှ အာရုံ မရဘူးကွ။ လောကီအာရုံလည်း မရဘူး။ သုံးလုံးလည်း မရဘူး။ နှစ်လုံးလည်း မရဘူး။ ငါ့ဒါတွေ လာမလုပ်နဲ့။ ငါလည်းမပေးတတ်ဘူး။ ဘာမှလည်းငါမသိဘူးနော်။ မင်းကံနဲ့မင်း အကျိုးပေးတာတဲ့။ မင်းဟာမင်း မင်းကံက ငါ့ကိုယုံကြည်တဲ့စေတနာ ပုပ္ပ၊ မုဉ္စ၊ ပရစေတနာ သဒ္ဓါ သံပတ္တိ ရတနာ(၃)တန် ကံကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူ အဲဒီဟာလည်း ဓမ္မဖြစ်နေတာကွ။ မင်းကလည်း ကံကွ။ ငါ့ကိုလည်း ယုံကြည်တယ်။ စေတနာ အဲဒီတော့ မင်းရဲ့စေတနာ ငါ့ရဲ့ဓမ္မ ကုသလာနံ့ ဓမ္မာနံ့ ဟေတုပစ္စယော။ ဝေဒနိယ ဒိဋ္ဌလက်ငင်းမျက်မှောက် အကျိုးပေးတယ်။ ငါ့သိုက် တွေကလည်း လာလှူပြီ။ ဓာတ်တွေကလည်း လာပွင့်ပြီ။ နတ်တွေကလည်း ကူးကုန်ပြီ မဂ်အောင်တဲ့ ရဟန္တာပေါင်းစုံ အဲဒါလေးကျွန်းသာသနာခေါ်တယ်။ လေးကျွန်းခေါ်တယ်နော်။ ဦးပဏ္ဍိတ ဘာတွေများလုပ်နေလဲဆိုတာမေးပါ။ ဘာတွေအဆောက်အဦးတွေလုပ်နေလဲဆိုတော့ တောထဲမှာ နေတယ်။ ဘာမှ ဓာတတ်တာမဟုတ်ဘူးနော်။ ဘာမှသိတာမဟုတ်ဘူး။ ခန္ဓာကသိတာနော်။ အဲဒီတော့ ခန္ဓာကသိတဲ့ အသိနဲ့၊ ခင်ဗျားတို့ ပစ္စုပ္ပန်တည့်တည့် ခင်ဗျားအခုမြင်နေတယ်မလား။ မြင်တော့ သိတယ်။ အဲဒီ အသိဟာ သစ္စာထားရမယ်။ ပစ္စုပ္ပန်တည့်တည့်သိတဲ့အသိလေး သစ္စာထား။ အဲဒါ အရိယာသစ္စာပဲနော်။ အရိယာသစ္စာဆိုတာ အာရုံနောက်ကို မနောက မလိုက်တော့ဘူး။ ဒါကြောင့် မို့လို့ ထပ်တည့်လို့ပြောတာ။ ဦးပဏ္ဍိတ ရဟန္တာလည်းမပြောဘူး။ အနာဂါမ်လည်းမပြောဘူး။ သကဒါဂါမ်လည်း မပြောဘူး။ သောတပန်လည်းမပြောဘူး။ ငါစိတ်ပဲကျင့်တယ်။ အဲဒီတော့ တရားက စိတ်ခေါ်တာကွ။ ငါ့စိတ်လေး ငါထားတတ်ပြီကွ။ အရင်တုန်းက ငါ့စိတ်လေး ငါမထားတတ်ဘူးကွ။

အခုစိတ်ကလေးက ငါထားတတ်ပြီကွ။ စိတ်ဆိုတာ ပညတ်နယ်ထဲမှာ ခေါ်သမုတ်ထားတာ။ အမှန်တော့ ရုပ်နာမ်တွေက ရုပ်တရား၊ ဓာတ်တွေပါပဲကွာ။ ဓာတ်တရားကြီးပါကွာတဲ့။ အဲဒီဓာတ်တရား သဘာဝ သဘောတရား သူလုပ်တာ။ ငါလုပ်တာမဟုတ်ဘူးတဲ့။ အဲဒီဓာတ်ပဲဗျ။ အခုက ငါလုပ်တယ်ဖြစ်ကုန်ပြီးတဲ့။ ငါမြင်တယ်၊ ငါသိတယ်၊ ငါကြားတယ်၊ ငါစားတယ်။ အဲဒီတော့ ခင်ဗျားတို့တွေးသာကြည့်ပေတော့ဗျို့နော်။ အမိပွါယ်ပိတ်ဖို့က အမိသီလရမှ။ အဲဒါ အမိပွါယ်ပိတ်မှာပဲ။ အမိသီလဆိုတာ အာရုံမှာ သမ္မာနဲ့ပေါင်း၊ မိစ္ဆာနဲ့မှ ငါမြင်တယ်၊ ငါမြင်လို့ ငါသိတယ်။ ငါ့နားကြားလို့ ငါသိတယ်။ မှတ်တယ်။ အဲဒါ အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါ သက္ကာယဒိဋ္ဌိတဲ့။ သေချာသွားပြီ။ အဲဒါကြောင့်မလို့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို နော် တဏှာလွှမ်းမိုးထားတာ။ တဏှာကခိုင်းနေတာ။ အဲတော့ တဏှာကခိုင်းနေတော့ ကိလေသာကမ္မဝဋ္ဋ်က မသိတော့ဘူး။ ကမ္မ ကံနဲ့ရတဲ့ ဝဋ္ဋ်ကောင်ကြီးက မသိဘူး။ တဏှာကလွှမ်းမိုးထားတယ်ဆိုတော့ ငါ့မယားလေးစားဖို့ပါ ပေါဒီရွှေဒင်္ဂါးပြားလေး ပေါဒီပိုက်ဆံလေးကွ။ ငါ့မိန်းမစားဖို့ ပေါ အရသာကိုလည်းသောက်လိုက်တဲ့အရက်။ တဏှာက ခိုင်းနေတယ်နော်။ တဏှာခိုင်းတယ်။ တစ်ခါတည်းလုပ်တတ်ပါတယ်။ နာမ် နာမ်ကြောင့် ရုပ်ဒုက္ခ ရောက်တယ်။ တစ်ခါတည်း ရုပ်ပျက်မယ်။ အဲတော့ သေမှာပဲ။ မကောင်းတဲ့ဒုစရိုက်တွေ မလုပ်ပါနဲ့။ အသက်ကို ဉာဏ်စောင့်တယ်။ ဥစ္စာကို ကံစောင့်တယ်။ ဉာဏ်လေးနဲ့စဉ်းစားပါ။ ဩော် ဒါတွေ မကောင်းပါလား။ ဩော် ငါနေတဲ့ရက်ကွက်တွေမှာ အဲဒီတော့ အမိအဖတွေအားလုံး သင့်သင့်မြတ်မြတ် ရှိကြပါစေ။ စားနိုင်ကြပါစေ။ သောက်နိုင်ကြပါစေ။ ငါကူညီမယ်။ ငါကူညီမယ်။ ငါမစားပါဘူး။ မင်းတို့ စားပါစေ။ ဒီလိုစိတ်မျိုးတွေထားပေါ့။ အခုဟာက ခင်ဗျားတို့တွေးကြည့်ပေါ့။ မြေ-ဥပမာ ဦးဖင်း က စာမတတ်ဘူး ဈေးသွားဝယ်တုန်း ခင်ဗျားတို့ ခေါင်းရင်းကမြေတွေ ခေါင်းရင်းကလူတွေက တစ်ခါတည်းခြံ ခြံတိုးပြီးတော့ တစ်ခါတည်းငုပ်တိုင်ရိုက်တာပဲဗျို့။ ပြန်လာတော့ ဈေးကပြန်လာတော့ ဟာ မြေကိုယူထားတာ (၂)တောင်လောက်ယူထားတယ်။ ယူထားတဲ့ အဲ့ဒါကိုသွားစွဲတာ ဒေါသဖြစ်တာပဲဗျို့။ အံကြိတ်တော့တာပဲ။ တစ်ခါတည်းဆွဲခြင်းကို လွှတ်ပစ်ပြီးတော့ ဘာလဲ။ နင်တို့က မတရား သဖြင့် လုပ်တာ။ ဒါအမှန်ကတော့ သည်းခံရမယ်ဗျို့။ သမ္မာနဲ့ လူလုပ်၊ မိစ္ဆာအယူနဲ့ လူလုပ်လို့ တစ်ခါတည်း သီလပြတ်သမ္မာလေးနဲ့ ဩော် အေး အေး အေး အေး ဆေးလေးမှပဲ ငါချော့ပြောမယ်။ အေးဆေးမှပဲ ချော့ပြောမယ်။ ယူပါစေ။ အေး အေး အေး အေး အေး အေး ကြမ်းကြမ်းတမ်းတမ်း တွေ့တွေ့ချင်း မောဟလုပ်လိုက်တော့ ဒေါသနဲ့လောဘဖြစ်ကုန်ရော။ ကြည့်စမ်း။ အဲဒါတွေပါပဲဗျာ။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု ..... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ အောင်သစ္စာ
ဝိသုဒ္ဓိမှ ဝိမုတ္တိ

## (၁၃-၁၂-၂၀၀၁) ရက်နေ့၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်
## ပဒင်းတန်း၊ ဝိသုဒ္ဓိဆရာတော်
## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၄၀)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၁၃-၁၂-၂၀၀၁) ရက်နေ့၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ပဒင်းတန်း ဝိသုဒ္ဓိဆရာတော်၏ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

စာတွေ့ ငါတွေ့ အတွေ့အလီလီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ သဘောလေးပဲနော်။ ဒီဘဝပြန်ကျမှာ (၃၁) ဘုံမှာနေကြတဲ့ ပုဂ္ဂိုလ်ပဲ။ ဦးပဏ္ဍိတလည်းပါတယ်။ ခင်ဗျားတို့လည်းပါတယ်။ (၃၁) ဘုံကလွတ်အောင်ရှာပေတော့ ဗျို့။ အပါယ်လေးတံခါးလည်း လွတ်အောင်လုပ်ပေတော့ဗျို့။ (၃၁) ဘုံလွတ်အောင်လည်းရှာပေတော့ကွဲ။ အဲ့ဒီတော့ ခုနက ငါမြင်တယ်။ ငါတတ်တယ်ဆိုတဲ့ သက္ကာရအယူတွေဘယ်မှာလဲ။ သမ္မာ သမ္မာဒိဋ္ဌိမပါဘူး။ သက္ကာရဒိဋ္ဌိ အတ္တဒိဋ္ဌိ သွားပြီဗျို့။ အဲ့ဒါငါမြင်တယ်။ ငါမှတ်တယ်။ ငါသိတယ်။ ငါကြားတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ သဘောလေးသာနော်။ အဲ့ဒါကံပဲဗျို့။ အဲသမီးလေးတစ်ခု ကိုယ်ကခိုင်းလိုက်တယ်။ ဥပမာပေါ့ဗျာ။ ဦးဖင်းရဲ့သမီးပေါ့။ ခိုင်းလိုက်တယ်။ သမီးကခိုင်းတာ။ ဟောတစ်နာရီလဲမလာ၊ နှစ်နာရီလဲမလာ။ သမီးလေးက အဲ (၂၄) နှစ်၊ (၂၅) နှစ် အရွယ်လေးပေါ့။ ခိုင်းတော့မလာတော့ လိုက်စုံစမ်းတော့ လင်နောက်လိုက်ပြေးတယ်ဗျို့။ သူ့ရည်းစားနောက် ဖအေက ပူတယ်ဗျို့။ အဲ့ဒါအမှတ်ပေါ့။ အဲ့ဒါတဏှာပေါ့။ အကြောင်းသတ်လို့ မရဘူး။ အဲ့ဒါတဏှာခေါ်တယ်။ အဲဒါဥပါဒါန် ဖြစ်တယ်ဗျို့။ ကြည့်စမ်း ကံတွေ ကံတွေ အားကြီးပဲ ကံတွေ။ အဲ့ဒီတော့ ဒီဟာသက္ကာရဒိဋ္ဌိကံတွေ မိစ္ဆာဒိဋ္ဌိကံတွေ အတ္တဒိဋ္ဌိကံတွေ စာရေးထားတယ်။ အဲ့ဒီတော့ သမ္မာဒိဋ္ဌိကို ငါလုပ်တော့မယ်ကွာ။ ငါအယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲ့ဒီတော့သမ္မာဒိဋ္ဌိကိုလုပ်ပြီတဲ့။ ဘုရားကဟောတယ်။ အဲ့ဒီမဂ္ဂင် (၈) ပါးအဲ့ဒီ လမ်းကသာ လျှောက်ပေတော့ ဝါတဲ့အဲ့ဒီလမ်းကလျှောက်လေတော့တဲ့။ စာမတတ်တော့စာပေကျမ်းဂန်မတတ်တော့ အလုပ်သမားက အလုပ်နဲ့ပဲ အသိယူပြီးတော့ အဲ့ဒီမဂ္ဂင်လမ်းကို လျှောက်ပါတယ်ဗျာ။ သမ္မာနဲ့လျှောက်တယ်။ ခုနကအဲ့ဒီတော့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့နော်။ စာလေးနဲ့ ရေးထားတယ်။ အင်မတန်ထူးပါတယ်။ အဲ့ဒီတော့ သမ္မာဝါစာသမ္မာကမ္မန္တ သမ္မာအာဇီဝ မဂ္ဂင်နဲ့လျှောက်ပြီဗျို့။ လျှောက်တဲ့အခါမှာ အာရုံ (၅) ပါးနော်။ ကာယကံ ဝစီကံ၊ မနောကံ၊ ဘယ်ကံကို သတ်သလဲ။ မနောကံကို သတ်တယ်။ ကာယကံကလည်း ငြိမ်ရတယ်။ ဝစီကံကလည်း ငြိမ်ရတယ်။ အာရုံငါမြင်သေးသလား။ ငါမြင်သေးသလား။ ငါမမြင်လိုတော့ပါဘူး။ ငါကြား သေးလား။ ငါမကြားတော့ပါဘူး။ ငါနံသေးသလား။ ငါမနံတော့ပါဘူး။ သက္ကာရအယူတွေပယ်ပြီနော်။ သမ္မာအယူကို ယူပြီး သမ္မာကံတော့ကံပဲဗျ။ အဲဟိုဟာတွေထက်စာရင်တော့ ဒီကလမ်းဖြောင့်လိမ့်မယ်။ ဟိုဟာကသက္ကာရ ငါမြင်သေး သလား။ တရားထိုင်နေပြီ။ တရားထိုင်နေတဲ့အခါမှာ ငါမြင်သေးလား။ ငါမမြင်တော့ပါဘူး။ မမြင်ရင်သက္ကာရအယူ ယူနိုင်ပါ့မလား။ မယူနိုင်တော့ဘူး။ ငါ့နားကရော ကြားသေးလား။ မကြားပါဘူး။ အဲ့ဒါသက္ကာရအပယ်ဒိဋ္ဌိအယူ မစ္ဆာဒိဋ္ဌိ အယူတွေမယူရဘူး။ အဲ့ဒီအာရုံ (၅) ပါးမှာ ဒီအယူတွေအယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ပယ်တယ်ဗျို့။ အာရုံ (၅) ပါး အဲ့ဒီတော့ ဒီကံသူများအသက်သတ်ချင်သေးလား။ သူများပစ္စည်းလိုချင်သေးလား။ သူများ သားမယား ဖျက်ဆီးတဲ့ဒီကံ (၃) ကံကလည်း ငြိမ်ပါတယ်။ ဘုရား အဲဝစီကံ ဆဲရေးတိုင်းထွာပြန် ဆဲချင်သေးသလား။ ဟိုနားက ဒီဟာ၊ ဟိုဟာတွေ ငါလုပ်ချင်သေးလား။ ဝစီကလည်းရေတောင်မသောက်ပါဘူးဗျာ။ တွေးကြည့်ပါ။ ဒါဝိပဿနာ။ ဝိပဿနာဆိုတာ ဝိဆိုတာအထူး။ ပဿနာဆိုတာ အာနာပါနကရဝရ ထိမှုသိမှု။ အဲ့ဒီသဘောလေးပါပဲ။ အဲ့ဒီတော့ ဝစီကလည်း ငြိမ်ပါပြီဗျာ။ မနော မနောဟာ အဝင်ပေါ့ဗျာ။ အတွင်းပေါ့ အဲ့ဒီတော့ ဗျာပါဒ သမီးအကြောင်း၊

သားအကြောင်း ဒေါကပရိဒေဝ ငါရှိသေးသလား။ အဘိဓမ္မာများလည်း ငါရှိသေးသလား။ အဲ့ဒီဒိဋ္ဌိဟာ ငါ့ဘာကြောင့် ဒိဋ္ဌိဖြစ်နေရပါသလဲ။ ကိုယ်ကိုယ်ကိုစဉ်းစားတယ်။ ဪ် အာရုံ (၅) ပါးကြောင့် အာရုံနဲ့မနောယူလိုက်တဲ့အတွက် အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒါဋ္ဌိပဲနော်။ အဲ့ဒီတော့ ငါမြင်တယ်။ ငါကြားတယ်။ ငါသိတယ်ဆိုတဲ့ အယူဝါဒတွေ ယူထားတယ်။ ပြီးတော့ ငါသိတယ်။ သင်ညာအသိနဲ့အမှတ်ကိုဗျ။ အဲသင်ညာပါဋ္ဌိလို သင်ညာ ဗမာလိုအမှတ် အဲတာကိုသွားမှတ်တယ်။ အဲ့ဒါကိုသွားစွဲတယ်။ အဲ့ဒါအယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှား တယ်။ အဲ့ဒီတော့ ဝိပဿနာလုပ်တဲ့အခါကြ အယူလည်းမယူတော့ဘူး။ မှတ်လည်းမမှတ်တော့ဘူး။ စွဲလည်း မစွဲတော့ပါဘူးဗျာ။ ကံလည်းမဖြစ်တော့ပါဘူး အဲ့ဒါအသက် (၁၀၀) နေတာထက်မြတ်တယ်တဲ့။ ရောဂါဘယပျောက် ကင်းနိုင်တယ်နော်။ ခင်ဗျားတို့ရောဂါဘယတွေ ပျောက်ကင်းနိုင်တယ်နော်တဲ့။ အဲ့ဒီသဘောလေးသာနာ။ ကံကိုပယ်ပြီ ဗျို့။ အဲ့ဒီတော့ဒီကနေသွားလိုက်တဲ့အခါကျတော့ အဲ့ဒီကအာရုံကိုလဲ ငါမယူတော့ပါဘူးကွာတဲ့။ အဲ့ဒီတော့ မကောင်းတဲ့ ဒုစရိုက်ကံတွေလည်း ငါမလုပ်တော့ပါဘူးကွာတဲ့။ အဲ့ဒီတော့နှာခေါင်းနှစ်ပေါက်ရဲ့ ဒရစဉ်ဒရစပ်ဖြစ်နေတဲ့ဟာနော်။ ဒီနှာခေါင်းနှစ်ပေါက်ရဲ့ဖြစ်နေတဲ့ တစ်ချိုကနှာခေါင်းနှစ်ပေါက်ကို အမှုမထားတော့ဘူး။ မျက်စိမြင်တာသွားသိတယ်။ နားကြားတာသွားသိတယ်။ စားတာကိုသိတယ်။ အဲ့ဒါကံတွေ။ ကာယကံကလဲဖြစ်ကုန်ပြီ၊ ဝစီကံကလည်း ဖြစ်ကုန်ပြီ။ မနောကံကလည်းဖြစ်ကုန်ပြီ၊ ညည်းကဘာလဲ ကျုပ်ကဘာလဲ ပောလျှောက်ပြီးတော့ အဲ့ဒီတော့ဥပမာလေးပြောကြမယ် ဆိုရင် ရုပ်ကုဋ္ဌေငါးထောင် နာမ်ကုဋ္ဌေတစ်သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်။ ဟောရေးထား တယ်နော်။ ဒါကမှန်နေပြီ။ ကိုယ်လုပ်ဖို့ပဲနော်။ ကိလေသာကြွေးတင်တယ်ဆိုတာ ဘာကြွေးလဲ။ တဏှာကြွေး တဏှာကြွေးတွေနော်။ တဏှာနဲ့ကိလေသာတွဲနေတဲ့အတွက် တဏှာမှန်းကိုမသိတော့ ထင်တာတွေ ဆိုင်းတာပဲဗျို့။ ကံတရားတွေပဲ။ အဲ့ဒီတော့မှ ဪ် အေး အေး အေး ငါမဂ္ဂင်လမ်းကိုလျှောက်ပြီ အဲ့ဒီတော့ ကာယသတိပဋ္ဌာန်၊ ကံတရားများကိုပယ်ပြီးတဲ့ မိစ္ဆာဒိဋ္ဌိကံတွေ အဲအတ္တဒိဋ္ဌိကံတွေ အဲ့ဒီတော့ အဲ့ဒါဒီကံတွေပေါ့ဗျာ။ ပယ်လိုက်တာ အဲ ပယ်တာက ကိုယ်ပယ်တာမဟုတ်ဘူး။ ဝိပဿနာကမဂ္ဂင်ကပယ်တာ။ ဒီတရားကို လိုချင်လို့ ဒီအသိကို လိုချင်လို့ ဒီအသိ ဒီသဒ္ဒါတွေ ဒီဝီရိယတွေ ဒီသီလတွေ ဒီသမာဓိတွေ ဒါတွေကိုလိုချင်လွန်းလို့ ထုတ်တောင် မပြတတ်ဘူး။ အဲကိုင်လည်းမပြတတ်ဘူး။ သဘောလေးခင်ဗျားတို့ယုံကြည်ပါတဲ့ ဒါပဲပြောတယ်။ ခင်ဗျားတို့ ယုံကြည်ပါတဲ့။ ဥပမာလေးပြောကြမယ်ဆိုရင် မင်ဉာဏ်ဖိုဉာဏ် စာကရေးထားတယ်။ တိုင်းပြည်မှာရတဲ့သူရတယ်။ မရတဲ့ သူမရဘူးပေါ့ဗျာ။ ရတဲ့ပစ္စည်းကို ထုတ်ပြပါဆို ဘယ်လိုလုပ်ထုတ်ပြမလဲ။ ဘယ်လိုလုပ်ထုတ်ပြမလဲ စာကတော့ရေး ထားတယ်။ နဖူးလည်းစာရေးထားတာမဟုတ်ဘူးနော်။ သဘောလေးသာနာ။ ဒါသဘောလေးတဲ့ သစ္စာတွေနဲ့ ပြောသွားမယ်။ သမုဒ်သစ္စာဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာတဲ့။ သစ္စာဆိုတာဘာလဲ။ အာရုံ အဲဒီအာရုံကို မနောကမလိုက်တော့ဘူးဗျို့ မနောကံကမလိုက်ဘူး။ မလိုက်တော့မစွဲဘူး။ မစွဲတော့အေးတာပေါ့။ ခု အေးနေပြီ ဦးပဏ္ဍိတဂိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားသလိုပဲ။ အခုစကပူတယ်ဗျို့ ဘာဖြစ်လို့ပူလဲဆိုတော့ ကိလေသာ ဝဋ်ကိုမသိတော့ ကိလေသာဝဋ်ကိုမသိတော့ ကာမဝဋ်ကို မပယ်နိုင်ဘူး။ ဒါဇာကိလေသာဝဋ်ဆိုတာ ဒုက္ခသစ္စာကြီး ကာမဝဋ်ဆိုတာ သမုဒယသစ္စာကြီး အဲ့ဒါကိုမသိဘူး။ မသိတော့ မြမောင်ကဘာတွေလုပ်လဲဆို သရက်ကုန်းကျေးရွာမှာ

ဖအေနာမည်ဦးချိုတိုး မအေနာမည် ဒေါ်အုန်းမေ ဟာ အဖေကကောက်ရိတ်တယ်။ ဆင်းရဲတယ်။ သိပ်ဆင်းရဲတယ်နော်။ ခွက်ကောက်လုပ်စားရတယ်။ မြမောင်ဟာဖအေ မအေကိုထမင်းဟင်းတွေ ချက်ချက်ပြီးတော့ အဖေအမေကိုလယ်ကွင်းထဲမှာကောက်ရိတ်တာသွားပို့တာပို့ရတယ်။ အဲ့ဒီတော့ကလေးက ဘယ်အရွယ်လောက်ရှိလဲ။ ကိုးနှစ်ဆယ်နှစ်သားအရွယ်လောက်ရှိတယ်။ အဲ့ဒီလိုသွားပို့တဲ့အခါမှာ အဲ့ဒီတော့ ဖအေမအေကထမင်းစားတုန်း သူများစပါးတွေကို တံစဉ်နဲ့ဖြတ်တယ်။ အဖျားတွေ တွေးကြည့်ပါ။ အဲ့ဒါဘာလဲ မျက်စိမြင်လိုက်တော့ အမှတ်ပေါ့ဗျာ။ ဒါရောင်းရင် ဘယ်လောက်ရမယ်။ သူများပစ္စည်းကိုခိုးတာနော်။ လယ်ပိုင်ရှင်ကမသိဘူး။ အဲ့ဒါသူခိုးတာပဲ။ ဒါဗမာလိုပြောတာ။ စွဲလို့ခိုးတာ ဒါဘာလဲ သက္ကရအယူ မိစ္ဆာဒိဋ္ဌိအယူ အတ္တဒိဋ္ဌိအယူတွေနော် သဘောလေးသာနာ အဲဒါမြမောင်ခိုးတာပဲဗျို့။ ခိုးပြီးတော့ အိမ်ရောက် လာတော့ဘယ်လိုလုပ်ခြင်းတောင်းထဲမှာ ဒီ ဒီစပါးနှံလေးတွေထည့်လာတယ်။ အဲ့ဒီထမင်းအုပ်ဆောင်းထဲမှာထမင်းအုပ်ဆောင်းထဲမှာ စပါးနှံတွေထည့်လာတယ်။ ပုဆိုးနဲ့ထုတ်လာတယ်။ ဟာတစ်ခါတည်း လမ်းကြိုလမ်းကြားကလယ်ပိုင်ရှင်သိမှာစိုးလို့ လမ်းကြိုလမ်းကြားက ဖြတ်လမ်းကချတာ။ အိမ်ရောက်တာပဲဗျို့။ အိမ်ရောက်တော့ အဲ့ဒီစပါးနှံလေးတွေကို ဘာလုပ်လဲဆိုတော့ ဆာလာအိတ်ခင်းပြီးတော့ ခြေဖျောက်နှစ်ခုနဲ့ ပွတ်ပြီးတော့မွှေတော့တာပဲ။ အဲ့စပါးစေ့လေးတွေ ဖြစ်ကုန်ရောဗျို့။ ကြည့်စမ်း လောဘ၊ ဒေါသ၊ မောဟ အာရုံကြောင့်ဖြစ်တာတွေ၊ အာရုံကြောင့်ဖြစ်တာတွေ ကံတွေဖြစ်ကုန်ပြီဗျို့မြမောင် အဲ့ဒီတော့ မြမောင်အဲဒါတွေစပါး စပါးနှံတွေရတော့ အဲ့ဒီကော့ချွေတော့ အသီးတွေဖြစ်တော့ နှစ်ပြည်သုံးပြည်လေးပြည်လောက်ရတော့ ဝမ်းကိုသာနေတာ။ သရက်ကုန်းက တရုတ်ကျင်မကွီတဲ့ သူ့နာမည်က။ ကျင်မကွီဆိုင်မှာသွားပြီတော့ အဲ့ဒီတော့ ဘာတွေရလဲ။ မြေပဲတွေ ရတယ်။ ကြံသကာတွေရတယ်။ ပိုက်ဆံတွေလည်းပေးတယ်။ အာ့ကလေးကပျော်လာတာပဲ။ ဒီလိုရမှန်းသိရင် လုပ်မှာပဲ။ ခိုးမှာပဲ။ ဒါမသိလို့လုပ်မိတာပေါ့ဗျာ။ အဲ့ဒါမှားတာပေါ့။ ဒါအပါယ်ကိုသွားမယ်လမ်းတွေပဲ။ အပါယ်လေးဘုံကိုသွားမယ့် လမ်းတွေပဲ။ အဲ အဲဒါသက္ကရဒိဋ္ဌိ အတ္တဒိဋ္ဌိ မစ္ဆာဒိဋ္ဌိတွေ အဲ့ဒီတော့ ဒီဝိပဿနာက သမ္မာဓိနဲ့ လုပ်တယ်။ ဒီအာရုံလည်း မယူတော့ဘူး။ မြင်ချင်လား။ မမြင်ချင်တော့ဘူး။ ကြားချင်လား မကြားချင်တော့ဘူး။ သိချင်လား။ မသိချင်တော့ဘူး။ အဲ့ဒီတော့ ဒီတွေးတဲ့စေသတိတ် ဒီအာရုံဟာ လှမ်းတွေးနေသလား။ အာရုံကလည်း မတွေးတော့ပါလား။ စိတ်ကလေးငြိမ်လာပါလား။ ဗြော်စိတ်ကလေးငြိမ် ဘဝင်စိတ်ကလေးငြိမ်လာပြီ။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ သဘော သဘောသာန ဝေဒနာမကြည့်တော့ပါဘူး။ လာရတာခရီးဝေးကနေလာရတာ သူကလည်းနည်းနည်း ကျန်းမာရေးပေါ့ဗျာ။ ဦးတည်လာတာပေါ့။ ဒီလမ်းကပေါ့ဗျာ။ အဲ့ဒီတော့ ဦးဇင်းကပြောပါမယ်။ ဟောပါမယ်။ ခန္ဓာသိကို အဲ့ဒီတော့ ဒီကံတရားတွေဟာ ကိုယ်လုပ်တာပါနော်။ ဒီကံတရားတွေမသိတော့မပယ်နိုင်ဘူး။ မပယ်နိုင်တော့ မဂ်လမ်းကိုလဲကြားပဲကြားဖူးတယ်။ မသိဘူးနော်။ ဒါတော့သိပယ်ဆိုက်ပွားတဲ့ သိရင်ပယ်လိုက်ပေတော့တဲ့။ ခင်ဗျားတို့အပါယ်ပိတ်မယ်။ အဲ့ဒီတော့ ဗြော်အေးအေးအေး ဗြော် အေး အေး အေး ဗြော် အေး အေး အေး အာရုံပေါ်မှာသူအောင်သွားပြီ။ သူမစွဲတော့ဘူး။ ဗြော် အေး အေး အေး အဲဒါအခိပ္ပါယ်မပေါက် လိုသူကဗြော်အေး အေး အေး သူကအေးနေတာ တကယ်အေးနေတာပါ။ ခင်ဗျားတို့လိမ်ရင် ဦးဇင်းကအပြစ်သိပ်ကြီးတာပေါ့နော်။ ဒါကြောင့်မို့လို့ သဘောလေး သာနာ (၃၁) ဘုံလွတ်တဲ့ ရဟန်းရှိတယ်။ (၃၁)

ဘုံ မလွတ်တဲ့ရဟန်းရှိတယ်။ ဒါ သဘောပဲနော်ပေတော့။ အဲ့ဒီတော့ လွတ်တဲ့ဟာ ဒါမေတ္တာလာပေးတာ။ သစ္စာဦးပဏ္ဍိတရဲ့သစ္စာကို ကိုင်ထားတဲ့အတွက်ကြောင့် ဘာသစ္စာလဲ အရိယာသစ္စာ သမုဒ်သစ္စာ မဟုတ်တော့ဘူး။ သဘောလေးသာနော်။ ပြောသွားမယ်။ ဦးပဏ္ဍိတကတော့ ဘာမှယူသွားတာမဟုတ်ဘူး။ ခင်ဗျားတို့ရန်ကုန်မြို့ကပေးတော့ ပေးတယ်။ ပေးပြီးတော့ မြောင်းမြမြို့ ဗိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းဌာနမှာ ရဟန်းပေါင်း (၇၀) ကျော် လောက်ရှိတယ်။ သီလရှင်ပေါင်း (၈၀) လောက်ရှိတယ်။ ရှာကျွေးတာ တောင်းကျွေးတာနော်။ သူ့မှာကြည့်တော့ သင်္ကန်းလည်းမဝတ်ဘူးဗျ။ အဲ့ သင်္ကန်းလဲမဝတ်။ ကျောပြောင်ကြီးနဲ့မေးပါ။ မြောင်းမြသူ မြောင်းမြသားတွေ။ အဲ့ဒါကို အဲ့ဒီပုဂ္ဂိုလ်တွေကို ရှာကျွေးတာအကုန်ရှာကျွေးတယ်။ အကုန်လုံးရှာကျွေးတာနော်။ လုံချည်ကအစ အင်္ကျီအထိ အကုန်ချုပ်ပြီးတော့ သွားမေးပါ။ အဲဆန်တို့ဘာတို့အကုန်းတောင်းပြီးတော့ ကျွေးတာ။ သံဃာတော်အရှင်သူမြတ်ကြီးတွေလည်း ဝါဆိုသင်္ကန်းလည်းအကုန်ရတယ်။ ကထိန်သင်္ကန်းလည်း အကုန်ရတယ်။ ကိုရင်လေးတွေလည်း အကုန်ရတယ်နော်။ အဲ့ဒါတွေရောဟိုးအပြင်က လာတဲ့ဟိုးလာတဲ့ ဆရာတော်ကြီးတွေလည်းလာတယ်။ သင်္ကန်းတွေကပ်၊ ထီးတွေကပ်ဒါခင်ဗျားတို့လှူတဲ့ပိုက်ဆံနော်။ သဘောလေးနော်။ အဲ့ဒီတော့ (၃၁) ဘုံလွတ်တဲ့သူကတော့ သဘောပေါက်တယ်။ ဘယ်လိုလုပ်သလဲ။ ဦးပဏ္ဍိတ ပြောပါတဲ့ အေးငါပြောမယ်ကွာတဲ့။ ငါကတော့ မတတ်ဘူးတဲ့။ အဲ့ဒီတော့ ငါကျင့်လိုက်တဲ့အခါမှ တရားအားထုတ်တယ်ကွ။ အားထုတ်တဲ့အခါမှာ ငါရဲ့နှလုံးသားရဲ့ အာရုံပေါ့ကွာ။ ဘယ်သူသိမလဲ။ ရုပ်နာမ်နှစ်ခုလွတ်သွားပြီကွ။ ရုပ်ရဲ့ဖောက်ပြန်ခြင်းနာမ်ရဲ့ခံစားခြင်းကို ဒီဟာတွေငါ့မှာခေါင်းပါးသွားပြီကွာ။ ဒါကြောင့် ငါ့အေးတာပေါ့ကွာ။ တရားထိုင်တယ်။ အဲ့ဒီလိုနေရာလေးကို ရောက်ပြီ။ သဘောပေါက်တယ်ကွာ။ ဘာမှမရှိဘူးကွာ။ ဘာမှမရှိဘူးကွာတဲ့။ ကိုင်တွယ်လို့လည်းမရပါဘူးကွာတဲ့။ အဲ့ဒီတော့ ကိုယ်ပိုင်အိမ်ကို ပြန်လာရပါတယ်တဲ့။ ကိုယ်ပိုင်အိမ်လဲပြန်လာတဲ့အခါကျတော့မင်း ဘာနဲ့နေသလဲ။ ငါဉာဏ်နဲ့နေတယ်။ မင်းတို့ကကံနဲ့နေတာကွ။ မင်းရောမမှတ်ဘူးလား။ ငါလည်းမှတ်တာပေါ့ကွာတဲ့။ မင်းမှတ်သလို ငါလည်းမှတ်တယ်။ ဒါပေမယ့် မင်းတို့အမှတ်တော့ ပြောရမယ်တဲ့။ မင်းတို့သင်ညာကိုပြောရမယ်ကွ။ မင်းတို့မိရိုးဖလာ အယူတွေယူထားတဲ့အခုထက်ထိ မင်းတို့ယူထားတုန်းပဲတဲ့နော်။ မိရိုးဖလာရဲ့အယူတွေမင်းတို့အခုထက်ထိ ယူထားတုန်းကွ။ ကိုယ့်ကိုကိုယ် ယုံကြည်ပါကွာ သူများအားမကိုးနဲ့ကွနော်။ အလုပ်လုပ်ပါကွာ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စ မင်းဟောထားတယ်။ မဟုတ်လား။ ဘုရားပြောထားတယ်နော်။ မင်းလည်း (၃၁) ဘုံကလွတ်အောင်ကြံတာပဲကွ။ ငါလည်းကြံတာပဲကွ။ အဲ့ဒါမင်းပေါ်မှာမူတည်တယ်ကွ။ ငါကတော့ကျင့်ထားလို့သိပြီကွ။ မင်းတို့သင်္ကန်းချွတ်ပေးပါဆိုရင် အခုငါချွတ်ပေးလိုက်မယ်။ ပြန်သွားမယ်တဲ့ ပုဆိုးလေးအင်္ကျီလေး ဒီဟာကဘာကြောင့်ဝတ်သလဲ ဗြော် ဗုဒ္ဓ ဓမ္မ သံဃာဆိုပြီးတော့ အဲ့ဒီတော့ ဒါတွေဟာဝိနည်းသုတ္တံအဘိဓမ္မဆိုတဲ့ ကျမ်းတွေရှိတယ်ကွ။ အဲ့ဒီတော့ ကျမ်းတွေရှိတယ်။ ရဟန်းဆိုတာ ရဟန်းအဝတ်ဝတ်တော့ ဗြော်ဒကာမကြီးတွေက သွားတဲ့အခါမှာ ထိုင်ရှိခိုးတယ်ကွ။ ထိုင်ပြီးတော့လည်း ငါ့ရေလေးတိုက်တယ်ကွ။ ဟောအဲ့ရဟန်းလေးသိလိုက်တာနဲ့ သူ့မှာအကျိုးရှိတယ်ကွ။ ငါမှားဦးတော့ ငါ့မှာအပြစ်ရှိဦးတော့တဲ့ ဒကာမကြီးကထိုင်ပြီးတော့ လက်အုပ်ကလေးချီပြီးတော့ ရှိခိုးတယ်။ ငါ့လည်းရေလေးတိုက်တယ်။ အဲဒကာမကြီးက ထူးတာပေါ့ကွာတဲ့။ ငါကတော့ အပြစ်ရှိတဲ့ ကောင်ကတော့ ရဟန်းကတော့လူးမှာပေါ့ကွာတဲ့။ သဘောလေးသာနော်။ မတူဘူး။ အသိပြောတ ကိုယ်ကြိုးစားရင် ကြိုးစားပါနော်။ သဘောလေး

ခုနက ဒကာမကြီးတွေ့လား။ ရဟန်းအဝတ်ဝတ်တော့ ဟောအရှင်ဘုရား အရှင်ဘုရား အဲ့အရှင်ဘုရားကန်တော့ပါရစေဘုရား။ ထိုင်ကန်တော့တယ်။ ဟာဦးသုံးကြိမ်ချတယ်။ သူကလည်း ဘယ်လိုဦးသုံးကြိမ်ချသလဲ။ သူ့ကိုလည်း ပြန်မေးဦး။ အဲ့ဒီကမေးပြီး ခင်ဗျားဦးသုံးကြိမ်ချတာ ဘုရားရယ်၊ တရားရယ်။ သံဃာရယ် သုံးပါးတပည့်တော်ဝတ်ဖြည့်ပါ။ အေး ဟုတ်တယ်။ ခင်ဗျားပညတ်အနေကမှန်ပါတယ် ဆရာမကြီးရယ်။ ဦးဇင်းပြောလိုက်မယ်နော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ အဲ့ဒီဦးသုံးကြိမ်ချတဲ့ဟာ တပည့်တော်မှားပြီး အခုဘဝမှာ သံသရာဝဋ်ဆင်းရဲ မောဇနထားမတပည့်တော် မလွတ်နိုင်တဲ့အကြောင်းတွေ တပည့်တော်တောင်မှ တပည့်တော်အပေါ်ဖြစ်နေပါပြီဘုရားတဲ့။ ဟောဖြစ်နေပါပြီဘုရားတဲ့။ အဲ့ဒီတော့တပည့်တော်သည် တဏှာ၊ မာန ဒိဋ္ဌိတပည့်တော်မပယ်နိုင်ပါဘူး ဘုရား။ တဏှာ မာန ဒိဋ္ဌိ မပယ်နိုင်တဲ့အတွက် အရှင်ဘုရားက တဏှာ မာန ဒိဋ္ဌိပယ်နေပါပြီ ဘုရားတဲ့။ ဒါကြောင့်တပည့်တော် ဂါရဝ ရှိသေခြင်းအားဖြင့် တပည့်တော်ဦးချပါတယ်ဘုရား။ အေး အေး အေး ဟောသူတောင်းပန်သွားတယ်။ တပည့်တော်တဝဟာတဲ့ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် မပယ်နိုင်သေးပါဘူးတဲ့။ အရှင်ဘုရားက တဏှာမာန ဒိဋ္ဌိပယ်သွားတဲ့အတွက်ကြောင့် ဂါရဝတရားနဲ့ ဦးသုံးကြိမ်ချပါတယ်ဘုရား။ ပရမ္မက်ကအဲ့ဒီလိုပြန်ပြောတယ်။ ပညတ်ကတော့ ဘုရားတရားသံဃာ ဟုတ်တာပေါ့။ဟုတ်တယ် ဟုတ်တယ်တဲ့။ မှန်ပါတယ်ဘုရားတဲ့။ ဟုတ်တယ်တဲ့။ ဟောလက်ခံတယ် ပရမ္မက်က သဘောလေးသာနော်။ အကောက်ချင်းကမတူဘူး။ တစ်ယောက်နဲ့တစ်ယောက် အသိကောက်ကောက် သွားတာတွေက သဘောလေးပဲနော်။ ဒါကြောင့်မို့လို့ ဇီဘဝမှာနောက်ဆုံးဘဝပါပဲ၊ အဲ့ဒီတော့ ဒီလိုပုဂ္ဂိုလ်တွေနဲ့တွေ့တဲ့အခါမှာ ပြောင်းပစ်လိုက် အင်္ဂုလိမာလတောင် လူသတ်တယ်တဲ့။ သူစိတ်ပြောင်းပြစ်လိုက်တယ်။ တိဟိတ်လုပ်ပြစ်လိုက်တယ်။ ဒွိစိတ် မလုပ်တော့ဘူးနော်။ ပြောင်းလို့ရတယ် လူကိုသတ်တာမဟုတ်ဘူး။ စော်ကားတာမဟုတ်ဘူး။ အင်္ဂုလိမာလကြည့် ဘုရားနဲ့တွေ့တော့ ဟောကိစ္စပြီးသွားတဲ့အကြောင်းပေါ်တာပဲဗျို့။ အခုကိုယ်ကပြေးနေတာ မောဟဖြစ်နေတာ မောဟဆိုတာ စာလိုရေးတာ ဇမာလိုပြန်မယ်ဆိုရင်တော့ တော်တော်လေး ခက်သားဗျ။ ဦးဇင်းကစာမတတ်ဘူး။ ဟိုဟာလိုပြောမယ်ဆိုရင်တော့ တွေဝေနေတဲ့စိတ် တွေဝေနေတဲ့မှိုင်နေတဲ့စိတ် ဟုတ်တာပေါ့။ သူပြောတာဟုတ်တယ်။ တွေဝေတယ် အမှန်ကတော့ ကိလေသာရဲ့ အခိုးအငွေ့တွေ ဥပမာ သမီးတွေကို သူများကရိုက်နေတယ်ဆိုရင် တစ်ခါတည်း အဲ့ဒီမှာမောဟဝင်တာပဲဗျို့။ ဟောချက်ချင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားတာပဲနော်၊ အဲ့ဒါအေးပေါ့ဗျာ။ အဲဒါကိလေသာရဲ့ ကိလေသာ ကိလေသာရဲ့ သွေးသားတွေဟာ မစင်ကြယ်ဘူးဗျို့။ ဓမ္မသွေးသားမဟုတ်ဘူးဗျနော်။ ဒါကြောင့်မို့လို့ သွေးသားစင်ကြယ်ရင်စိတ်လည်းစင်ကြယ်တယ်နော်။ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ်။ သဘောလေးသာနော။ အင်မတန်ထူးတဲ့ ဝိပဿနာ ခုနကသက္ကာရဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိအတ္တဒိဋ္ဌိ ပယ်လိုက်တာတွေ့လား ဝိပဿနာငါကြားသေးလား။ မကြားပါဘူး။ ငါမြင်သေးလား မမြင်ပါဘူး။ ဘာလဲသမာယူထားတယ်။ ကံကိုလည်း ပယ်လိုက်ပြီနော်။ အင်မတန်ထူးတဲ့ ထူးမြတ်တဲ့ အဓိသီလခေါ်တယ်။ အဓိစိတ္တခေါ်တယ်။ အဓိပညာခေါ်တယ်။ အဲ့ပညာပိုင်းရောက်တော့ သင်ညာပယ်ပြီဗျို့။ သဘောလေးနော ပညတ်နဲ့ ပရမ္မက်ဆိုတော့ ပရမတ်ကိုမြင်တော့ ပညတ်ရဲ့ သဘောကိုသကယ်ဗျို့။ ဘုရားပညတ်တာ ဘုရားပညတ်တာ ဘာပညတ်လဲပေ့ါ အဲ့ဒီအာရုံအယူမှားမယ်။ အမှတ်မှားမယ်ကွာတဲ့။ အာရုံ အာရုံစကျ္ခု အာရုံနားသောတ အာရုံနဲ့သာ အာရုံပညာမဟုတ်ဘူး။ သင်ညာနဲ့ဖြစ်

ပညာဆိုတာက ကျင့်တဲ့စခန်းနော်။ ပညတ်နဲ့ပရမတ်ကို နှစ်ခုသိသွားတာ၊ အဲ့ဒါပညာပဲဗျို့။ ပညတ်နဲ့ပရမတ် စာသာတတ်တယ်။ ပရမတ်ကိုလည်း ထိုးမဖောက်နိုင်ဘူး။ ပရမတ်ဆိုတာ ဓာတ်ပရမတ်ခေါ်တယ်နော်။ ဓာတ်ပရမတ်ခေါ်တယ်။ ဒါကြောင့် ခင်ဗျားတို့ခေါင်းကို ကိုင်ပေးတာ ဦးပဏ္ဍိတကခါတ်ပေါက်တဲ့ရဟန်းခေါ်တယ်။ အကုန်ပြောသွားပါပြီ။ ချွတ်ပေးပါဆိုတဲ့ ခင်ဗျားတို့ရန်ကုန်မြို့က တပည့်တော်ချွတ်ပေးပါမယ်။ ဘုရားချွတ်ပြီးတော့ လူဝတ်လဲသွားမယ်။ မျိုးစေ့လာပေးတာ။ ဒါမျိုးစေ့ကိုလာပေးတာ မဂ်မျိုးစေ့ကိုလာပေးတာ (၃၁) ဘုံလွတ်တဲ့ မျိုးစေ့လာပေးတာနော်။ ခင်ဗျားတို့အဲ့ဒီ (၃၁) ဘုံလွတ်တဲ့ မျိုးစေ့ကိုဘာနဲ့ ထုတ်ရမလဲ စိတ္တဝိသုဒ္ဓိနဲ့ထုတ်ပါ။ စိတ္တဝိသုဒ္ဓိဆိုတာဘာလဲ စေတနာပေါ့ဗျာ။ ဩော် မြင်တာလည်း စေတနာကြားတာလည်း စေတနာ နံတာလည်း စေတနာ၊ စားတာလည်းစေတနာ ထိတာလည်း စေတနာ။ ခင်ဗျားစေတနာထား။ အဲ့ဒါစိတ္တဝိသုဒ္ဓိ စိတ်ကလေးစင်ကြယ်ပြီး အာရုံနောက် ဩော် အေးအေး ငါ့ပါးရိုက်တယ်။ ရိုက်ပါစေ။ ငါစေတနာမပျက်ပါဘူး။ မင်းအပေါ်မှာ ငါစေတနာမပျက်ပါဘူး။ ငါ့ကားလေးကို ချိုးပလိုက်တယ်။ ငါစေတနာမပျက်ပါဘူး။ စိတ်ကိုစိတ်နဲ့ပြန်ဆေးကြောလိုက်ပါ။ အခုနရတဲ့ (၃၁) လွတ်တဲ့ မျိုးစေ့ဟာ ဒါဉာဏ်မျိုးစေ့ခေါ်တယ်။ အဲ့ဒီတော့ ခင်ဗျားရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောမလဲ။ အဲ့ဒီတော့ အဝိဇ္ဇာတုံးကြီးက ဘာနဲ့ဆေးကြောမလဲ။ သီလစစ်၊ သီလမှန်နဲ့ဆေးကြောပါ။ ဒါနစစ် ဒါနမှန်နဲ့ဆေးကြောပါ။ ဘာဝနာစစ် ဘာဝနာမှန်နဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောသလဲ။ အဝိသီလ အဓိစိတ္တ အဓိပညာနဲ့ဆေးကြောတယ်။ ဦးပဏ္ဍိတကလည်း အဝိဇ္ဇာကြီးပဲနော်။ ကိလေသာနဲ့ တဏှာတွဲနေတာပဲ။ တွဲနေတာပဲ။ ဦးပဏ္ဍိတပြောတာမယုံနဲ့ဦး။ ဖွဲ့သစ်ခြောက်မနိုင်မှုဆိုတဲ့ စာရေးထားတယ်ဗျ။ အဲဖွဲ့သစ်ခြောက်မှာ ဒီတဏှာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်။ ရုပ်ကုဋေ (၅) ထောင်၊ နာမ်ကုဋေ (၁) သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာ ကြွေးတင်တယ်။ ကြွေးတင်ရင် ဇာကြွေးမတင်တဲ့နေရာရှိတယ်။ ရောက်အောင်သွားဟော သဘောညွှန်ပြလိုက်ပြီ။ ကြိုးစားပါ လုပ်ကြပါ အဲ့ဒီအသိလေးတွေ ယူထားပါ။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့။ ဒီဘဝနောက်ဆုံးဘဝ မတော်တဆ အပါယ်လေးဘုံကိုရောက်သွားရင်သွားပြီဟော စာရေးထားတာ (၃၁) ဘုံမှန်တယ်။ ဦးပဏ္ဍိတလိုက်ကြည့်တာ တကယ်ကြည့်တာထုတ်ပြပါဆိုလို့မရ ထုတ်ပြလို့မရဘူး။ ယုံရင်လုပ် မယုံရင်မလုပ်နဲ့။ ဒါကောင်းတဲ့အလုပ်နော်။ ခင်ဗျားတို့မှန်တယ်။ သဘောလေးပြောသွားမယ်နော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ စာမတတ်လို့ ပြောသွားပြီ ဟောဘုရားရေချမ်းကပ်တယ်။ ဘုရားပန်းလဲတယ်။ ဘုရားဟော ဟောထမင်းဟော ဆွမ်းခူးတယ်။ ဆွမ်းကပ်တယ်။ အာစိတ်ပုတီးစိပ်တယ်။ မှန်တယ်ဟာ။ ခင်ဗျားတို့ထီးတင်တယ်။ မှန်တယ်ဘုရား။ ဘုရားတည်တယ်။ မှန်တယ်။ ဟောမှန်တယ်တဲ့။ အဲ့ဒီတော့ ပညတ်မှာဒါတွေလုပ်တာ မှန်တယ်။ အဲ့ဒီတော့လုပ်တော့လုပ်ပါ။ မစွဲနဲ့။ မစွဲနဲ့။ ဦးပဏ္ဍိတသင်ပေးပြီးစွဲရင် ကံဖြစ်သွားလိမ့်မယ်။ ဟုတ်လား။ ကံဖြစ်သွားလိမ့်မယ်။ အဲ့ဒီတော့ ဒီကံကို ကိုယ်ကရှောင်ထားပါနော်။ ငါကံဖြစ်သွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာ ဆွမ်းတော်တင်လိုက်ကောဗျို့။ အဲ အိမ်မြှောင်တွေကတက် စားတယ်ဗျို့။ ဟာကိုယ်ကမစားသေးဘူး။ သူကတက်စားနေတော့ ဟာငါထမင်းလေးဟင်းလေး စားလိုက် ဘာတွေစားလိုက် ကြောင်ကစားလိုက် ဘာစားလိုက် စိတ်ထဲမှာမကောင်းဘူးဗျ။ ဥပမာ ခုသွားတယ်နော်။ ခုသွားတယ်။ အဲ့ဒါအော် စားပါစေ။ စားပါစေ။ သူ့ထိုက်နဲ့သူကံငါ့ကံမဟုတ်ဘူး။ သူ့ကံဟောကံကိုမစွဲနဲ့တင်တော့

တင်ထားလိုက် ကြောင်စားတယ်။ ကြောင်ကိုသွားပြီးတော့ ဟားဘာညာနဲ့ သွားမလုပ်နဲ့။ အဲ့ဒါအစွဲနော်။ ခင်ဗျားတို့ သိပ်ကြောက်ဖို့ကောင်းတယ်။ ဒီအစွဲကပြောတာ။ ဒီဥပါဒါန် ဥပါဒါန်ကြောင့် ကံဖြစ်တယ်။ ဥပါဒါန်ကြောင့် သားလေး တစ်ခုခုဖြစ်တယ်။ မအေမှာဗျာပါဒဖြစ်တယ်။ စိုးရိမ်ကြောင့်ကြတယ်။ ဗျာပါဒအဲ တစ်ခုခုသားလေး တစ်ခုခုဖြစ်တယ်။ သမီးလေးတစ်ခုခုဖြစ်တယ်။ သမီးလေးသေသွားပြီး။ ဟောမအေ ဖအေက ဥပါဒါန်ဗျာပါဒ ဒီအပူဘာနဲ့သတ်မလဲ။ ဘာနဲ့သတ်မလဲ ဆွမ်းတော်တင်လို့သတ် ဆွမ်းတော်တင်တဲ့အသိနဲ့ သတ်လို့ရပ့်မလား။ ပဋ္ဌာန်းရွတ်ပြီးတော့ အသိနဲ့ သတ်လို့ရမလား။ သီလနဲ့သတ်လို့ရမလား။ ဒါနနဲ့သတ်လို့ရမလား။ ဒီအပူဥပါဒါန်ကို အဲ့ဒီဥပါဒါန်ရဲ့အပူက မဂ်ဉာဏ်နဲ့ သတ် မဂ်ဉာဏ်ရရင်အေးသွားပြီ။ သဘောလေးသာနာ။ ဦးဇင်းကစာမတတ်ဘူး။ ဒီမဂ်ဉာဏ်ဟာ အဲ မဂ်ဉာဏ်ရရင် ဟောဒီမဂ်ဉာဏ်ကဘာလဲ။ အားလုံးရှိတဲ့ အနုသယတွေကိုပယ်တာ။ လောကီအာရုံတွေကိုပယ်တာ။ အဲ အဲဒါတွေပဲမျိုး အဲ့ဒီတော့ဦးဇင်းကစာမတတ်ဘူး။ ဒုက္ခဝေဒနာ ဒုက္ခ၏ဝေဒနာ ရုပ်ရရင် ဒုက္ခဖြစ်မယ်။ ဝေဒနာတွေ အောင်မလေး အနာတွေဖြစ်လိုက်တာ အောင်မလေး အနာတွေဖြစ်လိုက်တာ။ ဟောဒီချိုင်းအောက်ကအနာကြီးပေါက်နေတယ်။ လည်ချောင်းကလည်း အနာကြီးပေါက်နေတယ်။ အဲဒီရုပ်ကြောင့် နာမ်အွင်းရဲတယ်။ ဟောရုပ်ကဖောက်ပြန်တယ်။ နာမ်ကဝေင်းရဲနေပြီ။ ဟောထပ်နေတာ။ ထပ်နေတာ။ အဲ့ဒီရုပ်မှာတဏှာရှိတယ်။ တဏှာရှိတယ်ပျောက်ချင်လိုက်တာ ကွာ အောင်မလေး ကိလေသာရုပ်ကြီး ရုပ်ရှိရင်ဝေဒနာရှိတယ်။ အဲ အဲဒီတော့ နာမ်ကလည်း ခုနကအာရုံကို ဥပါဒါန် ဖြစ်ပြန်ပြီ။ ရုပ်ရဲ့ဥပါဒါန်ကိုလည်း ဖြစ်ပြန်ပြီ။ နာမ်ရဲ့ဥပါဒါန်တစ်ခုမှမလွတ်ဘူး။ အစွဲတွေနော်။ ခင်ဗျားတို့သွားကြတာပဲမျိုး သွားတာဘဲ။ ခုနကတွက်ကြည့်စမ်း။ ခင်ဗျားတို့ ရုပ်ကုဋေ (၅) ထောင်၊ နာမ်ကုဋေ (၁) သိန်း ဖြစ်ပျက်ကြိုမလုပ်ဘူးနော်။ ဖြစ်ပျက်ကိုမလုပ်တော့ ဩော်အသိတွေကခေါင်းပါးကုန်ပြီ။ ကိုယ့်ဖအေလို ကိုယ့်မအေလို ကိုယ့်အမကြီးလို ကိုယ့်အကိုကြီးလို အဲကိုယ့်ဖအေလို ကိုယ့်ဆရာတော်တွေ ကိုယ့်သူငယ်တော်တွေ ပြောသွားတာပေါ့ ဗျာ။ အသိပေါ့ဗျာ။ ဦးပဏ္ဍိတ တကယ်အေးနေတာပါ။ တကယ့်ကိုအေးတာ။ အပူမဟုတ်ဘူး။ ဟိုတုန်းကပူတာပေါ့ ဗျာ။ ညီလေးသေသွားရင် ဖအေမအေကမွေးတာ အားလုံး (၆) ယောက် ဦးဇင်းနဲ့ကြီးတာ မသောင်းကြည်တဲ့ ဒကာမလေးဦးဇင်းက ဒုတိယဦးဇင်းအောက်မှာ ညီလေး (၄) ယောက် အကုန်သေနော်။ အဲ့ဒီတော့ ကရင် ဗမာ အမိကရုဏ်းဖြစ်တော့ ကျောကော့ပြီးတော့ပြေးရတာ ဘာမှမပါဘူး။ ပုသိမ်ပါရောက်သွားတယ်။ ပုသိမ်မှာဒီလိုပဲ ကူလီ အလုပ်လုပ်ရတယ်။ ဒီကိလေသာဝဋ်ကိုမသိဘူး။ ကိလေသာဝဋ်ကိုမသိတော့ ဟောဒီဘဝမှာ ကံဖြစ်တဲ့ဝဋ်တွေ လျှောက်လုပ်နေတာ နိုးလိုက် လိမ်လိုက်နောက်ပိုင်း ပစ်လိုက်ရယ်။ ဒါတွေလုပ်တယ်နော်။ မကောင်း ပါဘူးဗျာ။ အဲ့ဒီကနေပြီးတော့ ဩော်ငါ ငါကြိုးစားလို့ ဒီလိုဖြစ်ပါလား။ ငါကြိုးစားလို့ ဒီအသိဖြစ်ပါလား။ ဟာဘုရားကို မမေ့ပါဘူးဗျာ။ ဘုရားကြီးကို အားလုံးပုဂ္ဂိုလ်တွေလည်း စကားမပြောတတ်လို့ စာမတတ်ဘူး (၂) တန်းထဲတက်တယ်။ ဗမာလို (၂) တန်းထဲတတ်တယ်။ ဟာတရားဘာကောင်းလဲမပြောနဲ့။ ဘာနဲ့မှသွားမနိုင်းနဲ့တော့ကွာတဲ့။ ငါလည်း ထုတ်ပြလို့မရဘူးကွာတဲ့။ အဲဒါမင်းတို့ယုံပေတော့ကွာတဲ့။ အလုပ်လုပ်ပေတော့ အပြင်မှာစင်ကြယ်ရင် အာရုံ (၅) ပါး စင်ကြယ်ရင် မနောမှာလည်းစင်ကြယ်လိမ့်မယ်။ ဉာဏ်မှာလည်းပေါက်မယ်။ အပြင်အာရုံ (၅) ပါးကို မစင်ကြယ်ရင် မနောကလည်း စေသတိတ်တွေ မွှေလိမ့်မယ်။ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲနော်။ ဒါတွေဟာအထူးသီလ

တွေ။ ခုနကတော့ အဲခင်ဗျားတို့ ယူထားတဲ့သီလကတော့ သူများအသက်မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး သူများ သားမယားမဖျက်ဆီးပါဘူး။ သေရည်သေရက်မသောက်ပါဘူး။ ဝိကာလဘောဇနာမစားပါဘူး။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း မဖွယ်မရာမလုပ်ပါဘူး။ ရှောင်ထားတဲ့တရား ရှောင်ထားတဲ့တရား ဦးပဏ္ဍိတယူတဲ့ သီလကဆောင်ထားတဲ့တရားဆောင်ထားတဲ့ တရားအသိရပြီ။ ဟောရှောင်ထားတဲ့ တရား အဲ့ဒီတော့ ခင်ဗျားတို့ အဲ့သီလတွေယူထားပြီးမှန်တယ်ဗျ။ ဟောခင်ဗျားသားသေတယ်။ အပူကို အဲ့ဒီယူထားတဲ့ သီလနဲ့ပြတ်ပဲ့မလား။ ခင်ဗျားသားလေးသေပြီ။ အဲ့ဒီခင်ဗျား (၈) ပါးယူထားတဲ့ သီလနဲ့ အဲ့ဒီ ဥပါဒါန်ကိုပြတ်ပဲ့မလား။ မပြတ်ပါဘူး။ အဲ့ဒီဥပါဒါန်က မဂ္ဂင် (၈) ပါးမဂ်ဉာဏ်ရရင်ပြတ်တယ်။ ဟောလမ်းပြလိုက်ပြီ ဒါမှမလုပ်တာကြီး ကိုယ်ပျင်းနေတာနော်။ ဒါကြောင့်မို့လို့ သဒ္ဓါမိုလ်တွေဆိုတာ ယုံကြည်ပါ။ အပြင်သဒ္ဓါ အတွင်းသဒ္ဓါ ရှိတယ်။ အတွင်းသဒ္ဓါချိတ်ဆက် အပြင်သဒ္ဓါချိတ်ဆင် အတွင်းသဒ္ဓါချိတ်ဆက် မှတ်ထားဦး။ သေချာပြောပါမယ်နော်။ ကိုယ့်ဖအေလို ကိုယ့်မအေလို ကိုယ့်အမကြီးလို ကိုယ့်အကိုလို ဒါနောက်ဆုံးဘဝ မတော်တဆအပါယ် (၄) ဘုံရောက်မယ်။ စားတော့အများခံတော့ ကိုယ်တစ်ယောက်တည်း လောဘစိတ်တွေ ဒေါသစိတ်တွေ မောဟစိတ်တွေ တဏှာမာန ဒိဋ္ဌိစိတ်တွေ ဟော တဏှာကြောင့် ပိုက်ဆံကတဏှာဆိုတော့ ပစ္စည်းကိုလောဘကီတို့ အားကိုးထားတယ်။ အားကိုးမှားနေပြီ။ အဲဒါကြီးကို သိန်းပေါင်းမြောက်များစွာရှိတယ်။ ဟားအဲဒါနဲ့ပျော်မြူးပြီး သာယာနေတဲ့စိတ်ကလေး တဏှာပေ့ါ။ အဲ့ဒီဘဝတော့ ကောင်းတာပေါ့ အဲ့ဒါတော့ ဒီဘဝအေးအလင်းကလာတဲ့လူက အမှောင်ကိုပြန်လိမ့်မယ်။ အမှောင်ကလာတဲ့လူဟာ အလင်းပြန်လိမ့်မယ်။ ဒီလောက်ဆိုတော်ရောပေ့ါဗျာ။ (သာဓု သာဓု သာဓုပါ ဘုရား)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၃၂၅၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

(၈-၉-၁၉၉၅) ရက်နေ့၊ မြောင်းမြမြို့နယ်၊
ဝိနဲ့ကုန်းကျေးရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၄၁)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

(၈.၉.၁၉၉၅)

## မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား၊ ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်းက မြန်မာစာမတတ်ဘူး။ မြန်မာစာမတတ်တော့ ခုနက သုတ္တ၊ ဝိနည်း၊ အဘိဓမ္မာကြားတော့ ကြားဖူးတယ်။ စာပေကျမ်းဂန် မတတ်တော့ စာနဲ့မသိပါဘူး။ အဲဒါက အားလုံးရှိနေကြတဲ့ ဆရာတော်တွေ၊ သမားတော်တွေ၊ သီလရှင်တွေ၊ ယောဂီအပေါင်း၊ တရားနာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါလို့ ကျုပ်က စာမတတ်ဘူး။ ပညတ်တရားနဲ့ ပရမတ်တရာ၊ ပရမတ်တရားကတော့ ကိုင်ပြလို့မရဘူး။ သစ္စာနဲ့ပြောပါ့မယ်။ သစ္စာဆိုတာ သမုဒိသစ္စာ၊ ဝိရတီသစ္စ၊ သဘာဝသစ္စာ၊ ပရမတ်ဓာတ်သစ္စာ၊ အရိယာဓာတ်သစ္စာ၊ သမုဒိသစ္စာ ဗာခြေခံကို ပြောပြပါမယ်။ ဘုရားက အခု ဦးဇင်းတို့ တရားတွေကို နာခဲ့ရပါတယ်။ သီလထဲမှာလည်းပါပါတယ်။ ရှစ်ပါးသီလထဲမှာလည်းပါပါတယ်။ ရှစ်ပါးသီလထဲမှာ ဘာပါလာသလဲဆိုတော့ အဲဒီတရားထဲမှာ ကာမဘဝ၊ ဘဝါသဝ၊ ဒိဋ္ဌသဝ၊ အဝိဇ္ဇာသဝ အာသဝေါတရား ကုန်ရာ၊ ခမ်းရာ၊ ချုပ်ရာ ဤနိဗ္ဗာန်သို့ ရရပါလို၏ အရှင်ဘုရား။ ဒါဦးဇင်းတို့ ဆရာတော်တွေ၊ သံဃာတော် အရှင်သူမြတ်တွေဒီဆုတွေ တောင်းကြပါတယ်။ မှန်ပါတယ်။ အဲဒီတော့ ဒီမကာမသနဲ့ဘဝါသဝ၊ ဒိဋ္ဌသဝ၊ အဝိဇ္ဇာသဝဆိုတာက ယခုဘဝမှာ ဦးဇင်းတို့ မြင်ရပြီ။ မျက်စိကမြင်ပြီ။ အဲ့ဒီတော့ ကိုယ့်နားလေးကလည်း ကြားတယ်။ ကြားတော့လည်းသိတယ်။ ဒါကြောင့်မို့လို့ ဒီတရားဟာ ဘာလဲ အဖွဲ့တရား။ အဖွဲ့တရားကို ဒီ့တွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ပါးဟာ ဘယ်ကံအကြီးဆုံးလဲ မနောကံကြီးတယ်။ ဒီမနောကံကို မှီသတ်မှာပဲ။ ဒီမနောကံကို သတ်လို့ရှိရင် ဒို့သီလမဂ္ဂင်ဖြစ်မယ်။ သမာဓိမဂ္ဂင်ဖြစ်မယ်၊ ပညာမဂ္ဂင် ဖြစ်မယ်။ ဒါကသဘောလေးပဲ ဟောပါတယ်ဗျာ။ သဘောလေးပဲနော်။ အဲ့ဒီတော့ သီလမဂ္ဂင်ဆိုတာက ခုနက စာနဲ့ရေးထားပါတယ်။ ဘုရားက ဟောထားပါတယ်၊ အဓိသီလတဲ့ အဓိဆိုတာ အာရုံပေါ်မှာ အာရုံငါးပါးနဲ့ မနောဓမ္မာရုံနဲ့ မြင်လိုက်တဲ့အခါမှာ အဲ့ဒီကာလအချိန်လေးမှာ ဗျာပါဒစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ကုက္ကုစ္စစိတ် အဲဒီလိုစိတ်မျိုးတွေ ဒေါသစိတ် အဲ့ဒီလိုစိတ်ကလေးတွေဟာ ဖြစ်တတ်ပါတယ်၊ လက်ရှိ အာရုံမှာကိုးဗျ။ အဲဒီတော့ မနောလေးက ပါသွားတယ်။ အဲဒါ ကာယကံရှင်ပဲ သိပါတယ်၊ အဲဒီလိုဟာလေးတွေကို ကိုယ်က ဩော် အေး အေး အေး။ ကိုယ်က အဲဒီလို အေး အေး အေး လုပ်မှသာလျှင် အပြင်အာရုံကို ကိုယ်က မနောပါသွားရင် သမ္မာမဖြစ်နိုင်ဘူး။ အဲဒီတော့ သမုဒိသစ္စာလည်း မကိုက်ဘူး။ သမုဒိသစ္စာဆိုတာက အပြင်အာရုံကိုခေါ်တယ်။ အဲဒီတော့ သမ္မာက မနောအာရုံကို ခေါ်တယ်။ အဲ့ဒီတော့ သမုဒိသစ္စာရဲ့ သမ္မာနဲ့ နှစ်ခုပေါင်းမှ သီလဖြစ်မယ်။ ဥပမာ ခင်ဗျာလျှာထိုးပြင်ခင်းအိမ်မှာ လူတွေက အုန်းဒိုင်း ဗုန်းဒိုင်လုပ်တော့ ခင်ဗျား နားကြားတာပေ့။ ကြားတော့ ခင်ဗျားဒေါသဖြစ်သွားရော။ ဒီလို ဒေါသဖြစ်သွားရင် ခင်ဗျား အပြင်သီလ ဖြစ်နိုင်ပါ့မလား။ အပြင်ကို သွားစွဲလို့ မနောကံဟာ ခင်ဗျားဒေါသဖြစ်သွားပြီတဲ့။ ဒါကြောင့် အပြင်သီလ၊ အတွင်းသီလ အဲဒီ ၂ခုကို သေးသေချာချာ သတိထားပြီးတော့ အမြဲတမ်း ဆောက်တည်ပြီးလုပ်မှသာလျှင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာလို့ ခေါ်ပါလိမ့်မယ်။ အဲ့ဒီတော့ ဒီလိုသီလမျိုး အပြင်သီလကို ရအောင်ကြိုးစား။ သူများအသတ်မသတ်နဲ့။ သူများပစ္စည်း မခိုးနဲ့၊ သူများသားမယား မဖျက်စီးနဲ့၊ သေရည်သေရက်မသောက်နဲ့၊ မဟုတ်မမှန်တဲ့ စကားကို မပြောနဲ့၊ ဒါအပြင်သီလ၊ အဲ့ဒီတော့ အပြင်သီလတွေကို ကိုယ်ကစောင့်ထိန်းရင် ဘာလုပ်မလဲ။ ဩော် ငါ့အိမ်မှာ သူတက်လာပါလား။

သူ့ဖိနပ်လည်းမစီးဘူး။ ဥပမာပေါ့ဗျာ။ အိမ်ပိုင်ရှင်က မြင်လိုက်တယ်ဆို မနောက လှုပ်ရှားသွားတယ်ဗျို့။ ဘာလို့လှုပ်ရှားသွားလဲ။ ငါ့အိမ်ဆိုတဲ့ စွဲထားတဲ့ အစွဲမှားတဲ့၊ အယူမှားတဲ့၊ အမှတ်မှားထားတဲ့ အတွက်ကြောင့် သီလပျက်ပါတယ်ဗျာ။ ဒါ့ကြောင့် ဩော် အေး အေး အေး ဒီလိုသီလမျိုးတွေကို အပြင်သီလ၊ အတွင်းသီလ ဆိုတာက အပြင်မှာက သမုဒ္ဒိသစ္စာ၊ အတွင်းမှာက အဲဒီမနောလေးက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝကို လုပ်ရမဲ့တရား။ ဒီတရားမျိုးတွေကို လုပ်မှသာလျှင် အမြင်မှာ စင်ကြယ်မယ်။ ဩော် အေး အေး အေး အာရုံနောက်မှာ စက္ခုအာရုံနောက်မှာ ကိုယ်က မနောလေးက ပါသေးသလား။ ငါ့မနောလေးက အကုသိုလ်စိတ်ကလေးဖြစ်သလား။ ပစ္စည်းနဲ့ ပတ်သက်ပြီးတော့ ငါ့ဒေါသစိတ်ကလေးဖြစ်သေးလား။ ပစ္စည်းနဲ့ပတ်သတ်ပြီးတော့ ကုက္ကုစစိတ်ကလေးဖြစ်သေးသလား။ ပစ္စည်းနဲ့ ပတ်သတ်ပြီးတော့ ဝန်တိုမိစ္ဆာစိတ် ဖြစ်သေးလား။ သားအတွက်နဲ့ ဖြစ်ရမယ်။ အဲဒီတော့ သားအတွက်၊ သမီးအတွက် အားလုံးရှိတဲ့ သောက ပဋိဒေဝအာရုံတွေနဲ့ ဒါတွေက တိုက်နိုင်တဲ့ အကြောင်းတွေရှိတယ်။ ဘာလို့လဲ သမီးလေးစွဲတယ်၊ သမီးလေးကို သူများရိုက်လိုက်တာ ကိုယ်ကမြင်လိုက်တဲ့အခါကျတော့ အမြင်မှာ မရှင်းတော့ဘူး။ အပြင်သီလပျက်ရင် အတွင်းသီလမှာလည်း ပျက်တယ်။ အပြင်သီလကောင်းမှ အတွင်းသီလကငြိမ်တယ်။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ ပြန်ရမှာပဲ။ ဦးဇင်းလည်း ပြန်ရမှာပဲ။ ဒကာဒကာမတွေလည်း ပြန်ရမှာပဲ၊ သံဃာတော်အရှင်သူမြတ်တွေလည်း ပြန်ရမှာပဲ။ ခုနက ဘုရားဟောထားတဲ့ ကာမဘဝ၊ ဘဝါဘဝ၊ ဒိဋ္ဌဘဝ၊ အဝိဇ္ဇာ အာသဝေါတရား ၄ ပါးကို ပယ်ရင်တဲ့ ခင်ဗျားတို့ ချုပ်ရာ၊ ငြိမ်းရာ ဒိနိဗ္ဗာန်ကို ဒါတကယ်မှန်ပါတယ်ဗျာ။ နိဗ္ဗာန်ဆိုတာ အေးတာ။ အေးတဲ့ဓာတ်ခေါ်တယ်။ အစွဲဓာတ်မဟုတ်ဘူး။ စွဲတာကကာ။ အင်မတန်မှ ဒီကံဟာအင်မတန် နူးညံ့သိမ်မွေ့တဲ့ အင်မတန်နုတယ်။ ဒါကြောင့်မို့လို ဒီလိုတရားကြီးတွေကို ခုနက ကိလေသာကြမ်းကြီးတွေကို ပယ်ပါတယ်။ ကိလေသာ ကြမ်းကြီးတွေကို ပယ်ပြီးတော့ အနုသယကိလေသာကိုတော့ အနုသယကိလေသာကြမ်းကြီးကိုလည်း ပယ်ရမယ်။ အနုဆုံး မဇ္ဈမာန်ဆိုတဲ့ တရားကိုလည်း ပယ်ရမယ်။ ဒါမှသာလျှင် ခင်ဗျားတို့ ပန်းတိုင်ကို ခုနက နိဗ္ဗာန်ရွှေပြည်ကြီးကို ရောက်မယ်။ ကိလေသာကြမ်းကြီးတွေကို ပယ်တယ်ဆိုတာက ခုနက ပါဏာတိပါတာ၊ အဒိန္နဒါနာ၊ နိစ္စ၊ ဂီတ၊ ဝါဒိတ ဒါတွေကို ပယ်လိုက်တယ်။ အဲဒီ ကိလေသာကြမ်းကြီးတွေကို ပယ်လိုက်တဲ့အခါမှာ အနုသယကိလေသာကို သားအတွက်နဲ့ ငါပူသေးသလား။ သမီးအတွက်နဲ့ ပူသေးသလား၊ စီးပွားရေးအတွက်နဲ့ ပူသေးသလား။ အဲဒါ မနောမယူသေး၊ အနုသယအပူသေး။ အဲဒီလို အပူလေးတွေကို တဖြည်းဖြည်း ဝိပဿနာ တရားများနဲ့ သူကနေ ကျင့်ကြံအားထုတ်ရမယ်။ ဦးဇင်းကြီး ဦးပဏ္ဍိတဟာ လူနာမည် မြမောင်။ အဲဒီတော့ မြမောင်ဘဝက မသေခင်က သူ့ရဲ့ဘဝတွေဟာ အင်မတန်ဆိုးပါတယ်။ ဒါနောက်ကြောင်းပေါ့ဗျာ။ နောက်ကြောင်းဆိုတော့ အတိတ်ပေါ့။ ဟိုးဘဝမဟုတ်သေးဘူး။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ။ အဲဒီတော့ ဒါတွေဟာ သူ့အသိနဲ့သူထင်တာတွေလုပ်။ ထင်တာတွေနေ၊ ထင်တာတွေစား။ ဒါဘာလဲ မကောင်းတဲ့ အာရုံနောက်ကို မနောလေးက တကောက်ကောက် ပါတယ်။ ဘာလဲဆိုတော့ မိစ္ဆာဒိဋ္ဌိပေါ့ဗျာ။ အဲဒါနဲ့ သေသွားရင် အပယ်လေးဘုံကို ရောက်ပါတယ်။ ဒါတွေဟာ ဦးဇင်းကြီးသိလို့ ဒကာ၊ ဒကာမများကို ဦးဇင်းကြီးရဲ့ခန္ဓာ အသိတွေနဲ့ ပြောတာ။ စက္ခုအာရုံ နားသောတအာရုံ၊ နံ့သောအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ ဒါတွေက

အနုသယလေးတွေ။ ဒီအာရုံလေးအပေါ်မှာ ငါ့ရဲ့မနောလေးက ပါသေးသလား၊ သာယာသေးသလား။ မသာယာဘူးလား။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီလို စိတ်ကလေးစစ်လိုက်တဲ့အခါမှာ အစွဲဥပါဒါန်ရှိသေးသလား၊ စွဲသေးသလား။ အဲဒီတော့ ဒီအစွဲတရားဟာ သံသရာ ကျွတ်ကွင်းလျှောက် လည်နေတာပါ။ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးဘဝ စီလို အစွဲတရားကို မသတ်နိုင် ခင်ဗျားတို့ရဲ့ သဒ္ဓါဆိုတဲ့ ယုံကြည်မှုအသိ ငါယုံကြည်ပြီကွာ။ ယုံကြည်ရင် ဘာလုပ်မလဲ။ ငါသီလရအောင် လုပ်မယ်။ သီလရရင် ဝီရိယဆိုတဲ့ အဲဒါတွေကို နှလုံးသွင်းရမယ်၊ ဝီရိယကောင်းမှ သီလကောင်းမယ်။ အဲဒီတော့ ဘာတွေဖြစ်လာမလဲ ဗျာပါဒစိတ်တွေ၊ ဝန်တိုမိစ္ဆာစိတ်ရယ်၊ မိစ္ဆာဒိဋ္ဌိစိတ်ရယ် စိတ်တွေက တရားထိုင်တဲ့အခါမှာ မပေါ်ပါဘူး။ တရားသာထိုင်တယ် မနောကံကတောင်တွေး မြောက်တွေး အဲဒီဟာတွေ တွေးတာကကံ ဒါ အနုသယကံ။ အနုသယကံမဖြစ်အောင် ထိတယ်၊ သိတယ်။ အဲဒီတော့ ရုပ်နဲ့နာမ်ကို မြင်လာတဲ့ အခါမှာ ယုံလို့ရှိရင် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင် ဖြစ်လာတယ်။ သီလဆိုတာက လောဘနဲ့ ဒေါသခေါင်းပါးရမယ်။ သမာဓိ ဆိုတာ အနုသယစိတ်ကို လောကီရဲ့အာရုံတွေကို သူကဖြတ်တောက်ထားတယ်။ လောကုတ္တရာအာရုံက အနတ္တအာရုံ ထိတာလည်းမမြဲဘူး။ သိတာလည်းမမြဲဘူး။ ဒါအနတ္တအာရုံခေါ်တယ်။ လောက်အကြောင်းတွေကို သွားစွဲရင် မနောကံ ဖြစ်တတ်တယ်။ အဲဒီကံကို ကိုယ်ကသီလ၊ သမာဓိ၊ ပညာနဲ့ ဒီဟာတွေကို သတ်မှသာလျှင် အကျင့်တရားတွေကိုရမှသာ လျှင် ခင်ဗျားရဲ့ ခုနကပြောလို့ ဉာဏ်ဘက်ကို ကူးသွားမယ်။ သီလဟာ အခြေခံပါတယ်။ အပြင်သီလနဲ့ အတွင်းသီလ။ အပြင်သီလကတော့ သူများမနာလို ကိုယ့်အကျိုးမရှိ မစ္ဆရစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ ဒါမြင်တာကိုးဗျ။ မြင်တဲ့အခါကျတော့ သူကပစ္စည်းရှင်ကို ပေးလိုက်တယ်။ ပေးလိုက်တာကို ဘေးကပူတယ်။ သူများနာလို ကိုယ့်အကျိုးမရှိ၊ အဲဒါအပြင်သီလပျက်တယ်ဗျ။ အတွင်းသီလမရှိလို့ အပြင်သီလပျက်တာပါ။ အတွင်း သီလသာရှိရင် အပြင်သီလမပျက်ဘူး။ အဲဒါလေးတွေ သိပ်အရေးကြီးပါတယ်။ သီလဆိုတာ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးရမယ်။ အဲဒီ လောဘ၊ ဒေါသ၊ မောဟ တွေဟာ အာရုံနောက်ကို တကောက်ကောက်လိုက်နေတာနော်။ စက္ခုအာရုံနောက်လည်းလိုက်တတ်တယ်။ နားသောတနောက်လည်း လိုက်တတ်တယ်။ အာရုံ ၅ ပါးနောက်ကို လိုက် တတ်တယ်။ ဘာဖြစ်လို့လဲ ဃာဏမကြေဘူး၊ သူကျင့်ထားတဲ့ စရဏမရှိဘူး။ နည်းပါးတယ်။ ဒါကြောင့်တရားထိုင်တဲ့ အခါမှာတချို့ ကိုယ့်ဟာကိုယ်သဘောပေါက်ကြပါတယ်။ တရားထိုင်တဲ့အခါမှာ တွေးစိတ်အနုသယ သူ့မှာမလာဘူး။ ဥပါဒါန်ဆိုတဲ့ စိတ်ကလေးတွေ မလာဘူး။ အဲဒီလို စိတ်ကလေးတွေ မလာရင် မနောလုံတယ်ဗျ။ အဲဒီလို မနောလုံရင် ငါဟာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်ပြီ။ ဒါဖြင့်ရုပ်နဲ့နာမ် လက္ခဏာရေး (၃) ပါးကို ငါရှုမယ်။ သီလမဂ္ဂင်၊ သမာ ဓိမဂ္ဂင်၊ ပညာမဂ္ဂင်တွေ အားကောင်းလာရင် ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ၊ ရုပ်၏အကျိုး၊ နာမ်၏အကျိုး၊ အကျိုး နဲ့အကြောင်းကို သူစစ်တယ်။ အဲဒီလိုစစ်တဲ့အခါမှာ သီလလည်းမှန်ရမယ်။ သမာဓိကလည်းမှန်ရမယ်။ ပညာကလည်း မှန်ရမယ်။ ဒီသုံးပါးကိုပြည့်စုံမှသာလျှင် အကျိုးအကြောင်း၊ ရုပ်၊ နာမ် (၂) ပါးကို ရှုလို့သဘောပေါက်လာလိမ့်မယ်။ ရုပ်၊ နာမ်ကို ရှုတာကဉာဏ်၊ သီလ၊ သမာဓိ၊ ပညာကို ရှုတာကအပါယ်ပိတ်တဲ့စခန်းတွေ။ အပါယ်ပိတ်တဲ့စခန်းတွေ ရောက်လာပြန်တော့ သောတာပန်ရဲ့အဆင်၊ သဒ္ဒါဂါမိရဲ့အဆင့်၊ အနာဂါမ်ရဲ့အဆင့်ဒါတွေ အဆင့်တွေ ကူးကူးသွားတာ။

ကျင်းတဲ့အခါမှာ ငါသည် အရင်တုန်းက ငါနေတာက ဘယ်လိုနေလဲ။ ဒုစရိုက် (၁၀) ပါးကို ပေါင်းသင်းနေတယ်။ ကာယကံဒုစရိုက်တွေ၊ ဝစီကံဒုစရိုက်တွေ၊ မနောကံဒုစရိုက်တွေ၊ ဒီဒုစရိုက် (၁၀) ပါးကို ဒီနေ့ငါအမိဋ္ဌာန် ဝင်မယ်။ အမိဋ္ဌာန် (၁၀) ရက်ဝင်မယ်။ ဒုစရိုက်တွေ မကျူးလွန်အောင် ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာကိုငါသတ်မယ်။ ငါတခုသော စကောခမ္မောဆိုတဲ့ အာရုံကို ငါဖမ်းတော့မယ်။ တရားထိုင်တာပဲ။ တရားထိုင်တဲ့အခါမှာ ဒုစရိုက် (၁၀) ပါး ဗျာပါဒ ဒုစရိုက်၊ မစ္စတေဒုစရိုက်၊ ဒီလို မနောက ဟာကိုဖမ်းလိုက်တာနဲ့ အပြင်သီလက လုံနေပြီ။ ဘာဖြစ်လို့ အပြင်သီလ လုံသလဲ။ သူကလမ်းလည်းမလျှောက်ဘူး။ ဈေးလည်းမသွားဘူး သူများတွေနဲ့လည်း စကားမပြောဘူး။ ကိုယ့်အိမ်မှာ ကိုယ်တင်ပျဉ်ခွေပြီး တရားထိုင်တဲ့အခါကျတော့မှ အပြင်သီလသူမှာ စင်ကြယ်ပါတယ်။ အပြင်သီလ စင်ကြယ်လာရင် အတွင်းသီလက ဗျာပါဒစိတ် ရှိသေးသလား။ ကုက္ကုစ္စစိတ်ရှိသေးလား။ ဝန်တိုမိစ္ဆာစိတ်ရှိသေးလား။ ဒါတွေကို စစ်ရမယ်။ အဲဒီတော့မှ တရားစင်ပေါ်က ထွက်လာတဲ့အခါကျတော့မှ ကိုယ်ခြေထောက်ကပေကျံနေတယ်။ အိမ်ပိုင်ရှင်က ဒေါ်သဖြစ်ရော။ သူ့အိမ်ပေါ်မှာ ယုယုယယထားတာ။ ကြမ်းကြမ်းတမ်းတမ်း။ တက်လာတော့မကြိုက်ဘူး။ တရားတော့ထိုင်တယ်။ အပြင်မှာဉာဏ်မပေါက်တော့ ဒါကိုမသတ်တက်ဘူး။ ဉာဏ်ပေါက်မှသတ်လို့ရတယ်။ ဒါ့ကြောင့်ဉာဏ်စခန်းလို့ ပြောတာ။ အပြင်သီလ၊ အတွင်းသီလ ဆိုတာရှိတယ်။ အတွင်းသီလတွေ အင်မတန်အားကောင်းလာတော့ အပြင်သီလရဲ့သဘောကို သိလာတယ်။ အဲ့ဒီတော့ အပြင်သီလတွေစင်ကြယ်လာတော့ အတွင်းသီလတွေ စင်ကြယ်လာပါတယ်။ ဒါကအပါယ်ပိတ်မဲ့ စခန်းတွေပါ။ ကိုယ့်အသိနဲ့ ကိုယ်လုပ်ကြတယ်။ ဒါနကုသိုလ်သီလကုသိုလ်၊ ဘာဝနာကုသိုလ်။ မှန်တာပေါ့။ တကယ်စိတ်ကိုစစ်ရတော့မယ်။ ဒီစိတ်ကနိဗ္ဗာန်သွားတာလည်း ဒီစိတ်ပဲ။ အပါယ်သွားတာလည်း ဒီစိတ်ပဲ။ အဲဒီစိတ်ကလေး။ ဘဝင်စိတ်ကလေး။ အဲဒီဘဝင်စိတ်ကလေးဟာ ဥပမာပြောရမယ်ဆိုရင် ဦးဇင်းကစာတော့ မတတ်ဘူး။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်။ စောစောက ခန္ဓာအသိနဲ့ပြောရမယ်ဆိုရင် သတ္တဝါသမ္ဘတိရတနာသုံးတန်။ ကံကံ၏ အကျိုးကို ယုံကြည်ခြင်း၊ ကြည်ညိုခြင်း။ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း၊ ဗုဒ္ဓဘောခံယဉ်စွာ ရအပ်ပေ၏တဲ့။ ဘာလဲ။ ကံ။ အဲဒီကံလေးဟာ ဘဝမြောက်မြားစွာက သူတော်ကောင်း သူမြတ်လောင်းတွေနဲ့ တွေ့ဆုံပြီးတော့ လျှုခဲ့ရပြီးတော့ လာတဲ့ကံ။ ဒါသမ္မာကံ။ ကံဆိုတာ အစွဲတရား။ ဒီကံလေးနဲ့ ဘာလဲဆိုတော့ဝိညဉ်။ ခင်ဗျားရဲ့ဝိညဉ်။ ကံနဲ့ဝိညဉ်နဲ့ပေါင်းထားတာ။ နိဗ္ဗာန်ကိုမရောက်သေးဘူး။ အဲဒီတော့ မေးပြီး။ အင်မတန်ထူးမြတ်တဲ့ ကံထူးကံမြတ်ရတဲ့အတွက်ကြောင့် မနုဿသဘာဝေါ ဗုဒ္ဓဘောဆိုတဲ့ လူ့ဘုံမှာတော့ သာသနာတွေပွင့်နေတယ်ဟေ့ မင်းသွားကြ။ ကံဟာ ကောင်းတဲ့ ကံလေးနဲ့ ဝိညဉ်နဲ့ပေါင်းလာရတယ်။ အဲဒါဦးဇင်းက စာမတတ်ဘူး။ ဥပမာလေးပြောတာ။ ဦးဇင်းအသိပြောတာ ဝိညဉ်နဲ့ပေါင်းလာတဲ့ အခါကျတော့ ခြေဉ်ငါ့အဖေ၊ ငါ့အမေ ဝိညဉ်ထဲ ငါဝင်ရတော့မယ်။ သဘောလေး ပြောတာနော်။ ဟိုတုန်းကမသိဘူး။ ဒီဝိညဉ်လေးဟာ ငါ့အဖေနဲ့ ငါ့အမေထဲကိုဝင်တယ်။ အဲဒီအဖေအမေဟာ ကာမသဝနဲ့ဆောက်လုပ်ထားတဲ့။ ဝိညဉ်အိမ်ခေါ်တယ်ပဲ။ ဒါသဘောလေး ခင်ဗျားတို့ချဲ့သာ ယူလိုက်ပေတော့။ အဲ့ဒီတော့ ကာမသဝနဲ့ ဆောက်လုပ်ထားတဲ့အိမ်။ ဦးဇင်းလာတာလည်းကံ။ အဲဒီကံကလေး၊ ဝင်ကစွတ်လေးဟာ ဒေါ်အုံးမေဗိုက်ထဲသွားဝင်ရတယ်။ သူက ကံနဲ့လာရတာကိုဗျ။ ကောင်းတဲ့ကံနဲ့လာတာ။ အဲ့ဒီတော့ မနုဿသဘာဝေါဗုဒ္ဓဝေါဆိုတဲ့ ခွေးလည်း

မဖြစ်ဘူး။ ကြောင်လည်းမဖြစ်ဘူး။ မိန္တာက်မဟုတ်ဘူးနော်။ သမ္မာကံ။ ဝိဉာဉ်လေးနဲ့ သမ္မာကံနဲ့ တွဲလိုက်တာ။ ဒေါ်အုံးမေရဲ့ ဗိုက်ထဲဝင်ပြီး ပဋိသန္ဓေနေပြီးတော့ မွေးလာတာ။ ဖြစ်လာတော့ အမိနဲ့အဖကာမသာဝဆိုတဲ့ အိမ်ကြီး ဆောက်တော့တာပဲဗျို့။ တဖြည်းဖြည်းမြမောင်ဟာကြီးလာတယ်။ အာရုံခြောက်ပါးဟာ၊ ကိလေသာအာရုံကြီးဟာ ဒေါ်အုံးမေနဲ့ဦးချိုးတိုးကြီးဟာ မွေးဖို့လာတယ်။ အဝိဇ္ဇာကြီးဟာ အုပ်ထားလိုက်တယ်။ အဲ့ဒါဘာလဲဆိုတော့ အဝိဇ္ဇာ အိမ်ကြီးဗျ။ ကိလေသာအာရုံကြီးအုပ်ထားလိုက်တော့ ကံကလေးက ကံပဲရှိတယ်။ ကံကလေးဟာ ဘယ့်နှယ်မှ မလုပ်တတ်ဘူး။ အတိုက်ကပါလာတဲ့ကံက ကောင်းတဲ့ကံ။ ကိလေသာနဲ့အုပ်ဆိုင်းထားလိုက်တော့ ဝိဉာဉ်လေးဟာ ဘယ့်နှယ့်မှမလုပ်တတ်တော့ဘူး။ ကိလေသာအိမ်ကြီးထဲဝင်ရတဲ့ အခါကျတော့ တဖြည်းဖြည်းကြီးလာတယ်။ သညာ သင်္ခါရ ဥပါဒါန်ဆိုတဲ့အစွဲတရား ဒါတွေဖြစ်လာတယ်ဗျို့။ ကိလေသာနဲ့ ဆောက်လုပ်ထားတော့ တဏှာကကိုကပ် နေတယ်။ အဲဒီတဏှာနဲ့ ကိလေသာ ဒီနှစ်ခုက ချယ်လှယ်လုပ်နေတာ။ ချယ်လှယ် လုပ်နေတော့ တနေ့သောအခါမှာ ကောင်းမှန်းလည်းမသိ၊ မကောင်းမှန်းလည်းမသိ၊ ထင်တာလုပ်၊ ထင်တာစား။ ကိလေသာနဲ့ ဆောက်လုပ်ထားတဲ့ ဝိဉာဉ်လေးဟာ အဲဒီထဲဝင်နေတာ။ တနေ့သောအခါ အသက်ငါးဆယ်အရွယ် ခြောက်ဆယ်နီးပါးရောက်တော့ လောကီ ကိုအားကိုးစရာမရှိဘူး။ ဒီလောကီက သာယာဖို့ကောင်းတာဗျ။ သိပျော်ဖို့ကောင်းတယ်။ အဲ့ဒီတော့ ထမင်းတော်၊ ဟင်းတော် ဘာမှကို မစားရပါဘူး။ စာမတတ်၊ ပေမတတ် ဘာမှမသိ "သဲအင်း၊ ဖွဲတင်း၊ အမြဲလင်း" လို့သဲအင်း ပွကလဲ ဟော၊ ဟောမာန်ဝန်ကလည်း ဟောဆိုတော့ တရားဘက်မှာယိမ်းလာတယ်။ သူကလက်တွေ့ခံစားနေရတာ။ ငတ်တာကို ဗျ။ တရားတွေကျင့်တဲ့အခါကျတော့ သူကျင့်နေတာပဲ။ သူကျင့်တော့သဘောလေး သူသိလာတယ်။ ဩော် အရင်လို မဟုတ်တော့ပါလား။ ငါဟာဘာလဲ။ လူတွေနဲ့လည်း မနေတော့ပါလား။ လူတွေနဲ့လည်း စကားမပြောတော့ပါလား။ ဝါ့ဟာငါ တဲကျောင်းလေးနဲ့ တံခါးပိတ်ချနေပါလား။ သူစဉ်းစားတယ်။ အရင်လိုမဟုတ်ပါလား။ မလိမ်ပါလား။ မညာပါလား။ မခိုးပါလား။ မလုပါလား။ ဖဲဝိုင်းမသွားပါလား။ ရှိတာလေးပဲ စားနေပါလား။ ဟော သစ္စာတွေမှန်လာတယ် နော်။ သမုတိသစ္စာ မှန်လာတယ်။ အနေအထိုင် မှန်လာပြီ။ အဲဒီ မနောကလည်း သမ္မာကလည်း မှန်လာပြီ။ တွေးကြည့်ပါ။ အဲဒီလို ဖြစ်လာတဲ့အခါကျတော့ သူမသိသေးဘူး။ သူ့မှာသီလဖြစ်နေပြီ။ အပြင်သီလကလည်း စင်ကြယ်နေပြီ။ အတွင်းသီလကလည်း တည်နေပြီ။ အဲဒီကနေတက်တက်သွားတဲ့အခါမှာ ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ၊ အကျိုးနဲ့အကြောင်း၊ ရုပ်တရား၊ နာမ်တရား၊ ရုပ်ကအကျိုးတရား။ အဲ့ဒီအကျိုးတရားကြီးဟာ သူကနေဖောက်ပြန်လိုက်တာ၊ ခါတ်လေးပါးဟာ ဘုရား ဘုရား၊ အဲဒီခါတ်လေးပါးဟာ တစ်နေ့နှစ်နေ့နဲ့ရှုနေတာ၊ ရှုတာပဲ။ ဟိုလူတွေ မေးလိုက်၊ ဒီလူတွေ မေးလိုက် ဟိုဘုန်းကြီးမေးလိုက်။ ခါတ်တွေဟာ သူ့သဘာဝ၊ သဘောနဲ့ ပေါ် လာတဲ့ ခါတ်တွေ။ ဒါသစ္စာနဲ့ ပြန်ဟောတာ။ အဲ့ဒီလို ပြောတဲ့အခါကျတော့ ခါတ်တွေလည်း တဖြည်းဖြည်းငြိမ်းလည်း လာရော ခါတ်ကိုဗိုတင်းနေတဲ့ သညာသင်္ခါရ ဥပါဒါန်ဆိုတာတွေ မရှိတော့ဘူး။ ဘာရယ်ညာရယ်မလုပ်တော့ဘူး။ ငြိမ်း သွားတယ်။ မှတ်စရာလည်း မရှိတော့ဘူး။ ဘာမှမရှိတော့ဘူး (ဟား...ဘုရား ဘုရား) အဲဒီတော့ ငါ့ရုပ်၊ ငါ့နာမ် မဟုတ် တော့ပါလားလို့ မိဘရဲ့ ကိလေသာရဲ့ ရုပ်တရား၊ မိဘရဲ့ဟာတွေပါလား။ ကိလေသာနဲ့တဏှာ၊ မအေနဲ့ဖအေ။

အဲဒါကိလေသာတွေပါလား။ ငါတော့ ထွက်လာပြီ။ အဲဒီတော့မှ ဒီတရားကိုသစ္စာနဲ့ဟောပါတယ်။ ဒါကြောင့် ဒီဘဝမှာ ဦးဇင်းတို့လည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ဒါနနဲ့လှူလို့ အပါယ်ပိတ်တယ်ဆိုရင် ဦးဇင်းလည်း ဒါနပဲလှူမှာပေါ့ဗျာ။ ဒါနကအထောက်အပံ့ခေါ်တယ်။ သီလကအရေးကြီးတယ်။ ဒီလိုသီလမျိုးကို ဘယ်လိုလုပ်ယူရလဲ။ ဒီလိုသီလမျိုးကို သမုတိသစ္စာ ထားရမယ်။ ကိုယ့်လင်သားအပေါ်မှာ (ဟုတ်ကဲ့)။ ကိုယ့်သားသမီးတွေအပေါ်မှာ (ဟုတ်ကဲ့)။ ကိုယ့်အိမ်ဆီကိုလာရင် ကိုယ့်စိတ်မနိုင်သေးရင် တံခါးပိတ်ထားလိုက်။ ဖွင့်မထားနဲ့။ လာမှာပဲ။ အိမ်ရှိရင် ဧည့်သည်လာမှာပဲ။ အဲဒီတော့ ဘာဖြစ်ဖြစ်စိတ်က မတုန်လှုပ်နဲ့။ ပစ္စည်းလေးပေါ်မှာလည်းကောင်း။ သားသမီးနဲ့သော်လည်းကောင်း။ အခြွေအရံနဲ့သော်လည်းကောင်း၊ ကိုယ့်မှာပိုင်ဆိုင်တဲ့ ပစ္စည်းနဲ့သော်လည်းကောင်း၊ အဲဒီပစ္စည်းက မလုပ်နဲ့ဗျို့ ဖွန်းကအစ သွားစွဲနေတာ။ ဇွန်းနဲ့စကားများတက်တယ်။ ဒန်အိုးနဲ့ စကားများတက်တယ်။ ဒါတွေကို မစွဲပါနဲ့။ အဲဒါတွေကို ဥပေက္ခာပါရမီ (၁၀) ပါးမှာမစွဲပါနဲ့တဲ့။ ဘုရားကဆုံးမတာ။ ပေါက်မယ်။ ဒါတွေသိပ်အရေးကြီးပါတယ်။ အတွင်းကဉာဏ်၊ အပြင်ကကံလို့ခေါ်တယ်။ ကံဟာဘာဖြစ်လဲ။ ခင်ဗျားတို့ မနောကသတိမှမသတိတော့ အာရုံနောက်မနောကပါကုန်ရော။ ပါကုန်တော့ ကံတွေဖြစ်ကုန်ရော။ အာရုံငါးပါးနဲ့မနောက လုပ်မှမလုပ်တက်တာကိုဗျ။ မနောကဉာဏ်ဖြစ်ရမယ်။ အပြင်အာရုံမှာကံဖြစ်ရမယ်။ အဲဒီကံကိုဉာဏ်ကမစွဲဘူးဗျို့ သဘောလေး။ အဲ့ဒါသစ္စာနဲ့ပြောလိုက်တာ။ ဒါတွေဟာ အခုတရားနာကြတဲ့ ဒကာ၊ ဒကာမ၊ ဆရာတော်တွေ၊ သီလရှင်တွေ အားလုံးဒီတရားဟာ အင်မတန်အရေးကြီးပါတယ်။ စိတ်အလုပ်ပါ။ စိတ်အလုပ်ဟာ သိပ်အရေးကြီးပါတယ်၊ စိတ်အလုပ်ပါ။ စိတ်အလုပ်ဟာ သိပ်အရေးကြီးပါတယ်။ နေတက်ဖို့လိုတယ်။ စားတက်ဖို့လိုတယ်။ သွားတက်ဖို့လိုတယ်။ အာရုံနောက်ကို ငါ့စိတ်ပါသေးသလား။ အကြောအာရုံမှာ ငါစိတ်ကလေးဟာ မကောင်းတာတွေဖြစ်သေးသလား။ ကောင်းတာတွေ ဖြစ်သေးသလား။ စိတ်ကိုစစ်ရမယ်။ စိတ်စစ်တဲ့အခါ ဝိပဿနာနဲ့ စစ်မှသာလျှင် ခင်ဗျားသိတယ်။ ဝိပဿနာနဲ့ဗျာပါဒစိတ်၊ ကုက္ကုစ္စစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်ပါနေပြီနော်။ တရားထိုင်တဲ့အခါမှာ ဗျာပါဒလည်းမပေါ်ဘူး။ စိုးရိမ်ကြောင့်ကြလည်း မပေါ်ဘူး။ ဒီလိုစိတ်မျိုးတွေ မပေါ်ရင် အပြင်မှာအဲ့ဒီလိုနေရမယ်။ မြင်တာလည်း။ အာရုံနောက် မနောကမပါဘူး။ ကြားတဲ့အာရုံနောက်ကို မနောကမပါဘူး။ အဲ့ဒီတော့ဒီလိုစိတ်ကလေးတွေ ဖြစ်မှသာလျှင် ခင်ဗျားဟာ သီလမဂ္ဂင်လို့ခေါ်ပါတယ်။ မဂ္ဂင်နဲ့ထိုက်တဲ့ အပြင်သီလ၊ အတွင်းသီလရှိတယ်။ အပြင်သီလက ကံသီလဗျို့ ဘာကံလဲ။ ကောင်းတဲ့ကံ။ သမ္မာကံ။ သမ္မာဝါစာ။ သမ္မာကမ္မန္တ သမ္မာအာဇီဝ။ တစ်ယောက်နဲ့တစ်ယောက် သမုတိသစ္စာ။ ဪ ညီလေးမင်းတို့ပြန်လာလား။ ညီလေးရေ စားစားဒါသမုတိသစ္စာ။ သမုတိသစ္စာနဲ့သမ္မာနဲ့က တစ်ထပ်ထဲဖြစ်နေရမယ်။ အပြင်မှာယဉ်ကျေးမှန်လုံးသားက သမ္မာဖြစ်မှာ။ အဲ့ဒါသီလမဂ္ဂင်မခေါ်တယ်။ ဒါပေမဲ့ ယဉ်ကျေးတယ်။ သိမ်မွေ့တယ်။ အဲ့ဒီလိုအပြင်သီလတွေ မှန်မှသာလျှင် အတွင်းသီလဟာ ဖြစ်လာမယ်။ အပြင်မှဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကအပြင်ကံတွေကို သဘောပေါက်သွားပြီ။ ဒီသဘောပဲ။ အတွင်းမှာက ဉာဏ်ဖြစ်နေတာကို။ ကံပြတ်ထားတော့ ဆဲတာပေါ့။ ဆိုတာပေါ့။ တိုင်းတာပေါ့။ ထကတာပေါ့။ သူက အတွင်းမှာ ဉာဏ်ဖြစ်နေတာ။ ဟာဒီဘုန်းကြီး ဆဲလိုက်ဆိုလိုက်တာဟဲ့။ ဟိုဟာတွေလုပ်လို့လုပ်။ ခင်ဗျားတို့ကို တရားပေးတာ။ ပညတ်နဲ့ပရမတ်နှစ်ခုရှိတယ်။ စာကမတက်ဘူး။ ဆဲလိုက်ဆိုလိုက်တာ။ ဦးပဏ္ဍိတ ခန္ဓာမှာဉာဏ်မပေါက်ရင်

တရားဟာနိမ့်ကျသွားတယ်။ ခင်ဗျားတို့ကို ပြသွားတယ်။ ငါလုပ်သလိုမလုပ်နဲ့။ ငါစားသလိုမစားနဲ့။ ပညတ်တွေမင်းတို့ ဖွဲ့သေးသလား။ မြင်တဲ့အာရုံပညတ်၊ ကြားတဲ့အာရုံ အသံပညတ်၊ အနံ့ပညတ်။ ဒါတွေဟာ ပညတ်နဲ့သီလ လိမ်ထားလိုက်တာ။ ဒါကြောင့် ခန္ဓာမှာဉာဏ်ရှိပြီ။ ငါကတော့ဉာဏ်ပေါက်နေပြီ။ မပြောရုံတစ်မက်ပဲ။ ဆဲလိုက်။ တိုင်းလိုက်။ အပြင်သီလ၊ အတွင်းသီလ။ အပြင်မှာ စင်ကြယ်မှ အတွင်းမှာမှန်မယ်။ အပြင်မှာ မစင်ကြယ်ရင် အတွင်း သီလလည်း မမှန်ဘူး။ ဒီဟာလေးကို ကိုယ်ကလုပ်ရမှာ ဗျာပါဒစိတ်ကလေးရှိသေးသလား။ ဝန်တိုမိစ္ဆာစိတ်ရှိသေးသ လား။ ကိုယ်စိတ်ကိုယ်စစ်ရမယ်။ ကိုယ်စိတ်ကိုယ်စစ်တတ်မှသာလျှင် ခင်ဗျားရဲ့သီလ၊ သမုတိသစ္စာလည်းမှန်မယ်။ သမ္မာလည်းမှန်မယ်။ အဲဒါသီလမဂ္ဂင်ခေါ်တယ်။ ဒီသီလရသွားရင်ခင်ဗျားအပါယ်ပိတ်တယ်။ ဦးဇင်ကြီးရဲ့ပါရမီကို ခင်ဗျား တို့လာဖြည့်တယ်။ ဒီပါရမီက အင်မတန်မှခင်ဗျားတို့ သိပါလိမ့်မယ်။ ကိုယ်ရဲ့စေတနာမှန်ဖို့လိုတယ်။ စေတနာဆိုတာ။ အဲဒီမနောလေးမှန်ဖို့လိုတယ်။ စေတနာတွေက ပြောင်းတယ်။ သူ့အပေါ်မှာစေတနာရှိတယ်။ ဟိုလူ့အပေါ်မှာစေတနာ မရှိဘူး။ ဒါတွေဟာ ခင်ဗျားတို့သီလပျက်နေပြီ။ သီလပျက်ရင်ခင်ဗျားတို့ သွားပြီပေ့ါဗျာ။ ဒီကနေပြီတော့ ခင်ဗျားတို့ကို ဆဲပြတယ်။ တိုင်းပြတယ်။ ဆိုပြတယ်။ ဘယ်ဘုန်းကြီးမှ မလုပ်ပါဘူး။ အတွင်းမှာဉာဏ်၊ အပြင်မှာကခေါ်တယ်။ ဉာဏ်သမားက အဲဒီကံကို တြိယာနဲ့ သုံးသွားပါတယ်။ ဒါသစ္စာတွေနဲ့ လုပ်သွားတာ။ ဒါစောစောကပြောတဲ့ ဝိနည်း (၂၂၇) သွယ်က၊ ဦးပဏ္ဍိတက ညစာတွေစားလိုက်၊ နေစာတွေစာလိုက်၊ ထလိုက်၊ ခုန်လိုက်၊ ခေါင်းကိုင်လိုက်။ ဟော ဝိနည်းသမား၊ သီလသမားကမမြင်တော့ဘူး။ ဟောသမ္မာဓိသမားကလည်း မမြင်တော့ဘူးဗျို့။ ဝိဇ္ဇာပေ့ါဗျာ။ ဝိဇ္ဇာဆိုတာ ဦးဇင်းပြောပြမယ်။ ဒါဆရာတော်ပြောလို့ ဦးဇင်းပြောတာနော်။ ဒါကသစ္စာနဲ့ပြောတာပါ။ ခင်ဗျားတို့တရားကို ယထာဘူ တာကျကျ နှလုံးသွင်းကြပါလို့ ဦးဇင်းကနေပြီးတော့ သစ္စာနဲ့ပြန်ပြောပြပါမယ်။ ဦးဇင်းရန်ကုန်သွားတယ်။ သွားတဲ့အခါ ကျတော့ ရန်ကုန်ရောတယ်။ ရောက်တော့ချောင်းဝဆရာတော် ဆီရောက်သွားတယ်။ ဘုရားမြန်မြန်တည်လိုက်တဲ့။ ဦးဝမ်သိန်းကလည်း အရှင်ဘုရားရန်ကုန်ရောက်ပြီတဲ့။ ချောင်းဝဆရာတော်ကျောင်းဝရောက်ပြီ ဝင်ဒုံးမလားတဲ့။ ဝင်လေဗျာတဲ့။ ဝင်ရော။ ဆရာတော်ကဘာပြောလဲဆိုတော့။ ဟော့ ဒကာတွေ ဘုရားမြန်မြန်တည်လိုက်တဲ့။ ဦးဇင်းက သိပြီဗျို့။ ကိုယ့်အပြစ်ကိုယ်သိတာပေ့ါဗျာ။ ဦးဇင်းကဘာမှမပြောဘူး။ ခေါင်းလေးစိုက်ပြီးတော့။ ကဲ ဒကာကြီးရေ သွား ကြမယ်ဆိုပြီ၊ ဒကာကြီးတွေလည်း မသိပါဘူး။ ဦးဇင်းလည်းမသိပါဘူး။ ဒီလိုနဲ့ဦးဇင်းသုံးလေးရက်လောက်ကြာတော့ ဦးဇင်းသွားပြီးတော့ မနောနဲ့လျှောက်တယ်။ အဲဒီချောင်းဝ ဆရာတော်ကို တပည့်တော်ဘုရားလမ်းပေါ်ကကျောက်ခဲ လည်းကောက်ရပါတယ် ဘုရား။ မြောင်းထဲကကျောက်ခဲလည်းကောက်ရပါတယ်ဘုရား။ တပည့်တော်စိတ်ကိုစစ်ပါ ဘုရား။ မနောနဲ့ လျှောက်လိုက်တာ။ ဝိဇ္ဇာကသိတယ်။ လူတွေလုပ်ထားတာကို သီလသမားက မသိဘူး။ သဘောပေါက် ပြီလား။ သီလသမားကမသိနိုင်ဘူး။ ဝိဇ္ဇာသမားတွေကတော့သိတာပေ့ါ။ အကြားအမြင်ရတာကိုး။ သိတာပေ့ါ။ ကိုယ်ကလည်းအစကတော့ နားမလည်ဘူးဗျ။ ဒါတွေကို ကိုကလည်းလုပ်ခဲ့မိတယ်။ စိတ်ပါတာ မပါတာ ဦးပဏ္ဍိတအကြောင်း။ ဒါကြောင့် ဒီနေရာမှာ ဘုမ္မိနတ်သံမှန်တယ်။ မနေ့က ဆရာလေး ဘယ်ကဆရာလေးလဲဆိုတော့ ကျောင်းဆရာလေး သွေးအန်တယ်။ သွေးလျှံတယ်။ လေးငါးရှစ်ရက် သွေးအန်တယ်။ သွေးလျှံတယ်ဆိုတော့

ကလေးကမြှော့နေတယ်။ ဝါးကျောင်းမှာနေတယ်။ နေတော့ဦးဇင်းကဘာမှမရှိဘူး။ မေတ္တာပဲရှိတယ်။ လက်ဖက်ခြောက်ကလေးရှိတယ်။ ရေလေးရှိတယ်။ အဲဒီအခါမှာ တစ်ရက်ပြီးတစ်ရက် နေကောင်းလာတယ်။ ညောင်ပင်ကြီးဆရာတော်ဆီမှာ ဒေါက်တာတစ်ယောက်က အမြဲတမ်း ဆရာတော်ကို ရက်ပတ်နဲ့ ဆေးလာပြီးတော့ ထိုးပေးပါတယ်။ ထိုးပေးတဲ့အခါကျတော့ အဲဒီဆရာဝန်ကြီးက ဝါးကျောင်းရဲ့ကလေးမလေးအကြောင်းကို စုံလင်စွာနဲ့ သွားမေးတယ်။ မေးတဲ့အခါကျတော့ ခင်ဗျားသွေးအန်တယ်။ သွေးလျှံတယ်၊ အခုရော အန်သေးလား။ လျှံသေးလား။ မအန်ပါဘူးတဲ့။ အပြင်မှာတော့ အန်ပါတယ်။ လျှံလည်းလျှံပါတယ်။ ဒါဖြင့် ခင်ဗျားနောက်ဖေးသွားတဲ့အခါမှာ အရောင်ဘာလာလဲ။ မဲမဲတွေပဲလာပါတယ်တဲ့။ ဆရာဝန်ကြီးက သွေးကြောပေါက်လို့ ဝမ်းဘက်လှည့်ဆင်းတာပဲ။ မဲမဲတွေသွားတာပဲ ဆိုပြီး ပုသိမ်ဆေးရုံကိုပို့ရမယ်တဲ့။ ကျွန်တော်လည်း ကုဖို့မလွယ်ဘူး။ ဆေးရုံကို မြန်မြန်သွားပါ။ ဆရာဝန်ကြီးက အကူအညီပေးပါတယ်။ သွားမဲ့ပုဂ္ဂိုလ်က ဦးဇင်းကို လာတိုင်ပင်တယ်။ အရှင်ဘုရားသွားရမလားတဲ့။ ခင်ဗျားတို့ပေါ်မှာ မူတည်ပါတယ်။ ခင်ဗျားတို့ ဆန္ဒပဲ။ သွားရင် သိပ်ကောင်းတာပေါ့ဗျာ။ ဦးဇင်းဒါတော့ပြောတယ်။ သူတို့စဉ်းစားတယ်။ စဉ်းစားတဲ့အခါကျတော့ စဉ်းစားရင် စဉ်းစားရင်းနဲ့ မသွားတော့ဘူးဗျို့။ ဒါနဲ့ပဲ နေကောင်းလာတယ်။ ဒေါက်တာတောင်မှ မျက်စိလည်နေတယ်။ ဒါဥပမာလေးပြောတာပါ။ ဒါထက်မက အဆန်းအပြားတွေလည်းပျောက်ကုန်ပါတယ်။ ဒါဟာ ကံတရားပါ။ ဒါဟာလောကီအကြောင်းတွေပါ။ လောကုတ္တရာမှန်တော့ လောကီမှာထူးပါတယ်။ ဒါကြောင့်မို့လို့ ဒီရဲ့ ဘုမ္မိနတ်သံ အင်မတန်မှထူးပါတယ်။ သွေးတစ်စက်မကျပါဘူးလို့ သူကပြောထားတယ်။ အပြင်ဘက်က ဖြစ်တာတော့ ဦးဇင်းမတက်နိုင်ပါဘူး။ ဒီအတွင်းထဲမှာကိုပြောတာပါ။ ဒီနေရာဟာအင်မတန်မှ ထူးပါတယ်။ ဒါကြောင့်မို့လို ဦးဇင်းဟာ စာပေကျမ်းဂန်မတတ်ပေမဲ့ စိတ်နှလုံးလေးဟာ တည်ကြည်အောင် သစ္စာရှိအောင် မယိမ်းမယိုင်အောင် ဦးပဏ္ဍိတကလည်း ခင်ဗျားတို့မသေခင် တရားစစ်၊ တရားမှန်တွေ ရအောင်လုပ်ဖို့က စိတ်တွေကိုပြောင်းကြပါ။ တဏှာ၊ မာနစိတ်တွေ၊ မိစ္ဆာဒိဋ္ဌိစိတ်တွေ၊ အဘိဇ္ဈာစိတ်တွေ၊ ဝန်တိုမိစ္ဆာစိတ်တွေ၊ ကုက္ကုစ္စစိတ်တွေ မရှိပူသွားပါစေ။ မနမြော ပါနဲ့။ လိုတာကို ဦးဇင်းကြီးဖြည့်ပေးပါ့မယ်။ တစ်ယောက်နဲ့တစ်ယောက် ခွန်းကြီးခွန်းငယ်ရန်ဖြစ်တာတို့ဆိုတာ ခင်ဗျားတို့ နှစ်သထက်နှစ်သွားလိမ့်မယ်နော်။ ဒီဘာသနာဟာ ထူးပါတယ်။ ဒါကြောင့်မို့လို့ ငါသည် စာလည်းမတက်၊ ပေလည်း မတတ်၊ ရေထမ်းရောင်းလာ။ ငါခွဲလို့ ဒုက္ခရောက်ခဲ့ရပါလား။ ဒီအစွတရားဟာ သံသရာတစ်လျှောက်လုံး ကညွတ်ကွင်း လျှောက်ဖြစ်ခဲ့ရပါလား။ အာရုံငါးပါး ငါမလွတ်လို့ မနောကံတွေဖြစ်ခဲ့ပါလား။ သမုတိသစ္စာမှာလည်း ငါအလွန်ဖွဲ့ပါလား အတိတ်ရဲ့ သစ္စာကိုလည်း ငါမပယ်နိုင်ပါလား။ အဲ့ဒီ အစွဲဥပါဒါန်တွေ သိလာတဲ့အတွက်ကြောင့် သိုက်တွေကလည်း လှူ။ ခါတ်တွေကလည်းလှူ။ နတ်တွေကလည်းလှူ။ ဒီလှူလိုက်တဲ့ပစ္စည်းတွေကို ဒကာ၊ ဒကာမများဟာ မြို့ထဲကို မထွက်ပါနဲ့၊ ခွမ်းမခံပါနဲ့၊ လိုတာရှိပြော၊ ဆေးလိပ်ဆိုဆေးလိပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်လာတဲ့အခါလှူ။ လိုလေသေးမရှိ

ပါဘူး။ အဲဒါဘာလဲ တရားကို နတ်စောင့်ပါတယ်။ ဦးပဏ္ဍိတဟာ စာပေကျမ်းဂန်မတတ်ပေမဲ့ သူ့ရဲ့အသိလေးဟာ ဘာကိုနှလုံးသွင်းထားလဲဆိုတာကို ခင်ဗျားတို့ အကဲခတ်လို့ ရပါတယ်။ အစတုန်းက ဒီလူကြီးဟာ လူရှုပ်ကြီး၊ ကောင်းတဲ့လူကြီးမဟုတ်ဘူး။ နည်းနည်းမှမကောင်းတာပါဘူး။ ဒီလူကြီး ဒီလိုဖြစ်တယ်ဆိုတာဟာ ခင်ဗျားတို့ စာတတ်၊ ပေတတ်တွေ အသိတွေမှန်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို ကိုယ်မနောဟာ စေတနာမပျက်ပါနဲ့တဲ့။ အယုတ်၊ အလတ်၊ အမြတ်မရွေးနဲ့။ စေတနာမပျက်ပါနဲ့တဲ့။ ကိုယ့်ညီမလေးတွေ၊ ညီလေးတွေလာပြီးတော့ အားကိုးတယ်။ ချကျွေးလိုက်၊ အန်ကျွေးလိုက်။ ဖွက်မထားနဲ့။ အဲဒီလိုအပြင်မှာ စင်ကြယ်မှခန္ဓာမှာ စင်ကြယ်မယ်။ အပြင်မှာစင်ကြယ်တယ်ဆိုတာ စေတနာတွေက မှန်ကန်ပြီ။ အယုတ်၊ အလတ်၊ အမြတ် မရွေးတော့ဘူး။ မရွေးတော့ရင် မနောမမှာရုံကလည်းကြည့် နေပြီဗျို့။ အဲဒါတရားပါပဲ။ အပြင်မှာက ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့ဒိုး၊ ငါဟာဆိုတော့ စေတနာပျက်ပြီ။ စေတနာပျက်ရင် မနောကလည်းဝင်လာပြီ။ အဲဒါလေးတွေကို အကဲခတ်ပြီး ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ သီလမဂ္ဂင်အခြေခံ ပါ။ သီလမဂ္ဂင်ဆိုတာ သဒ္ဓါကလည်း ယုံကြည်ရမယ်။ ဒီတရားကို ယုံကြည်ရင် ဝီရိယ ထူထောင်ရမယ်။ ဝီရိယအားကောင်းလာရင် သီလအားကောင်းလာတယ်။ သီလရရင်ဆိုပဲ ခင်ဗျားတို့ ထူးပါပြီဗျာ။ သီလစစ်၊ ဒါနစစ်၊ ဘာဝနာပွားများပြီးတော့ ခင်ဗျားတို့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာနဲ့ ဆေးကြောပါတယ်။ ဦးပဏ္ဍိတလည်း အဝိဇ္ဇာပဲ၊ မချစ်လည်းပေါင်း၊ ချစ်လည်းပေါင်း။ ဒါကြီးဟာပေါင်းနေရတာပဲ။ (ဩော် အေး အေး အေး)[၂] ဒီလိုဖြစ်နေတယ်။ အပြင်မှာစင်ကြယ်နေပြီ လေ။ အပြင်မှာစင်ကြယ်တော့ အတွင်းမှာက ဉာဏ်ဖြစ်နေပြီ။ ထူးလာပြီဗျို့။ အဲဒါတွေကို အတုမြင်အတတ်နိုးပါ။ ပြန်ရတော့မယ်။ နိုးနေပြီ။ အဲဒါလေးတွေ သတိလည်းထား။ ကံသွားမလုပ်နဲ့။ သူများမနာလို ကိုယ်အကျိုးမရှိ။ မစ္ဆရေး စိတ်၊ မနာလိုတဲ့စိတ် ပေဘာဒီဘဝမှာလောလောဆယ် လုပ်လိုက်တာ ချက်ချင်းကိုယ်တိုင်ခံရတယ်ဗျို့။ အဲဒါကြောင့် သိကြပါ။ မြင်ကြပါ။ ဒီမကောင်းတဲ့ အကုသိုလ် ကံတွေကို သွားပြောလိုက်တာတို့၊ သွားကြားလိုက်တာတို့ သွားဖြစ်လိုက် တာတို့ အဲဒီကံတွေကိုလုပ်တော့ ကိုယ်တစ်ခုခုဖြစ်တယ်။ မျက်စိတွေဖြစ်လို့ဖြစ်၊ နားတွေဖြစ်လို့ဖြစ်၊ နှာခေါင်းတွေဖြစ် လို့ဖြစ်။ ကိုယ်မှစိတ်ကောင်းမရှိတာကိုး။ အပြင်မှာသွားပြီးတော့ မောဟတွေဖြစ်လိုက်၊ ဒေါသတွေဖြစ်လိုက်၊ ကလိကလိ ဖြစ်နေတယ်။ အဲဒီလိုစိတ်မျိုးတွေကို မမွေးပါနဲ့။ မြင်တာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ စားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ သိတာလည်းမမြဲပါလား။ မမြဲတော့မစွဲဘူး။ မစွဲတော့ ဥပါဒါန်သတ်နေပြီနော်။ သတ်မပြတ်မှာ။ နောက်ကနေလိုက်ပါ။ ဒုက္ခကိုခန္ဓာနဲ့ရင်းမှ ဒုက္ခသစ္စာကိုသိမှာ။ ဒုက္ခသစ္စာဆိုတာ အစွဲကိုခေါ်တာ။ မွေးလာကတည်းက စွဲတာပဲဗျို့။ အဲဒါ ဒုက္ခသစ္စာ။ ကံတရား။ ကံတရားဟာ သမ္မာကံကိုယူပါ။ မိစ္ဆာကံကို ပယ်ပါ။ မိစ္ဆာကံဟာ အနုပယ်နေပြီ။ ဝိသုဒ္ဓိ ကျောင်းမှာကံကြီးတွေ ပယ်နေပြီ။ သူများပစ္စည်း မခိုးဘူး။ မလိမ်ဘူး။ မညာဘူး။

❒ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြုတ်လို့မရဘူး။
မဂ်ဉာဏ်ရမှ ပြုတ်တာ။
မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ ကျင့်
မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ ဉာဏ်
မဂ်ဉာဏ်။

❒ ဝိသုဒ္ဓိဝိပဿနာ
နာသီးနာဖျားဝ၊ ထိသိမပြဲ
လမ်းလျှောက်ရင်းလည်း ခြေဖဝါး အသိကပ်၊ ထိသိမပြဲ
မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မပြဲ
အမြဲသတိကပ်မှတ်။

❒ အောင်သစ္စာမဟာခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့်အောင်သစ္စာ
ဝိသုဒ္ဓိမှ ဝိမုတ္တိသည်
သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ
မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်း နဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ
ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

❒ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍
သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍
ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင်
သစ္စာ(၄)ပါးသိမြင်အောင်
အားထုတ်နည်းပင်ဖြစ်သည်။